ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးလက်ထက်

မေဓာဘိဝံသ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု

ပြည်ဆရာတော်

ရေးသားပြုစီရင်အပ်သော

( ငါးရာ့ငါးဆယ် )

# ဇာတ်ပါဠိတော်နိဿယ

ဒုတိယအုပ်

( စတုက္ကနိပါတ်အစ-အဋ္ဌကနိပါတ်အဆုံး )


ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၁၈ ကောဇာ-၁၃၃၇ ခရစ်-၁၉၇၅

၁၈၁၁၀

ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးလက်ထက်

မေဓာဘိဝံသ သဒ္ဓမ္မဇေမဟာဓမ္မရာဇာဓိရာဇဂုရု

ပြည်ဆရာတော်

ရေးသားပြုစီရင်အပ်သော

( ငါးရာ့ငါးဆယ် )

# ဇာတ်ပါဠိတော်နိဿယ

## ဒုတိယအုပ်

( စတုက္ကနိပါတ်အစ-အဋ္ဌကနိပါတ်အဆုံး )

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၂၈ ကောဇာ-၁၃၄၇ ခရစ်-၁၉၈၅

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

မေဓာဝီဝံသ သာသနဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု

# ညောင်ကန်ဆရာတော်

ရေးသားပြုစီရင်အပ်သော

{ ပါဠိရှင်းဂါထာ }

# ဇာတ်ပါဠိတော်နိဿယ။

{ဒုတိယအုပ်}

ပါဠိဆရာဦးမြ-ကြီးကြပ်ပြင်ဆင်ပုံနှိပ်သည်၊

၁၂၆၉ ခု၊ ဝါဆိုလ။

ရန်ကုန်မြို့။
၂၅ လမ်း စသဆိုတန်း တိုက်နံပါတ် { ၁၄ ၁၈ }
ပြည်ကြီးမဏ္ဍိုင်-ပိဋကတ်ပုံနှိပ်တိုက်။
1907.

# ငါးရာ့ငါးဆယ် ဇာတ်ပါဠိတော်နိဿယ
## (ကျမ်းဦးမှတ်ဖွယ်)

# နိဒါန်း

### ဗုဒ္ဓ၏ ဒေသနာ အပြား

သတ္တဝါမှန်သမျှတို့သည် ငါးမန်း, လှိုင်း, ဝဲ စသော ဘေးအန္တရာယ်အမျိုးမျိုး ထူပြောလှသည့် လမ်းမဆုံး ကမ်းမမြင် သမုဒ္ဒရာပင်လယ် ပြင်သို့ ကျရောက်နေသည့်အလား သံသရာဝဲပြင်သို့ ကျရောက်မျောပါး၍ နေကြသည်။ ထိုဒုက္ခိတ သတ္တဝါတို့အား ဆိပ်ကမ်းနှင့်တူသော နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ တိုင်အောင် ကယ်တင်မည်ဟူသော အဓိကာရဆန္ဒတော်ပြင်းလှန်းသောကြောင့် ဒီပင်္ကရာဘုရားရှင် လက်ထက်မှစ၍ ကစ်ကမ္ဘာ နှင့် ကမ္ဘာအားဖြင့် ရေတွက်သော် ကမ္ဘာပေါင်း လေးသင်္ချေနှင့် တသိန်းတိုင်တိုင် ပါရမီဟူသမျှ အကြွင်းအကျန် မရှိ အံ့မခန်းနိုင် မတုပ မယှဉ်သာနိုင်အောင် ဖြည့်ကျင့် ဆည်းပူးတော်မူပြီးမှ ပု·ဒိ·အာ ဟူသော သဗ္ဗညုတ ဉာဏ်တော်မြတ်ကို ရရှိတော်မူသော ဂေါတမ ရှင်တော်မြတ်ဘုရားသည် ယင်းဉာဏ်တော်သုံးပါးကို ရရှိပြီးချိန်မှစ၍ (ဗုဒ္ဓကိစ္စ) အဆုံးအမ-သာသနာကိစ္စ လူနတ်ဗြဟ္မာ သတ္တဝါတို့အား မပွရေးရာ အမှန်တရား ဟောကြားပြသမှု ကိစ္စများနှင့်သာ အချိန်ကို ကုန်ဆုံးစေတော်မူခဲ့ရာ သက်တော် ရှစ်ဆယ်တွင် ခန္ဓပရိနိဗ္ဗာန် ပြုတော်မူခဲ့လေသည်။

ဗုဒ္ဓသက်တမ်းအနေအားဖြင့် လေးဆယ့်ငါးနှစ်တာမျှသာ ဖြစ်၍ ကြာမြင့်သည်ဟုမဆိုနိုင်ပဲ အလွန်တိုတောင်းသော နှစ်ပရိစ္ဆေဒမျှသာ ဖြစ်သည်။ ထိုသို့ နှစ်ပရိစ္ဆေဒအရေအတွက် နည်းပင်နည်းငြားသော်လည်း လေးဆယ့်ငါးနှစ်တာ ကာလအတွင်းမှာ လွန်ခဲ့သည့် ကမ္ဘာလေးသင်္ချေနှင့် တသိန်းလောက်က ရည်မှန်းဆုံးဖြတ်တော်မူချင်းအတိုင်း မဟာကရုဏာတော်ဖြင့် အမှန်တရားကို ဟောပြောကယ်တင်တော်မူသောကြောင့် ကျွတ်တမ်းဝင်သော ဒုက္ခိတသတ္တဝါတို့မှာကား သင်္ချေမက အသင်္ချေယျ မရေတွက်နိုင်အောင်ပင် ရှိပေသည်။

ထိုသို့ မြတ်စွာဘုရားရှင်သည် လေးဆယ့်ငါးနှစ်ပတ်လုံး လူနတ်ဗြဟ္မာသတ္တဝါတို့အား ဟောကြားဆုံးမ ပြသတော်မူခဲ့သော တရားဒေသနာတို့သည်လည်း သံသရာမှ လွတ်မြောက်ကြောင်း တခုတည်းသော အနှစ်သာရကိုသာ ဦးတည် ချက်ရှိပေသည်၊ ထို့ကြောင့် မြတ်စွာဘုရား ဟောကြားတော်မူသော ထိုဆိုင်ရာက ဗုဒ္ဓဝစနတို့သည် "ဝိမုတ္တိရသ" အားဖြင့် တမျိုးတည်းသာ ဖြစ်၏။ ယင်းတမျိုး

တည်းမှ အသင့်ဆင့်ချဲ့လျှင် ဓမ္မ ဝိနယအားဖြင့်နှစ်ပါး၊ ပထမ ဗုဒ္ဓဝစန, မဇ္ဈိမ ဗုဒ္ဓဝစန, ပစ္ဆိမ ဗုဒ္ဓဝစနအားဖြင့် သုံးပါး၊ ပိဋကအားဖြင့် သုံးသွယ်၊ နိကာယ် အားဖြင့် ငါးရပ်၊ အင်္ဂါအားဖြင့် ကိုးတန်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေး ထောင် တည်ရှိပေသည်။

## ဇာတ်ပါဠိတော်=ပါဠိဇာတ်ပါဠိတော်

ဗုဒ္ဓကိုယ်တော်ဘိုင် ဟောကြားတော်မူသည့် ဗုဒ္ဓဝစနတို့ဘွင် ဇာတ်ပါဠိတော် သည် ဓမ္မ ဝိနယ နှစ်မျိုးအနက် ဓမ္မ၌ပါဝင်သည်။ ဝစနသုံးပါးတွင် မဇ္ဈိမ ဗုဒ္ဓဝစန ဖြစ်၍ ပိဋကသုံးသွယ်တွင် သုတ္တန်ပိဋက ဖြစ်ပေသည်။ နိကာယ်ငါးရပ်တွင် ခုဒ္ဒက နိကာယ်၌လည်းကောင်း၊ အင်္ဂါကိုးတန်တွင် ခုနစ်ခုမြောက် “ဇာတက” ဟူသော အင်္ဂါ၌လည်းကောင်း ပါဝင်၏။ ဓမ္မက္ခန္ဓာတို့ဘွင် နှစ်သောင်းတထောင်ရှိသော အပိုင်းအစုထဲ၌ ပါဝင်သည်။

“ဇာတ်ပါဠိတော်” ဟူသော စကားရပ်၌ “ဇာတ်” ဟူသော အခေါ် အဝေါ်သည် “ဇာတက” ဟူသော ပါဠိမှ ပင်းသက်သော ပါဠိသက် ဝေါဟာရ ဖြစ်ပါသည်။ ဇာတက၏ အဓိပ္ပာယ်မှာ (ဇာတ+ကော။ ကေသဒ္ဒေ) “ဇာတံ ကိယတိ ကထိယတိ ဧတေနာတိ ဇာတကံ”။ ဧတေန၊ ဤစကားဖြင့်။ ဇာတံ၊ ဖြစ်ဘူးပေပြီးသောအဖြစ်ကို။ ကိယတိ ကထိယတိ၊ ဆိုအပ်၏။ ဣတိ၊ ထို့ကြောင့်။ ဇာတကံ၊ ဇာတ်မည်၏- ဘုရားဖြစ်သောခါ ကျမ်းဝိဂ္ဂဟ်အရ အတိတ်က ဖြစ်ဖူးသော အဖြစ်အပျက်ကို ပြောဆိုသော အကြောင်းအရာ-ဟု အဓိပ္ပာယ် ရှိသည်။

ထို့ပြင်- “ဇာတံ ဘူတံ ပုရာဝုတ္တံ ဘဂဝတော ပုဗ္ဗစရိတံ ကာယတိ ကထေ-တိ ပကာသေတီတိ ဇာတကံ” ဟု သဒ္ဒတ္ထဒီပနီဋီကာ ပထမအုပ် (၁၀၃)၌ လည်း ဖွင့်ဆိုပါသေးသည်။ ထိုဖွင့်ဆိုချက်အရ ဖြစ်ခဲ့ဖူးသော ရှေးကနေခဲ့ဖူး သော မြတ်စွာဘုရား၏ ရှေးက အကျင့်ကို ပြတတ်သောကြောင့် ဇာတ်မည်၏ ဟုလည်း အနက်အဓိပ္ပာယ် ရှိပါသည်။ သဘောချင်းအတူတူပင် ဖြစ်သော်လည်း သဒ္ဒတ္ထဒီပနီဋီကာဆရာ၏ ဖွင့်ဆိုချက်အပို၍ ပေါ်လွင်ထင်ရှားစေပါသည်။

“ပါဠိတော်” ဟူသော အခေါ်သည်လည်း ပါဠိမြန်မာ ရောနှော တွဲစပ်၍ ခေါ်ဆိုထားသော စကားဖြစ်သည်။ ပါဠိ-၏ အဓိပ္ပာယ်မှာ မြတ်စွာဘုရား၏ နှုတ်တော်မှ ထွက်သော စကားအစဉ်ကို ပါဠိ-ဟု ခေါ်သည်။ ယင်းစကားတော် များကို မာဂဓဘာသာဖြင့် ရေးသားထားသည့် စာပေများကိုလည်း ပါဠိ-ဟု ခေါ်ဆိုပေသည်။ ယင်းဘုရားစကားတော်(ပါဠိ)နှင့် အခြားသောပါဠိဘာသာ= မာဂဓဘာသာများဖြင့် ရေးသားထားသော အဋ္ဌကထာ, ဋီကာစသောကျမ်း

များသည် မတူကွဲပြားခြားနားသည်ကို ထင်ရှားစေလိုသည့်အတွက် ပါဠိ-ဟူသော ပုဒ်၏နောက်၌ "တော်"ဟု ရှိသေသမှု အမွန်အမြတ်ပြုလျက် မြန်မာအခေါ်သက်သက်ဖြင့် တွဲဖက်ကာ "ပါဠိတော်"ဟု ရှေးရှေးကပင် အစဉ်အလာအရ ခေါ်စမှတ်ပြုခဲ့ကြခြင်း ဖြစ်ပေသည်။

ထိုဘုရားအလောင်းတော်၏ ဖြစ်စဉ်အကြောင်းအရာဖြစ်သော ဇာတ်ပါဠိတော်ကို ပါဠဇာတ်ပါဠိတော် ဟူ၍လည်း ရှေးဆရာ့ဆရာ အဆက်ဆက်က ရေးသားခေါ်ဆိုမှု ပြုခဲ့ကြသဖြင့် ပါဠဇာတ် ဟု အမည်တမျိုး ဖြစ်ပေါ်လာခဲ့သည်။ ဇာတ်ပါဠိတော်နှင့် ပါဠဇာတ်ပါဠိတော်သည် အတူတူပင် ဖြစ်ပေသည်။ ပါဠဇာတ်ဟု ခေါ်ဆိုရေးသားမှု၌ ပါဠ ဟူသော ပုဒ်သည် (ပဌ+ဏ)ရွတ်ဖတ်ခြင်း, ဖတ်စာ, ပါဌ်ဟု အနက်သုံးမျိုးရှိ၍ ဤနေရာ၌ ရွတ်ဖတ်ခြင်း ဖတ်စာဟူသော အနက်ကို ယူသင့်ပေသည်။ ထို့ကြောင့် ပါဠဇာတ်ဟူသည် ဖတ်သင့်မှတ်သင့်စေအပ်သော (ဘုရားအလောင်းတော်၏) အဖြစ်အပျက် ဇာတ်လမ်း (ဝတ္ထု)ဟု ဆိုအပ်ပေသည်။

## ဇာတ်တော်ဟောကြားပုံ

ဇာတ်ပါဠိတော်ကို ဂါထာ တပုဒ်ဖြင့်လည်းကောင်း၊ ဂါထာများစွာဖြင့်လည်းကောင်း တန်ဆာဆင်၍ အကြောင်းအားလျော်စွာ ဘုရားကိုယ်တော်တိုင် ဟောကြားတော်မူပါသည်။ ဇာတ်တော်ကို ဟောကြားတော်မူရာ၌ မြတ်စွာဘုရားသည် (နိဗ္ဗဝါ)အမြဲသီတင်းသုံးရာ ဇေတဝန်ကျောင်းတော်၌ အဟောများ၍ အချို့ဇာတ်တော်များကို ဝေဠုဝန်ကျောင်း စသည်၌ လည်းကောင်း၊ ရွာကြီး ရွာငယ် အသွယ်သွယ်၌လည်းကောင်း၊ ဒေသစာရီ ကြွမြန်းတော်မူစဉ် ခရီးအကြား လမ်းခုလပ်၌လည်းကောင်း ဖလျော်းသင့် အကြောင်းပေါ်လာသလို အချိန်အခါ ဒေသမရွေး ဟောတော်မူခဲ့ပါသည်။

မြတ်စွာဘုရားသည် အကြောင်းတိုက်ဆိုင်၍ ဇာတ်တော်များကို ဟောကြားတော်မူသည့်အခါ၌ ကိုယ်တော်မြတ်၏ ရှေးကဖြစ်ဖူး တွေ့ကြုံဖူး နေခဲ့ဖူးသော ဘဝများစွာထဲက ဆီလျော်သော ဘဝဖြစ်စဉ် အတ္ထုပ္ပတ်ဇာတ်ကိုသာ ပုဗ္ဗေနိဝါ-သာနုဿတိဉာဏ်ဖြင့် ဆင်ခြင်၍ ရွေးချယ်ကာ ဟောတော်မူခြင်းဖြစ်ပေသည်။ အမှန်စင်စစ်မူကား လေးသင်္ချေနှင့် ကမ္ဘာတသိန်းတိုင်ကပင် ဖြည့်ကျင့်ဆည်းပူးခဲ့သော ဗုဒ္ဓလောင်းလျာ၏ ဘဝဇာတ်တော်များသည် ဂင်္ဂါနန်းပြ၍ ရေတွက်ကုန်နိုင်ဖွယ်မရှိအောင် များပြားမည်ပင်ဖြစ်၏။ ထိုသို့မကုန်ခန်းနိုင်သော ကိုယ်တော်မြတ်၏ အတိတ်ဘဝဖြစ်စဉ်များကို ကိုယ်တော်တိုင် သဗ္ဗညုတဉာဏ်တော်မြတ်ဖြင့်

ဆင်ခြင်တွေးထင် သိမြင်တော်မူလင့်ကစား အနီးစပ်ဆုံးကမ္ဘာမှ ဖြစ်စဉ်ဘဝ တခုစီကိုသာ အကြောင်း(နိဒါန်း)အားလျော်စွာ ဆင်ခြင်၍ ဟောတော်မူခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ငါးရာ့ငါးဆယ် ဇာတ်တော်များတွင် ဤဘဒ္ဒကမ္ဘာက ဘုရားလောင်းဘဝ ဖြစ်စဉ်များကိုသာ ဟောကြားတော်မူသော ဇာတ်ကများ၌ ဤဘဒ္ဒကမ္ဘာအထက်ကဖြစ်သော ဇာတ်က အနည်းငယ်မျှသာ ရှိပေသည်။ ထိုအကြောင်းကို သတ္တဒိကာပုစ္ဆာ ဝိသဇ္ဇနာကျမ်း၌ မန်လည်ဆရာတော်ကြီးက “ဇာတ်ငါးဇာတ်သာ ရှေးကမ္ဘာ၌ဖြစ်သည်။ ကြွင်းသောဇာတ်တို့ကား ဤကမ္ဘာ၌သာ ဖြစ်ကုန်၏”ဟု ရေးသား ဖြေဆိုထားခြင်းကို တွေ့ရပေသည်။

ဗုဒ္ဓလောင်းလျာ၏ ဖြည့်ကျင့်စဉ် ဇာတ်တော်များသည် စရိယဂုဏ်တော်များဖြစ်သည်။ ဗုဒ္ဓရှင်တော်မြတ်၏ ဂုဏ်တော်သည် အနန္တ အဆုံးအပိုင်းအခြားမရှိ ဖြစ်သည်။ ထို့ကြောင့် ကိုယ်တော်မြတ်၏ စရိယဂုဏ်တော်များကို ကုန်ဆုံးအောင် ဗုဒ္ဓကိုယ်တော်တိုင်ပင် ဟောကြားပြသရန် မွမ်းနိုင်မည်မဟုတ်ပါချေ။

## ဇာတ်တော်များစီစဉ်ပုံ

ပြဆိုခဲ့သည့်အတိုင်း မြတ်စွာဘုရားသည် ဇာတ်တော်များကို ဂါထာတစ်ပုဒ် နှစ်ပုဒ်စသည် မသတ်မှတ်ပဲ အလျဉ်းသင့်သလို ဟောတော်မူသော ဇာတ်တော်များစွာတို့ကို ဘုရားပရိနိဗ္ဗာန် ပြုတော်မူပြီးနောက်(ပဥ္စသတိက)ရဟန္တာငါးရာ ပဌမသင်္ဂါယနာ တင်သောအခါကျမှ သင်္ဂါယနာတင် မထေရ်မြတ်တို့က ဂါထာတစ်ပုဒ်သာရှိသော ဇာတ်များကို ဧကနိပါတ်ဟုလည်းကောင်း၊ ဂါထာနှစ်ပုဒ်ရှိသော ဇာတ်များကို ဒုကနိပါတ်ဟူ၍လည်းကောင်း ဤသို့စသည်ဖြင့် ဂါထာပေါင်း ရာ-ထောင်ရှိသည့် မဟာနိပါတ်တိုင်အောင် ရွေးချယ်ကန့်သတ် အမည်တပ်ကာ သင်္ဂါယနာတင်တော်မူကြခြင်း ဖြစ်ပေသည်။ ဧကနိပါတ်ကစတင်၍ ဟောကြားခြင်းကြောင့် ဧကနိပါတ်ကို ပဌမထား၍ သင်္ဂါယနာတင်တော်မူကြခြင်း မဟုတ်ပါ။ စင်စစ်အားဖြင့် ရှင်တော်မြတ်ဘုရားသည် ဘုရားမဖြစ်မီက ဗိမ္ဗိသာရမင်းအား “ဘုရားဖြစ်သည့်အခါ မင်းကြီးထံသို့ ပဌမဆုံးကြွလာပါမည်”ဟု ဝန်ခံချက်နှင့်အညီ ဘုရားဖြစ်၍ ခြောက်လအတွင်းမှာ ကဿပညီနောင် သုံးဦးနှင့် တပည့်ရဟန္တာ တစ်ထောင်နှင့်အတူ ရာဇဂြိုဟ်သို့ကြွ၍ ဂါထာပေါင်း ၁၉၃-ဂါထာဖြင့် တန်ဆာဆင်အပ်သော ဤဘဒ္ဒကမ္ဘာမှာဖြစ်သည့် မဟာနိပါတ် နာရဒဇာတ်တော်ကို ပဌမဆုံး ဟောတော်မူခဲ့ပေသည်။

ဇာတ်တော်များအရေအတွက်

ယင်းဇာတ်တော်များကို သင်္ဂါယနာတင်စဉ်အလိုက် ရေတွက်သော်—

(၁) ဧကနိပါတ်၌ ဇာတ်တော်ပေါင်း (၁၅၀)
(၂) ဒုကနိပါတ်၌ (၁၀၀)
(၃) တိကနိပါတ်၌ (၅၀)
(၄) စတုက္ကနိပါတ်၌ (၅၀)
(၅) ပဉ္စကနိပါတ်၌ (၂၅)
(၆) ဆက္ကနိပါတ်၌ (၂၀)
(၇) သတ္တကနိပါတ်၌ (၂၁)
(၈) အဋ္ဌကနိပါတ်၌ (၁၀)
(၉) နဝကနိပါတ်၌ (၁၂)
(၁၀) ဒသကနိပါတ်၌ (၁၃)
(၁၁) ဧကာဒသကနိပါတ်၌(၉)
(၁၂) ဒွါဒသကနိပါတ်၌ (၁၀)
(၁၃) တေရသကနိပါတ်၌ (၁၀)
(၁၄) ပကိဏ္ဏကနိပါတ်၌ (၁၃)
(၁၅) ဝီသတိနိပါတ်၌ (၁၄)
(၁၆) တိံသနိပါတ်၌ (၁၀)
(၁၇) စတ္တာလီသနိပါတ်၌ (၅)
(၁၈) ပဏ္ဏာသနိပါတ်၌ (၃)
(၁၉) သဋ္ဌိနိပါတ်၌ (၂)
(၂၀) သတ္တတိနိပါတ်၌ (၂)
(၂၁) အသီတိနိပါတ်၌ (၅)
(၂၂) မဟာနိပါတ်၌ (၁၀)-

အားဖြင့် စုစုပေါင်း (၅၄၇) ငါးရာလေးဆယ် ခုနစ်ဇာတ် ရှိလေသည်။ ဂါထာအရေအတွက်အားဖြင့် ၆၆၆၆- ဂါထာ ရှိပေသည်။

"ငါးရာ့ငါးဆယ်" ဟု ခေါ်ဆိုနေကြခြင်းသည် ဦနသချ်ာနည်းဖြင့် (ဝါစာ-သိလိဋ္ဌ=) စကားပြေပြစ်ရန် (သု-ခုစ္စာရဏ=) ပြောဆိုလွယ်ကူစေရန် ခေါ်ဆိုကြခြင်းပင် ဖြစ်ပေသည်။

ဇာတ်အဋ္ဌကထာနှင့် ဇာတ်ဋီကာ

ပိဋကသုံးပုံကို မဗ္ဗိမဒေသ၌ အာဂုံနှုတ်တက် သုံးကြိမ်နှင့် သီဟိုဠ်ကျွန်း၌ ပေထက်အက္ခရာ တစ်ကြိမ် လေးကြိမ်တိုင်တိုင် သင်္ဂါယနာတင်ပြီးနောက် သာသနာနှစ် ၉၃၀- ပြည့်နှစ်၊ ခေဇ္ဇရာသက္ကရာဇ် ၂၆၆-ခုနှစ် (ခေတ္တရာသက္ကရာဇ်

ဆိုသည်မှာ ဒေါဒေါရသ ကိန်းဖြိုပြီးနောက် ၁ ဆ ပဥ္စ ကိန်းမဖြိုမီအတွင်း သက္ကရာဇ်ဖြစ်သည်) သီဟိုဠ်ကျွန်း အနုရာဓမြို့၌ မဟာနာမ မင်း၊ တမ္ဗဒီပတိုင်း အရိမဒ္ဒနာ ပုဂံပြည်၌ သေဉ်လည်ကြောင် မင်းတို့ နန်းစံနေချိန်တွင် ထို ဇာတ်ပါဠိတော်ကို အကျယ်ဖွင့်ဆိုသော ဇာတ်အဋ္ဌကထာ ခေါ် ပါဠိဇာတ် အဋ္ဌကထာကျမ်းသည် သီဟိုဠ်ကျွန်း၌ ပေါ်ပေါက်ခဲ့သည်။ ယင်းကျမ်းကို ရေး သားသော မထေရ်မှာ အဋ္ဌကထာ ကျမ်းပေါင်းများစွာကို ပြုစီရင်ခဲ့သော အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်ပင် ဖြစ်သည်။ အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်သည် ရာဝဏ ရာဇဓာနီ, တမ္ဗပဏ္ဏိ, သီဟဠ လင်္ကာဒီပ (ယခုအခေါ် သီရိလင်္ကာ) အမည်ငါးမျိုးရှိသော သီဟိုဠ်ကျွန်း အနုရာဓမြို့ တောင်ဘက် ဒေဝါနံပိယာတိဿ- ခေါ် မရုပိယတိဿမင်း တည်ဆောက်သည့် မဟာဝိဟာရ ကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူစဉ် သီဟိုဠ်အက္ခရာနှင့် ရှိနှင့်ပြီးသော အဋ္ဌကထာ ကျမ်းများကို မြန်မာ အက္ခရာ (ပါဠိ=) မာဂဓဘာသာဖြင့် ပြန်ဆို ရေးသားခဲ့ပေသည်။ ယခုနှစ်မှ ပြန်၍ ရေသော် နှစ်ပေါင်း ၁၄၃၉ နှစ်ဟိုင် ကြာမြင့်ခဲ့ပေပြီ။

ယင်း ဇာတ်အဋ္ဌကထာ အပါအဝင် မြန်မာအက္ခရာ ပါဠိဘာသာရေး ပိဋက ပါဠိတော် အဋ္ဌကထာဋီကာ အစုံသုံးဆယ်သည် (မြန်မာနိုင်ငံ) သုဝဏ္ဏဘူမိ သထုံပြည်သို့ ဓမ္မပါလမင်း လက်ထက်တွင် ရောက်ရှိ၍ အနော်ရထာမင်းစော လက်ထက်တွင် ပုဂံပြည်သို့ ရောက်ရှိကာ သာသနာစည်ပင် ကျယ်ပြန့်လာ ခဲ့သည်။

ဇာတ်အဋ္ဌကထာ ပေါ်ပြီးနောက် အဋ္ဌကထာကို ဖွင့်ဆိုသော ၅၅၀-ဇာတ် ဋီကာ ပါဠိဇာတ်ဋီကာ ခေါ် ဇာတ်ဋီကာ သည်လည်း သီဟိုဠ်နိုင်ငံ၌ ပေါ် ထွန်းခဲ့သည်။ ယင်းဋီကာကို လီနတ္ထပကာသနီဋီကာဟု အမည်ပေးခဲ့သည်။ ရေးသားသောမထေရ်မှာ အနုရာဓမြို့အနောက် ဗဒရတိတ္ထကျောင်း၌ သီတင်း သုံးတော်မူသော အရှင်ဓမ္မပါလမထေရ် ဖြစ်သည်။ ထိုကျမ်းပြုသည့် ခေတ်- ကာလကို ရာဇဝင်သမိုင်း စာတမ်းတို့၌ မတွေ့မိပါ။ သို့ရာတွင် ထိုအရှင်ဓမ္မ ပါလ မထေရ်သည်ပင် ရေးသားသည့် "ဝိသုဒ္ဓိမဂ် မဟာဋီကာ" ကိုးကားရပ်ကို မဟာဝံသ ဒုတိယပိုင်း (စူဠဝံသ)အခန်း ၅၄-ရှိ ဆင့်မေဂါယာ ၃၅-၄၆ ဂါထာတို့ ဖြင့် ဆက်စပ်၍ အဂ္ဂမဟာပဏ္ဍိတ သီဟိုဠ်ဆရာတော် အရှင်ဗုဒ္ဓဒတ္တက မှတ်ချက် ပြုသည်ကို ရေးထားသော ဝိသုဒ္ဓိမဂ်နိဿယ ပထမအုပ် နိဒါန်းတွင် တွေ့ရပါ သည်။ ဆရာတော်ဗုဒ္ဓဒတ္တသည် ၁၉၆၂-ခုနှစ်တွင် ပျံလွန်တော်မူပါသည်။ ဆရာ တော် မှတ်ချက်ပြုပုံအရဆိုလျှင် ခရစ်သက္ကရာဇ် ၉၅၄ မှ ၉၇၂ ခုနှစ်အတွင်း ဖြစ်၍ သာသနာတော် ၁၅-၁၆ ရာစု နှစ်များအတွင်းလောက်မှာ ဖြစ်ပေသည်။

ထိုဇာတ်ဋီကာမှတပါး မြန်မာနိုင်ငံ၌ မန္တလေးမြို့ မောင်းထောင်တိုက်နေ "ပညာသာမိကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ ဒုတိယမောင်းထောင်ဆရာတော်သည် သက္ကရာဇ် ၁၂၃၀-ပြည့်နှစ်တွင် ရေးသားသော ဇာတ်ဋီကာတစောင်ရှိသေးသည်။ ယင်းဋီကာကို "အသမ္မောဟဝိလာသိနီ" ဟု အမည်ပေးခဲ့သည်။

## ဇာတ်ဂဏ္ဌိ

"ဇာတ်ဂဏ္ဌိ" ကျမ်းကို အင်းဝခေတ် [ သက္ကရာဇ် ၈၀၄-ခုနှစ်တွင် နန်းတက်သော စစ်ကိုင်းမြို့ ထူပါရုံစေတီတော် ဒါယကာ နရပတိမင်း]လက်ထက်၌ ဝိဇယာ-ပူရမြို့ ပင်းယမြို့ဟု နှစ်မည်ရသော မြို့၏တောင်ဘက် စကားအင်းရွာဇာတိ ရှင်အရိယဝံသ ဓမ္မသေနာပတိ မထေရ်ပြုစုခဲ့ပေသည်။ ထိုဂဏ္ဌိကကျမ်းသည် ဇာတ်ပါဠိတော်, အဋ္ဌကထာ, ဋီကာကျမ်းတို့၌ မဖွင့်ပြသော မရှင်းလင်းသော ခက်ဆစ်ပုဒ် ဝါကျများကို ပါဠိနှင့်မြန်မာ စကားပြေနှစ်မျိုးတို့ဖြင့် ရောနှော၍ ထပ်မံရှင်းလင်း ဖွင့်ဆိုရေးသားထားသော ကျမ်းဖြစ်ပေသည်။ "ဇာတကဝိ-သောဓနီကျမ်း" ဟု အမည်တွင်ပါသည်။

## နိဿယများအကြောင်း

နိဿယ။ ။ရှေးပုဂံခေတ်ဦးမှ စတင်ခဲ့သော သာသနာသည် နောက်ခေတ်မင်းအဆက်ဆက်တို့၌များသော အားဖြင့်မင်းနှင့် သာသနာ သာသနာနှင့်ပြည်သူ တစပ်တည်းတည်ရှိသော သာသနာခေတ်ဖြစ်ခဲ့သည်။ ထိုမင်းအဆက်ဆက်တို့သည် ပါဠိဘာသာစာပေများကို အလေးဂရုပြုကာ လေ့လာခဲ့ကြသည်။ ရှင်ရဟန်းများသာမက မင်းနှင့်တကွ နန်းတွင်းမှုထမ်းများနှင့် တောင်သူ လယ်သမားအလုပ်သမား ကုန်သည်ပွဲစားများ ပါမကျန် ပါဠိဘာသာကို သင်ကြားမှတ်သားသော အလေ့အထ ရှိခဲ့ကြသည်။ ထို့ကြောင့် ပါဠိဘာသာဖြင့်သာရှိသော ပိဋကတ်တော်များကို သင်ကြားမှတ်သား ပို့ချလေ့လာရာ၌ ပါဠိ၏အရသာ အနက်အဓိပ္ပာယ်တို့ကို တပုဒ်ချင်းစီ နားလည်သဘောပေါက်စေရန် အတွက် ပါဠိကျမ်းတတ် ဆရာတော်ကြီးများက ပါဠိအက္ခရာ တစ်လုံးတစ်ပုဒ်, နှစ်လုံး တပုဒ် စသည်ဖြင့် ပုဒ်အသီးသီးခွဲခြား၍ ပါဠိတပုဒ်ကို မြန်မာလိုတစ်ချက်စီ အနက်အဓိပ္ပာယ် ဖေါ်ဆောင်ရေးသားတော် မူကြလေသည်။

ထိုသို့ ပါဠိတစ်ပုဒ်ကို မြန်မာလိုတစ်ချက်စီ အလီလီပြန်ဆို ရေးသားခြင်းကို "နိသျ" ဟု ခေါ်ဆိုရေးသားခဲ့ကြလေသည်။ "နိသျ" ဟူသော အရေးအသားသည် မြန်မာဝေါဟာရစကားသံဖြင့် ရေးသားခဲ့ခြင်းဖြစ်သည်။ ပါဠိဘာသာဖြင့်ရေးလျှင် "နိဿယ" ဟု ရေးရပေမည်။ "နိသျ" ၏ အဓိပ္ပာယ်မှာ (နိသိ+အ)

မှိုရာ, မှိုခိုအားထားရာဟု အဓိပ္ပာယ်ရှိသည်။ ယင်းမှီခိုရာကို မြန်မာဝေါဟာရ ပါဠိချက်အရေးအသားအားဖြင့် နိဿယည်း, နိသျရည်း, နိဿရည်း, နိသျည်း စသည်ဖြင့် ပုရပိုက်ပေ စာကျောက်စာများ၌ အမျိုးမျိုးရေးသားခဲ့ကြသည်ကို လေ့လာတွေ့ရှိရပေသည်။

မြန်မာပြန်။ ။ထိုသို့ ပါဠိတစ်ချက် မြန်မာတစ်ချက် ရေးသားသော နည်းသည် မြန်မာပြန် အမျိုးအစားများတွင် တစ်မျိုးအပါအဝင်ဖြစ်ပေသည်။ ပါဠိကို မြန်မာပြန်ဆိုရာ၌ အမျိုးအစားအားဖြင့် –

၁။ နိဿယ ပြန်ဆိုနည်း၊

၂။ ပါဠိမဖက် မြန်မာသက်သက် တိုက်ရိုက်ပြန်ဆိုနည်း၊

၃။ ဝဏ္ဏစကားပြေ ပြန်ဆိုနည်း၊

၄။ ပျို့, ကဗျာ, လင်္ကာစသည်တို့ဖြင့် ဖွဲ့ဆိုသီကုံး ပြန်ဆိုနည်း၊

ဟူ၍ လေးမျိုးရှိရာတွင် ရှေးအကျဆုံးဖြစ်သော နိဿယ ပြန်ဆိုနည်းသည် ပကတိပါဠိပုဒ်၏ အဓိပ္ပာယ်မှုချင်း အကျဆုံးဖြစ်သဖြင့် ယနေ့တိုင် သာသနာ့လောက၌ လက်ကိုင်ပြုနေကြရလေသည်။

၁။ ထိုနိဿယကျမ်းများကို ဆရာတော်များအသီးအသီး ပြန်ဆိုကြရာ၌ ပြန်ဆိုရေးသားပုံ အကျဉ်းအကျယ်နှင့် အမှုအရာဟန်ပန်ကိုလိုက်၍ အကျဉ်းနည်းပြန်ဆိုလျှင် "နိဿယ နံ့ကျဉ်း" ဟူ၍လည်းကောင်း၊ သဒ္ဒါနည်း အဘိဓာန်, ဆန်း, အလင်္ကာနည်း, အဋ္ဌကထာနည်းများနှင့်တကွ အဓိပ္ပာယ်အမှာစကားများဖြင့် အကျယ်ပြန်ဆိုလျှင် "နိဿယ နံ့ကျယ်" ဟူ၍လည်းကောင်း၊ လွယ်မည်ဟု ထင်ရသော ပုဒ်များကို ပါဠိအတိုင်းသာရေး၍ ခက်ခဲမည်ဟု ယူဆသောပုဒ်ကိုသာ ရွေးချယ်ကာ မကျဉ်းမကျယ် အနက်ပေးရေးသားလျှင် "နိဿယ-နံ့ပျောက်" ဟူ၍လည်းကောင်း ခေါ်ဆိုကြပေသည်။ ["နံ့" ဟူသော ပေါရာဏစကားသည် "အနက်" ဟု အဓိပ္ပာယ်ရှိသည်။]

ထို့အပြင် ရှေးအခါက ပုရပိုက်မှာ ဆရာတော်များ၏ ရေးပြီးသားကျမ်းများကို ပေစာရေးက ထပ်မံ၍ပေမှာရေးကူးလေ့ ရှိကြသည် တခါတရံ ပုရပိုက်မှာ မရေးပဲ ဆရာတော်ကိုယ်တိုင် ပူးပေါ် ပေတင်၍ အပြီးရေးသောနိဿယများလည်း ရှိသေးသည်။ ဤကဲ့သို့ရေးသောနိဿယကို လက်ပင်ပန်းစွာ ရေးရသောကြောင့် "လက်နှင်းနိဿယ" ဟုလည်း ခေါ်ကြပေသေးသည်။ ဤနည်းအတူ နိဿယကို "နံ့စောင်နိဿယ" ချနက်နိဿယ" စသည်ဖြင့် ရေးသားသည့်အပေါ် တင်စားခေါ်ပေါ်သော နိဿယ ဝေါဟာရတို့သည်ကား များလှဘိသည်။

၂။ ပါဠိမဖက် မြန်မာသက်သက် တိုက်ရိုက်ပြန်ဆိုနည်းသည် (ပါဠိအရှိအတိုင်း အပိုအလိုမပါ၊ ထပ်လျှင် ထပ်သည့်အတိုင်း မြုပ်ထားလျှင် မြုပ်ထားသည့်အတိုင်း) ပြန်ဆိုနည်းမျိုး ဖြစ်ပါသည်။

၃။ ဝတ္ထုစကားပြေ ပြန်ဆိုနည်းသည်ကား–ယခုခေတ်၌ နှစ်မျိုးရှိသည်။ ပထမအမျိုးမှာ ရှေးခေတ်ရေးနည်းအတိုင်း ပါဠိ၌ထပ်နေသော ထောင့်နေသော ငုတ်နေသော ပုဒ်ဝါကျများကို သင့်သလိုမြုပ်၍ ဖြေ၍ ဖော်၍ဖြစ်စေ, အပိုမသွင်း လိုရင်းရောက်အောင် အကျဉ်းချုံး၍ဖြစ်စေ ပါဠိ၏ ဆိုလိုရင်း အကြောင်းအရာ မပျက်စေပဲ ပြန်ဆိုသော နည်းမျိုးဖြစ်၍ ဒုတိယအမျိုးအစားမှာ မျက်မှောက်ခေတ်တွင် ပါဠိ၌ရှိ ရင်းစွဲ အကြောင်းအရာ အသွားအလာ အားလုံးကို မှတ်သားပြီးနောက် မိမိတို့သဘောအတိုင်း ဖတ်ကောင်းအောင် ပါဠိပုဒ်ဝါကျ တိုက်ရိုက်မပါသော စကားလုံးပြောင်းများစွာတို့ဖြင့် စိတ်ကူးယဉ် ထည့်သွင်းကာ အညွန့်တပ် ဖွဲ့နွဲ့ရေးသားသော နည်းမျိုးဖြစ်ပေသည်။

၄။ ပျို့,ကဗျာ,လင်္ကာ စသည်တို့ဖြင့် သီကုံးပြန်ဆိုနည်းကား သိသာပေပြီ။ ရှေးခေတ်စာဆို အကျော်ဘွဲ့ ဇာတ်တော်များစွာတို့ကို ပျို့, ကဗျာ, လင်္ကာ, တို့ဖြင့်သီကုံးရေးသားခဲ့ကြသည်မှာ ရသမြောက်စာပေများဖြစ်၍ ယနေ့တိုင် တက္ကသိုလ်ကျောင်းများတွင် ပြဋ္ဌာန်းကျမ်းစာအဖြစ် သင်ကြားပို့ချလျက် ရှိပေသည်။

**နိဿယအစ ပုဂံက။** ။ရှေးဆရာတော်များသည် ပါဠိဘာသာဖြင့်သာ ရှိသော ပိဋကတ်တော် ကျမ်းများကို များသောအားဖြင့် နိဿယပြန်ဆိုထားပြီးဖြစ်ကြသဖြင့် ထိုနိဿယကျမ်းများကို အမှီပြု၍ ဘာသာပြန်နည်းအမျိုးမျိုးကို ရေးသားပြန်ဆိုကြလေသည်။ ထို့အပြင် ပါဠိဘာသာ စာပေလေ့လာသင်ကြား ကျင့်သုံးကြသော ပရိယတ္တိဘာသာနှင့် ပဋိပတ္တိ သာသနာလောက၌ နိဿယများမှ မည်သည့် ပါဠိပုဒ်က မည်သည့်အနက် အဓိပ္ပာယ်ကို ဖော်ဆောင်သည်ဟူသော လိုရင်းအနှစ်သာရများကိုလည်း ရရှိစေပါသည်။

ထို့ကြောင့် နိဿယ စနစ်ကို တီထွင်ဖန်တီးသော ဆရာတော်ဘုရား၏ ကျေးဇူးသည် အလွန်ကြီးမားလှသည်။ ယင်းနိဿယစနစ်ကိုမည်သည့်သက္ကရာဇ် မည်သည့် မင်းလက်ထက်မည်သည့်ဆရာတော်က မည်သည့်ကျမ်းကို စတင်၍ တီထွင်ခဲ့သည်ကိုမူကား လေ့လာရှာဖွေ၍ မရရှိခဲ့ပါချေ။ လေ့လာသိရသမျှမှာကား–မိုင်းခိုင်းမြို့စား ပိဋကတ်တော်အုပ် မင်းကြီးမဟာသိရိဇေယျသူပြုစုသော "ပိဋကတ်တော်သမိုင်း" အရ (ဆေပဥ္စကိန်းပြုပြီးနောက်) ကောဇာသက္ကရာဇ် ၄၅၅-ခုနှစ် နန်းတက်သော သိရိတြိဘဝနာဒိတျပဝရပဏ္ဍိတ သုဓမ္မရာဇာမဟာ

မိပတိ နရပတိစည်သူ တံဆိပ်နာမံခံသော အလောင်းစည်သူ မင်းလက်ထက် ထီးလင်းမြို့ စီရင်စု ပေါင်လောင်ရွာဇာတိ ရှင်မဟာဂန္ဓာသာပ ပုဂံမြို့တောင် ရေး တကိုင်ကျော်ကျွာ တောရကျောင်း၌ သီတင်းသုံးနေစဉ် ခုဒ္ဒသိက္ခာ အဋ္ဌကထာ နိဿယကို စီရင်ကြောင်း သိရှိရသည်။ သို့ရာတွင် ယင်းပိဋကတ်တော်သမိုင်းရှိ နိဿယစာရင်းများတွင် ပါဠိတော်နိဿယ ၁၀-ကျမ်း၊ အဋ္ဌကထာနိဿယ ၅-ကျမ်းနှင့် လက်သန်းဋီကာနိဿယ ၄-ကျမ်းတို့ကို မည်သည့်သက္ကရာဇ် မည်သည့်မင်းလက်ထက် မည်သည့်ဆရာတော် စီရင်သည်ဟု ဖော်ပြနိုင်ခြင်းမရှိသည့်အတွက် ထိုခုဒ္ဒသိက္ခာအဋ္ဌကထာနိဿယ (ဟောင်း)ထက် စောသောနိဿယ ရှိကောင်းရှိမည်လားဟု ထင်မှတ်ဖွယ်ရာ ရှိပေတော့သည်။

**နိဿယကျမ်းအဆင့်ဆင့် တိုးတက်လာပုံ။** ။နိဿယစနစ်သည် ဆိုခဲ့ပြီးသည့်အတိုင်း ပုဂံခေတ်က စတင်ခဲ့သည်ကို သိသာပေပြီ။ သို့ရာတွင် ထိုခေတ်အခါက ပါဠိတော်နှင့် အဋ္ဌကထာများ၏ နိဿယများ အနည်းငယ်မျှသာရှိ၍ ပြည့်စုံစွာ မရှိသေးချေ။ နှောင်းခေတ် အဆက်ဆက်တွင်မှ တရွေ့ရွေ့နှင့် နိဿယကျမ်းများ ပြည့်စုံစွာ ပေါ်ထွက်ခဲ့ပေသည်။ နိဿယသည် ပုဂံပြည် တိမ်းပါးပျက်စီးအံ့ဆဲဆဲ နောက်ဆုံးပိုင်းကာလ သက္ကရာဇ် ၆၇၇-ခုနှစ်လောက်တွင်မှ ဒီဃနိကာယ် ပါဠိတော်နှင့် အဋ္ဌကထာအစုံ နိဿယများ ပုဂံမြို့ပေါ်မှ ပေါ်ထွက်ခဲ့၍ ပုဂံခေတ်၏ နောက်ဆုံးနိဿယများဟု ဆိုသင့်ပေသည်။ ထိုမှတဖန် နိဿယသမိုင်းစဉ်သည် အင်းဝခေတ် ပထမပိုင်းကာလ သက္ကရာဇ် ၇၆၃-ခုနှစ်တွင် နေတ္တိပါဠိတော်နိဿယနှင့် သက္ကရာဇ် ၉၁၂-ခုနှစ်တွင် အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာနိဿယ ကျမ်း ၂-ကျမ်း ပေါ်လာပေသည်။ (အဘိဓမ္မတ္ထသင်္ဂဟနိဿယကျမ်းမှာ ရတနာပုံခေတ်အထိ နိဿယကျမ်းပေါင်း ၂၁-ကျော်ကို ကျမ်းပြုပုဂ္ဂိုလ်ဆရာတော် အသီးသီးက မူအမျိုးမျိုးဖြင့် ပြုစုလာခဲ့သဖြင့် အများဆုံးနိဿယရှိသော ကျမ်းဟုဆိုရပေမည်။) ထိုနောက် သာသနာစည်ပင်ထွန်းကားလာသည်နှင့်အမျှ နိဿယကျမ်းများလည်း အင်းဝခေတ်မှစ၍ ကုန်းဘောင်ခေတ် ထိ ကျယ်ပြန့်စွာ အမြောက်အမြား ပေါ်ထွန်းလာခဲ့ပေရာ နိကာယ်ငါးရပ်ပါဠိတော်နှင့် အဋ္ဌကထာနိဿယ အစုံတို့သည် ကုန်းဘောင်ခေတ် (စစ်ကိုင်းမင်း) ဘကြီးတော်မင်းလက်ထက် တွင်မှ အစုံအလင်ပေါ်လာသည်။ သို့သော် နိဿယမရှိသေးသော အဋ္ဌကထာ ဋီကာ အနည်းအကျဉ်းရှိသည်။ နိုင်ငံရေးသမိုင်းစဉ်အရဆိုလျှင် ခေတ်အသီးသီးတို့၌ တိုင်းပြည် ငြိမ်သက်အေးချမ်းသာယာစွာဖြင့် တည်ရှိနေချိန်တွင် ပြုစုရသော ပိဋကစာပေကျမ်းဂန်များရှိသလို နန်းတွင်းရေးမှစ၍ တိုင်းနိုင်ငံအနှံ့အပြား မငြိမ်မသက် သူတလူကိုယ်တမင်းနှင့် သွေးချောင်းစီးတမျှ သတ်ဖြတ်

တိုက်ခိုက်လုယက် တုန်လှုပ်ချောက်ချားနေသော အကြပ်အတည်းများကြားမှ သာသနာတော်အတွက် ပြုစုပေါ်ထွက်လာခဲ့ရသော ပိဋကစာပေကျမ်းဂန်များလည်း ရှိခဲ့ပေသည်။

**ပေ၏နိဂုံး။** ။ပိဋကစာပေအတိုးအတက်ဆုံး သာသနာ စည်ပင်ထွန်းကားဆုံးအချိန်ကား ရာဇဝင်သမိုင်းမှတ်တမ်းများမှ လေ့လာသိရှိချက်အရ ကုန်းဘောင်နောက်ဆုံးခေတ် မင်းတုန်းမင်းလက်ထက်ဟု ဆိုရပါမည်။ မြန်မာနိုင်ငံတွင် သံဃာတော်ပေါင်း ၆-သိန်း ၉-သောင်းကျော်ရှိ၍ မန္တလေးမြို့တွင် အရှင်ကိုးကွယ်သော ဘွဲ့တံဆိပ်ရ ဆရာတော်ပေါင်း ၈၀-ခန့်ရှိခဲ့သည်။ စာသင်တိုက်ကြီးပေါင်း ၁၇၉-တိုက်တွင် စာချဆရာတော် ၃၀၀၀-ခန့်ကို အမှီပြု၍ စာလိုက်သံဃာပေါင်းမှာ ခြောက်သောင်းကျော်ရှိခဲ့သည်။ (အမရပူရမြို့သံဃာမပါသေး)

ထိုသို့ သာသနာစည်ပင်ထွန်းကားခဲ့သော်လည်း ကြေကွဲဝမ်းနည်းဖွယ်ရာမှာ ပြည်မြန်မာ၏ ကံကြမ္မာဆိုး ကြုံခဲ့ရသော သီပေါမင်းအား အင်္ဂလိပ်များ ဖမ်းဆီးသည့်အချိန်ပင်ဖြစ်သည်။ နန်းတွင်းတခုလုံးရှိ ပြတိုက်၌ ပေပုရပိုက်များ ထည့်သည့် စာတိုက်သေတ္တာကြီးများအားလုံးကို အင်္ဂလိပ်စစ်ဗိုလ် စစ်သားနှင့် နောက်ပါလူများစုက အဖိုးတန်ရတနာများ ရှာဖွေယူဆောင်ကြသဖြင့် ပေစာများ ပုရပိုက်များ အစည်းပျက် အခေါက်ပြေလျက် ပရမ်းပတာ ဖယိုဖရဲ ကျန်ခဲ့၏။ နောက်နေ့တွင် သန့်ရှင်းရေးအတွက် အမှိုက်လှည်းကုလားများက ယင်းပေစာပုရပိုက်များကို စုပုံ၍မီးရှို့ပစ်ကြလေသည်။ ထိုအကြောင်းကို တန်ဆောင်မုန်းလဆုတ် ၁၁-ရက်နေ့တွင် တောင်ခွင်မင်းကြီးသိရသဖြင့် ပေပုရပိုက်များကို မီးမရှို့ရန် တောင်းပန်မေတ္တာရပ်ခံစာကို စာရေးတော်ကြီး ဦးမြဲအား ကာနယ်စလေဒင်ထံသို့ အပေးခိုင်းသဖြင့် ကာနယ်စလေဒင်က မည်သူမျှ ပေပုရပိုက်များကို မီးရှို့ခြင်း၊ ဖျက်ဆီးခြင်း၊ ယူငင်ခြင်း မပြုလုပ်ရန် အမိန့်ထုတ်ပြန် တားဆီးခဲ့လေသည်။ နောင်အခါ၌ နားလည်းအစိုးရ လေးဆယ်ကျော်တိုက်လောက် ရှိသော နန်းတွင်းရှိ ကြွင်းကျန်သည့် ပေပုရပိုက်ကန်းဖူးစာများကို ရန်ကုန် အကောက်ဝန်ရုံးကြီးသို့ ယူဆောင်သွားလေသည်။ ဤသည်တို့မှာ မြန်မာပြည်၏ ယဉ်ကျေးမှုစာပေအနုပညာနှင့် အဖိုးတန် သာသနာ့ အမွေအနှစ်တို့ ဆုံးပါးခဲ့ရခြင်း နှင့် ပေနိဿယသမိုင်း ပေခေတ်၏ နိဂုံးပိုင်း အခြေအနေကို သုံးသပ်ခြင်းမျှ ဖြစ်ပါသည်။

**ဇာတ်ပါဠိတော်နိဿယနှင့် ဇာတ်အဋ္ဌကထာနိဿယ**

ဇာတ်ပါဠိတော်နိဿယသည် ကုန်းဘောင်ခေတ်ထဲတွင် ၂-အုပ်နှင့် အင်္ဂလိပ်ခေတ်တွင် ၁-အုပ် ပေါ်ထွက်ခဲ့သည်။

၁။ ပထမထွက်သော ဇာတ်ပါဠိတော်နိဿယဟောင်းကို သက္ကရာဇ်-၁၁၉၈-မှ ၁၂၀၀-ခုနှစ်အတွင်း အမရပူရမြို့တွင် နန်းစံသော သာယာဝတီ (ရွှေဘို)မင်း လက်ထက်၌ အမရပူရမြို့ မြောက်ဘက် ဂ.တိုးတိုက်နေ “သာသနဝံသသိရီဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု” ကြံခင်းဆရာတော်စီရင်သည်။

၂။ ဇာတ်ပါဠိတော်နိဿယသစ်ကို သက္ကရာဇ် ၁၂၂၁-ခုနှစ် နန်းတက်သော မင်းတုန်းမင်းလက်ထက်တွင် မိုင်းခိုင်းမြို့စား သံတော်ဆင့်အမတ် “သိရိဇေယျသူ” နှင့် ဘောင်သာမြို့စား ဒိဗ္ဗသာပါမောက္ခမင်းဆရာကြီးတို့ တောင်းပန်လျှောက် ထားချက်အရ “ပြည်ဆရာတော်” စီရင်သည်။

၃။ ယင်းနောက် ပါဠိဇာတ်ပါဠိတော် (ဧကနိပါတ်မှ မဟာနိပါတ်အထိ တအုပ်လုံး) နိဿယကို သက္ကရာဇ် ၁၂၇၀-ခုနှစ်တွင် မန္တလေးတောင် ရသေ့ကြီး ဦးခန္တိ လျှောက်ထားချက်အရ မန္တလေးတောင်အနီး အဘယာရာမမိုးထိကျောင်း တိုက်၌ သီတင်းသုံးသော ဆရာတော် ရှင်ဇာဂရ မထေရ် စီရင်သည်။ ယင်းကို စာချုနာဘ်၊ မိုးထိမူဟု ခေါ်ဆိုကြ၏။

ဇာတ်အဋ္ဌကထာနိဿယများမှာ အမရပူရ ပထမမြို့နန်း ဖန်ဆင်းတည် ထောင် စိုးစံအောင်သော ဂုန်းဘောင်နန်းရိုး သတိုးရိပ်မြုံ ပဒုံမင်းတရားကြီး (ဘိုးတော်ဦးဝိုင်း)လက်ထက်တော်တွင် ယခင်က နိဿယပြန်ဆိုပြီးသော ငါးရာ့ ငါးဆယ်နိပါတ်တော်များ အစုံအလင်မရှိသေးသည့်အပြင် ရှိရင်းစွဲဇာတ်နိဿယ များလည်း အရေးအသား မသေမချာရှိနေခဲ့သည်။ ထို့ကြောင့် မင်းတရားကြီး က ပုဒ်နေပါဠိဘာသာအနက်အဓိပ္ပာယ် အရေးအသား မှန်ကန်သေချာစွာရှိ အောင် မဟာဒါနံပန်အား ဆရာတော်တို့ထံမှာ လျှောက်ထား၍ ရေးသား ပြုစုပြီး ဆက်သွင်းစေဟု သက္ကရာဇ် ၁၁၄၀-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉-ရက်နေ့ ရွှေလွှတ်တော်သို့ အမိန့်တော်ထုတ်ပြန်သဖြင့် မဟာဒါနံဝန်က ဘွဲ့တံဆိပ်တော်ရ ဆရာတော်အသီးသီးတို့ထံ တောင်းပန်လျှောက်ထားရာမှ ဇာတ်ငါးဆယ်ပေါင်း ၅၄၇-ဇာတ်ပါဝင်သော ဧကနိပါတ်မှ အသီတိနိပါတ်အထိ နိပါတ်ပေါင်း ၂၁-ခုကို ဆရာတော်ကြီး ၁၃-ပါးတို့က အသီးသီးတာဝန် ဝေခဲ့ပြီး ပုဒ်နေ ပါဠိထား အက္ခရာ ဂါထာ ဆန်းဂိုဏ်း ယှဉ်နိုင်းသုတ်သင် ပြင်ဆင်တော်မူကာ နိဿယ ပြန်ဆိုရေးသား ချီးမြှောက်တော်မူကြသည်ကား—

၁။ တောင်တွင်းဆရာတော် ဦးကေတု ဧကနိပါတ် (သာသနာ ၂၃၂၇-ခု တွင် ပြုစုသော ဇာတ်အဋ္ဌကထာနိဒါန်းအဖွင့်ကို “ဇာတတ္ထကိနိဿယ” ဟု ခေါ်ကြသည်။)

၂။ ပလိုင်းဆရာတော်–ဒုကနိပါတ်

၃။ မဲထီးဆရာတော်–တိကနိပါတ်

၄။ ရွှေတောင်ဆရာတော်–စတုက္ကနှင့် ပဥ္စကနိပါတ်
၅။ တောင်လေးလုံးဆရာတော်–ဆက္ကနှင့် သတ္တကနိပါတ်
၆။ ကတိုးဆရာတော်–အဋ္ဌကနှင့် နဝကနိပါတ်
၇။ ပထမ ဗားကရာဆရာတော်–ဒသနိပါတ်နှင့် ဧကာဒသနိပါတ်
၈။ ဆံထားဆရာတော်–ဒွါဒသနှင့် တေရသနိပါတ်
၉။ မောင်းထောင်သာသနာပိုင် ဆရာတော်–ပကိဏ္ဏကနိပါတ်
၁၀။ မုံတောဆရာတော်–ဝီသတိနှင့် တိံသနိပါတ်
၁၁။ ညောင်ကန်ဆရာတော်–စတ္တာလီသနှင့် ပဏ္ဏာသနိပါတ်
၁၂။ မင်းရွာဆရာတော်–သဋ္ဌိနှင့် သတ္တတိနိပါတ်
၁၃။ ပသမဆင်တဲဆရာတော်–အသီတိနိပါတ်

ဟူ၍ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၃-ပါးတို့က အသီးအသီး ဇာတ်အဋ္ဌကထာနိဿယများကို ရေးသားကြပါသည်။

ထို့နောက် ဤဘိုးတော်ဘုရား လက်ထက်၌ပင် ဧကနိပါတ်မှ အသီတိနိပါတ်ထိ ဇာတ်အဋ္ဌကထာနိဿယများကို ပခန်းကြီးမြို့ စီရင်စုဝက်ခုတ်ရွာ ဇာတိ "ဉာဏာဘိသာရဓဇ မဟာဓမ္မရာဇဂုရု" ဆရာတော် စီရင်သည်။

မဟာနိပါတ် ဇာတ်ကြီး ဆယ်ဘွဲ့ အဋ္ဌကထာနိဿယကို ပခန်းကြီးမြို့စီရင်စု မြို့င်ရွာ ဒေးမည်မသိ မထေရ် စီရင်သည်။

အချို့ဆရာများက ဧကနိပါတ်မှစ၍ မဟာနိပါတ်အဆုံးအထိ ဇာတ်အဋ္ဌကထာအားလုံးကို ဝက်ခုတ်ဆရာတော်က နိဿယပြန်ဆိုကြောင်း ရေးသားကြသည်။

ထို့ပြင်မဟာနိပါတ်(ဇာတ်ကြီးဆယ်ဘွဲ့)အဋ္ဌကထာနိဿယကို ၁၁၂၅ မှ ၁၁၃၇-အတွင်း နန်းစံသော ဆင်ဖြူရှင်မင်းလက်ထက်တွင် ပင်းတလဲမြို့ စီရင်စု လည်းကူးမရွာ ဇာတိ ဒန့်ဘိုင်ဆရာတော် ရှင်ဂုဏာလင်္ကာရ မထေရ်စီရင်ခဲ့သည်။

## ညောင်ကန်ဆရာတော်များ

ယခု သာသနာရေးဦးစီးဌာနမှ ပုံနှိပ်ထုတ်ဝေသည့် ဇာတ်ပါဠိတော်နိဿယကား မင်းတုန်းမင်းတရားကြီးလက်ထက်တွင် ပြည်ဆရာတော်ရေးသား စီရင်သော ဇာတ်ပါဠိတော် နိဿယ (သစ်) ဖြစ်ပါသည်။ ထိုပြည်ဆရာတော်သည် ညောင်ကန်ဆရာတော်များအနက် ကပါး အပါအဝင်ဖြစ်ကြောင်း သိရှိစေရန် ညောင်ကန်ဆရာတော်များစာရင်းကို အောက်တွင် ဖော်ပြလိုက်ပါသည်။

သက္ကရာဇ် ၁၁၂၃-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁-ရက်၊ ကြာသပတေးနေ့ မင်းလှ သီရိသီဟသူ ရေးသားကောက်နုတ်အပ်သော ဆရာတော်များ ဦးရေစာရင်းအရ ညောင်ကန်ဆရာတော်များသည်—

၁။ ရှင်ပုညသေဋ္ဌ (ဦးပျော်) ၁၀၈၂-ခုနှစ် ဖွားမြင်သည်။

၂။ ရှင်သဒ္ဓမ္မရံသီ (ဦးညွန့်) ၁၁၁၀-ပြည့်နှစ် ဖွားမြင်သည်။

၃။ ရှင်ကဝိန္ဒ (ဦးရောင်) ဒုတိယညောင်ကန်ဆရာတော် ၁၁၁၅-ခုနှစ်တွင် ဖွားမြင်သည်။

၄။ ရှင်ပုညရံသီ (ဦးပုံး) အုတ်ကျောင်းဆရာတော်၊ ၁၁၄၀-ပြည့်နှစ် ဖွားမြင်သည်။

၅။ ရှင်ဇမ္ဗုဓဇ (ဦးပုတ်) ဒုတိယအုတ်ကျောင်းဆရာတော်၊ ညောင်ကန်ဆရာတော်၊ ဆရာတော် ဦးပုတ်ဟု အမျိုးမျိုးခေါ်ကြသည်။ ၁၁၄၉-ခုနှစ် ဖွားမြင်သည်။

၆။ ရှင်မေဓာလင်္ကာရ (ဦးကျိုး) ပြည်ဆရာတော်၊ ညောင်ကန်ဆရာတော် ၁၁၅၀-ပြည့်နှစ် ဖွားမြင်သည်။

၇။ ရှင်ဒီပ (ဦးကံ) ၁၁၆၂-ခုနှစ် ဖွားမြင်သည်။

ဟူ၍ ၇-နှစ်ပါး ရှိခဲ့ရာတွင် အလယ်ဆရာတော် ၅-ပါးသည် သာသနာလောက၌ အလွန်တရာ ကျော်စော ထင်ရှား ကျေးဇူးများလှသော ဆရာတော်ကြီးများဖြစ်ခဲ့ကြသည်။ ထိုဆရာတော်ကြီး ၇-ပါးအပြင် ဟသ်ာတမြို့ မြစ်ကွေ့ ဆရာတော် ရှင်ပညာဝံသ ရေးသားသော ပြည်ဆရာတော် အတ္ထုပ္ပတ္တိ၌ ညောင်ကန်ဆရာတော် ၁၂-ပါး ပြဆိုထားသေးကြောင်း သိရသည်။

ဤနိဿယ ဆရာတော်၏ ထေရုပ္ပတ္တိအချုပ် ဤဇာတ်ပါဠိတော် နိဿယကို ရေးသားပြုစုတော်မူသော ဆရာတော်သည် ညောင်ကန်ဆရာတော်ဟူ၍လည်းကောင်း၊ ပြည်ဆရာတော်ဟူ၍လည်းကောင်း ထင်ရှားကျော်စောသော ဆရာတော် ရှင်မေဓာလင်္ကာရ ဖြစ်ပါသည်၊ ဤနိဿယ ကျမ်းပြု ဆရာတော်၏ ထေရုပ္ပတ္တိကိုအချုပ်အားဖြင့် ရှာဖွေထုတ်နုတ် ရေးသား တင်ပြပါမည်။

ပြည်, ညောင်ကန်ဆရာတော် လောင်းလျာကို သက္ကရာဇ် ၁၁၅၀-ပြည့်နှစ်၊ ဝါဆိုလဆန်း ၇-ရက်၊ ကြာသပတေးနေ့တွင် အလုံမြို့ကျေး ညောင်ကန်ရွာ အဘ ဦးဖြူ အမိ ဒေါ်ညွန့်တို့မှ မီးရှူးသန့်စင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။ လူအမည် မောင်ကျိုး ဟု ခေါ်ပါသည်။(အချို့က ဦးကျိုးညိုဟု တွင်သည် ဆို၏။ )

ဆရာတော်လောင်းလျာကို အသက် ၁၂-နှစ်အရွယ်တွင် ရှင်သာမဏေပြု၍ ရှင်အမည် "ရှင်မေဓာ" ဟု မှည့်ခေါ်ပါသည်။ ရှင်သာမဏေအဖြစ် ၇-ဝါရရှိသောအခါအသက်ရောက်သည့် အချိန်တွင် ရဟန်းပြု၍ ရဟန်းဘွဲ့တော် "ရှင်မေဓာလင်္ကာရ" ဖြစ်သည်။ ဆရာတော် မေဓာလင်္ကာရသည် ရတနာပူရအဝမြို့တည် နန်းတည် မင်းတရားကြီးလက်ထက် ရွှေမြို့တော် မြောက်ထောင့် မဟာအောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီးဝယ် သီတင်းသုံးတော်မူသော ညောင်ကန်ဆရာတော် ဦးပိုးထံတွင် စာပေကျမ်းဂန် သင်ကြားပို့ချကာ နေတော်မူသည်။

ညီတော်မင်းတရားကြီးလက်ထက် အမရပူရ ရွှေမြို့တော်ကြီးသို့ ရောက်သောအခါ ရွှေမြို့တော် အရှေ့တောင်ယွန်းအရပ်တွင် မင်းတရားကြီး၏ သားတော် "ပြည်မင်းသား"က တိုက်တာအသစ်တည်ဆောက်ကာ ဝါးဖိုကျောင်း ဆောက်လုပ်လှူဒါန်း ကိုးကွယ်သည်။ ထိုအခါမှစ၍ "ပြည်ဆရာတော်" ဟု ထင်ရှားသည်

နောက်တဖန် မင်းတုန်းမင်းလက်ထက် သီရိမဟာမင်္ဂလာဒေဝီဘွဲ့ခံ မြောက်နန်းမတော် မိဖုရားသည် မန္တလေးမြို့ မြောက်ပြင်၌ မင်္ဂလာရာမ ကမ္ပည်းတပ်သော ကျောင်းတိုက်ကြီးကို တည်ထောင်၍ ပြည်ဆရာတော် ဘုရားကြီးကို တင်လှူသည်။ ဆရာတော် မေဓာလင်္ကာရသည် ပရိယတ္တိ ပဋိပတ္တိ သီလ သမာဓိ ပညာ ဟိရိဩတ္တပ္ပနှင့် ပြည့်စုံ၏၊ ဗြဟ္မစိုရ်တရားလေးပါးနှင့် ပြည့်စုံ၏ဟု ဆရာတော် စဉ်ဆက်တို့ ချီးမွမ်းတော်မူကြသည်။ သက်တော် ၇၅-နှစ်၊ သိက္ခာ (ဝါ)တော် ၅၅၊ သက္ကရာဇ် ၁၂၂၅-ခုနှစ်၊ နယုန်လဆန်း ၁၃-ရက်နေ့တွင် ဘဝနတ်နန်း စံမြန်းတော်မူသည်။ ဘွဲ့တံဆိပ်တော်ကား "မေဓာဘိပဏ္ဍိတဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" နှင့် "မေဓာဘိဝံသ သိရီသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော် ၂-ထပ်ရရှိတော်မူခဲ့သည်။

## ရေးသားပြုစုသော ကျမ်းများ

ဆရာတော်သည် သာသနာ့တာဝန် ထမ်းဆောင်တော်မူယင်း သာသနာအတွက် ကျေးဇူးများသော အောက်ပါကျမ်းများကို ရေးသားပြုစုတော်မူခဲ့ပါသည်။

(က) ဇာတ်ပါဠိတော် နိဿယ (သစ်) (မင်းတုန်းမင်းလက်ထက်)
(ခ) အဋ္ဌသာလိနီ အဋ္ဌကထာနိဿယ ။
(ဂ) ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာနိဿယ (ဘကြီးတော်မင်းလက်ထက်)
(ဃ) သဠာယတနဝဂ္ဂသံယုတ် အဋ္ဌကထာနိဿယ– ။
(င) မဟာဝဂ္ဂသံယုတ် အဋ္ဌကထာနိဿယ– ။

(စ) ဝိသုဒ္ဓိမဂ်အဌကထာ နိဿယသစ်၊
(ဆ) ဋီကာကျော် နိဿယသစ်၊
(ဇ) ခန္ဓဝိဘာဝနီ ဋီကာပေါင်း၊
(ဈ) ကစ္စာယနသရုပ်ထွန်းဒီပနီ၊
(ည) သဒ္ဒတ္ထဘေဒစိန္တာ နိဿယ၊
(ဋ) သမ္ဗန္ဓစိန္တာ နိဿယ၊
(ဌ) ကစ္စာယနသာရ နိဿယ၊
(ဍ) ဓာတုမာလာ လက်သန်းပါဌ်နိဿယ–

စသော ကျမ်းများစွာတို့ကို ရေးသားစီရင်တော်မူခဲ့ပါသည်။ (စ-မှ ဈ-အထိ ကျမ်းများကို ပိဋကတ်တော်သမိုင်းတွင် ရေးသား ဖော်ပြသွားသည်ကို မတွေ့ပါ။)

ညောင်ကန်ဆရာတော်ဟု ခေါ်ဝေါ်ခြင်းမှာ ညောင်ကန်ရွာကျောင်း၌ သီတင်းသုံးဖူး၍လည်းကောင်း၊ ညောင်ကန်ရွာ ဇာတိဖြစ်၍လည်းကောင်း ခေါ်ဝေါ်ကြဟန်တူပါသည်။ ဆရာတော်သည် ဘိုးတော်မင်းတရားကြီးလက်ထက်တွင် ဖွားမြင်တော်မူ၍ ဘကြီးတော်မင်း၊ သာယာဝတီမင်းနှင့် ပုဂံမင်းတို့ကို ကျော်လွန်ကာ မင်းတုန်းမင်းလက်ထက်တွင် ပျံလွန်တော်မူပါသည်။

## ပုံနှိပ်ဆုတ်ယုတ်ခြင်းအာသီသ

ပြည်ဆရာတော်၏မူ ဇာတ်ပါဠိတော် နိဿယကို ရှေးအခါက ပုံနှိပ်တိုက်အသီးသီးက အထပ်ထပ်ကတင်ပုံနှိပ်ခဲ့ပြီးဖြစ်သည်။ သို့ရာတွင် နှစ်ပေါင်းရှည်ညောင်း၍ နှောင်းလာသောအခါတွင် ပုံနှိပ်ပြီးစာအုပ်များမှာ သုတေသီနှင့်စာသင်သားတို့ အဆက်ဆက် အသုံးပြုသူများလှသဖြင့် စုတ်ပြတ်ခြင်း သို့မဟုတ် ခြားပိုးကိုက်ခြင်းတို့ဖြင့် ရှားပါးမှုအခြေအနေသို့ ရောက်ရှိခဲ့ပေသည်၊ ယခုအခါတွင် ရှာဖွေမရပဲ ရှိနေခဲ့သည်။ ရှာဖွေ၍ ရ ရှိနိုင်သော်သည်း ဆွေးမြေ့ရိနွမ်းသော စာအုပ်အဖြစ်ဖြင့်သာ ရရှိနေပေသည်။

ရှေးဘုရင်များခေတ် ပဒေတ်က ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၏ စာပေတို့သည် မူဟောင်း မူကောင်း မူရင်းများဖြစ်သဖြင့် သာသနာတော်အတွက် လွန်စွာအကျိုးများခဲ့ပြီးဖြစ်ပေသည်။ ယင်းသို့ တန်ဖိုးကြီးမား အကျိုးများသော ရရှိရန်ခဲယဉ်းသော မူဟောင်း မူကောင်း မူရင်းများကို သာသနာငါးထောင်တည်တံ့ရေးအတွက် ရည်မြော်၍ ထိန်းသိမ်းစောင့်ရှောက်ခြင်းအားဖြင့်လည်းကောင်း၊ ဗုဒ္ဓ၏နိဒါနကား ဆုံးမကြသော သင်ခန်းစာများကို ရဟန်းရှင်လူတို့ လေ့လာဖတ်ရှု သင်ကြားပို့ချ မှတ်သားမှုတို့ဖြင့် ဗဟု

သုတ တိုးပွား၍ ပစ္စုပ္ပန် တမလွန် ဤနှစ်တန်အကျိုးများစေရန် ရည်သန်သော အားဖြင့်လည်းကောင်း(နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ အုပ်ချုပ်ရေး အရာရှိချုပ် နှင့် နိုင်ငံတော်ကောင်စီဝင်ဟောင်း)ဆရာကြီး ဦးလှမောင်(M.A, Ms, B.L) က သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်မှ ပုံနှိပ်ထုတ်ဝေရန် မေတ္တာရပ်ခံပါ သည်။ ယင်းဇာတ် ပါဠိတော်နိဿယ စာအုပ်အဟောင်း အနှမ်း သုံးအုပ်ကို လည်း ပေးအပ်ပါသည်။ ဆရာကြီး ဦးလှမောင် ပေးအပ်သော နိဿယစာမူကို မူရင်းမပျက်စေရန် သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်မှ နဂို ရှိရင်းစွဲ စာသား အတိုင်း ပုံသဏ္ဌာန်အတိုင်း ခေတ်ပုံရိုက်ပြီး လစ်သိုစက်ကြီးဖြင့် ရိုက်နှိပ်ထုတ်ဝေ ခြင်း ဖြစ်ပါသည်။

## ဤနိဿယသစ် ရေးသားပုံ

ပြည်ဆရာတော်၏ နိဿယများသည် ဇီဇဉ်ပုံအရေးအသား ပြန်ဆိုချက် ကောင်းသဖြင့် နောက်နောက် နိဿယကျမ်းပြု ဆရာများသည် ပြည်ဆရာ တော်၏ နိဿယကျမ်းများကို စံမှီပြုစုကြရပေသည်။ ဤဇာတ်ပါဠိတော်နိဿယ ကျမ်းကို ပြုစုပုံမှာ မြတ်စွာဘုရား၏ကိုယ်တွေ့ဖြစ်ရပ် ဆုံးမဩဝါဒ်သောသင်ခန်းစာ များကို ပါဠိတော်မူရင်းဂါထာအတိုင်း ဖတ်ရှုမှတ်သားနိုင်ကြစေရန် ရည်သန်၍ ရေးသားပြုစုထားပါသည်။

ထို့ကြောင့် ဆရာတော်သည် ပစ္စုပ္ပန်ဇာတ်ကြောင်းကိုစုံလင်စွာ မဖော်ပြ တော့ပဲ အကျဉ်းချုံး၍ စကားစပ်မိရုံမျှသာ ဖော်ပြပြီးနောက် အတိတ်ဇာတ် ကြောင်းတွင် ပါဝင်သည့် မှတ်သားဖွယ် ပါဠိဂါထာများကို နိဿယပြန်ဆိုထားခြင်း ဖြစ်ပါသည်။ ဗုဒ္ဓ၏ နိတိစကား မှတ်သားဖွယ် ပါဠိများ ဂါထာများကို စုစည်း၍ မှတ်သားမိစေရန် ရည်မှန်းသဖြင့် ကျယ်ဝန်းရှည်လျားသောကြောင့် အတိတ်ဇာတ် လမ်းနှင့် ဇာတ်ပေါင်းခန်းတို့ကိုလည်း ချန်လှပ်၍ မရေးသားသားပါသည်။

ဆရာတော်သည် နိဿယပြန်ဆိုရုံမျှသာမဟုတ်ပဲ သောတုဇနတို့ အကျိုး များစေရန်အတွက် ဂါထာတွင်ရှိသော ပါဠိများထဲမှ ထုတ်ခဲ့သည့် ပါဠိပုဒ်များကို အဋ္ဌကထာဖွင့် ဋီကာဖွင့်တို့ဖြင့် အဓိပ္ပာယ်ဖော်ထောင်၍ ပြဆိုခြင်းဖြင့်လည်း ကောင်း၊ အလင်္ကာနည်း ဆန်းနည်းတို့ဖြင့်လည်းကောင်း ပုဒ် ဓာတ် ပစ္စည်းအရ ကောက် (ယုဂ်ပြီးပုံ) ပုဒ်ပြီးပုံ အစီအရင်ကို ပြခြင်း စသော သဒ္ဒါနည်းဖြင့် လည်းကောင်း ရေးသားစီရင်ထားသော နိဿယကျမ်းဖြစ်ပေသည်။

သို့ဖြစ်သောကြောင့် ဤနိဿယကျမ်းကို လေ့လာဖတ်ရှု သင်ကြားပို့ချကြ သော ရဟန်း ရှင် လူ ခပ်သိမ်းသူတို့သည် ထောက်လျော်ဖက်လုံး ကျင့်သုံးသင့်

**သော** ဤနိဿယကျမ်းလာ ဘုရားရှင်၏ ညွှန်ကြားချက်တို့ကို **လေ့လာသင်ကြား** ဗဟုသုတပွား၍ မှတ်သားမိရုံမျှသာ မဟုတ်စေပဲ လေ့လာသင်ကြား မှတ်သားမိသည့်အတိုင်း လိုက်နာကျင့်သုံးခြင်းဖြင့် အဆုံးသတ်နိုင်ကြပါစေ **သော်**။

စိရံ တိဋ္ဌတု သဒ္ဓမ္မော

ဓမ္မာစရိယ-ဦးတင့်အောင်
ဒုတိယ-ကျမ်းပြုမှူး
သာသနာရေးဦးစီးဌာန
ကမ္ဘာအေး

သာသနာ ၂၅၂၉

ကောဇာ ၁၃၄၇-ခုနှစ်၊ ဒုတိယ ဝါဆိုလဆန်း ၅-ရက်
(၂၂-၇-၈၅)

## ငါးရာ့ငါးဆယ်ဇာတ်{ဒုတိယ်အုပ်}မာတိကာ။


| ဇာတ်စဉ် နံပါတ်။ | ဇာတ်အမည်။ | ဇာတ်စဉ် နံပါတ်။ | ဇာတ်အမည်။ |
|---|---|---|---|
| | {၁-ဝိဝရဝဂ်} | | {၃-ကုဋိဒူသကဝဂ်} |
| ၃၀၁ | စူဠကာလိင်္ဂ။ | ၃၂၁ | သိင်္ဂါလသကုဏာ။ |
| ၃၀၂ | မဟာအဿာရောဟ။ | ၃၂၂ | ဒုဒ္ဒုဘာယ။ |
| ၃၀၃ | ဧကရာဇ။ | ၃၂၃ | ဗြဟ္မဒတ္တ။ |
| ၃၀၄ | ဒဒ္ဒရ။ | ၃၂၄ | စမ္မသာဋက။ |
| ၃၀၅ | သီလဝီမံသန။ | ၃၂၅ | ဂေါဓရာဇ။ |
| ၃၀၆ | သုဇာတာ။ | ၃၂၆ | ကက္ကာရု။ |
| ၃၀၇ | ပလာသ။ | ၃၂၇ | ကာကဝတီ။ |
| ၃၀၈ | သကုဏ။ | ၃၂၈ | အနနုသောစိယ။ |
| ၃၀၉ | ဆဝ။ | ၃၂၉ | ကာဠဗာဟု။ |
| ၃၁၀ | သေယျ။ | ၃၃၀ | သီလဝီမံသန။ |
| | {၂-ပုစိမန္ဒဝဂ်} | | {၄-ကောကိလဝဂ်} |
| ၃၁၁ | ပုစိမန္ဒ။ | ၃၃၁ | ကောကာလိက။ |
| ၃၁၂ | ကဿပမန္ဒိယ။ | ၃၃၂ | ရထလဋ္ဌိ။ |
| ၃၁၃ | ခန္တိဝါဒီ။ | ၃၃၃ | ဂေါဓ။ |
| ၃၁၄ | လောဟကုမ္ဘီ။ | ၃၃၄ | ရာဇောဝါဒ။ |
| ၃၁၅ | သဗ္ဗမံသလာဘ။ | ၃၃၅ | ဇမ္ဗုက။ |
| ၃၁၆ | သသပဏ္ဍိတ။ | ၃၃၆ | ဗြဟာဆတ္တ။ |
| ၃၁၇ | မတရောဒန။ | ၃၃၇ | ပီဌ။ |
| ၃၁၈ | ကဏဝေရ။ | ၃၃၈ | ထုသ။ |
| ၃၁၉ | တိတ္တိရ။ | ၃၃၉ | ဗာဝေရု။ |
| ၃၂၀ | သုစဇ္ဇ။ | ၃၄၀ | ဝိသယှ။ |

| ဇာတ်စဉ်နံပါတ်။ | ဇာတ်အမည်။ | ဇာတ်စဉ်နံပါတ်။ | ဇာတ်အမည်။ |
|---|---|---|---|
| | {၅-စူဠကုဏာလဝဂ်} | | |
| ၃၄၁ | ကန္ဒရီ။ | ၃၄၆ | ကေသဝ။ |
| ၃၄၂ | ဝါနရ။ | ၃၄၇ | အယကူဋ။ |
| ၃၄၃ | ကုန္တိနီ။ | ၃၄၈ | အရည။ |
| ၃၄၄ | အမ္ဗစောရ။ | ၃၄၉ | သန္ဓိဘေဒ။ |
| ၃၄၅ | ဂဇကုမ္ဘ။ | ၃၅၀ | ဒေဝတာပဉှ။ |


# ၅=ပဉ္စကနိပါတ်။


| | | | |
|---|---|---|---|
| | {၁-မဏိကုဏ္ဍလဝဂ်} | | |
| ၃၅၁ | မဏိကုဏ္ဍလ။ | ၃၆၄ | ခဇ္ဇောပနက။ |
| ၃၅၂ | သုဇာတ။ | ၃၆၅ | အဟိတုဏ္ဍိက။ |
| ၃၅၃ | ဓောနသာခ။ | ၃၆၆ | ဂုမ္ဗိယ။ |
| ၃၅၄ | ဥရဂ။ | ၃၆၇ | သာဠိယ။ |
| ၃၅၅ | ဃဋ။ | ၃၆၈ | တစသာရ။ |
| ၃၅၆ | ကောရဏ္ဍိယ။ | ၃၆၉ | မိတ္တဝိန္ဒက။ |
| ၃၅၇ | လဋုကိက။ | ၃၇၀ | ပလာသ။ |
| ၃၅၈ | စူဠဓမ္မပါလ။ | | {၃-အဍ္ဎဝဂ်} |
| ၃၅၉ | သုဝဏ္ဏမိဂရာဇ။ | ၃၇၁ | ဒီဃိတိကောသလ။ |
| ၃၆၀ | သုယောနန္ဒီ။ | ၃၇၂ | မိဂပေါတက။ |
| | {၂-ဝဏ္ဏာရောဟဝဂ်} | ၃၇၃ | မူသိက။ |
| ၃၆၁ | ဝဏ္ဏာရောဟ။ | ၃၇၄ | စူဠဓနုဂ္ဂဟ။ |
| ၃၆၂ | သီလဝီမံသန။ | ၃၇၅ | ကပေါတ။ |
| ၃၆၃ | ဟိရီ။ | | |

# ၆=ဆက္ကနိပါတ်။


| ဇာတ်စဉ်နံပါတ်။ | ဇာတ်အမည်။ | ဇာတ်စဉ်နံပါတ်။ | ဇာတ်အမည်။ |
|---|---|---|---|
| | { ၁-အဝါရိယဝဂ် } | | { ၂-သူစိဝဂ် } |
| ၃၇၆ | အဝါရိယ။ | ၃၈၆ | ခရပုတ္တ။ |
| ၃၇၇ | သေတကေတု။ | ၃၈၇ | သူစိ။ |
| ၃၇၈ | ဒရီမုခ။ | ၃၈၈ | တုဏ္ဍိလ။ |
| ၃၇၉ | နေရု။ | ၃၈၉ | သုဝဏ္ဏကက္ကဋ။ |
| ၃၈၀ | အာသင်္က။ | ၃၉၀ | မယှက။ |
| ၃၈၁ | မိဂါလောပ။ | ၃၉၁ | ပဗ္ဗဇိတဝိဟေဌက။ |
| ၃၈၂ | သိရိကာဠကဏ္ဏိ။ | ၃၉၂ | သိင်္ဃပုပ္ဖ။ |
| ၃၈၃ | ကုက္ကုဋ။ | ၃၉၃ | ဝိဃာသာဒ။ |
| ၃၈၄ | ဓမ္မဓဇ။ | ၃၉၄ | ဝဋ္ဋက။ |
| ၃၈၅ | နန္ဒိယမိဂရာဇ။ | ၃၉၅ | ပါရာဝတ။ |


# ၇=သတ္တနိပါတ်။


| | | | |
|---|---|---|---|
| | { ၁-ကုက္ကုဝဂ် } | | |
| ၃၉၆ | ကုက္ကု။ | ၄၀၁ | ပဏ္ဏက။ |
| ၃၉၇ | မနောဇ။ | ၄၀၂ | သတ္တုဘတ္တ။ |
| ၃၉၈ | သုတန။ | ၄၀၃ | အဋ္ဌိသေန။ |
| ၃၉၉ | ဂိဇ္ဈ။ | ၄၀၄ | ကပိ။ |
| ၄၀၀ | ဒဗ္ဗပုပ္ဖ။ | ၄၀၅ | ဗက။ |

| ဇာတ်စဉ်နံပါတ်။ | ဇာတ်အမည်။ | ဇာတ်စဉ်နံပါတ်။ | ဇာတ်အမည်။ |
|---|---|---|---|
| | {၂-ဂန္ဓာရဝဂ်} | | |
| ၄၀၆ | ဂန္ဓာရ။ | ၄၁၂ | ကောဋ္ဌသိမ္ဗလိ။ |
| ၄၀၇ | မဟာကပိ။ | ၄၁၃ | ဓူမကာရိ။ |
| ၄၀၈ | ကုမ္ဘကာရ။ | ၄၁၄ | ဇာဂရ။ |
| ၄၀၉ | ဒဠှဓမ္မ။ | ၄၁၅ | ကုမ္မာသ။ |
| ၄၁၀ | သောမဒတ္တ။ | ၄၁၆ | ပရန္တပ။ |
| ၄၁၁ | သုသီမ။ | | |

# ၈-အဋ္ဌနိပါတ်။

| | | | |
|---|---|---|---|
| | {ကစ္စာနိဝဂ်} | | |
| ၄၁၇ | ကစ္စာနိ။ | ၄၂၂ | စေတိယ။ |
| ၄၁၈ | အဋ္ဌသဒ္ဒ။ | ၄၂၃ | ဣန္ဒြိယ။ |
| ၄၁၉ | သုလသာ။ | ၄၂၄ | အာဒိတ္တ။ |
| ၄၂၀ | သုမင်္ဂလ။ | ၄၂၅ | အဋ္ဌာန။ |
| ၄၂၁ | ဂင်္ဂမာလ။ | ၄၂၆ | ဒီပိ။ |

ဝါ'ရုဒ်ါးဝယ်

# ဇာတ်ပါဠိတော်နိသျ။

{ဒုတိယအုပ်}

(၄-စတုက္ကနိပါတ်)

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

(၁-ဝိဝရဝဂ်)

၃၀၁-ဗုဒ္ဓကလိင်ဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သောသဗ္ဗညုမြတ်စွာဘုရားသည်၊ ဝိဂရဝိမာသံခွါရဲ့,အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သောဤဗုဒ္ဓကလိင်ဇာတ်ကို၊ ဇေတဝန်ကျောင်းကြီး၌ သီတင်းသုံးနေတော်မူစဉ်၊ လေးယောက်သော ပရိဗိုဇ်မိန်းမတို့၏ ရဟန်းပြုခြင်းကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

အသကမင်း၏နန္ဒိသေနမည်သောအမတ်သည်ပညာရှိ၏၊လိမ်မာ၏၊ အကြောင်းဥပါယ်ကိုသိ၏။ထိုနန္ဒိသေနအမတ်သည်၊ဤမင်းသို့တို့သည် အလုံးစုံသောဇမ္ဗူဒိပ်ကိုလှည့်လည်၍စစ်ထိုးဘက်ကိုမရကုန်။ဤသို့ဖြစ်သော်ဇမ္ဗူဒိပ်သည်အချည်းနှီးမည်သည်ဖြစ်၏။ ငါသည်ကလိင်မင်းနှင့် တကွစစ်ထိုးအံ့ဟုကြံ၏။ကြံပြီး၍ထိုနန္ဒိသေနအမတ်သည်မြို့တံခါးသို့သွား၍တံခါးစောင့်တို့ကိုခေါ်၍ထိုမင်းသို့တို့အားတံခါးဖွင့်စိမ့်သော၄ါ။

အစဂဏန်းကား၊ဂါထာရေနံပါတ်။အဆုံးဂဏန်းကား၊ဇာတ်စဉ်နံပါတ်။ ကမ္ဘည်းနေ၊ကွင်းကွင်းရှိဂဏန်းလည်း၊ပါဠိတော်ဂါထာနံပါတ်ပင်တည်း။

(၅၀၈) ဝိဝရထိ·မာသံ ဒွါရံ၊နဂရံ ပဝိသိတုံ မယာ။
အရုဏ-ရာဇဿ သီဟေန၊သုသိဋ္ဌေန နန္ဒိသေနေန။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၅၀၈) ဣမါသံ၊ဤမင်းဆွေးတို့အား။နဂရံ၊မြို့သို့။ပဝိသိတုံ၊ဝင်စိမ့်သောငှါ။အရုဏ-ရာဇဿ၊အရုဏမည်သောမင်း၏။သီဟေန၊ပုရိသသီဟဖြစ်သော။သုသိဋ္ဌေန၊ဆရာတို့သည်ကောင်းစွာဆုံးမအပ်ပြီးသော။နန္ဒိသေနေန၊နန္ဒိသေနမည်သော။မယာ၊ငါသည်။ ပေသိတာ၊စေအပ်ကုန်သော။တုမှေ၊သင်တံခါးစောင့်တို့သည်။ဒွါရံ၊တံခါးကို။ဝိဝရထ၊ဖွင့်ကြကုန်။ ။

ကလိင်္ဂမင်းပြေးသည်ကိုမြင်၍ တထောင်ကုန်သော အမတ်တို့သည် ကလိင်္ဂမင်းငယ် စစ်ပွဲမှရှုံး၍ပြေးလတ်ပြီဟု ပွဲတင်ထပ်အောင် ကြွေးကြော်ကုန်၏။ ကလိင်္ဂမင်းသည်သေဘေးမှကြောက်၍ ပြေးလတ်သော်၊ထိုရသေ့ကိုဆဲရေးလိုရကား။ ။

(၅၀၉) ဇယော ကလိင်္ဂါန အ-သယှ-သာဟိနံ၊
ပရာဇယော အနွိတော အဿကာနံ။
ဣစ္စေ·ဝ တေ ဘာသိတံ ဗြဟ္မစာရိ၊
န ဥဇ္ဇုဘူတာ ဝိတထံ ဘဏန္တိ။ ။

ဟူသောဒုတိယဂါထာကိုဆို၏။ ။

(၅၀၉) ဗြဟ္မစာရိ၊မြတ်သောအကျင့်ကိုကျင့်သောရသေ့။တေ၊သင်ရသေ့သည်။ အသယှသာဟိနံ၊ သူတပါးတို့သည် နှိမ်နင်းလွှမ်းမိုးနိုင်ခဲသောတဘက်ရန်သူရဲမက်ဗိုလ်ထုကိုနှိမ်နင်းလွှမ်းမိုးချိုးဖျက်အောင်မြင်နိုင်ကုန်သော။ ကလိင်္ဂါနံ၊ကလိင်္ဂတိုင်းသားတို့၏။ ဇယော၊အောင်ခြင်းသည်။ဘဝိဿတိ၊ဖြစ်လတ္တံ့။အဿကာနံ၊အဿကတိုင်းသါးတို့၏။ပရာဇယော၊ရှုံးခြင်းသည်။အနွိတော၊အစဉ်တစိုက်လိုက်သည်။ဘဝိဿတိ၊ဖြစ်လတ္တံ့။ ဣစ္စေဝဣတိဧဝ၊ဤသို့မှန်မကားချွတ်ယွင်းသောစကားကိုသာလျှင်။ ဘာသိတံ၊ဆိုအပ်၏။ ဥဇုဘူတာ၊ ကိုယ်နှုတ်နှလုံးသုံးပါး၊မြားကဲ့သို့ဖြောင့်စွာဖြစ်သော သူတော်ကောင်းတို့မူကား။ ဝိတထံ၊သည်ကဲ့သို့ချွတ်ယွင်းသောစကားကို။နဘဏန္တိ၊မဆိုကုန်။ ။

ဤသို့ထိုကလိင်္ဂမင်းသည်ရသေ့ကိုဆဲရေးလျက်ပြေး၍မိမိမြို့သို့လျှင်သွား၏။ ပြန်၍ကြည့်အံ့သောငှာလည်းမဝံ့။ ထိုနောင်မှ နှစ်ရက်သုံးရက်

လွှန်သဖြင့်သိကြားသည်ရသေ့အထံသို့လာ၍။ ရသေ့သည်သိကြားနှင့်တကွစကားပြောဆိုလိုရကား။ ။

(၅၁၀) ဒေဝါ မုသာဝါဒ-မုပါတိဝတ္တာ၊
သစ္စံ တထ-ပေမ-ကရံ နု သက္က။
တ-န္တေ မုသာ ဘာသိတံ ဒေဝ-ရာဇ၊
ကိံ ဝါ ပဋိစ္စ မဃဝါ မဟိန္ဒ။ ။

ဟူသော၍တတိယဂါထာကိုဆို၍။ ။

(၅၁၀) သက္က၊သိကြားမင်း။ ဒေဝါ၊နတ်တို့သည်။မုသာဝါဒံ၊မုသာဝါဒကို။ဥပါတိဝတ္တာ၊လွှန်ကုန်သည်မဟုတ်လော။ (မုသာဝါဒမပြောမဆိုသည်မဟုတ်လောဟူလိုသည်)။ သစ္စံ၊မှန်သော။တထံ၊မချွတ်မယွင်းသောစကားသည်။ပေမကရံနု၊သူတော်ကောင်းတို့၏ချစ်မြတ်နိုးခြင်းကိုပြုတတ်သည်မဟုတ်လော။ ဒေဝရာဇ၊နတ်တို့၏မင်းဖြစ်သော သိကြားမင်း။ အတ္တဘာဒ္ဓနကမုသာဝါဒံ၊ စီးပွါးချမ်းသာကို ဖျက်ဆီးတတ်သော မုသာဝါဒကို။ကထေန္တေန၊ဆိုသော။တေတယာ၊သင်သည်။ယံဝစနံ၊အကြင်ကလိင်္ဂမင်းနိုင်လတ္တံ့၊ အဿကမင်းရှုံးလတ္တံ့ ဟူသော စကားကို။ မယ့်၊ငါအား။ ဘာသိတံ၊ဆိုအပ်၏။ တံဝစနံ၊ထိုစကားကို။ တေတယာ၊သင်သည်။မုသာ၊ချွတ်ယွင်းသောအားဖြင့်။ ဘာသိတံ၊ဆိုအပ်၏။မဟိန္ဒ၊များစွာသော နတ်တို့ကို အစိုးရသော။ မဃဝါ၊သိကြားမင်း။ ကိံဝါ၊အဘယ်အကြောင်းကိုမူလည်း။ပဋိစ္စ၊စွဲ၍။တေတယာ၊သင်သည်။ဝေံ၊ဤသို့သောစကားကို။ဘာသိတံနု၊ဆိုအပ်ဘိသနည်း။ ။

ထိုစကားကိုကြား၍သိကြားမင်းသည်။ ။

(၅၁၁) နနု တေ သုတံ ဗြာဟ္မဏ ဘညမာနေ၊
ဒေဝါ န ဣဿန္တိ ပုရိသ-ပရက္ကမဿ။
ဒမော သမာဓိ မနသော အ-ဘေဇ္ဇော၊
အဗျဂ္ဂတာ နိက္ကမနဉ္စ ကာလေ။
ဒဠှဉ္စ ဝိရိယံ ပုရိသ-ပရက္ကမော စ၊
တေနေ-ဝ အာသိ ဝိဇယော အဿကာနံ။ ။

ဟူသော၍စတုတ္ထဂါထာကိုဆို၏။ ။

(၅၁၁) ဗြာဟ္မဏ၊သျှင်ရသေ့။တဏ္ဍဝစနေ၊ကလိင်္ဂမင်းသည်အောင်လတ္တံ့၊အဿကမင်းသည် ရှုံးလတ္တံ့၊ ဟူသောထိုစကားကို။ ဘညမာ

ဒ္ဒေါသိကြွားသည်ဆိုအပ်သော်လည်း။ဒေဝါ၊နတ်တို့သည်။ပုရိသ-ပ
ရက္ကမေဿ၊ ယောက်ျားတော်တကာတို့၏ လုံ့လအားထုတ်ခြင်းအား။ နု
ရုံသန္တိ၊မပြုံးပျကုန်။ ဇာတိဇ္ဇုဒ္ဓဝစနံ၊ ဤသို့သောစကားကို၊ တေတယာ၊
သင်ရသေ့သည်။ နနုသုတံနသုတံကိ၊ မကြားဘူးသလော။ ပါ၊ မကြား
ဘူးသောဝင်တကား။အဿကရဉော၊အဿကမင်း၏။ မဟာဝီရာနံ၊ကြီး
သောလုံ့လရှိကုန်သောရဲမက်တော်တို့၏။ ဝီရ-ကရဏ-ဝစနေန၊ထမင်း
သင်အရှင့်အမှုတော်ကို ဖွံ့ဖွံ့စားစား အားထုတ်ကြဟု နန္ဒသေနမတ်
များတန်ခွန် သွန်သင်ဆုံးမသောစကားဖြင့်။ဒမော၊ မမိကိုယ်စိတ်ကို
ဆုံးမခြင်းဟု ဆိုအပ်သောဒမသည်ရင်း။ မနသော၊ စိတ်၏။ အဘိဇ္ဈော၊
သူတပါးတို့သည် ပျက်ဆီးခြင်းဌာ မတတ်နိုင်သော။သမာဓိစ၊မြဲမြံခိုင်
ခန့်သည်ဖြစ်၍ အညီအညွတ်တည်တန့်သောဝီရိယသည်ရင်း။ ကာလိင်
သ၊ကလိင်္ဂမင်း၏။မနုဿ၊ရဲမက်တို့သည်။ဝဂ္ဂါဝဂ္ဂါ၊အစုအစု။ဟုလွှာ၊
ဖြစ်၍။ဩသက္ကံ၊သုယထာ၊ဆုတ်နစ်ကုန်၏ သို့။ဝေတထာ၊ထို့အတူ။ အ
နေသက္ကာနံ၊အသက်မမှတ်၊ရေပြတ်သား ရုပ်၊ မဆုတ်မနစ်ကုန်သော။
တေသံ၊ထိုနန္ဒသေနကွပ်ဆုံးမသောအဿကမင်းရဲမက်ဖော်တို့၏။အ
ဗျဂ္ဂတါအဗျဂ္ဂတါယသမဂ္ဂဘါဝေန၊အစုအစုဖရိဖရဲမဟုတ်ဘဲတလုံးတ
ခဲညီညွတ်သည်၏အဖြစ်ဖြင့်။ ကာလေ၊စစ်ကြီးတွေ့၍မရွေ့မဆုတ်အား
ထုတ်လုံ့လပြုသင့်သောကာလ၌။ နိက္ကမဥ္စ၊ သူ့ဗိုလ်ထုကို ဖျက်၍ထွက်
မြောက်ကြောင်းဖြစ်သော လုံ့လသည်ရင်း။ ဝီရိယဥ္စ၊ တွန့်တိုဆုတ်နစ်
ခြင်းကင်း၍ ခဲတင်းသောသူ၏ အဖြစ်ဘည်းဟူသောဝီရိယသည်ရင်း။
ဒဋ္ဌံ၊သူတပါးတို့မပျက်နိုင်ခိုင်ခန့်မြဲမြံသည်။အဟောသိ၊ဖြစ်ပြီ။ ပုရိသ-ပ
ရက္ကမော၊ယောက်ျားတော်တကာတို့၏အဆင့်ဆင့်သောကျေးဇူးအာ
နိသင်သို့ ရောက်ကြောင်းဖြစ်သော ကောင်းသော လုံ့လသည်လည်း။
ထိရော၊ခိုင်ခန့်တည်တန့်သည်။အဟောသိ၊ဖြစ်လတ်ပြီ။ တေနေဝကာရ
ဏေန၊ပါဒိကြွားမင်းရှုံးလိမ့်မဆိုသော်လည်းထိုဆိုအပ်ပြီးသောဒမော
သမာဓိအစရှိသောအကြောင်းကြောင့်လျှင်။အဿကာနံ၊အဿကမင်း
တို့၏။ဝိဇယော၊ တဘက်ရန်ကိုလွှမ်းမိုးတ်၍ ချက်တဖြုတ်အောင်မြင်ခြင်း
သည်။အာသိ၊ဖြစ်ပေသတည်း။ ။(ပဝိသိတုံတယာဟူ၍ရင်း၊ပဝိသိတုံ
ဘယာဟူ၍ ရင်းရှိသည်ကားပါဠ်ပျက်။ မယာနန္ဒသေနေန,ဟု၊အဋ္ဌက
ထာရှိရကား။မယါ,သင့်သည်။ထိုမင်း၏ကုလဒတ္တိယမယ်တော်ခမည်း

တော်တ္ထုပေးအပ်သောအမည်သည်ကားအရုဏာဖြစ်၍အရုဏာရုဇဿ,
ဟူသည်။မင်းအဖြစ်၌တည်သောကာလတိုင်းအမည်အားဖြင့် အဿက
တွင်ပြန့်ရကားအဿကာနံဟူ,ပြန်သတည်း။ ။ဇိဏ္ဏဗ္ဗေတဿဓာတုဿ
ပရာပုဋ္ဌဿပယောဂေယောအသဟော သောအပေါဒ်နသညောပဟော
တိ၊ဤကဲ့သို့၊ အဿယှသာဟိန်,၌၊ သဟာဓာတ်၏အနက်ကိုမှတ်အပ်၏၊
သည်းခံခြင်းအနက်ကိုမလို။ အဿယှသာဟိန ၌ အသယှံဒုဿဟိတုံသ
မတ္ထာနံ၊ဟူသောအဋ္ဌကထာကိုမြော်၍အနက်ဆိုသည်။ဇိဏ္ဏဗ္ဗေဝတေဘာ
သိကံ, စသောပါဌ်၌ဝယ် အဓိပ္ပါယ်သော်ကား၊ မြတ်သော အကျင့်ကို
ကျင့်၏ဟုဝန်ခံလျက် ရသေ့ပျက်သည် တံပိုးစာယူ၍ မအောင်မည့်သူ
ကိုအောင်လမည်။ အောင်မည့်သူကို ရှုံးလမည်,ဟု၊အလုပ်အကြံဖောက်
မှားအောင်မသားဆိုသည်ဟု ဆဲရေးသည်။ ။ဒေဝါမုသာဝါဒမုပါတိ
ဝတ္တာ,ဝယ် အဓိပ္ပါယ်သော်ကား၊ နတ်တို့သည် မုသာဝါဒကို လွန်ကုန်
သည်။ မုသားမဆိုကုန်သည်ဖြစ်ပါလျက် သင်သိကြွားကား မုသားဆို
ခဲ့သည်ဟုလိုသည်။ ။ပေမတရံ,ဟု၊ဒဏ္ဍဇတ,နှင့်ရှိသည်ကားမသင့်၊က
ဏ္ဍဇ၊က,နှင့်လိုသည်။တံတေမုသါဘါသိတံ,၌၊တံ,သည်ယံကိုငဲ့ရကား။
ယံတယာမယှံဘာသိတံအတ္ထဘဏ္ဍနကမုသာဝါဒကထေနှေ့,ဟုထည့်
ရပြန်သည်။ အလွန်သင့်သက်အပြွက်မရှိသဲကိုဆည့်သည်မဟုတ်။နန္န
တေသုတံဖြာဟွဏာ ဘာညမာနေ,စသည်၌နဲ,ကားပဋိသေခ၊ နှဲ,ကားကိ
သဒ္ဒါကဲ့သို့ပုစ္ဆာဇောတက။တဏ္ဍပစနေ,ကါးပါဌ်သေသ။ဒေဝါနဏ္ဍုဿံ
နှိ့ပုရိသပရက္ကမဿ,ဝယ်အဓိပ္ပါယ်ကား၊ ငါသိကြွားဆိုသော စကား
မြဲစေရမည်ဟုသူ့အလုပ်အကြံကိုမဖျက်။ အလုပ်အကြံအရည်အသွေး
ပယောဂအားဖြင့် ငါသိကြွား၏ စကားကိုပင် ဖျက်ဆီးနိုင်ပေ၏ဟု နှစ်
သက်သည်ပင် တမုံ့,ဟူလိုသည်။ သမာဓိသည်မနသော ခြားလျက် အ
ဘိဇ္ဈောနှင့်အနက်စင်ရကားမနသောအဘိဇ္ဈော အဘိဇ္ဈာသမာဓိ,ဟု၊အဋ္ဌ
ကထာဘွင့်သည်။ ။အဘိဇ္ဈာသမာဓိအညေဟိဘိဇ္ဈတုံ အသမတ္ထာသမာဓိ
တိရတ္တံဟောတိ၊သမာဓိတိအတြွဝီရိယံဝေဒိတဗ္ဗံ,ဟု၊ ဋီကာ၌မြင်၍ ယခင်အ
နက်ကိုယောဇနာသည်။ သမာဓိ,သည်ကေဂ္ဂတာကိုမဟော၊ဤ၌ဝီရိယ
ကိုဟောပါပေသည်ဟုရခေါင်ရဲမြို့ဝသမှတ်ကြပါ။အေကဂ္ဂတာ,၌ပဝိဒ္ဓ
အာရုမ္မဏ် တေသာတိဧကဂ္ဂေါ။ နဧကဂ္ဂေါအဧကဂ္ဂေါ။ အဧကဂ္ဂဿဘာဝေါ
ဧကဂ္ဂတာပြု,၍ ကေဂ္ဂတာသမာဓိကိုမကောက်ရ။နဝဂ္ဂေါ၊အဝဂ္ဂေါ။ အဝဂ္ဂါနံ

ဘာဝေါအဝဠတာ,ဆိုလိုလျက်၊ ရ,အကြွရာလာ၍၊ ဝ,ကို ဗ,ရေး၍၊အဗျဂ္ဂတာ,နေသည်၊ထို့ကြောင့်အဗျဂ္ဂတာယထာကလိင်္ဂဿမန္နဿာဝဂ္ဂဝဂ္ဂါပဟုတ္တာဒြသဏ္ဍ်ိ သုအနေသဏ္ဍာနံသမဂ္ဂဘာဝေန,ဟု၊အဋ္ဌကထာဘွင့်သည်။ အဗျဂ္ဂတာ,နောင်အာဝိကတာကဲ့သို့ ယ,ကျေသည်။တနည်း။ဝိဝိဓာအဂ္ဂါကောဋ္ဌာသာဗျဂ္ဂါ။နဗျဂ္ဂါအဗျဂ္ဂါ,ပြု၍ အဝဂ္ဂနှင့်အဗျဂ္ဂနက်သမသည်။ နိက္ကမ်တိ ဧတေနာတိ နိက္ကမနံ,ပြု၍ ဗိုလ်ထုကို ဖျက်၍ထွက်နိုင်ကြောင်းဝိရိယကိုရသည်။ ဝိဂတော၍ရောစိတ္တသင်္ကောစော ဧတဿာတိဝိရော။ဝိရဿ ဘာဝေါ ဝိရိယံ,ပြု၍ သူတပါးတို့ဖျက်ဆီးခြင်းငါမတတ်နိုင် သံတိုင်ကဲ့သို့မြဲသောစိတ်ရှိရကား တွန့်တိုဆုတ်နစ်ခြင်းကင်း၍ ရဲတင်းသောသူ၏အဖြစ်တည်းဟူသောလုံ့လကိုဝိရိယဟုကောက်စေလို၍၊အဘိဇ္ဈစိတ္တာနံ ဝိရိယံ,ဟု၊အဋ္ဌကထာဘွင့်ဆိုသည်။အဋ္ဌကထါ၌၊ထိရော,ကားဒဠှ၏အဘွင့်တည်း။ဤသို့သောနည်းဖြင့်အဘွင့်အဋ္ဌကထာ,ဋီကာသဒ္ဒါနည်းကို စိစစ်၍ ထပ်ထပ်ဖွဖွ လောက်လောက်လားလားမှတ်သားလောက်အောင်နိဿရည်းနံစာရေးကုန်ရာသည်)။ ။
ရှုဋ္ဌကလိင်္ဂဇာတကံ ပဌမံ။၃၀၁။

---

၃၀၂-မဟာအဿာရောဟဇာတ်။

နတ်နှင့်တကွသောလောကကို ဆုံးမတော်မူတတ်သောသဗ္ဗညုမြတ်စွာဘုရားသည်၊ အဒေယျေသုဒဒန္တာနံ, အစရှိသော ဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော၍မဟာအဿာရောဟဇာတ်ကို၊ ဇေတဝန်ကျောင်းကြီး၌သီတင်းသုံးနေတော်မူစဉ်၊ အသျှင်အာနန္ဒာမထေရ်ကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ထိုအခါအမတ်တို့သည်အမျက်ထွက်၍၊မင်းသားကို၊အရှင်မင်းသား၊မင်းသည်တယောက်သော သူကြွယ်အားထက်ဝက်သော မင်းအဖြစ်ကိုပေး၍ ထိုသူကြွယ်နှင့်တကွစား၏၊သောက်၏၊အိပ်၏၊ သူငယ်တို့ကိုလည်းရှိခိုးစေ၏။ ဤမင်းသည်ပြုအပ်သောအမှုကိုအကျွန်ုပ်တို့သည်မသိပါကုန်။မင်းသည်အသို့ပြုသနည်း၊ အကျွန်ုပ်တို့ကို ရှက်စေသလော၊မင်းအားဆိုပါလော့ဟု ဆိုကုန်၏။ မင်းသားသည်ကောင်းပြီဟုဝန်ခံ၍ထိုအလုံးစုံသောစကားကိုမင်းအားကြား၍၊ မြတ်သောမင်းကြီး၊ဤသို့မပြုလင့်

ဟုဆို၏။ အမောင်၊ငါစစ်ရှုံး၍အဘယ်၌နေသနည်းဟုတပါးသောသူတို့ကိုလည်းထိုအကြောင်းကိုမေးကုန်၏လောဟုဆို၏ မြတ်သောမင်းကြီး၊ မသိကုန်ဟု မင်းသားဆို၏၊ ငါသည်ထိုယောက်ျား၏ အိမ်၌ နေလျက်ရောဂါကင်း၍လာ၍မင်းပြု၏ ဤသို့ငါ့အားကျေးဇူးပြုသောသူအား အဘဲ့ကြောင့် စည်းစိမ်ကိုမပေးအံ့နည်းဟုဆို၍၊အမောင်၊အကြင်သူသည်ပေးအပ်သောသူအားမပေး၊ထိုသူသည်ဘေးရန်သို့ရောက်၍ကျေးဇူးပြုသောသူကိုလည်းမရဟုပြလိုရကား။ ။

(၅၁၂) အ-ဒေယျေသု ဒဒန္တာနံ၊ ဒေယျေသု န ပဝေစ္ဆတိ။
အာပါသု ဗျသနံ ပတ္တော၊ သဟာယံ နာ-ဓိဂစ္ဆတိ။ ။
(၅၁၃) အ-ဒေယျေသု အ-ဒေန္တာနံ၊ ဒေယျေသု ယော ပဝေစ္ဆတိ။
အာပါသု ဗျသနံ ပတ္တော၊ သဟာယ-မဓိဂစ္ဆတိ။ ။
(၅၁၄) သံယောဂ-သမ္ဘောဂ-ဝိသေသ-ဒဿနံ၊
အနရိယ-ဓမ္မေသု သဌေသု နဿတိ။
ကတဉ္စ အရိယေသု အဇ္ဇဝေသု၊
မဟပ္ဖလံ ဟောတိ အနု ပိ တာဒိသု။ ။
(၅၁၅) ယော ပုဗ္ဗေ ကတ-ကလျာဏော၊ အကာ လောကေ သုဒုက္ကရံ။
ပစ္ဆာ ကယိရာ န ဝါ ကယိရာ၊ အစ္စန္တံ ပူဇနာ-ရဟော။ ။

ဟူသော ဤလေးဂါထာတို့ကိုဆို၏။ ။

(၅၁၂-၅၁၅) တာတ၊ချစ်သား။ယော၊အကြင်သူသည်။ဒေယျေသု၊ မိမိအားရှေး၌ပေးကမ်းပေသောသူတို့အား။ဝါ၊ရှေး၌ ကျေးဇူးပြုဘူးပေသောသူတို့အား။နပဝေစ္ဆတိ၊မပေးမကမ်း။ အ-ဒေယျေသု၊မိမိအားရှေး၌မပေးမကမ်းဘူးသောသူတို့အား။ ဝါ၊ရှေး၌ကျေးဇူးမပြုဘူးသောသူတို့အား။ဒဒန္တာနံ၊ ပေးကမ်းတတ်ကုန်သော။ တေသံ၊ထိုသူတို့အား။အာပါသု၊အာပဒါသု၊ဘေးရန်တို့သည်။ ဥပ္ပန္နေသု၊ဖြစ်လတ်ကုန်သည်ရှိသော်။ သော၊ပေးကမ်းသင့်သောသူတို့အား မပေးကမ်း,မပေးကမ်းသင့်သောသူတို့အား ပေးကမ်းတတ်သောထိုသူသည်။ ဗျသနံ၊ ဆင်းရဲဒုက္ခသို့။ ပတ္တော၊ရောက်သည်ရှိသော်။ သဟာယံ၊ အဆွေခင်ပွန်း ကောင်းကို။ နာဓိဂစ္ဆတိ၊မရ။ ။ယော၊အကြင်သူသည်။ ဒေယျေသု၊ မိမိအားရှေးကပေးကမ်းဘူးပေသောသူတို့အား။ဝါ၊ ရှေးကကျေးဇူးပြုဘူးပေသော

သူတို့အား၊ ပဝေစ္ဆတိ၊ ပေး၏။ အ-ဒေယျေသု၊ မိမိအားရှေး၌မပေးကမ်းဘူးသောသူတို့အား။ ဝါ၊ ရှေး၌ကျေးဇူး မပြုဘူးသောသူတို့အား။ အဒေန္တာနံ၊ မပေးမကမ်းကုန်သော။တေသံ၊ထိုသူတို့အား။ အာဝါသုအာပဒါသု၊ ဘေးရန်တို့သည်။ ဥပ္ပန္နေသု၊ဖြစ်လတ်ကုန်သည်ရှိသော်။ သော၊ ပေးကမ်း သင့်သော သူတို့အားပေးကမ်း, မပေးကမ်းသင့်သောသူတို့အားမပေးကမ်းတတ်သောထိုသူသည်။ ဗျသနံ၊ဆင်းရဲဒုက္ခသို့။ပတ္တော၊ရောက်သည်ရှိသော်။သဟာယံ၊ မ,စမည့်သူအဆွေခင်ပွန်းကောင်းကို။ အဓိဂစ္ဆတိ၊ရ၏။ ။အနရိယဓမ္မေသု၊မဖြူစင်သောအကျင့်ရှိကုန်သော။ သဌေသုကေရာဋိကေသု၊ စဉ်းလဲကောက်ကျစ်သောသူတို့၌။ ကတံ၊ ပြုအပ်သော။ သံယောဂ-သမ္ဘောဂ-ဝိဿာသ-ဒဿနံ၊အတူ တကွ ပေါင်းဘော်ခြင်း,အတူတကွ သုံးဆောင်ခြင်း၏ ကျေးဇူးအထူးကိုငါ့အား၌အသုံးချခြင်းသည့်ကောင်းစွာပြုဘူးပေ၏ဟုဘော်ပြခြင်းသည်။နဿတိ၊ပျော်၏။အရိယေသု၊ မိမိအားပြုဘူးသော ကျေးဇူးကို သိ တတ်သ ဖြင့် စင်ကြယ်သော အကျင့်ရှိသည်လည်း ဖြစ်ကုန်ထသော။ အဇ္ဇဝေသု၊ မကော်ကျစ်မစဉ်းလဲဖြောင့်မတ်သည်လည်း ဖြစ်ကုန်ထသော။ တာဒိသု၊ ထိုသို့သဘောရှိသောသူတို့၌။ ကတဉ္စ၊ပြုအပ်သောကျေးဇူးသည်ကား။ အဏုံပိ၊အနည်းငယ်ပင်ဖြစ်သော်လည်း။မဟပ္ဖလံ၊ကြီးမြတ်သော အကျိုးရှိသည်။ဟောတိ၊ဖြစ်၏။ ။ယော၊အကြင်သူသည်။ပုဗ္ဗေ၊လက်ဦး၌။ကတကလျာဏော၊ကောင်းမြတ်သောကျေးဇူးကိုပြုဘူးပေသည်။ ဟောတိ၊ဖြစ်၏။လောကေ၊လူ့ရွာ၌။ သုဒုက္ကရံ၊အလွန်ပြုနိုင်ခဲသောအမှုကို။အကာ အကာသိ၊ပြုဘူးပေ၏။သော၊ထိုသူသည်။ ပစ္ဆာ၊ နောက်ကာလ၌။ ကယိရာဝါ၊တဘန်ထပ်၍ကျေးဇူးပြုသည်မှုလည်းဖြစ်စေ။ နကယိရာဝါ၊ တဘန်ထပ်၍ကျေးဇူး မပြုသည် မှုလည်းဖြစ်စေ၊ တေနေဝ၊ ထိုပဌမလက်ဦးပြုဘူးသောကျေးဇူးဖြင့်ပင်လျှင်။ အစ္စန္တံ၊စင်စစ်။ပူဇနာရဟော၊ အလုံးစုံသောပူဇော်သက္ကာရကိုခံထိုက်လှပေပြီ။ ။သဌကေတဝေ၊ဟိံသာသံကိလေသသုစ။ သဌတိ။ သဌော၊သဌောတိကေရာဋိကော,ဟု သဒ္ဒနီတိမုဒ္ဒဇ-ဌကာရန္တခဏ်ဝယ်လာရှိ ရကား ၊သဌေသု,လိုသည်။ဒန္တဇ-ထ,နှင့်မလို)။ ။မဟာအဿာရောဟဇာတကံ ဒုတိယံ။၃၀၂။

## ၃၀၃-ကေရာဇဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သောသဗ္ဗညုမြတ်စွာဘုရားသည်၊ အနုတ္တရေကာမဂုဏေသမ်ဗွေ့,အစရှိသောဂါထာဖြင့် တန်းဆာဆင်အပ်သော ဤကေရာဇဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ မထင်ရှားသော၊ကောသလမင်းကို ခစားသောအမတ်ကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ကေရာဇဇာတ်၌ကားဒုဏ္ဏိသေနမင်းသည်မြတ်သောပြာသာဒ် ဖြင်ဝယ်အမတ်တို့၏အလယ်၌နေသောဗါရာဏသီမင်းကိုနှောင်ဖွဲ့၍ဆိုင်း၌ထည့်စေ၍၊မြေခံတံခါးခုံ၌ဦးစောက်ဆွဲစေ၏။ ဗာရာဏသီမင်းသည် ခိုးသူမင်းကို အခုံပြုလျက်မေတ္တာကိုပွါးစေ၍ ကသိုဏ်းပရိကံကိုပြု၍ ဈာန်ကိုဖြစ်စေ၏။ ထိုခဏ အနှောင်အဖွဲ့ပြတ်၍ မြတ်သောမင်းသည် ကောင်းကင်အပြင်၌ထက်ဝယ်ပလ္လင်ဖြင့်နေ၏။ခိုးသူမင်း၏ကိုယ်၌ပူခြင်းသည်ဖြစ်၏။ ပူ၏ပူ၏ဟုမြေ၌ထိုမှဤမှလူးလဲ၍ အဘယ်အမှုတို့နည်းဟု ဆိုလတ်သော်၊မြတ်သောမင်းကြီး၊ သင်မင်းကြီးတို့သည်ဤသို့သဘောရှိသောတရားစောင့်သောမင်းကိုမြေခံတံခါးခုံ၌ ဦးစောက်ဆွဲကုန်၏ ဟုဆိုကြကုန်၏။ထိုသို့တပြီးကားလျင်စွာသွား၍ လွှတ်ကြကုန်ဟုဆို၏။ မင်းချင်းယောကျ်ားတို့သည်သွား၍ ကောင်းကင်၌ထက်ဝယ်ဖွဲ့၍ဖြင့် နေသော ဗာရာဏသီ မင်းကိုမြင်လတ်၍လာ၍ ဒုဏ္ဏိသေနမင်းအားကြားလျှောက်ကုန်၏။ဒုဏ္ဏိသေနမင်းသည်လျင်မြန်စွာသွား၍ဗာရာဏသီမင်းကို ရှိခိုး၍ကန့်တော့အံ့သော၄ါ။ ။

(၅၁၄) အနုတ္တရေ ကာမဂုဏေ သမိဒ္ဓေ၊ဘုတွာန ပုဗ္ဗေ ဝသီ ကေရာဇ။
သော.ဒါနိ ဒုဂ္ဂေ နရကမှိ ခိတ္တော၊န.ပ္ပဇ္ဇဟေ ဝဏ္ဏ-ဗလံ ပုရာဏံ။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၅၁၆) ကေရာဇ၊ ကေရာဇ်မင်း။ တွံ၊အသျှင်မင်းမြတ်သည်။အနုတ္တရေ၊မိမိထက်အလွန်မရှိမြတ်ကုန်သော။သမိဒ္ဓေ၊ပြည့်စုံကုန်သော။ ကာမဂုဏေ၊ကာမဂုဏ်တို့ကို။ဘုတွာန၊ခံစား၍။ ဝသိ၊စံနေတော်မူ၏။အသော တွံ၊ထိုအသျှင်မင်းမြတ်သည်။ ဣဒါနိ၊ယခုအခါ၌။ ဒုဂ္ဂေပိသမေ၊ မညီမညွတ်သော။နရကမှိ၊နရက်ငရဲနှင့်တူသောတံခါးခုံအောက်၌။ ခိတ္တော၊ပစ်ချဆွဲထားအပ်လျက်။ပုရာဏံ၊ရှေး၌ဖြစ်သော။ဝဏ္ဏ-ဗလံ၊ရုပ်အဆင်းသော

ကြေးမုံအပြင်သို့ကြည်လင်သောအဆင်း,သူတော်ကောင်းတို့၏ခန္တီဥာဏဝီရိယဗလကို။နပ္ပဋ္ဌဟော၊အဘဲ့ကြောင့်မစွန့်သနည်း။ ။

နိုးသူမင်းဆိုသားထိုစကားကိုကြား၍၊ဘုရားလောင်းသည်။ ။

(၅၁၇)ပုဗ္ဗေ·ဝ ခန္တိစတပေါ စ မယှံ၊သံပတ္ထိတာ ဒုဇ္ဇ^ိသေန အဟောါ သိ။
တံ·ဒါနိ လဒ္ဓါန ကထံ နု ရာဇ၊ဇဟေအဟံ ဝဏ္ဏ-ဗလံ ပုရာဏံ။ ။

(၅၁၈) သဗ္ဗာ ကိရေ·ဝံ ပရိနိဋ္ဌိတာနိ၊ယသဿိနံ ပညဝန္တံ ဝိသယှ။
ယသော စ လဒ္ဓါ·ပုရိမံ ဥဠာရံ၊နပ္ပ·ဋ္ဌဟော ဝဏ္ဏ-ဗလံ ပုရာဏံ။ ။

(၅၁၉) ပနုဇ္ဇ ဒုက္ခေန သုခံ ဇနိန္ဒ၊သုခေန ဝါ ဒုက္ခ·မသယှသာဟိ။
ဥဘယတ္ထ သန္တော အဘိနိဗ္ဗုတ·တ္တာ၊
သုခေ စ ဒုက္ခေ စ ဘဝန္တိ တုလျာ။ ။

ဟူသော၍သုံးဂါထာတို့ကိုဆို၏။ ။

(၅၁၇-၅၁၉) ဒုဇ္ဇ^ိသေန၊ဒုဇ္ဇ^ိသေနမင်း။ ပုဗ္ဗေဝ၊ရှေးမဆွကလျှင်။ မယှံ၊ငါသည်။ ခန္တိ စ၊မျက်မာန်ချုပ်တည်း သည်းခံခြင်းကိုရင်း။တပေါ စ၊မြိုးခြံသောအကျင့်ကိုရင်း။ သံပတ္ထိတာ၊အလွန်တောင့်တအပ်သည်။ အဟောသိ၊ဖြစ်ပြီ။ ရာဇ၊ဒုဇ္ဇ^ိသေနမင်း။ ဣဒါနိ၊ယခုအခါ၌။ တံပတ္ထနံ၊ ထိုတောင့်တ အပ်သော သည်းခံခြင်းမြိုး ခြံသော အကျင့်ကို။ လဒ္ဓါန၊ ရ၍။ ပုရာဏံ၊ရှေး၌ဖြစ်သော။ ဝဏ္ဏ-ဗလံ၊ပွတ်သစ်သောကြေးမုံ အပြင်သို့ကြည်လင်သောအဆင်း,သူတော်ကောင်းတို့၏ ခန္တိဥာဏဝီရိယဗလကို။ကထံနု၊ အဘယ်အကြောင်းကြောင့်လျှင်။ အဟံ၊ငါသည်။ ဇဟေ ဇဟေယျံ၊စွန့်ရအံ့နည်း။ ။(အကြင်သူအားဒုက္ခဒေါမနဿသည်ဖြစ်၏။ ထိုသူသည်သာလျှင်ဝဏ္ဏနှင့်ဗလကိုစွန့်ရရာ၏ဟုပြသတည်း)။ ။သဗ္ဗာ သဗ္ဗာနိ၊ကုန်အောင်ရုံပြုဘွယ်ကိစ္စဒါနသီလဘာဝနာအမှုတို့ကို။ ဧဝံ၊ဤသို့ ရှေးလက်ဦးမဆွကလျှင်။ ပရိနိဋ္ဌိတာနိကိရ၊ ပြီးသည်သာလျှင် ဖြစ်ကုန်သတတ်။ ယသဿိ၊ များမြတ်သော အခြံအရံရှိသော။ ပညဝန္တံ၊ ပညာရှိသော။ဝိသယှ၊နှိပ်နင်းခြင်းငှာခဲယဉ်းသော ဆန့်ကျင်ဘက်ကိုနှိပ်နင်း နိုင်သော။ဝါ၊သည်းခံခြင်းငှာခဲယဉ်းသောဆန့်ကျင်ဘက်ကိုသည်းခံနိုင် သောမင်းကြီး။အပုရိမံပုဗ္ဗေအလဒ္ဓပုဗ္ဗံ၊ရှေး၌မရစဘူးသော။ဥဠာရံ၊ကြီး မြတ်ပြန့်ပြောသော။ ယသော ယသံ၊ ကိလေသာကိုဆွဲခြင်းငှာ ပွမ်းနိုင် သောမေတ္တာဘာဝနာကိုအမှီပြု၍ရောက်အပ်သောဈာန်သမာပတ်စည်း စိမ်ကို။ လဒ္ဓါ စ၊ ရပြီး၍သော်တမူကား။ ပုရာဏံ၊ရှေး၌ဖြစ်သော။ဝဏ္ဏ-ဗ

လံ၊အဆင်းအားကို။ ကိ ကာရဏာ၊အဘယ်ဒဲ့ကြောင်းကြောင့်။အပဟံ၊ ငါသည်။ ဇဟိဿာမိ၊စွန့်ရအံ့နည်း။ (ကိံ ကာရဏာဇဟိဿာမိ,ကား ထည့်သည်)။နပ္ပဇ္ဇဟေနပ္ပဇ္ဇဟေဝေ၊ငါ၊မစွန့်သည်သာတည်း။ ။ဇ နိန္နူ၊ လူတို့ကို အစိုးရသောဒုဿိသေနမင်း။ ဒုက္ခေန၊ သင်သည်ဖြစ်စေအပ် သော နရကဒိပနဒုက္ခဖြင့်။သုခံ၊ငါ၏မင်းချမ်းသာကို။ ပနူဇ္ဇ၊ပယ်ရှား၍။ သုခေနဝါ၊ချမ်းချမ်းသာဖြင့်မူလည်း။ဒုက္ခံ၊ထို သင်ဖြစ်စေအပ်သောဒုက္ခ ကို။ပနူဇ္ဇ၊ပယ်ရှား၍။အသယှသာဟိ၊သူတပါးတို့ သည်းခံနိုင်ခက်သော ခဲယဉ်းသောအမှုကို ငါသည်းခံ၏။ မာဒိသာ၊ငါကဲ့သို့ သဘောရှိကုန် သော။ယေသန္တော၊အကြင်သူတော်ကောင်းတို့သည်။ဟောန္တိ၊ထင်ရှား ရှိကုန်၏။ တေသန္တော၊ ထိုငါကဲ့သို့သဘောရှိသော သူတော်ကောင်းတို့ သည်။ ဥဘယတ္ထ၊နှစ်ပါးပုံသောသုခဒုက္ခအဘို့တို့၌။အဘိနိဗ္ဗုတတ္တာ၊အ လွန်ငြိမ်းအေးသောသဘောရှိကုန်သည်ဖြစ်၍။ဝါ၊ဥဒါသိနဟု၊ချိန်နှယ်သမျှ၊ မေတ္တာဖြင့်အလွန်ငြိမ်းအေးသောသဘောရှိကုန်သည်ဖြစ်၍။ သုခေစ၊သုခ ၌ရှင်း။ဒုက္ခေစ၊ဒုက္ခ၌ရှင်း။တုလျာ၊လေးတူတင်သော ချိန်ခွင်သို့တက် တင်မရှိကေသဒိသန္နိဗ္ဗာကာရသဘောရှိကုန်သည်။ဘဝန္တိ၊ဖြစ်ကုန်၏။ ။ (ဇဟေ,၌ဧယျံဝိဘတ်ကို ဧ,ရေးသည်။ ထို့ကြောင့် အဟံဇဟေယျံ,ဟု၊ အဓိပ္ပါယ်ဘွင့်သည် ။ယသာသိ,ပညဝန္တံ,ဝိသယှ,သုံးပုဒ်ကား။တိကဏ်ဝိ ပေတာနိအါလပနာနေဝ,ဟူရကားအာလုပ်ပုဒ်ချည်းတည်း။အာလုပ်ဖြစ် သောကြောင့်၊ယသသိ,ဟု၊ရဿနှင့်နေသည်။ နန္တိပနေဓူ နိပါတော, ဟူရကားနံ,ကားအနက်မရှိနိပါတ်ပုဒ်တည်း။ဗျဉ္ဇနသိလိဋ္ဌတာဝသေန နန္တိ ကာရဿသာနူနာသိကတာပစ္စတဗ္ဗာ, ဟူရကား။ ပညဝန္တံ,လိုလျက် သဒ္ဒါပြေပြစ်သည်၏အဖြစ်တည်းဟူသော အစွမ်းဖြင့် နိဂ္ဂဟိတ်လာ၍၊ ပညဝန္တံ.နေသည်။ဝိရုဠှံသယှဝိသယှ,ပြု၍ဤ၌သဟခါတ်၏အဘိဘဝန အနက်,ခမနအနက်,နှစ်ချက်သင့်သည်။ ကဿပဿဝစေသုတ္တာ,၌ကဲ့ သို့၊ဿဿစေ, သုတ်စကြိုဟ်ဖြင့်အံဝိဘတ်ကိုဿ,ရေးသည်။ထို့ကြောင့်၊ ယသဿ၊ အယသံမေဝဝါပါဒေ့ာ,ဟု၊ အဓိပ္ပါယ်ထာဘွင့်သော။ လဒ္ဓါပုရိမံ၌ အာ,နောင်အ,ကျေသည်။ ထို့ကြောင့်၊ အပုရိမန္တိပုဗ္ဗေအလဒ္ဓပုဗ္ဗံ,ဟု၊ အဓိပ္ပါယ်ထာဘွင့်သည်။ အပုရိမံ,ဥဇ္ဇာရံ,ဤနှစ်ပုဒ်ကားယသံ၏ ဝိသေသန တည်း။ထို့ကြောင့်၊နပ္ပဇ္ဇဟေတိဇဝေရူပံယသံလဒ္ဓါ,ဟု၊ အဓိပ္ပါယ်ထာဘွင့် သည်။ကိလေသဝိက္ခမ္ဘနမေတ္တာဘာဝနာဗျာ နိပ္ပတ္တိယောသန္တာယော

မဟာ ဟူသော အဋ္ဌကထာကို မြင်၍ ယခင်အနက်ကို ဟောခဲ့သည်။ ဝိဂ္ဂဟာရကာပုရာဏံ ဝဍ္ဎူဗလံ ဖဟိဿာမိတိ အဋ္ဌေသာ, ဟူသော အဋ္ဌကထာကို မြင်၍ ပါဌသေသကို ဘော်ခဲ့သည်။ ပါဌသေသ ပေါ်သော ကြောင့် ပင်နပ္ပုဒ္ဓ ဟောနပ္ပန္ဓ ဟောမေ, ဟူသော ဝဓာရဏအဋ္ဌသည် ပါက ဋတရဖြစ်သတည်း။ အဘိနိဗ္ဗုတော အတ္တာ သဘာဝေါ ဇောတသမ္ဘ အဘိနိဗ္ဗုတတ္တာ, ပြု၍ အတ္တာ, ကား သဘာဝ အနက်ကို ဟောသည်။ ထို့ ကြောင့် အဘိနိဗ္ဗုတသဘာဝေါ, ဟု အဋ္ဌကထာဖွင့်သည်။ ငြိမ်းဧးသော သဘော ရှိသည်လည်း သုခဒုက္ခအပင်းအသင်းသို့ မကျ မဖွားတတ်သဘော ကြောင့်ဟု ပြခြင်းငှါ မဖွားတတ်ဆင့် ပြန်သည်။ တုလျာ, ကား သဒိသအနက်ကို ဟောသည်။ ထူးဆန်းကာသာ မဟုတ်၊ တခုထည်းကဲ့သို့ တူသည်ဟု ပြခြင်းငှါ၊ တုလျာတိ ဧကသဒိသာ, ဖွင့်သည်။ တခုထည်းကဲ့သို့ တူသည် လည်း ဒုက္ခ၌ပဋိဃာ၊ သုခ၌ အနုနယ, ဟု ဝိကာရ ဘောက်ပြန်ခြင်း ကင်း သည်ဟု လိုရကား၊ နိဗ္ဗိကာရာ ဟောန္တိ, ဟူသည်)။ ။ဧကရာဇဇာတ ကာ တတိယံ။ ၃၀၃။

———⋙⋞———

## ၃၀၄-ဒဒ္ဒရဇာတ်။

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ် စွာဘုရားသည်၊ ဣမာနိမံ, အစရှိသော ဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ် သော ဤဒဒ္ဒရဇာတ်ကို၊ ဇေတဝန်ကျောင်းကြီး၌ သီတင်းသုံးနေတော်မူ စဉ်၊ တပါးသော အမျက်ထွက်တတ်သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ။

နဂါးညီနောင်နှစ်ယောက်တို့သည်။ ဗာရာဏသီပြည်မင်း စွန့်ရာမြေ အတိုင်းကို သွား၍ နေရကုန်၏။ ထိုအခါ၊ မင်းစွန့်ရာမြေဝယ် ရေနား၌ အစာ ရှာကုန်သော ထိုနဂါးတို့ကို ရွာသူရွာသားသူငယ်တို့သည် မြင်ကုန်၍ ပုဆိုးခတ်လိုကုန်ရကား၊ ခဲလုံးတန်တို့ကို ပစ်ကုန်၏။ အချင်းတို့၊ ဘားစိမ်းစား ဖြစ်ကုန်သော ဤရေမြွေတို့သည် ဦးခေါင်းကြီးကုန်၏။ အပ်နှင့်တူသော အ မြီးရှိကုန်၏။ ဤသို့ အစရှိသော စကားတို့ကို ဆို၍ ဆဲရေးကုန်၏။ ရှုဍ္ဎဒဒ္ဒရ နဂါးသည် ကြမ်းကြုတ်သည်၏ အဖြစ်ကြောင့်၊ ထိုသူငယ်တို့၏ မထေမဲ့ မြင်ပြုခြင်းကိုလည်း မခံနိုင်သည်ဖြစ်၍ အပ်ကိုယ်၊ ဤသူငယ်တို့သည် ငါ

တို့ကိုပုတ်ခတ်ကုန်၏။ ငါတို့၏လျှင်သောအဆိပ်နှင့်သည်၏အဖြစ်ကိုမသိကြကုန်။ ငါသည် ထိုသူငယ်တို့၏မထေမဲ့မြင်ပြုသည်ကို သည်းခံခြင်းငှါမတတ်နိုင်။ ထိုသူငယ်တို့ကို နှာခေါင်းလေဖြင့်ပျက်စီးစေအံ့ဟု အစ်ကိုယ်နှင့်တကွပြောဟောလိုရကား။ ။

(၅၂၀) ဇုမာနိမံ ဒဒ္ဒရ တာပယန္တိ၊
ဝါစာ-ဒုရုတ္တာနိ မနုဿ-လောကေ။
မဏ္ဍူက-ဘက္ခာ ဥဒကန္တ သေဝီ၊
အာသီဝိသံ မံ အ-ဝိသာ သပန္တိ။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၅၂၀) ဘာတိကဒဒ္ဒရ၊အစ်ကိုယ်ကြီးဒဒ္ဒရ။မနုဿလောကေ၊လူ့ပြည်၌။ဇုမာနိဝါစာဒုရုတ္တာနိ၊ ဤမကောင်းသဖြင့်ဆိုဆဲအပ်သောစကားတို့သည်။မံ၊ငါ့ကို။တာပယန္တိဒုက္ခာပေန္တိ၊ဆင်းရဲစေကုန်၏။ အ-ဝိသာ၊အဆိပ်မရှိသော ရွာသူသားငယ်တို့သည်။ အာသီဝိသံ၊လျှင်သောအဆိပ်ရှိသော။မံ၊ငါ့ကို။မဏ္ဍူကဘက္ခာ၊ဘားစိမ်းစားဟူ၍၎င်း။ဥဒကန္တသေဝီ၊ရေနားကမ်းစပ်မှီဝဲကုန်သောရေမြွေတို့ဟူ၍၎င်း။ ဝဒန္တာ၊ဆိုကုန်လျက်။သပန္တိ အက္ကောသန္တိ၊ဆဲရေးကုန်၏။ ။

ထိုရှူ၍ဒဒ္ဒရနဂါး၏စကားကိုကြား၍နောင်တော်မဟာဒဒ္ဒရနဂါးသည်။

(၅၂၁) သကာ ရဋ္ဌာ ပဗ္ဗာဇိတော၊အညံ့ ဇနပဒံ ဂတော။
မဟန္တံ ကောဋ္ဌံ ကယိရာထ၊ဒုရုတ္တာနံ နိဓေတဝေ။ ။

(၅၂၂) ယတ္ထ ပေါသံ န ဇာနန္တိ၊ဇာတိယာ ဝိနယေန ဝါ။
န တတ္ထ မာနံ ကယိရာထ၊ဝသံ-မညာတကေ ဇနေ။ ။

(၅၂၃) ဝိဒေသ-ဝါသံ ဝသတော၊ဇာတဝေဒ-သမေနပိ။
ခမိတဗ္ဗံ သပညေန၊အပိ ဒါသဿ တဇ္ဇိတံ။ ။

ဟူသောဤသုံးဂါထာတို့ကိုဆို၏။ ။

(၅၂၁-၅၂၃) ကနိဋ္ဌ၊ညီငယ်ဒဒ္ဒရ။သကာ ရဋ္ဌာ၊မိမိတိုင်းမှ။ပဗ္ဗာဇိတော၊နှင်ထုတ်အပ်သည်ဖြစ်၍။ အညံ့ဇနပဒံ၊ တပါးသောဇနပုဒ်သို့။ဂတော၊ရောက်ရသောသူသည်။ ဒုရုတ္တာနံ၊မကောင်းသဖြင့်ဆိုအပ်သောစကားတို့ကို။ နိဓေတဝေ၊နှလုံးတိုက်ထဲ အမြဲသိုထားခြင်းငှါ။ မဟန္တံ၊ကြီးစွာသော။ကောဋ္ဌံ၊ကျီကြသဘွယ်ဖြစ်သောသတိပညာသမာဓိခန္တီဝသောနှလုံးတိုက်ခမ်းကို။ကယိရာထ၊ပြုရာ၏။ ။ယတ္ထ၊အကြင်အရပ်

၌။ပေါသံ၊ယောကျ်ားကို။ဇာတိယာဝါ၊အမျိုးအားဖြင့်ရင်း။ဝိနယေနဝါ၊ သီလသံယမဗဟုသုတ စသော အားဖြင့်ရင်း။ နဇာနန္တိ၊ အစဉ်းမသိ ကုန်။ တတ္ထ၊ထိုအစဉ်းမသိသောအရပ်၌။ မာနံ၊ဇာတိပညာဂုဏ်မာနကို။ နကယိရာထ၊မပြုရာ။ အညာတကေဇနေ၊မိမိ၏ဇာတိဂေါတ္တ စသည်အ ထူးဂုဏ်ကျေးဇူးကိုမသိသောသူ့အထံ၌။ ဝသံဝသန္တော၊ နေသောသူ သည်။ခမေယျ၊မျက်မာန်ချုပ်တည်းသည်းခံရာ၏။ ။ဝိဒေသဝါသံ၊အ ရပ်တပါး၌နေခြင်းကို။ဝသတောဝသတာ၊နေရသော။သပညေန၊ပညာ ရှိသောသူသည်။ဒါသဿအပိ၊ကျွန်၏လည်း။ ဇာတဝေဒဘယေနပိ၊မီး ဘေးဖြင့်လည်း။ တဇ္ဇိတံ၊ခြိမ်းခြောက်ခြင်းကို။ခမိတဗ္ဗံ၊သည်းခံရာ၏။ ။ (ဝသတော,ကားတတိယာအနက်၌၊ဆဋ္ဌီ,သက်သည်။ဝသတောတိဝသ တာ။အယမေဝဝါပါဌော။ ။အဋ္ဌကထာ)။ ။ဒုဒ္ဒရဇာတကံစတုတ္ထံ။၃၀၄။

၃၀၅-သီလဝီမံသနဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ် စွာဘုရားသည်၊ နတ္ထိလောကေရဟောနာမ,အစရှိသော ဂါထာပုဒ်ဖြင့် တန်းဆာ ဆင်အပ်သော၊ ဤသီလဝီမံသန ဇာတ်ကို၊ ဇေတဝန်ကျောင်း ကြီး၌သီတင်းသုံးနေတော်မူစဉ်၊ကိလေသာကိုနှိပ်ခြင်းကို အကြောင်းပြု ၍ဟောတော်မူ၏။ ။

ထိုအခါဘုရားလောင်းကိုဆရာသည်၊ အမောင်၊ သင်သည်ကားတ ရံတခါသော ပတ်စား တန်းဆာကို မဆောင်ခဲ့ လောဟုဆို၏။ဆရာ၊ မ ဆောင်ခဲ့ဟုဆို၏။ အမောင်၊အဘယ့်ကြောင့် မဆောင်ခဲ့သနည်းဟုမေး၏။ ဆရာ၊သင်တို့သည် တရံတယောက်သောသူ၏ မြင်စဉ်၊ ဆောင်ယူခဲ့ သောဝတ်စားတန်းဆာကိုမယူကုန်။ကျွန်ုပ်သည်ကား မကောင်းမှုကိုပြု ခြင်း၌ဆိတ်ကွယ်ရာမည်သည်ကိုမမြင်၊ထို့ကြောင့်မဆောင်ယူခဲ့ဟု ပြ လိုရကား။ ။

(၅၂၄) နတ္ထိ လောကေ ရဟော နာမ၊ပါပ-ကမ္မံ ပကုဗ္ဗတော။
ပဿန္တိ ဝန-ဘူတာနိ၊ တံ ဗာလော မညတေ ရဟော။ ။

(၅၂၅) အဟံ ရဟော န ပဿာမိ၊သုညံ ဝါ ပိ န ဝိဇ္ဇတိ။
ယတ္ထ သုညံ န ပဿာမိ၊အ-သုညံ ဟောတိ တံ မယာ။ ။

ဟူသောဤနှစ်ဂါထာတို့ကိုဆို၏။ ။

(၅၂၄-၅၂၅) အာစရိယ၊ဆရာ။ လောကေ၊လူ့ပြည်၌။ ပါပ-ကမ္မံ၊မကောင်းမှုကို။ ပကုဗ္ဗတော၊ပြုသောသူအား။ရဟောနာမ၊ဆိတ်ကွယ်ရာအရပ်မည်သည်။ နတ္ထိ၊မရှိ။ဝန-ဘူတာနိ၊တော၌ဖြစ်သောနတ်တို့သည်။ ပဿန္တိ၊မြင်ကုန်၏။တံပါပကမ္မံ၊ထိုမကောင်းမှုကို။ ဗာလော၊ သူမိုက်သည်။ရဟော၊ဆိတ်ကွယ်ရာအရပ်၌။မယာ၊ငါသည်။ကတံ၊ပြုအပ်၏ဟူ၍။မညတေ၊အောက်မေ့၏။ ။အဟံ၊ငါသည်။ရဟော၊ဆိတ်ကွယ်ရာအရပ်ကို။နပဿာမိ၊မမြင်။ ယတ္ထ၊အကြင်အရပ်၌။ သုညံ၊ သတ္တဝါတို့မှဆိတ်သည်။ဘဝေယျ၊ဖြစ်ရာ၏။ တံသုညံ့ဝါပိ၊ထိုသတ္တဝါတို့မှဆိတ်ရာအရပ်သည်လည်း။နဝိဇ္ဇတိ၊လောက၌မရှိ။ တသ္မာ၊ထိုသို့မရှိသောကြောင့်။သုညံ၊သတ္တဝါတို့မှဆိတ်ရာအရပ်ကို။ နပဿာမိ၊မမြင်။မယာ၊ငါသည်။ကတံ၊ပြုအပ်သော၊ တံပါပံ၊ထိုမကောင်းမှုသည်။အ-သုညံ၊မဆိတ်သည်။ဟောတိ၊ဖြစ်၏။ ။ဆရာသည်ဘုရားလောင်းအားကြည်ညို၍၊အမောင်၊ငါ့အိမ်၌ဥစ္စာမရှိသည်မဟုတ်၊ငါသည်ကားသီလနှင့်ပြည့်စုံသောသူအား သမီးကိုပေးအံ့ဟူ၍ လုလင်တို့ကိုစုံစမ်းလိုရကား၍သို့ပြု၏။သင့်အားငါ့သမီးသည်လျော်၏ဟုသမီးကိုတန်းဆာဆင်၍ဘုရားလောင်းအားပေး၏။ကြွင်းသောလုလင်တို့ကိုသင်တို့သည် ဆောင်ခဲ့တိုင်းဆောင်ခဲ့တိုင်းသောအဝတ်တန်းဆာကိုသင်တို့၏အိမ်သို့လျှင်ဆောင်ကြကုန်ဟုဆို၏။ ။

သမ္ဗုဒ္ဓမြတ်စွာဘုရားသည်၊ရဟန်းတို့၊ထိုသီလမရှိကုန်သောလုလင်တို့သည်မိမိတို့၏သီလမရှိသည်၏ အဖြစ်ကြောင့် ထိုမိန်းမကိုမရကုန်။ ပညာရှိသော လုလင်သည်ကား သီလနှင့်ပြည့်စုံသည်၏အဖြစ်ကြောင့် ရ၏ဟုမိန့်တော်မူ၍ဘုရားဖြစ်၍။ ။

(၅၂၆) ဒုဇ္ဇစ္စော စ သုဇစ္စော စ၊နန္ဒော စ သုခ ဝဍ္ဎိတော။
ဝဇ္ဇော စ အဒ္ဓုဝ သီလော စ၊တေ ဓမ္မံ ဇဟု-မတ္ထိကာ။ ။
(၅၂၇) ဗြာဟ္မဏော စ ကထံ ဇဟေ၊သဗ္ဗ-ဓမ္မာန ပါရဂူ။
ယော ဓမ္မံ အနုပါလေတိ၊ဓိတိမာ သစ္စ-နိက္ကမော။ ။

ဟူသောဤနှစ်ဂါထာတို့ကိုဟောတော်မူ၏။ ။

(၅၂၆-၅၂၇) ဒုဇ္ဇစ္စော စ၊ဒုဇ္ဇစ္စလုလင်ရင်း။သုဇစ္စော စ၊သုဇစ္စလုလင်ရင်း။နန္ဒော စ၊ နန္ဒလုလင်ရင်း။ သုခဝဍ္ဎိတော၊ သုခဝဍ္ဎိတလုလင်ရင်း။ ဝဇ္ဇော စ၊ဝဇ္ဇလုလင်ရင်း။အဒ္ဓု၊ထိုမှ။ သီလော စ၊သီလလုလင်ရင်း။တေ၊

ထိုဒုဗ္ဗစသားတပည့်ကြီး ခြောက်ယောက်တို့နှင့်တကွ ကုန်အောင်ရုံသောတပည့်လုလင်တို့သည်။ အဇ္ဈိကာ၊ မိန်းမကို အလိုရှိကုန်လျက်။ ဒုဿီလတာယ၊မိမိတို့သီလမရှိသည့်အဖြစ်ကြောင့်။ ခမ္ဘိ၊မိန်းမကိုရခြင်းသဘောကို။ဇဟုံ၊ စွန့်ရကုန်၏။ ။ယောဖြာဟ္မဏော၊အကြင်ပုဏ္ဏားသည်။ သဗ္ဗ-ဓမ္မာနံ၊ ခပ်သိမ်းကုန်သောပဉ္စသီ, ဒသသီ,သုံးပါးသော သုစရိုက်တရားတို့၏။ပါရဂူ၊ ကမ်းတဘက်သို့ရောက်သည်ဖြစ်၍။ခမ္ဘိ၊ဆိုအပ်ပြီးသော အပြားရှိသော ပဉ္စသီ,ဒသသီ,သုစရိုက်တရားကို။အနုပါလေတိ၊စောင့်၏။ဓိတိမါ၊သီလကိုစောင့်ခြင်း၌တည်ကြည်သောသမာဓိရှိ၏။သစ္စနိက္ကမော၊အဟုတ်အမှန် သီလကိုစောင့်သော လုံ့လနှင့်ပြည့်စုံ၏။ သော ဖြာဟ္မဏော၊ ထိုပုဏ္ဏားသည်ကား။ကထံ၊အဘယ်သို့သောအကြောင်းဖြင့်။တံခမ္ဘိ၊ထိုမိန်းမကိုရခြင်းသဘောကို။ ဇဟော၊ စွန့်လတ္တံ့နည်း။ ။

(ဒုဗ္ဗစွော,စသည်တို့ကားတပည့်အပေါင်းတို့တွင်အကြီးဖြစ်သောခြောက်ယောက်သောလုလင်တို့ကိုအမည်သရုပ်အားဖြင့်ဘော်ထုတ်၍ဆိုသောစကားတည်း။ခြောက်ယောက်မှကြွင်းသောလုလင်တို့၏အမည်ကိုမယူမူ၍ကုန်အောင်ရုံကိုသဂြိုဟ်သည်၏အစွမ်းအားဖြင့် တေခမ္ဘိဇဟုမဇ္ဈိကာ,ဟုသတည်း။ ထိုကြောင့်၊တေ,ဖြင့်ဒုဗ္ဗစွစသောအကြီးခြောက်ယောက်ကိုသာ မဆွဲမူ၍ အကြီးခြောက်ယောက်နှင့်တကွ တပည့်လုလင် ကုန်အောင်ရုံကိုဆွဲသတည်း)။ ။သီလဝိမံသနဇာတကံ ပဉ္စမံ။၃၀၅။

---

## ၃၀၆-သုဇာတာဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ကိမဏ္ဍကာနိမေ,အစရှိသော ဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော၍သုဇါတာဇာတ်ကို၊ဇေတဝန်ကျောင်းကြီး၌သီတင်းသုံးနေတော်မူစဉ်၊မလ္လိကာမိဘုရားကြီးကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ထိုအခါ တနေ့သဉ် မင်းသည် ရွှေခွက်၌ထည့်၍ ဆီးသီးတို့ကိုစားလျက်နေ၏။ထိုအခါသုဇာတာမိဘုရားသည်မင်းကြီး ဆီးသီးစားသည်ကိုမြင်၍၊ မြတ်သောမင်းကြီး၊ အသျှင်မင်းကြီးတို့သည် အဘယ် မည်သောအသီးကိုစားကုန်သနည်းဟုမေးလိုရကား။ ။

(၅၂၈) ကိံ-မဏ္ဍုကာနိ မေ ဒေဝ၊ နိက္ခိတ္တာ ကံသ-မလ္လကေ။
ဥပလောဟိတကာ ဝဂ္ဂူ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။ ။
ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၅၂၈) ဒေဝ၊အရှင်မင်းကြီး။ ဥပလောဟိတကာ၊ နီသောအဆင်းရှိကုန်ထသော။ဝဂ္ဂူ၊အညစ်အကြေးကင်းကုန်ထသော။ ဇာမေဖလာ၊၍အသီးတို့ကို။ကံသ-မလ္လကေ၊ခွက်၌။ နိက္ခိတ္တာ၊ထည့်အပ်ကုန်၏။ အဏ္ဍုကာနိ၊ဝန်းကုန်သော။တောနိဖလာနိ၊၍အသီးတို့သည်။ ကိံ၊အဘယ်အသီးတို့နည်း။ပုစ္ဆိတော၊မေးအပ်သောအရှင်မင်းကြီးသည်။ မေ၊အကျွန်ုပ်အား။တံဖလံ၊ထိုအသီးကို။အက္ခာဟိ၊ပြောတော်မူပါလော့။ ။

မင်းသည်အမျက်ထွက်၍၊ဟင်းရွက်သည်ဖိမ့်ရှင်သို့၊ဆီးသီးသည်မ၊ဟင်းရွက်သည်မ၊ သင်သည်ကား သင့်အဆွေ အမျိုးတို့၏ ဥစ္စာဖြစ်သောဆီးသီးတို့ကိုလည်းမသိလောဟုဆို၍။ ။

(၅၂၉) ယာနိ ပုရေ တုဝံ ဒေဝိ၊ ဘဏ္ဍု နန္တက-ဝါသိနီ။
ဥဿက်-ဟတ္ထာ ပစိနာသိ၊ တဿာ တေ ကောလိယံ ဖလံ။ ။
(၅၃၀) ဥဒုယှတေ န ရမတိ၊ ဘောဂါ ဝိပ္ပဇဟန္တိ တံ။
တတ္ထေ-ဝိ-မံ ပဋိနေထ၊ ယတ္ထ ကောလံ ပစိဿတိ။ ။
ဟူသော၍နှစ်ဂါထာတို့ကိုဆို၏။ ။

(၅၂၉-၅၃၀) ဒေဝိ၊မိဘုရား။ပုရေ၊ရှေး၌။ တုဝံ၊သင်သည်။ယာနိ၊အကြင်ဆီးသီးတို့ကို။ ဘဏ္ဍု၊ဆံပါးရေးချသောဦးခေါင်းရှိသည်ဖြစ်၍။နန္တက-ဝါသိနီ၊ အဝတ်နွမ်းကိုဝတ်လျက်။ ဥဿက်-ဟတ္ထာ၊ ခါးပိုက်၌ထည့်သောလက်ရှိသည်ဖြစ်၍။ပစိနာသိ၊ဆွတ်ခူး၏။ ဇာဒံဖလံ၊၍ငါစားသောအသီးသည်ကား။တဿာတေ၊ထိုသင်၏။ကောလိယံ၊အမျိုးမှလာသော။ဖလံ၊ဆီးသီးတည်း။ ။အယံဇန္တု၊၍မိန်းမယုတ်သည်။ရာဇကုလေ၊မင်းအိမ်၌။ဝသမာနာ၊ နေသည်ရှိသော်။ လောဟကုမ္ဘိယံ၊လောဟကုမ္ဘိငရဲ၌။ပက္ခိတ္တာဝိယ၊ထည့်အပ်သကဲ့သို့။ဥဒုယှတေ၊ပူ၏။နရမတိ၊မမွေ့လျော်။ ဘောဂါ၊မင်း၏စည်းစိမ်တို့သည်။တံ၊ထိုဘုန်းကြက်သရေမရှိသော မိန်းမယုတ်ကို။ဝိပ္ပဇဟန္တိ၊စွန့်ကုန်၏။ ယတ္ထ၊အကြင်အိမ်၌။ကောလံ၊ဆီးသီးကို။ပစိဿတိ၊ ဆွတ်ရလတ္တံ့။ ပစိနိတွာ၊ ဆွတ်၍။ ဝိကိဏန္တိ၊ ရောင်းလျက်။ဇီဝိတံ၊အသက်မွေးခြင်းကို။ ကပ္ပိဿတိ၊ပြုရလတ္တံ့။ (၍ကားအမိပွါယတ္ထထည့်သည်)။ တတ္ထေဝ၊ထိုဆီးသီးကိုရောင်း၍အသက်မွေးရ

ရာဇိမ်သို့သာလျှင်။ဆုံ့၊ဤဘုန်းကြက်သရေမရှိသောမိန်းမယုတ်ကို။ပဒို နေထ၊တဘာန်ပို့ဆောင်ကြကုန်လော့။ ။

ဘုရားလောင်းသည်ငါ့ကိုထား၍ ငါ့မှတပါးသောသူသည်ဤမင်းမိ ဘုရားတို့ကိုသင့်တင့်ညီညွတ်အောင်ပြုခြင်းငှါမတတ်နိုင်လတ္တံ့။မင်းကို နှစ်သိမ့်စေ၍ဤမိဘုရားအားမနှင်လုတ်အောင်ပြုအံ့ဟုကြံ၍။ ။

(၅၃၁) ဟောန္တိ ဟေ·တေ မဟာရာဇ၊သဒ္ဒိံ မဏ္ဍာယ နာရိယော၊
ခမထ ဒေဝ သုဇာတာယ၊မာ သု ကုဇ္ဈ ရထေသဘ။ ။

ဟူသောဤစတုတ္ထဂါထာကိုဆို၏။ ။

(၅၃၁) မဟာ-ရာဇ၊မြတ်သောမင်းကြီး။ ယာယမဏ္ဍာယ၊ အကြင် ရစ်ခြင်းနှင့်။ သဒ္ဒိံ၊တကွ။နာရိယော၊မိန်းမတို့သည်။ ဟောန္တိ၊ဖြစ်တတ် ကုန်၏။ တာယမဏ္ဍာယ၊ ထိုရစ်ခြင်းကြောင့်။ ဧတေဧဝရူပါ၊ ဤသို့သ ဘောရှိကုန်သော။ပမာဒ-ဒေါသာ၊မေ့လျော့ခြင်းဟူသော အပြစ်ဒေါသ တို့သည်။ဟောန္တိ ဟိဟောန္တိ ဧဝ၊ဖြစ်တတ်ကုန်သည်သာတည်း။ ဧကံ၊ ဤသုဇာတာကို။ ဧဝရူပေ၊ဤသို့ကြီးမြတ်သောသဘောရှိသော။ ဥဠာရေ၊ မြင့်သော။ ဌာနေ၊မိဘုရားကြီးအရာ၌။ ဌပေတွာ၊ထားပြီး၍။ ဣဒါနိ၊ယခု အခါ၌။ဧတ္တကေ၊ဤမျှအနည်းငယ်သော။အပရာဓေ၊အပြစ်ကို။ အ-သဟနံနာမ၊သည်းမခံခြင်းမည်သည်။ တုမှာကံ၊အရှင်မင်းကြီးတို့အား။ နယုတ္တံ၊မသင့်ခဲ့။ တသ္မာ၊ ထိုသို့မသင့်သောကြောင့်။ ဒေဝ၊ အရှင်မင်း မြတ်။တုမှေ၊အရှင်မင်းမြတ်တို့သည်။တံအပရာဓံ၊ ထိုအနည်းငယ်သော အပြစ်ကို။ ခမထ၊ သည်းခံတော်မူပါကုန်။ရထေသဘ၊ ရထိဥသဘ၊ရ ထားစီးသူရဲတို့၏ ဥသဘဖြစ်တော်မူသော အရှင်မင်းမြတ်။ တွံ၊အရှင် မင်းမြတ်သည်။သုဇာတာယ၊ဤသုဇာတာမိဘုရားကြီးအား။မာသုကုဇ္ဈ၊ အမျက်ထွက်တော်မမူပါလင့်။ ။(အဏ္ဍသဒ္ဒါသည်ဥက်ဥစသည်ကို ဟောသည်။အဏ္ဍာဝိယာတိအဏ္ဍကာနိ, ပြု၍ ဥက်ဥကဲ့သို့ဝန်းဝန်းလုံး လုံးဖြစ်သောဆီးသီးကိုရသတည်း။ထို့ကြောင့်အဋ္ဌကထာ၌၊ပရိမဏ္ဍလ ဝသေနပန အဏ္ဍကာနီတိအာဟ,ဟူသတည်း။ ကံသမလ္လကေတိ သု ဝဏ္ဏတန္နကေ,ဟူရကား၊ကံသ,သည် သုဝဏ္ဏကိုဟောသည်။ မလ္လက, သည်တန္နကကိုဟောသည်။ ခမထ, ကြိယာ၏ကံကို အပရာဓံ,ထည့် သည်။သုဇာတာယ,ပင်ဆိုသော်လည်း မျက်မြင်ပစ္စက္ခအတ္ထနှင့်သမီပဖြစ် ရကား၊ဤသုဇာတာမိဘုရားကြီးအား,ဟု ယောဇနာသည်။ ကုဓောတ်

၏အယှဉ်ဖြစ်သောကြောင့်လည်းကစ္စည်းစာတော်သိလာဗလသုတ်နှင့်ညီ စွာသမ္ပဒါန်အနက်ယောဇနာသည်။ ထို့ကြောင့်၊ဇာတိဿသုဇာတာယ မာသုကုသ္လာ,ဟု၊အဋ္ဌကထာမိန့်သောဝ်။ ဤနှင့်တူသောအရာတို့၌ဤနည်း မှတ်ပါ)။ ။သုဇာတာဇာတကံ ဆဋ္ဌံ။ ၃၀၆ ။

---

## ၃၀၇-ပလာသဇာတ်။

နတ်နှင့်တကွသောလောကကို ဆုံးမတော်မူတတ်သောသဗ္ဗညုမြတ် စွာဘုရားသည်၊အစေတနံဗြာဟ္မဏအသုဏန္တံ,အစရှိသောဂါထာပုဒ် ဖြင့်တန်းဆာဆင်အပ်သော ဤ ပလာသဇာတ်ကို၊ပရိနိဗ္ဗာန်ပြုတော်မူရာ ညောင်စောင်းတော်၌ လျောင်းတော်မူလျက် အသျှင်အာနန္ဒာမထေရ်ကို အကြောင်းပြု၍ဟောတော်မူ၏။ ။

' တနေ့သ၌ရုက္ခစိုးနတ်သည် ဤပုဏ္ဏားကား အလွန်လျှင် ငါ့ကိုလုပ် ကျွေး၏။ဤပုဏ္ဏါးကိုပုံစမ်း၍အကြင်အကြောင်းကြောင့်ငါ့ကိုလုပ်ကျွေး ၏၊ ထိုအကြောင်းကိုမေးအံ့ဟုကြံ၏၊ ကြံပြီး၍ထိုရုက္ခစိုးနတ်သည် ထို ခဏ၌ပုဏ္ဏားလာ၍ သစ်ပင်ရင်းကို တံမြက်လှည်းသည်ရှိသော် ပုဏ္ဏား အို၏အသွင်ဖြင့်အနီး၌ရပ်၍။ ။

(၅၃၂) အ-စေတနံ ဗြာဟ္မဏ အ-သုဏန္တံ၊
ဇာနော အ-ဇာနန္တ-မိမံ ပလာသံ။
အာရဒ္ဓ-ဝီရိယော ဓုဝံ-အ-ပ္ပမတ္တော၊
သုခ-သေယျံ ပုစ္ဆသိ ကိဿ ဟေတု။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၅၃၂) ဗြာဟ္မဏ၊ ပုဏ္ဏား။ ကိဿဟေတု၊ အဘယ် အကြောင်း ကြောင့်။တုဝံ၊ သင်သည်။ဇာနောဇာနမာနော၊သိသောသူဖြစ်လျက်။ အ-စေတနံ၊စိတ်မရှိထသော။အ-သုဏန္တံ၊စိတ်မရှိသည့်၏အဖြစ်ကြောင့်မ ကြားတတ်တသော။ အ-ဇာနန္တံ၊ မသိတတ်ထသော။ ဣမံပလာသံ၊ ဤ ပေါက်ပင်ကို။အာရဒ္ဓ-ဝီရိယော၊အားထုတ်သောဝီရိယရှိသည့်ဖြစ်၍။ ဓု ဝံ၊အမြဲ။ အ-ပ္ပမတ္တော၊မမေ့မလျော့သည်ဖြစ်၍။သုခသေယျံ၊ချမ်းသာစွာ အိပ်ရခြင်းကို။ပုစ္ဆသိ၊ မေးသနည်း။ ။

ထိုစကားကိုကြား၍ပုဏ္ဏားသည်။ ။

(၅၃၃) ဒူရေ သုတော စေဝ ဗြဟာ စ ရုက္ခော၊
ဒေသေ ဌိတော ဘူတ-နိဝါသ-ရူပေါ။
တသ္မာ နမဿာမိ ဣမံ ပလာသံ၊
ယေ စေ·တ္ထ ဘူတာ တေ ဓနဿ ဟေတု။ ။

ဟူသော ဤဒုတိယဂါထာကိုဆို၏။ ။

(၅၃၃) ဗြာဟ္မဏာ၊ ပုဏ္ဏား။ အယံရုက္ခော၊ ဤပေါက်ပင်သည်။ ဒူရေ၊ အဝေး၌။ သုတော စေဝ၊ ထင်လည်းထင်ရှား၏။ ဗြဟာစ၊ ကြီးလည်းကြီး၏။ ဒေသေ၊ မြင့်သောညီညွတ်သောမြေအရပ်၌။ ဌိတော၊ တည်၏။ ဘူတနိဝါသရူပေါ၊ နတ်တို့နေရာဖြစ်သောသဘောရှိ၏။ အဒ္ဓါ၊ မချွတ်။ ဧတ္ထ၊ ဤပေါက်ပင်၌။ မဟေသက္ခာ၊ တန်ခိုးကြီးသော။ ဒေဝတာ၊ နတ်သည်။ နိဝုတ္ထာ၊ စောင့်နေသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ တသ္မာ၊ ထို့ကြောင့်။ ဣမံပလာသံ၊ ဤပေါက်ပင်ကိုရင်း။ ဧတ္ထ၊ ဤပေါက်ပင်၌။ ယေဘူတာ၊ အကြင်ဘုန်းတန်းခိုးကြီးသောနတ်တို့သည်။ နိဝုတ္ထာ၊ နေကုန်၏။ တေစ၊ ထိုသစ်ပင်စောင့်တို့ကိုရင်း။ ဓနဿဟေတု၊ ဥစ္စာဟူသောအကြောင်းကြောင့်။ နမဿာမိ၊ ငါရှိခိုး၏။ (အကြောင်းမရှိဘဲရှိခိုးသည်မဟုတ်ဟူလို)။

ထိုစကားကို ကြား၍ရုက္ခစိုးနတ်သည်ပုဏ္ဏားအားကြည်ညိုကုန်၍၊ ပုဏ္ဏား၊ ငါသည်ဤပေါက်ပင်၌ ဖြစ်သောနတ်တည်း။ သင်မကြောက်လင့်။ သင့်အားဥစ္စာကိုပေးအံ့ဟုပုဏ္ဏားကိုနှစ်သိမ့်စေ၍ မိမိဗိမာန်တံခါး၌ကြီးစွာသောနတ်၏အာနုဘော်အားဖြင့် ကောင်းကင်၌ရပ်၍။ ။

(၅၃၄) သော တေ ကရိဿာမိ ယထာ·နုဘာဝံ၊
ကတညုတံ ဗြာဟ္မဏ·ပေက္ခမာနော။
ကထ·ဉှိ အာဂမ္မ သတံ သကာသေ၊
မောဃာ တေ အဿု ပရိဖန္ဒိတာနိ။ ၊

(၅၃၅) ယော တိန္ဒုက-ရုက္ခဿ ပုရော ပိလက္ခု၊
ပရိဝါရိတော ပုဗ္ဗ-ယညော ဥဠာရော။
တဿေ ဝ သမ္မ မူလသ္မိံ နိဓိ နိခါတော၊
အ-ဒါယာဒေါ ဂစ္ဆ တံ ဥဒ္ဓရာဟိ။ ။

ဟူသော ဤနှစ်ဂါထာတို့ကိုဆို၏။ ။

(၅၃၄-၅၃၅) ဗြာဟ္မဏ၊ပုဏ္ဏား။ သောအဟံ၊ ထိုငါသည်။ကတညု တံ၊သင်ပြုပေသောကျေးဇူးကိုသိသည့်၏ အဖြစ်ကို။အပေက္ခမာနော၊ရှု လျက်။ယထာ·နုဘာဝံ၊အစွမ်းသတ္တိအားလျော်စွာ။တေ၊သင်အား။ ကရိ သာမိ၊ကျေးဇူးပြုအံ့။ဟိသစ္စံ၊မှန်၏။သတံ၊သူတော်ကောင်းတို့၏။သကါ သေသန္တိကော၊အထံ၌။ ကတံ၊ပြုအပ်သောကျေးဇူးသို့။ အာဂမ္မ၊ရောက်၍။ တေ၊သင်၏။ ပရိဗန္ဓိတာနိ၊ ကိုယ်နှုတ်တို့ဖြင့်လုံ့လပြုခြင်းတို့သည်။အ- မောဃာ၊အချည်းနှီးအကျိုးမရှိသည်မဟုတ်ကုန်သည်။ အသဿ၊ဖြစ်ကုန် ၏။ ။သမ္မဗြာဟ္မဏ၊အချင်းပုဏ္ဏား။ တိန္ဒုကာ-ရုက္ခဿ၊တည့်ပင်၏။ ပု ရေပုရတော၊ရှေးအဘို့၌။ယောမိလက္ခု၊အကြင်ညောင်ကြတ်ပင်သည်။ ဋ္ဌိတော၊တည်၏။တဿဝ၊ထိုညောင်ကြတ်ပင်၏သာလျှင်။ မူလသ္မိံ၊အ မြစ်ရင်း၌။ပရိဝါရိတော၊ညောင်ကြတ်ပင်ကိုဝန်းရံလျက်။ပုဗ္ဗ-ယညော၊ ရှေး၌ အရှင်ရှိဘူးသော။ ဥဠာရော၊များစွာသော။ နိခါတော၊မြှုပ်ထား အပ်သော။နိဓိ၊ရွှေအိုးသည်။အ-ဒါယာဒေါ၊ယခုအမွေခံမရှိပြီ။ဂန္တွာ၊သွား ချေ။နံ၊ထိုဥစ္စာအိုးကို။ဥဒ္ဓရာဟိ၊ထုတ်ဘော်ချေလော့။ ။ဤသို့ဆိုပြီး၍၊ ထိုရုက္ခစိုးနတ်သည်၊ပုဏ္ဏား၊သင်သည်ထိုဥစ္စာအိုးကိုထုတ်၍ယူသည်ရှိ သော်ပင်ပန်းလတ္တံ့။ သင်သည်သွားလေလော့။ငါသည်လျှင်ထိုဥစ္စာအိုး ကိုသင့်အိမ်သို့ဆောင်၍ဤမည် ဤမည်သောအရပ်၌မြှုပ်ထားအံ့။ သင် သည် ထိုဥစ္စာကိုအသက်ထက်ဆုံးသုံးဆောင်လျက်အလှူပေးနေလေလော့။ သီလစောင့်လေလော့ဟုပုဏ္ဏားအားဆုံးမ၍ ထိုဥစ္စာကို မိမိအာနုဘော် ဖြင့်ပုဏ္ဏား၏အိမ်၌တည်စေ၏။ ။ပလာသဇာတကံ သတ္တမံ။၃၀၇။

၃၀၈-သကုဏာဇာတ်။

နတ်နှင့်တကွသောလောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည်၊အကာရမှာသ တေကိစ္စံ, အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော ဤသကုဏာဇာတ်ကို၊ဝေဠုဝန်ကျောင်းတော် ၌ သီတင်းသုံးနေတော်မူစဉ်၊ဒေဝဒတ်၏ကျေးဇူးမသိသောအဖြစ်ကိုအ ကြောင်းပြု၍ဟောတော်မူ၏။ ။

သစ်တောက်လောက်ငှက်သည် ထိုခြင်္သေ့ကို ရုံစမ်းအံ့ဟု၊ခြင်္သေ့ ၏အထက်သစ်ခက်၌နား၍ခြင်္သေ့နှင့်တကွပြောပောလိုရကား။ ။

(၅၃၆) အကရမှသ တေ ကိစ္စံ၊ ယံ ဗလံ အဟုဝမှသေ။
ဒိဇ-ရာဇ နမော တျ·တ္ထု၊ အပိ ကိဉ္စိ လဘာမသေ။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၅၃၆) ဒိဇရာဇ၊ ခြင်္သေ့မင်း။ တေ၊ သင့်အား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ အမှာကံ၊ အကျွန်ုပ်တို့၏။ ယံဗလံ၊ အကြင်အစွမ်းသည်။ အဟုဝမှသေအဟောသိ၊ ဖြစ်၏။ တေနဗလေန၊ ထိုအစွမ်းဖြင့်။ ကိစ္စံ၊ တခုတခုကို။ အ-ဟာပေတွာ၊ မယုတ်စေမူ၍။ တေ၊ သင်၏။ ကိစ္စံ၊ တခုသောကိစ္စကို။ မယံ၊ ငါတို့သည်။ အကရမှသေအကရိမှ၊ ပြုပါကုန်၏။ မယံ၊ ငါတို့သည်။ ကိဉ္စိ၊ စိုးစဉ်းသောအမဲကို။ လဘာမသေအပိ၊ ရပါကုန်မည်လည်းမသိ။ ဝါ၊ ရပါကုန်အံ့လော။ ။

ထိုစကားကိုကြား၍ခြင်္သေ့သည်။ ။

(၅၃၇) မမ လောဟိတ-ဘက္ခဿ၊ နိစ္စံ လုဒ္ဒါနိ ကုဗ္ဗတော။
ဒန္တန္တရ-ဂတော သန္တော၊ တံ ဗဟုံ ယမ္ပိ ဇီဝသိ။ ။

ဟူသောဒုတိယဂါထာကိုဆို၏။ ။

(၅၃၇) သောသကုလာ၊ အိုငှက်။ လောဟိတ-ဘက္ခဿ၊ သွေးကိုသောက်စားတတ်ထသော။ နိစ္စံ၊ အမြဲ။ လုဒ္ဒါနိ၊ ကြမ်းကြုတ်သောအမှုတို့ကို။ ကုဗ္ဗတော၊ ပြုတတ်ထသော။ မမ၊ ငါ၏။ ဒန္တန္တရဂတော၊ သွားကြားသို့ရောက်သည်။ သန္တော၊ ဖြစ်လျက်။ တွံ၊ သင်သည်။ ယမ္ပိဇီဝသိ၊ အကြင်အသက်မသေရှင်ရသည်ဖြစ်၏။ တံ၊ ထိုသွားကြားရောက်လျက်အသက်မသေရှင်ရခြင်းသည်။ ဗဟုံ၊ ငါဆပ်သောကျေးဇူးအထူးများလှလေပြီ။

ထိုစကားကိုကြား၍သစ်တောက်လောက်ငှက်သည်။ ။

(၅၃၈) အကတညုံ·မကတ္တာရံ၊ ကတဿ ပဋိကာရကံ။
ယသ္မိံ ကတညုတာ နတ္ထိ၊ နိရတ္ထာ တဿ သေဝနာ။ ။

(၅၃၉) ယဿ သမ္မုခ-စိဏ္ဏေန၊ မိတ္တ-ဓမ္မော န လဗ္ဘတိ။
အနုသူယ·မနက္ကောသ၊ သဏိကံ တမှာ အပက္ကမေ။ ။

ဟူသောဥဘယဂါထာတို့ကိုဆို၏။ ။

(၅၃၈-၅၃၉) ယသ္မိံ၊ အကြင်သူ၌။ ကတညုတာ၊ သူပြုပေဘူးသော ကျေးဇူးကိုသိသည်၏အဖြစ်သည်။ နတ္ထိ၊ မရှိ။ တဿ၊ ထိုကျေးဇူးမသိကုဒ်ပြုအား။ သေဝနာ၊ မှီဝဲခြင်းသည်။ နိရတ္ထာ၊ အကျိုးမရှိချေ။ ယဿ၊ အကြင်

သူ၏။သမ္မုခ-ဝိဋ္ဌေန၊မျက်မှောက်၌ပြုသောကျေးဇူးဖြင့်။မိတ္တဒုဗ္ဘ၊အဆွေခင်ပွန်း၏ ကျင့်ဝတ်သဘောကို။ နလဗ္ဘတိ၊မရအပ်။ အကတညု၊ကျေးဇူးကိုမသိတတ်ထသော။ ကတဿ၊ကျေးဇူးပြုသောသူအား။ ပဋိကာရကံ၊တဘန်အကျိုးကျေးဇူးပြုခြင်းကို။အကတ္တာရံ၊မပြုတတ်သောသူကို။အနုသူယျံ၊မငြူစူဘဲ။အနက္ကောသံ၊မဆဲရေးဘဲ။ဟာပယေ၊ကျေးဇူးမသိကုဒ်ဗြှမှ။သကိုကံ၊ဖြည်းညင်းသာသာမှ။အပက္ကမေ၊ဖဲသွားရာ၏။ ။ဤစကားကိုဆို၍သစ်တောက်ငှက်သည် ဖျက်ချော်ယုတ်မာသောခြင်္သေ့မှဘဲသွားလေ၏။ ။(အလေရမှုသလေ,၌အလေရမှုသလေ,ဖြတ်။ဧ,ကျော်၍အ,လာသည်။ ကိုဿ,ကား၊ရှုံ့သရုဏ်ဝတောသေ,၌ကုံသို့အနက်မရှိ။နောက်ဖြစ်သော သော,ကိုသည်ညည်း အနက်မရှိ၊ညည်ချည်းတည်း။ အဟုဝ,မှကား၊ အဟောသိ,ဆိုလိုချက်ဝစနဝိပလ္လာသ၊ ပုရိသဝိပလ္လာသတည်း။ သမ္မုခဝိဋ္ဌေနာတိသမ္မုခေကာတေနဂုဏေန,ဘွင့်သည်)။ ။သကုဏဇာတက် အဋ္ဌမံ။၃၀၈၊

---

၃၀၉-ဆဝဇာတ်။

နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊သဗ္ဗမိဒံစရိမံကတံ,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သောဤဆဝဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်၊ဆဗ္ဗဂ္ဂီ ရဟန်းတို့ကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ဘုရားလောင်းသည်အယောက်၌ပုန်းချက် အကြောင်းမင်းသည်ဖြင့်သောနေရာ၌ဗေဒင်တို့ကိုသင်၏၊ ဤမင်းသည်တရားမစောင့်။အကြောင် ပုဏ္ဏားသည် နိမ့်သော နေရာ၌နေ၍ ဗေဒင်တို့ကို သင်စေ၏၊ ဤပုဏ္ဏားသည်လည်းတရားမစောင့်။ အကြောင်ငါသည်သည်း မိန်းအလိုသို့လိုက်၍ ကိုယ်အသက်ကိုမရှောက်ဘဲသရက်သီးကိုခိုး၏၊ထိုငါသည်လည်းတရားမစောင့်ဟုကြံ၏။ကြံပြီး၍ထို ဘုရားလောင်းသည်သရက်ပင်မှသက်လတ်သော် တခုသော တွဲလျား ကျသော နိမ့်သော အခက်ကို ကိုင်၍ မင်းပုဏ္ဏားနှစ်ပါးတို့၏အလယ်၌ရပ်၍၊မြတ်သောမင်ကြီး၊ကျွန်ုပ်လည်းပျက်၏။ သင်မင်းကြီးသည်ငှေဝေ၏၊ ပုရောဟိတ်သည် အသက်ရှင်လျက်ပင်သေသည်မည်၏ဟုဆို၏။ မင်းသည် အဘယ်အကြောင်းကြောင့်ဤသို့ဆိုသနည်းဟုမေးအပ်သည်ရှိသော်ပါ ဘုရားလောင်းသည်။ ။

(၅၄၀) သဗ္ဗ-မိဒံ စရိမံ ကတံ၊ ဥဘော ဝဍ္ဎ နပဿရေ။
ဥဘော ပကတိယာ ရုတာ၊ ယော စာ·ယံ မန္တေ·ဿာပေတိ။
ယော စ မန္တံ အဓိယတိ။ ။

ဟူသော၍ပဌမဂါထာကိုဆို၏။ ။

(၅၄၀) တိဟိဇနေဟိ၊သုံးယောက်သောသူတို့သည်။ ကတံ၊ပြုအပ်သော။သဗ္ဗံ၊အလုံးစုံသော။ဣဒံကိစ္စံ၊ဤကိစ္စသည်။ စရိမံ၊ယုတ်၏။ဝါ၊အပိုင်းအခြားမရှိ။ဝါ၊တရားမရှိ။ယောစာယံ၊အကြင်ပုဏ္ဏားသည်လည်း။နိစသနေ၊နိမ့်သောနေရာ၌။ နိသိဒိတွာ၊နေ၍။မန္တေ၊ဗေဒင်တို့ကို။ အဇ္ဈာပေတိ၊သင်စေအံ့စေ၏။ယောစ၊အကြင်မင်းသည်လည်း။ဥစ္စေအါသနေ၊မြင့်သောနေရာ၌။ နိသိဒိတွာ၊နေ၍။မန္တံ၊ဗေဒင်ကို။အဓိယတိ၊သင်အံ၏။ ဥဘော၊မင်းနှင့်ပုဏ္ဏားနှစ်ပါးတို့သည်။ ဝဍ္ဎ၊အလေးပြုခြင်းငှါထိုက်သော ရှေးကာလ၌ဖြစ်သောတရားသဘောကို။နပဿရေ၊မမြင်ကုန်။ ဥဘော၊ မင်းနှင့်ပုဏ္ဏားနှစ်ပါးတို့သည်။ ပကတိယာ၊ရှေးဦးဖြစ်သော သဘောတရားမှ။ရုတာ၊ရွေလျောကုန်၏။ ။ထိုစကားကိုကြား၍ပုဏ္ဏားသည်။ ။

(၅၄၁) သာလီနံ ဩဒနံ ဘုဉ္ဇေ၊သုစိံ မံသူ·ပသေစနံ။
တသ္မာ ဧတံ န သေဝါမိ၊ဓမ္မံ ဣသိဘိ သေဝိတံ။ ။

ဟူသော၍ဒုတိယဂါထာကိုဆို၏။ ။

(၅၄၁) ဘော၊အချင်း။ အဟံ၊ငါသည်။ ရညော၊၏ပြည့်ရှင်မင်းကြီး၏။သန္တကံ၊ဥစ္စာဖြစ်သော။ သုစိံ၊ဖြူစင်စွာသော။ မံသူပသေစနံ၊အထူးထူးအပြားပြားသားဟင်းမျိုးဖြင့် လောင်းစွက်အပ်သော။ သာလီနံ၊သလေးတို့၏။ဩဒနံ၊ထမင်းကို။ဘုဉ္ဇေ၊စားရပေ၏။တသ္မာ၊ထိုသို့ထမင်းသခင်အရှင်ဖြစ်ပေသောကြောင့်။ ဣသိဘိ၊ဘုရားပစ္စေကဗုဒ္ဓါ သာဝကဏ္ဍသိတို့သည်။ သေဝိတံ၊မှီဝဲအပ်သော။ဧတံဓမ္မံ၊ ထိုတရားကိုရှိသေသော အကျင့်ကို။နသေဝါမိ၊ငါမမှီဝဲသတည်း။ ။

ထိုစကားကိုကြား၍ဘုရားလောင်းသည်။ ။

(၅၄၂) ပရိဗ္ဗဇ မဟာဗြဟ္မေ၊ပစန္တ·ညေ·ပိ ပါဏိနော။
မာ တွံ အ·ဓမ္မော အစရိ၊အသ္မာ ကုမ္ဘ·မိဝါ·ဘိဒါ။ ။

(၅၄၃) ဓိရ·တ္ထု တံ ယသ-လာဘံ၊ဓန-လာဘဉ္စ ဗြာဟ္မဏ။
ယာ ဝုတ္တိ ဝိနိပါတေန၊အဓမ္မ-စရဏေန ဝါ။ ။

ဟူသော၍နှစ်ဂါထာတို့ကိုဆို၏။ ။

(၅၄၂-၅၄၃) ဖြဟေ္မ၊ပုညာ္ဟး။အယံလောကောနာမ၊ဤလောကခေတ်
မည်သည်။(ထည့်)။မဟာ၊ကျယ်စွာ၏။ ပရိဒ္ဓ၊ဤအရပ်မှတပါးသောအ
ရပ်သို့ပြေးသွားပါလေလော့။ဇာမသတ္တိ ဖမ္မူ၊ဒိပေ၊ဤသောင်းမှ ဖို့ ဖမ္မူ
ဒိပ်၌။အညေပိပါဏိနော၊မင်းမှတပါးသောသူဘို့ ညီလ, ညီ။ သေ့ ၊ဟ
မင်းချက်စားကုန်၏။ တွံ၊သင်သည်။ အညတ္တ၊တပါးသောအရပ်သို့။ အ-
ဂတ္တွာ၊မသွားမူ၍။ဇာဓ၊ဤအရပ်၌။ ဝသနွေ့သ၊နေကျက်။ အ-ဓမ္မံ၊တရားမ
ဟုတ်သောအကျင့်ကို။မါအစရိ၊မကျင့်လင့်။ဖေ ်စရိတော၊ဤသို့ကျင့်အပ်
သော။သောအဓမ္မော၊ထိုတရားမဟုတ်သောအကျင့်သည်။အဘ္ဘာ၊ကျော်
သည်။ကုန္တိံ၊အိုးကို။ဘိန္ဒတိဇာဝ၊ခွဲဘိသကဲ့သို့။တံ၊သင့်ကို။ မာအဘိဒါ၊
မခွဲစေလင့်။ ။ဖြာဟ္မဏာ၊ပုဏ္ဏား။ယာဂုတ္တိ၊အကြင်အသက်မွေးကြောင်း
အကျင့်သည်။ ဝိနိပါတေန၊ နေခင်အခါအပါယ်သို့ လားကြောင်းဖြစ်
သောအကုသိုလ်ဖြင့်ရင်း။ အဓမ္မ-စရဏေနဝါ၊မျက်မြင်ပစ္စက္ခ ဤဘဝ၌
အမမ္ဗကိုကျင့်သဖြင့်ရင်း။ နဲပ္ပစ္စတိ၊ဖြီး၏။ တာယဝုတ္တိယာ၊ ထိုအသက်
မွေးကြောင်းအကျင့်ဖြင့်။ ကိံ၊အဘယ်အကျိုးရှိအံ့နည်း။ တေန၊ထိုသို့အ
ကျိုးမရှိဖြစ်သောကြောင့်။တံယသလာဘစ္ဆ၊ထိုခြွေရံစည်းစိမ်ကိုရခြင်း
ကိုရင်း။ ဝါ၊ရကြောင်း အကျင့်ကိုရင်း။ တံဓနလာဘစ္ဆ၊ထိုရွှေငွေဥစ္စာ
ရခြင်းကိုရင်း။ဝါ၊ရကြောင်းအကျင့်ကိုရင်း။ ဓိရတ္ထုမယံဂရဟာမ၊ငါတို့
စက်ဆုပ်ကုန်၏။ဝါ၊ထွီထွီပြုကုန်၏။ ။(ဥဘောပကတိယာသုတာ,
၌လက်ပွန်ရှေးဦး ဖြစ်သည့်အစွမ်းဖြင့် ဓမ္မသည် ပကတိမည်သတည်း။
ထိုကြောင့်။ဓမ္မောတိပဋ္ဌမုပ္ပတ္တိသေနပကတိနာမ။ ဝုတ္တမ္ပိစေတံ ဓမ္မော
ဟဝေပါတုရဟောသိပုဗ္ဗေ၊ပစ္ဆာအဓမ္မောဥဒပါဒိလောကေတိ၊ အဋ္ဌက
ထာမိန့်သော်။ ။သာငင်,ကားဩဒနံ၌ပိကာရိပိကာရသမ္ဗန်တည်း။မ
ဟာဖြဟ္မေ, ၌ မဟာ,ကား ဖြဟ္မေ၏ ဝိသေသနမဟုတ်။ ထိုကြောင့်၊
မဟာတိ အယံလောကောနာမမဟာ,ဟု၊ အဋ္ဌကထာမိန့်သော်။ ဝါ၊အ
ဓမ္မော အစရိ,၌၊ အဓမ္မော, ကားအဘိဒါဟူသောနောက်ကြိယာကိုငဲ့၍
ပဌမန္တနေသည်။ အစရိကိုငဲ့နိုက်အဓမ္မံ, ဟုပြင်၍စပ်။ ထိုကြောင့်၊ယံတွံ
အညတ္ထအဂတ္တွာဇာဓဝသန္တော အဓမ္မံစရသိ၊သောအဓမ္မောဇဝံ စရိတော
ပါသာဏောစာဋိံ ဝိယ ဘိန္ဒိ ကုံ,ဟု၊ အဋ္ဌကထာ မိန့်သော်။ အဘ္ဘာ,
ကား။ပါသာဏောဒွေ္ဓာ ဘေဒသိလာ,ဟု၊အဘိဓာန်လာရကားပါသာ
ဏော, အဘ္ဘာ, ဥပလ, သိလာ, တို့ကားကျောက်ဟောပရိယာယ်နှင့်နှင်

တည်း။အသုခေပနေ၊ မြဲမော၊အသွာ၊ရာဇာဒိ။ဂုဏ်ဋီကာ)။ ။ဆဝဇာတကံ နဝမံ။ ၃၀၉။

---

## ၃၁၀-သေယျဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သောသဗ္ဗညုမြတ်စွာဘုရားသည်၊သသမုဒ္ဒပရိယာယံ,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆါဆင်အပ်သော၍သေယျဇာတ်ကို၊ဇေတဝန်ကျောင်းကြီး၌ သီတင်းသုံးနေတော်မူစဉ်၊သာသနာတော်၌ ငြီးငွေ့သောရဟန်းကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ဘုရားလောင်းသည်လည်း၊ ပုရောဟိတ်အရောက်ထားဘိဦး၊ကာသိကတိုင်း,ကောသလတိုင်းနှင့် တကွသောဇမ္ဗူဒိပါမင်း၏ အဖြစ်,စကြာတေးမင်း၏စည်းစိမ်ကိုပင်ရငြားသော်လည်းငါမလိုက်၊ ပညာရှိတို့သည်တကြိမ်စွန့်အပ်ပြီးသောကိလေသာတို့ကိုတဖန်မယူကုန်။ တကြိမ်စွန့်အပ်ပြီးသောကိလေသာသည် ထွေးအန်ပြီးသောတံတွေးပေါက်နှင့်တူ၏ဟုဆို၍။ ။

(၅၄၄) သ-သမုဒ္ဒ-ပရိယာယံ၊မဟိံ သာဂရကုဏ္ဍလံ။
နဣစ္ဆေ သဟ နိန္ဒာယ၊ဧဝံ သေယျ ဝိဇာနဟိ။ ။

(၅၄၅) ဓိရ-ဇ္ဇု တံ ယသ-လာဘံ၊ဓန-လာဘဉ္စ ဗြာဟ္မဏ။
ယာ ဝုတ္တိ ဝိနိပါတေန၊အဓမ္မ-စရဏေန ဝါ။ ။

(၅၄၆) အပိ စေ ပတ္တ-မာဒါယ၊အနဂါရော ပရိဗ္ဗဇေ။
သာယေဝ ဇီဝိကာ သေယျော၊ယာ စာ-ဓမ္မေန ဧသနာ။ ။

(၅၄၇) အပိ စေ ပတ္တ-မာဒါယ၊အနဂါရော ပရိဗ္ဗဇေ။
အညံ အ-ဟိံသယံ လောကေ၊အပိ ရဇ္ဇေန တံ ဝရံ။ ။

ဟူသော၍လေးဂါထာတို့ကိုဆို၏။ ။

(၅၄၄-၅၄၇) သေယျ၊သေယျအမတ်။သဟနိန္ဒာယ၊ ဗျာန်ချမ်းသာနှင့်ပြည့်စုံသော ရဟန်းအဖြစ်ကိုစွန့်၍ အစိုးရသောပုရောဟိတ်စည်းစိမ်ကို ယူပြန်ပြီတကားဟု အများပညာရှိကဲ့ရဲ့ခြင်းနှင့် တကွဖြစ်ခြင်းကြောင့်။ သ-သမုဒ္ဒ-ပရိယာယံ၊သမုဒ္ဒရာကိုရံ၍ တည်သော စကြဝဠာတောင်နှင့်တကွသော။သာဂရကုဏ္ဍလံ၊သမုဒ္ဒရာ၏နားတောင်းသဘွယ်ဖြစ်သော။ မဟိံ၊မြေအလုံးကိုသော်လည်း။ နဣစ္ဆေ၊အလိုမရှိ။ဧဝံ၊ဤသို့။

ခမ္ဘုံ၊တရားကို။ဝိဇာနာဟိ၊သိလေလော့။ ဗြာဟ္မဏ၊ပုဏ္ဏားမဟိန္ဒာ၀သေန၊အလိုကြီးသည့်၏အစွမ်းဖြင့်။လဒ္ဓါ၊ရအပ်သော။ယာဝုတ္တိ၊အကြင်စဉ်းစိမ်ချမ်းသာကိုရကြောင်း အကျင့်သည်။ ဝိနိပါတေန၊ ဗျာနိချမ်းသာမှမိမိကိုယ်ကိုလျှောကျစေကြောင်းဟုဆိုအပ်သော အကျင့်ဖြင့်ဇင်း။ အခမ္မ-စရဏေနဝါ၊ အစိုးရသောစည်းစိမ်သို့ ရောက်သောသူ၏ တရားမဟုတ်သည်ကိုကျင့်ခြင်းဖြင့်ဇင်း။နိပ္ပဇ္ဇတိ၊ပြီး၏။ ယာသ-လာဘ၊စည်းစိမ်အခြံအရံကိုရကြောင်းဖြစ်သော။တံဝုတ္တိံ၊ထိုအကျင့်ကိုဇင်း။ဓနလာဘံ၊ရွှေငွေဥစ္စာကို ရကြောင်း ဖြစ်သော။ တံဝုတ္တိံစ၊ထိုအကျင့်ကိုဇင်း။ ဓိရတ္ထု၊မယံဂရဟာမ၊ငါတို့ကဲ့ရဲ့ကုန်၏။ ။အဟံ၊ငါသည်။ ပတ္တံ၊ဆွမ်းခံစရာသပိတ်ခွက်ယောက်ကို။ အာဒါယ၊ကိုင်စွဲ၍။ အနဂါရော၊နေရာကျောင်းအိမ်မရှိဘဲ၊ ပရ-ကုလေသု၊သူတပါးအိမ်တို့၌။စေပရိဗ္ဗဇေအပိ၊အကယ်၍လှည့်လည် သွားလာခံစားရသည်ဖြစ်စေကာမူ။အခမ္မေန၊မတရားသဖြင့်။ယာဇေသနာ၊အကြင်ရှာမှီးခြင်းသည်။အတ္ထိ၊ရှိ၏။ တတော၊ထိုမတရားသဖြင့်ရှာမှီးခြင်းထက်။သာယေဝဇီဝိကာ၊ ထိုသပိတ်လက်ပိုက်လျက် တောက်ရက်တောက်ရက်ဆွမ်းခံ၍ အသက်မွေးခြင်းသည်သာလျှင်။သေယျော၊မြတ်၏။ ။လောကေ၊လူ့ရှာ၌။ အညံ၊တပါးသောသူကို။အ-ဟိံသယံ၊ မညှဉ်းဆဲမူ၍။ပတ္တံ၊ ဆွမ်းခံစရာသပိတ်ခွက်ယောက်ကို။အာဒါယ၊ကိုင်စွဲ၍။ အနဂါရော၊နေရာကျောင်းအိမ်မရှိဘဲ။ စေပရိဗ္ဗဇေအပိ၊ အကယ်၍ လှည့်လည်သွားလာခံစားရသည်ဖြစ်စေကာမူ။ ဇံ၊ထိုသူဘပါးကိုမညှဉ်းဆဲဘဲ သပိတ်လက်စွဲလျက် အသက်မွေးသောအကျင့်သည်။ဝရံ၊မြတ်၏။ ။(သသမုဒ္ဒပရိယာယန္တိ ပရိယာယေဝ ဝုစ္စတိပရိဝါရံ။(အဋ္ဌကထာ)။ဝိဇာနာဟိ,ဆိုလိုလျက်ရသာပြု၍ဝိဇာနဟိ,ရှိသည်။ အနက်ပေးရာဒီဃကိုဘော်။ ဓိရတ္ထုတံ,စသော ဂါထာသည်ရှေးဇာတ်နှင့်ခြား၍အနက်အခြားယောဇနာရသည်။ အဋ္ဌကထာနှင့်ဟိုက်ပါ။ အနဂါရောတိ အဝိအဟံအဂါရဝိရဟိတော, အဋ္ဌကထာဘွင့်ရကား၊ အနဂါရေ,ရှိသည်ကားပါဠိပျက်)။ ။သေယျဇာတကံ ဒသမံ။ ၃၁၀ ။ ကာလိင်္ဂဝဂ္ဂေါ ပဌမော။ ။တဿုဒ္ဒါနံ။ ။

ဝိဝရဥ္စ အဒေယျသမိဒ္ဓဝရံ၊အထဒဿရ ပါပမဟာပတိရူပေါ။
အထလောလိပဟာသဝရဥ္စကရ၊ပရိမံသသမုဒ္ဒဝရေနဒသ။

(ပုဗ္ဗိမန္တဝဂ်)

၃၁၁-ပုစိမန္ဒဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ဥဋ္ဌေဟိစောရ,အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော ဤပုစိမန္ဒဇာတ်ကို၊ ဝေဠုဝန်ကျောင်းကြီး၌ သိတင်းသုံးနေတော်မူစဉ်၊ အသျှင်မဟာမောဂ္ဂလာန်မထေရ်ကို အကြောင်းပြု၍ဟောတော်မူ၏။ ။

ထိုကာလ၌ကား ခိုးသူတို့ကိုဘမ်း၍တမာသားတံကျင်၌ လျှိုကုန်သတတ်။ထိုအခါတမာပင်စောင့်နတ်သည် ဤအရပ်သို့လူတို့သည်လာကုန်၍ ဤခိုးသူကို ဘမ်းကုန်သည်ရှိသော် ဤတမာပင်၏ အခက်ကို ဖြတ်၍တံကျင်ပြု၍ ထိုခိုးသူကိုလျှိုကုန်ရာ၏၊ ဤသို့ပြုသည်ရှိသော် တမာပင်သည်ပျက်စီးလတ္တံ့။ ယခုထိုခိုးသူကိုဤတမာပင်မှ နှင်ထုတ်အံ့ဟုကြံ၏။ ကြံပြီး၍ထိုတမာပင်စောင့်နတ်သည် ထိုခိုးသူနှင့်တကွ စကားပြောလိုရကား။ ။

(၁၄၇) ဥဋ္ဌေဟိ စောရ ကိံ သေသိ၊ကော အတ္ထော သုပိနေန တေ။
မာ တံ ဂဏှေယျုံ ရာဇာနော၊ဂါမေ ကိဗ္ဗိသ-ကာရကံ။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၁၄၇) စောရ၊ခြစ်ပ် ဘောက်ထွင်း၊နှိပ်နင်းကလူ၊နှိပ်စက်ယူသည့်၊ခိုးသူမည်ရ၊မောင်စောရ။ဥဋ္ဌေဟိ၊ထလော့။ ကိံ၊အဘဲ့ကြောင့်။သေသိ၊အိပ်ဘိသနည်း။ တေ၊သင့်အား။သုပိနေန၊အိပ်ခြင်းဖြင့်။ ကောအတ္ထော၊အဘယ်အကျိုးရှိအံ့နည်း။ ဂါမေ၊ရွာ၌။ ကိဗ္ဗိသ-ကာရကံ၊ကြမ်းကြုတ်သောခိုးမှုကိုပြုတတ်သော။တံ၊သင့်ကို။ ရာဇာနော၊မင်းချင်းယောကျာ်းတို့သည်။မာဂဏှေယျုံ၊မဘမ်းစေကုန်လင့်။ ။ဤသို့ထိုခိုးသူကိုဆို၍မင်းချင်းယောကျာ်းတို့သည်သင့်ကိုမဘမ်းကုန်မီ တပါးသောအရပ်သို့သွားလေဟုခြောက်လှန့်၍ပြေးစေ၏။ ။

ခိုးသူပြေးသည်ရှိသော်၊ညောင်ဗုဒ္ဓဟောပင်စောင့်နတ်သည်။ ။

(၁၄၈) ယံ နု စောရံ ဂဟေဿန္တိ၊ဂါမေ ကိဗ္ဗိသ-ကာရကံ။
ကိံ တတ္ထ ပုစိမန္ဒဿ၊ဝနေ ဇာတဿ တိဋ္ဌတော။ ။

ဟူသောဒုတိယဂါထာကိုဆို၏။ ။

(၅၄၉) သမ္မ၊အဆွေ တမာပင်စောင့်နတ်။ ဂါမ၊ရွာ၌။ကိဗ္ဗိသ-ကာရကံ၊ ကြမ်းကြုတ်သော ခိုးမှုကို ပြုတတ်သော။ စောရံ၊ ခိုးသူကို။ ရာဇာနော၊ မင်းချင်းယောကျ်ားတို့သည်။ ယံဂဟေသုံ၊ အကြင်ဘမ်းခြင်းကိုပြုကုန်လတ္တံ့။တတ္ထ၊ထိုခိုးသူကိုဘမ်းသည်ရှိသော်။ ဝနေ၊တောသ၌။ဇာတသ၊ဖြစ်ထသော။တိဋ္ဌတော၊တော၌တည်ထသော။ပုစိမန္ဒဿ၊တမာပင်စောင့်နတ်အား။ကိံ နု၊အဘယ်ဖြစ်သနည်း။ ။

ထိုစကားကိုကြား၍တမာပင်စောင့်နတ်သည်။ ။

(၅၅၀) န တွံ အဿတ္ထ ဇာနာသိ၊မမ စောရဿ စ-န္တရံ။
စောရံ ဂဟေတွာ ရာဇာနော၊ဂါမေ ကိဗ္ဗိသ-ကာရကံ။
အပ္ပေန္တိ နိမ္ဗ-သူလသ္မိံ၊တသ္မိံ မေ သင်္ကတေ မနော။ ။

ဟူသော၌တတိယဂါထာကိုဆို၏။ ။

(၅၅၀) အဿတ္ထ၊ညောင်ဗုဒ္ဓဟောပင်စောင့်နတ်။ တွံ၊သင်သည်။မမ စ၊ငါ၏၎င်း။စောရဿစ၊ခိုးသူ၏၎င်း။ အန္တရံ၊တပေါင်းထည်း မနေသင့်သောအကြောင်းကို။ ဝါ၊နေ၍မတော်သောအကြောင်းကို။ နဇာနာသိ၊မသိ။ဂါမေ၊ရွာ၌။ ကိဗ္ဗိသ–ကာရကံ၊ ကြမ်းကြုတ်သောခိုးမှုကို ပြုတတ်သော။စောရံ၊ခိုးသူကို။ ရာဇာနော၊မင်းချင်းယောကျ်ားတို့သည်။ဂဟေတွာ၊ဘမ်း၍။ နိမ္ဗ-သူလသ္မိံ၊တမာသားတံကျင်၌။ အပ္ပေန္တိ၊လျှိုတပ်ကုန်၏။ဝါ၊လျှိုကုန်လတ္တံ့။တသ္မိံ၊ထိုအကြောင်း၌။မေ၊ငါ၏။မနော၊စိတ်သည်။ သင်္ကတေ၊ ရွံရှာ၏။ ။၌သို့ထိုရုက္ခစိုးနတ်တို့၏ အချင်းချင်းပြောဆိုကုန်စဉ်လျှင်၊ ဥစ္စာရှင်တို့သည် မီးရှူးကိုင်ကုန်လျက်ခြေရာသို့လျှောက်သောအားဖြင့်လာကုန်၍၊ခိုးသူ၏အိပ်ရာအရပ်ကိုမြင်ကုန်၍၊ အချင်းတို့၊ယခုပင်လျှင်ခိုးသူထ၍ပြေး၏။ ငါတို့သည်ခိုးသူကိုမရအပ်၊ အကယ်၍ရကုန်အံ့၊၌တမာပင်၏တံကျင်၌ခိုးသူကိုလျှို၍ တမာပင်၌ဆွဲ၍သွားကြကုန်အံ့ဟုဆို၍ထိုမှ၌မှလိုက်၍ခိုးသူကိုမမြင်၍လျှင်သွားကုန်၏။

ထိုလူတို့၏စကားကိုကြား၍ညောင်ဗုဒ္ဓဟောစောင့်နတ်သည်။ ။

(၅၅၁) သင်္ကေယျ သင်္ကိ-တဗ္ဗာနိ၊ရက္ခေယျာ-နာဂတံ ဘယံ။
အနာဂတ-ဘယာ ဓီရော၊ဥဘော လောကေ အဝေက္ခတိ။ ။

ဟူသော၌စတုတ္ထဂါထာကိုဆို၏။ ။

(၅၅၁) ဓီရော၊ပညာရှိသည်။ သင်္ကိ-တဗ္ဗာနိ၊ ရွံရှာအပ်သည်တို့ကို။ သင်္ကေယျ၊ ရွံရှာရာ၏။ အနာဂတံ၊လာလတ္တံ့သော။ ဘယံ၊ပစ္စုပ္ပန်ဘေး

သံသရာဘေးကို။ရဇ္ဇေယျ၊စောင့်ရှောက်ရာ၏။ အနာဂတဘယာအနာဂတဘယံ၊လာလတ္တံ့သောဘေးကို။ ဘာယမာနော၊ကြောက်သည်ဖြစ်၍။ဥဘောလောကေ၊ပစ္စုပ္ပန်လောက တမလွန်လောက နှစ်ပါးတို့ကို။ အဝေက္ခတိ၊ဥာဏ်ဖြင့်ရှု၏။ ။(ပစ္စုပ္ပန်ဘေးကိုကြောက်သောကြောင့်ပါပမိတ္တကိုကြဉ်ရှောင်သည်။ တမလွန်ဘေးကိုကြောက်သောကြောင့် ဒွါရသုံးပါးဖြင့်မကောင်းမှုဒုစရိုက်ကိုမပြုဟူလို)။ ။(ဂဇ္ဇေယျံ့လိုလျက်နိဂ္ဂဟိတ်ကျေသည်။ရာဇာနောတိရာဇပုရိသေသသန္တာယဝုတ္တံ။ ။ဒွာနှ၏အမည်ကိုဒွာနိ၌တင်စား၍၊ပုစိမန္ဒ,အဿတ္ထ,ဟုဆိုသည်)။ ။ပုစိမန္ဒဇာတကံ ပဌမံ။၃၁၁။

## ၃၁၂-ကဿပမန္ဒိယဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သောသဗ္ဗညုမြတ်စွာဘုရားသည်၊အပိကဿပမန္ဒိယာ,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော ဤကဿပမန္ဒိယဇာတ်ကို၊ဇေတဝန်ကျောင်းကြီး၌ သီတင်းသုံး နေတော်မူစဉ်၊ တပါးသော အသက်ကြီးသော ရဟန်းကို အကြောင်းပြု၍ဟောတော်မူ၏။ ။

ဘုရားလောင်းသည်နှစ်ယောက်ကုန်သော ရသေ့တို့ကို ဖြည်းညှင်းစွာဆောင်၍ ပရိက္ခရာကိုသိမ်း၍ အဘကို ရေချိုးစေ၍ ခြေဆေးခြင်းကျောက်ကိုဆုပ်နယ်ခြင်း အစရှိသည်တို့ကိုပြု၍ မီးအိုးခင်းကိုတည်၍ ပင်ပန်းခြင်းငြိမ်းပြီးသော် အဘ၏အနီး၌နေ၍၊ ခမည်းတော်၊သူငယ်တို့မည်သည်ကား၊မြေအိုးနှင့်တူကုန်၏၊တခဏဖြင့်လျှင်ကွဲတတ်ကုန်၏။ကွဲသောကာလမှစ၍ တဖန်စေ့စပ်ခြင်းငှါမတတ်နိုင်ကုန်။ သူငယ်တို့ကို၊ဆဲဆိုကုန်ငြားသော်လည်း ကြီးသောသူတို့ သည်းခံအပ်ကုန်၏ဟု ဆို၍ အဘကိုဆုံးမလိုရကား။ ။

(၅၅၂) အပိ ကဿပ မန္ဒိယာ၊ယုဝါ သမ္ဗဟိုဟန္တိ ဝါ။
သဗ္ဗံ ခမတေ ဓီရော၊ပဏ္ဍိတော တံ တိတိက္ခတိ။ ။
(၅၅၃) သစေပိ သန္တော ဝိဝဒန္တိ၊ခိပ္ပံ သန္ဓိယရေ ပုန။
ဗာလာ ပတ္တာဝ ဘိဇ္ဇန္တိ၊န တေ သမထမဇ္ဈဂူ။ ။
(၅၅၄) ဧတေ ဘိယျော သမာ ယန္တိ၊သန္ဓိ တေသံ န ဇီရတိ။
ယော စာဓိပန္နံ ဇာနာတိ၊ယော စ ဇာနာတိ ဒေသနံ။ ။

(၅၁၅) ဧတေဟိ ဥတ္တရိတရော၊ ဘာရ-ဝဟော ခရ-ဒ္ဒရော။
ယော ပရေသာ-ဓိပန္နာနံ၊ သယံ သန္ဓာတု-မရဟတိ။ ။
ဟူသောလေးဂါထာတို့ကိုဆို၏။ ။

(၅၁၂-၅၁၅) ကဿပ၊ ကဿပအနွယ်ဖြစ်သောဘာ၏။ မန္ဒိယာ၊ ပညာနည်းသည်၏အဖြစ်ကြောင့်။ ယုဝါ၊ သူငယ်တို့သည်။ သမ္မဒ္ဒံ၊ ဝါ၊ ပုတ်ခတ်မှုလည်းပုတ်ခတ်ကုန်ရာ၏။ ဝါ၊ ဆဲရေးမှုလည်းဆဲရေးကုန်ရာ၏။ (ဝါ, ဖြင့်ယူ)။ အဓိ၊ ထိုသို့ပင်ပုတ်ခတ်ဆဲရေးသော်လည်း ဇီဇော်ဒိဋ္ဌိဟ ပါပေါ၊ ထွံထွံပြုအပ်သော မကောင်းမှုရှိသော။ ဝါ၊ ကဲ့ရဲ့အပ်သောမ ကောင်းမှုရှိသောလုပ်မမာသည်။ တံသဗ္ဗံ၊ ထိုအလုံးစုံသူငယ်တို့သည်ပြု အပ်သောအဖြစ်ဒေါ်သကို။ ခမတေ၊ သည်းခံရာ၏။ ပဏ္ဍိတော၊ ပညာရှိ သောလူလိမ်မာသည်။ တံသဗ္ဗံ၊ ထိုအလုံးစုံသူငယ်တို့သည် ပြုအပ်သော အပြစ်ဒေါသကို။ တိတိက္ခတိ၊ သည်းခံသင့်၏။ ။ သန္တော၊ သူတော်ကောင်း တို့သည်။ သစေဗိဗိဝဒန္တိ၊ အကယ်၍မှုလည်း တစိုးတစ်အကြောင်းရှိ၍ ငြင်းခုံကြသည်ဖြစ်စေကုန်အံ့။ ပုန၊ တဘန်။ ခိပ္ပံ၊ လျင်စွာ။ သန္ဓိယရေ၊ မိတ် ခင်ပွန်း၏အဖြစ်ဖြင့်စေ့စပ်လွယ်ကြကုန်၏။ ဗာလာ၊ သူငယ်တို့မှကား။ ပ တ္တာဝ၊ မြေခွက်တို့ကဲ့သို့။ ဘိဇ္ဇန္တိ၊ ကွဲတတ်ကုန်၏။ တေ ဒါလာ၊ ထိုမြေခွက် နှင့်တူသောသူငယ်တို့သည်။ အပ္ပမတ္တကမ္ပိ၊ အနည်းငယ်မျှလည်းဖြစ်သော။ ဒိဝါဒံ၊ ငြင်းခုံခိုက်ရန်ကို။ ကတွာ၊ ပြုကုန်ကြ၍။ သမထံ၊ ရန်ငြိမ်းခြင်းကို။ န အဇ္ဈဂူ၊ မရကုန်။ ။ ယောစ၊ အကြင်သူသည်လည်း။ အဓိပန္နံ၊ မိမိ၏လွန် ကျူးမိသောအပြစ်ကို။ ဇာနာတိ၊ သိ၏။ ယောစ၊ အကြင်သူသည်သည်။ ဒေသနံ၊ မိမိ၏အပြစ်ကိုသိသောသူသည်ကြားအပ်သောအပြစ်ကို ကန့် တော့ခြင်းကို။ ပဋိဂ္ဂဏှာတုံ၊ ခံခြင်းငှါ။ ဇာနာတိ၊ သိ၏။ ဧတေ ဒွေ၊ ထိုနှစ်ယော် သောသူတို့သည်။ ဘိန္နာပိ၊ ကွဲပြားကြကုန်သော်လည်း။ ဘိယျော၊ တဘန်။ သမာယန္တိ၊ ညီညွတ်ခြင်းသို့ရောက်ကုန်၏။ ဧတေသံ၊ ထိုနှစ်ယောက်သော သူတို့၏။ သန္ဓိ၊ မိတ်ခင်ပွန်းအဖြစ်ဖြင့် စေ့စပ်ခြင်းသည်။ နဇီရတိ၊ မဆွေး မြည့်။ ဝါ၊ မပျက်စီး။ ။ ယော၊ အကြင်သူသည်။ အဓိပန္နာနံ၊ ဒေါသသည် နှိပ်စက်အပ်ကုန်သော။ ဝါ၊ လွန်ကျူး၍အပြစ်ကိုပြုတတ်ကုန်သော။ ပရေ သံ၊ သူတပါးတို့အား။ သယံ၊ မိမိသည်။ သန္ဓာတုံ၊ သာယာသောစကားဖြင့် စေ့စပ်ခြင်းငှါ။ အရဟတိ၊ ထိုက်၏။ သော ဝေ ရူပေါ၊ ဤသို့သူတပါး သည်မခံလေငြားလည်း ဖြားယောင်းသာယာမေတ္တာဂဟေစပ်ပေတတ်

သောသဘောရှိသော်သူသည်။ တေဟိ၊ထိုဆိုအပ်ပြီးသောသူနှစ်ဦးတို့ထက်။ဥတ္တရိတရော၊အထူးသဖြင့်အလွန်မြတ်သော။ ဘာရ-ဝဟော၊အဆွေခင်ပွန်း အဖြစ်တည်းဟူသောဝန်ကို ထမ်းနိုင်သောသူဟူ၍။ ဓုရန္ဓရော၊ အဆွေခင်ပွန်းအဖြစ်တည်းဟူသောဝန်ကိုဆောင်နိုင်သောသူဟူ၍။သန္ဓိ၊ခေါ်ဝေါ်ခြင်းသို့။ဂစ္ဆတိ၊ရောက်၏။ ။ဤသို့ဘုရားလောင်းသည်အဘအား အဆုံးအမကိုပေး၏။ ထိုအဘသည်လည်းထိုအခါမှစ၍ယဉ်ကျေးသည်ဖြစ်၏။ ။(ဓိရောတိမိက္ကတပါပေါ။(အဋ္ဌကထာ)။မိက္ကတပါပေါတိဂရဟိတပါပေါ။ရိကာဘွင့်သည်ကား။ ဓိရော,၌၊ဓိ,သဒ္ဒါသည်ဂရဟာအနက်ရှိသည်။ ဓိတေဿအတ္ထိတိဓိရော။ တေဿ၊ထိုသူအား။ဓိ၊ကဲ့ရဲ့စက်ဆုပ်အပ်သောမကောင်းမှုသည်။အတ္ထိ၊ရှိ၏။ဤသို့ဝိဂြိုဟ်ဆိုလိုသည်။ဓိဝါဝုစ္စတိပညာ။တာယသမန္နာဂတောတိအတ္ထော။အဋ္ဌကထာတနည်းလာပြန်သည်။ပဏ္ဍိတောတံတိတိက္ခတိ,ကား၊ဤစကား၏ပရိယာယ်တည်း။ဗုဒ္ဓတရံပနဗုဒ္ဓမဿောဝဝေဝစနံ။(ဋီကာအဋ္ဌကထာ)။ဥတ္တရာနံဝိသေသေန ဥတ္တရောတိဥတ္တရတရော,ဟူအင်္လျက်,ဗုဒ္ဓ,လာ၍။ ဥတ္တရိတရ,နေသည်။ဘာရဝဟော,ဓုရန္ဓရော,ကားဝေဝစနနှင်နှင်တည်း။သော,ကားယော၏နိယတ်ထည့်သည်။သောဟိ,ရှိမှု၊ဟိကိုဝိသေသတ္ထကြံ)။ ။

ကဿပမန္ဒိယဇာတကံ ဒုတိ,ယံ။၃၁၂။

၃၁၃-ခန္တိဝါဒီဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ ယောတေဟာတွေ့စပါဒေစ, အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော ဤခန္တိဝါဒီဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်၊ တပါးသောအမျက်ထွက်တတ်သောရဟန်းကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

မင်းသည်၊ရသေ့စဉ်းလဲ၊သင့်ခန္တိကို သင်သည်လျှင်ရှက်၍နေလော့ဟုဆို၍ ဘုရားလောင်းကိုရင်၌ခြေဖြင့်ကျောက်၍သွား၏။ ထိုမင်းသွားသည်ရှိသော်စစ်သူကြီးသည် ဘုရားလောင်း၏ကိုယ်မှ သွေးကိုသုတ်၍လက်,ခြေ,နား,နှာခေါင်းအစွန်းတို့ကို ပုဆိုးအိတ်ထောင့်၌ထည့်၍ဘုရားလောင်းကိုဖြည်းညင်းစွာထိုင်စေ၍ ရှိခိုးပြီးသော်တင့်အပ်စွာနေ၍၊ အ

သျှင်ဘုရား၊ အသျှင်ဘုရားတို့သည် အမျက်ထွက်လိုကုန်သည်ရှိသော်၊ အသျှင်ဘုရားတို့၌အပြစ်ပြုသောမင်းအားသာလျှင်အမျက်ထွက်ပါကုန်လော့။ တပါးသောသူတို့အား အမျက်မထွက်ပါကုန်လင့်ဟုတောင်းပန်လိုရကား။ ။

(၅၅၆) ယော တေ ဟတ္ထေ စ ပါဒေ စ၊ ကဏ္ဏ-နာသဉ္စ ဆေဒယိ။
တဿ ကုဇ္ဈ မဟာ-ဝီရ၊ မာ ရဋ္ဌံ ဝိနာသ ဣဒံ။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၅၅၆) မဟာ-ဝီရ၊ ကြီးသော လုံ့လရှိသော သျှင်ရသေ့။ ယော၊ အကြင်ကလာဗုမင်းသည်။ တေ၊ အသျှင်ရသေ့၏။ ဟတ္ထေစ၊ လက်တို့ကိုရင်း။ ပါဒေစ၊ ခြေတို့ကိုရင်း။ ကဏ္ဏ-နာသဉ္စ၊ နား-နှာခေါင်းကိုရင်း။ ဆေဒယိ၊ ဖြတ်၏။ တဿ၊ ထိုကလာဗုမင်းအား။ ကုဇ္ဈ၊ အမျက်ထွက်လော့။ ဣဒံ ရဋ္ဌံ၊ ဤနိုင်ငံရာဇကာသိကတိုင်းကို။ မာ ဝိနာသ၊ မဖျက်ဆီးပါလင့်။ ။

ထိုစကားကိုကြား၍ဘုရားလောင်းသည်။ ။

(၅၅၇) ယော မေ ဟတ္ထေ စ ပါဒေ စ၊ ကဏ္ဏ-နာသဉ္စ ဆေဒယိ။
စိရံ ဇီဝတု သော ရာဇာ၊ န ဟိ ကုဇ္ဈန္တိ မာဒိသာ။ ။

ဟူသောဒုတိယဂါထာကိုဆို၏။ ။

(၅၅၇) ယော၊ အကြင်ကလာဗုမင်းသည်။ မေ၊ ငါ၏။ ဟတ္ထေစ၊ လက်တို့ကိုရင်း။ ပါဒေစ၊ ခြေတို့ကိုရင်း။ ကဏ္ဏ-နာသဉ္စ၊ နား-နှာခေါင်းကိုရင်း။ ဆေဒယိ၊ ဖြတ်၏။ သော ရာဇာ၊ ထိုကလာဗုမင်းသည်။ စိရံ၊ ကြာမြင့်စွာ။ ဇီဝတု၊ အသက်ရှည်စေသတည်း။ မာဒိသာ၊ ငါကဲ့သို့သော ပညာတူသောလူသမ္မာတို့သည်။ န ဟိ ကုဇ္ဈန္တိ၊ အမျက်မထွက်ကုန်သလျှင်ကတည်း။ ။

မင်းသည် ဥယျာဉ်မှထွက်၍ ဘုရားလောင်း၏မြင်ကောင်းသောအရပ်ကိုလွန်သောကာလ၌လျှင် ယူဇနာနှစ်သိန်းလေးသောင်းအထုရှိသော ဤမြေကြီးသည် ဂဝီဖြင့်ဘွဲ့သော ပုဆိုးကဲ့သို့ကွဲ၏။ အဝီစိမှ မီးလျှံသည် ထွက်၍ မင်းကိုအမျိုးပေးသောကမ္ဗလာနီဖြင့်ရုံသကဲ့သို့ရုံ၍ယူ၏။ ထိုကလာဗုမင်းသည်ဥယျာဉ်တံခါး၌လျှင်မြေသို့ဝင်၍ အဝီစိငရဲကြီး၌တည်၏။ ဘုရားလောင်းသည်လည်း ထိုနေ့ ထိုဥယျာဉ်၌လျှင် လွန်၏။ မင်း၏ပရိသတ်တို့သည်ရင်း၊ ပြည်သူတို့သည်ရင်းနံ့သာပန်းအခိုးအထုံလက်စွဲကုန်လျက်လာလတ်ကုန်၍ဘုရားလောင်း၏အလောင်းကိုသဂြိုဟ်ကုန်၏။ ။

သဗ္ဗညုမြတ်စွာဘုရားသည်ဘုရားဖြစ်တော်မူပြီး၍။ ။

(၁၁၈) အဟုံ အတီတ-မဒ္ဒါနေ၊သမဏော ခန္တိ-ဒိပနော။
တံ ခန္တိယာ ယေ-ဝ ဌိတံ၊ကာသိရာဇာ အဆေဒယိ။ ။
(၁၁၉) တဿ ကမ္မ-ဖရုသဿ၊ဝိပါကော ကဋုကော အဟု။
ယံ ကာသိရာဇာ ဝေဒေသိ၊ နိရ ယမှိ သမပ္ပိတော။ ။
ဟူသော ဤနှစ်ဂါထာတို့ကိုဟောဘောင်မူ၏။ ။

(၁၁၈-၁၁၉) အတိတမဒ္ဒါနေ၊လွန်လေပြီးသောအခါ၌။ခန္တိဒိပနော၊သည်းခံခြင်းကျေးဇူးကိုပြတတ်သော။ သမဏော၊ရသေ့ရဟန်းသည်။ အဟု၊ဖြစ်ပြီ။ ခန္တိယာယေဝ၊သည်းခံခြင်း၌သာလျှင်။ဌိတံ၊တည်သော။ တံ၊ထိုရသေ့ကို။ ကာသိရာဇာ၊ကလာဗုမည်းသော ကာသိမင်းသည်။အဆေဒယိ၊သတ်ဖြတ်စေပြီ။ ။ကာသိရာဇာ၊ကလာဗုမည်သော ကာသိမင်းသည်။နိရယမှိ၊အဝီစိငရဲကြီး၌။သမပ္ပိတော၊ကပ်ရောက်သည်ဖြစ်၍။တဿကမ္မဖရုသဿ၊ထိုကြမ်းကြုတ်သော မကောင်းမှုကံ၏။ ယံဝိပါကံ၊ အကြင်မကောင်းကျိုးကို။ ဝေဒေသိ၊ခံစားရ၏။ သော၀ိပါကော၊ထိုမကောင်းကျိုးသည်၊ကဋုကော ပြင်းထန်သေးဆင့်ခဲ့သည်။ အဟု၊ဖြစ်ပြီ။ ။(အဟုံအတီတမဒ္ဒါနေ၌ သန်းအလိုငှာ နိဂ္ဂဟိတ်လာသည်)။ ။ခန္တိဝါဒီဇာတကံ တတိယံ။၁၁၃။

⁂

၁၁၄-လောဟကုမ္ဘီဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သောသဗ္ဗညုမြတ်စွာဘုရားသည်၊ ဒုဿ၀ိတံ,အစရှိသောဂါထာပုဒ်ဖြင့် တန်ဆောင်အပ်သော၏လောဟကုမ္ဘီဇာတ်ကို၊ဇေတဝန်ကျောင်းကြီး၌သီတင်းသုံးနေတော်မူစဉ်၊ကောသလမင်းကြားကြားပြုခဲ့သည်ဟောတော်မူ၏။ ။

ထိုအခါမင်းသည်ဘုရားသောင်းကိုရှိခိုး၍ တင့်အပ်ပျောက်ပတ်စွာနေလျက်၊အသျှင်ဘုရား၊အသျှင်ဘုရားတို့သည်အကျွန်ုပ်အား ကြားအပ်သောအသံတို့၏ဖြစ်ခြင်းကိုသိကုန်သောဟူသည်မှန်သလောဟုမေး၏။ မြတ်သောမင်းကြီး၊သိသည်မှန်၏ဟုဆို၏၊ အသျှင်ဘုရား၊ဆိုတော်မူကုန်လော့ဟုလျှောက်၏။မြတ်သောမင်းကြီး၊ထိုသူတို့သည် ရှေးဘဝ၌သူတပါးတို့သည်စောင့်ရှောက်ထိန်းသိမ်းအပ်သော မိန်းမတို့၌သွားလာကုန်၍ဗာရာဏသီ၏အနီးလေးခုကုန်သော လောဟကုမ္ဘီငရဲတို့၌ဖြစ်ကုန်၍

ကျိုက်ကျိုက်ဆူသောဆားငန်ရေဖြင့် အမြှုပ်ထလျက် ကျက်ကုန်၍အနှစ်ခြောက်သောင်းတို့ပတ်လုံး အောက်သို့သွား၍ ငရဲအိုးအပြင်သို့ရောက်၍အထက်သို့တက်ကုန်သော်အနှစ်ခြောက်သောင်းပြစ်လျှင်ငရဲအိုးမျက်နှာကိုမြင်၍အပကိုကြည့်၍လေးယောက်သောသူတို့သည် လေးဂါထာတို့ကို ပြည့်စုံစွာဆိုကုန်လျက်လည်း ဆိုအံ့သောငှာ မတတ်နိုင်ကုန်၍တလုံးတလုံးသောအက္ခရာကိုသာလျှင်ဆိုကုန်၍ တဖန်လောဟကုမ္ဘိငရဲ၌သာလျှင်နစ်ပြန်ကုန်၏။ထိုလေးယောက်သောသူတို့တွင်၊ဒု,အက္ခရာကိုဆို၍ နစ်သောသတ္တဝါသည်။ ။

(၅၆၀) ဒုဇ္ဇီဝိတ-မဇီဝိမှ၊ ယေသံ နော န ဒဒါမှသေ။
ဝိဇ္ဇမာနေသု ဘောဂေသု၊ ဒီပံ နာကမှ အတ္တနော။ ။

ဟူ၍ ဆိုလို၏။ ထိုဂါထာကို ပြည့်စုံစွာပြု၍ မဆိုနိုင်ဟု ဆို၍၊ ဘုရားလောင်းသည် မိမိဉာဏ်ဖြင့် ထိုဂါထာကိုပြည့်စုံစွာပြု၍ဟော၏။ ကြွင်းသောဂါထာတို့၌လည်း၊ဤနည်းအတိုင်းလျှင်သိအပ်၏။ ။

သ,အက္ခရာကိုဆိုသောသူ၏အလိုဖြစ်သောဂါထာကား။ ။

(၅၆၁) သဋ္ဌိ-ဝဿ-သဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော။
နိရယေ ပစ္စမာနာနံ၊ ကဒါ အန္တော ဘဝိဿတိ။ ။

ဟူသည်တည်း။ ။

န,အက္ခရာကိုဆိုသောသူ၏အလိုဖြစ်သောဂါထာကား။ ။

(၅၆၂) နတ္ထိ အန္တော ကုတော အန္တော၊ န အန္တော ပဋိဒိဿတိ။
တဒါ ဟိ ပကတံ ပါပံ၊ မမ တုယှဉ္စ မာရိသ။ ။

ဟူသည်တည်း။ ။

သော,အက္ခရာကိုဆိုသောသူ၏အလိုဖြစ်သောဂါထာကား။ ။

(၅၆၃) သောဟံ နူန ဣတော ဂန္တွာ၊ ယောနိံ လဒ္ဓါန မာနုသိံ။
ဝဒညူ သီလ-သမ္ပန္နော၊ ကာဟာမိ ကုသလံ ဗဟုံ။

ဟူသည်တည်း။ ။

(၅၆၀-၅၆၃) ယေသံနော ယေမယံ၊အကြင်ငါတို့သည်။ ဒုဇ္ဇီဝိတံ၊ ယုတ်မာသော အသက်မွေးခြင်းကို။ အဇီဝိမှ၊ အသက်မွေး မိကုန်၏။ ဘောဂေသု၊စည်းစိမ်ဥစ္စာတို့သည်။ ဝိဇ္ဇမာနေသု၊ ရှိကုန်လျက်။ နဒဒါမှသေ၊မပေးမလှူကုန်။အတ္တနော၊မိမိ၏၊ဒီပံ၊တည်ရာကိုင်းကျွန်းသဘွယ်ဖြစ်သော ကုသိုလ်ကို။နအကမှ၊မပြုမိကုန်။ ။နိရယေ၊ငရဲ၌။ ပစ္စမာနာ

နံ၊ ကျက်ရကုန်သောပါဠိတို့အား။သဗ္ဗသော၊ ခပ်သိမ်းသောအခြင်းအရာအားဖြင့်။ သမ္ဗိဝဿသဟဿာနိ၊ အနှစ်ခြောက်သောင်းတို့သည်။ ပရိပုဏ္ဏာနိ၊ ပြည့်စုံကုန်ပြီ။ကဒါ၊အဘယ်နံ့။အန္တော၊အဆုံးသည်။ ဘဝိဿတိ၊ဖြစ်လတ္တံ့နည်း။ ။မာရိသ၊ ငါနှင့်တူသောအဆွေ။ မမ၊ငါသည် ၎င်း။ တုယှဥ္စ၊သင်သည်၎င်း။ တဒါဟိ၊ထိုသို့ရှေးလူစစ်ဖြစ်သောအခါ၌သာလျှင်။ ပါပံ၊မကောင်းမှုဒုစရိုက်ကို။ ပကတံ၊ များစွာပြုအပ်ပြီ။တေနကာရဏေန၊ ထိုသို့အကုသိုလ်များစွာပြုမိသောကြောင့်လျှင်။ အန္တော၊အဆုံးသည်။ နတ္ထိ၊မရှိ။ကုတော၊အဘယ့်ကြောင့်။အန္တော၊ အဆုံးအပိုင်းအခြားသည်။ အတ္ထိ၊ရှိအံ့နည်း။ အန္တော၊ဤမည်သောကာလလွတ်လတ္တံ့ဟူသောအပိုင်းအခြားသည်။နပဋိဒိဿတိ၊မထင်။ ။သောအဟံ၊ထိုငါသည်။ဣတော၊ ဤငရဲမှ။ဂန္တွာ၊သွား၍။မာနုသိံ၊လူဖြစ်သော။ယောနိံ၊အမျိုးကို။လဒ္ဓါန၊ရ၍။ဝဒညူ၊အလှူခံသောသူ၏ စကားကိုသိသည်။ သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံသည်။ဟုတွာ၊ဖြစ်၍။နူန၊စင်စစ်သဖြင့်။ ဗဟုံ၊များစွာသော။ကုသလံ၊ဒါနသီလစသည် ထိုထိုကုသိုလ်တရားကို။ကာဟာမိ၊ပြုအံ့။ ။လောဟကုမ္ဘိဇာတကံ စတုတ္ထံ။၃၁၄။

၃၁၅-သဗ္ဗမံသလာဘဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သောသဗ္ဗညုမြတ်စွာဘုရားသည်၊ ဖရုသာဝတတောဝါစာ,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သောဤသဗ္ဗမံသလာဘဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဥ်၊အသျှင်သာရိပုတ္တရာမထေရ်သည် ဝမ်းကျဆေးသောက်ကုန်သော ရဟန်းတို့အား ပေးအပ်သော အမဲအရသာဆွမ်းကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ထိုအခါတနေ့သ၌ တယောက်သော မုဆိုးသည် များစွာသောအသားကိုရ၍ယာဥ်ကိုပြည့်စေ၍ရောင်းအံ့ဟုမြို့သို့လာ၏။ ထိုအခါဗာရာဏသီပြည်၌နေသောလေးယောက်ကုန်သော သူဌေးသားတို့သည်မြို့မှထွက်၍ ဘခုသောလမ်း၏ အနီး၌တစုံတခု ကြားဘူးမြင်ဘူးသည်ကိုပြောဆိုကုန်လျက်နေကုန်၏။ ထိုလေးယောက်ကုန်သော သူဌေးသားတို့တွင်တယောက်သောသူဌေးသားသည် အမဲယာဥ်ကိုမြင်၍ ထိုအမဲ

ရောင်းသောမုဆိုးကို အမဲတုံးကိုပေးစေအံ့ဟုဆို၏။ သွားလေ့သော်ဆောင်ချေလော့ဟုဆိုကြကုန်၏။ ထိုသူဌေးသားသည်မုဆိုးသို့ကပ်၍၊ ဟယ်မုဆိုး၊ ငါ့အားအမဲတုံးကိုပေးလော့ဟုဆို၏။မုဆိုးသည်၊အဆွေ၊တရံတခါကိုတောင်းသောသူမည်သည်ကား၊ချစ်ဘွယ်သော စကားကိုဆိုရာ၏။ သင်ဆိုအပ်သောစကားအားလျော်သောအမဲတုံးကိုရလတ္တံ့ ဟုဆို၍။ ။

(၅၆၄) ဖရုသာ ဝတ တေဝါစာ၊သမ္မ ယာစနကော အသိ။
ကိလောမ-သဒိသီ ဝါစာ၊ကိလောမံ သမ္မ ဒမ္မိ တေ။ ။

ဟူသော၌ပဌမဂါထာကိုဆို၏။ ။

(၅၆၄) သမ္မ၊အဆွေ။တွံ၊သင်သည်။ယာစနကော၊ တောင်းသည်။ အသိ၊ဖြစ်၏။ တေ၊သင်၏။ ဝါစာ၊စကားသည်။ ဝတ၊စင်စစ်။ဖရုသာ၊ကြမ်း၏။တေ၊သင်၏။ဝါစာ၊စကားသည်။ ကိလောမ-သဒိသီ၊အမွေးနှင့် တူ၏။ သမ္မ၊အဆွေ။တေ၊သင့်အား။ကိလောမံ၊အမွေးကို။ ဒမ္မိ၊ပေးအံ့။ ။၌အမွေးကိုယူလော့။ သင့်စကားနှင့် တူသောအမွေးကိုငါပေး၏ဟုဆို၍အသားအသွေးမရှိသောအမွေးကိုယူ၍ပေး၏။

ထိုအခါတယောက်သောသူဌေးသားသည်၊ ထိုသူဌေးသားကို အဘယ်သို့ဆို၍တောင်းသနည်းဟုမေး၏။ ဟယ်ဆို၍တောင်း၏ဟုဆို၏။ ထိုသူဌေးသားသည်ငါလည်း မုဆိုးကိုတောင်းအံ့ဟုဆို၍၊ သွား၍၊အစ်ကိုယ်ကြီး၊ ငါ့အားအမဲတုံးကိုပေးပါလော့ဟုဆို၏။ မုဆိုးသည်သင့်စကားအား လျော်သောအမဲတုံးကိုရလတ္တံ့ဟုဆို၍။ ။

(၅၆၅) အင်္ဂ•မေတံ မနုဿာနံ၊ဘာတာ လောကေ ပဝုစ္စတိ။
အင်္ဂ•ဿဒိသီ တေ ဝါစာ၊အင်္ဂံ သမ္မ ဒဒါမိ တေ။ ။

ဟူသော၌ဒုတိယဂါထာကိုဆို၏။ ။

(၅၆၅) လောကေ၊လူ့ရွာ၌။ ဘာတာ၊ညီအစ်ကိုယ်ဟူသော။ယဒိဒံ ယံဝစနံ၊အကြင်စကားသည်။အတ္ထိ၊ရှိ၏။ တေ၊ညီအစ်ကိုယ်ဟူသော၌စကားကို။မနုဿာနံ၊လူတို့၏။အင်္ဂသဒိသတ္တာ၊အင်္ဂါနှင့်တူသည် အဖြစ်ကြောင့်။အင်္ဂံ၊ကိုယ်အင်္ဂါဟူ၍။ပဝုစ္စတိ၊ဆိုအပ်၏။တေ၊သင်၏။ဝါစ ာ၊စကားသည်။အင်္ဂသဒိသီ၊ကိုယ်အင်္ဂါနှင့်တူ၏။ သမ္မ၊အဆွေ။ တေ၊သင့်အား။အင်္ဂံ၊ကိုယ်သားကို။ ဒဒါမိ၊ပေးအံ့။ ။၌သို့ဆို၍ကိုယ်သားကိုယူ၍ပေး၏။ ။

ထိုသူဌေးသားကို တယောက်သော သူဌေးသားသည် အဘယ်သို့ဆို၍တောင်းသနည်းဟုမေး၏၊အစ်ကိုယ်ဆို၍ တောင်း၏ဟုဆို၏။ထိုသူဌေးသားသည်ငါလည်းမုဆိုးကိုအမဲတောင်းအံ့ဟုဆို၍၊ အဘ၊ငါ့အား အမဲတုံးကိုပေးပါဟုဆို၏။မုဆိုးသည်သင့်စကားအား လျော်သောအမဲကိုရလတ္တံ့ဟုဆို၍။ ။

(၅၄၆) တာတာ·တိ ပုတ္တော ဝဒမာနော၊သမ္ပေတိ ဟဒယံ ဗိတု။
ဟဒယ·ဿဒိသိ ဝါစာ၊ဟဒယံ သမ္မ ဒမ္ဘိ တေ။ ။

ဟူသော၍တတိယဂါထာကိုဆို၏။ ။

(၅၄၆) တာတာတိ၊အဘဟူ၍။ ဝဒမာနော၊ဆိုသော။ ပုတ္တော၊သားသည်။ပိတု၊အဘ၏။ဟဒယံ၊နှလုံးကို။သမ္ပေတိ၊ငြိမ်းဖေးစေ၏။သမ္မ၊အဆွေ။တေ၊သင်၏။ဝါစာ၊စကားသည်။ဟဒယဿဒိသိ၊နှလုံးသားနှင့်တူ၏။တေ၊သင့်အား။ဟဒယံ၊နှလုံးသားကို။ဒမ္ဘိ၊ပေးအံ့။ ။ဤသို့ဆို၍နှလုံးသားနှင့်တကွကောင်းသောအသားကိုပေး၏။ ။

ထိုသူဌေးသားကိုလေးယောက်မြောက်ဖြစ်သောသူဌေးသားသည်အဘယ်သို့ဆို၍သင်တောင်းသနည်းဟုမေး၏။အဘဆို၍တောင်း၏ဟုဆို၏။ ထိုသူဌေးသားသည်ငါလည်း တောင်းအံ့မှာဆို၍၊အဆွေခင်ပွန်း၊ငါ့အား အမဲတုံးကိုပေးပါလော့ဟုဆို၏။မုဆိုးသည်သင့်စကားအား လျော်သောအမဲကိုရလတ္တံ့ဟုဆို၍။ ။

(၅၄၇) ယဿ ဂါမေ သခါ နတ္ထိ၊ယထာ·ရညံ့ တထေဝ·တံ။
သဗ္ဗဿ-သဒိသိ ဝါစာ၊သဗ္ဗံ သမ္မ ဒဒါမိ တေ။ ။

ဟူသော၍စတုတ္ထဂါထာကိုဆို၏။ ။

(၅၄၇) ယဿ၊အကြင်သူအား။ ဂါမေ၊ရွာ၌။ သခါ၊အဆွေခင်ပွန်းသည်။နတ္ထိ၊မရှိ။ တဿ၊ထိုသူ၏။ တံဌာနံ၊ထိုအရပ်သည်။ အမနုဿံ၊လူဆိတ်သော။အရညံ့ယထာ၊တောကဲ့သို့။တထေဝ၊ထို့အတူလျှင်။သူညံ့၊အဆွေခင်ပွန်းမှဆိတ်သည်။ ဟောတိ၊ဖြစ်၏။ ဣတိတသ္မာ၊ထို့ကြောင့်။ တေ၊သင်၏၊ အယံဝါစာ၊ ဤစကားသည်။ သဗ္ဗဿသဒိသိ၊စွန့်ကြဲအပ်သောအလုံးစုံသောမိမိဥစ္စာနှင့်တူ၏။ တသ္မာ၊ထို့ကြောင့်။ သမ္မ၊အဆွေ။ တေ၊သင့်အား။သဗ္ဗံ၊ဤအလုံးစုံသောငါ၏ဥစ္စာအမဲကို။ဒဒါမိ၊ပေးအံ့။ ။ဤသို့ဆို၍၊အဆွေ၊သားလော့၊အလုံးစုံလျှင် ဖြစ်သော ဤယာဉ်၌ တင်သောအမဲကိုသင့်အိမ်သို့ဆောင်အံ့ဟုဆို၏။သူဌေးသားသည် မုဆိုးကို ယာဉ်

ကိုနှင်စေလျက်၊ မိမိအိမ်သို့အမဲကို ဆောင်ခဲ့စေ၍ မုဆိုးအားပေးကမ်း ပူဇော်ခြင်းကိုပြု၍ မုဆိုး၏သားမယားကိုလည်း ခေါ်စေ၍ မုဆိုးအမှုမှ ကြဉ်စေ၍မိမိဥယျာဉ်အလယ်၌ နေစေလျက်၊မုဆိုးနှင့်တကွ အဆွေခင်ပွန်း အဖြစ်မှမကွဲမပျက်သည်ဖြစ်၍ အသက်ထက်ဆုံး ညီညွတ်သင့်တင့်ကြ နေကုန်၏။ ။(အင်္ဂသဒ္ဒီသိတောဝါစာ,ဆိုအပ်လျက်ရှိကြောင့်ကိုင်၍သသမွေး ဘော်,သိ,၌ဤ,ကိုရသာပြု၍အင်္ဂသာသဒ္ဒီသိ,ဆိုသည်။ ။ဟဒယသ ဒ္ဒိသိ,၌ကား ရသာမပြုရပြီ။ သသာတေသာသံသာဟူ သိ။ သသမွေးဘော် ရောက်သည်။ ။သမ္ဗန္ဓအတ္တနောသန္တကေနပိစာဂေနသဒ္ဒီတိသဗ္ဗ သသဒ္ဒိသိ။ဟူသောအနက်ကိုမှတ်ရမည်)။ ။သဒ္ဒမ္မိသာလာဘာဇာတ ကံ ပဉ္စမံ။၃၁၅။

---

## ၃၁၆-သသပဏ္ဍိတဇာတ်။

နတ်နှင့်တကွသောလောကကိုချီးမတော်မူတတ်သောသဗ္ဗညုမြတ်စွာဘုရားသည်၊ သဗ္ဗမေရောပဂိတာမန္တွာ, အစရှိသော ဂါထာပုဒ်ဖြင့် တန်းဆာ ဆင်အပ်သော ဤသသပဏ္ဍိတဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ ခပ်သိမ်းသောပရိက္ခရာအလှူကို အကြောင်းပြု၍ဟောတော်မူ၏။ ။

ဘုရားလောင်းသည်ကားအချိန်၌သာလျှင်နေရာမှထွက်၍နေစာမြက်တို့ကိုစားအံ့ဟုမိမိနေရာချုံ၌လျှင် ဝပ်၍ မိမိသီလကိုဆင်ခြင်လျက် ငါ့အထံသို့လာကုန်သောအလှူခံတို့သည် မြက်ကိုစားခြင်းငှါမတတ်ကောင်းကုန်၊နှမ်း,ဆန်,အစရှိသည်တို့သည်လည်း ငါ့အားမရှိကုန်။ငါ့အထံသို့အလှူခံသည်အကယ်၍လာငြားအံ့၊ကိုယ့်အသားကိုလှူအံ့ဟုကြံ၏။ ဘုရားလောင်းသီလတန်းခိုးအားဖြင့်သိကြားမင်း၏ပဏ္ဍုကမ္ဗလာကျောက်နေရာသည် ပူသောအခြင်းအရာကိုပြု၏။ သိကြားမင်းသည် ဆင်ခြင်လတ်သော် ထိုအကြောင်းကိုမြင်၍ ယုန်မင်းကိုစုံစမ်းအံ့ဟုရှေးဦးစွာဖျံ၏နေရာသို့သွား၏၊ပုဏ္ဏားအသွင်ဖြင့်ရပ်၏။ပုဏ္ဏား၊အဘယ်အကျိုးငှါ ရပ်သနည်းဟုမေးလတ်သော်၊ ပညာရှိ၊ တဖုံတခုသော အာဟာရကိုရသော် ဥပုသ်ဆောက်တည်၍နေအံ့ဟုရပ်၏ဟု၍ဆို၏။ ဖျံသည်ကောင်းပြီ၊သင့်အားအာဟာရကိုပေးအံ့ဟုသိကြားနှင့်တကွစကားပြောလိုရကား။ ။

(၅၆၇) သဗ္ဗေ ပေ ရောဟိတာ မစ္ဆာ၊ ဥဒကာ ထလ·မုဗ္ဘတာ။
ဣဒံ ဗြာဟ္မဏ မေ အတ္ထိ၊ ဧတံ ဘုတွာ ဝနေ ဝသ။ ။

ဟူသောရှေးဦးစွာသော ဂါထာကိုဆို၏။ ။

(၅၆၇) ဗြာဟ္မဏ၊ ပုဏ္ဏားး။ မေ၊ ငါ့အား။ ဥဒကာ၊ ရေမှ။ ထလံ၊ ကြည်းကုန်းသို့။ ဥဗ္ဘတာ၊ တံငါသည် ဆယ်တင်အပ်ကုန်သော။ သဗ္ဗေ၊ ခုနစ်ကောင်ကုန်သော။ ရောဟိတာမစ္ဆာ၊ ငါးကြင်းတို့သည်၊ သန္တိ၊ ရှိကုန်၏။ မေ၊ ငါ့အား။ ဣဒံသန္တကံ၊ ဤငါးကြင်းဥစ္စာသည်။ အတ္ထိ၊ ရှိ၏။ ဧတံမစ္ဆာဟာရံ၊ ဤငါ၏ဥစ္စာဖြစ်သော ငါးအာဟာရကို။ ပစိတွာ၊ အလိုအလျောက်ဖုတ်ကင်ကြော်ချက်၍။ (ထည့်)။ ဘုတွာ၊ စား၍။ ယထာ-သုခံ၊ ချမ်းသာသည့်အလျောက်။ သမဏ-ဓမ္မံ၊ ရဟန်းတရားကို။ ကရောန္တော၊ ပြုလျက်။ ရမ္မဏီယေ၊ မွေ့လျော်ဘွယ်ရှိသော်။ ဣမသ္မိံ၊ ဤ။ ဝနေ၊ သစ်ပင်ရင်း၌။ နိသိန္နော၊ နေလျက်။ ဝနေ၊ ဤတော၌။ ဝသ၊ သီတင်းသုံးနေလော့။ ။

ပုဏ္ဏားသည်ရှိစေဦး၊ စောသေး၏။ နောက်မှသိရအံ့ဟုဆို၍ မြေခွေး၏အထံသို့သွား၏။ မြေခွေးသည်လည်း အဘယ်အကျိုးငှါ ရပ်သနည်းဟု မေးသည်ရှိသော်၊ ထိုရှေးအတူသာလျှင်ဆို၏။ မြေခွေးသည် ကောင်းပြီ၊ လှူအံ့ဟုထိုသိကြား နှင့်တကွ စကားပြောလိုရကား။ ။

(၅၆၈) ဒုဿ မေ ခေတ္တ-ပါလဿ၊ ရတ္တိံ ဘတ္တံ အပါ·ဘတံ။
မံသ-သူလာ စ ဒွေ ဂေါဓာ၊ ဧကဉ္စ ဒဓိ ဝါရကံ။
ဣဒံ ဗြာဟ္မဏ မေ အတ္ထိ၊ ဧတံ ဘုတွာ ဝနေ ဝသ။ ။

ဟူသောဤဒုတိယဂါထာကိုဆို၏။ ။

(၅၆၈) ဗြာဟ္မဏ၊ ပုဏ္ဏားး။ ခေတ္တပါလဿ၊ ငါ့နေရာမှ မဝေးလွန်းသောအရပ်ဝယ် လယ်စောင့်သော။ အဒုဿအမုဿ၊ အသူသို့သောယောကျ်ား၏။ ရတ္တိံဘတ္တံ၊ ညဉ့်စားသောအစာကို။ မေ၊ ငါသည်။ အပိ၊ စင်စစ်။ အာဘတံ၊ ဆောင်အပ်၏။ ဒွေ၊ နှစ်ခုကုန်သော။ မံသ-သူလာစ၊ အမဲတံစို့တို့ရင်း။ ဂေါဓာ၊ ဖွတ်တကောင်ရင်း။ ဧကံဒဓိဝါရကဉ္စ၊ နို့ဓမ်းအိုးတလုံးရင်း။ ဣဒံဧတ္တကံ၊ ဤမျှသောဥစ္စာသည်။ မေ၊ ငါ့အား။ အတ္ထိ၊ ရှိ၏။ ဧတံသဗ္ဗံပိ၊ ဤအလုံးစုံသော ငါ့ဥစ္စာကိုလည်း။ ဘုတွာ၊ ဖုတ်ကင်ချက်ကြော် အလိုအားလျော်စွာ ပရိဘုတ်၍။ ဥပေါသထိကော၊ ဥပုသ် သုံးသည်။ ဟုတွာ၊ ဖြစ်၍။ ရမ္မဏီယေ၊ မွေ့လျော်ဘွယ်သော်။ ဣမသ္မိံ၊ ဤ။ ဝနေ၊ သစ်ပင်ရင်း

၌။နိသိဒိတွာ၊နေ၍။သမဏဓမ္မံ၊ရဟန်းတရားကို။ ကရောန္တော၊ ပြုလျက်။ ဝနေ၊ ဤသည့်တော၌။ဝသ၊သီတင်းသုံးလော့။ ။

ပုဏ္ဏားသည်ရှိစေဦး၊စောသေး၏၊နေ့ဝံမှသိရအံ့ဟုဆို၍မျောက်၏အထံသို့သွား၏။မျောက်သည်လည်းအဘယ်အကျိုးငှါ ရပ်လာသနည်းဟုမေးသည်ရှိသော်၊ထိုရှေးအတူသာလျှင်ဆို၏။မျောက်သည် ကောင်းပြီ လှူအံ့ဟုသိကြားမင်းနှင့်တကွပြောလိုရကား။ ။

(၅၇၀) အမ္ဗ-ပက္ကံ ဒကံ သီတံ၊သီတ-စ္ဆာယာ မနော-ရမာ။
ဣဒံ ဗြာဟ္မဏ မေ အတ္ထိ၊ဧတံ ဘုတွာ ဝနေ ဝသ။ ။

ဟူသော၌တတိယဂါထာကိုဆို၏။ ။

(၅၇၀) ဗြာဟ္မဏ၊ပုဏ္ဏား။ မေ၊ငါ့အား။ အမ္ဗ-ပက္ကံ၊ချိုမြိန်သောအရသာရှိသောသရက်သီးမှည့်ရင်း။သီတံ၊အေးသော။ဒကံ၊ဂင်္ဂါရေရင်း။မနော ရမာ၊နှလုံးမွေ့လျော်ဘွယ်ရှိသော။သီတစ္ဆာယာ၊ချမ်းအေးသောအရိပ်ရင်း။ ဣဒံဧတ္တကံ၊ဤမျှသောဥစ္စာသည်။အတ္ထိ၊ရှိ၏။ ဧတံသဗ္ဗံ၊ဤအလုံးစုံသော ဥစ္စာကို။ဘုတွာ၊အလိုအလျောက်ပရိဘုတ်၍။ သမဏဓမ္မံ၊ရဟန်းတရား ကို။ကရောန္တော၊ပြုလျက်။ဝနေ၊ဤသည့်တော၌။ဝသ၊နေလော့။ ။

ပုဏ္ဏားသည်ရှိစေဦး၊စောသေး၏၊နေ့ဝံမှသိရအံ့ဟုဆို၍ယုန်ပညာရှိအထံသို့သွား၏။ယုန်သည်လည်း အဘယ်အကျိုးငှါ ရပ်လာသနည်းဟု မေးသည်ရှိသော်၊ ထို ရှေးအတူသာလျှင်ဆို၏။ ထိုစကားကို ကြား၍ ဘုရားလောင်းသည်ဝမ်းမြောက်ခြင်းသို့ရောက်သည်ဖြစ်၍ ပုဏ္ဏားအား အာဟာရအကျိုးငှါ ငါ့အထံသို့လာသော သင်သည်ကောင်းသည်ကိုပြုအပ်၏။ယနေ့ငါသည်မလှူဘူးသောအလှူကိုလှူအံ့။ သင်သည်ကားသီလ ရှိ၏၊ပါဏာတိပါတ်ကိုမပြုလတ္တံ့။ ပုဏ္ဏား၊ သွားချေ၊ အလူးလူးသော ထင်းတို့ကိုရ၍မီးကျီးပြု၍ငါ့အားကြားလော့။ ငါသည်ကိုယ်ကိုစွန့်၍မီး ကျီးရဲ၌ဆင်းအံ့။ငါ၏ကိုယ်သည်ကျက်လတ်သော် သင်သည်အသားကို စား၍ရဟန်းတရားကိုကျင့်လော့ဟုသိကြားနှင့်တကွပြောလိုရကား။ ။

(၅၇၁) န သသဿ တိလာ အတ္ထိ၊န မုဂ္ဂါ န ပိ တဏ္ဍုလာ။
ဣမိနာ အဂ္ဂိနာ ပက္ကံ၊မမံ ဘုတွာ ဝနေ ဝသ။ ။

ဟူသော၌စတုတ္ထဂါထာကိုဆို၏။ ။

(၅၇၁) ဗြာဟ္မဏ၊ပုဏ္ဏား။သသဿ၊ယုန်အား။ တိလာ၊နှမ်းတို့သည်။ နအတ္ထိ၊မရှိကုန်။မုဂ္ဂါ၊ပဲနောက်တို့သည်။ နအတ္ထိ၊မရှိကုန်။ တဏ္ဍုလာပိ၊

ဆန့်တို့သည်လည်း။ နအတ္ထိ၊မရှိကုန်။ ဇာမိနာအင္ဂနာ၊မိးထည့်လေဟုငါ
ဆိုအပ်သော၍သည့်မိးဖြင့်။ပက္ကံ၊ကျက်သော။မမံ၊ငါ့ကို။တနည်းကား။
မမံ၊ငါ၏။မံသံ၊အသားကို။ဘုတွာ၊အလိုအလျောက်ပရဘုတ်၍။ဝနေ၊၌
တော၌။ဝသ၊ရပဟန်းတရားကိုကျင့်သုံး၍နေလော့။ ။အနုဿ,ဆိုလိုလျက်
အ,ကျေသည်၊ထို့ကြောင့်၊ဒုဿာတိအနုဿ,ဟု၊အဋ္ဌကထါဘွင့်သေါ်၏။
အမ္ဗပက္ကံဥဒကံ,ဖြစ်။တနည်း၊ဒကံ,သည်ပင်လျှင်ရေဟောမှတ်။ ' ။အာ
ပေါ ပယော ဇလံ ဝါရိ၊ ပါနီယံ သလိလံ ဒကံ၊ အဏ္ဏောနီရံ ဝနံ ဝါလံ၊
တောယံ အမ္ဗု ဒကာန္တ ကံ။ ။(အဘိဓာန်)။ ။ရေဟောပရိယာယ်)။ ။
ယုန်မင်းဆိုသောကာလမိးမရှိသေး၍သော်လည်းမိးပြုလေဟုယုန်မင်း
ဆိုအပ်သောမိးကိုပင်လျှင် မျက်မှောက်ပစ္စက္ခကဲ့သို့ မိမိဥာဏ်၌မြင်ရ
ကား၊ဇာမိနာအင္ဂနာ,ဟုဆိုသတည်း။ထို့ကြောင့်၊ယေနာဟံအင္ဂကရော
ဟိဘိဝေါဒါမိဇာမိနာအင္ဂနာ,ဟု၊အဋ္ဌကထာမိန့်သော၀)။ ။သသပဏ္ဍိတဇာ
တကံ ဆဋ္ဌ။၃၁၆။

---

## ၃၁၇-မတရောဒနဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သောသဗ္ဗညုမြတ်စွာ
ဘုရားသည်၊မတံမတံဝေရောဒထ,အစရှိသော ဂါထာပုဒ်ဖြင့်တန်းဆာ
ဆင်အပ်သော၍မတရောဒနဇာတ်ကို၊ဇေတဝန်ကျောင်းကြီး၌သီတင်း
သုံးနေတော်မူစဉ်၊မထင်ရှားသော၊ သာဝတ္ထိပြည်၌နေသော သူကြွယ်
ကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

သင်သည် အစ်ကိုယ်သေသော်အဘဲ့ကြောင့်မငိုသနည်းဟု ဘုရား
လောင်းကိုကဲ့ရဲ့ကြကုန်၏။ ဘုရားလောင်းသည် ထိုသူတို့၏ စကားကို
ကြား၍ သင်တို့သည် အလွန်မိုက်သည်၏အဖြစ်ကြောင့် ရှစ်ပါးသော
လောကဓံတရားကိုမသိကုန်၍ငါ့အစ်ကိုယ်သေလတ်သော်ငိုကြကုန်၏။
ငါသည်လည်းသေရအံ့။ ထို့ကြောင့် ငါသည်ကားမငို။ သင်တို့သည်
လည်းသေကုန်လတ္တံ့။ထို့ကြောင့်ငါတို့သည်လည်းသေရကုန်လတ္တံ့ဟု
နှလုံးသွင်းကုန်၍ မငိုကြကုန်လင့်။ ခပ်သိမ်းသောသင်္ခါရတို့သည် မမြဲ
ကုန်၊ဖြစ်၍ချုပ်တတ်ကုန်၏။ ထိုသဘောဖြင့်တည်ခြင်းငှါစွမ်းနိုင်သော
တပါးသောသင်္ခါရသည်လည်းမရှိ။ အလွန်မိုက်ကုန်သောသင်တို့သည်

မသိအပ်သောသဘောရှိကုန်သော လောကဓံတရားရှိ ပါတို့ကိုမသိကုန်၍ငိုကုန်သော်၊ငါသည်အဘယ်အကျိုးငှာငိုရအံ့နည်းဟုဆို၍။ ။

(၅၁၂) မတံ မတံ ဧဝ ရောဒထ၊န ဟိ တံ ရောဒထ ယော မရိဿတိ။
သဗ္ဗေ ပိ သရီရ-ဓာရိနော၊အနုပုဗ္ဗေ န ဇဟန္တိ ဇီဝိတံ။ ။

(၅၁၃) ဒေဝ-မနုဿာ စတုပ္ပဒါ၊ပက္ခိ-ဂဏာ ဥရဂါ စ ဘောဂိနော။
အသ္မိံ သရီရေ အနိဿရာ၊ရမမာနာဝ ဇဟန္တိ ဇီဝိတံ။ ။

(၅၁၄) ဧဝံ စလိတံ အ-သဏ္ဌိတံ၊သုခ-ဒုက္ခံ မနုဇေသု ပေက္ခိယ။
ကန္ဒိတ ရုဒိတံ နိရတ္ထကံ၊ကိံ ဝေါ သောက-ဂဏာဘိကိရရေ။ ။

(၅၁၅) ဓုတ္တာစ သောဏ္ဍာ အကတာ၊ဗာလာ သူရာ အ-ယောဂိနော။
ဓီရမညန္တိ ဗာလော-တိ၊ယေ ဓမ္မဿ အ-ကောဝိဒါ။ ။

ဟူသောလေးဂါထာတို့ကိုဆို၏။ ။

(၅၁၂-၅၁၅) တုမှေ၊သင်တို့သည်။မတံမတံဧဝ၊သေတိုင်းသေတိုင်းသောသူကိုသာလျှင်။ရောဒထ၊ငိုကြကုန်၏။ ယော၊ အကြင်သူသည်။မရိဿတိ၊သေလတ္တံ့။တံ၊ ထိုသေလတ္တံ့သောသူကို။ နဟိရောဒထ၊ မငိုကြကုန်။သဗ္ဗေပိ၊ကုန်အောင်ရုံလည်းဖြစ်ကုန်သော။သရီရ-ဓာရိနော၊ကိုယ်ကိုဆောင်သောသူတို့သည်။ အနုပုဗ္ဗေန၊မိမိတို့သေချိန်ရောက်ကအစဉ်အားဖြင့်။ဇီဝိတံ၊အသက်ကို။ဇဟန္တိ၊စွန့်ရကုန်၏။ ။ဘောဂိနော၊ခြေရုံစည်းစိမ်နှင့်ပြည့်စုံကုန်သော။ ဒေဝါ၊ နတ်တို့သည်၎င်း။ မနုဿာ၊လူတို့သည်၎င်း။စတုပ္ပဒါ၊အခြေလေးချောင်းရှိသောသတ္တဝါတို့သည်၎င်း။ပက္ခိဂဏာ၊ငှက်အပေါင်းတို့သည်၎င်း။ဥရဂါစ၊မြွေနဂါးတို့သည်၎င်း။အသ္မိံသရီရေ၊ထိုကိုယ်၌၊ အနိဿရာ၊ အစိုးမရကုန်သည်ဖြစ်၍၊ရမမာနာဝ၊ဖြစ်ရာဖြစ်ရာ အရပ်၌မငြီးငွေ့မွေ့လျော်ကုန်လျက်သာလျှင်။ ဇီဝိတံ၊အသက်ကို။ဇဟန္တိ၊စွန့်ရကုန်၏။ ။မနုဇေသု၊လူတို့၌။ ဧဝံ၊ဤသို့။စလိတံ၊အမြဲမတည်တလှုပ်လှုပ်ဖြစ်ထသော။ အသဏ္ဌိတံ၊ ခိုင်ခံ့မြဲမြံစွာမတည်ထသော။သုခဒုက္ခံ၊ချမ်းသာဆင်းရဲကို။အပေက္ခိယ၊ ပညာဥာဏ်ဖြင့်အဘန်ဘန်ကြည့်၍။ ကန္ဒိတရုဒိတံ၊မြည်တမ်းငိုကြွေးခြင်းသည်၊ နိရတ္ထကံ၊အကျိုးမရှိ။ကိံ၊ အဘယ့်ကြောင့်။ဝေါ၊တုမှေ၊သင်တို့ကို။ သောကဂဏာ၊စိုးရိမ်ခြင်းအပေါင်းတို့သည်။အဘိကိရရေ၊ဖုံးလွှမ်းကုန်ဘိသနည်း။ ။ဓုတ္တာစ၊မိန်းမကြူးသည်ကြွေးကြူးသည်လည်းဖြစ်ကုန်သော။သောဏ္ဍာစ၊သေကြူးစားကြူးသည်လည်းဖြစ်ကုန်သော။ အက

တာ၊သင်အပ်သော တတ်ပညာ မရှိသည့်လည်း ဖြစ်ကုန်သော။သူရော၊ မသင့်သောအားဖြင့်နှလုံးသွင်းခြင်းတို့၌ရဲရင့်ကုန်သော။ အယောဂိနော၊ ကောင်းသော ပယောဂကင်းကုန်သော။ ဝါ၊အားထုတ်သင့်သောသုစရိုက်တို့၌အားထုတ်ခြင်းကင်းကုန်သော။ ဓမ္မဿ၊ရှစ်ပါးအပြားရှိသော လောကဓံ၌။ အကောဝိဒါ၊မလိမ်မာကုန်သော။ ယေဗာလာ၊အကြင်သူမိုက်တို့သည်။သန္တိ၊ရှိကုန်၏။တေဗာလာ၊ထိုသူမိုက်တို့သည်။ ဓီရံ၊ဆွေမျိုးတို့၏သေခြင်းအစရှိသည်တို့၌ လောကဓံ တရားကိုအမှန်အားဖြင့်သိလျက်သတိဉာဏ်ထိန်း၍ မငိုကြွေးသော ငါကဲ့သို့သော ပညာရှိကို။ဗာလောတိ၊သူမိုက်ဟူ၍။မညန္တိ၊အောက်မေ့ကုန်၏။ ။(မတံ,စသောရှေးသုံးဂါထာငေတာလီ။ ရုက္ခာ,စသော စတုတ္ထဂါထာပဋ္ဌျာဝက္ခ)။ ။မတရောဒနဇာတကံ သတ္တမံ။၃၁၇။

---

## ၃၁၈-ကဏဝေရဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သောသဗ္ဗညုမြတ်စွာဘုရားသည်၊ ယန္တံ ဝသန္တသမယံ, အစရှိသော ဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော၍ကဏဝေရဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌သိတင်းသုံးနေတော်မူစဉ်၊ မယားဟောင်းဖြားယောင်းသော ရဟန်းကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ထိုအခါသာမာသည် တရံတခုသောဥပါယ်ဖြင့်အသျှင်သားကိုရှာ၍ခေါ်စေအံ့ဟုကခြေသည်တို့ကို ခေါ်စေ၍ တထောင်သောဥစ္စာကိုပေး၏။သျှင်မ၊အသို့ပြုရကုန်အံ့နည်းဟုဆိုကုန်သဉ်ရှိသော်၊ သင်တို့အားမရောက်သောအရပ်မည်သည်မရှိ။သင်တို့သည်ရွာနိဂုံးမင်းနေပြည်တို့သို့လှည့်လည် ကုန်လျက်ပွဲသဘင်ပြု၍ သဘင်အလယ်၌ ရှေးဦးစွာသျှင်၏သီချင်းကိုသီကြကုန်လော့ဟုကချေသည်တို့ကိုသင်လျက် ရှေးဦးစွာသောဂါထာကိုဆို၍ သင်တို့သည်၏သီချင်းကို သီသည် ရှိသော်အရှင်သားသည်ထိုပရိသတ်အတွင်း၌ အကယ်၍ရှိသည်ဖြစ်အံ့၊ သင်တို့နှင့်အတူစကားပြောဆိုလတ္တံ့။ ထိုအခါ အရှင်သားအား ငါ၏ ရောဂါကင်းနေသည့်အဖြစ်ကိုဆို၍ အရှင်သားကိုခေါ်၍လာကြကုန်လော့။ အကယ်၍မလိုက်လာအံ့၊ သတင်းစကားမှာထားလိုက် ကြကုန်လော့ဟုဆို၍က

ချေသည်တို့ကိုလွှတ်လိုက်၏။ ကချေသည်တို့သည်ဗာရာဏသီမှ ထွက်၍ထိုထိုအရပ်၌ ပွဲသဘင်ပြုကုန်လျက် ပစ္စန္တရစ်သို့သွားကုန်၏။ ထိုခိုးသူကြီးသည်လည်း ပြေး၍ ထိုပစ္စန္တရာဇ်၌ နေ၏။ ထိုကချေသည်တို့သည်ထိုအရပ်၌ပွဲသဘင်ပြုကုန်လျက်။ ။

(၅၇၆) ယန္နုံ ဝဿန္တ သမယေ၊ ကဏှာဝေရေသု ဘာဏုသု။
သာမံ ဗာဟာယ ပီဠေသိ၊ သာ တံ အာရောဂျ·မဗြဝိ။ ။

ဟူသောဤပဌမဂါထာကိုဆို၏။ ။

(၅၇၆) ဝဿန္တ-သမယေ၊ ဝဿန္တအခါ၌။ ဘာဏုသု၊ နီသော အရောင်အဆင်းနှင့်ပြည့်စုံကုန်သော။ ကဏှာဝေရေသု၊ ကုလားဖလပ်ပန်းချုံတို့၌။ ယန္နုံ သာမံ၊ အကြင်သာမာကို။ ဗာဟာယ၊ မောင်းဖြင့်။ ပီဠေသိ၊ ကြိတ်နှိပ်၏။ သာ၊ ထိုသာမာသည်။ တံ၊ အရှင်သားကို။ အာရောဂျံ၊ အနာကင်းသည့်အဖြစ်ကို။ အဗြဝိ၊ ကြားမှာလိုက်၏။ ။

ခိုးသူကြီးသည်ထိုစကားကိုကြား၍ကချေသည်သို့ကပ်၍သင်သည် သာမာသည်ရှင်သေး၏ဟုဆို၏။ ငါမယုံဟုကချေသည်နှင့်စကားပြောဆိုလိုရကား။ ။

(၅၇၇) အမ္ဘော န ကိရ သဒ္ဓေယျံ၊ ယံ ဝါတော ပဗ္ဗတံ ဝဟေ။
ပဗ္ဗတဉ္စေ ဝဟေ ဝါတော၊ သဗ္ဗံ ပိ ပထဝိံ ဝဟေ။
ယတ္ထ သာမာ ကာလံကတာ၊ သာမံ အာရောဂျ·မဗြဝိ။ ။

ဟူသောဤဒုတိယဂါထာကိုဆို၏။ ။

(၅၇၇) အမ္ဘောနခု၊ အိုကချေသည်။ ယတ္ထသာမာ၊ ယာနာမသာမာ၊ အကြင်သာမာအမည်ရှိသောမိန်းမသည်။ ကာလံကတာ၊ သေလေပြီ။ သာ၊ ထိုသေလေပြီးသော သာမာသည်။ မံ၊ ငါ့ကို။ အာရောဂျံ၊ အနာကင်းသည့်အဖြစ်ကို။ အဗြဝိ၊ ကြား၏။ ဣဒံဝစနံ၊ ဤစကားသည်။ နသဒ္ဓေယျံကိရ၊ မယုံကြည်အပ်သော စကားဖြစ်သတတ်။ ယံဝါတော၊ အကြင်လေသည်။ ပဗ္ဗတံ၊ တောင်ကို။ ဝဟေ၊ မှုတ်လွှင့်ဆောင်သွားရာ၏။ သော ဝါတော၊ ထိုလေသည်။ ပဗ္ဗတဉ္စေ၊ တောင်ကိုငြင်း။ သဗ္ဗံ ပိ ပထဝိံ၊ အလုံးစုံသောမြေကိုငြင်း။ ဝဟေ၊ မှုတ်လွှင့်ဆောင်သွား၏။ ဧတံဝစနံယထာ၊ ဤစကားကဲ့သို့။ တထာ၊ ထို့အတူ။ ဣဒံ၊ ဤသာမာအနာကင်းသေး၏ ဟူသောစကားသည်။ နသဒ္ဓေယျံကိရ၊ မယုံကြည်အပ်သော စကားဖြစ်သတတ်။ ကိံ ကာရဏာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ မတာနာမ၊ သေပြီး

သောသူမည်သည်။ဘတ္တုစိ။ တရံတယောက်သောသူအား။ သာသနံ၊ သတင်းစကားကို။နပေသေသိ၊မစေနိုင်ပြီ။ ။

ကချေသည်သည်ခိုးသူကြီးစကားကိုကြား၍။ ။

(၅၇၈) နစေဝ သာ ကာလံကတာ၊နှ စ သာ အညံ-မိစ္ဆတိ။
ဧက-ဘတ္တိကိနီ သာမာ၊ထမေဝ-မဘိကင်္ခတိ။ ။

ဟူသော၍တတိယဂါထာကိုဆို၏။ ။

(၅၇၈) သာ၊ထိုသာမာသည်။နစေဝကာလံကတာ၊မသေသလျှင်ကတည်း။သာ၊ထိုသာမာသည်။ အညံ၊တပါးသောလင်ကို။ နစဣစ္ဆတိ၊အလိုမရှိ။သာမာ၊သာမာသည်။ ဧကဘတ္တိကိနီ၊နှစ်ထပ်သောထမင်းကိုမစားတထပ်ထည်းသောထမင်းကိုသာ စားသည်ဖြစ်၍။ တမေဝ၊ထိုအရှင်သားကိုလျှင်။အဘိကင်္ခတိ၊တတောင့်တတရှိ၏။ ။

ခိုးသူကြီးသည်ထိုစကားကိုကြား၍ သာမာသည် ရှင်သည်မူလည်းဖြစ်စေ၊သေသည်မူလည်းဖြစ်စေ၊သာမာဖြင့်ငါ့အလိုမရှိဟုဆို၍။ ။

(၅၇၉) အ-သန္ထုတံမံစိရ-သန္ထုတေန၊နိမိနိ သာမာ အဓုဝံ ဓုဝေန။
မယာ ပိ သာမာ နိမိနေယျ အညံ၊ဣတော အဟံ ဒူရတရံ ဂမိဿံ။ ။

ဟူသော၍စတုတ္ထဂါထာကိုဆို၏။ ။

(၅၇၉) သာမာ၊ သာမာသည်။အ-သန္ထုတံ၊ မပေါင်းပေါ် ဘူးသော။မံ၊ငါ့ကို။စိရသန္ထုတေန၊ ကြာမြင့်စွာပေါင်းပေါ်သောသူဌေးသားဖြင့်။နိမိနိ၊လဲလှယ်၍ယူ၏၊အဓုဝံ၊မမြဲသောငါ့ကို။ ဓုဝေန၊မြဲသောလင်ဖြင့်။နိမိနိ၊လဲလှယ်၍ယူ၏။သာမာ၊သာမာသည်။ မယာပိ၊ငါဖြင့်လည်း။အညံ၊တပါးသောလင်ကို။ နိမိနေယျ၊လဲလှယ်၍ယူရာ၏။ အဟံ၊ငါသည်။ ဣတော၊ဤအရပ်မှ၊ဒူရတရံ၊အလွန်ဝေးသောအရပ်သို့၊ဂမိဿံ၊သွားအံ့။ ။ ငါ တပါးသောအရပ်သို့သွားသောအဖြစ်ကို သာမာအားပြောကြကုန်ဟုဆို၍။ ထိုကချေသည်တို့၏မြင်စဉ်လျှင် အလွန်မြဲစွာပုဆိုးကို ဝတ်၍ စွာမြန်သောအဟုန်ဖြင့်ပြေး၏။ ကချေသည်တို့သည်သွား၍ခိုးသူကြီးပြုသောအမူအရာကိုသာမာအားပြောဆိုကုန်၏။သာမာသည်နှလုံးမသာ၍မိမိသဘောဖြင့်လျှင်ကာလကိုလွန်စေ၏။ ။(ယန္တံနဒ္ဓိတံအနက်မရှိ။ယံ-တွံရှိမူ၊တွံ၊အရှင်သားသည်။ယံသာမံ၊အကြင်သာမာကိုပေး။ ။ကဏာဝိရေသုလိုလျက်ဂါထာဖြစ်၍၊ဏ,ကိုဧ,ရေးသည်။ ။အဘိဓာန်ဋီကား။ ကရဝိရောဿမာရကော,ဟုဆို၏။ ။ဥယံကရဝိရေ။ကုန္ထိတံရဝနို

အဿာသယေနကရဂိရော၊ ဤရော။အဿေသမာရေတိဟာဿမာရကော။ ။ ၎င်းမှိကာ။ ။သာမာ၊သာမာသည်။ကောဘတ္တံ၊တယောက်သောလင်ကို။ ကိနိ၊ ဝယ်၏၊ဟုယောဇနာသည်ကားမသင့်။ ။ဘတ္တုသဒ္ဒါလင်ပေါ။ ဒုတိယန္တ ဖြစ်မူ၊ဘတ္တာရံ,နေသင့်၏။ဘတ္တံ,မသင့်။ ဓွေဘတ္တာနိနဘုဉ္ဇတိ, ဟူသောရှေးစကားကိုထောက်၍၊တထပ်ထဉ်းသောထမင်းကိုသာစားသည်၊ယောဇနာသည်)။ ။ကဏဝေရဇာတကံအဋ္ဌမံ။၃၁၈။

## ၃၁၉-တိတ္တိရဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊သုသုခံဝတဇီဝါမိ,အစရှိသော ဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော ဤတိတ္တိရဇာတ်ကို၊ ကောသမ္ဗီပြည်ကိုမှီ၍ ဆီးတောကျောင်း၌ သီတင်းသုံးနေတော်မူစဉ်၊ အသျှင်ရာဟုလာမထေရ်ကို အကြောင်းပြု၍ဟောတော်မူ၏။ ။

ထိုအခါတနေ့သ၌ထိုဌက်မှုဆိုးသည် များစွာကျန်သောခါတ္တိုကိုယူ၍ရေသောက်အံ့ဟု ဘုရားလောင်း၏ ကျောင်းသို့ သွား၍ ထိုချိုင့်ကို ဘုရားလောင်းအထံ၌ထား၍ရေကိုသောက်၍ သဲအပြင်၌လျောင်းလျက် အိပ်ပျော်၏။ ခါသည်မှုဆိုးအိပ်ပျော်သည်၏အဖြစ်ကိုသိ၍၊ ငါ၏ယုံမှားခြင်းကိုရသေ့ကိုမေးအံ့။ သိသည်ရှိသော် ငါ့အားဖြေလတ္တံ့ဟု ချိုင့်၌နေလျက်လျှင်ဘုရားလောင်းကိုမေးလိုရကား။ ။

(၅၈၀) သုသုခံ ဝတ ဇီဝါမိ၊လဘာမိ စေဝ ဘုဉ္ဇိတုံ။
ပရိပန္ထေ‌ဝ တိဋ္ဌာမိ၊ကာ နု ဘန္တေ ဂတီ မမ။ ။

ဟူသောဤပဌမဂါထာကိုဆို၏။ ။

(၅၈၀) ဘန္တေ၊သျှင်ရသေ့။အဟံ၊အကျွန်ုပ်သည်။ ဋမံသာကုဏိကာ၊ ဤဌက်ခတ်မှုဆိုးကို။ နိဿာယ၊မှီ၍။ ဝတ၊စင်စစ်။ သုသုခံ၊အလွန်ချမ်းသာစွာ။ဇီဝါမိ၊အသက်မွေးရ၏။ ယထာရုစိတံ၊အလိုရှိတိုင်းသော။ခါဒနီယံ၊ခဲဘွယ်ကို။ ဘောဇနီယံ၊ဘောဇဉ်ကို။ ဘုဉ္ဇိတုံ၊သုံးဆောင်ခြင်းငှာ။ လဘာမိစေဝ၊ ရကားရပေ၏။ အပိစခေါ၊ ထိုသို့ဖြစ်ငြားသော်လည်း။ ယတ္ထ၊အကြင်အရပ်၌။မမ၊ငါ၏။ ဥာတကာ၊အဆွေအမျိုးတို့သည်။ မမ၊ ငါ၏။သဒ္ဒေန၊အသံဖြင့်။ အာဂတာဂတာ၊လာတိုင်းလာတိုင်း။ဝိနဿန္တိ၊

ပျက်စီးကုန်၏။ တသ္မိံတာဒိသေ၊ ထိုသို့သဘောရှိသော။ ပရိပန္ထေဝ၊ ဘေးရန်ရှိသောအရပ်၌သာလျှင်။တိဋ္ဌာမိ၊တည်ရ၏။ ဘန္တေ၊ သျှင်ရသေ့၊ မမ၊အကျွန်ုပ်၏။ ကာဂတိ၊အဘယ်သို့သောဂတိသည်။ ဝါ၊အဘယ်သို့ သောအပြီးတိုင်ခြင်းသည်။ဘဝိဿတိ နု၊ဖြစ်လတ္တံ့နည်း။ ။

ထိုခါ၏ပြဿနာကိုဖြေလိုရကားဘုရားလောင်းသည်။ ။

(၅၈၁) မနော စေ တေ န-ပ္ပဏမတိ၊ပက္ခိ ပါပဿ ကမ္မုနော။
အ-ဝါဝဋဿ ဘဒြဿ၊န ပါပ-မုပလိမ္ပတိ။ ။

ဟူသော၍ဒုတိယဂါထာကိုဆို၏။ ။

(၅၈၁) ပက္ခိ၊ငှက်။ ပါပဿကမ္မုနော၊ မကောင်းမှုကံ အကျိုးငှာ။ တေ၊သင်၏။မနော၊စိတ်သည်။ စေနပ္ပဏမတိ၊အကယ်၍ မညွတ်သည် ဖြစ်အံ့။ဧဝံသန္တေ၊ဤသို့မကောင်းမှုပြုခြင်းငှာ သင်၏စိတ်မညွတ်မကိုင်း မရှိုင်းသည်ဖြစ်လတ်သော်။ အ-ဝါဝဋဿ၊ မကောင်းမှုပြုခြင်းငှါလုံ့လ မပြုသော။ ဘဒြဿ၊စင်ကြယ်ကောင်းမြတ်သည်သာဖြစ်သော။ တေ၊ သင့်အား။ ပါပံ၊မကောင်းမှုအကုသိုလ်သည်။ နဉပလိမ္ပတိ၊ မလိမ်းကျံ မကပ်ငြိ။ ။

ထိုစကားကိုကြား၍ခါသည်။ ။

(၅၈၂) ဉာတကော နော နိသိန္နော-တိ၊ဗဟု အာဂစ္ဆတေ ဇနော၊
ပဋိစ္စ ကမ္မံ ဖုသတိ၊တသ္မိံ မေ သင်္ကတေ မနော။ ။

ဟူသော၍တတိယဂါထာကိုဆို၏။ ။

(၅၈၂) ဘန္တေ၊သျှင်ရသေ့။အဟံ၊အကျွန်ုပ်သည်။ သန္ဒံ၊အသံကို။သ စေနကရေယျံ၊အကယ်၍မပြုငြားအံ့။အယံတိတ္တိရဇနော၊ဤခါအပေါင်း သည်။နအာဂစ္ဆေယျ၊မလာပေရာ။မယိပန၊အကျွန်ုပ်သည်ကား။သန္ဒံ၊အ သံကို။ ကရောန္တေ၊ပြုသည်ရှိသော်။ နော၊ငါတို့၏။ဉာတကော၊အဆွေ အမျိုးသည်။ နိသိန္နောတိ၊နေ၏ဟု။ ဗဟုဇနော၊ဤများစွာသော ခါအ ပေါင်းသည်။အာဂစ္ဆတေ၊လာ၏။တံအာဂတာဂတံ၊လာတိုင်းလာတိုင်း သောထိုခါအပေါင်းကို။ လုဒ္ဒေါ၊မုဆိုးသည်။ဂဟေတွာ၊ဘမ်း၍။ ဇီဝိ တက္ခယံ၊အသက်ကုန်ခြင်းသို့။ပါပေန္တော၊ရောက်စေလျက်။မံ၊အကျွန်ုပ် ကို။ ပဋိစ္စ၊စွဲ၍။ ဝါ၊အမှီပြု၍။ ကမ္မံ၊ပါဏာတိပါတကံကို။ ဖုသတိ၊ရ၏။ တသ္မိံ၊ ထိုအကျွန်ုပ်ကိုစွဲ၍ပြုအပ်သောမကောင်းမှုအကုသိုလ်ကံ၌။ဧတံ ပါပံ၊ဤမကောင်းမှုကံသည်။ မမ၊ငါ၏။ ကမ္မံနုခေါ၊ မကောင်းမှုကံပင်

ဖြစ်လေသလော။ ဣတိ၊ ဤသို့။ မေ၊အကျွန်ုပ်၏။ မနော၊ နှလုံးသည်။ သက်တေ၊ ယုံမှား ရှိရှာ၏။ ။

ထိုစကားကိုကြား၍ဘုရားလောင်းသည်။ ။

(၅၈၃) န ပဋိဋ္ဌ ကမ္မံ ဖုသတိ၊မနော စေ န·ပ္ပဒုဿတိ။
အပ္ပေါ·သုက္ကဿ ဘဒြဿ၊န ပါပ·မုပလိမ္ပတိ။ ။

ဟူသောဤစတုပ္ပဒဂါထာကိုဆို၏။ ။

(၅၈၃) ပက္ခိ၊ငှက်။တော၊သင်၏။မနော၊စိတ်သည်။ ပါပကိရိယာ။ မကောင်းမှုကို ပြုခြင်းငှာ။ စေနပ္ပဒုဿတိ၊ အကယ်၍ မဖြစ်မှားအံ့။ ဧဝံ သန္တေ၊ဤသို့နှလုံးမဖြစ်မှားသည်ရှိသော်။ တံ၊သင့်ကို။ပဋိဋ္ဌ၊စွဲ၍။လုဒ္ဒေန၊ မုဆိုးသည်။ ကတံ၊ပြုအပ်သော။ ကမ္မံ၊ပါဏာတိပါတ အကုသိုလ်ကံသည်။ တံ၊သင့်သို့။နဖုသတိ၊မရောက်။အပ္ပေါသုက္ကဿ၊မကောင်းမှုကို ပြုခြင်းငှာကြောင့်ကြ အားထုတ်ခြင်း ကင်းသော။ ဘဒြဿ၊ စင်ကြယ် ကောင်းမြတ်သည်သာဖြစ်သော။ တော၊သင်အား။ ပါပံ၊ မကောင်းမှုအကုသိုလ်ကံသည်။နဥပလိမ္ပတိ၊မလိမ်းကျံမကပ်ငြိ။ ။တိတ္တိရဇာတကံ နဝမံ။၃၁၉။

---

## ၃၂၀-သုစဇ္ဇဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သောသဗ္ဗညုမြတ်စွာဘုရားသည်၊ သုစဇံဝတနစ္စတ္ထ,အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော ဤသုစဇ္ဇဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်၊ တယောက်သော သူကြွယ်ကို အကြောင်းပြု၍ ဟောတော်မူ၏။ ။

ဘုရားလောင်းသည် မင်းအားခစားအံ့သောငှာ လာ၍ မိဘုရားနေသောကာလ၌၊ရှင်မိဘုရား၊ကျွန်ုပ်တို့သည် ရှင်မိဘုရားတို့၏အထံမှ တစုံတခုကိုမရပါကုန်ဟုဆို၏။ ဘခင်၊ကျွန်ုပ်သည်တစုံတခုကိုမရပါ။ဘခင်အား အဘယ်ကို ပေးရအံ့နည်း။ အရှင်မင်းသည် တောမှလာသောကာလ၌ တခုသော တောင်ကိုမြင်၍ ဤတောင်ရွှေဖြစ်သော်ကျွန်ုပ်အား စိုးစဉ်း ပေးပါအံ့လောဟု မေးသည်ရှိသော်၊ သင်သည် အဘယ်မည်သောမိန်းမနည်း။ ငါသည်တစုံတခုကိုမပေးဟုဆို၍ပေးလွယ်သောအ

ရာကိုလည်းမပေး။ထိုမင်းသည်ယခုအခါကျွန်ုပ်အားအဘယ်မည်သော ဥစ္စာကိုပေးလတ္တံ့နည်းဟူသောအနက်ကိုပြလို၍။ ။

(၅၀၄) သုစဇံ ဝတ နစ္စဇိ၊ဝါစာယ အဒဒံ ဂိရိံ။
ကိံ ဟိတွာသ စဇိဿ၊ဝါစာယ အဒဒ ပဗ္ဗတံ။ ။

ဟူသော၍ပဌမဂါထာကိုဆို၏။ ။

(၅၀၄) တာတ၊ဘခင်။ဂိရိံ၊တောင်ကို။ဝါစာယ၊စကားမျှဖြင့်လည်း။ အဒဒံ၊ မပေးသောမင်းသည်။ဝတ၊စင်စစ်။သုစဇံ၊ လွယ်သဖြင့်စွန့်ခြင်းငှါ တတ်ကောင်းသော ဥစ္စာကိုလည်း။ နစ္စဇိ၊မပေးမစွန့်။ ဝါစာယ၊စကားမျှဖြင့်။ပဗ္ဗတံ၊တောင်ကို။အဒဒံအဒဒန္တော၊မပေးသော၍မင်းသည်။ မယာ၊ငါသည်။ ယာစိတဿ၊တောင်းအပ်သော။ ကိံဟိတဿ၊ကိံဟိတံ၊ အဘယ်အစီးအပွားကို။ စဇန္တော၊ ပေးစွန့်သည်။ အဿ၊ ဖြစ်လိမ့်နည်း။ ။(ပေးလှူယ်သောတောင်ကိုမျှ မပေးဘဲမင်းသည် ငါတောင်းအပ်သော်အဘယ်အစီးအပွားကိုပေးစွန့်လိမ့်နည်းဟူလိုသောဝ်)။ ။

ထိုစကားကိုကြား၍မင်းသည်။ ။

(၅၀၅) ယဉှိ ကယိရာ တဉှိ ဝဒေ၊ယံ န ကယိရာ န တံ ဝဒေ။
အ-ကရောန္တံ ဘာသမာနံ၊ပရိဇာနန္တိ ပဏ္ဍိတာ။ ။

ဟူသော၍ဒုတိယဂါထာကိုဆို၏။ ။

(၅၀၅) ပဏ္ဍိတာ၊ပညာရှိသည်။ ယဉှိယံဝေ၊အကြင်အမှုကို သာလျှင်။ကယိရာကရေယျ၊ပြုရာ၏။တဉှိတံဝေ၊ထိုအမှုကိုသာလျှင်။ဝါစာယ၊နှုတ်ဖြင့်။ဝဒေဝဒေယျ၊ဆိုရာ၏။ ယံ၊အကြင်အမှုကို။ နကယိရာ၊မပြုရာ။တံ၊ထိုမပြုသည်ကို။နဝဒေ၊မဆိုရာ။ဘာသမာနံ၊ပေးအံ့ဟုဆိုလျက်။ အကရောန္တံ၊ပေးသော အမှုကိုမပြုသောသူကို၊ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ပရိဇာနန္တိ၊ထိုသူ၏။မုသာဝါဒီအဖြစ်ကိုပိုင်းခြား၍သိကုန်၏။ ။

ထိုစကားကိုကြား၍မိဘုရားသည်မင်းအားလက်အုပ်ချီ၍။ ။

(၅၀၆) ရာဇ-ပုတ္တ နမော တျ·တ္ထု၊သစ္စေ ဓမ္မေ ဌိတော ဝသိ။
ယဿ တေ ဗျသနံ ပတ္တော၊သစ္စသ္မိံ ရမတေ မနော။ ။

ဟူသော၍တတိယဂါထာကိုဆို၏။ ။

(၅၀၆) ရာဇ-ပုတ္တ၊မင်းသား။ တေ၊အရှင်သားအား။နမော၊ရှိခိုးခြင်းသည်။အတ္ထု၊ဖြစ်စေသတည်း။တွံ၊အရှင်သားသည်။သစ္စေ၊ဝစီသစ္စာ၌၎င်း။ဓမ္မေ၊သဘာဝဓမ္မ၌၎င်း။ဌိတော၊တည်လျက်။ဝသိ၊နေ၏။ဗျသနံ၊

တိုင်းပြည်မှထုတ်ခြင်းဟုဆိုအပ်သော ပျက်စီးခြင်းသို့။ပတ္တော၊ရောက် လျက်။ ယဿတော၊အကြင်သင်၏။ မနော၊စိတ်သည်။သစ္စသို့၊သစ္စာ၌။ရ မတေ၊မွေ့လျော်၏။ ။

ဤသို့မင်း၏ကျေးဇူးကိုဆိုသောမိဘုရား၏စကားကိုဘုရားလောင်း ကြား၍မိဘုရား၏ကျေးဇူးကိုဆိုလိုရကား။ ။

(၅၀၇) ယာ ဒလိဒ္ဒီ ဒလိဒ္ဒဿ၊အဍ္ဎာ အဍ္ဎဿ ကိတ္တိမ။
သာ ဟိ·ဿ ပရမာ ဘရိယာ၊သ-ဟိရညဿ ဣတ္ထိယော။ ။

ဟူသော ဤစတုတ္ထဂါထာကိုဆို၏။ ။

(၅၀၇) ကိတ္တိမ၊ကျေးဇူးသတင်းကျော်စောခြင်းနှင့် ပြည့်စုံသော မင်း။ ယာဘရိယာ၊ အကြင်မယား သည်။ ဒလိဒ္ဒဿသာမိကဿ ဒလိဒ္ဒ ကာလေ၊လင်ဆင်းရဲသောကာလ၌။သယမ္ပိ၊မိမိသည်လည်း။ ဒလိဒ္ဒီ၊ဆင်း ရဲသည်။ဟုတွာ၊ဖြစ်၍။ တံ၊ထိုဆင်းရဲသောလင်ကို။နပရိစ္စဇတိ၊ တောင် ကပ်ဖါးရေးသွားတိုင်းလာတိုင်းလုပ်ကျွေးပြုစုလျက်မိမိအသက်နှင့်အတူ ချစ်ကြည်ဖြူသည်ဖြစ်၍မစွန့်မလွှတ်။အဍ္ဎဿသာမိကဿအဍ္ဎကာလေ၊ လင်,ကြွယ်ဝ ကုံလုံသောကာလ၌။ အဍ္ဎာ၊မိမိလည်းကြွယ်ဝသည်။ ဟု တွာ၊ဖြစ်၍။သာမိကမေဝ၊လင်သို့သာလျှင်။ အနုဝတ္တတိ၊အစဉ်လိုက်၏။ သမာနသုခဒုက္ခာ၊တူမျှသော ချမ်းသာဆင်းရဲရှိသည်။ ဟောတိ၊ဖြစ်၏။ သာဟိသာဧဝ၊ထိုမယားသည်သာလျှင်။ အဿ၊ထိုယောကျ်ား၏။ ပရ မာ၊မြတ်သော။ ဘရိယာ၊မယားကောင်းမည်၏။ သ-ဟိရညဿ၊ရွှေငွေ ဥစ္စာ များစွာကြွယ်ဝသည်ဖြစ်၍ စိုးရသောစည်းစိမ်၌ တည်သောသူ အား။ ဣတ္ထိယော၊မယားလုပ်ချင်သောမိန်းမတို့မည်သည်။ အနစ္ဆရိယာ ဧဝ၊မအံ့လောက်ကုန်သည်သာတည်း။ ။ဘုရားလောင်းသည်ဤသို့ ဆို၍၊မြတ်သောမင်းကြီး၊ဤရှင်မိဘုရားသည် ရှင်မင်းကြီး ဆင်းရဲသော ကာလ၊ တော၌နေလျက် အတူဆင်းရဲခံ၏။ ဤမိဘုရားအားချီးမြှောက် ခြင်းကိုပြုသင့်၏ဟုမိဘုရား၏ကျေးဇူးကိုဆို၏။မင်းသည်ဘုရားလောင်း ၏စကားဖြင့် မိဘုရား၏ကျေးဇူးကိုအောက်မေ့၍၊ပညာရှိ၊သင့်စကားဖြင့် ငါသည် မိဘုရား၏ကျေးဇူးကို အောက်မေ့ပြီဟုဆို၍ မိဘုရားအားခပ် သိမ်းသော စည်းစိမ်ကိုပေး၏။ သင်ပညာရှိသည် မိဘုရား၏ကျေးဇူးကို အောက်မေ့၏ဟုဘုရားလောင်းအားလည်းများစွာသောစည်းစိမ်ကိုပေး

၏။ ။သုစန္ဒဇာတကံ ဒသမံ။၃၂၀။ ပုစိမန္ဒဝဂ္ဂေါ ဒုတိယော။ ။
တဿုဒ္ဒါနံ။ ။

အထစောရကဿပခန္တိဝရော၊ဒုဋ္ဌိပိတတာစဝရာပဖရုသာ။
အထသသမတဥ္စဝသန္တသုခံ၊သုစဇံဝတနစ္စဖိနာခဒသ။ ။

―――*―⋟⁞⋞―*―――

(၃-ကုဋိဒူသကဝဂ်)

၃၂၁–သိင်္ဂါလသကုဏဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ မနုဿဿေဝတေသီသံ, အစရှိသော ဂါထာပုဒ်ဖြင့်တန်းဆါဆင်အပ်သော၍သိင်္ဂါလသကုဏဇါတ်ကို၊ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်၊အသျှင်မဟာကဿပမထေရ်၏ကုဋိကိုမီးတိုက်သောရဟန်းငယ်ကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

လွန်လေပြီးသောအခါ၊ဗာရာဏသီပြည်၌ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော်၊ ဘုရားလောင်းသည် သိင်္ဂါလငှက်မျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော်၊နှစ်သက်ဘွယ်ရှိသော မိုဃ်းမယိုသောအသိုက်ကိုပြု၍ဟိမဝန္တာ၌နေ၏။ထိုအခါတခုသောမျောက်သည်မိုဃ်းကာလ၌အရဉ်မပြတ်မိုဃ်းရွာလတ်သော် အချမ်းနှိပ်စက်၍ သွားချင်ချင် ကိုက်လျက်ဘုရားလောင်း၏အနီး၌နေ၏။ဘုရားလောင်းသည် ပင်ပန်းသောထိုမျောက်ကိုမြင်၍ထိုမျောက်နှင့်တကွစကားပြောလိုရကား။ ။

(၅၁၁) မနုဿဿေဝ တေ သီသံ၊ဟတ္ထ-ပါဒါ စ ဝါနရ။
အထ ကေန နု ဝဏ္ဏေန၊အဂါရံ တေ န ဝိဇ္ဇတိ။ ။

ဟူသော၍ပဌမဂါထာကိုဆို၏။ ။

(၅၁၁) ဝါနရ၊မျောက်။တေ၊သင်၏။ သီသံ၊ဦးခေါင်းသည်။မနုဿဿ၊လူ၏။သီသံဣဝ၊ဦးခေါင်းကဲ့သို့။ဟောတိ၊ဖြစ်၏။ဟတ္ထပါဒါစ၊လက်ခြေတို့သည်လည်း။မနုဿဿ၊လူ၏။ဟတ္ထပါဒါဣဝ၊လက်ခြေတို့ကဲ့သို့။ဟောန္တိ၊ဖြစ်ကုန်၏။ အထ၊ထိုသို့ဖြစ်လျက်။ ကေနဝဏ္ဏေန၊အဘယ်အကြောင်းကြောင့်။ တေ၊သင်အား။ အဂါရံ၊နေရာအိမ်သည်။ နဝိဇ္ဇတိနု၊မရှိသနည်း။ ။

ထိုစကားကိုကြား၍မျောက်သည်။ ။

(၅၈၉) မနုဿသောဝ တေ သီသံ၊ ဟတ္ထ-ပါဒါ စ သိင်္ဂါလ။
ယာ-ဟု သေဋ္ဌာ မနုဿေသု၊ သာ တေ ပညာ န ဝိဇ္ဇတိ။ ။

ဟူသော ဤဒုတိယဂါထာကိုဆို၏။ ။

(၅၈၉) သိင်္ဂါလ၊ သိင်္ဂါလမည်သောငှက်။ တေ၊ ငါ၏။ သီသံ၊ ဦးခေါင်းသည်။ မနုဿဿ၊ လူ၏။ သီသံဣဝ၊ ဦးခေါင်းကဲ့သို့။ ဟောတိ၊ ဖြစ်၏။ ဟတ္ထပါဒါစ၊ လက်ခြေတို့သည်လည်း။ မနုဿဿ၊ လူ၏။ ဟတ္ထပါဒါဣဝ၊ လက်ခြေတို့ကဲ့သို့။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပန၊ ထိုသို့ဖြစ်သော်လည်း။ မနုဿေသု၊ လူတို့၌။ ယာပညာ၊ အကြင်ပညာကို။ သေဋ္ဌာ၊ မြတ်၏ဟူ၍။ အာဟု၊ ဆိုကုန်၏။ သာပညာ၊ ထိုမြင်တတ်သော ပညာသည်။ တေ၊ သင့် အား။ နဝိဇ္ဇတိ၊ မရှိချေ။ တသ္မာ၊ ထို့ကြောင့်။ တေ၊ သင့်အား။ အဂါရံ၊ နေရာအိမ် သည်။ နဝိဇ္ဇတိ၊ မရှိသတည်း။ ။

ထိုစကားကိုကြား၍ဘုရားလောင်းသည်။ ။

(၅၉၀) အနဝဋ္ဌိတ-စိတ္တဿ၊ လဟု-စိတ္တဿ ဒုဗ္ဘိနော။
နိစ္စံ အ-ဓုဝ-သီလဿ၊ သုခ-ဘာဝေါ န ဝိဇ္ဇတိ။ ။

(၅၉၁) သော ကရဿု အာနုဘာဝံ၊ ဝီတိဝတ္တဿု သီလိယံ။
သီတ-ဝါတ-ပရိတ္တာနံ၊ ကရဿု ကုဋဝံ ကပိ။ ။

ဟူသော ဤနှစ်ဂါထာတို့ကိုဆို၏။ ။

(၅၉၀-၅၉၁) အနဝဋ္ဌိတ-စိတ္တဿ၊ မတည်ကြည်သော စိတ်ရှိထ သော။ လဟုစိတ္တဿ၊ ပေါ့သောစိတ်ရှိထသော။ ဒုဗ္ဘိနော၊ အဆွေခင်ပွန်း ဖြစ်မှားတတ်ထသော။ နိစ္စံ၊ အမြဲ။ အဓုဝသီလိဿ၊ မမြဲသောသီလရှိသော သူအား။ သုခဘာဝေါ၊ ချမ်းသာသည့်အဖြစ်သည်။ နဝိဇ္ဇတိ၊ မရှိ။ ။ ကပိ၊ မျောက်။ သောတွံ၊ ထိုသင်သည်။ ပညာယ၊ ပညာ၏။ ဥပ္ပါဒနတ္ထံ၊ ဖြစ်ခြင်း အကျိုးငှာ။ အာနုဘာဝံ၊ အာနုဘော်ဟုဆိုအပ်သော ဗလဉပါယကို။ က ရဿု၊ ပြုလော့။ သီလိယံ၊ ဒုဿီလ၏အဖြစ်ဟုဆိုအပ်သောမျောက်တို့အ လေ့အကျက်ကို။ ဝီတိဝတ္တဿု၊ လွန်စေလော့။ သီတဝါတပရိတ္တာနံ၊ အ ချမ်းလေကိုကွယ်ကာခြင်းငှါစွမ်းနိုင်သော။ ကုဋဝံ၊ အသိုက်ကို။ ဝါ၊ နေရာ အိမ်ကို။ ကရဿု၊ ပြုလော့။ ။ မျောက်သည်ဤငှက်ကားမိမိမိုးယံ့မထွတ် ရာ၌နေရသည်၏အဖြစ်ဖြင့်ငါ့ကိုဆဲရေး၏။ ထိုငှက်ကိုဤအသိုက်၌ငါမ နေစေအံ့ဟုကြံ၏။ ကြံပြီး၍ဘုရားလောင်းကိုဘမ်းလိုရကားပြေးလာ၏။

ဘုရားလောင်းသည်ပျံ၍တပါးသို့သွား၏။ မျောက်သည်အသိုက်ကိုဖျက်၍ မုန့်မုန့်ကြေစေ၍သွား၏။ ။သိင်္ဂါလသကုဏဇာတက် ပဥ္စမံ။၃၂၁။

## ၃၂၂-ဒုဒ္ဒုဘာယဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ဒုဒ္ဒုဘာယတိဘဒ္ဒန္တေ,အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော၍ဒုဒ္ဒုဘာယဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌သိတင်းသုံးနေတော်မူစဉ်။ သာသနာတော်မှ အပဖြစ်သောတိတ္ထိတို့ကို အကြောင်းပြု၍ဟောတော်မူ၏။ ။

ခြင်္သေ့သည်စင်စစ်သဖြင့်ထန်းရွက်၏အထက်၌ ဥသျှစ်သီးမှည့်ကျ၍၊ဒုန်းဒုန်းဟူသော အသံကိုပြု၏။ ထိုယုန်ငယ်သည်ထိုအသံကိုကြား၍ မြေပြိုသည်ဟူသောအမှတ်ကိုဖြစ်စေ၍ ပြေးသည်ဖြစ်လတ္တံ့။ အဟုတ်အမှန်အားဖြင့်ထိုအကြောင်းကိုသိအောင်ပြုအံ့ဟုကြံ၏။ကြံပြီး၍ခြင်္သေ့သည်ထိုယုန်ငယ်ကိုယူ၍နှစ်သိမ့်စေ၍၊၍ယုန်ငယ်မြင်ရာအရပ်၌ မြေပြိုသည်၏အဖြစ်ကိုအဟုတ်အမှန်အားဖြင့် ငါသိအောင်ပြု၍လာသည်တိုင်အောင်သင်တို့သည် ၍၌နေကြကုန်ဦးဟုဆို၍ယုန်ငယ်ကို ကျောက်ကုန်း၌တင်၍ခြင်္သေ့၏အဟုန်ဖြင့်ပြေး၍ထန်းတော၌ယုန်ငယ်ကိုချ၍၊အချင်း၊လာလော့၊သင်မြင်သောအရပ်ကိုပြလော့ဟုဆို၏။သခင်၊ကျွန်ုပ်မပြဝံ့ဟုဆို၏။အချင်း၊မကြောက်လင့်ဟုဆိုလတ်သော်၊ ထိုယုန်ငယ်သည်ဥသျှစ်ပင်သို့ချဉ်းကပ်အံ့သော၄ာမင့်ရကားအဝေး၌ရပ်၍၊အရှင်၊၍အရပ်သည်ကားဒုန်းဒုန်းမြည်ရာအရပ်တည်းဟုဆို၍။ ။

(၇၉၂) ဒုဒ္ဒုဘာယတိ ဘဒ္ဒ·န္တေ၊ယသ္မိံ ဒေသေ ဝသာမ·ဟံ။
အဟံ ပေ·တံ န ဇာနာမိ၊ကိံ·မေတံ ဒုဒ္ဒုဘာယတိ။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၇၉၂) သာမိ၊အရှင်။ ဟေ၊ အရှင်အား။ ဘဒ္ဒံ၊ ကောင်းခြင်းသည်၊ အဓွန့်ဖြစ်စေသတည်း။ယသ္မိံ ဒေသေ၊အကြင်အရပ်၌။ အဟံ၊ငါသည်။ ဝသာမိ၊နေ၏။တဓွန့်၊ထိုအရပ်၌။ ဒုဒ္ဒုဘာယတိ ဒုဒ္ဒုသဒ္ဒံ ကရောတိ၊ ဒုန်းဒုန်းအသံပြု၏။ယံ၊အကြင်ဝတ္ထုသည်။ ဒုဒ္ဒုဘာယတိ၊ ဒုန်းဒုန်းအသံပြု၏။ ဧတံ၊၍ဒုန်းဒုန်းအသံပြုသောဝတ္ထုသည်။ ကိံ ဝါ၊အဘယ်ဝတ္ထုဖြစ်လိမ့်

နည်း။ ကေနဝါကာရဏေန၊အဘယ်အကြောင်းကြောင့်မူလည်း။ ဇေတံ၊ ဤဝတ္ထုသည်။ဒုဒ္ဒုဘာယတိ၊ဒုန်းဒုန်းအသံပြုလေသနည်း။ဣတိ၊ဤသို့။ အဟံပိ၊ငါသည်လည်း။ဇေတံ၊ဤဒုန်းဒုန်းအသံပြုသောဝတ္ထုကို။ဂါ၊ဒုန်းဒုန်းအသံပြုခြင်း၏အကြောင်းကို။နဇာနာမိ၊မသိ။ ။ဤသို့ဆိုလတ်သော်၊ခြင်္သေ့သည်ဥသျှစ်ပင်ရင်းသို့သွား၍ ထန်းပင်အောက်၌ယုန်ငယ် အိပ်ရာအရပ်ကိုရင်း၊ ထန်းရွက်ထက်ကျသောဥသျှစ်သီးမှည့်ကိုရင်း မြင်၍၊မြေမပြိုသည်၏အဖြစ်ကိုအမှန်အားဖြင့်သိ၍၊ယုန်ငယ်ကိုကျောက်ကုန်း၌တင်၍ ခြင်္သေ့၏အဟုန်ဖြင့် လျင်မြန်စွာ သားအပေါင်းတို့၏အထံသို့သွား၍အလုံးစုံသောအကြောင်းကိုကြား၍၊သင်တို့သည် မကြောက်ကြကုန်လင့်ဟု သားအပေါင်းကိုနှစ်သိမ့်စေ၍လွှတ်လိုက်၏။ ထိုအခါဘုရားလောင်းမရှိငြားအံ့၊ ခပ်သိမ်းသောသားတို့သည်သမုဒ္ဒရာသို့ဝင်၍ ပျက်စီးကုန်ရာ၏။ ဘုရားလောင်းကိုမှီ၍၊ခပ်သိမ်းသောသားတို့သည် အသက်ကိုရကုန်၏။

သဗ္ဗညုမြတ်စွာဘုရားသည် ဤအတိတ်ကိုဆောင်တော်မူ၍ ဘုရားဖြစ်ပြီး၍။ ။

(၅၉၃) ဗေလုဝံ ပတိတံ သုတွာ၊ဒုဒ္ဒုဘန္တိ သသော ဇဝိ။
သသဿ ဝစနံ သုတွာ၊သန္တတ္တာ မိဂ-ဝါဟိနီ။ ။

(၅၉၄) အ.ပ္ပတွာ ပဒ-ဝိညာဏံ၊ပရ-ဃောသာ.နုသာရိနော။
ပနာဒ-ပရမာ ဗာလာ၊တေ ဟောန္တိ ပရ-ပတ္တိယာ။ ။

(၅၉၅) ယေ စ သီလေန သမ္ပန္နာ၊ပညာယု.ပသမေ ရတာ။
အာရကာ ဝိရတာ ဓီရာ၊န ဟောန္တိ ပရ-ပတ္တိယာ။ ။

ဟူသောဤသုံးခုကုန်သောအဘိသမ္ဗုဒ္ဓဂါထာတို့ကိုဟောတော်မူ၏။ ။

(၅၉၃-၅၉၅) သသော၊ ယုန်သူငယ်သည်။ ဒုဒ္ဒုဘန္တိ၊ ဒုန်းဒုန်းဟူသောအသံကို။ကုဇ္ဇမာနံ၊ပြုလျက်။ ပတိတံ၊ကြွေသော။ ဗေလုဝံ၊ဥသျှစ်သီးမှည့်အသံကို။ သုတွာ၊ ကြား၍။ ဇဝိ၊မဟာပထဝီပြိုခဲ့ပြီဟု၊ ဖန္ဒိဖန်တွတ်ရေးရွတ်မြည်လျက် အသက်လွတ်ပစေဟု၊ မနေမနား သွားချိန်၍ပြေး၏။သသဿ၊ယုန်သူငယ်၏။ဝစနံ၊မဟာပထဝီပြိုခဲ့ပြီဟူသောစကားကို။သုတွာ၊ကြား၍။မိဂဝါဟိနီ၊သားအပေါင်းသည်။ သန္တတ္တာ၊ဥတြဲဆွဲ၊ထိတ်လန့်သောနှလုံးရှိသည်ဖြစ်၍။ ဇဝိ၊လျင်သောအဟုန်ဖြင့်ပြေး၏။ ။

ယေဗာလာ၊ အကြွင်းအန္ဓ ပုထုဇဉ်တို့သည်။ ပဒ-ဝိညာဏံ ဝိညာဏပဒံ

သောတာပတ္တိပိညာဏကောဋ္ဌာသံ။ သောတာပတ္တိပိညာဉ်အစုသို့။ အပတ္တာ၊ မရောက်မူ၍။ ဝါ၊မရောက်သောကြောင့်။ ပရဃောသသနုသာရိနော၊သူတပါးတို့၏စကားကိုအစဉ်မှီးကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ တေဗာလာ၊ထိုအန္ဓပုထုဇဉ်တို့သည်။ပမာဒပရမာ၊ထိုသူတပါးတို့၏အသံဟုဆိုအပ်သောမေ့လျော့ကြောင်းကို အမြတ်ဟူ၍မှတ်ထင်ကုန်သည်ဖြစ်၍။ပရပတ္တိယာ၊ သူတပါးစကားကိုယုံကြည်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။သဒ္ဒဟိတွာ၊သူတပါးကိုယုံကြည်ခြင်းကြောင့်။ယံဝါတံဝါ၊ ဟုတ်ဟုတ်ဖြားဖြားအကျိုးမရှိသောအမှုကို။ကရောန္တိ၊ပြုကုန်၏။ ။ယေဟိရာ၊အကြင်ပညာရှိတို့သည်။ သီလေနစ၊ အရိယမဂ်ဖြင့်လာသောသီလနှင့်လည်း။သမ္ပန္နာ၊ ပြည့်စုံကုန်၏။ ပညာယစ၊အရိယာမဂ်ဖြင့်လာသောပညာနှင့်လည်း။ သမ္ပန္နာ၊ပြည့်စုံကုန်၏။ဥပသမေ၊ ကိလေသာ၏ငြိမ်းရာဖြစ်သောနိဗ္ဗာန်၌။ရတာ၊ မွေ့လျော်ကုန်၏၊ အာရကာ၊မကောင်းမှုကိုပြုခြင်းမှဝေးကုန်သည်ဖြစ်၍။ ဝိရတာ၊ မကောင်းမှု အကုသိုလ်ဟူသောအညစ်တရားမှ အသူးသဖြင့်ကြဉ်ရှောင်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ တေဝေ့ရူပါ၊ ထိုဆိုအပ်ပြီးသော သဘော ရှိကုန်သော သောတာပန်ပုဂ္ဂိုလ်တို့သည်။ ပရ-ပတ္တိယာ၊ သူတပါး စကားဖြင့် ယုံကြည်ရကုန်သည်။နဟောန္တိ၊မဖြစ်ကုန်။ ။ဒုတိယဘာဏဝါရ ဒုဒ္ဒုဘာယဇာတကံ ဒုတိယံ။၃၂၂။

---

## ၃၂၃-ဗြဟ္မဒတ္တဇာတ်။

နှစ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ဇွယ်ယာစနကော,အစရှိသော ဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော၏ဗြဟ္မဒတ္တဇာတ်ကို၊ အာဠဝိပြည်ကိုမှီ၍အဂ္ဂါဠဝစေတီ၌သီတင်းသုံးနေတော်မူစဉ်၊ ကုဋိကာရ သိက္ခာပုဒ်ကို အကြောင်းပြု၍ဟောတော်မူ၏။ ။

ဗြဟ္မဒတ်မင်းသည်ဥယျာဉ်သို့သွား၍ ဘုရားလောင်းကိုရှိခိုး၍ နေလတ်သော်၊ဘုရားလောင်းသည်ဆိတ်ကွယ်ရာအရပ်ကိုအလိုရှိ၏ဟုဆိုလတ်သော်၊ပရိသတ်ကိုဘဲစေ၍ တစုံတခုကိုဆိုခြင်းငှာမစွမ်းနိုင်သောဘုရားလောင်းကို၊အသျှင်ဘုရား၊အသျှင်ဘုရားတို့သည် တဆဲ့နှစ်နှစ်တို့ပတ်လုံးဆိတ်ကွယ်ရာ အရပ်ကိုအလိုရှိ၏ဟုဆို၍ဆိတ်ကွယ်ရာအရပ်

ကိုရသော်လည်း တရံတခါကိုဆိုခြင်းငှာမစွမ်းနိုင်ကုန်။ အချုပ်သည့် အသျှင်ဘုရားအား မင်းအဖြစ်ကိုအစပြု၍ အလုံးစုံကိုဘိတ်၏။ကြောက် ခြင်း မရှိသည်ဖြစ်၍ အကြင်ဝတ္ထုကို အလိုရှိ၏။ ထိုဝတ္ထုကိုတောင်း ကုန်လော့ဟုဆို၏။ မြတ်သောမင်းကြီး၊ အကြင်ဝတ္ထုကိုငါပေးအံ့၊ ထိုဝတ္ထုကိုပေးအံ့လောဟုဆို၏။ အသျှင်ဘုရား၊ ပေးအံ့ဟုဆို၏။ မြတ် သောမင်းကြီး၊ခရီးသွားသောငါအား တလွာဘိနပ်, သင်္ကန်းပေးဆို့ ရခြင်းငှာ သင့်၏ဟုဆို၏။ အသျှင်ဘုရား၊ အသျှင်ဘုရားကိုယ်တော် ဤမျှ သောဝတ္ထုတို့ကို တဆဲ့နှစ်နှစ်တို့ပတ်လုံး တောင်းခြင်းငှာ မစွမ်းနိုင်ကုန် သလောဟုဆို၏။ မြတ်သောမင်းကြီး၊ မစွမ်းနိုင်သည် ဟုတ်၏ဟုဆို၏။ အသျှင်ဘုရား၊အဘယ်အကြောင်းကြောင့်ဤသို့ပြုကုန်သနည်းဟုဆို၏၊ မြတ်သောမင်းကြီး၊ဤမည်သောဝတ္ထုကိုပေးပါလော့ဟုတောင်းသော သူသည်ငိုသည်မည်၏။ မရှိဟူ၍ဆိုသောသူသည်အတူငိုသောသူမည် ၏။တောင်းအပ်သောသင်သည် အကယ်၍မပေးငြားအံ့၊ထိုငါ၏ငိုခြင်း၊ သင်မင်းကြီး၏အတူငိုခြင်းမည်သည်ကိုလူများသည် မမြင်စေသတည်း ဟုဆိတ်ကွယ်ရာကိုတောင့်တ၏ဟုပြလိုရကား။ ။

(၅၉၆) ဒွယံ ယာစနကော ရာဇ၊ဗြဟ္မဒတ္တ နိဂစ္ဆတိ၊
အ-လာဘံ ဓန-လာဘံ ဝါ၊ဧဝံ-ဓမ္မာ ဟိ ယာစနာ၊ ။

(၅၉၇) ယာစနံ ရောဒနံ အာဟု၊ပဉ္စာလာနံ ရထေသဘ၊
ယော ယာစနံ ပစ္စက္ခာတိ၊တမာဟု ပဋိရောဒနံ။ ။

(၅၉၈) မာ မဒ္ဒသံသု ရောဒန္တံ၊ပဉ္စာလာ သုသမာဂတာ၊
တုဝံ ဝါ ပဋိ ရောဒန္တံ၊တသ္မာ ဣစ္ဆာမဟံ ရဟော။ ။

ဟူသော၍သုံးဂါထာတို့ကိုဆို၏။ ။

(၅၉၆-၅၉၈) ဗြဟ္မဒတ္တ၊ ဗြဟ္မဒတ်အမည်ရှိသော။ ရာဇ၊ မင်းမြတ်၊ ယာစနကော၊တောင်းသောသူသည်၊အလာဘံဝါ၊တောင်းပါသောဥစ္စာ ကိုမရခြင်းကိုဖြင်း၊ဓနလာဘံဝါ၊တောင်းသောဥစ္စာကိုရခြင်းကိုဖြင်း၊ ဇာ တိ၊ဤသို့။ဒွယံ၊နှစ်ပါးသောသဘောသို့။နိဂစ္ဆတိ၊ရောက်၏။ဟိ၊မှန်၏။ယာစနာ၊တောင်းခြင်းတို့သည်၊ဧဝံဓမ္မာ၊ဧဝံသဘောဝါ၊ဤသို့ရခြင်းမရ ခြင်းသဘောရှိကုန်၏။ ။ပဉ္စာလာနံ၊ပဉ္စာလတိုင်းသားတို့၏၊ရထေသဘာ၊ ရထားစီးသူရဲတို့၏ ဥသဘဖြစ်တော်မူသောမင်းမြတ်၊ ယာစနံ၊တောင်း ခြင်းကို။ရောဒနံ၊ငိုခြင်းဟူ၍။ ပဏ္ဍိတာ၊ပညာရှိတို့သည်။ အာဟု၊ဆိုကုန်

၏။ယောအကြွင်းသူသည်။ ယာစနံ၊တောင်းခြင်းကို။ပစ္စက္ခာတိ၊ပယ်၏။ တံ၊ထိုပယ်ခြင်းကို။ ပဏ္ဍိတာ၊ပညာရှိတို့သည်။ ပဋိရောဒနံ၊အတုငိုခြင်း ဟူ၍။အာဟု၊ဆိုကုန်၏။ ။ရောဒနံ၊ငိုသောငါ့ကိုရင်း။ပဋိရောဒန္တံ၊အတုငို သော။တုဝံ၊သင့်ကိုရင်း။သုသမါဂတာ၊အညီအညွတ်ကောင်းစွာလာ ကုန်သော။ပဉ္စာလာ၊ပဉ္စာလတိုင်းသူတို့သည်။မါအဒ္ဒသံသု၊မမြင်စေကုန် သတည်းဟု။ မနသိကရောမိ၊နှလုံး၌ထား၏။တသ္မာ၊ ထို့ကြောင့်။အဟံ၊ငါ သည်။ရဟော၊ဆိတ်ကွယ်ရာအရပ်ကို။ယာစိဿာမိ၊အလိုရှိ၏။ ။

မင်းသည်ဘုရားလောင်း၏ရိုသေခြင်းလက္ခဏာ၌ ကြည်ညို၍ဆုပေး လိုရကား။ ။

(၅၉၉) ဒဒါမိ တေ ဗြာဟ္မဏ ရောဟိနီနံ၊
ဂဝံ သဟဿံ သဟ ပုင်္ဂဝေန။
အရိယော ဟိ အရိယဿ ကထံ န ဒဇ္ဇာ၊
သုတွာန ဂါထာ တဝ ဓမ္မ-ယုတ္တာ။ ။

ဟူသော၌စတုတ္ထဂါထာကိုဆို၏။ ။

(၅၉၉) ဗြာဟ္မဏ၊ယုတ်မာညစ်ကျူမကောင်းမှုကို အပပြုပြီးသော သျှင်ရသေ့။ တေ၊သျှင်ရသေ့အား။ ပုင်္ဂဝေန၊နွားလားနှင့်။ သဟ၊တကွ။ ရောဟိနီနံ၊နီသောအဆင်းရှိကုန်သော။ဂဝံ၊နို့ညှစ်နွားမတို့၏။ သဟဿံ၊ တထောင်ကို။ဒဒါမိ၊ငါပေး၏။ ဟိသစ္စံ၊မှန်၏။တဝ၊သင်၏။ ဓမ္မ-ယုတ္တာ၊ အကြောင်းနှင့်ယှဉ်ကုန်သော။ဂါထာ၊ဂါထာတို့ကို။သုတွာန၊နာရ၍။အရိ ယော၊မြတ်သောအကျင့်နှင့်ပြည့်စုံသောသူသည်။အရိယဿ၊မြတ်သော အကျင့်နှင့်ပြည့်စုံသောသင်အား။ ကထံနဒဇ္ဇာ၊ အဘယ့်ကြောင့် မပေးအံ့ နည်း။ ။ဗြာဟ္မဒတ္တဇာတကံ တတိယံ။၃၂၃။

---

## ၃၂၄-စမ္မသာဋကဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ် စွာဘုရားသည်၊ ကလျာဏရူပေါဝတာယံ,အစရှိသော ဂါထာပုဒ်ဖြင့် တန်းဆာ ဆင်အပ်သော ဤစမ္မသာဋကဇာတ်ကို၊ ဇေတဝန်ကျောင်း တော်၌ သီတင်းသုံးနေတော်မူစဉ်၊ စမ္မသာဋကမည်သော ပရိဗိုဇ်ကိုအ ကြောင်းပြု၍ဟောတော်မူ၏။ ။

ထိုအခါတယောံသောစမ္ဗသာဠုကပရိဗိုဇ်သည် ဇာရောဟာသိပြည်၌ ဆွမ်းခံလတ်သော်နောက်သို့ဆုတ်သောသိုးကိုမြင်၍ ဤသိုးသည်ငါ့ကို ပူဇော်၏ဟုနောက်သို့မဘဲမူ၍ ဤမှုအတိုင်းအရှည်ရှိကုန်သောလူတို့၏အ တွင်း၌တယောက်သောလူသည်မျှ ကျေးဇူးကိုမသိဟုထိုသိုးအားလက် အုပ်ချီ၍ရပ်လျက်။ ။

(၆၀၀) ကလျာဏ-ရူပေါ ဝတာ-ယံ စတုပ္ပဒေါ၊
သုဘဒ္ဒကော စေဝ သုပေသလောစ။
ယော ဗြာဟ္မဏံ ဇာတိ မန္တ-ူပပန္နံ၊
အပစာယတိ မေဏ္ဍ-ဝရော ယသဿီ။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၆၀၀) ယသဿီ၊များသောအခြံအရံရှိသော။ယောမေဏ္ဍဝရော၊အ ကြင်သိုးမြတ်သည်။ဇာတိမန္တူပပန္နံ၊အမျိုးမြတ်ခြင်းဗေဒင်တတ်ခြင်းနှင့် ပြည့်စုံသော။ဗြာဟ္မဏံ၊ပုဏ္ဏားကို။ အပစာယတိ၊ပူဇော်၏။ စတုပ္ပဒေါ၊ အခြေလေးချောင်းရှိသော။အယံမေဏ္ဍဝရော၊ဤသိုးမြတ်သည်။ ကလျာ ဏရူပေါဝတ၊ကောင်းသောသဘောရှိပေစွ့တကား။ သုဘဒ္ဒကောစေ ဝ၊အလွန်ကောင်းသောကျေးဇူးလည်းရှိပေစွ့တကား။ သုပေသလော စ၊အလွန်သိလကိုလည်းချစ်ပေစွ့တကား။ ။

ထိုအရပ်၌နေသောပညာရှိသောကုန်သည်သည် ထိုပရိဗိုဇ်ကိုမြစ် လိုရကား။ ။

(၆၀၁) မာ ဗြာဟ္မဏ ဣတ္တရ-ဒဿနေန၊
ဝိဿာသ-မာပဇ္ဇိ စတုပ္ပဒဿ။
ဒဠှ-ပ္ပဟာရံ အတိကင်္ခမာနော၊
အပသက္ကတိ ဒဿတိ သုပ္ပဟာရံ။ ။

ဟူသောဤဒုတိယဂါထာကိုဆို၏။ ။

(၆၀၁) ဗြာဟ္မဏ၊ ပုဏ္ဏား ပရိဗိုဇ်။ ဣတ္တရဒဿနေန၊ ထိုခဏ၌မြင် ကာမျှဖြင့်။စတုပ္ပဒဿ၊အခြေလေးချောင်းရှိသောသိုးအား။ ဝိဿာသံ၊ အကျွမ်းဝင်ခြင်းကို။ မာအာပဇ္ဇိ၊မရောက်လင့်။ ဒဠှံ၊ပြင်းစွာ။ ပဟာရံ၊ ထိုးခြင်းကို။ အတိကင်္ခမာနော၊အလိုရှိသည်ဖြစ်၍။ အပသက္ကတိ၊ နောက်သို့ဆုတ်၏။ သုပ္ပဟာရံ၊ ပြင်းစွာတိုက်ခြင်းကို။ ဒဿတိ၊ ပေး လတ္တံ့။ ။ထိုပညာရှိကုန်သည်ဆိုစဉ်လျှင်ထိုသိုးသည်လျင်မြန်စွာသော

အဟုန်ဖြင့်ပြေးလာ၍ပေါင်၌တိုက်၍၊ ထိုပရိဗိုဇ်ကိုထိုအရပ်၌လျှင်ဝေဒနာသို့ရောက်သည်ကိုပြု၍လည်းစေ၏။ ပရိဗိုဇ်သည် ဝေဒနာသို့ရောက်လတ်သော်ငိုကြွေးအံ့၏။ ။

သဗ္ဗညုမြတ်စွာဘုရားသည်ထိုအကြောင်းကိုပြလိုရကား။ ။

(၆၀၂) ဥဒ္ဓိရုဠှိ ဘဂ္ဂါ ပဝနိတော ခါရိ-ဘာဇရော၊
သဗ္ဗံ ဘဏ္ဍံ ဗြာဟ္မဏဿ ဘိန္နံ။
ဗာဟာ ပဂ္ဂယှ ကန္ဒတိ၊ အဘိဓာဝထ ဟညတေ ဗြဟ္မစာရီ။ ။

ဟူသော၍တတိယဂါထာကိုဟောတော်မူ၏။ ။

(၆၀၂) ဘိက္ခဝေ၊ရဟန်းတို့။ဗြာဟ္မဏဿ၊ပရိဗိုဇ်၏။ဥရုဋ္ဌိ၊ပေါင်ရိုးတို့သည်။ဘဂ္ဂါ၊ကျိုးကုန်၏။ ခါရိ-ဘာဇရော၊ပရိက္ခာရာဖြင့် ပြည့်သောဝန်ထုပ်သည်။ ပဝနိတော၊လိမ့်၏။ သဗ္ဗံ၊အလုံးစုံသော။ ဘဏ္ဍံ၊ ဘဏ္ဍာသည်။ ဘိန္နံ၊ပျက်စီး၍။ ဗြဟ္မစာရီ၊မြတ်သောအကျင့်ကိုကျင့်သော ပရိဗိုဇ်ကို။ဟညတေ၊တိုက်သတ်အံ့၏။ တုမှေ၊သင်တို့သည်။ အဘိဓာဝထ၊ပြေးကြလေကုန်။ ဣတိ၊ဤသို့ဆို၍။ ဗာဟာယ၊မောင်းကို။ ပဂ္ဂယှ၊ မြှောက်၍။ကန္ဒတိ၊ငို၏။ ။

ပရိဗိုဇ်သည်။ ။

(၆၀၃) ဝေါ ဧသော နိပါတော သေတိ၊ ယော အ-ပူဇံ ပသံသတိ။
ယထာ-ဟ-မဇ္ဇ ပဟတော၊ ဟတော မေဏ္ဍေန ဒုမ္မတိ။ ။

ဟူသော၍စတုတ္ထဂါထာကိုဆို၏။ ။

(၆၀၃) အဇ္ဇ၊ယနေ့။ ဒုမ္မတိ၊ပညာနည်းသော။ အဟံ၊ငါကို။ မေဏ္ဍေန၊သိုးသည်။ ပဟတော၊ တိုက်ခတ်အပ်သည်ဖြစ်၍။ ဟတော၊ယထာ၊ သတ်အပ်သကဲ့သို့။ဧဝံ၊တထာ၊ထို့အတူ။ယော၊အကြင်သူသည်။အပူဇံ၊ မပူဇော်ထိုက်သောသူကို။ပသံသတိ၊ချီးမွမ်း၏။သော၊ ထိုသူသည်။နိပါတော၊သတ်အပ်သည်ဖြစ်၍။သေတိ၊အိပ်၏။ ။ထိုပရိဗိုဇ်သည်ဤသို့ငိုကြွေးလျက်ထိုအရပ်၌ပင်သေ၏။ ။စမ္မသာဋကဇာတ်ကား စတုတ္ထ။၃၂၄။

၃၂၅-ဂေါဓရာဇဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊သာဝတ္ထိပြည်မှာနေ၍၊ အစဉ်ရှိသော ဂါထာပုဒ်ဖြင့်တန်း

ဆာဆင်အပ်သော ဤဂေါဓရာဇာတ်ကို၊ဇေတဝန် ကျောင်းကြီး၌သီ တင်းသုံးနေတော်မူစဉ်၊ အံ့ဘွယ်သရဲကို ဖြစ်စေတတ်သော ရဟန်းတ ပါးကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ဘုရားလောင်းသည် ငါ့ကိုကား ချော်လေ၏။ လေးပါးကုန်သောအ ပါယ်တို့ကိုကားမချော်ဟုဆိုလျက်ပြေး၍၊ စကြံဦး၌ရှိသောတောင်ပို့သို့ ဝင်၍တပါးသောအပေါက်မှ ဦးခေါင်းကိုဘော်၍ ထိုရသေ့စဉ်းလဲနှင့် တကွစကားပြောလိုရကား။ ။

(၆၀၄) သမဏ·န္တံ မညမာနော၊ဥပဂစ္ဆိ·မသညတံ။
သော မံ ဒဏ္ဍေန ပါဟာသိ၊ယထာ အဿမဏော တထာ။ ။

(၆၀၅) ကိ·န္တေ ဇဋာဟိ ဒုမ္မေဓ၊ကိ· န္တေ အဇိန- သာဋိယာ။
အဗ္ဘန္တရ·န္တေ ဂဟနံ၊ဗာဟိရံ ပရိမဇ္ဇသိ။ ။

ဟူသော၌နှစ်ဂါထာတို့ကိုဆို၏။ ။

(၆၀၄-၆၀၅) အဟံ၊ငါသည်။အ-သညတံ၊ကိုယ်နှုတ်နှလုံးကိုမစောင့် ရှောက်သော။တံ၊သင့်ကို။သမဏံမညမာနော၊ ရဟန်းထင်၍။ ဥပဂစ္ဆိံ၊ ဆည်းကပ်မိ၏။ ယထာ၊အကြင်သို့သောအခြင်းအရာအားဖြင့်။အဿမ ဏော၊ ရဟန်းမဟုတ်သည်။ဟောတိ၊ဖြစ်၏။ တထာ၊ထိုရဟန်းအမှုမ ဟုတ်သောအခြင်းအရာဖြင့်။သောတွံ၊ထိုသင်သည်။ မံ၊ငါ့ကို။ဒဏ္ဍေန၊ ဆောက်ပုတ်ဖြင့်။ပဟာသိ၊ပစ်၏။ ။ဒုမ္မေဓ၊ကမ္ဘာသကတာပညာနည်း သောရသေ့စဉ်းလဲ။ တေ၊သင်အား။ ဇဋာဟိ၊ ဆံကျစ်တို့ဖြင့်။ ကိံ၊အ ဘယ် အကျိုးရှိအံ့နည်း။ အဇိန-သာဋိယာ၊ ပရံ့တဘက် စမွါယ်တင် အပ်သောသစ်နက်ရေဖြင့်။ တေ၊သင်အား။ ကိံ၊ အဘယ်အကျိုးရှိအံ့ နည်း။ တေ၊သင်၏။ အဗ္ဘန္တရံ၊ ကိုယ်တွင်းသည်။ ဂဟနံ၊ အဆိပ်ဖြင့် ပြည့်သောဖူးအုံကဲ့သို့ရင်း၊ မြွေဟောက်ဖြင့် ပြည့်သောတောင်ပို့ကဲ့သို့ ရင်း၊ကိလေသာထူထပ်၏။ဗာဟိရံ၊အပသည်။ ပရိမဇ္ဇသိ၊ဆင် ချေးတုံး မြင်းချေးတုံးကဲ့သို့ပြေပြစ်၏။ ။

ထိုစကားကိုကြား၍ရသေ့သည်။ ။

(၆၀၆) ဧဟိ ဂေါဓ နိဝတ္တဿု၊ဘုဉ္ဇ သာလီန·မောဒနံ။
တေလံ လောဏဉ္စ မေ အတ္ထိ၊ပဟူတံ မယှ ပိပ္ဖလိ။ ။

ဟူသော၌တတိယ ဂါထာကိုဆို၏။ ။

(၆၀၆) ဂေါဓ၊ဖွတ်မင်း။ ဧဟိ၊လာလော့။ နိဝတ္တဿု၊ ပြန်နဲ့ဦးလော့။

မေ၊ငါ့အား။တေလံ၊ဆီသည်ရှင်း။လောဏဉ္စ၊ဆားသည်ရှင်း။အတ္ထိ၊ရှိ၏။ မယှံ၊ငါ့အား။ ပဟူတံ၊များစွာသော။ ပိပ္ပလိံ၊ ရှိန်းဂို,ဇီယာ,ချင်း,ကြက်သွန်,ငရုတ်,ပိတ်ချင်း,အားဖြင့်ပြားသော စပ်သော ဘဏ္ဍာသည်လည်း။ အတ္ထိ၊ရှိ၏။ တေန၊ထိုဆီ,ဆား,ရှိန်းဂို,ဇီယာ,ချင်း,ကြက်သွန်,စသည်ဖြင့်။ အဘိသင်္ခတံ၊ပြုပြင်အပ်သော။သာလိနံ၊သလေးတို့၏။ဩဒနံ၊ထမင်းကို။ ဘုဉ္ဇ၊စားလော့။ ။

ထိုစကားကိုကြား၍ဘုရားလောင်းသည်။ ။

(၆၀၇) သေ ဘိယျော ပဝေ ကွာမိ၊ဝမ္မိကံ သတ-ပေါရိသံ။
တေလံ လောဏဉ္စ ကိတ္တေသိ၊အ-ဟိတံ မယှ ပိပ္ပလိ။ ။

ဟူသော၌စတုတ္ထဂါထာကိုဆို၏၊ ။

(၆၀၇) ဒုဋ္ဌတာပသ၊ ရသေ့ပျက်၊ တေလံ၊ ဆီကိုရှင်း။ လောဏဉ္စ၊ ဆားကိုရှင်း။တွံ၊သင်သည်။ကိတ္တေသိ၊ကြား၏။ တံဝစနံ၊ ထိုစကားကို။ သုတွာ၊ကြား၍။သေယျော၊အဟံ၊ငါသည်။ ဘိယျော၊လွန်စွာ။သတပေါရိသံ၊အသူတရာနက်သော။ဝမ္မိကံ၊ တောင်ပို့ခေါင်းသို့။ပဝေကွာမိ ပဝိသိဿာမိ၊ဝင်အံ့။ပိပ္ပလိ၊ပိတ်ချင်းအစရှိသောစပ်သောဘဏ္ဍာသည်။ မယှံ၊ငါ့အား။အဟိတံ၊အသပ္ပါယ်၊မလျော်ကပ်။ ။(ဥပလက္ခဏာနည်းအားဖြင့်ပိပ္ပလိဆိုသည်။ ထိုကြောင့်ဟိင်္ဂုဇီရကသိင်္ဂီဝေရလသုဏ မရိစပိပ္ပလိပဘေဒကဋုကဘဏ္ဍံပိဗဟုအတ္ထိ,ဟု၊အဋ္ဌကထာဖွင့်သည်)။ ။ ဤသို့ဆို၍ရသေ့စဉ်းလဲ၊သင်သည်အကယ်၍ဤ၌နေအံ့၊ သင့်ကိုဆွမ်းခံရွာ၌လူတို့ကို ဤရသေ့ကားခိုးသူတည်းဟုဘမ်းစေ၍ ဘောက်ပြန်ခြင်းသို့ရောက်စေအံ့၊လျင်စွာပြေးလေဟုခြိမ်းခြောက်၏။ရသေ့စဉ်းလဲသည် ထိုအရပ်မှပြေး၏။ ။ဂေါဓရာဇဇာတကံ ပဉ္စမံ။၃၂၅။

၃၂၆-ကက္ကာရုဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သောသဗ္ဗညုမြတ်စွာဘုရားသည်၊ ကာယေန ယော နာ၁၀ ဟာရေ,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော၌ကက္ကာရုဇာတ်ကို၊ ဝေဠုဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်၊ဒေဝဒတ်ကိုအကြောင်းပြု၍ဟောတော်မူ၏။

နတ်သားတို့သည်ကက္ကာရုမည်သော နတ်ပန်းတို့သည်ကား အာနုဘော်ကြီးကုန်၏။နတ်တို့အားသာလျှင်ထိုက်ကုန်၏။လူ့ပြည်၌ယုတ်မာကုန်သော ပညာမရှိကုန်သော ယုတ်သောနှလုံးသွင်းရှိကုန်သောသီလမရှိကုန်သောသူတို့အားမထိုက်ကုန်။ အကြင်လူတို့သည်ကား ဤသို့သဘောရှိသည်လည်း ဖြစ်ကုန်သောဂုဏ်တို့နှင့် ပြည့်စုံကုန်၏။ ထိုလူတို့အားထိုက်ကုန်၏ဟုဆိုကုန်၏။ ဤသို့ဆိုပြီး၍ ထိုနတ်သားတို့တွင် နတ်သားကြီးသည်။ ။

(၆၀၈) ကာယေန ယော နာဝဟရေ၊ ဝါစာယ န မုသာ ဘဏေ။
ယသော လဒ္ဓါ န မဇ္ဇေယျ၊ သ ဝေ ကက္ကာရုမရဟတိ။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၆၀၈) ယော၊အကြင်သူသည်။ကာယေန၊ကိုယ်ဖြင့်။ ပရသန္တကံ၊သူတပါးဥစ္စာကို။တိဏကလာပံပိ၊မြက်တဆုပ်ကိုမျှလည်း။နာဝဟရေ၊မခိုးမယူ။ဝါစာယ၊နှုတ်ဖြင့်။ဇီဝိတံ၊အသက်ကို။ပရိစ္စဇမာနောပိ၊ စွန့်ရသော်လည်း။မုသာ၊မုသာဝါဒကို။နဘဏေ၊မဆို။ယသော၊ အစိုးရသောစည်းစိမ်ကို။လဒ္ဓါ၊ရ၍။နမဇ္ဇေယျ၊စည်းစိမ်ရစ်၍မကောင်းမှုကိုမပြုရာ။သောဇဝ၊ရှုပေါ၊ဤသို့သောဂုဏ်နှင့်ပြည့်စုံသော သဘောရှိသောသူသည်။ဝေ၊စင်စစ်။ကက္ကာရုံ၊ကက္ကာရုမည်သောနတ်ပန်းကို။အရဟတိ၊ထိုက်၏။ ။

ထိုစကားကိုကြား၍ ပုရောဟိတ်သည်ငါ့အား ဤကျေးဇူးတို့တွင်တခုသောကျေးဇူးသည်မျှလည်းမရှိ၊ မဟုတ်မမှန်သောစကားကိုဆို၍ ထိုပန်းတို့ကိုယူ၍ပန်အံ့။ ဤသို့ပန်ဆင်သည်ရှိသော် လူများသည် ငါ့ကို ဤပုဏ္ဏားကားကျေးဇူးနှင့်ပြည့်စုံသောသူတည်းဟု သိလတ္တံ့ဟုကြံ၏။ကြံပြီး၍ ထိုပုရောဟိတ်သည် ကျွန်ုပ် ထိုကျေးဇူးနှင့် ပြည့်စုံ၏ဟုဆို၍ ထိုကက္ကာရုပန်းတို့ကိုပေးစေ၍ ပန်ဆင်၍ နှစ်ယောက်မြောက်သော နတ်သားကိုတောင်း၏။ထိုနတ်သားသည်လည်း။ ။

(၆၀၉) ဓမ္မေန ဝိတ္တံ့မေသေယျ၊န နိကတျာ ဓနံ ဟရေ။
ဘောဂေ လဒ္ဓါ န မဇ္ဇေယျ၊သ ဝေ ကက္ကာရုမရဟတိ။ ။

ဟူသောဒုတိယဂါထာကိုဆို၏။ ။

(၆၀၉) ယော၊ အကြင်သူသည်။ ဓမ္မေန၊စင်ကြယ်စွာ အသက်မွေးကြောင်းဖြစ်သော ဖြောင့်မှန်သောတရားဖြင့်။ ဝိတ္တံ၊ ရွှေငွေစသောဥစ္စာကို။ဧသေယျ၊ရှာရာ၏။ နိကတျာ၊ကောက်ကျစ်စဉ်းလဲခြင်းဖြင့်။ ဓနံ၊သူ

တပါးဥစ္စာကို။ နဟရေ၊မဆောင်မယူရာ။ ဘောဂေ၊ အဝတ်တန်းဆာ
များစွာသောအသုံးအဆောင်တို့ကို။လဒ္ဓါ၊ရ၍။နမဇ္ဇေယျ၊စည်းစိမ်ရစ်၍
မေ့လျော့သဖြင့်မကောင်းမှုကိုမပြုရာ။သောဝေရူပေါ၊ ထိုဆိုအပ်ပြီးသ
ဘောရှိသောသူသည်။ဝေ၊စင်စစ်။ကဏ္ဏာရုံ၊ကဏ္ဏာရုအမည်ရှိသောနတ်
ပန်းကို။အရဟတိ၊ထိုက်၏။ ။

ပုရောဟိတ်သည်ကျွန်ုပ်ထိုကျေးဇူးတို့နှင့်ပြည့်စုံ၏ဟုဆို၍ထိုပန်းတို့
ကိုပေးစေ၍ပန်ဆင်၍သုံးယောက်မြောက်သောနတ်သားကိုတောင်း၏။
သုံးယောက်မြောက်သော နတ်သားသည်လည်း။ ။

(၆၁၀) ယဿ စိတ္တံ အ-ဟာလိဒ္ဒံ၊သဒ္ဓါ စ အ-ဝိရာဂိနီ။
ဧကော သာဒုံ န ဘုဥ္ဇေယျ၊သဝေ ကဏ္ဏာရု-မရဟတိ။ ။

ဟူသော၍တတိယဂါထာကိုဆို၏။ ။

(၆၁၀) ယဿ၊အကြင်သူ၏။စိတ္တံ၊စိတ်သည်။အ-ဟာလိဒ္ဒံ၊နနွင်းဆိုး
ရည်ကဲ့သို့ လျင်မြန်စွာ ပြယ်တတ်သည်မဟုတ်ဘဲ မြဲမြံသည်သာလျှင်။
ဟောတိ၊ဖြစ်၏။ သဒ္ဓါ စ၊ ကံကံ၏ အကျိုးကိုရင်း ယုံကြည်ထိုက်သော
ဘုရားစသောသူတော်ကောင်းတို့၏စကားကိုရင်း ယုံကြည်သောသဒ္ဓါ
တရားသည်။ အ-ဝိရာဂိနီ၊အနည်းငယ်ဖြင့်လျှင်ပြယ်ခြင်း ပျက်စီးခြင်းရှိ
သည်လည်းမဟုတ်။ယာစကေဝါ၊တောင်းသောသူတို့ကိုရင်း။ သံဝိဘာ
ဂါရဟောဝါ၊တောင်းသောသူမှတပါး ဝေဘန်ကမ်းခြင်းငှာ ထိုက်သော
သူတို့ကိုရင်း။ ဗဟိကတွာ၊အပပြု၍။ ဧကော၊ တယောက်အထီးတည်း။
သာဒုံ၊ကောင်းမွန်သာယာရသာထူးတွေကို၊ နဘုဥ္ဇေယျ၊မသုံးဆောင်
ရာ။သောဝေရူပေါ၊ ထိုဆိုအပ်ပြီးသောသဘောရှိသောသူသည်။ ဝေ၊
စင်စစ်။ကဏ္ဏာရုံ၊ကဏ္ဏာရုအမည်ရှိသောနတ်ပန်းကို။အရဟတိ၊ထိုက်၏။

ပုရောဟိတ်သည် ကျွန်ုပ်ထိုဂုဏ်တို့နှင့်ပြည့်စုံ၏ဟုဆို၍ ထိုနတ်ပန်း
တို့ကိုပေးစေ၍ပန်ဆင်၍ လေးယောက်မြောက်သောနတ်သားကိုတောင်း
၏။ထိုနတ်သားသည်။ ။

(၆၁၁) သမ္မုခါဝါ ပရောက္ခာဝါ၊ယော သန္တေ န ပရိဘာသတိ။
ယထာ-ဝါဒီ တထာ-ကာရီ၊သဝေ ကဏ္ဏာရု-မရဟတိ။ ။

ဟူသော၍စတုတ္ထဂါထာကိုဆို၏။ ။

(၆၁၁) ယော၊အကြင်သူသည်။ သမ္ဗုခါဝါ၊ မျက်မှောက်၌ရင်း။ ပရံမုခါဝါ၊မျက်ကွယ်၌ရင်း။သန္တေ၊သီလပညာသမာဓိကျွန်စသောဂုဏ်နှင့်ပြည့်စုံသောပညာရှိ သူတော်ကောင်းတို့ကို။ နပရိဘာသတိ၊ မဆဲရေး။ ယထာဝါဒီ၊အကြင်အခြင်းဖြင့်ဆိုလေ့ရှိ၏။ တထာကာရီ၊ထိုအခြင်းဖြင့်ပြုလေ့ရှိသည်။ဟောတိ၊ဖြစ်၏။သောဧဝရူပေါ၊ ထိုဆိုအပ်ပြီးသော သဘောရှိသောသူသည်။ဝေစင်စစ်။ကဏ္ဍာရဂုံ၊ကဏ္ဍာရအမည်ရှိသောနတ်ပန်းကို။အရဟတိ၊ထိုက်၏။ ။

ပုရောဟိတ်သည် ပေးလော့၊ကျွန်ုပ်ထိုကျေးဇူးတို့နှင့်ပြည့်စုံ၏ဟုဆို၍၊ထိုပန်းတို့ကိုပေးစေ၍ပန်ဆင်၏။ နတ်သားတို့သည်လေးခုသောပန်းကုံးတို့ကိုပုရောဟိတ်အားပေး၍နတ်ပြည်သို့လျှင်သွားကုန်၏။ နတ်သားတို့သွားသောကာလ၌ ပုရောဟိတ်၏ ဦးခေါင်း၌ ကြီးစွာသော ဝေဒနာသည်ဖြစ်၏။ ဦးခေါင်းသည် ထက်စွာသော အသွားများရှိသော ဆောံဖြင့်ဖြတ်ဘိသကဲ့သို့ရင်း၊ သံပြားဖြင့် နှိပ်ဘိသကဲ့သို့ ရင်းဖြစ်၏။ ထိုပုရောဟိတ်သည်ဝေဒနာသို့ရောက်၍ထိုမှဤမှလူးသည်း၍ ကျယ်စွာသော အသံဖြင့်ဟစ်ကြွေး၏။ ထိုအမှုသည် အဘယ်တုံနည်းဟု မေးသည်ရှိသော်။ ငါသည် ငါ၏ကိုယ်တွင်း၌မရှိသောဂုဏ်ကျေးဇူးကိုရှိ၏,ဟုမုသားဆို၍ ထိုနတ်သားကိုတောင်း၏။ ထိုငါသည်ဝေဒနာသို့ ရောက်၍ ကိုယ်အလုံးတုန်လှုပ်၏။ ထိုပန်းတို့ကိုငါ၏ဦးခေါင်းမှ ပယ်ပါလော့ဟုဆို၏။ထိုပန်းတို့ကိုပယ်အံ့သော၌ မတတ်နိုင်ကုန်။သံပြားဖြင့်အပ်သကဲ့သို့ဖြစ်ကုန်၏။ ထိုအခါထိုပုရောဟိတ်ကိုချီ၍ အိမ်သို့ဆောင်ကုန်၏။ အိမ်၌ ထိုပုရောဟိတ်အား ဟစ်ကြွေးစဉ် ခုနစ်နှစ်တို့သည် လွန်ကုန်၏။ မင်းသည်အမတ်တို့ကိုတိုင်ပင်၍သီလမရှိသောပုဏ္ဏားသည်သေလတ္တံ့၊ အဘယ်သို့ပြုကြကုန်အံ့နည်းဟုဆိုသည်ရှိသော်။ မြတ်သောမင်းကြီးတဘန် ပွဲသဘင် ပြုသည်ရှိသော်၊ နတ်သားတို့သည် တဘန် လာပြန်ကုန်လတ္တံ့ဟုလျှောံကုန်၏။မင်းသည်ပွဲသဘင်ကိုပြုစေ၏။ နတ်သားတို့သည် တဘန်လာပြန်ကုန်၍မြို့အလုံးကိုပန်းနံ့သာတို့ဖြင့် တစပ်ထည်းသောအနံ့ရှိသည်ကိုပြု၍ ဈေးအတူသာလျှင်မင်းရင်ပြင်၌ရပ်ကုန်၏။ လူများသည် စည်းဝေး၏။သီလမရှိသောပုဏ္ဏားကိုဆောင်၍ နတ်သားတို့၏ရှေ့မှရင်ဖြင့်ဝပ်စေကုန်၏။သီလမရှိသောထိုပုဏ္ဏားသည်အရှင်နတ်သားတို့။ အရှင်တို့သည် အကျွန်ုပ်အား အသက်ကို ပေးပါကုန်ဟု နတ်သားတို့ကို

တောင်းပန်၏။ နတ်သားတို့သည် သီလမရှိသော ယုတ်မာသောအမှုရှိ သောသင်အား။ ဤပန်းတို့သည်မထိုက်မလျော်ကုန်။ သင်သည်ကားငါတို့ ကိုလှည့်စားအံ့ဟု အမှတ်ရှိ၏။ မိမိ၏ မုသာဝါဒအကျိုးကိုရ၏ဟု လူများ အလယ်၌ဒုဿီလပုဏ္ဏားကိုကဲ့ရဲ့၍ ဦးခေါင်းမှပန်းကုံးကိုပယ်၍ လူများ အားအဆုံးအမပေး၍မိမိတို့၏အရပ်သို့လျှင်သွားကုန်၏။ ။(ကဏ္ဍရဟူ ၍ငှင်း၊ ကဏ္ဍာရဟူ၍ငှင်း နှစ်ထွေပါဠိရှိသည်တွင်။တဏှာကရောတိ ဟိ သတိတိတဏှာက်ရောက်၍ကဲ့သို့။ ကရခာတ်၏ဟိ သနအနက်ကိုယူ၍ ကာ ပုရိသေကရောတိဟိ သတိတိကဏ္ဍာရ၊ပြု၍ဏှပစ္စည်းသက်သော်ကဏ္ဍာ ရပင်လျှော်သည်။ကာပုရိသေ၊ သီလမရှိစက်ဆုပ်ဘွယ်သောသူတို့ကို။ ကရောတိ ဟိ သတိ၊ညှဉ်းဆဲတတ်၏၊ဟုပေး)။ ။ကဏ္ဍာရဇာတကံ ဆဋ္ဌံ။၃၂၆။

---

၃၂၇-ကာကဝတီဇာတ်။

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည်၊ ဝါတိဝါယံတတောဂန္ဓော,အစရှိသောဂါထာပုဒ် ဖြင့် တန်းဆာဆင်အပ်သော ဤကာကဝတီဇာတ်ကိုဇေတဝန် ကျောင်း တော်၌ သီတင်းသုံးနေတော်မူစဉ်၊ ငြီးငွေ့သော ရဟန်းတပါးကို အ ကြောင်းပြု၍ဟောတော်မူ၏။ ။

ထိုအခါ၌ကား။ တခုသောဂဠုန်မင်းသည် လူ၏အသွင်ဖြင့် သွား၍ မင်းနှင့်တကွ ကြွေအန်ကစားလတ်သော်။ ကာကဝတီမိဘုရား၌ တပ် ငွန်းသောစိတ်ရှိသည်ဖြစ်၍ ကာကဝတီမိဘုရားကိုယူ၍ ဂဠုန်ပြည်သို့ ဆောင်၍ ထိုမိဘုရားနှင့်တကွ မွေ့လျော်၏။ မင်းသည်မိဘုရားကိုမမြင် လတ်သော်။ နဋကုဝေရမည်သော စောင်းသမားကိုမိဘုရားကို ရှာမြန်း လော့ဟုဆို၏။ စောင်းသမားသည်ရှာမြန်းလတ်သော် ထိုအကြောင်းကို သိ၍၊ ဂဠုန်မင်းကိုစီး၍ အတောင်ကြားမှ ထွက်၍ တခုသောရေအိုင် ဝယ် ပြိတ်တော၌အိပ်၍။ ထိုပြိတ်တောမှ ဂဠုန်မင်း သွားသည်ကာလ အတောင်ကြား၌ စီး၍ ဂဠုန်ပြည်သို့သွား၍ ကာကဝတီမိဘုရားနှင့်တ ကွကိလေသာ၏အငွန်းအားဖြင့်ရောရှက်ခြင်းကိုပြု၍။ တဖန်ဂဠုန်မင်း ၏အတောင်ကြား၌ စီးလျက်လာ၏။ဂဠုန်မင်းသည် ဗာရာဏသီမင်းနှင့် တကွ ကြွေအန်ကစားသောကာလ၌ စောင်းသမားသည်မိမိစောင်းကို

ယူ၍ ကြွေအန်ကစားသောပွဲသို့သွား၏။မင်း၏အထံ၌ရပ်လျက်သီသည် ၏အစွမ်းအားဖြင့်။ ။

(၆၁၂) ဝါတိ ဝါ·ယံ တတော ဂန္ဓော၊ယတ္ထ မေ ဝသတီ ပိယာ။
ဒူရေ ဣတော ဟိ ကာကဝတီ၊ယတ္ထ မေ နိရတော မနော။ ။

ဟူသော၍ပဌမဂါထာကိုဆို၏။ ။

(၆၁၂) ယတ္ထ၊ အကြင်ဂဠုန်ပြည်၌။ မေ၊ငါ၏။ ပိယာ၊မယားသည်။ ဝသတိ၊နေ၏။တတော၊ထိုဂဠုန်ပြည်မှ။အယံဂန္ဓော၊ဤနတ်နံ့သာကိုလိမ်းကျံသောကာကဝတီမိဘုရား၏ ကိုယ်နံ့သည်။ ဝါတိဝ၊လှိုင်သလျှင်ကတည်း။ယတ္ထ၊အကြင်ကာကဝတီမိဘုရား၌။မေ၊ငါ၏။မနော၊စိတ်သည်။ နိရတော၊မွေ့လျော်၏။ဝါ၊နိရတောလင်္ကေါ၊ကပ်ငြိတပ်စွန်း၏။ (ဤကား ငိုကာနက်)။သာကာကဝတီ၊ထိုကာကဝတီမိဘုရားသည်။ ဣတော၊ဤဗာရာဏသီပြည်မှ။ ဒူရေ၊ဝေးသောဂဠုန်ပြည်သာမေ၊လက်ပံတော၌။ ဝသတိ၊နေ၏။ဟိကားအနက်မရှိ။ ။ထိုစကားကိုကြား၍ဂဠုန်မင်းသည်။

(၆၁၃) ကထံ သမုဒ္ဒမတရိ၊ကထံ အတရိ ကေပုကံ။
ကထံ သတ္တ သမုဒ္ဒါနိ၊ကထံ သိမ္ဗလိမာရုဟိ။ ။

ဟူသော၍ဒုတိယဂါထာကိုဆို၏။ ။

(၆၁၃) တွံ၊သင်သည်။သမုဒ္ဒံ၊ ဇမ္ဗူဒီပါကျွန်းဝန်းရံ၍တည်သော ဤသမုဒ္ဒရာကို။ ကထံအတရိ၊ အဘယ်သို့ကူးဘိသနည်း။ ကေပုကံ၊ဇမ္ဗူဒီပါသမုဒ္ဒါမှပြင်ဘက်ဖြစ်သောကေပုကမည်သောမြစ်ကို။ ကထံအတရိ၊အဘယ်သို့ကူးဘိသနည်း။သတ္တသမုဒ္ဒါနိ၊ မြင်းမိုရ်နှင့်တောင်ခုနစ်လုံးတို့၏အကြား၌တည်ကုန်သောသီတာသမုဒ္ဒရာခုနစ်တန်တို့ကို။ ကထံအတရိ၊ အဘယ်သို့ကူးဘိသနည်း။ ဝါ၊ကထံကေနဥပါယေန အတရိ၊အဘယ်သို့သောဥပါယ်ဖြင့် ကူးဘိသနည်း။အတိက္ကမိတွာ၊သမုဒ္ဒရာတို့ကိုလွန်ပြီး၍။ဌိတံ၊တည်သော။ အမှာကံ၊ငါတို့၏။ ဘဝနံ၊ဗိမာန်ဖြစ်သော။ သိမ္ဗလိံ၊ ယူဇနာတရာမြင့်သော လက်ပံပင်ကြီးသို့။ ကထံအာရုဟိ၊အဘယ်သို့သောဥပါယ်ဖြင့်တက်ဘိသနည်း။ ။

ထိုစကားကိုကြား၍နဋကုဝေရစောင်းသမားသည်။ ။

(၆၁၄) တယာ သမုဒ္ဒမတရိံ၊တယာ အတရိံ ကေပုကံ။
တယာ သတ္တ သမုဒ္ဒါနိ၊တယာ သိမ္ဗလိမာရုဟိံ။ ။

ဟူသော၍တတိယဂါထာကိုဆို၏။ ။

(၆၁၄) ဂရုဠ၊ဂဠုန်မင်း။အဟံ၊ငါသည်။တယာ၊သင်ဖြင့်။သမုဒ္ဒံ၊ဇမ္ဗူဒီပါကျွန်းဝန်းရံ၍တည်သောဤသမုဒ္ဒရာကို။အတရိံ၊ကူးပြီ။တယာ၊သင်ဖြင့်။ကေပုကံ၊ဇမ္ဗူဒီပါသမုဒ္ဒရာမှပြင်ဘက်ဖြစ်သောကေပုကမည်သောမြစ်ကို။ အတရိံ၊ ကူးပြီ။ တယာ၊သင်ဖြင့်။ သတ္တသမုဒ္ဒါနိ၊ မြင်းမိုရ်နှင့်တောင်စဉ်ခုနစ်လုံး၏အကြား၌ တည်ကုန်သော သီတာ သမုဒ္ဒရာခုနစ်တန်တို့ကို။ အတရိံ၊ကူးပြီ။ တယာ၊သင်ဖြင့်။ သိမ္ဗလိံ၊ယူဇနာတရာမြင့်သောလက်ပံပင်ကြီးသို့။အာရုဟိံ၊တက်ပြီ။ ။

ထိုနောင်မှ ဂဠုန်မင်းသည်။ ။

(၆၁၅) ဝိ·ရဏ္ဍု မံ မဟာ-ကာယံ၊ဝိ·ရဏ္ဍု မံ အ-ဝေတနံ။
ယဿ ဇာယာယ ဟံ ဇာရံ၊အာဝဟာမိ ဝဟာမိစ။ ။

ဟူသောဤစတုတ္ထဂါထာကိုဆို၏။ ။

(၆၁၅) ယဿယသ္မာ၊အကြင့်ကြောင့်။ အဟံ၊ငါသည်။ ဇာယာယ၊မယား၏။ ဇာရံ၊သရောက်လင်ဖြစ်သောစောင်းသမားကို။ အာဝဟာမိစ၊ဂဠုန်ပြည်သို့လည်းဆောင်ယူ၏။ ဝဟာမိစ၊လူ့ပြည်သို့လည်းပို့ဆောင်၏။တသ္မာ၊ထို့ကြောင့်။မဟာ-ကာယံ၊ကြီးသောကိုယ်ရှိသော။မံ၊ငါ့ကို။ဓိရတ္ထု၊ငါကဲ့ရဲ့၏။ ဝါ၊ငါစက်ဆုပ်၏။အ-စေတနံ၊လေးသည့်အဖြစ်၊ပေါ့သည့်အဖြစ်ကိုမသိသော။ မံ၊ငါ့ကို။ဓိရတ္ထု၊ ငါကဲ့ရဲ့၏။ ဝါ၊ငါစက်ဆုပ်၏။ ။(ကထံသမုဒ္ဒံ'တွံ ဇာမ်ံ ဇမ္ဗူဒီပသမုဒ္ဒံ,ဟုဘွင့်သောအဋ္ဌကထာကိုမြော်၍။ သမုဒ္ဒံ၊ဇမ္ဗူဒီပါကျွန်းဝန်းရံ၍ တည်သော ဤသမုဒ္ဒရာကိုယောဇနာသည်။ ။တသ္သပရတော ကေပုကံနာမနဒီ'။ဟူသည်ကိုမြော်၍။ကေပုကံ၊ဇမ္ဗူဒီပါသမုဒ္ဒရာမှပြင်ဘက်ဖြစ်သောကေပုကမည်သောမြစ်ကို,ယောဇနာသည်။ ။ပဗ္ဗတန္တရေ သဏ္ဌိတာနိ သတ္တသမုဒ္ဒရာနိစကထံအတရိံကိုမြော်၍၊ သတ္တသမုဒ္ဒါနိ၊မြင်းမိုရ်နှင့်တောင်စဉ်ခုနစ်လုံးတို့၏ အကြား၌တည်ကုန်သောသီတာသမုဒ္ဒရာခုနစ်တန်တို့ကို,ယောဇနာသည်။ ။ဉ်မ္ဗ မဏ္ဍလေ၊အလိ၊ အဿိ,ဟုအဘိဓါန်ဋီကာကိုရှု၍မသံယုဂ်နှင့်တတိယဗအက္ခရာသိမ္ဗလိ,ရေးရမည်။ ။သန္ဒနီတိ၌ကား။သဗိမဏ္ဍလေ,ဟူ၏။ ဆုကာရန္တ ပါတ်ဖြစ်၍နိဂ္ဂဟိတ လာသည်)။ ။ကာက ဝတီ ဇာတကံ သတ္တမံ။ ၃၂၇ ။

## ၃၂၈-အနနုသောစိယဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သောသဗ္ဗညုမြတ်စွာဘုရားသည်။ ဗဟူနံဝိဇ္ဇတိဘောတိ, အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော၍အနနုသောစိယဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်၊မယားသေသော သူကြွယ်တယောက်ကို အကြောင်းပြု၍ဟောတော်မူ၏။ ။

ဘုရားလောင်းသည် ဆွမ်းခံဝင်သောအချိန်၌ ကိုရသေ့မိန်းမကို အကျွမ်းဝင်သဖြင့်ယူခဲ့၍မြို့တံခါးသို့ဆောင်ခဲ့၍ တခုသောဇရပ်ပျဉ်၌ဒိပ်စေ၍ မိမိသည်ဆွမ်းခံဝင်၏။ ဘုရားလောင်းမြို့မှ မထွက်မီလျှင် ရသေ့မိန်းမသည်သေလွန်၏။ လူများသည်ရသေ့မိန်းမ၏ တင့်တယ်စွာသောအဆင်းကိုမြင်၍ခြံရံ၍ငို၏။ဘုရားလောင်းသည်ဆွမ်းခံ၍လာလတ်သော် ရသေ့မိန်းမ၏သေသောအဖြစ်ကိုသိ၍ ပျက်စီးတတ်သော သဘောတရားသည်ပျက်စီး၏။ ခပ်သိမ်းသော သင်္ခါရတို့သည်မမြဲကုန်။ ဤသို့သဘောရှိကုန်သလျှင်ကတည်းဟုဆို၍ ထိုရသေ့မိန်းမလျောင်းသော ပျဉ်၌လျှင်ထိုင်၍ ရောသော ဆွမ်းကိုဘုန်းပေး၍ခံတွင်းကိုဆေး၏။ ခြံရံ၍တည်သောလူများသည်။အသျှင်ဘုရား၏ရသေ့မိန်းမသည်အသျှင်ဘုရားနှင့်အဘယ်သို့ တော်ပါသနည်းဟုမေး၏။ လူဖြစ်စဉ်က ငါ၏ခြေရင်း၌အလုပ်အကျွေးတည်းဟုဆို၏။အသျှင်ဘုရား၊အကျွန်ုပ်တို့သည်ပင် သဘောအားဖြင့် မတည်နိုင်ကုန်သေး၊ငိုကြွေးကြကုန်၏။အသျှင်ဘုရားတို့သည်အဘဲ့ကြောင့်မငိုကုန်သနည်းဟုမေးကုန်၏။ ဘုရားလောင်းသည် ဤရသေ့ မိန်းမကား အသက်ရှင်စဉ် ကပင်လျှင် ငါ့နှင့်တစုံတခုတော်သည်မဟုတ်။ ယခုတမလွန်သို့သွားသော် အဘယ်သို့တော်အံ့နည်း။ ဤရဟန်းမိန်းမသည် သေမင်းနိုင်ငံသို့လိုက်သော် အဘဲ့ကြောင့် ငါငိုအံ့နည်းဟုလူများအားတရားဟောလိုရကား။ ။

(၆၁၆) ဗဟူနံ ဝိဇ္ဇတိ ဘောတိ၊ တေဟိ မေ ကိံ ဘဝိဿတိ။
တသ္မာ ဧတံ န သောစာမိ၊ ပိယံ သမ္ဗိလ္လဟာသိနိံ။ ။
(၆၁၇) တန္တံ စေ အနုသောစေယျ၊ ယံ ယံတဿ န ဝိဇ္ဇတိ။
အတ္တာနံ-မနုသောစေယျ၊ သဒါ မစ္စု-ဝသံ ပတံ။ ။

(၆၁၈) န ဟေ·ဝ တိဋ္ဌံ နာ·သိနံ၊န သယာနံ န ပဇ္ဇဂုံ။
ယာဝ ဗျာတိ နိမိသတိ၊တတြာပိ ရသတိ ဝယော။ ။

(၆၁၉) တတ္ထ·တ္တနိဝတဗန္ဓေ၊ ပိနာ-ဘာဝေ အ-သံသယေ။
ဘုတ် သေသံ ဒယိတဗ္ဗံ၊မတ ဏှံ·နနုသောစိယံ။ ။

ဟူသော ဤလေးဂါထာတို့ကိုဆို၏။ ။

(၆၁၆-၆၁၉) အယံဘောတိ၊ဤပုဏ္ဏားမသည်။အမှေ၊ငါတို့ကို။ဆင္ဓေ ထွာ၊ပွန့်၍။ဏ္ဍဒါနိ၊ယခုအခါ၌။ အညေသံ၊ငါမှတပါးကုန်သော။ ဗဟူနံ၊ များစွာကုန်သောသူသေတို့၏။အန္တရေ၊အတွင်း၌။ပိဋ္ဌတိ၊ရှိ၏။တေဟိ၊ထို သူသေတို့နှင့်။ သဒ္ဓိံ၊တကွ။ ဝဏ္ဏမာနာ၊ဖြစ်သောပုဏ္ဏားမသည်။မေ၊ငါ့ အား။ကိံ၊အဘယ်သို့ဘော်စပ်လျဉ်းသည်။ဘဝိဿတိ၊ ဖြစ်လတ္တံ့နည်း။ ဘရိယာ၊မယားသည်။ ဘဝိဿတိကိံ၊ ဖြစ်လတ္တံ့လော။ဥဒါဟု၊ထိုသို့မ ဟုတ်မူ။ဘဂိနီဝါ၊နှမသည်။ ဘဝိဿတိကိံ၊ ဖြစ်လတ္တံ့လော။ တသ္မာ၊ ထိုသို့မတော်မစပ်လျဉ်းသည့် အဖြစ်ကြောင့်။ ပိယံ၊ယခုဘဝမယားဖြစ် သော။ ဝေါသမ္ဗဒ္ဓလူဟာသိနံ၊ ထိုသေ၍ သူသေတို့နှင့်တကွ ဖြစ်သော သမ္ဗဒ္ဓလူဟာသိနီကို။ နသောစာမိ၊ငါမစိုးရိမ်။ ။ယံယံ၊အကြင်အကြင် သေတိုင်းသေတိုင်းသော သူသည်။ တဿအနုသောစန္တဿ၊ ထိုစိုးရိမ် သောသူအား။နပိဇ္ဇတိ၊မရှိ။မတံ၊သေလေပြီ။ နိရုဒ္ဓံ၊ချုပ်လေပြီ။ တံတံ၊ထို ထို သေတိုင်းသေတိုင်းသောသူကို။ စေအနုသောစေယျ၊ အကယ်၍စိုး ရိမ်ငြားအံ့။ ဝေံသန္တေ၊ဤသို့သေတိုင်းသေတိုင်းကို စိုးရိမ်သည်ရှိသော်။ သဒါ၊အခါခပ်သိမ်း။ မစ္စု-ဝသံ၊သေမင်းနိုင်ငံသို့။ပတံပတ ဏှံ၊လိုက်ရ သော။အတ္တာနံ၊မိမိကိုယ်ကို။ အနုသောစေယျ၊စိုးရိမ်ရာ၏။ ။ဟော၊အို လူများတို့။ တိဋ္ဌံ၊ရပ်သော။ကိဋ္ဌိသတ္တံဝေ၊ တရုံတယော်သော သတ္တဝါ သို့သာလျှင်။ အာယုသင်္ခါရော၊အာယုသင်္ခါရသည်။ နအနုဂစ္ဆတိ၊လိုက် သည်မဟုတ်။ အာသိနံ၊ထိုင်သော။ ကိဋ္ဌိသတ္တံဝေ၊ တရုံတယော်သော သတ္တဝါသို့သာလျှင်။ အာယုသင်္ခါရော၊အာယုသင်္ခါရသည်။ နအနုဂစ္ဆ တိ၊လိုက်သည်မဟုတ်။ သယာနံ၊ လျောင်းသော။ ကိဋ္ဌိသတ္တံဝေ၊ တရုံ တယော်သော သတ္တဝါသို့သာလျှင်။ အာယုသင်္ခါရော၊ အာယုသင်္ခါရ သည်။ နအနုဂစ္ဆတိ၊ လိုက်သည်မဟုတ်။ ပဇ္ဇဂုံပရိဝဇ္ဇေတွာစရမာနံ၊ ဘာဂါးပြန်လှန်၍ သွားသော။ကိဋ္ဌိသတ္တံဝေ၊ တရုံတယော်သောသတ္တဝါ တို့သာလျှင်။ အာယုသင်္ခါရော၊အာယုသင်္ခါရသည်။ နအနုဂစ္ဆတိ၊လိုက်

သည်မဟုတ်။ အထခေါ၊အဟုတ်သော်ကား။ ယာဝ၊အကြင်ရွေ့လောံ။ ဗျာတိ၊မျက်စိဘွင့်၏။ယာဝ၊အကြင်ရွေ့လောံ။နိမိသတိ၊မျက်စိမှိတ်၏။တ ကြာ့ဝိ၊ထိုမျက်စိမှိတ်စဉ်ဘွင့်စဉ်လည်း။ဝယော၊အာယုသင်္ခါရ၏ဘည် ရာ မန္ဒာဒသက၊စသည်အပြားအရွယ်ဆယ်ပါးသည်။ ရသတိ၊ ယုတ် သည်သာတည်း။နဝဍုတိ၊မတိုးမပွါး။ ။တဏ္ဏတသို့ဝဏ္ဏမာနေဝယော၊ ထိုသို့ဖြစ်သောအရွယ်၌။အဏ္ဏနို၊အဏ္ဏဘောသည်။ ဝတ၊စင်စစ်။ ဗန္ဓေ၊ စပ်သည်ရှိသော်။ဝိနာ-ဘာဝေ၊ကွေကွင်းကွဲပြားခြင်းသဘောသည်။အ သံသယော၊ယုံမှားမရှိရာဖြစ်လတ်သော်။ယံဘူဘံ၊အကြင်သတ္တဝါသည်။ သေသံ၊ မသေမပျောက်ကြွင်းကျန်၏။ ဇီဝမာနံ၊အသက်ရှင်သေး၏။တံ ဘူတံ၊ ထိုမသေမပျောက်ကြွင်းကျန်၍ အသက်ရှင်သော သတ္တဝါကို။ ဒယိတဗ္ဗံ၊သနားအပ်၏။ဝါ၊ချစ်ခင်အပ်၏။ အယံသတ္တော၊ဤမသေမပျော် ကြွင်းကျန်သောသတ္တဝါသည်။အရောဂေါ၊ သလိပ်သည်းခြေသွေးဆိုး လေဆိုး အနာဆိုး ချောင်းဆိုး လည်နာကစ၊ဆံမျှရောဂါမရှိသည်။ သုခိ တော၊ တက်ရေဖျားသို့တိုးပွါးသော ချမ်းသာသို့ ရောက်သည်။ အဝေ ရော၊ရန်သူ ရန်ငြောင့် အနှောင့်အရှက်မရှိသည်။ ဟောတု၊ဖြစ်ပစေ။ ဣ တိဇေ၀ံ၊ဤသို့။တသို့၊ထိုမသေမပျောက်ကြွင်းကျန်သောသူ၌။မေတ္တာဘာ ဝနာ၊ မေတ္တာဘာဝနာကို။ကာတဗ္ဗာ၊ပြုအပ်၏။ မတံ၊သေမျိုးသားချင်း ကိုစွန့်၍သေမင်းနိုင်ငံသို့လိုက်သော။တံ၊ ထိုလူမဟုတ်ပြိသေမင်းလူဖြစ် သောသူကို။ အနနုသောစိယံ၊ရင်ဘတ်စည်တီး ငိုကြွေးရယ်ကြွေးမစိုးရိမ် သင့်ပြီ။ ။(နဟောဝတိဠ္ဌံနာသိနံ၊နသယာနံနပဏ္ဏဂုန္တံ ကိဋ္ဌိသဏ္ဍံအာယု သင်္ခါရော အနုဂစ္ဆတိတိပါဠိသေသော။ တဏ္ဏပဏ္ဏဂုန္တံပရိဝဇ္ဇေတွာ စရမာနံ။ ။ဟူသော အဋ္ဌကထာကိုမြော်၍ ယောဇနာသည်။ ရသ ဟာနိယံ။ရသတိ၊ရသနံ၊ရသော၊ တကြာ့ဝိရသတိဝယော၊ ဟု-သဒ္ဒနိတိ လာရကား၊ရသတိ၊ယုတ်၏,ဟုအနက် ယောဇနာသည်။ ကာမတောဇာ ယတိသောကောကဲ့သို့ဆန်းအလို၌၊တိ,ဟုဒိဃနှင့်ရေးရာသည်။ ။ရသ တိဗ္ဗယော၊ဟူ၍လည်းပါဠိရှိ၏။သင့်သည်ပင်။မတနံ့ အနနုသောစိယံ, ဖြတ်၊ဤပါဌ်ကိုစွဲ၍အနနုသောစိယဇာတ်ဟူသည်)။ ။အနနုသောစိယ ဇာတကံ အဋ္ဌမံ။၃၂၈၊

## ၃၂၉-ကာဠဗာဟုဇာတ်။

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည်၊ ယံအန္နပါနဿ,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာ ဆင်အပ်သော ဤကာဠဗာဟု ဇာတ်ကို၊ဝေဠုဝန် ကျောင်းတော်၌ သီ တင်းသုံးနေတော်မူစဉ်၊ ပျောက်သောလာဘသက္ကာရရှိသောဒေဝဒတ် ကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ဘုရားလောင်းသည် သည်းခံခြင်းလက္ခဏာနှင့် ယှဉ်သည်၏ အဖြစ် ကြောင့် တစုံတခုကိုမဆို။ဘုရားလောင်း၏ ညီသည်ကား သည်းခံခြင်း လက္ခဏာမရှိသည်၏အဖြစ်ကြောင့်မျှော်အားဖြစ်သောလာဘသက္ကာရ ကိုသည်းမခံနိုင်သည်ဖြစ်၍အစ်ကိုယ်ကြီး၊ဤမင်းအိမ်၌ကောင်းသောအ ရသာရှိကုန်သော ခဲဘွယ်အစရှိသည်တို့ကိုရှေး၌ကျွန်ုပ်တို့အားလျှင်ပေး ကုန်၏။ယခုကျွန်ုပ်တို့မရကုန်။ ကာဠဗာဟု ဟူသောမျောက်ညိုအားသာ လျှင်ပေးကုန်၏။ဓနဥ္စယမင်း၏အထံမှလာဘသက္ကာရကိုမရကုန်ဘဲဤအ ရပ်၌ကျွန်ုပ်တို့သည်အဘယ်ပြုကုန်အံ့နည်း။ လာလော့၊တောသို့လျှင်သွား ၍နေကြကုန်အံ့ဟု ရာဓကျေးသားနှင့်တကွစကားပြောလိုရကား။ ။

(၆၂၀)ယံ အန္န-ပါန-ဿ ပုရေ လဘာမ၊တံ ဒါနိ သာခမိဂ-မေဝ ဂစ္ဆတိ။

ဂစ္ဆာမ ဒါနိ ဝန-မေဝ ရာဓ၊အသက္ကတာ စ-မှဓနဉ္စယာယ။ ။

ဟူသောဤပဌမဂါထာကိုဆို၏။ ။

(၆၂၀)ရာဓ၊အစ်ကိုယ်ရာဓ။မယံ၊ငါတို့သည်။အဿ၊ထိုဓနဥ္စယမင်း၏။ သန္တိကာ၊အထံမှ။ယံအန္နပါနံ၊အကြင်ထမင်းအဖျော်ကို။ပုရေ၊ရှေး၌။လ ဘာမ၊ရကုန်၏။ တံအန္နပါနံ၊ထိုထမင်းအဖျော်သည်။ ဣဒါနိ၊ယခု။သာခ မိဂမေဝ၊မျောက်သို့သာလျှင်။ဂစ္ဆတိ၊ရောက်၏။ရာဓ၊အစ်ကိုယ်ရာဓ။မယံ၊ ငါတို့ကို။ ဓနဉ္စယာယ၊ ဓနဥ္စယမင်းသည်။ အသက္ကတာစ၊ မပူဇော်အပ် ကုန်သည်လည်း။ အမှ၊ဖြစ်ကုန်၏။ ဣဒါနိ၊ယခု။ဝနမေဝ၊တောသို့လျှင်။ ဂစ္ဆာမ၊သွားကြကုန်အံ့။ ။

ထိုစကားကိုကြား၍အစ်ကိုယ်ရာဓကျေးသားသည်။ ။

(၆၂၁) လာဘော အလာဘော ယသော အယသော စ၊
နိန္ဒာ ပသံသာ စ သုခဉ္စ ဒုက္ခံ၊ဧတေ အနိစ္စာ မနုဇေသု ဓမ္မာ။
မာသောစိ ကိံ သောစသိ ပေါဋ္ဌပါဒ။ ။

ဟူသောဤဒုတိယဂါထာကိုဆို၏။ ။

(၆၂၀) ပေါဋ္ဌပါဒ၊ညီထွေးပေါဋ္ဌပါဒ။မနုဿာနံ၊လူတို့၌။လာဘော၊လာဘ်ရခြင်း။ အလာဘော၊လာဘ်မရခြင်း။ ယသော၊စည်းစိမ်အခြံအရံပြည့်စုံခြင်း။အယသော စ၊စည်းစိမ်အခြံအရံပျက်စီးခြင်း။နိန္ဒာ၊ကဲ့ရဲ့ခြင်း။ပသံသာ၊ချီးမွမ်းခြင်း။ သုခဉ္စ၊ချမ်းသာခြင်း။ဒုက္ခဉ္စ၊ဆင်းရဲခြင်း။ ဧတေ ဓမ္မာ၊ဤလောကဓံရှစ်ပါးတို့သည်။အနိစ္စာ၊အမြဲမရှိကုန်။ မာ သောစိ၊မစိုးရိမ်လင့်။ကိံ သောစသိ၊အဘဲ့ကြောင့်စိုးရိမ်ဘိသနည်း။ ။

ထိုစကားကိုကြား၍ပေါဋ္ဌပါဒသည်မျောက်၌ ဌ[illegible]ရှုခြင်းကိုပယ်အံ့သောငှါမတတ်နိုင်ရကား။ ။

(၆၂၂) အဋ္ဌါတုဝံပဏ္ဍိတကောသိရာဓ၊ဇာနာသိအညာနိအနာဂတာနိ။

ကထံ နု သာခမိဂံ ဒက္ခိသာမ၊နိဒ္ဓါပိတံ ရာဇကုလတော ဝ ဇမ္မိံ။ ။

ဟူသော၍တတိယဂါထာကိုဆို၏။ ။

(၆၂၂) ရာဓ၊အစ်ကိုယ်ရာဓ။တုဝံ၊သင်သည်။ အဋ္ဌါ၊စင်စစ်။ပဏ္ဍိတကော၊ပညာရှိသည်။အသိ၊ဖြစ်၏။ အနာဂတာနိ၊မရောက်လာကုန်သေးသော။ အညာနိ၊ အကျိုးတို့ကို။ ဇာနာသိ၊သိ၏။ ကထံ နု၊ အဘယ်အကြောင်းဖြင့်လျှင်။ဇမ္မိံ၊ယုတ်မာသော။သာခမိဂံ၊မျောက်ကို။ ရာဇကုလတော ဝ၊မင်းအိမ်မှသာလျှင်။ နိဒ္ဓါပိတံ၊နှင်ထုတ်စေအပ်သည်ကို။ ဒက္ခိသာမ၊မြင်ရကုန်အံ့နည်း။ ။

ထိုစကားကိုကြား၍အစ်ကိုယ်ရာဓသည်။ ။

(၆၂၃) စာလေတိ ကဏ္ဏံ ဘကုဋိံ ကရောတိ၊

မုဟုံ မုဟုံ ဘာယာပယတေ ကုမာရေ။

သယမေဝ တံ ကာဟတိ ကာဠဗာဟု၊

ယေနာရကာ ဌဿတိ အန္န-ပါနာ။ ။

ဟူသောစတုတ္ထဂါထာကိုဆို၏။ ။

(၆၂၃) ပေါဋ္ဌပါဒ၊ညီထွေးပေါဋ္ဌပါဒ။ ကာဠဗာဟု၊ ကာဠဗာဟုမျောက်သည်။ကဏ္ဏံ၊နားကို။ စာလေတိ၊လှုပ်၏။ ဘကုဋိံ ဘာကုဋိံ၊မျက်မှောင်ကြုတ်ခြင်းကို။ကရောတိ၊ပြု၏။ မုဟုံမုဟုံ၊ဟုတ်ချည်းဟုတ်ချည်း။ ကုမာရေ၊မင်းသားငယ်တို့ကို။ဘာယာပယတေ၊ကြောက်လန့်စေ၏။ယေန၊အကြင်အကြောင်းဖြင့်။အန္နပါနာ၊ထမင်းအဖျော်မှ။ အာရကာ၊ဝေးစွာ။ ဌဿတိ၊တည်လတ္တံ့။ တံ ကာရဏံ၊ ထိုအကြောင်းကို။ သယမေဝ၊မိမိသည်ပင်လျှင်။ကာဟတိ၊ပြုလတ္တံ့။တွံ၊သင်သည်။မာ ဝိန္ဒယိ၊မကြံလင့်။ ။

ကာဠဗာဟုမျောက်သည်လည်းနှစ်ရက်သုံးရက်လွန်သဖြင့်မင်းသားငယ်တို့၏ရှေ့မှနားနှာခေါင်းလှုပ်ခြင်းအစရှိသည်တို့ကိုပြု၍ မင်းသားငယ်တို့ကိုခြောက်၏။ မင်းသားငယ်တို့သည်ထိတ်လန့်ကုန်၍ ဟစ်ကြွေးကုန်၏။ မင်းသည်အဘယ်နည်းဟုမေး၍ထိုအကြောင်းကိုကြား၍ ကာဠဗာဟုမျောက်ကိုထုတ်ကြကုန်ဟု နှင်ထုတ်စေ၏။ ကျေးသားတို့အားတဘန်ပကတိလာဘသက္ကာရသည်ဖြစ်၏။ ။(ဓနဉ္စယာယာတိကရဏာဠွေသမ္ဗဒါနဝစနံ၊ဓနဉ္စယေနာတိအဠွော။ ။အဋ္ဌာနိကား။ဓမ္မာနိဘုတ္တာနကဲ့သို့လိင်္ဂဝိပလ္လာသ)။ ။ကာဠဗာဟုဇာတက် နဝမံ။၃၂၉။

---

## ၃၃၀-သီလဝီမံသဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သောသဗ္ဗညုမြတ်စွာဘုရားသည်။ သီလံကိရေပကလျာဏံ, အစရှိသော ဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော၍သီလဝီမံသဇာတ်ကို၊ ဇေတဝန်ကျောင်းကြီး၌သီတင်းသုံး နေတော်မူစဉ်၊ သီလကိုစုံစမ်းတတ်သော ပုဏ္ဏားကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ဘုရားလောင်းသည်ဗာရာဏသီမင်း၏ပုရောဟိတ်ဖြစ်၏။ ထိုဘုရားလောင်းသည်မိမိသီလကိုစုံစမ်းလိုရကား။သုံးရက်ပတ်လုံး ရွှေပန်းထိမ်သည်၏ပျဉ်အသပြာကိုယူ၏။ ဘုရားလောင်းကိုခိုးသူဟုဘမ်း၍မင်းအားပြကုန်၏။ဘုရားလောင်းသည်မင်း၏အထံ၌တည်လျက်။ ။

(၆၂၄) သီလံ ကိရေဝ ကလျာဏံ၊သီလံ လောကေ အနုတ္တရံ။
ပဿ ဃောရ-ဝိသော နာဂေါ၊သီလဝါတိ န ဟညတိ။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၆၂၄) မဟာရာဇ၊မြတ်သောမင်းကြီး။လောကေ၊လူ့ရွာ၌။ သီလံဧဝ၊သီလသည်သာလျှင်။ကလျာဏံကိရ၊ကောင်းသတတ်။ သီလံဧဝ၊သီလသည်သာလျှင်။အနုတ္တရံကိရ၊အတုမရှိမြတ်သတတ်။ပဿ၊ရှုပါလော့။ ဃောရဝိသော၊ကြမ်းသောအဆိပ်ရှိသော။နာဂေါ၊မြွေကို။ သီလဝါတိ၊သီလရှိသောမြွေဟူ၍။န ဟညတိ၊မညှဉ်းဆဲအပ်။ ။

၍ဂါထာဖြင့်သီလကိုချီးမွမ်း၍မင်းကိုရဟန်းကိုခွင့်ပြုစေ၍ရဟန်းပြုအံ့သောငှါသွား၏။ထိုအခါ တနေ့သ၌ စွန်သည်ဈေးမှ အမဲအသားတစ်

ကိုချီ၍ ကောင်းကင်၌ပျံ၏။ထိုစွန်ကို တပါးသောငှက်တို့သည် ဝန်းရံ၍ ခြေသည်းဖျား,နှုတ်သီး စသည်တို့ဖြင့် ထိုးကုန်၏။ထိုစွန်သည် ဆင်းရဲကို သည်းခံအံ့သောငှါမတတ်နိုင်၍ အသားတစ်ကိုစွန့်၏။တခုသောစွန်သည်ယူ၏။ထိုအသားတစ်ကိုယူသောစွန်သည်လည်းတပါးသောငှက်တို့သည်ညှဥ်းဆဲအပ်သည်ရှိသော် ရှေးအတူလျှင်စွန့်၏။ထိုအခါတပါးသောစွန်သည် ယူပြန်၏။ထိုငှက်တို့တွင် အကြင်အကြင်ငှက်သည် ယူ၏။ ထိုထိုငှက်ကိုတပါးသောငှက်တို့သည်လိုက်ကုန်၏။ အကြင်အကြင်ငှက်တို့သည်စွန့်၏။ ထိုထိုငှက်သည် ချမ်းသာသည်လျှင်ဖြစ်၏။ ဘုရားလောင်းသည်မြင်၍၊ ဤကာမတို့မည်သည်ကား အသားတစ်နှင့် တူကုန်၏။ဤကာမကိုယူကုန်သော သူတို့အားသာလျှင် ဆင်းရဲဖြစ်၏။ စွန့်ကုန်သောသူတို့အားချမ်းသာ၏ဟုကြံ၍။ ။

(၆၂၅) ယာဝဒေဝါဿဟု ကိဉ္စိ၊တာဝဒေဝ အခါဒိသုံ။
သင်္ဂမ္မ ကုလလာ လောကေ၊နဟိံသန္တိ အ-ကိဉ္စနံ။ ။

ဟူသောဤဒုတိယဂါထာကိုဆို၏။ ။

(၆၂၅) ယာဝ ဒေဝ၊ အကြင်မျှလောက်သော ကာလပတ်လုံးလျှင်။ အဿ၊ထိုစွန်အား။ ကိဉ္စိ၊နှုတ်သီးဖြင့်ချီအပ်သော တစုံတခုသော သားတစ်သည်။အဟု၊ရှိ၏။တာဝဒေဝ၊ထိုမျှလောက်သော ကာလပတ်လုံးလျှင်။ နံ၊ထိုသားတစ်ချီသောစွန်ကို။လောကေ၊လူ့ပြည်၌။ကုလလာ၊စွန်အပေါင်းတို့သည်။ သင်္ဂမ္မ၊ကပ်၍။ အခါဒိသုံ၊ ထိုးဆိတ်ကုန်၏။ တဒ္ဓိံ၊ထိုသားတစ်ကို။ ဝိဿဇ္ဇေပန၊စွန့်လွှတ်အပ်သော်ကား။ အ-ကိဉ္စနံ ပလိဗောဓ၊ကြောင့်ကြစရာ သားတစ်မရှိသော။တမေန၊ထိုငှက်ကို။သေသ ပက္ခိဂဏာ၊ကြွင်းသောငှက်အပေါင်းတို့သည်။နဟိံသန္တိ၊မညှဥ်းဆဲကုန်။ ။

ထိုဘုရားလောင်းသည်မြို့မှထွက်၍ ခရီးအကြားတခုသောရွာဝယ် ညချမ်းအခါ တခုသောအိမ်၌အိပ်၏။ထိုအိမ်၌ ပိင်္ဂလာမည်သောကျွန်မသည် ဤမည်သောအချိန်၌လာလေ့ဟုယောကျ်ားတယောက်နှင့်တကွ ချိန်းချက်ခြင်းကိုပြု၏။ ထိုပိင်္ဂလာမည်သောကျွန်မသည် အရှင်တို့၏ ခြေတို့ကိုဆေး၍ အရှင်တို့သည် အိပ်ကုန်လတ်သော်၊ထိုယောကျ်ား၏ လာခြင်းကို မြှော်လျက် တံခါးခုံ၌ထိုင်၍ ယခုလာလတ္တံ့၊ ယခုလာလတ္တံ့ဟု ပဌမယံ၊မဇ္ဈိမယံတို့ကိုလွန်စေ၏။မိုးသောံထ၌ကား ယခုထိုယောကျ်ားသည် မလာပြီဟုအာသာပြတ်လျက်လျောင်း၍အိပ်ပျော်ခြင်းသို့ရောက်၏။

ဘုရားလောင်းသည်ဤအကြောင်းကိုမြင်၍ဤကျွန်မသည်ထိုယောကျ်ားကား ယခုလာလတ္တံ့ဟူသောအမှတ်ဖြင့် ဤမျှလောက်သောကာလပတ်လုံး ထိုင်လျက်နေ၏။ယခုအခါ၌ကား ထိုယောကျ်ား၏မလာအံ့သောအဖြစ်ကိုသိ၍အာသာပြတ်ရကား ချမ်းသာစွာအိပ်၏။ ကိလေသာတို့၌တောင့်တခြင်းအာသာမည်သည်ကားဆင်းရဲ၏။အာသာမရှိသောအဖြစ်သည် လျှင်ချမ်းသာ၏ဟုကြံ၍။ ။

(၆၂၆) သုခံ နိရာသာ သုပတိ၊အာသာ ဖလဝတိ သုခါ။
အာသံ နိရာသံ ကတွာန၊သုခံ သုပတိ ပိင်္ဂလာ။ ။

ဟူသော ဤတတိယဂါထာကိုဆို၏။ ။

(၆၂၆) နိရာသာ၊ အာသာပြတ်ကင်းမှု။ ဝါ၊အာသာပြတ်ကင်းသည်ကိုပြု၍။သုခံ၊ချမ်းသာစွာ။သုပတိ၊အိပ်ရ၏။ ဖလဝတိ၊ရအပ်ပြီးသော အကျိုးရှိသော။ အာသာ၊အာသာသည်။သုခါ၊ချမ်းသာ၏။ အာသံ၊တောင့်တသော အာသာကို။နိရာသံကတွာန၊အာသာပြတ်ကင်းသည်ကို ပြု၍။ ဝါ၊အာသာကိုပြတ်ပယ်စွန့်ခွါ၍။ပိင်္ဂလာ၊ပိင်္ဂလာမည်သော ကျွန်မသည်။ သုခံ၊ချမ်းသာစွာ။သုပတိ၊အိပ်ရ၏။ ။

ထိုဘုရားလောင်းသည်နက်ဖြန်ထိုရွာမှတောသို့ဝင်လတ်သော်ဈာန်ဝင်စား၍နေသော တပါးသော ရသေ့ကိုမြင်၍၊ဤပစ္စုပ္ပန်လောက,တမလွန်လောကနှ ဈာန်ချမ်းသာထက် လွန်မြတ်သော ချမ်းသာမည်သည် မရှိဟုကြံ၍။ ။

(၆၂၇) န သမာဓိပရော အတ္ထိ၊အသ္မိံ လောကေ ပရမှိ စ။
န ပရံ နာပိ အတ္တာနံ၊ဝိဟိံသတိ သမာဟိတော။ ။

ဟူသော ဤစတုတ္ထဂါထာကိုဆို၏။ ။

(၆၂၇) အသ္မိံ လောကေ၊မျက်မြင်ပစ္စက္ခ ဤလောက၌ငင်း။ ပရမှိစ၊မျက်ကွယ် တမလွန်လောက၌ငင်း။ သမာဓိပရော၊သမာဓိထက် မြတ်သော သမာဓိထက်လွန်သောသမာဓိမှတပါးသော သုခတရားသည်။န အတ္ထိ၊မရှိ။ဟိသစ္စံ၊မှန်၏။(ထင်္သ)။သမာဟိတော၊ဥပစာရသမာဓိ,အပ္ပနာသမာဓိနှင့်ပြည့်စုံသော သူသည်။ပရံပိ၊သူတပါးကိုလည်း။နဝိဟိံသတိ၊မညှဉ်းဆဲ။အတ္တာနံပိ၊မိမိကိုယ်ကိုလည်း။နဝိဟိံသတိ၊မညှဉ်းဆဲ။ ။

အဂါဒိသုံးဦးဥပိဘတ်ကိုဇ္ဈုံသုပြု၍ အခါဒိ သုရှိလိုလျက်ဆန်းအလို၌ဂါ နိဂ္ဂဟ်တ်ကိုပြောင်း၍၊အခါဒိသုံ,နေသည်။အါသာဖလဝတီသုခါဝယ်အ

မိပ္ပါယ်သော်ကား။အကြွင်တောင့်တအာသာ၏အကျိုးကို အိဝိမင်းကြီး ထိုသို့ရအပ်ပြီ။ထိုအာသာသည်အကျိုးသုခဖြစ်သောကြောင့် သုခမည် သတည်း။အကြွင်အာသာ၏အကျိုးကိုပိဂ်လာမည်သောကျွန်မတို့ကဲ့သို့ ချိန်းချက်သော ယောကျ်ားမလာ၍ မရပါသေး၊ ထိုအာသာသည် တ တောင့်တတ မအိပ်တတ်, မစားတတ်, ဆင်းရဲကို ဖြစ်စေတတ်သော ကြောင့်ဒုက္ခဟူလိုသတည်း။ ။သိလဝိမံသဇာတကံ ဒသမံ။၃၃၀။ကုရုိ ဒူသကဝဂ္ဂေါ တတိယော။ ။

(၄-ကောကိလဝဂ်)

## ၃၃၁-ကောကာလိကဇာတ်။

နှုတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ် စွာဘုရားသည်။ ယောဝေကာလေအသမ္ပတ္တေ,အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော ဤကောကာလိကဇာတ်ကို ဇေတဝန်ကျောင်း ကြီး၌သိတင်းသုံးနေတော်မူစဉ်၊ကောကာလိကကိုအကြောင်းပြု၍ဟော တော်မူ၏။ ။

မင်းသည်ဘုရားလောင်းကိုအဆွေ၊ဤအကြောင်းကားအသို့နည်းဟု မေး၏။ဘုရားလောင်းသည်ငါကားမင်းကိုမြစ်အံ့သော၄ါ တရသောဥပ မာကိုရှာ၏။ ယခုထိုဥပမာကိုငါရပြီဟုကြံ၍၊မြတ်သောမင်းကြီးအလွန် နှုတ်ကြမ်းကုန်သော စကားများကုန်သောသူတို့သည် ဤသို့သဘောရှိ သော ဆင်းရဲကို ရကုန်၏။ မြတ်သောမင်းကြီး ဤဥဩငယ်သည် အ တောင်မရောက်သေး၊ အခါမဟုတ်မီကလျှင် ဥဩသံကို မည်၏။ ထို့ ကြောင့်ဤဥဩငယ်ကို ကျီးမသည် ဤ၄ှက်ကား ငါ့သားမဟုတ်ဟုသိ၍ နှုတ်ဖြင့်ထိုးသတ်၍အသိုက်မှချ၏။ လူဖြစ်စေ တိရစ္ဆာန်ဖြစ်စေ အခါမ ဟုတ်သည်၌ စကားများကုန်သော သူတို့သည် ဤသို့သဘောရှိသော ဆင်းရဲကိုရကုန်၏ဟုဆို၍။ ။

(၄၂၇) ယော ဝေ ကာလေ အ-သမ္ပတ္တေ၊အတိဝေလံ ပဘာသတိ။
ဧဝံ သော နိဟတော သေတိ၊ကောကိလာယေဝ အတြဇော။ ။

(၄၂၈) န ဟိ သတ္ထံ သုနိသိတံ၊ဝိသံ ဟလာဟလာမိဝ။
ဧဝံ နိကဋ္ဌေ ပါတေတိ၊ဝါစာ ဒုဗ္ဘာသိတာ ယထာ။

(၆၃၀) တသ္မာ ကာလေ အ-ကာလေဝါ၊ဝါစံ ရက္ခေယျ ပဏ္ဍိတော။
နာတိဝေလံ ပဘာသေယျ၊အပိ အတ္တသမမှိ ဝါ။ ။
(၆၃၁) ယော စ ကာလေ မိတံ ဘာသေ၊မတိ-ပုဗ္ဗော ဝိစက္ခဏော။
သဗ္ဗေ အမိတ္တေ အာဒေတိ၊သုပဏ္ဏော ဥရဂါမိဝ။ ။
ဟူသော ဤလေးဂါထာတို့ကိုဆို၏။ ။

(၆၂၈-၆၃၁) မဟာရာဇ၊မြတ်သောမင်းကြီး။ ယော၊အကြင်သူသည်။
ဝေ၊စင်စစ်။ ကာလေ၊မိမိ၏စကားကိုဆိုရာကာလသည်။ အသမ္ပတ္တေ၊မ
ရောက်မီ၊ပဘာသတိ၊စကားဆိုတတ်၏။အတိဝေလံ၊အပိုင်းအခြားကိုလွန်
၍မူလည်း။ပဘာသတိ၊ဆိုတတ်၏။ကောကိလာယ၊ဥဩမ၏။အတြဇော၊
သားသည်။ နိဟတော၊သေ၍။ ပေတိ။ ... ရသကဲ့သို့။ ဧဝံတထာ၊
ထို့အတူ။ သော၊ထိုသူသည်။ နိဟတော၊သေ၍။ဝါ၊ရန်သူတို့ဖျက်ဆီး
အပ်သည်ဖြစ်၍။သေတိ၊အိပ်ရ၏။ ။ဒု ဘာသိတာ၊မကောင်းသဖြင့်ဆို
အပ်သော။ဝါစာ၊စကားသည်။ ... ဟလံ၊လတ်တလောသေစေတတ်
သော။ဝိသံ္ဘုဝ၊အဆိပ်ကဲ့သို့။ နိကာ ဇ ဟတ္ထိ ယေဝ ခဏောအပ္ပမတ္တကေ
ကာလေ၊ ထိုစကားဆိုစဉ်ခဏ မမြင့်မကြာအနည်းငယ်သော ကာလ၌
လျှင်။ပါတေတိယထာ၊သတ်သကဲ့သို့။ ဧဝံတထာ၊ထို့အတူ။သုနိသိတံ၊
ကောင်းစွာသွေးအပ်သော။ သတ္တံ၊ယေးလက်နက်သည်။ နပါတေတိ၊မ
သတ်တတ်သေး။(ဟိ,အနက်မရှိ)။ ။ဘဘ္ဗာ၊ထိုသို့ကောင်းစွာသွေးအပ်
သောထားလက်နက်လတ်တလောသေစေတတ်သောအဆိပ်ထက်လည်း
လျှင်မြန်စွာမကောင်းသဖြင့် ဆိုအပ်သောစကားဖြဲသာလျှင် သတ်တတ်
သည်၏အဖြစ်ကြောင့်။ ကာလေ၊ဆိုခြင်းငှါသျောက်ပတ်သောကာလ၌
လည်း။ပဏ္ဍိတော၊ပညာရှိသည်။ ဝါစံ၊စကားကို။ ရက္ခေယျ၊စောင့်ရာ
၏။အတိဝေလံ၊အပိုင်းအခြားကိုလွန်၍။ နပဘာသေယျ၊မဆိုရာ။ အကာ
လေဝါ၊အခါမဟုတ်သည်၌မူလည်း။ ဝါစံ၊စကားကို။ ရက္ခေယျ၊စောင့်
ရာ၏။အတ္တသမမှိ၊မိမိနှင့်တူမျှသော။ ပုဂ္ဂိုလ်အပိဝါ၊ပုဂ္ဂိုလ်အထံ၌သော်
လည်း။ဝါစံ၊စကားကို။ရက္ခေယျ၊စောင့်ရာ၏။ ။စ၊အထူးကိုဆိုဦးအံ့။
သုပဏ္ဏော၊ဂဠုန်မင်းသည်။ဥရဂါနဂါးတို့ကို၊အာဒေတိဣဝ၊ဘမ်းယူ၏သို့။
ဧဝံတထာ၊ထို့အတူ။ မတိပုဗ္ဗော၊ သင့်မသင့် လျော်မလျော်ကို ပညာ
ဉာဏ်ဖြင့်ရှေးဦးစွာစမ်း၍ဆိုလေ့ရှိသော။ ယောဝိစက္ခဏော၊ဉာဏ်ဖြင့်
ဝိစစ်စွာစမ်း၍အကျိုးအကြောင်းကိုကြံလေ့ရှိသောအကြင်ပုဂ္ဂိုလ်သည်။

ကာလေ၊ လျှောက်ပတ်သောကာလ၌။ မိတံ၊မယုတ်မလွန်စေရှုနိုင်းယှဉ် အပ်သောစကားကို။ဘာသေ၊ဆိုတတ်၏။ သောဝိစက္ခဏော၊ဥာဏ်ဖြင့် စိစစ်ရှုးစမ်း၍ အကျိုးအကြောင်းကို ကြံလေ့ ရှိသော ထိုပုဂ္ဂိုလ်သည်။ သဗ္ဗေ၊ကုန်အောင်ရုံကုန်သော။ အမိတ္တေ၊ရန်သူတို့ကို။အာဒေတိ၊ဘမ်း ယူနိုင်၏(မိမိအလိုအာဏာ၌တည်စေနိုင်၏ဟူလို)။ ။ကောကာလိက ဇာတကံ ပဌမံ။၃၃၁။

---

## ၃၃၂-ရထလဋ္ဌိဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ် စွာဘုရားသည်။ အပိဟတွာဟတောဖြူတိ, အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော၍ရထလဋ္ဌိဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ကောသလမင်း၏ ပုရောဟိတ်ကိုအကြောင်း ပြု၍ဟောတော်မူ၏။ ။

အထူးကား ၍အတိတ်၌ ပုရောဟိတ်သည် မင်းအား ကြားလျှောက် သည်ရှိသော်၊ မင်းသည်ကိုယ်တိုင် တရားဆုံးဖြတ်သော အရာ၌ နေ၍ ဖှည်းနှင့်ယောကျ်ားတို့ကိုခေါ်စေ၍ အမှုကိုမသုတ်သင် မစိစစ်မူ၍လျှင် သင်တို့သည်ငါ့ပုရောဟိတ်ကိုရိုက်၍နဖူး၌ဖူးဖူးရောင်စေ၏,ဟု-ဆို၍ထို ဖှည်းနှင့်ယောကျ်ားတို့၏ အလုံးစုံသောဥစ္စာကို သိမ်းဆည်းခြင်းကို ပြု ကြကုန်ဟုဆို၏။ထိုမင်းကိုဘုရားလောင်းသည်၊ မြတ်သောမင်းကြီး၊သင် မင်းကြီးတို့သည်အမှုကိုမသုတ်သင်မစိစစ်မူ၍ ထိုဖှည်းနှင့်ယောကျ်ား တို့၏အလုံးစုံသောဥစ္စာကို ယူစေကုန်၏။ အချို့သောသူတို့သည် မိမိ သည်မိမိသည်ပင်လျှင် မိမိကိုယ်ကိုသတ်၍ သူတပါးသတ်သည်ဟုဆို ကုန်ရာ၏။ ထို့ကြောင့်မစိစစ်မူ၍ပြုခြင်းငှါမသင့်။ မင်းပြုသောသူသည် သုတ်သင်စိစစ်၍အမှုကိုပြုခြင်းငှါသင့်၏ဟုဆို၍။ ။

(၆၃၂) အပိ ဟတွာ ဟ တော ဖြူတိ၊ဇေတွာ ဇိနောတိ ဘာသတိ။
ပုဗ္ဗအက္ခာယိနောရာ ဇ၊အညဒတ္ထု န သဒ္ဒဟေ။ ။
(၆၃၃) တသ္မာ ပဏ္ဍိတ-ဇာတိယော၊သုဏေယျ ဣတရဿ ပိ။
ဥဘိန္နံ ဝစနံ သုတွာ၊ယထာ ဓမ္မော တထာ ကရေ။ ။

(၅၃၄) အလသော ဂိဟီ ကာမဘောဂီ န သာဓု၊
အ-သညတော ပဗ္ဗဇိတော န သာဓု။
ရာဇာ န သာဓု အနိသမ္မ-ကာရီ၊
ယော ပဏ္ဍိတော ကောဓနော တံ န သာဓု။ ။

(၅၃၅) နိသမ္မ ခတ္တိယော ကယိရာ၊ နာနိသမ္မ ဒိသံပတိ။
နိသမ္မကာရိနော ရာဇ၊ ယသော ကိတ္တိ စ ဝဍ္ဎတိ။ ။

ဟူသော ဤလေးဂါထာတို့ကိုဆို၏။ ။

(၅၃၂-၅၃၅) ရာဇ၊ မြတ်သောမင်းကြီး။ ဧကော၊ အချို့သောသူသည်။ အပိ၊ စင်စစ်။ ဟတ္ထွာ၊ မိမိကိုယ်ကိုမိမိသတ်၍။ ဟတော၊ ဤမည်သောသူသည်ကျွန်ုပ်ကိုသတ်အပ်၏ဟူ။ ဗြူတိ၊ ဦးအောင်ဆိုတတ်၏။ (ဟန္တာဝှိမှု။ အပိ၊ စင်စစ်။ ဟန္တွာ၊ သူတပါးကိုမိမိသတ်တတ်သောကတ္တားဖြစ်လျက်။ ဟတော၊ အသူသည်ကျွန်ုပ်ကိုသတ်အပ်၏ဟူ။ ဗြူတိ၊ ဦးအောင်ဆိုတတ်၏။ ဟုပေး)။ ဇေတွာ၊ မိမိသည် သူတပါးကိုအောင်၍။ ဇိနောတိ၊ သူတပါးသည်ငါ့ကိုအောင်အပ်၏ဟူ။ ဘာသတိ၊ ဆို၏။ ပုဗ္ဗအက္ခာယိနော၊ ရှေးဦးစွာလျှောက်မင်းထံသို့ကပ်၍ပြောကြားတတ်သောသူ၏။ ဝစနံ၊ စကားကို။ အညဒတ္ထု၊ ဧကံသေန၊ စင်စစ်အားဖြင့်။ န သဒ္ဒဟေ၊ မယုံကြည်ရာ။ ။ တသ္မာ၊ ထိုသို့ရှေးဦးစွာကပ်၍ပြောကြားတတ်သောသူ၏ စကားကိုစင်စစ်အားဖြင့်မယုံကြည်ရာသည့်၏အဖြစ်ကြောင့်။ ပဏ္ဍိတဇာတိယော၊ ပညာရှိစစ်ဖြစ်သောတရားသူကြီးသည်။ ဗုတရဿပိ၊ အမှုသည်တဦး၏လည်း။ ဝစနံ၊ စကားကို။ သုဏေယျ၊ နာခံရာ၏။ ဥဘိန္နံ၊ အမှုသည့်နှစ်ဦးတို့၏။ ဝစနံ၊ နှစ်ပြင်သောစကားဆိုကို။ သုတွာ၊ ကြားပြီး၍။ ယထာ၊ အကြင်သို့သောအခြင်းအရာအားဖြင့်။ ဓမ္မော၊ ဆုံးဖြတ်သော ဓမ္မသတ် တရားသဘောသည်။ ဌိတော၊ တည်၏။ တထာ၊ ထိုဆုံးဖြတ်အပ်ဆုံးဖြတ်ကြောင်းဖြစ်သောတရားသဘောအတိုင်း။ ဝါ၊ တရားသဘောဖြင့်။ ကရေ၊ အရှုံးအနိုင်ဆုံးဖြတ်ရာ၏။ ။ ကာမဘောဂီ၊ ကာမစည်းစိမ်ကိုခံစားသော။ ဂိဟီ၊ လူဖြစ်လျက်။ အလသော၊ ပျင်းရိသောသူသည်။ န သာဓု၊ မကောင်း။ ပဗ္ဗဇိတော၊ ရဟန်းပြုလျက်။ အသညတော၊ ကိုယ်နှုတ်နှလုံးမစောင့်စည်း သသူသည်။ န သာဓု၊ မကောင်း။ ရာဇာ၊ မင်းဖြစ်လျက်။ အနိသမ္မကာရီ၊ ယုတ္တာယုတ္တိရှိမရှိကိုမိမိဉာဏ်ဖြင့်ရှေးဦးမပုံစမ်းမဆင်ခြင်မူ၍ပြုလေ့ရှိမှု။ န သာဓု၊ မကောင်း။ ယော ပဏ္ဍိတော၊ အကြင်ပညာရှိသည်။ ကောဓနော၊ အ

မျက်ထွက်လေ့ရှိ၏။ တသာ၊ထိုပညာရှိလျက် အမျက်ထွက်လေ့ရှိသော သူ၏။ အာဒါနဂါဟိဝသေန၊ မိမိဥာဏ်အထင်ကို လျှင်မြဲစွာ ယူလေ့ရှိ သည်၏အစွမ်းဖြင့်။ တံကောဓနံ၊ထိုအမျက်ထွက်ခြင်းသဘော သည်။နှ သာဒရ၊မကောင်း။ ။ခတ္တိယော၊ရေမြေစိုးရဘဝရှင်ဖြစ်သောမင်းသည်။ နိသမ္မ၊ပညာဥာဏ်စွမ်းဖြင့်ရုံစမ်းဆင်ခြင်၍။ ကယိရာ၊ပြုရာ၏။ဒိသံပတိ၊ အရပ်မျက်နှာတို့၏အရှင်အဓိပတိဖြစ်သောမင်းသည်။ အနိသမ္မ၊ ပညာ ဥာဏ်စွမ်းဖြင့်မရှုစမ်းမဆင်ခြင်မူ၍။နကယိရာ၊ တိုင်းရေးပြည်မှုကိုမပြု မစီရင်ရာ။ရာဇ၊မင်းမြတ်။နိသမ္မကာရိနော၊ ပညာဥာဏ်စွမ်းဖြင့်ရုံစမ်း မြော်ချင့်လျက်ဆင်ခြင်၍ပြုလေ့ရှိသောမင်း၏။ယသော၊စည်းစိမ်အခြံအ ရံသည်၎င်း။ကိတ္တိစ၊ကျေးဇူးသတင်းကျော်စောခြင်းသည်၎င်း။ဝဍ္ဍတိ၊ ပွါးများ၏။ ။မင်းသည်ဘုရားလောင်းစကားကိုကြား၍တရားသဖြင့် ဆုံးဖြတ်သည်ရှိသော်ပုဏ္ဏားအားသာလျှင်အပြစ်သည်ဖြစ်၏။ ။ရထ လဋ္ဌိဇာတကံ ဒုတိယံ။၃၃၂။

---

## ၃၃၃-ဂေါဓဇတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သောသဗ္ဗညုမြတ် စွာဘုရားသည်။တဒေဝမေတ္တံ,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင် အပ်သော ဤဂေါဓဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေ တော်မူစဉ်၊တယောက်သောသူကြွယ်ကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ဘုရားလောင်းသည်မိဘုရားကြီးအား ဆုလာဘ်ပေးခြင်းမြတ်နိုးတ နာပြုစေလို၍ မင်း၏အထံ၌နေ၍။ရှင်မ၊ကျွန်ုပ်တို့သည် အရှင်မတို့၏အထံ မှ တရုံတခုကိုမရပါကုန်။ရှင်မတို့သည်ကျွန်ုပ်တို့ကိုမကြည့်ကုန်ပြီလော ဟုဆို၏။ဘခင်ကျွန်ုပ်သည်လျှင် မင်း၏အထံမှ တရုံတခုကိုမရ၊ ဘခင် အား အဘယ်ကိုပေးပါရအံ့နည်း။မင်းသည်လည်း ယခုကျွန်ုပ်အား အ ဘယ်ကို ပေးလတ္တံ့နည်း။ တောမှလာ သောကာလ၌ ဖွတ်ကင်ကိုတ ယောံထည်းသာလျှင်စား၏ဟုဆို၏။ရှင်မဤသို့မဆိုလင့်၊မင်းသည်ဤသို့ မပြုပေရာဟု ဘုရားလောင်းဆို၏။ ထိုအခါဘုရားလောင်းကို မိဘုရား သည်။ဘခင်၊ထိုကာလဖြစ်သော အမှုသည် ဘခင်တို့အား မထင်ရှား။ ကျွန်ုပ်နှင့်မင်းအားသာလျှင်ထင်ရှား၏ဟုဆို၍။ ။

(၆၃၆) တဒေဝ မမတံ့ ဝိဒိတော၊ ဝနေ-မဇ္ဈေ ရထေသဘ။
ယဿ တေ ခဂ္ဂ-ဗန္ဓဿ၊ သန္နဒ္ဓဿ တိရီဋိနော။
အဿတ္ထ-ဒုမ-သာခါယ၊ ပက္ကဂေါဓာ ပလာယထ။ ။
ဟူသော ဤပဉ္စမဂါထာကိုဆို၏။ ။

(၆၃၆) ရထေသဘ၊ ရထားစီးသူရဲတို့၏ အကြီးအမှူး ဖြစ်တော်မူသောအရှင်မင်းကြီး။ ဝနမဇ္ဈေ၊ တော၏အလယ်၌။ ခဂ္ဂဗန္ဓဿ၊ သန်လျက်ဆွဲထသော။ သန္နဒ္ဓဿ၊ ချပ်တန်းဆာဆွဲထသော။ တိရီဋိနော၊ သစ်ခွံအဝတ်ဝတ်ထသော။ ယဿတေ၊ အကြင်သင်မင်းကြီး၏။ ဂမနကာလေ၊ ခရီးသွားသောအခါသည်။ အဿတ္ထ၊ ရှိ၏။ တဒေဝတဿိံ ယေဝကာလေ၊ ထိုခရီးသွားသောအခါ၌လျှင်။ တွံ၊ အရှင်မင်းကြီးသည်။ မေ၊ အကျွန်ုပ်အား။ နအဒါသိ၊ မပေး။ အဿတ္ထဒုမသာခါယ၊ ညောင်ဗုဒ္ဓဟောခက်မှ။ ပက္ကဂေါဓာ၊ ဖွတ်ကင်သည်။ ပလာယထ၊ ပြေး၏ဟူ၍။ ဝဒေသိ၊ ဆိုတော်မူ၏။ ဧဝံ၊ ဤသို့သောအဖြစ်ကို။ တယာ၊ ရှင်မင်းကြီးသည်။ ဝိဒိတော၊ သိအပ်၏။ အညေပန၊ တပါးသောသူတို့မူကား။ တဿဘာဝံ၊ ထိုသဘောကို။ နဇာနန္တိ၊ မသိကြကုန်။ ။

ဤသို့မင်းပြုသောအဖြစ်ကိုလူများအလယ်၌ထင်ရှားစွာပြု၍မိဘုရားဆို၏။ ဘုရားလောင်းသည် ထိုစကားကိုကြား၍။ ရှင်မ၊ မင်းသည် မချစ်သောကာလမှစ၍နှစ်ယောက်သောသူတို့၏မချမ်းသာခြင်းကိုပြု၍အဘဲ့ကြောင့်ဤ၌နေသနည်းဟုဆို၍။ ။

(၆၃၇) နမေ နမန္တဿ ဘဇေ ဘဇန္တံ၊
ကိစ္စာနိ ကုဗ္ဗဿ ကရေယျ ကိစ္စံ။
နာနတ္ထကာမဿ ကရေယျ အတ္ထံ၊
အသမ္ဘဇန္တံပိ နသမ္ဘဇေယျ။ ။

(၆၃၈) စဇေ စဇန္တံ ဝနထံနကယိရာ၊
အပေတ-စိတ္တေနန သမ္ဘဇေယျ။
ဒိဇော ဒုမံ ခီဏ-ဖလံဝ ဉတွာ၊
အညံ သမေက္ခေယျ မဟာ ဟိ လောကော။ ။
ဟူသော ဤနှစ်ဂါထာတို့ကိုဆို၏။ ။

(၆၃၇-၆၃၈) ဒေဝိ၊ ရှင်မိဘုရား။ နမန္တဿ၊ နူးညံ့သောစိတ်ဖြင့် ငိမ်သို့ညွတ်သောသူအားသာလျှင်။ နမေ၊ အတုံ့ပြန်၍ ညွတ်ရာ၏။ ဘဇန္တံ၊

နူးညံ့သောစိတ်ဖြင့် မိမိသို့ဆည်းကပ်သောသူသို့လာလျှင်။ ဘဝေါအ တုံ့ပြန်၍ ဆည်းကပ်ရာ၏။ကိစ္စာနိ၊မိမိ၌ပေါ်ထွက်သောအမှုကိစ္စတို့ကို။ ကြံဖွယ်၊မှိုင်းမကြည့်ရှုပြုသောသူ၏သာလျှင်။ကိစ္စံ၊ကိစ္စကို။ကရေယျ၊ ပြုရာ၏။အနဏ္ဏကာမဿ၊ [illegible] ကို အလိုမရှိသောသူ၏။အတ္ထံ၊ အစီးအပွါးကို။နကရေယျ၊မပြုရာ။ [illegible] မိမိသို့မဆည်းကပ် သောသူသို့လည်း။န သမ္ဘဇေယျ၊မဆည်းကပ်ရာ။စဇန္တံ၊မိမိကိုစွန့်သော သူကို။စဇေ၊စွန့်ရာ၏။ ။တည်း၊ [illegible] သောသူ၌၊(ထည့်)။ဝနထံတ ဏှာသေ့ဟံ၊ တဏှာအားဖြင့် ချစ်ခြင်းကို။ နကယိရာ၊မပြုရာ။ ဒိသပေတ စိတ္တေန၊တပ်စွန်းခြင်းကင်းသောစိတ်ဖြင့်။နသမ္ဘဇေယျ၊မဆည်းကပ်ရာ။ ဒိဇော၊ငှက်သည်။ ဒိဏ္ဏဖလံ၊ကုန်သောအသီးရှိသော။ဒုမံ၊သစ်ပင်ကို။ ဥတွာ၊သိ၍။အညံ၊ [illegible] သောမကွေယျဏ္ဏ၀၊ကြည့် ရာသကဲ့သို့။တထာ၊ [illegible] သောတပ်ခြင်းရှိသော။ ပုရိသံ၊ယောကျ်ားကို။ ဥတွာ၊သိ၍။ အညံ၊တပါးသော။ သေယျံ၊မြတ် သောသူသို့။ဥပဂစ္ဆေယျ၊ [illegible] ၏။ ပိသဝံ၊မှန်၏။ လောကော၊လောက ဓာတ်သည်။မဟာ၊ [illegible]

မင်းသည်ဘုရားလောင်းခြိတ်ိုင်းဆိုတိုင်းမိဘုရားကျေးဇူးကိုအောက် မေ့၍။ ရှင်မ၊ [illegible] သင့်ကျေးဇူးကိုငါမ အောက်မေ့။ပညာရှိ၏စကားဖြင့်အောက်မေ့၏။ ငါ၏အဖြစ်ကိုသည်းခံလော့။ အလုံးစုံသော၍မင်းအဖြစ်ကိုသင့်အားသာလျှင်ပေး၏ဟုဆို၍။ ။

(၆၃၉) သော တေ ကရိဿာမိ ယထာနုဘာဝံ၊
ကတညုတံ ခဂ္ဂိယေ [illegible] ပေက္ခမာနော။
သဗ္ဗဉ္စ တေ ဣဿရိယံ ဒဒါမိ၊
ယဿိစ္ဆသိ တဿ တုဝံ ဒဒါမိ။ ။

ဟူသော၍စတုတ္ထဂါထာကိုဆို၏။ ။

(၆၃၉) ဒေဝိ၊မိဘုရား။ကတညုတံ၊ကျေးဇူးသိသည်၏အဖြစ်ကို။အ ပေက္ခမာနော၊ရှုသော။ခဂ္ဂိယော၊ရေမြေရှင်ဖြစ်သော။ သောအဟံ၊ထို ငါသည်။ တေ၊သင်အား။ [illegible] ယထာသတ္တိယထာဗလံ၊ အ စွမ်းအလျောက်-အားအလျောက်။ ကရိဿာမိ၊ပြုအံ့။ ယဿ၊ အကြင် ဖည်းစိမ်ကို။ တုဝံ၊သင်သည်။ဣစ္ဆသိ၊အလိုရှိ၏။ တဿ၊ထိုသင်အလိုရှိ

သောစည်းစိမ်ကို။ဝေတါသင့်အား။ဒဒါမိ၊ပေး၏။ တေါသင့်အား။သဗ္ဗံ၊အလုံးစုံသော။ဣသရိယဥ္စ၊အစိုးရသည့်အဖြစ်ကိုလည်း။ဒဒါမိ၊ပေး၏။ ။
ဤသို့ဆို၍မင်းသည် မိဘုရားအား အလုံးစုံသောစည်းစိမ်ကိုပေး၏။ ဤပညာရှိသည်မိဘုရား၏ ကျေးဇူးကိုအောက်မေ့၏ဟုပညာရှိအားလည်း များစွာသောစည်းစိမ်ကိုပေး၏။ ။ယသဿတသဿ၊ကမ္မဋ္ဌာနဆဗ္ဗိတည်း။ ထို့ကြောင့်၊ယံတွံဇာနသိတံဒဒါမိ၊ဟု-အဋ္ဌကထာဘွင့်သည်။ ။ဂေါဓဇာတကံ တတိယံ။၃၃၃။

---

၃၃၄-ရာဇောဝါဒဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သောသဗ္ဗညုမြတ်စွာဘုရားသည်။ ဂဝံစေတရမာနခံ,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော ဤရာဇောဝါဒဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ မင်းအား ဆုံးမခြင်းကိုအကြောင်းပြု၍ ဟောတော်မူ၏။ ။

ပြဟ္မဒတ်မင်းသည်မြို့တွင်းမြို့ပ ဇနပုဒ်တို့၌လည်း မိမိကျေးဇူးမဲ့ကိုဆိုသောသူကိုမမြင်၊ မိမိကျေးဇူးစကားကိုသာ ကြားရ၍ ဟိမဝန္တာ၌ကျေးဇူးမဲ့ကိုဆိုကုန်သလောဟု တောသို့ဝင်၍လှည့်လည်သော်၊ဘုရားလောင်း၏ကျောင်းသို့ရောက်၍ ဘုရားလောင်းကိုရှိခိုး၍ပြုအပ်သောပဋိသန္ထာရရှိသည်ဖြစ်၍တင့်အပ်လျောက်ပတ်စွာနေ၏။ထိုအခါဘုရားလောင်းသည် တောမှ ပညောင်သီးမှည့်တို့ကို ဆောင်၍ သုံးဆောင်၏။ ထိုပညောင်သီးမှည့်တို့သည် ချိုကုန်၏။ သကာ,သကြားမှုံ့နှင့်တူကုန်၏။ ဘုရားလောင်းသည်မင်းကိုခေါ်၍၊ဘုန်းကြီးသောဒါယကာ၊ဤပညောင်သီးမှည့်ကိုစား၍ရေကိုသောက်လော့ဟုဆို၏။မင်းသည်ဘုရားလောင်းဆိုတိုင်းပြု၍ ဘုရားလောင်းကို၊အရှင်ဘုရား၊ဤပညောင်သီးမှည့်သည်အဘဲ့ကြောင့်အလွန်ချိုသနည်းဟုမေး၏။ ဘုန်းကြီးသောဒါယကာ၊မင်းသည်တရားသဖြင့်မင်းပြု၏။ထို့ကြောင့်ထိုပညောင်သီးမှည့်သည် ချို၏ဟုဆို၏။ အရှင်ဘုရား၊ မင်းတရားမစောင့်သောကာလ၌မချိုခြင်းသည်ဖြစ်သလောဟုမေး၏။ဘုန်းကြီးသောဒါယကာ၊ဆိုတိုင်းဟုတ်မှန်၏။မင်းတို့သည် တရားမစောင့်ကုန်သည်ရှိသော် ဆီ,ပျား,တင်လဲ,အစရှိသည်

တို့သည်ငင်း တောသစ်မြစ်သစ်သီးတို့သည်ငင်းမရှိကုန်။အလုံးစုံသော တိုင်းသည်လည်းဩဇာမရှိသည်ဖြစ်၏။ မင်းတို့သည် တရားစောင့်ကုန်သည်ရှိသော်ခပ်သိမ်းသောအာဟာရတို့သည် ချိုကုန်၏။ ဩဇာရှိကုန်၏။အလုံးစုံသော တိုင်းသည်လည်း ဩဇာရှိသည်ဖြစ်၏ဟု ဆို၏။ မင်းသည် အရှင်ဘုရားမိန့်တော်မူတိုင်း ဖြစ်လတ္တံ့ဟုဆို၍၊ မိမိ၏မင်းအဖြစ်ကို မသိစေမူ၍သာလျှင် ဘုရားလောင်းကိုရှိခိုး၍ ဗာရာဏသီပြည်သို့သွား၍ ရသေ့၏စကားကိုစုံစမ်းအံ့ဟု အခမ္မဖြင့်ပြု၍ ယခုသိရအံ့ဟု အနည်းငယ်သော ကာလကို လွန်စေ၍ ထိုကျောင်းသို့သွား၍ ထိုဘုရားလောင်းကိုရှိခိုး၍တင့်အပ်လျှော်ပတ်စွာနေ၏။ဘုရားလောင်းသည်လည်း မင်းအား ၄ှေးအတူလျှင်ဆို၍ ပဉ္စောင်သီးမှည့်ကိုပေး၏။ ထိုပဉ္စောင်သီးမှည့်သည် ခါးသောအရသာရှိ၏။မင်းသည် မချိုအရသာမရှိဟု တံတွေးနှင့်တကွထွေး၍၊အရှင်ဘုရား၊ခါး၏ဟုဆို၏။ ဘုရားလောင်းသည်၊ ဘုန်းကြီးသောဒါယကာ၊မင်းသည် တရားမစောင့်သည်ဖြစ်လတ္တံ့။မင်းတရားမစောင့်သောကာလ၌ကောဝ်၌သစ်သီးကြီးငယ်ကိုအစပြု၍ အလုံးစုံသည်မချိုဩဇာမရှိသည်ဟုဆို၍။ ။

(၆၄၀) ဂဝံစေ့ တရမာနာနံ၊ဇိမှံ ဂစ္ဆတိ ပုင်္ဂဝေါ။
သဗ္ဗာ တာ ဇိမှံ ဂစ္ဆန္တိ၊နေတ္တေ ဇိမှံ ဂတေ သတိ။ ။

(၆၄၁) ဧဝမေဝ မနုဿေသု၊ယော ဟောတိ သေဋ္ဌ-သမ္မတော။
သော စေ အဓမ္မံ စရတိ၊ပဂေဝ ဣတရာ ပဇာ။
သဗ္ဗံ ရဋ္ဌံ ဒုခံ သေတိ၊ရာဇာ စေ ဟောတိအ ဓမ္မိကော။ ။

(၆၄၂) ဂဝံစေ့ တရမာနာနံ၊ဥဇုံ ဂစ္ဆတိ ပုင်္ဂဝေါ။
သဗ္ဗာ တာ ဥဇုံ ဂစ္ဆန္တိ၊နေတ္တေ ဥဇုံ ဂတေ သတိ။ ။

(၆၄၃) ဧဝမေဝ မနုဿေသု၊ယော ဟောတိ သေဋ္ဌ-သမ္မတော။
သော သစေ ဓမ္မံ စရတိ၊ပဂေဝ ဣတရာ ပဇာ။
သဗ္ဗံ ရဋ္ဌံ သုခံ သေတိ၊ရာဇာ စေ ဟောတိ ဓမ္မိကော။ ။

ဟူသောဤလေးဂါထာတို့ကိုဆို၏။ ။

(၆၄၀-၆၄၃) မဟာပုညာ၊ ဘုန်းကြီးသောဒါယကာ။ တရမာနာနံ၊မြစ်ကိုကူးကုန်သော။ဂဝံ၊နွားတို့တွင်။ ပုင်္ဂဝေါ၊ရှေ့ဆောင် နွားလားသည်။ ဇိမှံ၊ကောက်စွာ။စေဂစ္ဆတိ၊အကယ်၍သွားငြားအံ့။နေတ္တေ၊နွားအပေါင်းကိုသိမ်းပိုက်၍ဆောင်တတ်သော ရှေ့ဆောင်နွားအကြီးဥသဘသည်။ဇိမှံ၊

ကော်ဝှာ။ဂႏတ၊သွားသည်။သတိ၊ရှိသော်။ သဗ္ဗာ၊ကုန်အောင်ရုံသော။ တ၊ထိုနေ့သိုလိုက်နွားမတ္တသည်။ဇိမ္ဗ၊ကော်ဗွာ။ဂန္တတ္ထိ ဏွဝ၊သွားကုန်၏ သို့။ ။ဝေမေဝ၊ဤအတူလျှင်။ မနုဿေသု၊လူတို့တွင်။ ယော၊အကြင် မင်းသည်။ သေဋ္ဌသမ္မတော၊အမြတ်ဟူ၍ သမုတ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ထိုလူတွင်အမြတ် သမုတ်အပ်သော မင်းသည်။ အဓမ္မံ၊ သန္တာဂတိ စသည်သို့လိုက်သောအားဖြင့် တရားမဟုတ်သော အကျင့် ကို။ စေစရတိ၊ အကယ်၍ကျင့်အံ့။ ဣတရာ၊ လူတွင်အမြတ် သမုတ်အပ် သော မင်းမှတပါးသော။ ပဇာ၊ သတ္တဝါအပေါင်းသည်။ ပဂေဝ ပုရေ တရမေဝ၊ရှေးဦးစွာပင်လျှင်။အဓမ္မံ၊တရားမဟုတ်သော အကျင့်ကို။စရ တိ၊ကျင့်တတ်ချေ၏။ ရာဇာ၊မင်းသည်။ အဓမ္မိကော၊ အဂတိလေးပါးသို့ လိုက်သောအားဖြင့် တရားမစောင့်သည်။ စေဟောတိ၊ အကယ်၍ဖြစ် အံ့။သဗ္ဗံ၊ကုန်အောင်ပုံသော။ရဋ္ဌံ၊တိုင်းသူပြည်သားအပေါင်းသည်။ဒုခံ၊ ဆင်းရဲစွာ။သေတိ၊အိပ်ရ၏။ ။တရမာနာနံ၊မြစ်ကိုကူးကုန်သော။ ဂဝံ၊ နွားတို့တွင်။ပုင်္ဂဝေါ၊ရှေ့ဆောင် နွားလားသည်။ ဥဇုံ၊ဖြောင့်စွာ။ စေဂစ္ဆ တိ၊အကယ်၍သွားငြားအံ့။နေတ္တေ၊နွားအပေါင်းကို သိမ်းပိုက်၍ဆောင် ယူတတ်သောရှေ့ဆောင်နွားအကြီးဥသဘသည်။ဥဇုံ၊ဖြောင့်စွာ။ဂတေ၊ သွားသည်။ သတိ၊ရှိသော်။ သဗ္ဗာ၊ ကုန်အောင်ပုံသော။ ဂါဝီ၊နွားမတို့ သည်။ ဥဇုံ၊ဖြောင့်စွာ။ယန္တိ ဏွဝ၊သွားကုန်၏သို့။ဝေမေဝ၊ ဤအတူသာ လျှင်။မနုဿေသု၊လူတို့တွင်။ယော၊အကြင်မင်းသည်။ သေဋ္ဌသမ္မတော၊ အမြတ်ဟူ၍သမုတ်အပ်သည်။ဟောတိ၊ဖြစ်၏။သော၊ထိုလူတွင်အမြတ် သမုတ်အပ်သောမင်းသည်။ဓမ္မံ၊တရားကို။ သစေစရတိ၊အကယ်၍ကျင့် အံ့။ ဣတရာ၊လူတွင်အမြတ် သမုတ်အပ်သော မင်းမှတပါးသော။ပဇာ၊ သတ္တဝါအပေါင်းသည်။ ပဂေဝ ပုရေတရမေဝ၊ရှေးဦးစွာပင်လျှင်။ဓမ္မံ၊ တရားကို။ စရတိ၊ကျင့်၏။ရာဇာ၊မင်းသည်။ဓမ္မိကော၊အဂတိလေးပါးကို ပယ်ရှား၍ တရားကျင့်သည်။ စေဟောတိ၊အကယ်၍ဖြစ်အံ့။ သဗ္ဗံ၊ကုန် အောင်ပုံသော။ ရဋ္ဌံ၊တိုင်းသူပြည်သား အပေါင်းသည်။ သုခံ၊ချမ်းသာ စွာ။ သေတိ၊အိပ်ရ၏။ ။

ဂဝံဝ္ဂေါသဒ္ဒါသည် ဥသဘနွားနှင့်တကွ နိဒ္ဒါရဏသမုဒါယဖြစ်၍ နွားပိုက် နွားမနှစ်ပါးကို ဟောသည်။ပုင်္ဂဝေါဖြင့် နိဒ္ဒါရဏီယ ဥသဘ နွားကိုယူပြီးရကား၊ နွားမအပေါင်းသာကျန်၍သဗ္ဗာတာ,ဟု-ဣတ္ထိလိင်

ဆိုသည်။ ။ပရိဂ္ဂဟေတွာနေတိတိနေတွာ။ ။ယောပုဂ်ဂေါ၊သည်။ သဗ္ဗာ၊ အလုံးစုံသော နွားမတို့ကို။ ပရိဂ္ဂဟေတွာ၊ သိမ်းပိုက်၍၊ နေတိ၊ ဆောင်တတ်၏။ဉာတိတသ္မာ၊ကြောင့်။နေတွာ၊နေတွာမည်၏။ ။နေတွာ၊ သဒ္ဒါနောင်သို့ ဝိဘတ်ကိုပြု၍နေတွောပြီးသည်။ ။နေတွာ၊တောသို့မေ။ နေတွောဥရု ဂတေ။ဝါတိကိ ။နေတွာရို။ ။သဒ္ဒနီတိ။ ။ပဂေဝဇာတာရ ပဇာတိ ဇာတရေသတွာ ပုရေတရမေဝ အဓဇ္ဈံပရဖြတ်တိအဂ္ဂော။ ။ဟု- အဋ္ဌကထာ ဘွင့်ရကား၊ ဤ၌ပဂေဝပဂေါဝေပုဒ်ဖြတ်၍ ပဂေါသဒ္ဒါဟူသည် ပုရေတရအနက်ကို ဟောသည်။ ပဂေဝ၊အဘယ်ဆိုဘွယ် ရှိအံ့နည်းဟု ယောဇနာသောအနက်ကားအဘွင့်မရှိ။ ။ပဂေဝသာဝတ္ထိ ဝိဏ္ဏာယစရိတုံ၌ကား။ ပဂေဝပဂေါဝေ၊စောစောသေးသလျှင်ကတည်းဟု ပါတောအနက်ကို ဟောသည်မှတ်။ ။ဒုခံ၌ဆန်းကိုငဲ့၍ ဝိသံယောဂ။ သေတိပင်ဆိုသော်လည်း ပဒ္ဒါနနည်းယူ၍ ဇုရိယာပုတ်လေးပါးကိုပင် ရသည်။ထိုကြောင့်။ ။စတုသုဇုရိယာပထေသုသုခမေဝဟောတိ။ ။ ဟု-အဋ္ဌကထာမိန့်သော်။ ။ရာဇောဝါဒဇာတကံ စတုတ္ထံ။၃၃၄။

---

## ၃၃၅-ဇမ္ဗုကဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ဖြဟာပဝဆုကာယော,အစရှိသော ဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော ဤဇမ္ဗုကဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်၊ ဒေဝဒတ်၏ ဘုရားအတုပြုခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ။

ခြင်္သေ့စားကြွင်းဖြင့် သူမြူးသောကိုယ်ရှိသည်၏အဖြစ်သို့ ရောက်သော ထိုမြေခွေးအားတနေ့သ၌ မာနရှိသည်ဖြစ်၏။ ထိုမြေခွေးသည် ခြင်္သေ့သို့ကပ်၍၊ အရှင်၊အကျွန်ုပ်သည်အခါခပ်သိမ်းအရှင်တို့၏အလုပ်အကျွေးကိုခံ၍ အရှင်တို့သည်အခါခပ်သိမ်းအမဲကိုဆောင်ယူ၍အကျွန်ုပ်ကိုကျွေးမွေးကုန်၏။ ယနေ့အရှင်သည်ဤနေရာ၌လျှင်နေသော်၊ အကျွန်ုပ်တခုသောဆင်ကိုသတ်၍အသားကိုစား၍ အရှင်သို့ဆောင်ခဲ့အံ့ ဟုဆို၏။ ခြင်္သေ့သည်၊ မြေခွေး၊သင်သည်ထိုအမှုကိုမနှစ်သက်လင့်။ သင်သည်

ဆင်ကိုသတ်၍အသားကိုစားသောအမျိုး၌မဖြစ်။ငါသည်သင်အားဆင်ကိုသတ်၍ပေးအံ့။ ဆင်မည်သည်ကားကြီးသောကိုယ်ရှိ၏။ သင်သည်ဆင်ကိုမဘမ်းလင့်၊ငါ့စကားကိုနားထောင်လော့ဟုဆို၏။ ။

(၆၄၄) ဗြဟာ ပဝဍ္ဎကာယော သော၊ဒီဃဒါဌော စ ဇမ္ဗုက။
နှ တွံ တတ္ထ ကုလေ ဇာတော၊ယတ္ထ ဂဏှန္တိ ကုဉ္ဇရံ။ ။
ဟူသော၍ပဌမဂါထာကိုဆို၏။ ။

(၆၄၄) ဇမ္ဗုက၊မြေခွေး။သောကုဉ္ဇရော၊ထိုဆင်သည်။ ဗြဟာ၊အလုံးအဖန်လည်းကြီးမား၏။ ပဝဍ္ဎကာယော၊အထက်သို့မြင့်သောကိုယ်လည်းရှိ၏။ ဒီဃဒါဌောစ၊ ရှည်သောအစွယ်လည်းရှိ၏။ ယတ္ထ၊အကြင်ခြင်္သေ့မျိုး၌။ကုဉ္ဇရံ၊ဆင်ကို။ ဂဏှန္တိ၊ဘမ်းနိုင်ကုန်၏။ တတ္ထကုလေ၊ထိုဆင်ကိုဘမ်းနိုင်သောခြင်္သေ့မျိုး၌။ တွံ၊သင်သည်။ နဇာတော၊မဖြစ်။ဝါ ရဏံ၊ဆင်ကို။တွံ၊သင်သည်။မာဂဏှ၊မဘမ်းလင့်။ ။

မြေခွေးသည်ခြင်္သေ့တားမြစ်လျက်လျှင် လိုဏ်မှထွက်၍ သုံးကြိမ်မြေခွေးသံကိုမြည်၍ တောင်ထိပ်၌ရပ်လျက် တောင်ခြေရင်းကို ကြည့်လတ်သော်၊ တောင်ခြေရင်းဖြင့် လာလတ်သော တခုသောမည်းသောဆင်ကိုမြင်၍ရန်၍ထိုဆင်၏ဦးကင်း၌ကျအံ့ဟုလို့မှု၍ဆင်း၍ ဆင်၏ခြေရင်း၌ကျ၏ ဆင်သည်ရှေ့ခြေကိုကြွ၍ မြေခွေး၏ဦးခေါင်းကို မုန့်မုန့်ကြေစေ၏။ မြေခွေးသည် ထိုအရပ်၌လျှင်ညည်းညူလျက် အိပ်၏။ ဆင်သည်ကြိုးကြာသံနှင့်တူသောအသံကိုမြည်လျက် သွဲ၏။ ဘုရားလောင်းသည်သွား၍တောင်ထိပ်၌ရပ်လျှင် ပျက်စီးခြင်းသို့ရောက်သော ထိုမြေခွေးကိုမြင်၍။ မိမိမာနကိုမှီ၍မြေခွေးသည်ပျက်စီး၏ဟု။ ။

(၆၄၅) အသိဟော သီဟ-မာနေန၊ယော အတ္တာနံ ဝိကုဗ္ဗတိ။
ကုဉ္ဇရော ဝ ဂဇမာသဇ္ဇ၊သေတိ ဘူမျာ အနုတ္ထုနံ။ ။

(၆၄၆) ယသသိနော ဥတ္တမ-ပုဂ္ဂလဿ၊သဉ္ဇာတ-ခန္ဓဿ မဟာဗလဿ။
အသမေက္ခိယ ထာမ-ဗလူပပတ္တိံ၊
သ သေတိ နာဂေန ဟတော ယံ ဇမ္ဗုကော။ ။

(၆၄၇)ယောစိဓ ကမ္မံ ကုရုတေ ပမာယ၊ထာမဗ္ဗလံ အတ္တနိ သံဝိဒိတွာ။
ဇပ္ပေနမန္တေနသုဘာသိတေန၊ပရိက္ခဝါသောဝိပုလံဇိနာတိ။ ။
ဟူသော၍သုံးဂါထာတို့ကိုဆို၏။ ။

(၆၄၅-၅၄၇) အယံကုဏ္ဍော၊ဤဥာဏ်တုံးသော်မြေခွေးသည်။အသိ
ဟော၊ မိမိခြသေ့်မဟုတ်ဘဲလျက်။သီဟမာနေန၊ ငါခြသေ့်ဟူသောမာ
နဖြင့်။ ဝါ၊ခြသေ့်၏မာနကဲ့သို့သောမာနဖြင့်။ ဝိကုဗ္ဗန္တော၊ ဘော်ပြန်၍ပြု
လျက်။(ထည့်)။ဂစ်၊ဆင်ပြောင်ကို။အာသဇ္ဇ၊ထိပါး၍။အနုတ္ထုနံ့အနုတ္ထု
နန္တော၊ညည်းညူလျက်။ဘူမျာဘူမိယာ၊မြေ၌။ သေတိဈာဝ၊အိပ်ရ၏သို့။ဧ
ဝံတထာ၊ထို့အတူ။အညော၊မြေခွေးမှတပါးသော။ ဒုဗ္ဗလော၊အားနည်း
သော။ ယော၊အကြင်သတ္တဝါသည်။ အတ္တာနံ၊မိမိကိုယ်ကို။ ဝိကုဗ္ဗတိ၊
ဘောက်ပြန်၍ပြုအံ့။ ဗလဝတာ၊ အားရှိသောသတ္တဝါနှင့်တကွ။ ဝိဂ္ဂဟံ၊
ခိုက်ရန်ကို။ကရောတိ၊ပြုအံ့။(ဝိကုဗ္ဗတိကိုဘွင့်သည်)။ သောဂိ၊ထိုမြေခွေး
မှတပါးသောသတ္တဝါသည်လည်း။ ဝေရုပေါဝ၊ဤမြေခွေးကဲ့သို့ဆင်းရဲ
သို့ရောက်သောသဘောရှိသည်သာလျှင်။ဟောတိ၊ဖြစ်တတ်၏။ ။(ဤဂါ
ထာ၌၊ ကုဏ္ဍော်ဝ, ဟုရှိ၏သိဂ်ါလော၀ဟူသော အဓ္ဓကထာကိုထော်လျှင်
ကုဏ္ဍော၀,လိုမည် ထင်သည်။ အကယ်၍ လိဂ်ဝိပလ္လာသကြံမှုကား မ
ထောင်းတာ။ကုဏ္ဍံ၀ပင်နေရာ၏။ ။ကုဏ္ဍော၀ါရှိသည်ကားမသင့်။ ။ဏုဒ်
ဝုတ္တံဟောတိယထာ အယံကုဏ္ဍောမဟန္တံဝေဒနံပတ္တော အနုတ္ထုနန္တော
ဘူမိယံသေတိ၊ဧဝံယော အညောဒုဗ္ဗလောဗလဝတာ ဝိဂ္ဂဟံကရောတိ၊
သေါပိဝေရုပေါဝဟောတီတိ,ဟူသောအဓ္ဓကထာကိုမျှော်၍အဓိပ္ပါယ်
ပေါ်အောင်အတ္တယောဇနာသည်)။ ။ယသဿိနောဘုသာဒိယဝတော၊
အစိုးရခြင်းရှိထသော။ ဥတ္တမပုဂ္ဂလဿ၊ကာယဗလဉာဏဗလဖြင့်မြတ်
သောပုဂ္ဂိုလ်ဖြစ်ထသော။ သဗ္ဗာတခန္ဓဿ၊ကောင်းစွာတည်သော ကြီး
ကျယ်သောပခုံးရှိထသော။ မဟာဗ္ဗလဿ၊ ကြီးမားသောအားအစွမ်းရှိ
ထသော။ သီဟဿ၊ ခြသေ့်၏။ (ထည့်)။ ထာမဗလူပပတ္တိံ၊ခြသေ့်၏
အစွမ်းအားခြသေ့်၏ဇာတ်ဟူသော ဥပပါတ်ကို။ အသမေက္ခိယ၊ ဥာဏ်
ဖြင့်မဆင်ခြင်မူ၍။ဝါ၊မသိမမြင်မူ၍။ အတ္တာနံ၊ မိမိကိုယ်ကို။ သီဟေန၊
ခြသေ့်နှင့်။ သဒိသံ၊တူ၏ဟူ၍။ မညမာနော၊မှတ် ထင်သော။ သသော အ
ယံဇမ္ဗုကော၊ ထိုဆိုအပ်ပြီးသောဤမြေခွေးသည်။ နာဂေန၊ဆင်ပြောင်
သည်။ ဟတော၊နင်းသတ်အပ်သည်ဖြစ်၍။ သေတိ၊သေသောအိပ်ခြင်း
စင်းစင်းအိပ်ရာ၏။ ။စ၊အထူးကိုဆိုအံ့။ဇာခလောကော၊ဤလူ့ရွာ၌။ပရိက္ခ
ဝါ၊ဆင်ခြင်ရှုးစမ်းတတ်သော ဥာဏ်ပညာနှင့်ပြည့်စုံသော။ ယော၊ အ
ကြင်ပုဂ္ဂိုလ်သည်။အတ္တနိ၊မိမိ၌။ ထာမဗလံ၊ထင်ရှားရှိသောကိုယ်အစွမ်း

ဉာဏ်အစွမ်းကို။ သံဝဒ္ဓိတွာ၊ ငါ၌ဤရွေ့ဤမျှသောကိုယ်စွမ်းဉာဏ်စွမ်းရှိ၏ဟုသိပြီး၍။ ဇပ္ပေန၊ မန္တရားမန္တန် စိပ်သဖြင့်ရင်း။ မန္တေန၊ တပါးသောပညာရှိတို့နှင့်နှိုင်းညှိတိုင်ပင်သဖြင့်ရင်း။ သုဘာသိတေန၊ သစ္စာအစရှိသော ကျေးဇူးနှင့်ယှဉ်သော အပြစ်ကင်းသော စကားကောင်းဖြင့်ရင်း။ ပမာယပမိနိတွာ၊ ရှူးရှူးစမ်းစမ်းနှိုင်းနှိုင်းရှဉ့်ရှဉ့်ပြု၍။ ကမ္မံ၊ ပြုဘွယ်ကိစ္စဟူသမျှကို။ ကုရုတေ၊ ပြုတတ်၏။ သောတာဒိသော၊ ထိုသို့သောသဘောရှိသောသူသည်။ ဝိပုလံ၊ ပြန့်ပြောကြီးကျယ် ထူးမြတ်သောအကျိုးကို။ ဇိနာတိ၊ အောင်နိုင်၏။ ဝါ၊ ရ၏။ ။ထာမသင်္ခါတံဗလံထာမဗလံ၊ ပြု၍ ထာမနှင့်ဗလအတ္ထ တူသည်။ ခြသေ့်၏ဇာတိကိုဥပပတ္တိဆိုသည်။ ။
ဇမ္ဗုကဇာတကံ ပဥ္စမံ။ ၃၃၅။

——※——

## ၃၃၆-ဗြဟာဆတ္တဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် တိဏံတိဏံ,အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သောဤဗြဟာဆတ္တဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်၊ အံ့ဘွယ်သရဲကိုဖြစ်စေတတ်သော ရဟန်းတပါးကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ထိုအခါဗာရာဏသီမင်းအားရသေ့တို့သည် ဥယျာဉ်မှဥစ္စာကိုယူ၍ပြေးကုန်၏ဟုကြားလျှောက်ကုန်၏။ ဗာရာဏသီမင်းသည်ဥယျာဉ်သို့သွား၍ အိုးတို့ကိုဘွင့်စေ၍ မြက်တို့ကိုသာလျှင်မြင်၏။ ဗာရာဏသီမင်းအား ဥစ္စာတို့ကိုအမှီပြု၍ကြီးစွာသောစိုးရိမ်ခြင်းသည်ဖြစ်၏။ ဗာရာဏသီမင်းသည် မြို့သို့သွား၍ မြက်သာလျှင်တည်း မြက်သာလျှင်တည်းဟု မြည်လျက်သွား၏။ ထိုမင်း၏သောကကိုငြိမ်းစိမ့်သောငှါ တစုံတယောက်သောသူသည်မတတ်နိုင်။ ဘုရားလောင်းသည် မင်းကား ကြီးစွာသောစိုးရိမ်ခြင်းနှိပ်၍မြည်တမ်းလျက်သွား၏။ ငါ့ကိုထား၍ငါမှတပါး တစုံတယောက်သောသူသည် ဤမင်း၏စိုးရိမ်ခြင်းကိုပယ်အံ့သောငှါမတတ်နိုင်။ ငါသည်မင်းအားစိုးရိမ်ခြင်းမရှိသည်ကိုပြုအံ့ဟုကြံ၏။ ကြံပြီး၍ထိုဘုရားလောင်းသည် တနေ့သ၌ မင်းနှင့်တကွ ချမ်းသာစွာနေလျက် မင်းသည်မြည်တမ်းသောကာလ၌။ ။

(၆၄၈) တိဏံ တိဏာန္တိ လပသိ၊ ကော နု တေ တိဏမာဟရိ။
ကိံ နု တေ တိဏကိစ္စတ္ထိ၊ တိဏမေဝ ပဘာသသိ။ ။

ဟူသော ဤပဌမဂါထာကိုဆို၏။ ။

(၆၄၈) မဟာရာဇ၊ မြတ်သောမင်းကြီး။ တွံ၊ အသျှင်မင်းကြီးသည်။ တိဏံ တိဏာန္တိ၊ မြက်သာလျှင်တည်းမြက်သာလျှင်တည်းဟူ။ လပသိ၊ ဆို၏။ တေ၊ အသျှင်မင်းကြီး၏။ တိဏံ၊ မြက်ကို။ ကော နု၊ အဘယ်သူသည်လျှင်။ အာဟရိ၊ ခိုးယူဆောင်သွားသနည်း။ တေ၊ အသျှင်မင်းကြီးအား။ တိဏကိစ္စံ၊ မြက်ဖြင့်ပြုဘွယ်ကိစ္စသည်။ အတ္ထိ ကိံ နု၊ ရှိသလော။ တိဏမေဝ၊ မြက်ကိုသာလျှင်။ ပဘာသသိ၊ တိဏံ တိဏံ ဟူ အဘန်တလဲလဲဆို၏။ ။

ထိုစကားကိုကြား၍မင်းသည်။ ။

(၆၄၉) ဣဓာဂမာ ဗြဟ္မ-စာရီ၊ ဗြဟာဆတ္တော ဗဟုဿုတော။
သော မေ သဗ္ဗံ သမာဒါယ၊ တိဏံ နိက္ခိပ္ပ ဂစ္ဆတိ။ ။

ဟူသော ဤဒုတိယဂါထာကိုဆို၏။ ။

(၆၄၉) ပဏ္ဍိတ၊ ပညာရှိ။ ဗြဟ္မစာရီ၊ မြတ်သောအကျင့်ကိုကျင့်သော။ ဗြဟာဒိဿော၊ ထန်းပင်တမြင့်မြင့်သော။ ဗဟုဿုတော၊ များသောအကြားအမြင်ရှိသော။ ဆတ္တော၊ ဆတ္တသည်။ ဣဓ၊ ဤ၌ဗာရာဏသီပြည်သို့။ အာဂမာ၊ လာ၏။ သော၊ ထိုဆတ္တသည်။ သဗ္ဗံ၊ ချက်ကုံ၊ ပိုဝှံသ၍ရှိသော ဥစ္စာကို။ သမာဒါယ၊ ယူ၍။ တိဏံ၊ မြက်ကို။ ဗာရိသု၊ ခိုးဧည့်ကြီးတို့၌။ နိက္ခိပ္ပ၊ ထည့်ခဲ့၍။ ဂစ္ဆတိ၊ သွား၏။ ။

ထိုစကားကိုကြား၍ဘုရားလောင်းသည်။ ။

(၆၅၀) ဧဝမေတံ ဟောတိ ကတ္တဗ္ဗံ၊ အပ္ပေန ဗဟုမိစ္ဆတာ။
သဗ္ဗံ သကဿ အာဒါနံ၊ အနာဒါနံ တိဏဿ စ။
စာရိသု ပက္ခိပိတ္တွာန၊ တတ္ထ ကာ ပရိဒေဝနာ။ ။

ဟူသော ဤတတိယဂါထာကိုဆို၏။ ။

(၆၅၀) မဟာရာဇ၊ မြတ်သောမင်းကြီး။ အပ္ပေန၊ အနည်းငယ်သော မြက်ဖြင့်။ ဗဟုံ၊ များစွာသောဥစ္စာကို။ ဣစ္ဆတာ၊ အလိုရှိသောဆတ္တသည်။ ဧတံ၊ သကဿ၊ အဘဥစ္စာ၏အဖြစ်ကြောင့်၊ သကဿ၊ မိမိဥစ္စာကို။ သဗ္ဗံ၊ မချန်မချွင်းအကြွင်းမဲ့။ အာဒါနံ ယူခြင်းအာဒါနံ၊ အကြွင်းမဲ့ယူခြင်းသည်ရှင်း။ အဂယှုပဂဿ၊ ယူခြင်းငှါမလျောက်ပတ်သော၊ တိဏဿ၊ မြက်ကို။ အနာဒါနံ၊ ထုန်အနာဒါနံ၊ အကြွင်းမယူခြင်းသည်ရှင်း။ အတ္ထိ၊ ရှိ၏။ ဧဝံ၊ ဤ

သို့။ ထော်၊ဤမိမိဥစ္စာ-ကိုအကြွင်းမဲ့ယူခြင်းငှါ မလျော်ပတ်သောမြက်ကို မယူခြင်းဟူသော နှစ်ပါးသောကိစ္စကို။ ကတ္တဗ္ဗံ၊ပြုသင့်သည်။ဟောတိ၊ ဖြစ်၏။မဟာရာဇ၊ မြတ်သောမင်းကြီး။ ဣတိတသ္မာ၊ထိုသို့ပြုသင့်သည် ၏အဖြစ်ကြောင့်။သော၊ထိုဗြဟ္မဒတ္တသည်။ ဂဟေတဗ္ဗယုတ္တကံ၊ယူ ခြင်းငှါလျော်ပတ်သော။ အတ္တနော၊မိမိ၏။ပိတုသန္တကံ၊အဘ၏ဥစ္စာကို။ ဂဟေတွာ၊ယူ၍။ အဂဟေတဗ္ဗယုတ္တကံ၊ ယူခြင်းငှါမလျော်ပတ်သော။ တိဏံ၊မြက်ကို။စာဋိသု၊အိုးဇရည်းကြီးတို့၌။ပက္ခိပိတွာ၊ထည့်၍။ဂတော၊ သွားပေသည်တကား။ တတ္ထ၊ ထိုအဘအမွေဖြစ်သော အလုံးစုံသော ဥစ္စာကိုယူ၍ ယူခြင်းငှါ မလျောက်ပတ်သော မြက်ကို အိုးဇရည်းတို့၌ ထည့်ခဲ့၍ဗြဟ္မဒတ္တသွားခြင်း၌။တုမှာကံ၊အသျှင်မင်းကြီးတို့၏။ ပရိဒေ ဝနာ၊ တိဏံတိဏံဟုအဘန်ဘန်မြည်တမ်းခြင်းသည်။ ကာ၊ အဘယ်အ ကျိုးရှိအံ့နည်း။ ။

မင်းသည်ထိုစကားကိုကြား၍။ ။

(၆၅၀) သီလဝန္တော န ကြုဗ္ဗန္တိ၊ဗာလော သီလာနိ ကြုဗ္ဗတိ။
အနိစ္စ-သီလံ ဒုဿီလျံ၊ကိံ ပဏ္ဍိစ္စံ ကရိဿတိ။ ။

ဟူသောဤစတုတ္ထဂါထာကိုဆို၏။ ။

(၆၅၀) ပဏ္ဍိတာ၊ပညာရှိ။သီလဝန္တော၊သီလရှိသောသူတို့သည်။ဝေရူ ပံ၊ဤသို့သဘောရှိသောယုတ်မာသောအမှုကို။ နကြုဗ္ဗန္တိ၊မပြုကုန်။ ဗာ လော၊မကောင်းသောအကျင့်ရှိသောသူမိုက်သည်။ ဝေရူပါနိ၊ဤသို့သ ဘောရှိကုန်သော။သီလာနိ၊မိမိ၏ အနာစာရဟုဆိုအပ်သော အလေ့အ ကျင့်တို့ကို။ကြုဗ္ဗတိ၊ပြု၏။အနိစ္စသီလံ၊မမြဲသောသီလရှိသော။ ဒုဿီလျံ၊ သီလမရှိသောသူကို။ ပဏ္ဍိစ္စံ၊ဗာဟုသစ္စဖြင့်ထုံအပ်သောပညာရှိသည် ၏အဖြစ်သည်။ ကိံ ကရိဿတိ၊အဘယ်ကိစ္စကို ပြုလတ္တံ့နည်း။ ဝါ၊အ ကျိုးကိုပြည့်စုံစေလတ္တံ့နည်း။ ။ဒုဿီလောဝေဒုဿီလျံ။ ဏျပစ္စည်း အနက်မရှိ။ထို့ကြောင့်ဒုဿီလန္တိ ဒုဿီလျံ,ဘွင့်သည်။ ။ဗြဟ္မဒတ္တ ဇာတကံ ဆဋ္ဌံ။၃၃၆။

## ၃၃၇-ပီဌဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်။ နတေပီဌံ,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော၅်ပီဌဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊မထင်ရှားသောရဟန်းကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ထိုအခါသူဌေးသည်မင်းအိမ်မှထွက်လတ်သော် ဘုရားလောင်းကိုမြင်၍ရှိခိုး၍ တင့်အပ်လျှော်ပတ်စွာနေလျက်၊အသျှင်ဘုရား၊အကျွန်ုပ်တို့၏အိမ်တံခါးသို့ရောက်လာကုန်သော သူတောင်းစားတို့သည်၎င်း၊ တရားစောင့်ကုန်သောရဟန်းပုဏ္ဏားတို့သည်၎င်း ပူဇော်သက္ကာရကို မရကုန်၍ သွားရဘူးသောသူမည်သည်မရှိ။ အသျှင်တို့ကိုကားအကျွန်ုပ်တို့၏သူငယ်တို့သည်မမြင်သည်၏အဖြစ်ကြောင့်နေရာကို၎င်း၊သောက်ရေကို၎င်း၊ခြေဆေးရေကို၎င်း၊ ယာဂုဆွမ်းကို၎င်း အသျှင်ဘုရားတို့သည်မရကုန်မူ၍လျှင်စွာသွားကုန်၏။၅်သို့မရခြင်းသည်အကျွန်ုပ်တို့၏အပြစ်တည်း။ထိုအပြစ်ကိုသည်းခံတော်မူခြင်းငှါသင့်၏ဟုဆို၍။ ။

(၆၅၂) န တေ ပီဌမဒါသိမှ၊န ပါနံ နပိ ဘောဇနံ။
ဗြဟ္မစာရိ ခမဿု မေ၊တော် ပဿာမိ အစ္စယံ။ ။

ဟူသောရှေးဦးစွာသော ဂါထာကိုဆို၏။ ။

(၆၅၂) ဗြဟ္မစာရိ၊မြတ်သောအကျင့်ကိုကျင့်သောအသျှင်ဘုရား။တေ၊အသျှင်ဘုရားအား။ပီဌံ၊နေရာအင်းပျဉ်ကို။ နအဒါသိမှ၊မပေးစေမိကုန်။ ပါနံ၊ရေကို။နအဒါသိမှ၊မပေးစေမိကုန်။ဘောဇနံပိ၊ဘောဇဉ်ကိုလည်း။နအဒါသိမှ၊မပေးစေမိကုန်။ တော်အစ္စယံ၊၅်အပြစ်ကို။ပဿာမိ၊ မြင်၏။ မေ၊အကျွန်ုပ်၏။တော်အစ္စယံ၊၅်အပြစ်ကို။တွံ၊အသျှင်ဘုရားသည်။ခမဿု၊သည်းခံတော်မူပါလော့။ ။

ထိုစကားကိုကြား၍ဘုရားလောင်းသည်။ ။

(၆၅၃) နေဝါဘိသဇ္ဇာမိ နစာပိ ကုပ္ပေ၊နစာပိ မေ အပ္ပိယမာဟု ကိဉ္စိ။
အထောပိ မေ အာသိ မနော-ဝိတက္ကော၊
တောဒိသော နူန ကုလဿ ဓမ္မော။ ။

ဟူသော၅်ဒုတိယဂါထာကိုဆို၏။ ။

(၆၅၃) သေမ္ဘိ၊သူဌေး။အဟံ၊ငါသည်။နေဝါဘိသမ္ဘာဝမိ၊မငြီမငွန်းသ လျှင်ကတည်း။နစာပိကုပ္ပေ၊အမျက်လည်းမထွက်သလျှင်ကတည်း။မေ၊ ငါ့အား။ကိဉ္စိ၊တစုံတခုသော။အပ္ပိယံစါပိ၊ မုန်းခြင်းသည်လည်း။နအဟု၊ မဖြစ်။အထောပိ၊စင်စစ်မူကား။ကုလဿ၊အမျိုး၏။ ဓောဒိသော၊ရောက် လာသောအလှူခံအား မပေးလှူခြင်းဟူသော။ ဓမ္မော၊ သဘောအလေ့ သည်။ဘဝိဿတိနူန၊ဖြစ်လေယောင်တကားဟု။ မေ၊ငါ့အား။မနော-ဝိ တက္ကော၊နှလုံးအကြံသည်။အာသိ၊ဖြစ်၏။ ။
ထိုစကားကိုကြား၍သူဌေးသည်။ ။
(၆၅၄) သေသွာကံ ကုလေ ဓမ္မော၊ပိတုပိတာမဟော သဒါ။
အာသနံ ဥဒကံ ပဇ္ဇံ၊သဗ္ဗေတံ နိပဒါမသေ။ ။
(၆၅၅) သေသွာကံ ကုလေ ဓမ္မော၊ပိတုပိတာမဟော သဒါ။
သက္ကစ္စံ ဥပတိဋ္ဌာမ၊ဥတ္တမံ ဝိယ ဉာတကံ။ ။
ဟူသောဤနှစ်ဂါထာတို့ကိုဆို၏။ ။
(၆၅၄-၆၅၅) ဖြဟ္မစာရိ၊ မြတ်သောအကျင့်ကို ကျင့်သောအသျှင်ရ သေ့။မယံ၊အကျွန်ုပ်တို့သည်။အာသနံ၊နေရာအင်းပျဉ်ကို။ဥဒကံ၊ခြေဆေး ရေကို။ ပဇ္ဇံ၊ခြေနယ်ဆီကို။ တေသဗ္ဗံ၊ဤအလုံးစုံကို။ နိပဒါမသေ၊ပေးလှူ ကုန်၏။သေသောဓမ္မေါ၊ဤသို့ပေးလှူခြင်းသဘောသည်။အသွာကံ၊အ ကျွန်ုပ်တို့၏။ ကုလေ၊အမျိုး၌။သဒါ၊အခါခပ်သိမ်း။ ပိတုပိတာမဟော၊အ ဘအဘိုးတို့၏ဥစ္စာဖြစ်သော။ဓမ္မော၊သဘောတည်း။ ။ဖြဟ္မစာရိ၊မြတ် သောအကျင့်ကိုကျင့်သောအသျှင်ရသေ့။မယံ၊အကျွန်ုပ်တို့သည်။ဥတ္တမံ၊ မြတ်သော။ဉာတကံဝိယ၊အမိအဘကဲ့သို့။ ဓမ္မိကံ၊တရားစောင့်သော၊သ မဏ-ဖြဟ္မဏံ၊ရဟန်းပုဏ္ဏားကို။ဒိသွာ၊မြင်၍။(ထဥ္ဆ)။သက္ကစ္စံ၊ရိုသေစွါ။ ဥပတိဋ္ဌာမ၊လုပ်ကျွေးပါကုန်၏။သေသော၊ဤအလေ့သဘောသည်။အ သွာကံ၊အကျွန်ုပ်တို့၏။ကုလေ၊အမျိုး၌။သဒါ၊အခါခပ်သိမ်း။ပိတုပိတာမ ဟော၊အဘအဘိုးတို့၏ဥစ္စာဖြစ်သော။ဓမ္မော၊သဘောတည်း။ ။ပိဋ္ဌ ဟိံသာသံကိလေသေသု၊ ပေဠတိ,ပိဋ္ဌယော,ပိဋ္ဌံ,ဟု-ဩဋ္ဌဇဋ္ဌကာရနှ ဓာတ်၌လာသည်။ ။ပဒဿဟိတံပဇ္ဇံ။ခြေနယ်ဆီရကား၊ပဇ္ဇနှင့်ပါဒ မကွာနတေလ်,ဘွင့်သည်။ နိပသေတို့ကားအနက်မရှိ။ ဒါမသာအနက်ရှိ သည်။ ။ပိဋ္ဌဇာတကံ၊သတ္တမံ။၃၃၇။

## ၃၃၈-ထုသဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်။ ဝိဒိတံထုသံ,အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော်ဤထုသဇာတ်ကို၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊အဇာတသတ်မင်းကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ထိုမင်း၏သားသည်ဘဲဆဲ့ခြောက်နှစ်ရှိသောကာလ၌ဥယျာဉ်ကစားခြင်းအစရှိသည်တို့၏ အကျိုးငှါထွက်သွားသောမင်း၏ အသရေစည်းစိမ်ကိုမြင်၍အဘကိုသတ်၍မင်းအဖြစ်ကိုယူလိုသည်ဖြစ်၍မိမိ၏အလုပ်အကျွေးတို့အားပြောဆို၏။ ထိုအလုပ်အကျွေးတို့သည်၊အသျှင်မင်းကြီး၊ကောင်းပြီဆိုသောကာလ၌ ရအပ်သောစည်းစိမ်ဖြင့်အဘယ် အကျိုးရှိအံ့နည်း၊တရံတခုသောဥပါယ်ဖြင့်မင်းကိုသတ်၍မင်းအဖြစ်ကိုယူခြင်းသည်သင့်၏ဟုဆိုကုန်၏။ မင်းသားသည်အဆိပ်ကိုစားစေ၍သေစေအံ့ဟု အဘနှင့်တကွညစာစားစဉ်အဆိပ်ကိုကိုင်၍နေ၏။မင်းသည်ထမင်းခွက်၌ထမင်းကိုစားအံ့သောငှါအားမထုတ်မိလျှင်။ ။

(၆၅၆) ဝိဒိတံ ထုသံ ဥန္ဒုရာနံ၊ဝိဒိတံ ပန တဏ္ဍုလံ။
ထုသံ ထုသံ ဝိဝဇ္ဇေတွာ၊တဏ္ဍုလံ ပန ခါဒရေ။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၆၅၆) ဥန္ဒုရာနံ၊ကြွက်တို့အား။ ထုသံထုသော၊ ဖွဲသည်။ အန္ဓကာရေဝိ၊အမိုက်မှောင်၌လည်း။ ဝိဒိတံဝိဒိတော၊ ဖွဲ၏အဖြစ်ဖြင့် ထင်ရှား၏။ တဏ္ဍုလံပနတဏ္ဍုလောစ၊ဆန်သည်လည်း။ ဝိဒိတံဝိဒိတော၊ဆန်၏အဖြစ်ဖြင့်ထင်ရှား၏။ ထုသံထုသံ၊ ဖွဲတိုင်း ဖွဲတိုင်းကို။ ဝိဝဇ္ဇေတွာ၊ကြဉ်၍။ တဏ္ဍုလံပန၊ဆန်ကိုသာလျှင်။ခါဒရေ၊စားကုန်၏။ ။

မင်းသားသည်ခမည်းတော်မင်းကြီးသိလေပြီဟုကြောက်၍။ထမင်းခွက်၌အဆိပ်ကိုချအံ့သောငှါမဝံ့သည်ဖြစ်၍၊ ထ၍မင်းကိုရှိခိုး၍ ထိုအရပ်မှပြေး၏။ ထိုအကြောင်းကိုမိမိအလုပ်အကျွေးတို့အားကြား၍ ယနေ့ခမည်းတော်မင်းကြီး သိချေပြီ၊ယခု အဘယ်သို့ သတ်ရအံ့နည်းဟုမေး၏။ထိုအလုပ်အကျွေးတို့သည်ထိုအခါမှစ၍ ဥယျာဉ်၌ ပုန်းကွယ်ကုန်၍ နားရင်း၌ပြောဆိုသည်၏အစွမ်းအားဖြင့် တိုင်ပင်ကုန်လျက် တခုသောအကြောင်းသည်ရှိ၏။ သန်လျက်ကို ဘွဲ၍ ကြီးစွာသော ခစားခြင်းသို့

ရောက်သောကာလ၌ အမတ်တို့၏အတွင်း၌နေ၍ မင်း၏မေ့လျော့သော အဖြစ်ကိုသိ၍သန်လျက်ဖြင့်သတ်ခြင်းငှါသင့်၏ဟု မှတ်စေကုန်၏။ မင်းသားသည်ကောင်းပြီဆို၍ ကြီးပွါးစားသောကာလ၌ဘွဲ့အပ်သောသန်လျက်ရှိသည်ဖြစ်၍ သွား၍ ထိုမှဤမှလှည့်လည်လျက်သတ်ခွင့်ကိုရုံစမ်း၏။ထိုခဏ၌မင်းသည်။ ။

(၆၅၇) ယာ မန္တနာ အရညသ္မိံ၊ယာ စ ဂါမေ နိကဏ္ဏိကာ။
ယဉ္စေတံ ဣတိစီတိစ၊ဧတံပိ ဝိဒိတံ မယာ။ ။

ဟူသောဤဒုတိယဂါထာကိုဆို၏။ ။

(၆၅၇) အရညသ္မိံ၊ ဥယျာဉ်၌။ ယာမန္တနာစ၊ အကြင် တိုင်ပင်ခြင်းသည်ငှင်း။ဂါမေ၊မြို့ရွာ၌။နိကဏ္ဏိကာ၊နားရင်း၌တိုင်ပင်ခြင်းဟူသော။ယာမန္တနာစ၊အကြင်တိုင်ပင်ခြင်းသည်ငှင်း။ဣတိစီတိစ၊ဤသို့ဤသို့ဟူ၍။ယဉ္စဧတံ၊အကြင်ငါ့ကိုသတ်အံ့သောအခွင့်ကိုရှာခြင်းသည်ငှင်း။ အတ္ထိ၊ရှိ၏။ဧတံသဗ္ဗံ၊ဤအလုံးစုံကို။မယာ၊ငါသည်။ဝိဒိတံ၊သိအပ်ပြီ။ ။

မင်းသားသည် ခမည်းတော်မင်းကား ငါ၏ရန်သူအဖြစ်ကိုသိ၏ဟု ထိုအရပ်မှပြေး၍အလုပ်အကျွေးတို့အားကြား၏။အလုပ်အကျွေးတို့သည် ခုနစ်ရက်ရှစ်ရက် လွန်လတ်သော်၊အသျှင်မင်းသား၊ခမည်းတော်သည် အသျှင်မင်းသား၏ရန်သူအဖြစ်ကိုမသိ။ ကြံခြင်းမှုဖြင့် အသျှင်မင်းသားသည်ဤသို့အမှတ်ရှိ၏။ ခမည်းတော်ကိုသတ်လော့ဟု ဆိုကုန်၏။ မင်းသားသည်တနေ့သ၌သန်လျက်ကိုကိုင်ယူ၍ စောင်းတန်းဦးတိုက်၌ ရပ်၏။မင်းသည်စောင်းတန်းဦး၌ရပ်လျက်။ ။

(၆၅၈) ဓမ္မေန ကိရ ဇာတဿ၊ပိတာ ပုတ္တဿ မက္ကဋော။
ဒဟရဿေဝ သန္တဿ၊ဒန္တေဟိ ဖလမစ္ဆိဒါ။ ။

ဟူသောဤတတိယဂါထာကိုဆို၏။ ။

(၆၅၈) ပိတာ၊အဘဖြစ်သော။ မက္ကဋော၊မျောက်သည်။ ဇာတဿ၊မိမိမှဖြစ်သော။ပုတ္တဿ၊သားမျောက်ငယ်၏။ဖလံ၊မျိုးစေ့ကို။အတ္တနော၊မိမိ၏။ ယူထပရိဟရဏံ၊အပေါင်းပရိသတ်ကို ဆောင်ယူသိမ်းမိုက်ခြင်းကို။ အာသင်္ကန္တော၊ ရွံ့ရှာသည်ဖြစ်၍။ ဓမ္မေန၊သဘောအားဖြင့်။ ဒဟရဿေဝ၊ ငယ်သည်သာလျှင်။ သန္တဿ၊ဖြစ်စဉ်။ ဒန္တေဟိ၊ သွားတို့ဖြင့်။ အစ္ဆိဒါ၊ဖြတ်၏။ အစ္ဆိန္ဒိတွာ၊ဖြတ်ပြီး၍။ ပုရိသဘာဝံ၊ယောကျ်ား၏အဖြစ်ကို။နာသေတိ၊ဖျက်ဆီး၏။ ။

မင်းသားသည်ငါ့ကိုခမည်းတော်ဘမ်းလို၏ဟုကြော်ရကား၊ပြေး၍
ခမည်းတော်သည်ငါ့ကိုဖြိမ်းခြောက်၏ဟု-အလုပ်အကျွေးတို့အါးကြား
၏။ အလုပ်အကျွေးတို့သည် လခွဲလွန်လတ်သော်၊အသျှင်မင်းသား၊ မင်း
သည်အကယ်၍သိငြားအံ့။ဤမျှလောက်သောကာလဌ်ဖျက်ဆီးရာ၏။ အ
ကြံအားဖြင့်အရှင့်သားသည်ဆိုအပ်၏။ မင်းကိုသတ်လော့ဟုဆိုကုန်၏။
မင်းသားသည်တနေ့သ၌ သန်လျက်ကိုယူ၍ ပြာသာဒ်ထက်အသရေရှိ
သောအိပ်ရာသို့ဝင်၍လာစဉ်လျှင်၊မင်းကိုသတ်အံ့ဟုပလ္လင်အောက်၌နေ
၏။ မင်းသည်ညစာစားပြီးသော်ပရိသတ်ကိုလွှတ်လိုက်၍ အိပ်အံ့ဟု အ
သရေရှိသောတိုက်ခန်းသို့ဝင်လတ်သော်တံခါးခံ၌ရပ်၍။ ။

(၄၅၉) ယမေတံ ပရိသပ္ပေသိ၊အဇ-ကာဏောဝ သာသပေ။
ယောပါယံ ဟေဋ္ဌတော သေတိ၊ဧတံပိ ဝိဒိတံ မယာ။ ။

ဟူသောဤစတုတ္ထဂါထာကိုဆို၏။ ။

(၄၅၉) တွံ၊သင်သည်။သာသပေ၊မုန်ညင်းခင်းသို့ဝင်သောကာလ၌။
အဇ-ကာဏောဝ၊ဆိတ်ကန်းကဲ့သို့။ ဘယေန၊ကြောက်ခြင်းကြောင့်။ယံ
ဧတံပရိသပ္ပေသိ၊အကြင်ထိုမှဤမှလှုပ်ရှား၏။ဣဒါနိ၊ယခုအခါ၌။ ပဋ္ဌမံ၊
ရှေးဦးစွာ။ဝိသံ၊အဆိပ်ကို။ ဂဟေတွာ၊ယူ၍။ အာဂမာသိ၊လာ၏။ ဒုတိ
ယံ၊နှစ်ကြိမ်မြောက်၌။ ခဂ္ဂေန၊သန်လျက်ဖြင့်။ ပဟရိတုကာမော၊ပယ်လို
သည်ဖြစ်၍။ အာဂတော၊ လာသည်။ အသိ၊ဖြစ်ပြီ။ တတိယံ၊သုံးကြိမ်
မြောက်၌။ ခဂ္ဂံ၊သန်လျက်ကို။ အာဒါယ၊ကိုင်စွဲ၍။ သောပါနမတ္ထကေ၊
စောင်းတန်းဦး၌။ အဋ္ဌာသိ၊တည်၏။ဣဒါနိ၊ယခုအခါ၌။ မံ၊ငါ့ကို။မာရေ
ဿာမိတိ၊သတ်အံ့ဟူ၍။ဟေဋ္ဌတော၊ပလ္လင်အောက်၌။ယောပါယံယော
ပိအယံ၊အကြင်သို့သဘောရှိသောဤငယုတ်သည်။သေတိ၊အိပ်၏။ဧတံပိ
သဗ္ဗံ၊ဤကုန်အောင်ရုံသောအမှုကိုလည်း။မယာ၊ငါသည်။ဝိဒိတံ၊သိအပ်
ပြီ။ ။ဤသို့မသိသည်လျှင်ဖြစ်သောမင်း၏ ထိုဂါထာသည် မင်းသား
အားထိုထိုအနက်ကိုပြ၏။ မင်းသားသည်ခမည်းတော်ငါ့ကိုသိပြီ။ ယခု
ငါ့ကိုဖျက်ဆီးလတ္တံ့ဟုကြော်၍ ပလ္လင်အောံမှထွက်၍ သန်လျက်ကိုမင်း
၏ခြေရင်း၌ချ၍၊မြတ်သောမင်းကြီး၊အကျွန်ုပ်အားသည်းခံပါလော့ဟုခြေ
ရင်း၌ရင်ဖြင့်ဝပ်၏။မင်းသည်သင်ကားငါ့အမှုကိုအဘယ်သူသိအံ့နည်းဟု
ကြိမ်၏။ မင်းသားကိုဖြိမ်းခြောက်၍သံခြေချင်းအနှောင်အဖွဲ့ဖြင့်ဖွဲ့စေ၍
နှောင်အိမ်သို့သွင်းစေ၍အစောင့်အရှော်ထား၏။ထိုအခါမင်းသည်ဘုရား

လောင်း၏ကျေးဇူးကိုမှတ်မိ၏။နေ့ဲအတွက်ခွဲထိုမင်းသည်သေလွန်၏။မင်း၏အလောင်းကိုသင်္ဂြိုဟ်ခြင်းကိစ္စကိုပြု၍ မင်းသားကိုနှောင်အိမ်မှထုတ်၍မင်းအဖြစ်၌တည်စေကုန်၏။ ။တုသဇာတကံ အဋ္ဌမံ။၃၃၈။

၃၃၉-ဗာဝေရုဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သောသဗ္ဗညုမြတ်စွာဘုရားသည်၊ အဒဿနေနမောရဿ,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော၌ဗါဝေရုဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်၊ ပျော်သောလာဘသက္ကာရရှိကုန်သော တိတ္ထိတို့ကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ဥဒေါင်းမင်းသည်ရေဝံသောကာလမှစ၍ကျီးအားလာဘသက္ကာရသည်ယုတ်၏။ တရုံတယောံသောသူသည်လည်း ထိုကျီးကိုကြည့်ခြင်းငှာအလိုမရှိ။ ကျီးသည်ခဲဘွယ်ဘောဇဉ်တို့ကို မရလတ်သော် ကာကာမြည်လျက်ပျံသွား၍မစင်စွန့်ရာမြေ၌သက်၍အစာကိုယူ၏။ သဗ္ဗညုမြတ်စွာဘုရားသည် နှစ်ပါးကုန်သောဝတ္ထုတို့ကိုစပ်၍ ဘုရားဖြစ်တော်မူပြီး၍၊ ။

(၄၄၀) အ-ဒဿနေန မောရဿ၊ သိခိနော မဉ္စု-ဘာဏိနော၊
ကာကံ တတ္ထ အပူဇေသုံ၊ မံသေန စ ဖလေန စ။ ။

(၄၄၀) ယဒါ စ သရ-သမ္ပန္နော၊မောရော ဗာဝေရုမာဂမာ။
အထ လာဘော စ သက္ကာရော၊ဝါယသဿ အဟာယထ။ ။

(၄၄၂) ယာဝ နုပ္ပဇ္ဇတိ ဗုဒ္ဓေါ၊ ဓမ္မ-ရာဇာ ပဘင်္ကရော၊
တာဝ အညေ အပူဇေသုံ၊ပုထူ သမဏ-ဗြာဟ္မဏေ။ ။

(၄၄၃) ယဒါ စ သရ-သမ္ပန္နော၊ ဗုဒ္ဓေါ ဓမ္မမဒေသယိ။
အထ လာဘော စ သက္ကာရော၊တိတ္ထိယာနံ အဟာယထ။ ။

ဟူသော၌လေးဂါထာတို့ကိုဆို၏။

(၄၄၀-၄၄၃) သိခိနော၊ဦးစွန်းနှင့်ပြည့်စုံထသော။မဉ္စုဘာဏိနော၊သာယာဂသာအသံရှိထသော။မောရဿ၊ဥဒေါင်းကို။ အဒဿနေန၊မမြင်ရခြင်းကြောင့်။တတ္ထ၊ထိုဗါဝေရုတိုင်း၌။ကါကံ၊ကျီးကို။မံသေနစ၊အမဲဖြင့်

ရင်း။ပလေနစ၊သစ်သီးကြီးငယ်ဖြင့်ရင်း။အပူဇေသုံ၊ပူဇော်ကုန်၏။ ။ယဒါ၊အကြွင်အခါ၌ကား။ သရသမ္ပန္နော၊ သာယာသောအသံနှင့်ပြည့်စုံသော။မောရော၊ဥဒေါင်းသည်။ဗာဝေရုံ၊ဗာဝေရုတိုင်းသို့။အာဂမာ၊ရောက်လာ၏။အထ၊ထိုအခါ၌။ ဝါယသဿ၊ကျီးအား။ လာဘောစ၊လာဘ်သည်ရင်း။သက္ကာရောစ၊ပူဇော်သက္ကာရသည်ရင်း။အဟာယထ၊ယုတ်၏။ ။ယာဝ၊အကြွင်မျှလောက်သောကာလပတ်လုံး။ဓမ္မရာဇာ၊ကိုးပါးသောလောကုတ္တရာတရားဖြင့်လောကသုံးပါး၌မင်းဖြစ်တော်မူသော။ ပဘင်္ကရော၊လောကသုံးပါးတို့၌အရောင်အဝါကိုပြုတော်မူတတ်သော။ဗုဒ္ဓေါ၊သဗ္ဗညုရှင်တော်ဘုရားသည်။ နုပ္ပဇ္ဇတိ၊ ပွင့်တော်မမူသေး။ တာဝ၊ ထိုမျှလောက်သောကာလပတ်လုံး။အညေ၊ဘုရားမှတပါးကုန်သော။ ပုထူ၊များစွာကုန်သော။သမဏဗြာဟ္မဏေ၊ရဟန်းပုဏ္ဏားတို့ကို။အပူဇေသုံ၊ပူဇော်ကုန်၏။ယဒါစ၊အကြွင်အခါ၌ကား။သရသမ္ပန္နော၊ဗြဟ္မာမင်း၏အသံနှင့်တူသောအင်ရှစ်ပါးရှိသောအသံနှင့်ပြည့်စုံတော်မူသော။ ဗုဒ္ဓေါ၊သဗ္ဗညုရှင်တော်ဘုရားသည်။ ဓမ္မံ၊သစ္စာလေးပါးတရားကို။ အဒေသယိ၊ဟောတော်မူ၏။အထ၊ထိုအခါ၌။တိတ္ထိယာနံ၊တိတ္ထိတို့အား။လာဘောစ၊ လာဘ်သည်ရင်း။သက္ကာရောစ၊ပူဇော်သက္ကာရသည်ရင်း။အဟာယထ၊ယုတ်၏။ ။ဗာဝေရုဇာတကံ နဝမံ။၃၃၉။

## ၃၄၀-ဝိသယှဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သောသဗ္ဗညုမြတ်စွာဘုရားသည်၊အဒါ သိဒါနာနိ,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သောဤဝိသယှဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊အနာထပိဏ်သူဌေးကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ထိုနောင်ခုနစ်ရက်မြောက်သောနေ့၌ခုနစ်ရက်အာဟာရပြတ်သောအလွန်သိမ်မွေ့သော မြက်ကိုထမ်းသော ထိုဝိသယှသူဌေး၏ မျက်စိတို့သည် နဘူး၌နေပူခတ်သဖြင့်လည်ကုန်၏။ ဝိသယှသူဌေးသည်သတိကိုဖြစ်စေခြင်းငှာ မတတ်နိုင်ရကားမြက်ကိုဘိ၍လည်း၏။ ထိုအခါသိကြားသည်ထိုသို့ပြုသောသူဌေးကိုရှုးစမ်းလိုရကားထိုခဏ၌လျှင် လာလတ်၍ကောင်းကင်၌ရပ်၍။ ။

(၆၄) အဒါသိ ဒါနာနိ ပုရေ ဝိသယှ၊
ဒဒတော စ တေ ခယ-ဓမ္မော အဟောသိ။ ။
ဣတော ပရဉ္စေ န ဒဒေယျ ဒါနံ၊
တိဋ္ဌေယျုံ တေ သံယမန္တဿ ဘောဂါ။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၆၄) အမ္ဘောဝိသယှ၊ဗ်ုဝိသယှသူဌေး။တွံ၊သင်သည်။ပုရေ၊ဤအခါမှရှေးကာလ၌။ဂေဟော၊သင့်အိမ်၌။ ဝိဇ္ဇမာနေ၊ရှိသောပစ္စည်းပရိက္ခရာတို့ကို။အနဝသေသေတွာ၊မကြွင်းမကျန်စေမူ၍။ သကလဇမ္ဗူဒိပံ၊အလုံးစုံသောဇမ္ဗူဒိပ်ကျွန်းကို။ ဥန္နင်္ဂလံ၊လယ်ရာထွန်၍ လုပ်ဆောင်ခြင်းကင်းသည်ကို။ကတွာ၊ပြု၍၊ ဒါနာနိ၊အလှူတို့ကို။အဒါသိ၊ပေးလှူ၏။ ဒဒတော၊ပေးလှူသော။တေ၊သင်၏။ဘောဂါနဉ္စ၊ဥစ္စာတို့၏လည်း။ခယဓမ္မော၊ကုန်ခမ်းပြုန်းတီးခြင်းသဘောသည်။ အဟောသိ၊ဖြစ်လတ်ပြီ။ ဣတော၊ဤအခါမှ။ပရံ၊နောက်၌။တွံ၊သင်သည်။ ဒါနံ၊အလှူကို။ စေ န ဒဒေယျ၊အကယ်၍ မပေးလှူငြားအံ့။ သံယမန္တဿ၊အလှူမလှူမူ၍ဥစ္စာတို့ကိုစောင့်ရှောက်ထိန်းသိမ်းသော။တေ၊သင်၏။ဘောဂါ၊စည်းစိမ်တို့သည်။တထေဝ၊ထိုရှေးအတိုင်းပင်လျှင်။တိဋ္ဌေယျုံ၊တည်ကုန်ရာ၏။ဣတော၊ဤနေ့မှ။ ပဋ္ဌာယ၊စ၍။ နဒဿာမိတိ၊အံ့လှူကိုမလှူပါပြီဟူ။ တွံ၊သင်သည်။မယှံ၊ငါ့အား။ ပဋိညံ၊ဝန်ခံခြင်းကို။ ဒေဟိ၊ပေးလော့။အဟံ၊ငါသည်။ တေ၊သင်၏။ ဘောဂေ၊စည်းစိမ်တို့ကို။ဒဿေဿာမိ၊ပြအံ့။ ဝါ၊မြင်စေအံ့။ဣတိ၊ဤသို့။သက္ကော၊သိကြားအရှင်သည်။အာဟ၊ဆို၏။ ။

ဘုရားလောင်းသည် သိကြားမင်း၏စကားကိုကြား၍ သင်သည်အဘယ်သူနည်းဟုမေး၏။ငါသည်သိကြားတည်းဟုဆို၏။ ဘုရားလောင်းသည်သိကြားမင်း၏စကားကိုကြား၍။ သိကြားမင်း၊သိကြားမည်သည်ကားကိုယ်တိုင်အလှူပေး၍ သီလဆောက်တည်၍ ခုနစ်ပါးသော ကျင့်ဝတ်တို့ကိုဖြည့်၍သိကြားအဖြစ်သို့ရောက်၍သင်သည်ကား မိမိ၏အစိုးရခြင်းကိုပြုတတ်သောအလှူပေးခြင်းကိုတားမြစ်၏။ ယုတ်မာသောအမှုကိုပြု၏ဟုဆို၏။ ။

(၆၅) အနရိယမရိယေန သဟဿနေတ္တ၊
သုဒုဂ္ဂတေနာပိ အကိစ္စမာဟု။

မာ တေ ဓနံ အဟု ဒေဝရာဇ၊
ယံ ဘောဂ ဟေတု ဝိဇဟေမု သဒ္ဓံ။ ။
(၆၆) ယေန ဧကော ရထော ယာတိ၊ ယာတိ တေန ပရော ရထော။
ပေါရာဏံ နိဟိတံ ဝတ္တံ၊ ဝတ္တံ တဒေဝ ဝါသဝ။ ။
(၆၇) ယဒိ ဟေဿတိ ဒဿာမ၊ အသန္တေ ကိံ ဒဒါမသေ။
ဧဝံ ဘူတာပိ ဒဿာမ၊ မာ ဒါနံ ပမဒမှသေ။ ။
ဟူသော ဤသုံးဂါထာတို့ကိုဆို၏။ ။

(၆၅-၆၇) သဟဿနေတ္တ၊ တထောင်မျက်စိ အမြင်ရှိသော သိကြားမင်း။ အရိယေန၊ စင်ကြယ်သောအကျင့်ရှိသောငါသည်။ သုဒုဂ္ဂတေနာပိ၊ ဆင်းရဲသည်ဖြစ်စေကာမူ။ အနရိယံ၊ ယုတ်မာသောအလှူမပေးခြင်းအမှုကို။ အကိစ္စံ၊ မပြုအပ်ဟူ၍။ အရိယာ၊ ဘုရားအစရှိသောအရိယာတို့သည်။ အာဟု၊ ဆိုကုန်၏။ ဒေဝရာဇ၊ နတ်မင်း။ ယံဘောဂဟေတု၊ အကြင်စည်းစိမ်ဟူသောအကြောင်းကြောင့်။ မယံ၊ ငါတို့သည်။ သဒ္ဓံ၊ ကံကံ၏အကျိုးကိုယုံကြည်၍ အလှူပေးလိုသော သဒ္ဓါတရားကို။ ဝိဇဟေမု၊ စွန့်ရကုန်ငြားအံ့။ တံဓနံ၊ ထိုဥစ္စာသည်။ မာအဟု၊ မဖြစ်စေသတည်း။ ။(တေတိနိပါတမတ္တံ)။ ။ဝါသဝ၊ သိကြားမင်း။ ယေနမဂ္ဂေန၊ အကြင်ခရီးဖြင့်။ ဧကော၊ တခုသော။ ရထော၊ ရထါးသည်။ ယာတိ၊ သွား၏။ တေနမဂ္ဂေန၊ ထိုရှေ့ရထားသွားသောခရီးဖြင့်။ ပရောရထော၊ နောက်ဖြစ်သောရထါးသည်။ ယာတိ၊ သွား၏။ မယာ၊ ငါသည်။ ပေါရာဏံဝတ္တံ၊ ရှေးဦးဖြစ်သောကျင့်ဝတ်ကို။ နိဟိတံ၊ ဆောက်တည်အပ်၏။ တဒေဝဝတ္တံ၊ ထိုငါဆောက်တည်သောဝတ်သည်သာလျှင်။ တိဋ္ဌတု၊ တည်စေ။ တုမှေ၊ သင်တို့သည်ကား။ မာတိဋ္ဌထ၊ မတည်ကုန်လင့်။ ။ယဒိဟေဿတိ၊ အကယ်၍ဥစ္စာရှိသည်ဖြစ်ငြားအံ့။ ဒဿာမ၊ လှူကုန်အံ့။ အသန္တေ၊ ဥစ္စာမရှိသော်။ ကိံဒဒါမသေ၊ အဘယ်ကိုလှူရအံ့နည်း။ ဧဝံဘူတာပိ၊ ဤသို့ဖြက်ရိတ်ရကုန်သော်လည်း။ ဒဿာမ၊ လှူကုန်အံ့။ ဒါနံ၊ အလှူပေးခြင်းကို။ မာပမဒမှသေ၊ မမေ့မလျော့ကုန်။ ။

သိကြားမင်းသည်ဘုရားလောင်းကိုတားမြစ်အံ့သောငှါ မတတ်နိုင်ရကား။ အဘယ်အကျိုးငှါအလှူပေးသနည်းဟုမေး၏။ ဘုရားလောင်းသည်ငါကားသိကြားအဖြစ်ကိုတောင့်တ၍လည်းအလှူမပေး။ ဗြဟ္မာ့အဖြစ်ကိုတောင့်တ၍လည်းအလှူမပေး။ သဗ္ဗညုတဉာဏ်ကိုကား တောင့်တ၍အလှူပေး၏ဟုဆို၏။ သိကြားမင်းသည်ဘုရားလောင်း၏စကားကို

ကြား၍နှစ်သက်၍လက်ဖြင့်ကျောက်ကုန်းကိုဆုပ်နယ်၏။ ထိုစထာန်၌လျှင် စားရဘိသကဲ့သို့ ဘုရားလောင်း၏ ကိုယ်အလုံးသည်ပြည့်၏။ ထိုကြား အာနုဘော်ဖြင့်လည်းဘုရားလောင်း၏အလုံးရုံသော စည်းစိမ်အခြံအရံ သည်ပကတိလျှင်ဖြစ်၏။ထိုကြားမင်းသည်၊ သူဌေးကြီး၊သင်သည်ယနေ့ မှစ၍နေ့တိုင်းနေ့တိုင်းတသန်းနှစ်သိန်းထုန်သောအသပြာတို့ကိုစွန့်လျှက် အလှူကို ပေးလေ့ဟုဆို၍ ဘုရားလောင်း၏အိမ်၌ အတိုင်းအရှည် မရှိ သောဥစ္စာကိုပြု၍ ဘုရားလောင်းကိုလွှတ်လိုက်၍ မိမိနေရာသို့လျှင်သွား ၏။ ။ပိသယှဇာတကံ ဒသမံ။ ။ကောကာလိကဝဂ္ဂေါစတုတ္ထော။၃၄၀။

---

(၁-စူဠကုဏာလဝဂ်)

၃၄၁-ကဏ္ဍရီဇာတ်။

နရာနမာရာမကရာသု, အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင် အပ် သော၍ကဏ္ဍရီဇာတ်၏အကျယ်စကားသည် ကုဏာလဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။ ။

(၆၆၇) နရာနမာရာမကရာသု နာရီသု၊
အနေက-စိတ္တာသု အ-နိဂ္ဂဟာသု စ။
သဗ္ဗတ္ထ နာပီတိကရာပိ စေ သိယာ၊
န ဝိဿသေ တိတ္ထ-သမာ ဟိ နာရိယော။ ။

(၆၆၈) ယံ ဝေ ဒိသွာ ကဏ္ဍရီ-ကိန္နရာနံ၊
သဗ္ဗိတ္ထိယော န ရမန္တိ အဂါရေ။
တံ တာဒိသံ မစ္စံ စဇိတွာ ဘရိယာ၊
အညံ ဒိသွာ ပုရိသံ ပီဌသပ္ပိံ။ ။

(၆၇၀) ဗကဿစ ဗာဝရိကဿ ရညော၊
အစ္စန္တ ကာမာနုဂတဿ ဘရိယာ။
အနာစရိပဋ္ဌဝသာနုဂတဿ၊ကံဝါပိဇုတ္တိနာတိစရေတဒည့်။ ။

(၆၇၁) ပိယင်္ဂယာနီ သဗ္ဗ-လောကိဿရဿ၊
ရညော ပိယာဖြဟ္မဒတ္တဿ ဘရိယာ။
အနာစရိ ပဋ္ဌဝသာနုဂတဿ၊
တံဝါပိ သာ နဇ္ဈဂါ ကာမကာမိနီ။ ။

(၆၆၇ ၆၇၁) နရာနံ၊ယောကျ်ားတို့၏။အာရာမကရာသု၊မွေ့လျော်ခြင်း

ကိုပြုတတ်ကုန်သော။အနေကစိတ္တာသုံ၊မျှားသောဗိတ်ရှိကုန်သော။အနိဂ္ဂ ဟာသုံ၊နှိပ်သဖြင့်ဆုံးမနိုင်ခဲကုန်သော။နာရိသု၊မိန်းမတို့၌။သဗ္ဗတ္ထ၊အလုံး ရုံ၌။နာဘိတိကရာပိ၊နှစ်သက်ခြင်းကိုပြုတတ်သည်လည်း။ ။(နွေပဒိုသေဓေါ ပကတျွေတ္တာ)။ ။စေသိယာ၊အကယ်၍ဖြစ်ငြားအံ့။နဗိဿသေ၊အကျွမ်းမ ဝင်ရာ။ဟိသစ္စံ၊မှန်၏။နာရိယော၊မိန်းမတို့သည်။တိတ္ထသမာ၊မြစ်ဆိပ်နှင့်တူ ကုန်၏။ ။(တရန္တိ ဧတ္ထာတိတိတ္ထံ,ပြု၍တပစ္စည်းသက်ရကားအသဒိသနွေ ဘောဒ်နှင့်တိတ္ထလိုသည်။ ။တိသုဗျဥ္ဇနေသွကောသရူပေါလောပံ။မောစေ ဆိဧကေသတံခတ္တေ။အဂ္ဂျာဂါရံ။သရူပေါတိကိ ။ဝေမ္ဘိတိတ္ထ၂ာပုထုသော ဝဒန္တိ။ ။တိသုံ၊သုံးပါးကုန်သော။ ဗျဥ္ဇနေသုံ၊ဗျဥ်းတို့တွင်။ကောသရူ ပေါ၊သုတိတူသောဗျဥ်းတလုံးသည်။ လောပံ၊သို့။ပပ္ပေါတိ၊၏။ကောသတံ ခတ္တေခတ္တိယော၊တရာ့တယောံသောမင်းတို့ကို။ မောစေသိ၊လွှတ်စေပြီ။ စရိယာပိဋကတ်။အဂ္ဂျာဂါရံအဂ္ဂိအာဂါရံ၊မီးတင်းကုပ်ကို။ သမန္တတော၊ မှ။ပရိက္ခိပိတွာ၊ဝန်းရံကုန်၍။ဋှိတာ၊တည်ကုန်၏။ အဂ္ဂျာဂါရံသမန္တတော တိအဂ္ဂျာဂါရံပရိက္ခိပိတွာဋှိတာတိအတ္ထော။ ဝေဿန်။ သရူပေါတိကိ၊ နည်း။ ဝေမ္ဘိ၊ဤသို့ချတ်ယွင်းကုန်လျက်လည်း။ တိတ္ထ၂ာတိတ္ထိယာ၊တိတ္ထိ တို့သည်။ပုထုသော၊များသောများသောအားဖြင့်။ ဝဒန္တိ၊ဆိုကုန်၏။ရှုဋ္ဌ ပြုဟာသုတ်။ ။တိတ္ထ၂ာ၌သုံတိမတူရကားမကျေပြီဟူလို။ ။တိတ္ထိဟုသ ဒိသနွေးဘောဒ်နှင့်ရေးမှားတတ်သည်ဖြစ်၍အမြစ်အရင်းသိသာအောင်မှာ လိုက်သည်)။ ။ကိန္နရီကိန္နရာနံ၊ကိန္နရီမင်းကိန္နရာမိဘုရားတို့၏။ယဍ္ဍ၊အ ကြောင်းအကြောင်းကိုလျှင်။ဒိသွာ၊မြင်၍။ဇာနိတဗ္ဗံ၊သိအပ်၏။ သဗ္ဗတ္ထိယော၊ အလုံးစုံသောမိန်းမတို့သည်။ အဂါရေ၊လင်အိမ်၌။ နရမန္တိ၊မမွေ့လျော် ကုန်။အညံ၊တပါးသော။ပုရိသံ၊ယောကျ်ားဖြစ်သော။ ပိဋ္ဌသပ္ပိံ၊ဆွံ့ကို။ ဒိသွာ၊မြင်၍။တာဒိသံ၊ထိုသို့သဘောရှိသော။မစ္စံ၊ပုဂ္ဂိုလ်တယောက်ဟူစ လောက်သော။ တံ၊ထိုကိန္နရီမင်းကို။စဇိတွာ၊စွန့်၍။ ဘရိယာ၊မယားဖြစ် သောကိန္နရာဒေဝိသည်။ မနုဿပေတေန၊ လူ့ပြိတ္တာဖြစ်သော ဆွံ့နှင့်။ သဒ္ဓိံ၊ တကွ။ ပါပံ၊ မကောင်းသောအမှုကို။ အကာသိ၊ ပြုဘူးပြီ။ ။ဗ ကဿစရည္ဇာ၊ဗကမင်း၏ရင်း။ ဗာဝရိကဿရည္ဇာ၊ဗာဝရိကမင်း၏ ရင်း။အစ္စန္တကာမာနုဂတဿ၊စင်စစ်လျှင်အလိုသို့လျှင်လိုက်ရသော။ အ နာစာရိ၊ ယုတ်မာသောအကျင့်ရှိသော။ ဘရိယာ၊ ပဉ္စပါပိ မည်သောမ ယားသည်။ ပဋ္ဌဝဿာနုဂတဿ၊ တောင့်တ၍မိမိအလိုသို့လိုက်ရသော

သူနှင့်။သဒ္ဓိံ၊တကွ။ပါပံ၊ယုတ်မာသောအကျင့်ကို။အကာသိ၊ပြုဘူးပြီ။ ကံ ဝါ၊အဘယ်မည်သော။အညံ၊တပါးသော။ တမ္ပိ၊ထိုယောကျ်ားကိုလည်း။ ဇဟဿိ၊မိန်းမသည်။နာတိစရေ၊မလွန်ကျူးအံ့နည်း။ ။ဗြဟ္မဒတ္တဿ၊ဗြဟ္မဒတ် အမည်ရှိသော။ သဗ္ဗလောကိဿရဿရညော၊ အလုံးစုံသောလူကိုအစိုးရသောမင်း၏။ဘရိယာ၊မယားဖြစ်သော။ ပိယာ၊ချစ်အပ်သော။ ပိယင်္ဂယာနီ၊ပိယင်္ဂယာနီအမည်ရှိသောမိဘုရားကြီးသည်။ ပဉ္စဝဿာနုဂတဿ၊တောင့်တ၍ မိမိအလိုသို့လိုက်ရသောမြင်းထိန်းနှင့်။ သဒ္ဓိံ၊တကွ။ အနာစာရိ၊ယုတ်မာသောအကျင့်ကိုကျင့်၏။ သာ၊ထိုမိဘုရားကြီးသည်။ ကာမကာမိနီ၊ အလိုရှိအပ်တောင့်တအပ်သော ကာမဂုဏ်နှင့် ပြည့်စုံသည်ဖြစ်လျက်။တံဝါပိ၊ထိုနှစ်ပါးစုံသောလင်ကိုလည်း။နစ္ဆာဂါ၊မရ။ဥဘတော၊ နှစ်ပါးစုံသောလင်မှ။ ဘဋ္ဌာ၊ ပျက်လေ၏။ ။ကိန္နရီဇာတကံ ပဥ္စမံ။၃၄၁။

---

## ၃၄၂-ဝါနရဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ အသက္ခိံဝတအတ္တာနံ,အစရှိသော ဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော၍ဝါနရဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်၊ ဒေဝဒတ်သည်ဘုရားသဗ္ဗညုအား သတ်အံ့သော၍လုံ့လပြုခြင်းကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ဘုရားလောင်းသည် မိကျောင်းကျောက်ကုန်းမှ ခုန်ဆင်း၍ ရေသဘန်းပင်၌နေလျက်။ ။

(၆၇၂) အသက္ခိံ ဝတ အတ္တာနံ၊ဥဒ္ဒါတုံ ဥဒကာ ထလံ။
န ဒါနာဟံ ပုန တုယှံ၊ဝသံ ဂစ္ဆာမိ ဝါရိဇ။ ။

(၆၇၃) အလမေတေဟိ အမ္ဗေဟိ၊ဇမ္ဗူဟိ ပနသေဟိ စ။
ယာနိ ပါရ-သမုဒ္ဒဿ၊ဝရံ မယှံ ဥဒုမ္ဗရော။ ။

(၆၇၄) ယော စ ဥပ္ပတိတံ အတ္ထံ၊န ခိပ္ပမနုဗုဇ္ဈတိ။
အမိတ္တဝသမန္ဝေတိ၊ပစ္ဆာ စ အနုတပ္ပတိ။ ။

(၆၇၅) ယော စ ဥပ္ပတိတံ အတ္ထံ၊ခိပ္ပမေဝ နိဗောဓတိ။
မုစ္စတေ သတ္တု-သမ္ဗာဓာ၊နစ ပစ္ဆာနုတပ္ပတိ။ ။

ဟူသော၍လေးဂါထာတို့ကိုဆို၏။ ။

(၆၇၂-၆၇၅) ဝါရိဇ၊မိကျောင်း။အဟံ၊ငါသည်။ဥဒကာ၊ရေမှ။ထလံ၊ကြည်းကုန်းသို့။အတ္တာနံ၊ငါ၏ကိုယ်ကို။ ဥဒ္ဓါတုံဥဒ္ဓရိတုံ၊ထုတ်အံ့သောငှါ။ အသက္ကိ ဝတ၊တတ်နိုင်စွတကား။ဇာဒါနိ၊ယခု။ပုန၊တဘန်။အဟံ၊ငါသည်။ တုယှံ၊သင်၏။ဝသံ၊အလိုသို့။နဂစ္ဆာမိ၊မလိုက်။ ။သမုဒ္ဒဿ၊ဂင်္ဂါမြစ်၏။ ပါရံ၊ထိုမှာဘက်ကမ်းသို့။ဂန္တွာ၊သွား၍။ခါဒိတဗ္ဗာနိ၊စားအပ်ကုန်သော။ ယာနိ၊ အကြင်သရက်သပြေပိန္နဲသီးတို့သည်။ သန္တိ၊ရှိကုန်၏။ ဧတေဟိ အမ္ဗေဟိ၊ ထိုသရက်သီးတို့ဖြင့်ရှင်း။ ဧတေဟိဇမ္ဗူဟိ၊ ထိုသပြေသီးတို့ဖြင့်ရှင်း။ဧတေဟိပနသေဟိ၊ထိုပိန္နဲသီးတို့ဖြင့်ရှင်း။မယှံ၊ငါ့အား။အလံ၊အလိုမရှိ။မယှံ၊ငါ့အား။ဥဒုမ္ဗရော၊ရေသဘန်းသီးသည်။ဝရံ၊မြတ်၏။ ။ယောစ၊အကြင်သူသည်ကား။ဥပ္ပတိတံ၊ဖြစ်လာရောက်လာတွေ့ကြုံလာသော။ အတ္ထံ၊အကြောင်းအရာအမှုကိစ္စကို။ခိပ္ပံ၊တောက်တပိုချက်တဖြုတ်လျှင်။ နအနုဗုဇ္ဈတိ၊မသိမရိပ်မိ။ သော၊ထိုတွေ့ကြုံလာသော အကြောင်းအရာအမှုကိစ္စကိုလျင်မြန်စွာမသိ မရိပ်မိနားမလည်သောသူသည်။ အမိတ္တဝသံ၊ရန်သူနိုင်ငံသို့။ အနွေတိ၊လိုက်ရ၏။ ပစ္ဆာစ၊နောက်၌လည်း။အနုတပ္ပတိ၊ပူပန်ရ၏။ ။ယောစ၊အကြင်အရေးလိမ္မာပညာလျင်လျှားသောသူသည်ကား။ဥပ္ပတိတံ၊ ဖြစ်လာရောက်လာ တွေ့ကြုံလာသော။အတ္ထံ၊ အကြောင်းအရာအမှုကိစ္စကို။ ခိပ္ပမေဝ၊တောက်တပိုချက်တဖြုတ်လျှင်။ နိဗောဓတိ၊သိ၏။ သော၊ထိုအရေးလိမ္မာ ပညာလျင်လျှားသောသူသည်။ သတ္တုသမ္ဗာဓာ၊ရန်သူနှိပ်စက်ခြင်းမှ။ဝါ၊ရန်သူလက်အကျဉ်းအမြောင်းမှ။ မုစ္စတေ၊လွတ်၏။ပစ္ဆာစ၊နောက်၌လည်း။နအနုတပ္ပတိ၊မပူပန်ရ။ ။ ဤသို့ဘုရားလောင်းသည်လေးဂါထာတို့ဖြင့်လူ့ကိစ္စတို့၏ပြီးစီးအံ့သောအကြောင်းကိုဟော၍တောသို့သွားလျှင်ဝင်၏။ ။ဤဇာတ်၌ဂင်္ဂါမြစ်ကိုပင်အပြောကျယ်သည်ဖြစ်၍ပါရံသမုဒ္ဒဿဆိုသည်။ ။ဝါနရဇာတကံ ဒုတိယံ။၃၄၂။

## ၃၄၃-ကုန္တနိဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သောသဗ္ဗညုမြတ်စွာဘုရားသည်၊ အဝသိမှတဝါဂါရေ, အစရှိသောဂါထာပုဒ်ပြင့်တန်းဆာဆင်အပ်သောဤကုန္တနိဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌သီတင်း

သုံးနေတော်မူစဉ်၊ ကောသလမင်း၏နန်း၌နေသော ကြိုးကြာဌက်မကို အကြောင်းပြု၍ဟောတော်မူ၏။ ။

ဤကြိုးကြာမသည် ကျွန်းကိုသူငယ်တို့ကို သတ်စေပြီး၍ ယခုငါ သည်ဤအရပ်၌နေခြင်းငှါမတတ်ကောင်း၊သွားအံ့။ သွားသော်မင်းအား မကြားမူ၍မသွားအံ့။ မင်းအားကြား၍သာလျှင်သွားအံ့ဟုကြံ၏။ ကြံပြီး၍ထိုကြိုးကြာမသည်မင်းသို့ ဆည်းကပ်၍ရှိခိုး၍ တင့်အပ်လျောက်ပတ် စွာရပ်လျက်။အသျှင်၊အသျှင်တို့သည်စေခိုင်း၍မေ့လျော့သဖြင့်အကျွန်ုပ် ၏သားတို့ကိုသူငယ်တို့သည်သတ်ကုန်ပြီ။ အကျွန်ုပ်သည်အမျက်ဒေါသ အလိုသို့လိုက်၍ထိုသူငယ်တို့ကိုသတ်စားသတ်ပြီ၊ယခုအကျွန်ုပ်သည်ဤ အရပ်၌နေခြင်းငှါမတတ်ကောင်းဟုဆို၍။ ။

(၆၇၆) အဝသိမှတဝါဂါရေ၊နိုစ္စံ သက္ကတ-ပူဇိတာ။
တွမေဝ ဒါနိမကရိ၊ဟန္ဒ ရာဇ ဝဇာမဟံ။ ။

ဟူသော၍ပဌမဂါထာကိုဆို၏။ ။

ရာဇမဟာရာဇ၊မြတ်သောမင်းကြီး။မယံ၊အကျွန်ုပ်တို့သည်။တဝ၊အ ရှင်မင်းကြီး၏။အဂါရေ၊နန်းတော်၌။ နိစ္စံ၊အမြဲ။သက္ကတပူဇိတာ၊ အရိုအ သေပြုအပ်ပူဇော်အပ်ကုန်သည်ဖြစ်၍။ အဝသိမှ၊ နေကုန်ပြီ။မံ၊အကျွန်ုပ် ကို။ပဏ္ဍိုံ၊မှာစာကို။ ဂါဟာပေတွာ၊ယူစေ၍။ ပေသေတွာ၊စေပြီး၍။အတ္တ နော၊ကိုယ်တော်၏။ ပမာဒေန၊မေ့လျော့ခြင်းဖြင့်။ မမ၊အကျွန်ုပ်၏။ပိယ ပုတ္တကေ၊ချစ်စွာသောသားတို့ကို။ အရက္ခန္တော၊မစောင့်ရှောက်မူ၍။ တွ မေဝ၊အရှင်မင်းကြီးသည်ပင်လျှင်။ဣဒါနိ၊ယခု။မမ၊အကျွန်ုပ်၏။ဇေတံဒေါ မနဿကာရဏံ၊ဤနှလုံးမသာယာခြင်း၏ အကြောင်းကို။အကရိ၊ ပြုပြီ။ ဟန္ဒ၊လွှတ်တော်မူလော့။အဟံ၊အကျွန်ုပ်သည်။ဝဇာမိ၊သွားအံ့။ ။(ဟန္ဒာ တိဝေါသဂ္ဂတ္ထေနိပါတော)။ ။

ထိုစကားကိုကြား၍မင်းသည်။ ။

(၆၇၇) ယော ဝေ ကတေ ပဋိကတော၊ကိဗ္ဗိသေ ပဋိကိဗ္ဗိသေ။
ဇဝံ တံ ဝမတိဝေရံ၊ဝသကုန္တိ နိမာဂမာ။ ။

ဟူသော၍ဒုတိယဂါထာကိုဆို၏။ ။

ကုန္တိနီ၊ကြိုးကြာမ။ ယော၊အကြင်သူသည်။ ပရေန၊သူတပါးသည်။ ကိဗ္ဗိသေ၊သားငယ်ကိုသတ်ခြင်းအစရှိသော ကြမ်းကြုတ်သောအမှုကို။ ကတေ၊ပြုအပ်သည်ရှိသော်။ပုန၊တဖန်။ အတ္တနာ၊မိမိသည်။ တဿပုဂ္ဂ

လသာ၊ထိုသူအား။ ပဋိကိဋ္ဌသော၊ အစားသတ်ခြင်း အစရှိသော ကြမ်းကြုတ်သောအမှုကို။ ပဋိကတော၊လက်တုံ့အစားပြုအပ်ပြီးသည်ရှိသော်။ မယာ၊ငါသည်။ တသာ၊ထိုသူအား။ ပဋိကတံ၊လက်တုံ့အစားပြုအပ်ပြီ။ ဉာတိ၊ဤသို့။စေဇာနာတိ၊အကယ်၍သိအံ့။ ဧဝံဧတ္တကေန၊ ဤသို့လက်တုံ့အစားချေရသဖြင့်။ တံဝေရံ၊ထိုရန်သည်။ သမတိ၊ငြိမ်း၏။ တသ္မာ၊ထို့ကြောင့်။တွံ၊သင်သည်။ဝသ၊နေလော့။မာဂမာ၊မသွားလေလင့်။ ။

ထိုစကားကိုကြား၍ကြိုးကြာမသည်။ ။

(၆၇၈) န ကတဿ စ ကတ္တာ စ၊မိတ္တိ သန္ဓိယတေ ပုန။
ဟဒယံ နာနုဇာနာတိ၊ဂစ္ဆဉ္ဉေဝ ရထေသဘ။ ။

ဟူသော၍တတိယဂါထာကိုဆို၏။ ။

ရထေသဘ၊ ရထားစီး သူရဲတို့၏ ဥသဘဖြစ်သော မင်းမြတ်။ ကတဿစ၊နှိပ်စက်အပ်သောသူအားရင်း။ယော၊ အကြင်သူသည်။ကတ္တာ၊နှိပ်စက်တတ်၏။ တဿစ၊ ထိုနှိပ်စက်တတ်သောသူအားရင်း။ ဣတိ၊ဤသို့။ဣမေသံဒွိန္နံပုဂ္ဂလာနံ၊ ကံနှင့်ကတ္တား ဤနှစ်ပါးသောပုဂ္ဂိုလ်တို့အား။ မိတ္တိ၊ချစ်ခြင်းသည်။ဝါ၊မိတ္တိမိတ္တဘာဝေါ၊ အဆွေခင်ပွန်း၏အဖြစ်မည်သည်။ပုန၊တဘန်။ နသယန္ဓိယတေ၊မစေ့စပ်နိုင်။တေနကာရဏေန၊ ထိုအကြောင်းကြောင့်။ မမ.အကျွန်ုပ်၏။ ဟဒယံ၊စိတ်သည်။ ဣဓ၊ဤ၌နေနန်းတော်၌။ဝါသံ၊နေခြင်းကို။နာနုဇာနာတိ၊မနှစ်သက်ပြီ။ဂစ္ဆဉ္ဉေဝ၊ သွားအံ့သလျှင်ကတည်း။ ။

မင်းသည်ထိုစကားကိုကြား၍။ ။

(၆၇၉) ကတဿ စေဝ ကတ္တာ စ၊မိတ္တိ သန္ဓိယ တေပုန။
ဓီရာနံ နောစ ဗာလာနံ၊ဝသကုဏ္ဍိနိမာဂမာ။ ။

ဟူသော၍စတုတ္ထဂါထာကိုဆို၏။ ။

ကုဏ္ဍိနိ၊ကြိုးကြာမ။ ကတဿစေဝ၊ နှိပ်စက်အပ်သောသူအားရင်း။ ယော၊အကြင်သူသည်။ ကတ္တာ၊နှိပ်စက်တတ်၏။ တဿစ၊ ထိုနှိပ်စက်တတ်သောသူအားရင်း။ဣတိ၊ဤသို့၊ဓီရာနံ၊ပညာရှိကုန်သော။ဣမေသံဒွိန္နံ ပုဂ္ဂလာနံ၊ကံနှင့်ကတ္တား ဤနှစ်ပါးသော ပုဂ္ဂိုလ်တို့အား။ မိတ္တိ၊ချစ်ခြင်းသည်။ ဝါ၊မိတ္တိမိတ္တဘာဝေါ၊အဆွေခင်ပွန်း၏အဖြစ်မည်သည်။ပုန၊တဘန်။သန္ဓိယတေ၊ စေ့စပ်နိုင်၏။ ဗာလာနံ၊ဗာလပုဂ္ဂိုလ်တို့အား။ နောစ သန္ဓိယတေ၊မစေ့စပ်နိုင်သည်သာတည်း။ ဟိသစ္စံ၊မှန်၏။ဓီရာနံ၊ပညာရှိ

တို့အား။ မိတ္တိ၊အဆွေခင်ပွန်း၏အဖြစ်သည်။ ဘိန္နာဝိ၊တရံတခါသောအကြောင်းကြောင့်ပျက်သော်လည်း။ ပုန၊တဖန်။ သန္ဓိယတိ၊စေ့စပ်နိုင်၏။ ဗာလာနံပန၊ဗာလပုဂ္ဂိုလ်တို့အား။ သကိံ၊တကြိမ်။ ဘိန္နာ၊ ပျက်သောအဆွေခင်ပွန်းအဖြစ်သည်။ ဘိန္နာဝ၊ တဖန်မစေ့စပ်နိုင်ပြီပျက်ကြီးပျက်သည်သာလျှင်။ဟောတိ၊ဖြစ်၏။တသ္မာ၊ထို့ကြောင့်။ဝသ၊နေလော့။ မာဂမာ၊မသွားလေလင့်။ ။(ကုန္တိနိကားအာလုပ်ဖြစ်၍ရသနေသည်)။ ။ကုန္တိနိဇာတကာ တတိယံ။၃၄၃။

---

## ၃၄၄-အမ္ဗစောရဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်။ယောနီလိယံမဏ္ဍယတိ,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော ဤအမ္ဗစောရဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌သီတင်းသုံး နေတော်မူစဉ်၊ သရက်ဥယျာဉ်ကိုစောင့်သော တပါးသောမထေရ်ကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ထိုသူဌေးသို့းတို့တွင်အကြီးဖြစ်သော သူဌေးသို့းသည်ကျိန်ခြင်းကိုပြုလိုရကား။ ။

(၆၁၀) ယော နီလိယံ မဏ္ဍယတိ၊သဏ္ဍာသေန ဝိဟညတိ။
တဿ သာ ဝသမန္ဝေတု၊ယာ တေ အမ္ဗေ အဝါဟရိ။ ။

ဟူသော၍ပဌမဂါထာကိုဆို၏။ ။

(၆၁၀) ဘန္တေ၊ရှင်ရသေ့။ယာ၊အကြင်မိန်းမသည်။ တေ၊ရှင်ရသေ့၏။ အမ္ဗေ၊သရက်သီးတို့ကို။ အဝါဟရိ၊ခိုး၏။ သာ၊ထိုသရက်သီးခိုးမသည်။ ယော၊ အကြင်ယောကျ်ားသည်။ ပလိတာနိ၊ဆံဖြူတို့ကို။ ကာဠဝဏ္ဏကရဏာဋ္ဌာယ၊မည်းသောအဆင်းရှိသည်ကိုပြုခြင်းငှါ။တိဖလာဒိဟိ၊ တိဖလစသည်တို့ဖြင့်။ကဏံ၊ပြုအပ်သော။နီလိယံ၊ဆံကိုမည်းအောင်ဆိုးသောဆေးကို။ မဏ္ဍယတိ၊တန်းဆာဆင်၏။ဝါ၊ဦးခေါင်း၌ မပြတ်လိမ်းသပ်ရ၏။နီလကေသန္တရေ၊မည်းသောဆံ၏အကြား၌။ ဝဍ္ဎိတာ၊ပေါက်သော။ပလိတံ၊ဆံဖြူကို။ဥဒ္ဓရန္တော၊နှုတ်ရသည်ဖြစ်၍။ သဏ္ဍာသေန၊ မွေးညှပ်ဖြင့်။ ဝိဟညတိကိလမတိ၊ ပင်ပန်းရ၏။ တဿ၊ ထိုဦးခေါင်း ဖွေးဖွေးဆံဖြူသောလူအို၏။ဝသံ၊အလိုသို့။အန္ဝေတု၊လိုက်ရစေသတည်း။ ။(ဆံဖြူကြီးကျယ်အရွယ်အိုသောလင်ကိုရပါစေသတည်းဟူလို)။ ။ရသေ့စဉ်းလဲ

သည့်ထိုသူခွေးသိုးကို သင့်တင့်ရာအရပ်၌ နေလော့'ဟုဆို၍ နှစ်ယောက်မြော်သော သူခွေးသိုးကိုကျိန်စေ၏။ ထိုသူခွေးသိုးသည် ကျိန်သည်ရှိသော်။ ။

(၆၈၁) ဝိသံ ဝါ ပဏ္ဏ-ဝိသံ ဝါ၊ဒြိန-တိံသံဝ ဇာတိယာ။
တာဒိသာ ပတိ မာ လဒ္ဓါ၊ယာ တေ အမ္ဗေ အဝါဟရိ။ ။

ဟူသော၍ဒုတိယဂါထာကိုဆို၏။ ။

(၆၈၁) ဘန္တေ၊ရှင်ရသေ့။ယာ၊အကြင်မိန်းမသည်။ တေ၊ရှင်ရသေ့၏။ အမ္ဗေ၊သရက်သီးတို့ကို။အဝါဟရိ၊ခိုး၏။သာ၊ ထိုသရက်သီးခိုးမသည်။ ဇာတိယာ၊မွေးဘွားသည်မှ။ဝိသံဝါ၊နှစ်ဆယ်သို့ရင်း။ပဏ္ဏဝိသံဝါ၊နှစ်ဆဲ့ငါးနှစ်သို့ရင်း။ဒြိနတိံသံဝ ဒြိနတိံသံဝါ၊ နှစ်ဆဲ့ကိုး-နှစ်ဆဲ့ရှစ် အရွယ်သို့ရင်း။ပတွာ၊ရောက်၍။တာဒိသာ၊ ထိုသို့ရင့်သော အရွယ်ရောက်သောသဘောရှိလျက်။ပတိံ၊လင်ကို။မာလဒ္ဓါ၊မရစေသတည်း။ ။

ထိုသူခွေးသိုးသည်လည်းကျိန်ပြီး၍ တင့်အပ်လျောက်ပတ်သော အရပ်၌နေလတ်သော်။သုံးယောက်မြော်သောသူခွေးသိုးသည်။ ။

(၆၈၂) ဒီဃံ ဂစ္ဆတု အဒ္ဓါနံ၊ဧကိကာ အဘိသာရိကာ။
သင်္ကေတေ ပတိ မာ အဒ္ဒ၊ယာ တေ အမ္ဗေ အဝါဟရိ။ ။

ဟူသော၍တတိယဂါထာကိုဆို၏။ ။

(၆၈၂) ဘန္တေ၊ရှင်ရသေ့။ယာ၊အကြင်မိန်းမသည်။တေ၊ အရှင်ရသေ့၏။ အမ္ဗေ၊သရက်သီးတို့ကို။ အဝါဟရိ၊ခိုး၏။ သာ၊ ထိုသရက်သီးခိုးမသည်။အဘိသာရိကာ၊လင်ကိုတောင့်တလျက် လင်၏အထံသို့သွားသည်၏အဖြစ်ကြောင့်အဘိသာရိကမည်သောမိန်းမဖြစ်၍။ဧကိကာ၊ တယောက်တည်း။ဒီဃံ၊ရှည်စွာသော။ အဒ္ဓါနံ၊တဂါဝုတ်-နှစ်ဂါဝုတ်ခရီးသို့။ ဂစ္ဆတု၊ သွားရစေသတည်း။ဂန္တွာပိ၊သွား၍သည်း။ သင်္ကေတေ၊ဤမည်သောအရပ်သို့လာလော့ဟုလင်ချိန်းချက်ရာအရပ်၌။ပတိံ၊လင်ကို။မါအဒ္ဒ၊မမြင်ရစေသတည်း။ ။

ထိုသူခွေးသိုးသည်လည်းကျိန်ပြီး၍ တင့်အပ်လျောက်ပတ်ရာအရပ်၌နေသည်ရှိသော်လေးယောက်မြော်သောသူခွေးသိုးသည်။ ။

(၆၈၃) အလင်္ကတာ သုဝသနာ၊မာလိနီ စန္ဒနုဿဒါ။
ဧကိကာ သယနေ သေတု၊ယာ တေ အမ္ဗေ အဝါဟရိ။ ။

ဟူသော၍စတုတ္ထဂါထာကိုဆို၏။ ။

(၆၀၃) ဘဏ္ဍေ၊ ၄ င်ရသေ့။ယာ၊အကြင်မိန်းမသည်။ တေ၊ ၄ င်ရသေ့၏။ အမ္ဗေ၊သရက်သီးတို့ကို။အဝါဟရိ၊ ခိုး၏။ သာ ထိုသရက်သီးခိုးမသည်။ အလက်တာ၊တန်းဆာဆင်လျက်။သုဝသနာ၊ကောင်းစွာဝတ်လျက်။ မာလိနီ၊ပန်းပန်လျက်။ စန္ဒနုဿဒါ၊စန္ဒကူးနံ့သာ လိမ်းကျံလျက်။ ဇေကိကာ၊ လင်မရပါတယော်ထည်းသာ။ သယနေ၊အိပ်ရာ၌။ သေတု၊အိပ်ရစေသတည်း။ ။(နိလံကရောတိဧတေနာတိနိလိကံပြု၍။ပြုသောဆံကိုမည်းနက်အောင်ပြုကြောင်းဖြစ်သော၇စ်၇ားသီးသဖန်းခါးသီးတိဖလစသည်ဖြင့်ပြုအပ်သောဆေးရ၏။ ။ထို့ကြောင့်အဋ္ဌကထာ၌ ပလိတာနိကာဠဝဏ္ဏကရဏဋ္ဌာယတိဖလာဒီဟိကတံနိလိကံမဏ္ဍယတိ၊ကိုမိန့်သောဝ်။ ။နိလိကန္တိအာမလကမဏ္ဍာဒီဟိနိလံကတွာပလိတေဒသေတိ။(ဋီကာ)။ ။သဏ္ဍာသေန၊ဖြင့်။ ဝိဟာညတိ၊၏။ ဤမျှသာယောဇနာသည်ရှိသော်။ အဓိပ္ပါယ်ဆွမထင်၇ားရကား။ ။နိလကေသန္တရေစဥမ္ဗိတံပလိတံဥဒ္ဓရန္တော သဏ္ဍာသေနဝိဟာညတိကိလမတိ။ဟု-အဋ္ဌကထာမိန့်သောဝ်။ ။ဤနှစ်ပဒဖြင့်ဆံဖြူကြိုးကျယ် အရွယ်အိုသောသူကိုပြသည်ဟု။ ။တဿဝေရူပဿမဟလ္လကဿ,ကိုမိန့်သော်။ ။ဤနည်းနှင့်မထင်၇ား၍ပါဠိသေသထည့်စွက်ရသည်များကိုဆင်ခြင်။ ။ပတိံ ပဏ္ဍယမာနာ တဿ သန္တိကံ အဘိမုခံသယနသိလောတိ အဘိသာရိကာ'ပု၍ လင်ကို တောင့်တလျက်လင်၏အထံသို့ ရှေးရှုသွားခြင်းအလေ့ရှိသောမိန်းမသည် အဘိသာရိကာမည်သတည်း)။ ။အမ္ဗစောရဇာတကံ စတုတ္ထံ။၃၄၄။

၃၄၅-ဂဇကုမ္ဘဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ဝနံယဒဂ္ဂိဒဟာတိ,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သောဤဂဇကုမ္ဘဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ ပျင်းရိသောရဟန်းတပါးကိုအကြောင်းပြု၍ဟောတော်မူ၏။

ဘုရားလောင်းသည်ထိုလူပျင်းနှင့်တကွ စကားပြောလိုရကား။ အချင်းဂဇကုမ္ဘ၊သင်တို့၏သွားခြင်းသည်နှေးလှစွာ၏။ ဤတောကိုတောမီးလောင်သည်ရှိသော်သင်တို့သည်အဘယ်သို့ပြုကုန်အံ့နည်းဟုဆို၍။ ။

(၆၀၄) ဝနံ ယဒဂ္ဂိ ဒဟတိ၊ပါဝကော ကဏှဝတ္တနီ။
ကထံ ကရောသိ ပစလက၊ဧဝံ ဒန္တ-ပရက္ကမော။ ။
ဟူသောရှေးဦးစွာသောဂါထာကိုဆို၏ ။

ပစလက၊ တလှုပ်လှုပ်သွားတတ်သောယောကျ်ား။ဝါ၊ မျက်လွှာတလှုပ်လှုပ်မျော့မျဉ်းအိပ်တတ်သောယောကျ်ား။ တွံ၊သင်သည်။ဧဝံ၊ဤသို့။ဒန္တပရက္ကမော၊အေးပျင်းသောလုံ့လရှိ၏။ယဒါ၊အကြင်အခါ၌။ ပါဝကော၊ပြုစင်သောအရောင်ရှိသော။ကဏှဝတ္တနီ၊မည်းသောသွားရာခရီးရှိသော။အဂ္ဂိ၊မီးသည်။ယဒါ၊အကြင်အခါ၌။ ဝနံ၊တောကို။ဒဟတိ၊လောင်၏။တဒါ၊ထိုအခါ၌။တွံ၊သင်သည်။ကထံကရောသိ၊ဘယ်သို့ပြုအံ့နည်း။ ။

ထိုစကားကိုကြား၍ဂဇကုဏ္ဍသည်။ ။

(၆၀၅) ဗဟူနိ ရုက္ခ-ဆိဒ္ဒါနိ၊ပထဗျာ ဝိဝရာနိ စ။
တာနိ စေ နာဘိသမ္ဘောမ၊ဟောတိ နော ကာလ-ပရိယာယော။
ဟူသောဤဒုတိယဂါထာကိုဆို၏။ ။

(၆၀၅) ပဏ္ဍိတ၊ပညာရှိ။ အမှာကံ၊ငါတို့အား။ ဇူတော၊ဤယခုသွားခြင်းမှ။ဥတ္တရိဂမနံနာမ၊အလွန်ဖြစ်သောသွားခြင်းမည်သည်။နတ္ထိ၊မရှိပြီ။ဇူမသွံ့အရသော၊ဤတော၌။ ရုက္ခဆိဒ္ဒါနိ၊သစ်ခေါင်းအပေါက်တို့သည်၎င်း။ ပထဗျာ၊မြေ၏။ဝိဝရာနိစ၊ထူးတွင်းထူးပေါက်တို့သည်၎င်း။ ဗဟူနိ၊များစွာကုန်၏။ယဒါ၊အကြင်အခါ၌။တာနိ၊ ထိုသစ်ခေါင်းအပေါက်ထူးတွင်းထူးပေါက်တို့သို့။မယံ၊ငါတို့သည်။ စေနာဘိသမ္ဘောမ၊အကယ်၍မရောက်နိုင်ကုန်အံ့။တဒါ၊ထိုအခါ၌။နော၊ငါတို့အား။ ကာလပရိယာယော၊သေခွင့်သေလှည့်သည်။ဟောတိ၊ဖြစ်၏။ ။

ထိုစကားကိုကြား၍ဘုရားလောင်းသည်။ ။

(၆၀၆) ယော ဒန္ဓ-ကာလေ တရတိ၊တရဏီယေ စ ဒန္ဓယိ။
သုက္ခ-ပဏ္ဏံဝ အက္ကမ္မ၊အတ္ထံ ဘဉ္ဇတိ အတ္တနော။ ။
(၆၀၇) ယော ဒန္ဓ-ကာလေ ဒန္ဓေတိ၊တရဏီယေ စ ကာရယိ။
သသိဝ ရတ္တိံ ဝိဘဇံ၊တဿတ္ထော ပရိပူရတိ။ ။
ဟူသောဤနှစ်ဂါထာတို့ကိုဆို၏။

(၆၀၆-၆၀၇) ယော၊အကြင်သူသည်။ ဒန္ဓကာလေ၊အရေးမြဲ်တင်းလျက်ဖြည်းဖြည်းညင်းညင်းပြုသင့်သောကာလ၌။ တရတိ၊လျင်မြန်စလိုတောက်တပိုပြု၏။ တရဏီယေစ၊လျင်တောက်တပိုပြုသင့်သောကာလ၌

လည်း။ဒန္တယိ.ဂဇကုမ္ဘံကဲ့သို့လုံ.လမသဥ်းတဖြည်းဖြည်းပြု၏။သော၊ထို သူသည်။သုက္ကပက္ခံ၊ ထန်းရွက်ခြေံကို။ဗလဝါ၊အားရှိသော။ ပုရိသော၊ ယောကျ်ားသည်။ အက္ကမ္မနင်း၍။ ဘဉ္ဇေယျယထာ၊ မုန့်မုန့်ညက်ညက် ဖျက်ဆီးရ၏သို့။ ဧဝံတထာ၊ထို.အတူ။အတ္တနော၊မိမိ၏။ အတ္ထံ၊အစီးအ ပွါးကို။ဘဉ္ဇတိ၊ဖျက်ဆီး၏။ ။ယော၊အကြင်သူသည်။ဒန္ဓကာလေ၊အ ရေးမြေဲတင်းလျက် ဖြည်းဖြည်းညင်းညင်းပြုသင့်သောကာလ၌။ ဒန္ဓေ တိ၊အရေးမြေဲတင်းလျက် ဖြည်းဖြည်းညင်းညင်းပြု၏။ တရဏီယေစ၊ လျင်တော်ံတပိုပြုသင့်သောကာလ၌လည်း။ ကာရယိ၊အလျင်အမြန်ပြု၏။ သသိ၊ယုန်ရေးတံဆိပ်ရှိသောလမင်းသည်။ရတ္တိံ၊ လကွယ်ပက္ခညဥ့်ကို။ ဝိဘဇံဝိဘဇန္တော၊ကြဥ့်လျက်။ဒိဝသေဒိဝသေ၊နေ့တိုင်းနေ့တိုင်း။ ပရိပူရ တိဣဝ၊ ပြည့်၏သို့။ ဧဝံတထာ၊ ထို.အတူ။ တဿ ပုရိသဿ၊ ထိုသူ၏။ အတ္ထော၊အစီးအပွားသည်။ ပရိပူရတိ၊ပြည့်၏။ ။ဂဇကုမ္ဘဇာတကံ ပဥ္စမံ။၃၄၅။

---

၃၄၆-ကေသဝဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သောသဗ္ဗညုမြတ်စွာ ဘုရားသဉ်။မနုဿိန္ဒံဇဟိတွာန,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင် အပ်သော၍ကေသဝဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေ တော်မူစဉ်၊ဝိဿာသဘောဇနကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

နာရဒအမတ်သည်သွား၍ရောဂါကင်းသောကေသဝရသေ့ကိုမြင်၍၊ အသျှင်ဘုရား၊ ဗာရာဏသီမင်းသည်ငါးယောက်ကုန်သောဆေးသမား တို့ကိုယူ၍ကုမလျက် အသျှင်ဘုရားတို့၏ရောဂါကို ကင်းစိမ့်သော၄ါမ တတ်နိုင်။ ကပ္ပရသေ့သည် အသျှင်ဘုရားအား အဘယ်သို့ ကုစားသ နည်းဟုဆို၍။ ။

(၆၁၄) မနုဿိန္ဒံ ဇဟိတွာန၊သဗ္ဗ-ကာမ-သမိဒ္ဓိနံ၊
ကထံနုဘဂဝါကေသီ၊ကပ္ပဿ ရမတဿမေ။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၆၁၅) အမှာကံ၊ငါတို့၏။ ဘဂဝါ၊ဘုရားတဆူဂုဏ်တလုံးပြု၍ကိုးကွယ် အပ်သော။ ကေသီ၊ကေသီမည်သော၍သျှင်ရသေ့သည်။ သဗ္ဗကာမသ

မိဒ္ဓိနံ၊အလုံးစုံသောလိုဘွယ်ဝတ္ထုနှင့်ပြည့်စုံသော။ မနုဿိန္ဒ၊လူတို့ကိုအ
စိုးရသောဗာရာဏသီမင်းကို။ ဇဟိတွာန၊စွန့်၍။ ကပ္ပဿ၊ကပ္ပရသေ့၏။
အဿမေ၊ကျောင်း၌။ ကထံနုခေါကေနဉပါယေန၊အဘယ်သို့သော အ
ကြောင်းဖြင့်။ရမတိ၊မွေ့လျော်သနည်း။ ။ဤသို့သူတပါးနှင့်တကွစကား
ပြောဘိသကဲ့သို့ ကေသဝရသေ့၏မွေ့လျော်သောအကြောင်းကို မေး
၏။ထိုစကားကိုကြား၍ကေသဝရသေ့သည်။ ။

(၆၈၉)သာဒူနိ ရမဏီယာနိ၊သန္တိ ဝက္ခာ မနောရမာ။
သုဘာသိတာနိ ကပ္ပဿ၊နာရဒ ရမယန္တိ မံ။ ။

ဟူသောဤဒုတိယဂါထာကိုဆို၏။ ။

(၆၈၉)နာရဒ၊နာရဒအမတ်။ကပ္ပဿ၊ကပ္ပရသေ့၏။အဿမေ၊ကျောင်း
၌။သာဒူနိ၊ကောင်းကုန်သော။ရမဏီယာနိ၊မွေ့လျော်ဘွယ်တို့သည်၎င်း။
မနောရမာ၊နှလုံးကို မွေ့လျော်စေတတ်ကုန်သော။ ရုက္ခာ၊သစ်ပင်တို့သည်
၎င်း။သန္တိ၊ရှိကုန်၏။ကပ္ပဿ၊ကပ္ပရသေ့၏။ သုဘာသိတာနိ၊မေတ္တာရှေး
၍ ဧးချမ်းသာယာကောင်းစွာဆိုအပ်သောစကားတို့သည်။မံ၊ငါ့ကို။ ရမ
ယန္တိ၊မွေ့လျော်စေကုန်၏။ ။

ဤသို့ဆို၍ဤသို့ငါ့ကိုမွေ့လျော်စေသောကပ္ပရသေ့သည် ဆားမခတ်
သောရေဖြင့်ပြုတ်ဖြော်အပ်သော သစ်ရွက်မြက်သီးဆန်ကျိတ်ဆန်ယာ
ဂုကိုသောက်စေ၏။ထိုယာဂုကိုသောက်သဖြင့်ငါ၏ကိုယ်၌ရောဂါသည်
ငြိမ်း၏ဟုဆို၏။ထိုစကားကိုကြား၍နာရဒအမတ်သည်။ ။

(၆၉၀) သာလီနံ ဩဒနံ ဘုဉ္ဇေ၊သုစိံ မံသူပသေစနံ။
ကထံ သာမာက-နိဝါရံ၊အ-လောဏံ ဆာဒယန္တိ တံ။ ။

ဟူသောဤတတိယဂါထာကိုဆို၏။ ။

(၆၉၀)ဘန္တေ၊သျှင်ရသေ့။တွံ၊အသျှင်ရသေ့သည်။သာလီနံ၊သလေးတို့
၏။သုစိံ၊စင်ကြယ်စွာသော။ မံသူပသေစနံ၊သားမျိုးဟင်းလျာဖြင့် ပြွမ်း
သော။ ဩဒနံ၊ဆွမ်းကို။ ဘုဉ္ဇေ၊ဘုဉ္ဇသိ၊စားရသည်မဟုတ်လော။ ကထံ
ကေနဉပါယေန၊အဘယ်သို့သောအကြောင်းဖြင့်။တံ၊သျှင်ရသေ့ကို။ အ
လောဏံ၊ဆားမခတ်သော။သာမာကနိဝါရံ၊မြက်သီးဆန်ကျိတ် လမန်း
ဆန်အာဟာရသည်။ဆာဒယန္တိ၊တောသေတိ၊နှစ်သက်စေဘိသနည်း။ ။

ထိုစကားကိုကြား၍ကေသဝရသေ့သည်။ ။

(၄၉၁) သာဒုံ ၀ ယဒိ ၀ါသာဒုံ၊အပ္ပံ ၀ါ ယဒိ ၀ါ ဗဟုံ။
ဝိဿဋ္ဌော ယတ္ထ ဘုဉ္ဇေယျ၊ဝိဿာသ-ပရမာ ရသာ။ ။

ဟူသော၍စတုတ္ထဂါထာကိုဆို၏။ ။

(၄၉၁) နာရဒ၊နာရဒေအမတ်။ယတ္ထ၊အကြင်အိမ်၌။ဝိဿဋ္ဌော၊ ရွံ့ရှာမရှိလွတ်လွတ်အကျွမ်းဝင်သည်ဖြစ်၍။သာဒုံဝါ၊သာယာအပ်ကောင်းမြတ်သော်ဘောဇဉ်ကိုရင်း။ယဒိ၊ထိုမှု။အသာဒုံဝါ၊မသာယာအပ်သော်ဘောဇဉ်ကိုရင်း။အပ္ပံဝါ၊အနည်းငယ်သောဘောဇဉ်ကိုရင်း။ယဒိ၊ထိုမှု။ဗဟုံဝါ၊များစွာသောဘောဇဉ်ကိုရင်း။ဘုဉ္ဇေယျ၊စားရရာ၏။တတ္ထ၊ထိုအိမ်၌။ဧဝံ၊ဤသို့။ ဘုတ္တံ၊အကျွမ်းတဝင်မြိန်မြိန်ရှက်ရှက်စားအပ်သော။ယံကိဉ္စိဘောဇနံ၊တစုံတခုသောဘောဇဉ်သည်။သာဒုကောင်း၏။ ကသ္မာ၊အဘဲ့ကြောင့် နည်းဟူမူကား။ ရသာ၊အရသာတို့သည်။ဝိဿာသပရမာ၊ အကျွမ်းဝင်ခြင်းလျှင်အမြတ်ရှိကုန်၏။ဟိသစ္စံ၊မှန်၏။ဝိဿာသသဒိသော၊အကျွမ်းဝင်သောအရသာနှင့်တူသော။အညော၊တပါးသော။ ရသောနာမ၊အရသာမည်သည်။ နတ္ထိ၊မရှိ။အဝိဿာသိတေန၊အကျွမ်းမဝင်သောသူသည်။ ဒိန္နံ၊ပေးအပ်သော။ စတုမဓုရမ္ပိ၊စတုမဓုရသည်လည်း။ဝိဿာသိတေန၊အကျွမ်းဝင်သောသူသည်။ ဒိန္နံ၊ပေးအပ်သော။ အမ္ဗိလတိဏ္ဍိကာံ၊အိမ်ပုန်းရည်ကြီးဖြင့် ကျိုအပ်သော ပုန်းရည်ဟင်းကိုမျှလည်း။ နအဂ္ဃတိ၊မထိုက်။ ။(ကောသာတေဿသန္တိကေသိ။တေဿ၊ဤရသေ့အား။ကောသာ၊နက်မဉ်းတင့်တယ်သေးသွယ်သောဆံတို့သည်။ သန္တိ၊ရှိကုန်၏။ ဇာတိတသ္မာ၊ကြောင့်။ကေသီ၊၏။ကောသဝေါ၊၏။ ။ကေသိဍ္ဍ၍ပဋ္ဌည်း။ကောသဝေါဍ္ဍဝပဋ္ဌည်း။ပဋ္ဌည်းမျှသာထူးကြသည်။အရေပုဂ္ဂိုလ်မခြား။ထိုကြောင့်ဘဂဝါကေသိ,ဟုပါဠိတော်လာသည်။ တံသုတ္တာကောသဝေါဒုတိယံဂါထမာဟ,စသည်ဖြင့်အဋ္ဌကထာလာသည်။ ။အလောဏံဆာဒယန္တိတံ၌၊ ဆာဒယတိဆိုလိုလျက်ဆန်းမပျက်စိမ့်သော၌နိဂ္ဂဟိတ်လာသည်။အန္တိဝိဘတ်မမှတ်လင့်။ သာဒုံဝါယဒိဝါသာဒုံ၌တတိယက္ခရာလိုသည်။ ဝိဿာသောပရမောဉတ္တမောဧတေသန္တိ ဝိဿာသပရမာ။ဧတေသံရသာနံ၊တို့၏။ဝိဿာသော၊အကျွမ်းဝင်သောသူသည်ပေးအပ်သောအရသာသည်။ပရမောဉတ္တမော၊မြတ်သည်။ဟောတိ၊ဖြစ်၏။ဇာတိကသ္မာ၊ထိုကြောင့်။ ဝိဿာသပရမာ၊၏။ဝိဿာသာ၊အကျွမ်းဝင်ခြင်းသည်။ပရမော၊

မြတ်သော။ရသာ၊အရသာတည်း။ပေးသည့်ကားမသင့်)။ ။ကေသဝ ဇာတကံ ဆဋ္ဌံ။၃၄၆။

---

## ၃၄၇-အယကူဋဇာတ်။

နတ်နှင့်တကွသောလောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊သဗ္ဗာယသံ,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော ဤအယကူဋဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ လောက၏ အကျိုးစီးပွါး၌ ကျင့်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ။

ဘုရားလောင်းသည်ဘီလူးကိုမြင်၍ ဤဘီလူးသည်ငါ့ကိုစောင့်ရှောက်လိုသည်ဖြစ်၍တည်သလော။ထိုသို့မဟုတ်သတ်လိုသည်ဖြစ်၍။ တည်သလောဟုထိုဘီလူးနှင့်တကွပြောလိုရကား။ ။

(၆၉၂) သဗ္ဗာယသံကူဋံ မတိပ္ပမာဏံ၊
ပဂ္ဂယှ ယော တိဋ္ဌသိ အန္တလိက္ခေ။ ။
ရက္ခာယ မေ တွံ ဝိဟိတော နု အဇ္ဇ၊
ဥဒါဟု မေ စေတယသေ ဝဓာယ။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၆၉၂) ရက္ခာယ၊ရက္ခိုသ်။ယောတွံ၊ အကြင်သင်သည်။ အတိပ္ပမာဏံ၊အလွန်ကြီးသောပမာဏရှိသော။ သဗ္ဗာယသံကူဋံ၊ အလုံးစုံသံဖြင့်ပြီးသော တင်းပုတ်ကြီးကို။ ပဂ္ဂယှ၊ကိုင်၍။ အန္တလိက္ခေ၊ကောင်းကင်၌။ တိဋ္ဌသိ၊တည်၏။အဇ္ဇ၊ယနေ့။တွံ၊သင်သည်။ မေ၊ငါ့အား။ရက္ခာယ၊စောင့်ရှောက်ခြင်းငှါ။ ဝိဟိတော၊စီရင်သည်။အသိနု၊ဖြစ်သလော။ ဥဒါဟု၊ထိုသို့မဟုတ်မူကား။မေ၊ငါ့အား။ဝဓါယ၊သတ်ခြင်းငှါ။ စေတယသေ၊လုံ့လပြုသလော။ ။

ဘုရားလောင်းသည်ဘီလူးကိုသာလျှင်မြင်၏။သိကြားကိုမမြင်။ဘီလူးသည်သိကြားကိုကြောက်သောကြောင့်ဘုရားလောင်းကိုပုတ်ခြင်းငှါမဝံ့။ ထိုဘီလူးသည်ဘုရားလောင်း၏ စကားကိုကြား၍၊ မြတ်သော်မင်းကြီး၊ ကျွန်ုပ်သည်မင်းကြီးကိုစောင့်ရှောက်အံ့သောငှါမတည်။ဤပြောင်

ပြောင်တောက်သောသံတူနှင့်ကား ပုတ်ခတ်၍ သင်မင်းကြီးကိုသတ်အံ့
ဟုလာ၏။ သိကြားကိုကြောက်သောကြောင့်သင်မင်းကြီးကိုပုတ်ခတ်အံ့
သောငှါမဝံ့ဟုပြလိုရကား။ ။

(၆၉၃) ဒူတော အဟံ ရာဇိဓ ရက္ခသာနံ၊
ဝဓာယ တုယှံ ပဟိတောဟမသ္မိ။
ဣန္ဒောဝ တံ ရက္ခတိ ဒေဝ-ရာဇာ၊
တေနုတ္တမင်္ဂံ တေ န ဖါလယာမိ။ ။

ဟူသောဤဒုတိယဂါထာကိုဆို၏။ ။

(၆၉၃) ရာဇ၊မင်းကြီး။ ဣဓ၊ဤအရပ်၌။ အဟံ၊ငါသည်။ ရက္ခသာနံ၊
ရက္ခိုသ်ဘီလူး၏။ဒူတော၊တမန်တည်း။အဟံ၊ငါကို။ တုယှံ၊သင့်ကို။ဝဓာယ၊
သတ်ဖိမ့်သောငှါ။ပဟိတော၊စေအပ်သည်။အသ္မိ၊ဖြစ်၏။ဒေဝရာဇာ၊နတ်
တို့၏မင်းဖြစ်သော။ဣန္ဒောဝ၊သိကြားသည်သာလျှင်။တံ၊သင်မင်းကြီးကို။
ရက္ခတိ၊စောင့်၏။ တေန၊ထိုသို့မင်းဘုန်းကြီးမား၍ သိကြားစောင့်သော
ကြောင့်။တေ၊သင်၏။ဥတ္တမင်္ဂံ၊ဦးခေါင်းကို။န ဖါလယာမိ၊မခွဲရသတည်း။
ထိုစကားကိုကြား၍ဘုရားလောင်းသည်။ ။

(၆၉၄)သစေ စ မံ ရက္ခတိ ဒေဝ-ရာဇာ၊ဒေဝါနမိန္ဒော မဃဝါ သုဇမ္ပတိ။
ကာမံ ပိသာစါ ဝိနဒန္တု သဗ္ဗေ၊န သန္တသေ ရက္ခသိယာ ပဇာယ။
(၆၉၅) ကာမံ ကန္ဒန္တု ကုမ္ဘဏ္ဍာ၊သဗ္ဗေ ပံသု-ပိသာစကာ။
နာလံ ပိသာစာ ယုဒ္ဓါယ၊မဟတီ သာ ဝိဘိံသိကာ။ ။

ဟူသောဤနှစ်ဂါထာတို့ကိုဆို၏။ ။

(၆၉၄-၆၉၅) ရက္ခသ၊ရက္ခိုသ်။ဒေဝါနံ၊တို့ကို။ ဣန္ဒော၊အစိုးရသော။
မဃဝါ၊မာဃအနွယ်ဖြစ်သော။သုဇမ္ပတိ၊သုဇါ၏လင်ဖြစ်သော။ဒေဝရာ
ဇာ၊သိကြားမင်းသည်။မံ၊ငါ့ကို။သစေရက္ခတိ၊အကယ်၍စောင့်အံ့။သဗ္ဗေ၊
ခပ်သိမ်းကုန်သော။ပိသာစာ၊လူသားစားကြူးဘီလူးတို့သည်။ကာမံ၊ထင်
ရှား။ ကာမံဝိနဒန္တု၊အကယ်၍ဟစ်ကြွေးကြော်ကြွာကုန်ငြားအံ့။ ရက္ခသိ
ယာပဇာယ၊ရက္ခိုသ်ဟူသော သတ္တဝါမှ။အဟံ၊ငါသည်။နသန္တသေ၊မ
ထိတ်လန့်သည်သာတည်း။ ကုမ္ဘဏ္ဍာ၊အိုးအတိုင်းအရှည်ရှိသော လျှို့
ဝှက်အပ်သောအင်္ဂါရှိသော ကုမ္ဘဏ်တို့သည်၎င်း။ ပံသုပိသာစကာ၊တံ
မြက်ချေးရရာအရပ်၌နေကုန်သောမြေဘုတ်တို့သည်၎င်း။ ကာမံ၊စင်စစ်။
ကန္ဒန္တု၊ဖြတ်စေကာမူ။ ပိသာစာ၊ လူသားစားကြူး မြေဘုတ်ဘီလူးတို့

သည်။မယာ၊ငါ့နှင့်။သဒ္ဓိံ၊တကွ။ယုဒ္ဓါယ၊စစ်ထိုးအံ့သောငှါ။နာသံ၊မငြမ်း နိုင်ကုန်။မဟာတိ၊ကြီးစွာသော။ သာဝိဘိံ သိကာ၊ ထိုကြောက်မက်ဘွယ် ကိုဖြစ်စေခြင်းသည်သာလျှင်။ သိယာ၊ဖြစ်ရာ၏။အဟံ၊ငါမူကား။ နဘာ ယာမိ၊အလျှင်းမကြောက်။ ။(ဝိသိတံမံသံအသန္တံ ဘက္ခန္တိ တိဝိသာ စာ။ ။ယေယက္ခာ၊အကြင်ဘီလူးတို့သည်။ ဝိသိတံမံသံ၊ပုပ်သားကို။အ သန္တံ ဘက္ခန္တိ၊စားတတ်ကုန်၏။ဇာတိတသ္မာ၊ထို့ကြောင့်။တေယက္ခာ၊တို့ သည်။ဝိသာစာ၊မည်ကုန်၏။ ။ဝိသိတအသဟူလိုလျက်ဝိသောဒရာဒိ ဂိုဏ်းဖြစ်၍ဝိသာစနေသည်။ ဝိသိတကားမံသ၏ပရိယာယ်ဖြစ်၍ဝိသိတံ ကိုမံသံဘွင့်သည်။ ဝိသိတံ၊ကြွတ်အပ်သော။ မံသံ၊အသားကို။ပေးသည် ကားမသင့်)။ ။အယကူဋဇာတကံ သတ္တမံ။၃၄၇။

***

၃၄၈-အရညဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ် စွာဘုရားသည်၊အရညာဂါမမာဂမ္ဘ,အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာ ဆင်အပ်သော၅်အရည္ဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ်၊ အပျိုကြီးဖြားယောင်းသောရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ရသေ့ငယ်သည်လည်းအဘလာသည်ရှိသော်။ ။

(၆၉၆) အရညာဂါမမာဂမ္မ၊ကိံ သီလံ ကိံ-ဝတံအဟံ။

ပုရိသံ တာတ သေဝေယျံ၊တံ မေ အက္ခာဟိပုစ္ဆိတော။ ။

ဟူသော၅်ပဌမဂါထာကိုဆို၏။ ။

(၆၉၆) တာတ၊ဘခင်။ အဟံ၊အကျွန်ုပ်သည်။ အရညာ၊တောမှ။ မ နုဿပထံ၊လူ့ခရီးသို့။ ဝသနတ္ထာယ၊နေခြင်းအကျိုးငှါ။ ဂတော၊ သွား လတ်၍။ဂါမံ၊နေရာဖြစ်သောရွာသို့။အာဂမ္မ၊ရောက်လတ်၍။ ကိံ သီလံ၊အ ဘယ်သို့သောသီလရှိသော။ ကိံ ဝတံ၊အဘယ်သို့သောအကျင့်ရှိသော။ ပုရိသံ၊ယောကျ်ားကို။ သေဝေယျံ၊ မှီဝဲရအံ့နည်း။ ပုစ္ဆိတော၊ မေးအပ် သော။တွံ၊ဘခင်သည်။မေ၊အား။ တံ၊မှီဝဲသင့်မှီဝဲထိုက်သောယောကျ်ား ကို။အက္ခာဟိ၊ကြားပါလတ်သေး။ ။

ထိုအခါရသေ့ငယ်အားအဘသည်အဆုံးအမပေးလို၍။ ။

(၆၉၇) ယော တံ ဝိဿာသယေ တာတ၊ဝိဿာသဉ္စ ခမေယျ တေ။
သုဿူသီ စ တိတိက္ခီ စ၊တံ ဘဇေယျာသိတော ဂတော။ ။
(၆၉၈) ယဿ ကာယေန ဝါစာယ၊မနသာ နတ္ထိ ဒုက္ကဋံ။
ဥရသီဝ ပတိဋ္ဌာယ၊တံဘဇေဟိဣတောဂတော။ ။
(၆၉၉) ဟလိဒ္ဒိရာဂံ ကပိ-စိတ္တံ၊ပုရိသံ ရာဂ-ဝိရာဂိနံ။
တာဒိသံ တာတ မာ သေဝိ၊နိမ္မနုဿမ္ပိ စေ သိယာ။ ။

ဟူသောဤသုံးဂါထာတို့ကိုဆို၏။ ။

(၆၉၇-၆၉၉) တာတ၊ချစ်သား။ ယောပုရိသော၊ အကြင်သူသည်။ တံ၊ချစ်သါးကို။ဝိဿာသယေ၊ ရွံရှာမရှိအကျွမ်းဝင်၏။ယောစ၊အကြင်သူသည်လည်း။ အတ္တနိ၊မိမိ၌။ဝိဿာသေ၊အကျွမ်းဝင်ခြင်းကို။ တေ၊သင်သည်။ ကရိယမာနေ၊ပြုအပ်သည်ရှိသော်။ နိရာသင်္ကော၊ ရွံရှာမရှိသည်ဖြစ်၍။တေ၊သင်၏။တံဝိဿာသံ၊ထိုအကျွမ်းတဝင်ပြုသောအမှုကို။ ခမေယျ၊နှစ်သက်ရာ၏။ ယောစ၊အကြင်သူသည်လည်း။တဝ၊သင်၏။ဝိဿာသဝစနံ၊ အကျွမ်းတဝင်ဆိုသောစကားကို။ သုဿူသိ၊ နာခံခြင်းအလေ့ရှိသည်။ပောတိ၊ဖြစ်၏။ယောစ၊အကြင်သူသည်လည်း။တယာ၊သင်သည်။ ကတံ၊ပြုအပ်သော။ အပရာဓံ၊အပြစ်ကို။ တိတိက္ခိ၊သည်းခံခြင်းအလေ့ရှိသည်။ပောတိ၊၏။ တံပုရိသံ၊ထိုဆိုအပ်ပြီးသောလေးယောံသောသူကို။ ဣတော၊ဤတောအရပ်မှ။ဂတော၊ရွာသို့ရောက်သည်ရှိသော်။တွံ၊ချစ်သားသည်။ဘဇေယျာသိ၊ဆည်းကပ်မှီဝဲလေလော့။ ။တာတ၊ချစ်သား။ယဿပုရိသဿ၊အကြင်သူအား။ကာယေန၊ကိုယ်ဖြင့်ရင်း။ဝါစါယ၊နှုတ်ဖြင့်ရင်း။ မနသာ၊စိတ်ဖြင့်ရင်း။ကတံ၊ပြုအပ်သော။ (ထည့်)။ဒုက္ကဋံ၊မကောင်းမှုအကုသိုလ်သည်။နတ္ထိ၊မရှိ။တံပုရိသံ၊ထိုကိုယ်နှုတ်နှလုံးသုံးပါးဖြင့်မကောင်းမှုကိုမပြုသောသူကို။ တွံ၊သင်ချစ်သားသည်။ဣတော၊ဤတောအရပ်မှ။ ဂတော၊လူ့ပြည်အရပ်သို့သွားသည်ရှိသော်။တဿ၊ထိုကိုယ်နှုတ်နှလုံးသုံးပါးဖြင့်အကုသိုလ်တရားမမှားယွင်းသောသူ၏။ဥရသိ၊ရင်၌။ ပတိဋ္ဌာယ၊တည်၍။ဝဍ္ဎိတော၊ကြီးပွါးသော။ဩရသပုတ္တောဇာဝ၊ ရင်သွေးရင်သားကဲ့သို့။ဟုတွာ၊၍။ဘဇေဟိ၊ဆည်းကပ်မှီဝဲလေမောင်မင်း။ ။တာတ၊ချစ်သား။ ဟလိဒ္ဒိရာဂံ၊နနွင်းဆိုးရည်ကဲ့သို့မမြဲသော စိတ်ရှိသောသူကိုရင်း။ ကပိစိတ္တံ၊ မျောက်စိတ်ကဲ့သို့ ဖြစ်လွယ်ပျက်လွယ် လျင်မြန်သောစိတ်ရှိသောသူကိုရင်း။ရာဂဝိရာဂိနံ၊ချက်တဖြုတ်တမဟုတ်မျှဖြင့်သာလျှင် ချစ်

လွှယ်မုန်းလွှယ်ဖြစ်တတ်သောသူကိုဋင်း။ တာဒိသံ၊ ထိုဆိုအပ်ပြီးသော သဘောရှိသော။ ပုရိသံ၊ ယောက်ျားကို။ သကလ ဇမ္ဗုဒီပတလံ၊ အလုံးစုံ ဇမ္ဗူဒီပကျွန်းခွင်မြေအပြင်သည်။ ကာယဒုစ္စရိတာဒိဝိရဟိတသာ၊ ကာယဒုစ ရိုက်စသည်မှကင်းသော်။ မနုဿဿ၊ လူ၏။ အဘာဝေန၊ မရှိခြင်းကြောင့်။ နိမ္မနုဿမ္ပိ၊ မြိဲဝဲစရာလူမရှိသည်လည်း။ စေသိယာ၊ အကယ်၍ ဖြစ်စေကာမူ။ တွံ၊ ချစ်သားသည်။ မာသေဝိ၊ မမှီဝဲလေလင့်မောင်မင်း။ ။(ဝိဿာသဋ္ဌ စသောသုံးပုဒ်တို့၌ရှိသောစကိုယောစ၍ယှဉ်။ ။ဘံဘဇေယျာဇူတောဂ တော,ပါဌ်ရှိမူ၊ ပုရိသပိပလ္လာသကြံရာ၏။ ။ဘဇေယျာသိတောဂတော,ရှိ မူ၊ ဝိပလ္လာသမကြံရပြီ၊ သင့်တော့သည်။ ။အဋ္ဌကထာ၌လည်း။ တံဘဇေ ယျာသိတိတံပုရိသံဘဇေယျာသိပယိဂ္ဂုပါသေသိ,ရှိသော်ယုတ္တတရ ဖြစ် သတည်း)။ အရည်ဇာတကံ အဋ္ဌမံ။ ၃၄၈။

---

## ၃၄၉-သန္ဓိဘေဒဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်။ နေဝဣတ္ထီသုသာမညံ,အစရှိသော ဂါထာပုဒ်ဖြင့်တန်း ဆာဆင်အပ်သော ဤသန္ဓိဘေဒဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌ သီ တင်းသုံးနေတော်မူစဉ်၊ ပေသုညသိက္ခာပုဒ်ကို အကြောင်းပြု၍ ဟော တော်မူ၏။ ။

မင်းသည်အသက်ကုန်ခြင်းသို့ရောက်ကုန်သောခြသေ့်ဥသဘတို့ကို မြင်၍ရထားစီးလျက်လျှင်ရထားထိန်းနှင့်တကွစကားပြောလိုရကား။ ။

(၇၀၀) နေဝ ဣတ္ထီသု သာမညံ၊နာပိ ဘက္ခေသု သာရထိ။
　　　အထဿ သန္ဓိဘေဒဿ၊ပဿ ယာဝ သုစိန္တိတံ။ ။

(၇၀၁) အသိ တိက္ခေါဝ မံသမှိ၊ပေသုညံ ပရိဝတ္တတိ။
　　　ယတ္ထူသဘဉ္စ သီဟဉ္စ၊ဘက္ခယန္တိ မိဂါဓမာ။ ။

(၇၀၂) ဣမံ သောသယနံ သေတိ၊ယိမံ ပဿသိ သာရထိ။
　　　ယော ဝါစံ သန္ဓိဘေဒဿ၊ပိသုဏဿ နိဗောဓတိ။ ။

(၇၀၃) တေ ဇနာ သုခမေဓန္တိ၊နရာ သဂ္ဂ-ဂတာရိဝ။
　　　ယော ဝါစံ သန္ဓိဘေဒဿ၊နာဝဗောဓန္တိ သာရထိ။ ။

ဟူသောဤလေးဂါထာတို့ကိုဆို၏။ ။

(၁၀၀-၁၀၃) သာရတ္ထိ၊ ရထားထိန်း။ ဣမေသံဒွိန္နံ၊ ဤခြသေ့နှင့်နွား သတ္တဝါနှစ်ပါးတို့အါး။ ဇာတ္ထိသု၊ မိန်းမတို့၌။ သာမညံ၊ တူသည့်အဖြစ်သည်။ ဝါ၊ ဆက်ဆံခြင်းသည်။ နေဝအတ္ထိ၊ အလျှင်းပင်မရှိ။ ဘောဂေသုပိ၊ အစါတို့၌လည်း။ သာမညံ၊ ဆက်ဆံခြင်းသည်။ နအတ္ထိ၊ အလျှင်းပင်မရှိ။ အထ၊ ထိုသို့ ခိုက်ရန်ဖြစ်ခြင်းအကြောင်းမရှိသည်ဖြစ်လျက်။ အသဿသန္ဓိဘေဒဿ၊ ဤ မိတ်ကိုဖျက်တတ်သောယုတ်မာသော မြေခွေး၏။ ဥဘိန္နံ၊ နှစ်ဦးသောနွား ခြသေ့တို့၏။ မံသံ၊ အသားကို။ ခါဒိဿာမိ၊ စားအံ့ဟူ၍။ စိန္တယိတွာ၊ ကြံပြီး ၍။ ဣမေ၊ ဤနွားခြသေ့တို့ကို။ မာရဏံ၊ သတ်ခြင်းကို။ ပဿ၊ ရှုလော့။ ယာဝအတိဝိယ၊ အလွန်လျှင်။ သုပိန္တိ တံ၊ လှံမစောက်မြိမြိစွာ ကြံအပ်သည်။ ဇာတံ၊ ဖြစ်၏။ ။ယထ္တယာသို့ ပေသုညော၊ အကြင်ကုန်းတိုက်ခြင်းသည်။ ဝတ္တမာနေ၊ ဖြစ်သည်ရှိသော်။ အဓမာ၊ ယုတ်မါသောသဘောရှိကုန်သော။ မိဂါ၊ မြေခွေးတို့သည်။ ဥသဘဥ္စ၊ နွားမင်းဥသဘကိုရင်း။ သီဟဉ္စ၊ ခြသေ့ မင်းကိုရင်း။ ဘက္ခယန္တိ၊ စားရကုန်၏။ မံသမ္ပိ၊ အသား၌။ ဝါ၊ အသားကို။ တိက္ခောတ၊ ထက်သော။ အသိ၊ သန်လျက်သည်။ ဆိန္ဒတိဣဝ၊ ဖြတ်၏သို့။ တံပေ သုညံ၊ ထိုချောပစ်ကုန်းတိုက်ခြင်းသည်။ မိတ္တဘာဝံ၊ အဆွေခင်ပွန်း၏ အ ဖြစ်ကို။ ဆိန္ဒန္တံမေဝ၊ ဖြတ်လျက်သာလျှင်။ ပရိဝတ္တတိ၊ ဖြစ်၏။ ဝါ၊ ထက်ဝန်း ကျင်မွှေဘတ်၏။ ။သာရထိ၊ ရထာထိန်း။ ဣမေသံဒွိန္နံ၊ ဤခြသေ့နှင့်နွား သတ္တဝါနှစ်ပါးတို့၏။ ယံဣမံမတသယနံ၊ အကြင်ဤသေ၍ စင်းစင်းအိပ် ခြင်းကို။ တွံ၊ သင်သည်။ ပဿသိ၊ မြင်၏လော။ အညော၊ ခြသေ့နှင့်နွားမှတ ပါးသော။ ယော၊ အကြင်သူသည်။ သန္ဓိဘေဒဿ၊ မိတ်စေ့စပ်ခြင်းကို ဖျက်ဆီးတတ်သော။ ပိသုဏဿ၊ ချောပစ်ကုန်းတိုက်တတ်သောသူ၏။ ဝါ စံ၊ ချောပစ်သောစကားကို။ နိဗောဓတိ ဂဏှတိ၊ မစေ့မစပ်အမြစ်အရင်းမ ရှုးစမ်းဘဲမြဲစွာယူ၏။ သော၊ ထိုခြသေ့နှင့်နွားသာမဟုတ်သေးထိုမှတပါး ပြောစကားဖြင့်ယုံကြည်မှတ်ယူသောထိုသူသည်လည်း။ တံဣမံသယနံ၊ ထိုသို့သော ဤသေ၍စင်းစင်းအိပ်ရခြင်းကို။ သေတိ၊ အိပ်ရမည်မချွတ် တည်း။ ။သာရထိ၊ ရထားထိန်း။ ယေဇနာ၊ အကြင်သူတို့သည်။ သန္ဓိ ဘေဒဿ၊ မိတ်အစေ့အစပ်ကိုဖျက်တတ်သောချောပစ်သောသူ၏။ ဝါ၊ ချောပစ်သောစကားကို။ နာဝဗောဓန္တိ နသာရတောပစ္စေန္တိ၊ ဟုတ်လှ ပြီမှန်လှပြီဟုအနှစ်သာရအားဖြင့် မယုံကြည်ကုန်။ တေဇနာ၊ ထိုသူတပါး ချောပစ်ကာမျှဖြင့်အနှစ်သာရအားဖြင့် မယုံကြည်ကုန်သောသူတို့သည်။

သဂ္ဂဂတာ၊နတ်စည်းစိမ်နှင့်ပြည့်စုံကုန်သော။နရာဇူဇ၊သူတို့ကဲ့သို့။သုခံ၊ ကိုယ်ချမ်းသာနှလုံးချမ်းသာကို။ဧဓန္တိ ဝိန္ဒန္တိ၊ရကုန်၏။ ။(မိဂါဓမာ၊မိ ဂါအဓမာပုန်ဖြတ်၍အဓမကား၊အဓမ်ဏောသူတို့၌ကဲ့သို့လာမကအနက် ဟောတည်း။ ။သဂ္ဂေဟိဒိဗ္ဗဘောဂေဟိသမန္နာဂတာသဂ္ဂဂတာ,ပြု၊ သဂ္ဂဖြင့်ဒိဗ္ဗဘောဂကိုယူသည်။ ။ထို့ကြောင့်ဒိဗ္ဗဘောဂသမင်္ဂီနေသာန ရာဝိယ၊ဟု-အဋ္ဌကထာဘွင့်သည်)။ ။သန္တိဘေဒဇာတကံနဝမံ။၃၄၉။

---

၃၅၀-ဒေဝတာပဉှဇာတ်။

ဟန္တိဟတ္ထေဟိ,အစရှိသော ဂါထာပုန်ဖြင့်တန်းဆာဆင်အပ်သော ဤဒေဝတာပဉှဇာတ်သည်ဥမင်္ဂဇာတ်၌ထင်စွာဖြစ်လတ္တံ့။ ။

(၇၀၄) ဟန္တိဟတ္ထေဟိ ပါဒေဟိ၊မုခဥ္စ ပရိသုမ္ဘတိ။
သ ဝေ ရာဇ ပိယော ဟောတိ၊ကံတေန ကွာဘိပဿသိ။ ။

(၇၀၅) အက္ကောသတိ ယထာ-ကာမံ၊အာဂမဥ္စဿ ဣစ္ဆတိ။
သ ဝေ ရာဇ ပိယော ဟောတိ၊ကံ တေန တွာဘိပဿသိ။ ။

(၇၀၆) အဗ္ဘက္ခာတိ အ-ဘူတေန၊အလိကေနာဘိသာရယေ။
သ ဝေ ရာဇ ပိယော ဟောတိ၊ကံ တေန တွာဘိပဿသိ။ ။

(၇၀၇) ဟရံ အန္နဉ္စပါနဉ္စ၊ဝတ္ထ-သေနာသနာနိ စ။
အညဒတ္ထု ဟရာ သန္တာ၊သ ဝေ ရာဇ ပိယာ ဟောန္တိ။
ကံ တေန တွာဘိပဿသိ။ ။

(၇၀၄-၇၀၇) ရာဇ၊မင်းမြတ်။ ယော၊အကြင်သူသည်။ ဟတ္ထေဟိ၊ လက်တို့ဖြင့်ရင်း။ ပါဒေဟိ၊ခြေတို့ဖြင့်ရင်း။ ဟန္တိ ဟနတိ၊ပုတ်ခတ်၏။မု ခဥ္စ၊မျက်နှာကိုလည်း။ ပရိသုမ္ဘတိ၊ပုတ်ခတ်၏၊ သော၊ ထိုပုတ်ခတ်သသူ ကို။ဝေ၊စင်စစ်။ပိယော၊ချစ်အပ်သည်။ဟောတိ၊ဖြစ်၏။ တေန၊ထိုသို့ပုတ် ခတ်ခြင်းကြောင့်။ ပိယံ၊ချစ်အပ်သော။ ကံ၊အဘယ်သို့သောသူကို။ တွံ၊ သင်မင်းမြတ်သည်။အဘိပဿသိ၊ဉာဏ်ဖြင့်ရှုဆင်ခြင်ဘိသနည်း။ ။ ရာဇ၊မင်းမြတ်။ ယော၊အကြင်သူသည်။ယံ၊အကြင်သူကို။ ယထာကာမံ၊ အလိုရှိတိုင်း။ အက္ကောသတိ၊ဆဲရေး၏။ သော၊ ထိုဆဲရေးတတ်သောသူ သည်။ အဿ၊ထိုဆဲရေးတတ်သောသူ၏။ အာဂမဥ္စ၊လာခြင်းကိုလည်း၊ ဣစ္ဆတိ၊အလိုရှိ၏။သော၊ထိုဆဲရေးအပ်သသူကို။ဝေ၊စင်စစ်။ ပိယော၊ချစ်

အပ်သည်။ ဟောတိ၊ ၏။ တေန၊ ထိုသို့သောအကြောင်းဖြင့်။ ပိယံ၊ ချစ်အပ်သော။ ကံ၊ အဘယ်သို့သောသူကို။ တွံ၊ သင်မင်းမြတ်သည်။ အဘိပဿသိ၊ ဉာဏ်ဖြင့်ရှုဆင်ခြင်ဘိသနည်း။ ။ရာဇ၊ မင်းမြတ်။ ယော၊ အကြင်သူသည်။ ယံ၊ အကြင်သူကို။ အ-ဘူတေန၊ မဟုတ်မမှန်သော စကားဖြင့်။ အဗ္ဘက္ခာတိ၊ ခွပ်ခွဲ၏။ အလိကေန၊ မဟုတ်မမှန်ပျက်သော စကားဖြင့်။ အဘိသာရယေ၊ အောက်မေ့စေ၏။ သော၊ ထိုသူကို။ ဝေ၊ စင်စစ်။ ပိယော၊ ချစ်အပ်သည်။ ဟောတိ၊ ၏။ တေန၊ ထိုသို့ခွပ်ခွဲအောက်မေ့သောအကြောင်းဖြင့်။ ပိယံ၊ ချစ်အပ်သော။ ကံ၊ အဘယ်သို့သောသူကို။ တွံ၊ သင်မင်းမြတ်သည်။ အဘိပဿသိ၊ ဉာဏ်ဖြင့်ရှုဆင်ခြင်ဘိသနည်း။ ။ရာဇ၊ မင်းမြတ်။ ယော၊ အကြင်သူသည်။ အန္နံ၊ ထမင်းကိုရင်း။ ပါနံ၊ အဖျော်ကိုရင်း။ ဝတ္ထသေနာသနာနိစ၊ အဝတ်ပုဆိုးအိပ်ရာနေရာတို့ကိုရင်း။ ဟာရံဟရန္တော၊ ဆောင်ယူသည်။ ဟောတိ၊ ဖြစ်၏။ အဒ္ဓါဒတ္ထု၊ စင်စစ်အားဖြင့်။ ဟရာ၊ ဆောင်ကုန်သည်။ သန္တာ၊ ဖြစ်ကုန်ပျက်။ သော၊ ထိုသူသည်။ ဝေ၊ စင်စစ်။ ပိယော၊ ချစ်အပ်သည်။ ဟောတိ၊ ၏။ တေန၊ ထိုသို့ဆောင်လေသောအကြောင်းဖြင့်။ ပိယံ၊ ချစ်အပ်သော။ ကံ၊ အဘယ်သို့သောသူကို။ တွံ၊ သင်မင်းမြတ်သည်။ အဘိပဿသိ၊ ဉာဏ်ဖြင့်ရှုဆင်ခြင်ဘိသနည်း။ ။(ကန္တေနမတိပဿသိ,ဟူ၍ရင်း။ ကန္တေနတွာဘိ ပဿသိ,ဟူ၍ရင်း နှစ်တွေရှိသည်။ ထိုတွင်တွာဘိပဿသိသည်ဥမင်ဇာတ်၌လည်းလာသည်။ သဒ္ဒါလည်းလျော်သည်။ အနက်လည်းပေါ်သည်)။ ။ဒေဝတာပဉှဇာတကံ ဒသမံ။ ၃၅၀။ ဗုဏ္ဍကုဏာလဝဂ္ဂေါပဉ္စမော။ ။

ကာလိင်္ဂေါ အဿာရောဟောစ၊ ဧကရာဇာစ ဒဒ္ဒရော။
သီလဝီမံသသုဇာတာ၊ ပလာသော သကုဏော ဆဝေါ။
သေယျောတိ ဒသ ဇာတကာ။ ။
ပုဋဘတ္တော ကုမ္ဘပေါစ၊ ခန္တိဝါဒီ လောဟကုမ္ဘီ။
သဗ္ဗမံသလာဘီ သသော၊ မတာရောဒကဏာဝေရာ။
တိတ္တိရော သုစန္တော ဒသ။ ။
ကုဋိဒူသော ဒုဒ္ဒုဘာယော၊ ဗြဟ္မဒတ္တစမ္မသာဋကော။
ဂေါဓရာဇာစ ကက္ကာရု၊ ကာကဝတီနနုသောစကော။
ကာဠဗာဟုသီလဝီမံသော ဒသ။ ။
ကောကာလိကော ရထလဋ္ဌိ၊ ပက္ကဂေါဓရာဇောဝါဒ၊

ဇမ္ဗုကာဗြဟာဆတ္တောစ၊ပိဋ္ဌထုသာစဗါဝေရ။
ဝိသယှသေဋ္ဌိ ဒသမော။ ။
ကိန္နရိဝါနရကုဋ္ဋိနီ၊အမ္ဗဟာရိဂဇကုမ္ဘော။
ကေသဝါယကူဋ္ဌာရညံ၊သင်္ဂဘေဒေါ ဒေဝတာပဉှာ။ ၊
ကလိင်္ဂေါ ပုဒိမန္တောစ၊ကုဋိဒူသကကောကိလာ။
ဘူဋ္ဌကုဏာလဝဂ္ဂေါတိ၊ပဉ္စဝဂ္ဂါ စတုက္ကမှိ။
ဟောန္တိပညာသဇာတကာ။ ။

စတုက္ကနိပါတံ နိဋ္ဌိတံ။၅၀။

# ၅-ပဉ္စကနိပါတ်။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။ ။

(၁-မဏိကုဏ္ဍလဝဂ်)

## ၃၅၁-မဏိကုဏ္ဍလဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ ဇိနောရထဿ မဏိကုဏ္ဍလာ,အစရှိသော ဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော၍မဏိကုဏ္ဍလဇာတ်ကိုဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်၊ကောသလမင်း၏နန်းတွင်း၌ ပြစ်မှားသောအမတ်ကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ဘုရားလောင်းဗာရာဏသီမင်းသည်ဈာန်ကိုဖြစ်စေ၍ ကောင်းကင်၌ထက်ဝယ်ဖွဲ့သဖြင့်နေ၏။ခိုးသူမင်း၏ကိုယ်၌ပူခြင်းသည်ဖြစ်၏။ ခိုးသူမင်းသည်ဗာရာဏသီမင်း၏အထံသို့ဆည်းကပ်၍။ ။

(၁၀၀) ဇိနော ရထဿံ မဏိကုဏ္ဍလေစ၊
ပုတ္တေ စ ဒါရေ စ တထေဝ ဇိနော။
သဗ္ဗေသု ဘောဂေသု အသေသိကေသု၊
ကသ္မာ န သန္တပ္ပသိ သောက-ကာလေ။ ။

ဟူသောပဌမဂါထာကိုဆို၏။ ။

(၅၀၈) မဟာရာဇ၊ မြတ်သောမင်းကြီး။ တွံ၊ အရှင်မင်းကြီးသည်။ ရထသိ၊ ရထားနှင့်မြင်းကိုရင်း။ မဏိကုဏ္ဍလေစ၊ ပတ္တမြား စီချယ်သော ရွှေနားဒောင်းတို့ကိုရင်း။ ဇိနော၊ စွန့်ရသည်။ အသိ၊ ဖြစ်၏။ တထေဝ၊ ထို့အတူလျှင်။ ပုတ္တေစ၊ သားတော်သမီးတော်တို့ကိုရင်း။ ဒါရေစ၊ တသောင်းခြောက်ထောင်သောမယားတို့ကိုရင်း။ ဇိနော၊ စွန့်ရသည်။ အသိ၊ ဖြစ်၏။ အသေသိကေသု၊ အကြွင်းမရှိကုန်သော။ သဗ္ဗေသု၊ ကုန်အောင် ရုံးကုန်သော။ ဘောဂေသု၊ မင်းစည်းစိမ်တို့၌။ ဇိနော၊ ရှုံးသည်။ ဝါ၊ ကုန်ခန်းပျက်စီးဆုံးပါးကြီးတိုင်သည်။ အသိ၊ ဖြစ်၏။ အထ၊ ထိုသို့ဖြစ်လျက်။ ကသ္မာ၊ အဘယ့်ကြောင့်။ သောကကာလေ၊ စိုးရိမ်သောကဖြစ်ကောင်းသောကာလ၌။ န သန္တပ္ပသိ၊ ပူပန်စိုးရိမ်မှုပကတိတည်တန့်နိုင်ဘိသနည်း။ ။

ထိုစကားကိုကြား၍ဘုရားလောင်းသည်။ ။

(၅၀၉) ပုဗ္ဗေဝ မစ္စံ ဝိဇဟန္တိ ဘောဂါ၊
မစ္စော ဓနေ ပုဗ္ဗတရံ ဇဟာတိ။
အ-သဿတာ ဘောဂိနော ကာမ-ကာမိ၊
တသ္မာ န သောစာမဟံ သောက-ကာလေ။ ။

(၅၁၀) ဥဒေတိ အာပူရတိ ဝေတိ စန္ဒော၊
အန္တံ တပေတွာန ပလေတိ သူရိယော။
ဝိဒိတာ မယာ သတ္တုက လောကဓမ္မာ၊
တသ္မာ န သောစာမဟံ သောက-ကာလေ။ ။

ဟူသောဤနှစ်ဂါထာတို့ကိုဆို၏။ ။

(၅၀၉-၅၁၀) ကာမ-ကာမိ၊ ငါးပါးကာမဂုဏ်ကို လိုချင်တောင့်တသောမင်း။ ဝါ၊ ငါးပါးကာမဂုဏ်အာရုံမှားမိုက်နွားနှယ်လိုက်၍ အမြိုက်ထင်ဘိအလိုရှိတတ်သောမင်း။ ဘောဂါ၊ စည်းစိမ်တို့မူလည်း။ ပုဗ္ဗေဝ၊ စည်းစိမ်ရှင်မသေမီ ရှေးဦးစွာလျှင်။ မစ္စံ၊ စည်းစိမ်ရှင်သတ္တဝါကို။ ဝိဇဟန္တိ၊ စွန့် တတ်ကုန်၏။ မစ္စောဝါ၊ စည်းစိမ်ရှင် သတ္တဝါမူလည်း။ ဓနေ၊ ဥစ္စာစည်းစိမ်တို့ကို။ ပုဗ္ဗတရံဝေ၊ စည်းစိမ်မပျက်မီရှေးဦးစွာကလျှင်။ ဇဟာတိ၊ ပဲခြမ်းရွေးခြမ်းမပါ သံသရာသို့သွားသဖြင့်စွန့်ရ၏။ လောကေ၊ လူ့ရွာ၌။ ဘောဂိနော၊ စည်းစိမ်ရှင်ခံရသောသူတို့မည်သည်။ အသဿတာ၊ အမြဲမရှိကုန်။ ဘောဂေသုဝါ၊ စည်းစိမ်တို့သည်မူလည်း။ နဿေသု၊ ပြုန်းတီးပျက်စီးကုန်သည်ရှိသော်။ ဇိဝမာနာဝ၊ အသက်ရှည်ကုန်စဉ်လျှင်။

ဘောဂိနော၊စည်းစိမ်မှဲ့မွဲ ဆင်းရဲကုန်သည့်။ ဟောန္တိ၊ဖြစ်တတ်ကုန်၏။ ဘောဂေ၊စည်းစိမ်တို့ကို။ ပဟာယ၊စွန့်၍။ သယံဝါ၊မိမိဥစ္စာရှင်သည်မူလည်း။နဿတိ၊သေပျောက်ပျက်စီးရ၏။ တသ္မာ၊ထို့ကြောင့်။ အဟံ၊ငါသည်။သောကကာလေ၊လူပြိန်းဗာလ၏စိုးရိမ်သောကဖြစ်ကောင်းသောကာလ၌။ နသောစာမိ၊မစိုးရိမ်မပူပန်။ ။သတ္တုကြာ၊ဆန့်ကျင်ဘက်ရန်သူဖြစ်သောကောသလမင်း။ လောကဓမ္မာ၊လာဘာလာဘစသားလောကဓံတရားရှစ်ပါးတို့ကို။ မယာ၊ငါသည်။ဝိဒိတာ၊သိအပ်ကုန်၏။ စန္ဒော၊လမင်းသည်။ဥဒေတိ၊တက်၏။အာပူရတိ၊ပြည့်၏။ဝေတိ၊ဝင်၏။ ဝါ၊ကုန်၏။သူရိယော၊နေမင်းသည်။အန္ဓံ၊အမိုက်မှောင်ကို။ ဝိဓမေန္တော၊ဖျက်ဆီး၍။မဟန္တံ၊ကြီးစွာသော။အါလောကံ၊အလင်းကို။တပေတွာန၊ထွန်းလင်းတောက်ပစေ၍။နိသာယံ၊ညဦးအခါ၌။အတ္ထံ၊ဝင်ခြင်းသို့။ ပလေတိ၊ရောက်၏။ဝေမေဝ၊ဤနေနှင့်လအတူလျှင်။ ဘောဂါ၊စည်းစိမ်တို့သည်။ ဥပ္ပဇ္ဇန္တိ စ၊ဖြစ်လည်းဖြစ်တတ်ကုန်၏။ နဿန္တိ စ၊ပျက်လည်း ပျက်တတ်ကုန်၏။ အထ၊ထိုသို့ဖြစ်တတ်ပျက်တတ်သည်ဖြစ်လျက်။ သောကေန၊ စိုးရိမ်သဖြင့်။ ကိံ၊အဘယ်အကျိုးရှိအံ့နည်း။ တသ္မာ၊ထိုသို့အကျိုး မရှိသည်ဖြစ်သောကြောင့်။ သောကကာလေ၊ လူပြိန်းဗာလ၏ စိုးရိမ်သောက ဖြစ်ကောင်းသောကာလ၌။အဟံ၊ငါသည်။နသောစာမိ၊မစိုးရိမ်မပူပန်။ ။

ဤသို့ဘုရားလောင်းသည် ခိုးသူမင်းအားတရားဟောပြီး၍ ယခုအခါ၌ထိုခိုးသူမင်းကိုပင်ဓမ္မာနုဂ္ဂဟဖြင့်ချီးမြှင့်လိုရကား။ ။

(၁၀၁) အလသော ဂိဟီ ကာမ-ဘောဂီ န သာဓု၊
အ-သညတော ပဗ္ဗဇိတော နသာဓု။
ရာဇာ န သာဓု အ-နိသမ္မကာရီ၊
ယော ပဏ္ဍိတော ကောဓနော တံ န သာဓု။ ။

(၁၀၂) နိသမ္မ ခတ္တိယော ကယိရာ၊နာနိသမ္မ ဒိသမ္ပတိ။
နိသမ္မ-ကာရိနော ရာဇ၊ယသော ကိတ္တိ စ ဝဍ္ဎတိ။ ။

ဟူသောဤနှစ်ဂါထာတို့ကိုဆို၏။ ။

(၁၀၁-၁၀၂) ကာမဘောဂီ၊ စည်းစိမ်ကိုခံစားသော။ ဂိဟီ၊ လူဖြစ်လျက်။ အလသော၊ပျင်းရိသသူသည်။ နသာဓု၊မကောင်း။ပဗ္ဗဇိတော၊ရဟန်းဖြစ်လျက်။အသညတော၊ကိုယ်နှုတ်နှလုံးမစောင့်စည်းသသူသည်။ နသာဓု၊မကောင်း။ရာဇာ၊မင်းဖြစ်လျက်။ အနိသမ္မကာရီ၊ယုတ္တာယုတ္တိကို

မရှိကို မိမိဉာဏ်ဖြင့်ရှေးဦးမရှုစမ်းမဆင်ခြင်မူ၍ပြုလေ့ရှိမူ။ နသာဓုမ ကောင်း။ ယောပဏ္ဍိတော၊အကြင်ပညာရှိသည်။ ကောဓနော၊ အမျက် ထွက်လေ့ရှိ၏။တဿ၊ထိုပညာရှိလျက် အမျက်ထွက်လေ့ရှိသောသူ၏။ အာဒါနဂါဟိဝသေန၊မိမိဉာဏ်အထင်ကိုလျှင် မြဲမြံယူလေ့ရှိသည်၏အ စွမ်းဖြင့်။ တံကောဓနံ၊ ထိုအမျက်ထွက်ခြင်းသဘောသည်။ နသာဓုမ ကောင်း။ ။ခတ္တိယော၊ရေမြေပိုးရတနာရှင်ဖြစ်သောမင်းသည်။ နိ သမ္မ၊ပညာဉာဏ်စွမ်းဖြင့်ရှုစမ်းဆင်ခြင်၍။ကယိရာ၊ပြုရာ၏။ဒိသမ္ပတိ၊အ ရပ်မျက်နှာတို့၏အရှင်အဓိပတိဖြစ်သောမင်းသည်။ အနိသမ္မ၊ပညာဉာဏ် စွမ်းဖြင့်မရှုစမ်းမဆင်ခြင်မူ၍။နကယိရာ၊တိုင်းရေးပြည်မှုကိုမပြုမစီရင် ရာ။ရာဇ၊မင်းမြတ်။ နိသမ္မကာရိနော၊ပညာဉာဏ်စွမ်းဖြင့်ရှုစမ်းမြော်ချင့် လျက်ဆင်ခြင်၍ပြုလေ့ရှိသောမင်း၏။ ယသော၊စည်းစိမ် အခြံအရံသည် ၎င်း။ကိတ္တိစ၊ကျေးဇူးသတင်းကျော်စောခြင်းသည်၎င်း။ဝဍ္ဎတိ၊ပွါးများ ၏။ ။(ပဉ္စမာရေဇိနာတိတိဇိနောပြု၍ဇိဇယေဟူသောဓါတ်တွင်ဋ္ဌနွံ၊ဇိတော ဏုနသဗ္ဗတ္ထ၊ ဟူသောသုတ်ဖြင့် ဏုနပစ္စည်းသက်၍ဇိနဟု ပုဒ်ပြီးသည်မ ဟုတ်။ဇိဇာနိယံဓါတွတ္ထဘော်။ဇာနိယံ၊ဆုံးရှုံးခြင်း၌။ဝါ၊ရှုံးခြင်း၌။ ဝါ၊ကျန် ခန်းခြင်း၌,ပေး။ဇိနာတိတိဇိနောပြု၍ဇိဓါတ်နောင်တပစ္စည်းသက်။ဘိဒါ ဒိတောဏုနအနွ ဤဏာဝါ၊ဟူသောသုတ်ဖြင့်တပစ္စည်းကိုဤဏာပြု၍ ကွစိ ဓါတုဝိဘတ္တိပစ္စယါနံဒီဃဝိပရီတါဒေသာစ,ဟူသောသုတ်ဖြင့်မုဒ္ဓ ဇဏာကိုဒန္တဇနပြု၍ဇိနရုပ်ပြီးမှဇန္နဝဇိရာဂါထာပါဒလည်းသင့်သည်။ အ နက်လည်းလျော်သည်၊သဒ္ဒါလည်းတော်သည်။ ။ဇိဇာနိယံ။ဇာနာတိ။န ဇိနာတိ။နဇာပယေ။ဇိနောရထဿံမဏိကုဏ္ဍလေစ၊ပုတ္တေစဒါရေစတ ထေဝဇိနော။ ။သဒ္ဒနီတိဓါတုမာလာ။ ။ဟာဒိတောဤဏာကွစိ ဓါတုတိအာဒိနာဏာကာရေသနတ္တံ။ ပဟိယိတ္ထာတိ ပဟီနော ကိလေ သော။ပရိဟာယီတိပရိဟီနော။အာသဥပပေသနေ။အတ္ထိတိအာသိနော။ လိသိလေသနေ။လိသိတိလီနော။ဇိခယေ။ဇိယီတိဇိနော။ပိတ္တမနုဿော၊စ တိဇိတောဝါ။ခိခယေ။ခီနော။ပီတပါနေ။ပီနော။လူဆေဒနေ။လူယိတ္ထာတိ လူနော။ဏုတ္တာဒိ။ ။ရူပသိဒ္ဓိ။ ။ဤသို့ကျမ်းကြီးနှစ်စောင်ရှိ၍သဒ္ဒယုတ္တိ အတ္ထယုတ္တိတော်သတည်း။ဤဒိသတ်၌လည်း။ ပုဗ္ဗေဝမစ္စံဝိဇဟန္တိ ဘော ဂါ။ မစ္စောဓနေပုဗ္ဗတရံဇဟာတိ။ ဟု-လာရကား ဝွန်ခြင်းအနက်သည် ယုတ္တတရဖြစ်လှသည်။ဝေတိဝိဇ္ဇတိပုဒ်ဖြစ်၍ ဝိရှေးရှိသောဇဓါတ်ကြီ။

ပလာဂတိယံ။ပလေတိပလာယတိ။အတ္တံပလေတိ။(သဒ္ဒနီတိ)။ ။အတ္တံပလေတိအတ္တံဂစ္ဆတိနဒိဿတိ။ဤအဋ္ဌကထာ)။ ။မဏိကုဏ္ဍလဇာတကံ ပဌမံ။၃၅၁။

——————>÷ ✦ ÷<——————

## ၃၅၂-သုဇာတဇာတ်။

**နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော** သဗ္ဗညုမြတ်စွာဘုရားသည်၊ကိန္နုသန္တရမာနောဝ,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သောဤသုဇာတဇာတ်ကို၊ဇေတဝန်ကျောင်းကြီး၌သီတင်းသုံးနေတော်မူစဉ်၊အဘသေသောသူကြွယ်ကို အကြောင်းပြု၍ ဟောတော်မူ၏။ ။

ဘုရားလောင်းသည်။ ထိုစိုးရိမ်ငိုကြွေးသောအဘကိုမြင်၍ ငါ့အဘသည် ငါ့အဘိုးသေသောကာလမှစ၍ သောကနှိပ်စက်လျက် သွား၏။ ငါမှတပါးငါ့အဘကိုသိစိမ့်သော၌ စွမ်းနိုင်သောသူသည်မရှိ။ ငါသည်ငါ့အဘကိုတခုသောဥပါယ်ဖြင့်သောကကင်းအောင်ပြုအံ့ဟု၊ရွာပ၌နွားသေကိုမြင်၍မြက်ကိုရင်း ရေကိုရင်းဆောင်၍ ထိုနွားသေ၏ရှေ့၌ထား၍စားလော့သောက်လော့ဟုဆို၏။ လာတိုင်းလာတိုင်းသောသူတို့သည် ထိုဘုရားလောင်းကိုမြင်၍။ အချင်းသုဇာတ၊သင်သည် နွားသေအားမြက်ရေကိုပေး၏။ အဘယ့်ကြောင့်ရူးသနည်းဟုဆိုကုန်၏။ သုဇာတသည်တစုံတခုသောစကားတို့ကိုမဆို။ ထိုအခါ သုဇာတ၏အဘအထံသို့သွား၍သင့်သားသည်ရူး၏။နွားသေအားမြက်ရေကိုပေး၏ဟု ဆိုကုန်၏။ထိုစကားကိုကြား၍ထိုသူကြွယ်အားအဘ၌စိုးရိမ်ခြင်းကင်း၏။သား၌စိုးရိမ်ခြင်းသည်တည်၏၊သူကြွယ်သည်လျင်မြန်စွာသွား၍။ သုဇာတ၊သင်သည်ပညာရှိမဟုတ်လော။ အဘယ့်ကြောင့်နွားသေအား မြက်ရေကိုပေးသနည်းဟုဆို၍။ ။

(၈၁၃) ကိန္နု၊ သန္တရမာနောဝ၊လာယိတွာ ဟရိတံ တိဏံ။
ခါဒ ခါဒါတိ လပသိ၊ဂတ-သတ္တံ ဇရဂ္ဂဝံ။ ။

(၈၁၄) နဟိ အန္နေန ပါနေန၊မတော ဂေါဏော သမုဋ္ဌဟေ။
တွဉ္စ တုစ္ဆံ ဝိလပသိ၊ယထာ တံ ဒုမ္မတိ တထာ။ ။

ဟူသောဤနှစ်ဂါထာတို့ကိုဆို၏။ ။

(၇၀၃-၇၀၄) သုဇာတ၊ချစ်သားသုဇာတ။တွံ၊သင်သည်။ဂတသတ္တံ၊ဇီဝိတိန္ဒြေချုပ်ငြိမ်းခြင်းသို့ရောက်လေပြီးသော။ ဇရဂ္ဂဝံ၊နွားအိုကို။သတ္တ ရမာနေ၁ဝ၊အသေ၁တလျှင်ကဲ့သို့ဖြစ်၍။ဟရိတံ၊စိမ်းသော။ တိဏံ၊မြက်ကို။လာယိတွာ၊ရိတ်၍။ခါဒခါဒါတိ၊စားလော့စားလော့ဟူ၍။ ကိန္နု၊လပသိ၊အဘဲ့ကြောင့်ဆိုဘိသနည်း။ ။အန္နေန၊အစာပေးသဖြင့်၎င်း။ ပါနေန၊ရေပေးသဖြင့်၎င်း။မတော၊ဂေါဏော၊နွားသေသည်။နဟိသမုဋ္ဌဟေ၊မ ထသလျှင်ကတည်း။ ဒုမ္မတိ၊ပညာမရှိသောသူသည်။ ဝိလပေယျယထာ၊ ဆိုရာ၏သို့။တထာ၊ထိုအတူ။ တွဥ္စ၊သင်သည်လည်း။ တုစ္ဆံ၊အချည်းနှီး သောစကားကို။ဝိလပသိ၊ဆို၏။ ။

ထိုနေ၁င်မှဘုရားလောင်းသည်။ ။

(၇၀၅) တထေဝ တိဋ္ဌတိ သီသံ၊ဟတ္ထပါဒါ စ ဝါဠဓိ။
သော တာတ တထေဝ တိဋ္ဌတိ၊
မညေ ဂေါဏော သမုဋ္ဌဟေ။ ။

(၇၀၆) နေဝယျကဿ သီသဉ္စ၊ဟတ္ထပါဒါ စ ဒိဿရေ။
ရုဒံ မတ္တိက-ထူပသ္မိံ၊နနု တွညေဝ ဒုမ္မတိ။ ။

ဟူသော၌နှစ်ဂါထာတို့ကိုဆို၏။ ။

(၇၀၅-၇၀၆) တာတ၊ဘခင်။ သီသံ၊နွားဦးခေါင်းသည်။ တထေဝ၊ ထိုရှေးအတူသာလျှင်။ တိဋ္ဌတိ၊တည်၏။ဟတ္ထပါဒါစ၊ခြေလက်တို့သည် လည်း။တထေဝ၊ထိုရှေးအတူသာလျှင်။ တိဋ္ဌန္တိ၊တည်ကုန်၏။ ဝါဠဓိ၊အ မြီးသည်။တထေဝ၊လျှင်။တိဋ္ဌတိ၊တည်၏။သောဂေါဏော၊ထိုနွားသည်။ တထေဝ၊ထိုရှေးအတူသာလျှင်။ တိဋ္ဌတိ၊၏။ တသ္မာ၊ထိုကြောင့်။ သော ဂေါဏော၊ထိုနွားသည်။သမုဋ္ဌဟေ၊ထရာ၏ဟူ၍။ မညေ၊ငါအောက်မေ့ ၏။ ။အယျကဿ၊အဘိုး၏။သီသဉ္စ၊ဦးခေါင်းသည်၎င်း။ဟတ္ထပါဒါ စ၊လက်ခြေတို့သည်၎င်း။ နေဝဒိဿရေ၊အလျှင်းမထင်ကုန်။ တသ္မာ၊ထို ကြောင့်။ မတ္တိကထူပသ္မိံ၊မြေစေတီ၌။ရုဒံ၊ငိုသော။ တွညေဝ၊သင့်ဘခင် သည်သာလျှင်။ဒုမ္မတိနနု၊ပညာမရှိသည်မဟုတ်တုံလော။ ။

ထိုစကားကိုကြား၍ဘုရားလောင်း၏ အဘသည်ငါ့သားကားပညာ ရှိ၏။ ပစ္စုပ္ပန်လောက တမလွန်လောကနှစ်ပါးကိုသိ၏။ ငါ့ကို မှတ်စိမ့် သော၄ါထိုအမှုကိုပြု၏ဟုကြံ၍။အမောင်သုဇာတ။ သင်သည်ပညာရှိ၏။ ခပ်သိမ်းသောသင်္ခါရတို့သည် အမြဲမရှိကုန်ဟူ၍ ငါသည်မှတ်မိပြီ။ ယ

နေ့မှစ၍ ငါသည်မစိုးရိမ်အံ့။ အဘ၏သောကကို ပယ်သော သားမည်သည်ကားသင်ကဲ့သို့ဖြစ်ရာ၏ဟုဆို၍သားအားချီးမွမ်းလိုရကား။ ။

(၇၁၇) အာဒိတ္တံ ဝတ မံ သန္တံ၊ ဃတ-သိတ္တံဝ ပါဝကံ။
ဝါရိနာ ဝိယ ဩသိဉ္စံ၊ သဗ္ဗံ နိဗ္ဗာပယေ ဒရံ။ ။

(၇၁၈) အဗ္ဗဟီ ဝတ မေ သလ္လံ၊ ယမာသိ ဟဒယဿိတံ။
ယော မေ သောက-ပရေတဿ၊ ပိတု-သောကံ အပါနုဒိ။ ။

(၇၁၉) သောဟံ အဗ္ဗူဠှ-သလ္လောသ္မိ၊ ဝီတ-သောကော အနာဝိလော။
န သောစာမိ န ရောဒါမိ၊ တဝ သုတွာန မာဏဝ။ ။

(၇၂၀) ဧဝံ ကရောန္တိ သပ္ပညာ၊ ယေ ဟောန္တိ အနုကမ္ပကာ။
ဝိနိဝတ္တေန္တိ သောကမှာ၊ သုဇာတော ပိတရံ ယထာ။ ။

ဟူသော၍လေးဂါထာတို့ကိုဆို၏။ ။

(၇၁၇-၇၂၀) ဃတသိတ္တံဝဃတသိတ္တံဝေ၊ ထောပတ်ဖြင့် သွန်းလောင်းအပ်သည်သာလျှင်ဖြစ်သော။ပါဝကံ၊မီးကို။ဝါရိနာ၊ရေဖြင့်။ဩသိဉ္စံဝိယဩသိဉ္စန္တော၀ိယ၊ နိဗ္ဗာပေသိဝိယ၊ သွန်းလောင်း၍ ငြိမ်းစေဘိသကဲ့သို့။ဧဝံတထာ၊ထိုအတူ။ သုဇာတ၊ချစ်သားသုဇာတ။တွံ၊ချစ်သားသည်။ အာဒိတ္တံ၊သောကတည်းဟူသောမီးလောင်သည်။သန္တံ၊ဖြစ်သော။ မံ၊ငါကို။ဝတ၊စင်စစ်။နိဗ္ဗာပယေ၊ငြိမ်းစေပြီ။သဗ္ဗံ၊အလုံးစုံသော။ ဒရံ၊စိတ်ကိုပူပန်စေတတ်သောသောကကို။နိဗ္ဗာပယေနိဗ္ဗာပယိ၊ငြိမ်းစေပြီ။ ။ယော သုဇာတော၊အကြင်သုဇာတသည်။ သောက-ပရေတဿ၊သောကသည်နှိပ်စက်အပ်သော။မေ၊ငါ၏။ပိတု-သောကံ၊ အဘသေလွန်ခြင်းကြောင့်ဖြစ်သောစိုးရိမ်ပူပန်ခြင်းကို။ အပါနုဒိ၊ပယ်၏။ ဟဒယဿိတံ၊နှလုံးကိုမှီသော။ယံသလ္လံ၊အကြင်သောကတည်းဟူသောငြောင့်သည်။အာသိ၊ဖြစ်ပြီ။မေ၊ငါ၏။ တံသလ္လံ၊ထိုသောကတည်းဟူသောငြောင့်ကို။ တေနသုဇာတေန၊ထိုငါ့သားသုဇာတသည်။ဝတ၊စင်စစ်။ အဗ္ဗဟီအဘိဥဗ္ဗဟိတံ၊နုတ်အပ်ပြီ။ ။မာဏဝ၊လုလင်ငယ်။တဝ၊သင်၏။ ဝစနံ၊စကားကို။သုတွာန၊ကြား၍လျှင်။သောအဟံ၊ထိုငါသည်။ အဗ္ဗူဠှသလ္လော၊နုတ်ပယ်အပ်ပြီးသောသောကတည်းဟူသော ငြောင့်ရှိသည်။ အသ္မိ၊ဖြစ်၏။ ဝီတ-သောကော၊စိုးရိမ်ခြင်းကင်းလတ်ပေပြီ။ အနာဝိလော၊စိတ်နောက်ကျုခြင်းကင်းလတ်ပေပြီ။ဇာနာဒါနိ၊ယခု။နသောစာမိ၊မစိုးရိမ်။နရောဒါမိ၊မငိုကြွေး၊ ။ သုဇာတော၊ငါ့သားသုဇာတသည်။ ပိတရံ၊ကိုယ်ထက်ကြီးသော အဘ

ဖြစ်သော။ မံ၊ငါ့ကို။ အတ္တနော၊မိမိ၏။ သပ္ပညတာယ၊ ကြီးကျယ်သော
ပညာရှိသည်၏အဖြစ်ကြောင့်။ သောကမှာ၊စိုးရိမ်ခြင်းမှ။ ဝိနိဝတ္တယိယ
ထာ၊ နစ်စေငြိမ်းစေဘိသကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ အညေပိ၊သုဇာ
တမှတပါးလည်းဖြစ်ကုန်သော။ ယေနရာ၊အကြင်သူတို့သည်။ အနုကမ္ပ
ကာ၊အစဉ်စောင့်ရှောက် သနားတတ်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။
သပ္ပညာ၊ကြီးကျယ်သော ပညာရှိကုန်သော။ တေနရာ၊ထိုသူတို့သည်။
ကရောန္တိ၊ပြုကုန်၏။သောကမှာ၊စိုးရိမ်ခြင်းမှ။ ဝိနိဝတ္တေန္တိ၊နစ်စေကုန်
၏။ ။(ဂတသန္တံ့ဇရဂ္ဂဝန္တိ ဂတဇိဝိတံဇိန္နဂေါဏံအဋ္ဌကထာဘွင့်သည်
ကားအဓိပ္ပါယတ္တ။ သန္တံသမိတံဂတောဂတသန္တော။ သန္တံသမိတံ၊ဇိဝိ
တိန္ဒြေချုပ်ငြိမ်းခြင်းသို့။ဂတော၊ရောက်သည်တဉ်း။ဂတသန္တော၊ဇိဝိတိန္ဒြေ
ချုပ်ငြိမ်းခြင်းသို့ရောက်သည်။ ဂတသန္တံဟူ၍လည်းရှိသင့်၏။ သံသရာ
သို့သွားသော သတ္တဝါဖြစ်သော။ ဇရဂ္ဂဝံ၊နွားအိုကိုပေး။ယထာတံ၌တံ
ကားအနက်မရှိ။တ္တတာ၌ဆန်းအလိုငှါသံယုဂ်ရောက်သည်။ ဃတသိတ္တံ
၌မုဒ္ဒဇနူနှင့်၊ ဃနသိတ္တံရှိမူ၊ဃနသိတ္တံဧဝ၊ အိုး၌ထည့်လောင်းအပ်သည်
သာဖြစ်သော။ ပါဝကံ၊မီးကိုပေး။ အိုးနှင့် ကိုယ်တူသည်။ အိုး၌ထည့်
လောင်းအပ်သောမီးနှင့်သောကတူသည်မှတ်။ဝါရိနာဝိယဟူဥပမာဇော
တကရှိပြီးရကား။ဃတသိတ္တံနှုဝဟုမဖြတ်သာ။ဩသိဉ္စံ၌၊ဓါတူနံအတ္ထာ
တိသယအားဖြင့်သွန်းလောင်းခြင်းမျှကို မမှတ်အပ်၊သွန်းလောင်း၍ငြိမ်း
စေ၏ဟူသောအနက်လွန်ကိုမှတ်ရာသည်။ထို့ကြောင့်။ ဩသိဉ္စံဝိယဩ
သိဉ္စံတွာနိဗ္ဗာပေသိဝိယ၊သွန်းလောင်း၍ ငြိမ်းစေဘိသကဲ့သို့,အနက်ကို
ယောဇနာသည်။ငါ့ကိုယ်ငြိမ်းစေ၏ဟူသည်လည်း ငါ၏သောကမီးကို
ငြိမ်းစေသည်ဟူလိုရကား။သဗ္ဗံနိဗ္ဗာပယေဒရံဟုထပ်ပြန်သည်။အဗ္ဗူဠှံ
၌အဘိရှေးဦဟခါတ်တပစ္စည်း၊ဧင်းတပစ္စည်းကိုဟန္တေဟိဟောဟာသ
လော၀ါ အဒဟာနဟာနံ,သုတ်ဖြင့်ဟာ။ ဓါတုန်ဟာကို လပြု၍ပြီးရကား
အဗ္ဗူဠှံနေသည်။ ထို့ကြောင့်အဘိကိုအဗ္ဗူပြု၍ အသဒိသဒွေးဘော်နှင့်
အဗ္ဗူဠှံလိုသည်။ ဦဟခါတ်ဖြစ်ကြောင်းကိုလည်း။ အဗ္ဗူဟိ ဝတ မေ
သလ္လံ,ဟု-ပေတဝတ္ထုကျမ်း လာသောကြောင့်သိသာသည်။ မေ၊ငါ၏။
သလ္လံ၊စိုးရိမ်ခြင်းဟူသောငြောင့်ကို။ ဝတ၊စင်စစ်။ အဗ္ဗူဟိ၊ နုတ်ပြီ,ဟု
ထို၌ဂပ္ပါးဟော။ ဤ၌ကံဟော။ဤမျှထူးသည်။အဓိပ္ပါယ်ကားမကွဲကြ
ပြီ။အဗ္ဗူဠှသလ္လော၌လည်းဧင်းနည်း။ ဝိနိဝတ္တေန္တိဟုကာရိုက်လိုသည်။

ဝိနိဝတ္တန္တိ ဟုသုဒ္ဓမသိ။ထို့ကြောင့်၊ယထာမမပုတ္တော သုဇာတောဝိတရံ သမာနံ အတ္တနော သပ္ပညတာယ သောကမှာဝိနိဝတ္တယိ၊ ဖေံအညေပိ သပ္ပညာ သောကမှာ ဝိနိဝတ္တ ယန္တိတိအတ္ထော,ဟု- အဋ္ဌကထာ ဘွင့် သော၀်)။ ။သုဇာတဇာတကံ ဒုတိယံ။၃၅၂။

---

## ၃၅၃-ဝေနသာခါဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ နယိဒံနိစ္စံဘဝိတဗ္ဗံ,အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော ဤဝေနသာခါဇာတ်ကို၊ ဘဂ္ဂတိုင်းသုသုမာရဂိရိပြည်ကိုမှီ၍ဘေသကလာတောဌ် သီတင်းသုံးနေတော်မူစဥ်၊ဗောဓိမင်းသားကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ဘုရားလောင်းသည်အဂ်ဝိဇ္ဇာ၏ အပွမ်းအားဖြင့် ထိုမင်းသား၏ရုန့်ရင်းကြမ်းကြုတ်သော နှိုင်ထက်ကလူ မူတတ်သော အဖြစ်ကိုသိ၍၊ အမောင်၊သင်သည်ကြမ်းကြုတ်ရုန့်ရင်း၏၊ နှိုင်ထက်ကလူမူတတ်၏၊ ကြမ်းကြုတ်သဖြင့်ရသောစည်းစိမ် အစိုးရခြင်းသည် အရှည်မတည်။အစိုးရခြင်းသည် ပျက်စီးလတ်သော်ထိုကြမ်းကြုတ်သောသူသည် သမုဒ္ဒရာဌ် လှေပျက်သောသူကဲ့သို့ တည်ရာကိုမရသည်ဖြစ်၏။ ထို့ကြောင့် ဤသို့ကြမ်းကြုတ်ရုန့်ရင်းသည်မဖြစ်လင့်ဟုထိုမင်းသားကိုဆုံးမလိုရကား။ ။

(၇၂၁) နယိဒံ နိစ္စံ ဘဝိတဗ္ဗံ ဗြဟ္မဒတ္တ၊
ခေမံ သုဘိက္ခံ သုခတာ စ ကာယေ။
အတ္ထစ္စယေ မာအဟု သံပမူဠှော၊
ဘိန္နပ္လဝေါ သာဂရဿေဝ မဇ္ဈေ။ ။

(၇၂၂) ယာနိ ကရောတိ ပုရိသော၊တာနိ အတ္တနိ ပဿတိ။
ကလျာဏ-ကာရီ ကလျာဏံ၊ပါပ-ကာရီ စ ပါပကံ။
ယာဒိသံ ဝပတေ ဗီဇံ၊တာဒိသံ ဟရတေ ဖလံ။ ။

ဟူသောဤနှစ်ဂါထာတို့ကိုဆို၏။ ။

(၇၂၁-၇၂၂) ဗြဟ္မဒတ္တ၊ဗြဟ္မဒတ်မင်းသား။ ခေမံ၊ဘေးကင်းသည်၏အဖြစ်သည်ငင်း။သုဘိက္ခံ၊ ရလွယ်သောထမင်းအဖျော်အစာ‌ခဲဖွယ်ရှိသည်ငင်း။ကာယေ၊ကိုယ်၌။ သုခတာစ၊ချမ်းသာသည်၏ အဖြစ်သည်

၎င်း။အဋ္ဌိ၊ရှိ၏။ ဇူမေသံသဋ္ဌာနံ၊ဤသဏ္ဌာဝါတို့၏၊ ဤသဏ္ဌာဝါတို့အား။
ဏ္ဍုဒံသဖွံ့၊ဤဆိုအပ်ပြီးသော ခေမသုဘိက္ခသုခအဖြစ်သည်။ နိစ္စံ၊မြဲသည်။
နဘဝိတဗ္ဗံ၊မဖြစ်ရာ။အနိစ္စံ၊မမြဲသည်။ဟုတွာ၊ဖြစ်၍။အဘာဝဓမ္မံ၊ပျက်စီး
သည်ဖြစ်၍ထင်ရှားမရှိဖြစ်တတ်၏။သောတွံ၊ထိုသင်သည်။အဍ္ဍွယော၊
မိမိ၏အစိုးရခြင်းနှ သာရိယဘောကင်းသည်ဖြစ်၍ စီးပွါးချမ်းသာပျက်
စီးဆုတ်ယုတ်သည်။ သတိ၊ရှိသော်။ သာဂရသာ၊သမုဒ္ဒရာ၏။ မဇ္ဈေ၊အ
လယ်၌။ဘိန္န-ပ္လဝေါ၊သင်္ဘောပျက်သောသူသည်။ ပတိဋ္ဌံ၊တည်ရာကို။အ
လဘန္တောဇူဝ၊မရ၍သို့။ပတိဋ္ဌံ၊တည်ရာကို။အလဘန္တော၊မရသည်။သံပ
မူဠှော၊ပြင်းစွာတွေဝေ မှိုင်ထိုင်လက်ချရှိရသည်။ မာအဟု၊ မဖြစ်စေ
လင့်။ ။ပုရံသော၊ယောက်ျားသည်။ ယာနိ၊အကြင်ကောင်းမကောင်း
သောအမှုတို့ကို။ကရောတိ၊ပြု၏။ တေသံ၊ထိုကောင်းမကောင်းသောအ
မှုတို့၏။ ဖလံ၊အကျိုးကို။ ဝိန္ဒန္တော၊သည်ရှိသော်။ တာနိ၊ ထိုမိမိပြုအပ်
သောကောင်းမကောင်းသောအမှုတို့ကို။အတ္တနိ၊မိမိ၌။ပဿတိ၊မြင်ရ၏။
ကလျာဏ-ကာရီ၊ ကောင်းမှုကို ပြုလေ့ရှိသော သူသည်။ ကလျာဏံ၊
ကောင်းကျိုးကို။ပဿတိ၊မြင်ရ၏။ ပါပကာရီစ၊မကောင်းမှုကို ပြုလေ့ရှိ
သောသူသည်လည်း။ပါပကံ၊မကောင်းကျိုးကို။ပဿတိ၊မြင်ရ၏။ယာဒိ
သံ၊အကြင်သို့သဘောရှိသော။ဗီဇံ၊မျိုးကို။ဝပ္ပတေ၊စိုက်ပျိုး၏။တာဒိသံ၊
ထိုမျိုးစေ့နှင့်တူသောသဘောရှိသော၊ ဖလံ၊အသီးကို။ဟရတေယထာ၊
ဆောင်၏သို့တည်း။ ။ထိုဗြဟ္မဒတ်မင်းသားသည်။ ဆရာကိုရှိခိုးပြီး၍။
ဗာရာဏသီပြည်သို့ပြန်လတ်ပြီးသော် ခမည်းတော်အားအတတ်ကိုပြ၍
အိမ်ရှေ့အဖြစ်၌တည်လတ်ပြီ။ခမည်းတော်ကွယ်လွန်သဖြင့် မင်းအဖြစ်
သို့ရောက်၏။ထိုမင်းသားအားပိင်္ဂလအမည်ရှိသော ပုရောဟိတ်သည်ရှိ
၏။ကြမ်းကြုတ်ရုန့်ရင်း၏၊နှိုင်ထက်ကလူမှုတတ်၏။ ထိုပိင်္ဂလပုရောဟိတ်
သည်စည်းစိမ်၌တပ်မက်သဖြင့်ငါသည်ဗြဟ္မဒတ်မင်းကို အလုံးစုံသော
ဇမ္ဗူဒိပ်၌အလုံးစုံသောမင်းတို့ကို ဘမ်းယူစေရမူကားကောင်း၏။ ဤသို့
ဘမ်းယူသည်ရှိသော် ဤဗြဟ္မဒတ်မင်းသည် ဧကရာဇ်မင်းဖြစ်လတ္တံ့။ငါ
သည်လည်းမြတ်သောပုရောဟိတ်ဖြစ်လတ္တံ့ဟုကြံ၏။ ကြံပြီး၍ထိုပုရော
ဟိတ်သည်ဗြဟ္မဒတ်မင်းကို မိမိစကားကိုယူစေ၏၊ ဗြဟ္မဒတ်မင်းသည်
များစွာသောစစ်သည်တို့ဖြင့် မြို့မှထွက်၍ တယောက်သောမင်း၏မြို့ကို
ဝန်းရံ၍ထိုမင်းကိုဘမ်း၏။ ဤနည်း ဖြင့် အလုံးစုံသောဇမ္ဗူဒိပ်၌ပြည်ကို

ယူ၍မင်းတထောင်ခြံရံလျက် တက္ကသိုလ်ပြည်၌ မင်းအဖြစ်ကိုယူအံ့ဟု သွား၏။ဘုရားလောင်းသည် မြို့ကိုပြုပြင်၍ သူတပါးတို့ မဖျက်ဆီးနိုင်သည်ကို၊ဗာရာဏသီမင်းဂင်္ဂါမြစ်နား၌ကြီးစွာသော ပညောင်ပင်၏အရင်း၌တင်းတိမ်ကာရံ၍ အထက်၌ဗိတာန်ကိုကြက်စေ၍အိပ်ရာကို ခင်းစေ၍နေ၏။ထိုဗါရာဏသီမင်းသည်ဇမ္ဗူဒိပ်အပြင်၌မင်းတထောင်တို့ကို ယူ၍စစ်ထိုးငြားသော်လည်းတက္ကသိုလ်ပြည်ကိုယူအံ့သော၄ါမတတ်နိုင်သည်ဖြစ်၍ ပုရောဟိတ်ကို၊ဆရာ၊ ငါတို့သည်ဤမျှကုန်သောမင်းတို့နှင့်တကွလာ၍လည်း တက္ကသိုလ်ပြည်ကိုယူအံ့သော၄ါမတတ်နိုင်ကုန်။ အဘယ်သို့ပြုအပ်သနည်းဟုမေး၏။မြတ်သောမင်းကြီး။ မင်းတထောင်တို့၏မျက်စိကိုထုတ်၍သတ်၍ ဝမ်းကိုခွဲ၍ ကောင်းမြတ်သော နှလုံးသည်းပွတ်စသော အသားကိုယူ၍ ဤပညောင်ပင်စောင့်နတ်အား ပူဇော်ခြင်းကိုပြု၍အူတို့ဖြင့်ပညောင်ပင်ကိုရစ်၍သွေးလက်ငါးချောင်းရာပေးခြင်းတို့ကိုပြုကြကုန်အံ့။ ဤသို့ပြုသည်ရှိသော် အကျွန်ုပ်တို့အား လျင်မြန်စွာလျှင်အောင်ခြင်းသည် ဖြစ်လတ္တံ့ဟု- ပုရောဟိတ်သည်လျှောက်၏။မင်းသည်ကောင်းပြီဟုဝန်ခံ၍တင်းတိမ်တွင်း၌အားကြီးကုန်သောလက်ပန်းသည်တို့ကိုထား၍ တယောက်တယောက်သောမင်းကိုခေါ်စေ၍ နှိမ်စေသဖြင့်လျှင်မိန်းမောအောင်ပြုစေ၍ မျက်စိတို့ကိုထုတ်၍ အသားကိုယူ၍ ကိုယ်ကိုဂင်္ဂါမြစ်၌မျှော၍ဆိုအပ်ပြီးသောအပြားရှိသော နတ်ပူဇော်ခြင်းကိုပြု၍စစ်ထိုးစည်ကိုတီးစေ၍စစ်ထိုးအံ့သော၄ါသွား၏။ ထိုအခါပြစင်မှတယောက်သောဘီလူးသည် လာလတ်၍ ဗာရာဏသီမင်း၏လကျ်ာမျက်စိကိုထုတ်၍သွား၏။ထိုအခါဗာရာဏသီမင်းအားကြီးစွာသောဝေဒနာသည်ဖြစ်၏။ ထိုမင်းသည်ဝေဒနာသို့ရောက်လတ်သော်လာလတ်၍ပညောင်ပင်ရင်းဝယ်ခင်းအပ်သောနေရာ၌ပက်လက်အိပ်၏။ တခုသောလင်းတသည် ထက်စွာသောအစွန်းရှိသော အရိုးကိုယူ၍ ပညောင်ပင်ဖျား၌အသားကိုစား၍အရိုးကိုစွန့်ပစ်၏။အရိုးစွန်းသည်လာလတ်၍ မင်း၏လက်ဝဲမျက်စိ၌သံတံကျင်တို့ဖြင့်ထိုးဘိသကဲ့သို့ကျ၍ မျက်စိကိုဘေ၏။ ထိုခဏ၌ဘုရားလောင်း၏စကားကိုမှတ်မိ၏။ ထိုမင်းသည်ကားမျိုးစေ့အားလျော်စွာ အသီးဖြစ်သကဲ့သို့ ကံအားလျော်သော အကျိုးကိုခံစားရကုန်၏ ဟု-ဆိုသောငါတို့ဆရာသည် ဤကိုမြင်၍ဆိုယောင်တကား ဟုဆိုလို၍။ ။

(၁၂၃) ဈာဒံ တဒါစရိယ-ဝစော၊ပေါရာဏာစရိယော မဗြဝိ။
မာ သု တွံ အကရိ ပါပံ၊ယံ တွံ ပစ္ဆာ ကတံ တပေ။ ။

(၁၂၄) အယမေဝ သောဝိ ဘိယျော ဝေနသာခေါ၊
ယမှိ ဃာတယိံ ခတ္တိယာနံ သဟဿံ။
အလင်္ကတေ စန္ဒန-သာရာနုလိတ္တေ၊
တမေဝ ဒုက္ခံ ပစ္စာဂတံ မမံ။ ။

ဟူသောဤနှစ်ဂါထာတို့ကိုဆို၏။ ။

(၁၂၃-၁၂၄) ဗြဟ္မဒတ္တ၊ဗြဟ္မဒတ်။ တယာ၊သင်သည်။ ကတံပြု၊အပ်သော။ ယံပါပံ၊အကြင်မကောင်းမှုသည်။ပစ္ဆာ၊နောက်၌။တံ၊သင့်ကို။ တပေ၊ပူပန်စေရာ၏။ဘံပါပံ၊ထိုနောက်၌ပူပန်စေတတ်သောမကောင်းမှုကို။ တွံ၊သင်သည်။မာသုကရိ၊မပြုလင့်။ဈာဒံတံအာစရိယဝစော၊ဤသို့သဘောရှိသောထိုဆရာမြတ်၏ဆုံးမသောစကားကို။ ပေါရာဏာစရိယော၊ရှေးအတိ,ထုံးပဝေဏီကို မှတ်မိသော ငါတို့ဆရာသည်။မံ၊ငါ့ကို။ အဗြဝိ၊ဆိုဘူးပေသည်ပင်။အဟံပန၊ငါမူကား။အသသ၊ထိုဆရာ၏။ ဝစနံ၊အဆုံးမစကားကို။အကရိ၊မပြုမကျင့်မလိုက်နာမိပေ။ ။ယမှိ၊အကြင်ပညောင်ပင်၌။ခတ္တိယာနံ၊မင်းတို့၏။ သဟဿံ၊တထောင်ကို။အဟံ၊ငါသည်။ဃာတယိံ၊သတ်ခဲ့ပြီ။ အလင်္ကတေ၊မင်းတို့၏တန်ဆာဖြင့် တန်ဆာဆင်အပ်ကုန်သော။ စန္ဒနသာရာနုလိတ္တေ၊စန္ဒကူးနှစ်ဖြင့်လိမ်းကျံ အပ်ကုန်သော။ ခတ္တိယေ၊ တထောင်သောမင်းတို့ကို။ ဃာတယိံ၊သတ်မိပြီ။ ဘိယျော၊လွန်မွာ။ဝေနသာခေါ၊ပြန့်သောအခက်ရှိသော။ သောဝိရုက္ခော၊ထိုသတ်ရာဖြစ်သော ပညောင်ပင်သည်လည်း။ အယမေဝ၊ဤပညောင်ပင် ပင်တည်း။ ။(ထိုပညောင်ပင်သည်ယခုအခါ၌ငါ့အားစောင့်ရှောက်ကွယ်ကာခြင်းကိုပြုခြင်းငှါမတတ်နိုင်ဟူသောအနက်ကိုပြ၏)။ ။မယာ၊ငါသည်။ယံဒုက္ခံ၊အကြင်သူတပါး၏မျက်စိကိုထုတ်နှုတ်ခြင်းဆင်းရဲကို။ ကတံ၊ပြုမိပြီ။(ထည့်)။ တမေဝဒုက္ခံ၊ထိုမျက်စိကို ထုတ်နှုတ်ခြင်းဆင်းရဲသည်ပင်လျှင်။မမံ၊ငါသို့။ပစ္စာဂတံ၊တဖန်ပြန်၍လာပြန်ပေပြီ။ ။(ပစ္စာဂတံ,ရှိမူ၊ပစ္ဆာ၊နောက်၌။မမံ၊ငါသို့။အာဂတံ၊လာပြန်ပေပြီပေး)။ ။

ထိုမင်းသည်ဤသို့ငိုကြွေးလျက်မိဘုရားကြီးကိုအောက်မေ့၍။ ။

(၁၂၅) သာမာ စ ခေါ စန္ဒန-လိတ္တဂတ္တာ၊
လဋ္ဌီဝ သောဘဉ္ဇနကဿ ဥဂ္ဂတာ။
အဒိသွာ ကာလံ ကရိဿာမိ ဥပ္ပရိ၊
တံ မေ ဣတော ဒုက္ခတရံ ဘဝိဿတိ။ ။

ဟူသော ဤပဉ္စမဂါထာကိုဆို၏။ ။

(၁၂၅) ဥပ္ပရိ၊ ငါ၏မိဘုရားကြီးဥပရိသည်။ သာမာစခေါ၊ ရွှေသောအဆင်းရှိသည်သာလျှင်တည်း။ စန္ဒနလိတ္တဂတ္တာ၊ စန္ဒကူးဖြင့်လိမ်းကျံသောကိုယ်ရှိ၏။ သောဘဉ္ဇနကဿ၊ ဒန့်သလွန်ပင်၏။ ဥဂ္ဂတာ၊ အထက်သို့တက်သော။ လဋ္ဌီဝ၊ ညင်းညင်းသောလေသည်တိုက်အပ်သည်ဖြစ်၍ တုန်လှုပ်သောအခက်ကဲ့သို့။ ဣတ္ထိဝိလာသံ၊ မိန်းမ၏တင့်တယ်စမွာယ်ကို။ ကုရုမာနာ၊ ပြုလျက်။ သောဘတိ၊ တင့်တယ်၏။ အဟံ၊ ငါသည်။ အဂ္ဂိနံ၊ မျက်စိတို့၏။ ဘိန္နတ္တာ၊ ပျက်သည်၏အဖြစ်ကြောင့်။ တံဥပရိံ၊ ထိုဥပရိအမည်ရှိသော မိဘုရားကြီးကို။ အဒိသွာ၊ မမြင်ရမူ၍။ ကာလံကရိဿာမိ၊ သေရအံ့။ တံအဒဿနံ၊ ထိုဥပရိမိဘုရားကြီးကိုမမြင်ရခြင်းသည်။ မေ၊ ငါ့အား။ ဣတော၊ မရဏဒုက္ခတော၊ ဤသေရခြင်းဆင်းရဲထက်။ ဒုက္ခတရံ၊ အလွန်ဆင်းရဲသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ။(ဣဒံတဒါစရိယဝစောတိ ဣဒံကံ အာစရိယဿ ဝစနံ,အဋ္ဌကထာဘွင့်ရကား။ ကဿပဿ ဝစောသုတွာ,ကဲ့သို့အင်္ဂါကို ဩရေးသည်။ ပေါရာဏာစရိယောတိဘံဂေါတ္တေနကိတ္တေတိ,ဟု- အဋ္ဌကထာဘွင့်ရကား။ အာစရိယဿဝစော အာစရိယဝစော,ပြု၍ ထိုဆုံးမတတ်သော ဆရာကိုပင်လျှင် ပေါရာဏာစရိယော,ဟု- ဂေါတ္တအားဖြင့်ကြားပြန်၏ဟူလို။ မပြဝိမံအပြဝိ,ဖြတ်။ မာသုတွံ့ ၌သုကားအနက်မရှိ။ တွံကားပဌမန္တတည်း။ ယံတွံ၌တွံကား ကဋ္ဌသတွံမညေ,ကဲ့သို့၊ တုမှသဒ္ဒါ ဝံတွံမံမှ,ဖြင့်ပြီးသောဒုတိယန္တတည်း။ ဝေနသါခါတိပသတာသာခေါ,အဋ္ဌကထာဘွင့်ရကား။ ဝေနသာခါတေဿာတိဝေနသာခေါ,ပြု၍ ထက်ဝန်းကျင်ပြန့်သောအခက်ရှိသောပညောင်ပင်ရှိသတည်း။ ခတ္တိယာနံ သဟာဿံ,၏အရကိုပင် အလက်တေစန္ဒနသာရာနုလိတ္တေ့ဟု- ဘော်ပြန်သတည်း)။ ။ဝေနသာခါဇာတကံ တတိယံ။ ၃၅၃။

## ၃၅၄-ဥရဂဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ဥရဂေါဝတစံဗိဿုံ့,အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော ဤဥရဂဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊သားသေသောသူကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

သိကြားမင်းသည်သုသာန်၏အနားသို့ရပ်၍၊အမောင်တို့၊သင်တို့သည်အဘယ်အမှုကိုပြုကုန်သနည်းဟုဆို၏။တယောက်သောလူကို သင်္ဂြိုဟ်ကုန်၏ဟုဆိုသည်ရှိသော်၊ သင်တို့သည်လူကိုမသင်္ဂြိုဟ်ကုန်။တရသောသမင်ကိုသတ်၍ မီးဖုတ်ကုန်ယောင်တကားဟုဆို၏။အရှင်၊ သမင်ဖုတ်သောအမှုမဟုတ်၊လူကိုလျှင်ငါတို့သင်္ဂြိုဟ်ကုန်၏ဟုဆိုသည်ရှိသော်။ ထိုသို့တပြီးကား သင်တို့၏ရန်သူ လူဖြစ်လတ္တံ့ဟုဆို၏။ ထိုအခါ ဘုရားလောင်းသည်၊အရှင်၊ရင်၌ဖြစ်သောသားတည်း၊ရန်သူမဟုတ်ဟုဆို၏။ထိုသို့တပြီးကား သင်တို့သည် မချစ်သောသားဖြစ်လတ္တံ့ဟု သိကြားမင်းသည်ဆို၏။အရှင်၊အလွန်လျှင်ချစ်သော သားတည်းဟု ဘုရားလောင်းသည်ဆို၏။ ထိုသို့အလွန်ချစ်သောသားဖြစ်လျက် အဘဲ့ကြောင့် မငိုသနည်းဟု သိကြားမင်းဆိုသည်ရှိသော်၊ မငိုခြင်း၏အကြောင်းကို ဆိုလိုသောဘုရားလောင်းသည်။ ။

(၇၂၆) ဥရဂေါဝ တစံ ဇိဏ္ဏံ၊ဟိတွာ ဂစ္ဆတိ သန္တနုံ။
ဧဝံ သရီရေ နိဗ္ဘောဂေ၊ပေတေ ကာလင်္ကတေ သတိ။ ။

(၇၂၇) ဍယှမာနော န ဇာနာတိ၊ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ န သောစာမိ၊ဂတော သော တဿ ယာ ဂတိ။ ။

ဟူသောဤနှစ်ဂါထာတို့ကိုဆို၏။ ။

(၇၂၆-၇၂၇) သာမိ၊ အရှင်။ ဥရဂေါ၊မြွေသည်။ တစံဇိဏ္ဏံ၊အရေဟောင်းကို။ ဟိတွာ၊စွန့်၍။ ဂစ္ဆတိဃဝ၊သွား၏သို့။ တထာ၊ထိုအတူ။မမပုတ္တော၊ငါ့သားသည်၊သန္တနုံ၊မိမိကိုယ်ကို။ဟိတွာ၊စွန့်၍။ ဂစ္ဆတိ၊သွား၏။ ဧဝံ၊ဤသို့။ သရီရေ၊ကိုယ်သည်။ နိဗ္ဘောဂေ၊ဇီဝိတိန္ဒြေမရှိခြင်းကြောင့်ခံစားခြင်း ကင်းလတ်သော်။ ပေတေ၊တမလွန်ဘဝသို့ သွားလတ်သော်။ ကာလင်္ကတေ၊သေလွန်သည်။ သတိ၊ရှိသော်။ ဍယှမာနော၊မီးသင်္ဂြိုဟ်အပ်သောသားသည်။ဉာတီနံ၊ဆွေမျိုးတို့၏။ပရိဒေဝိတံ၊ငိုကြွေးခြင်းကို။

နဇာနာတိ၊မသိ။တဿ၊ထိုသား၏။ယာဂတိ၊အကြောင်ဂတိသည်။ အဋ္ဌိ၊ရှိ၏။ တံ၊ထိုဂတိသို့။ သော၊ထိုသားသည်။ ဂတော၊ သွား၏။ တသ္မာ၊ထိုကြောင့်။ဧတံ၊ထိုသားကို။နသောစာမိ၊မစိုးရိမ်။ ။

သိကြားမင်းသည်ဘုရားလောင်း၏စကားကိုကြား၍ ပုဏ္ဏေးမကို၊မိခင်၊သေသောသူသည်သင်နှင့်အဘယ်သို့တော်သနည်းဟုမေး၏။အရှင်၊ဆယ်လပတ်လုံး ဝမ်းဖြင့်လွယ်၍နို့တိုက်၍ လက်ခြေတို့ကိုကောင်းစွာပြုပြင်၍ ကြီးစေသောသားတည်းဟု ပုဏ္ဏေးမဆို၏။ မိခင်၊အဘသည် ကားယောကျ်ားဖြစ်သောကြောင့်မငိုသည်ဖြစ်စေ။အမိနှလုံးသည်ကားနူးညံ့၏။သင်သည်အဘယ့်ကြောင့်မငိုသနည်းဟုမေးသည်ရှိသော်၊မငိုခြင်း၏အကြောင်းကိုဆိုလိုသောပုဏ္ဏေးမသည်။ ။

(၇၂၈) အနဝှိတော တတော အာဂါ၊နာနုညာတော ဣတော ဂတော။
　　　ယထာဂတော တထာ ဂတော၊တတ္ထ ကာ ပရိဒေဝနာ။ ။

(၇၂၉) ဍယှမာနော န ဇာနာတိ၊ဉာတီနံ ပရိဒေဝိတံ။
　　　တသ္မာ ဧတံ န သောစာမိ၊ဂတော သော တဿ ယာ ဂတိ။ ။

ဟူသော၌နှစ်ဂါထာတို့ကိုဆို၏။ ။

(၇၂၈-၇၂၉) သာမိ၊အရှင်။ မမပုတ္တော၊အကျွန်သားသည်။ အနဝှိတော၊မခေါ်ဘဲ။တတော၊ထိုဘဝတပါးမှ။ အဗှာကံ၊တို့၏။ ဂေဟံ၊အိမ်သို့။အာဂါ၊လာ၏။ နာနုညာတော၊ ခွင့်မလွှတ်ဘဲ။ ဣတော၊ဤအိမ်မှ။ ဂတော၊ဘဝတပါးသို့သွား၏။အာဂတော၊ယထာ၊အလိုအလျောက်လာသကဲ့သို့။တထာ၊ထိုအတူ။ဂတော၊အလိုအလျောက်သွား၏။တတ္ထ၊ထိုအလိုအလျောက်လာ၍ အလိုအလျောက်သွားရာ၌။ ပရိဒေဝနာ၊ ငိုကြွေးခြင်းသည်။ ကာ၊ အဘယ်အကျိုးရှိအံ့နည်း။ ။ဍယှမာနော၊ မီးသင်္ဂြိုဟ်အပ်သောသားသည်။ဉာတီနံ၊ဆွေမျိုးတို့၏။ ပရိဒေဝိတံ၊ငိုကြွေးခြင်းကို။နဇာနာတိ၊မသိ။တဿ၊ထိုသား၏။ ယာဂတိ၊အကြောင်ဂတိသည်။အဋ္ဌိ၊ရှိ၏။ တံ၊ထိုဂတိသို့။ သော၊ထိုသားသည်။ ဂတော၊သွား၏။ တသ္မာ၊ထိုကြောင့်။ ဧတံ၊ထိုသားကို။နသောစာမိ၊မစိုးရိမ်။ ။

သိကြားမင်းသည် ပုဏ္ဏေးမ၏စကားကိုကြား၍ သေသော်သူ၏နှမကို၊မိခင်၊သေသောသူသည်သင်နှင့်အဘယ်သို့တော်သနည်းဟုမေး၏။အရှင်၊သေသောသူသည်ကျွန်ုပ်မောင်တည်းဟုဆို၏။မိခင်၊နှမတို့သည်ကားမောင်တို့နှင့် ချစ်တတ်ကုန်၏။ သင်သည် အဘယ့်ကြောင့် မငိုသနည်းဟု

သိကြားမင်းသည်မေး၏။သေသောသူ၏ရှမသည် မငိုခြင်း၏အကြောင်း
ကိုဆိုလိုရကား။ ။
(၁၃၀) သစေ ရောဒေ ကိသာ အဿံ၊တဿာ မေ ကိံ ဖလံ သိယာ။
ဉာတိ-မိတ္တ-သုဟဇ္ဇာနံ၊ဘိယျော နော အရတီ သိယာ။ ။
(၁၃၁) ခုယှမာနော န ဇာနာတိ၊ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ န သောစာမိ၊ဂတော သော တဿ ယာ ဂတိ။ ။
ဟူသော၍နှစ်ဂါထာတို့ကိုဆို၏။ ။
(၁၃၀-၁၃၁) သာဝ်၊အရှင်။ သစေရောဒေ၊အကယ်၍ငိုငြားအံ့။ ကိ
သာ၊ကြုံလှီသည်။ အဿံ၊ဖြစ်ရာ၏။ တဿာမေ၊ထိုအကျွန်အား။ ကိံဖ
လံ၊အဘယ်အကျိုးသည်။ သိယာ၊ဖြစ်ရာသနည်း။ နော၊အကျွန်ုပ်တို့၏။
ဉာတိမိတ္တသုဟဇ္ဇာနံ၊ အဆွေအမျိုး အဆွေခင်ပွန်း ချစ်ကျွမ်းဝင်ကုန်
သောသူတို့အား။ ဘိယျော၊လွန်စွာ။အရတိ၊မမွေ့လျော်ခြင်းသည်။ သိ
ယာ၊ဖြစ်ရာ၏။ ။ခုယှမာနော၊မီးဖုတ်အပ်သောမောင်သည်။ဉာတီနံ၊
ဆွေမျိုးတို့၏။ ပရိဒေဝိတံ၊ငိုကြွေးခြင်းကို။ နဇာနာတိ၊မသိ။ တသ္မာ၊ထို
ကြောင့်။ ဧတံ၊ထိုသေသောမောင်ကို။ အဟံ၊ငါသည်။နသောစာမိ၊မစိုး
ရိမ်။တဿ၊ထိုမောင်၏။ယာဂတိ၊အကြင်ဂတိသည်။အတ္ထိ၊ရှိ၏။ သော၊ထို
မောင်သည်။တံ၊ထိုဂတိသို့။ဂတော၊လား၏။ ။
သိကြားမင်းသည်နှမကားကိုကြား၍မယားကို-မိခင်၊ထိုသေသော
သူသည် သင်နှင့်အဘယ်သို့တော်သနည်းဟုမေး၏။အရှင်၊အကျွန်ုပ်လင်
တည်းဟုဆို၏။မိခင် မိန်းမတို့သည်ကားလင်သေလတ်သော် ကိုးကွယ်
ရာမရှိကုန်။ မုဆိုးမဖြစ်ကုန်၏။ သင်သည် အဘဲ့ကြောင့်မငိုသနည်းဟု
သိကြားမင်းသည်မေး၏။ ထိုမယားသည်လည်း သိကြားမင်းအားမငို
ခြင်း၏အကြောင်းကိုဆိုလိုရကား။ ။
(၁၃၂) ယထာပိ ဒါရကော စန္ဒံ၊ဂစ္ဆန္တမနုရောဒတိ။
ဧဝံသမ္ပဒမေဝေတံ၊ယောပေတမနုသောစတိ။ ။
(၁၃၃) ခုယှမာနော န ဇာနာတိ၊ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ န သောစာမိ၊ဂတော သော တဿ ယာ ဂတိ။ ။
ဟူသော၍နှစ်ဂါထာတို့ကိုဆို၏။ ။
(၁၃၂-၁၃၃) သာမိ၊အရှင်။ယော၊အကြင်သူသည်။ပေတံ၊သေသော
သူကို။အနုသောစတိ၊အဘန်တလဲလဲစိုးရိမ်ငိုကြွေး၏။ တဿ၊ထိုသူ၏။

တော်ရှဒ်၊ ဤသို့ပိုးရိမ်ပူဆွေးငိုကြွေးခြင်းသည်။ ဒါရကော၊သင့်မသင့်ရ
ထိုက်မရထိုက်ကိုမသိသောသူငယ်သည်။ မာတု၊အမိ၏။ ဥ စ္ဆင်္ဂေ၊တင့်
ထက်၌။နိပန္နော၊အိပ်လျက်။ ပုဏ္ဏမာသိယံ၊လပြည့်နေ့၌။ အာကာသေန၊
ကောင်းကင်ဖြင့်။ဂစ္ဆန္တံ၊သွားသော။စန္ဒံ၊လပြည့်ဝန်းကို။ ဒိသွာ၊မြင်၍။အ
နုရောဒတိယထာပိ၊ ငွေလမင်းကို ပေးလော့ ပေးလော့ဟု ငိုသကဲ့သို့
လည်း။ ဧဝံသမ္ပဒမေဝ၊ဤဥပမာကဲ့သို့ဖြစ်ခြင်းသည်သာလျှင်။ဟောတိ၊
ဖြစ်၏။ ။ခုယှမာနေ၊မီးဖုတ်အပ်သောလင်သည့်။ဉာတိနံ၊ဆွေမျိုးတို့၏။
ပရိဒေဝိတံ၊ငိုကြွေးခြင်းကို။နဇာနာတိ၊မသိ။တသ္မာ၊ထို့ကြောင့်။ဇေ၊ထို
လင်ကို။အဟံ၊ငါသည်။နသောစာမိ၊မစိုးရိမ်။တဿ၊ထိုလင်၏။ ယာဂတိ၊
အကြင်ဂတိသည်။ အတ္ထိ၊ရှိ၏။ တံ၊ထိုဂတိသို့။ သော၊ထိုလင်သည်။ ဂ
တော၊လား၏။ ။

သိကြားမင်းသည်မယား၏စကားကိုကြား၍ကျွန်မကို၊မိခင်၊ထိုသေ
သောသူသည်သင်နှင့် အဘယ်သို့တော်သနည်းဟုမေး၏။သခင်၊ထိုသေ
သောသူသည်အကျွန်ုပ်၏အရှင်တည်းဟုဆို၏။ ဤသေသောသူသည်သင့်
ကိုနှိပ်စက်ရိုက်ပုတ်၍ညှဉ်းဆဲအပ်သည်ဖြစ်လတ္တံ့။ ထိုသေသောသူမှငါ
သည်ကောင်းစွာလွတ်ပြီဟုသင်မငိုသည်မဟုတ်လောဟု သိကြားမင်း
သည်ဆို၏။ သခင်၊ဤသို့မဆိုလင့်။သခင့်စကားသည် သေသောသူအား
မလျောက်ပတ်။ ကျွန်ုပ်အရှင်သားသည်ခန္တီ မေတ္တာကရုဏာနှင့်ပြည့်စုံ
၏။ ရင်၌ကြီးသော သားကဲ့သို့ဖြစ်၏ ဟုဆို၏။ ထိုသို့ဖြစ်လျက် အဘဲ့
ကြောင့်သင်မငိုသနည်းဟုသိကြားမင်းသည်မေး၏။ ထိုကျွန်မသည်မငို
ခြင်း၏အကြောင်းကိုဆိုလိုရကား။ ။

(၇၃၄) ယထာ စ ဥဒကကုမ္ဘော၊ဘိန္နော အပ္ပဋိသန္ဓိယော။
ဧဝံသမ္ပဒမေဝေတံ၊ယော ပေတမနုသောစတိ။ ။

(၇၃၅) ဍယှမာနော န ဇာနာတိ၊ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ န သောစာမိ၊ဂတော သော တဿ ယာ ဂတိ။ ။

ဟူသောဤနှစ်ဂါထာတို့ကိုဆို၏။ ။

(၇၃၄-၇၃၅) သာမိ၊အရှင်။ယော၊အကြင်သူသည်။ပေတံ၊သေသော
သူကို။အနုသောစတိ၊အဘန်တလဲလဲစိုးရိမ်၏။တဿ၊ထိုသူ၏။ ဧတံအနု
သောစနံ၊ ထိုအဘန်တလဲလဲစိုးရိမ်ပူဆွေးငိုကြွေးခြင်းသည်။ဘိန္နော၊ခုနစ်
စိတ်ကွဲလေပြီးသော။ ဥဒကကုမ္ဘော၊ရေအိုးသည်။အပ္ပဋိသန္ဓိယော၊ယထာ

စ၊တဘာန်စပ်ပြန်ခြင်း၌၊ မတတ်ကောင်းသကဲ့သို့လည်း။ ဇေ၀ံသမ္ပဒမေ၀၊
ဤသို့အိုးဥပမာနှင့်တူစွာဖြစ်ခြင်းရှိသည်သာလျှင်။ဟောတိ၊ဖြစ်၏။ ။
ဍယှမာနော၊မီးဖုတ်အပ်သောအရှင့်သားသည်။ ဉာတိနံ၊ ဆွေမျိုးတို့၏။
ပရိဒေ၀ိတံ၊ငိုကြွေးခြင်းကို။နဇာနာတိ၊မသိ။တသ္မာ၊ထို့ကြောင့်။ဧတံ၊ထို
သေသောအရှင့်သားကို။ အဟံ၊ငါသည်။ နသောစာမိ၊မစိုးရိမ်။တဿ၊
ထိုအရှင့်သား၏။ယာဂတိ အကြင်ဂတိသည်။အတ္ထိ၊ရှိ၏။ တံ၊ထိုဂတိသို့။
သော ထိုအရှင့်သားသည်။ဂတော၊လား၏။ ။

သိကြားမင်းသည်ထိုအလုံးစုံသောသူတို့၏ တရားစကားကိုကြား၍ ကြည်ညို၍သင်တို့သည်မမေ့မလျော့မရဏဿတိကို ပွါးစေကုန်လော့။ သင်တို့သည်ယနေ့မှစ၍ ငိမိလက်ဖြင့်အမှုကို မပြုကုန်လင့်။ သိကြားနတ်မင်းဖြစ်သောငါသည်သင်တို့အိမ်၌ ရတနာခုနစ်ပါးတို့ကိုအတိုင်းအရှည်မရှိသည်ကိုပြုပေအံ့။သင်တို့သည်မမေ့မလျော့သည် ဖြစ်ကြကုန်၊အလှူပေးကြကုန်။သီလဆောက်တည်ကြကုန်။ဥပုသ်သုံးခြင်းကို ပြုကြကုန်။ဤသို့ထိုသူတို့အား အဆုံးအမကိုပေး၍အိမ်၌ အတိုင်းအရှည် မရှိသောဥစ္စာဖြင့်ပြည့်သည်ကိုပြု၍သွား၏။ ။ဥရဂဇာတကံ စတုတ္ထံ။၃၅၄။

## ၃၅၅-ဃဋဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ အညေသေစန္တိ ရောစန္တိ, အစရှိသော ဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော ဤဃဋဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ကောသလမင်း၏တယောက်သောအမတ်ကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ဘုရားလောင်းသည်ဈာန်ကို ဖြစ်စေ၍ ကောင်းကင်၌ထက်ဝယ်ဖွဲ့သဖြင့်နေ၏။ဓင်္ကမင်းကိုယ်၌ပူခြင်းသည်ဖြစ်၏။ ဓင်္ကမင်းသည် သွား၍ဘုရားလောင်း၏ ရွှေကြေးမုံနှင့်တူသောပွင့်သော ပဒုမာကဲ့သို့အသရေရှိသောမျက်နှာကိုမြင်၍ဘုရားလောင်းကိုမေးလိုရကား။ ။

(၇၃၆) အညေ သောစန္တိ ရောဒန္တိ၊အညော အဿု-မုခါ ဇနာ။
ပသန္န-မုခ-ဝဏ္ဏောသိ၊ကသ္မာ ဃဋ န သောစသိ။ ။
ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၀၀၀) ဃဋ၊ဃဋမင်း။ အညေ၊သင်မှတပါးကုန်သော သူတို့သည်။ သောစန္တိ၊စိုးရိမ်ကုန်၏။ ရောဒန္တိ၊ငိုကုန်၏။ အညော၊တပါးသော။ ဇ နော၊လူသည်။ အဿုမုခေါ၊ မျက်ရည်ဖွတ်သောမျက်နှာရှိ၏။ တွံ၊သင် သည်။ပသန္နမုခဝဏ္ဏော ကြည်သောမျက်နှာအဆင်းရှိသည်။ အသိ၊ဖြစ် ၏။ကသ္မာ၊အဘဲ့ကြောင့်။နသောစသိ၊မစိုးရိမ်သနည်း။ ။

ထိုအခါ ဓက်မင်းအား ဘုရားလောင်းသည် မစိုး ရိမ်သော အ ကြောင်းကိုဆိုလိုရကား။ ။

(၇၃၇) နာဘ္ဘတီတ ဟရော-သောကော၊နာ·နာဂတ-သုခါ·ဝဟော။
တသ္မာ ဓက် န သောစာမိ၊နတ္ထိ သောကော ဒုတိယကာ။ ။

(၇၃၈) သောစံ ပဏ္ဍု ကိသော ဟောတိ၊ဘတ္တဉ္စ·ဿ န ရုစ္စတိ။
အမိတ္တာ သုမနာ ဟောန္တိ၊သလ္လ-ဝိဒ္ဓဿ ရုပ္ပတော။ ။

(၇၃၉) ဂါမေ ဝါ ယဒိ ဝါ·ရညေ၊နိန္နေ ဝါ ယဒိ ဝါ ထလေ။
န မံ·န္တိ အာဂမိဿတိ၊ဧဝံ ဒိဋ္ဌပဒေါ အဟံ။ ။

(၇၄၀) ယဿ·တ္တာ နာလ·မေကော စ၊သဗ္ဗ-ကာမ-ရသာ·ဟရော။
သဗ္ဗာပိ ပထဝီ တဿ၊န သုခံ အာဝဟိဿတိ။ ။

ဟူသော၅လေးဂါထာတို့ကိုဆို၏။ ။

(၇၃၇-၇၄၀) ဓက်၊ဓက်မင်း။သောကော၊စိုးရိမ်ခြင်းမည်သည်။နာဘ္ဘ တီတဟရော၊ လွန်လေပြီးချုပ်လေပြီးသောအစီးအပွါးကိုဆောင်ယူနိုင် သည်လည်းမဟုတ် ။နာနာဂတသုခါဝဟော၊ လာလတ္တံ့သောချမ်းသာ ကိုဆောင်နိုင်သည်လည်းမဟုတ်။ ဒုတိယကာ၊ လွန်လေပြီးချုပ်လေပြီး သောအစီးအပွားကိုဆောင်ယူခြင်းဖြင့်ရင်း လာလတ္တံ့သော ချမ်းသာ ကိုဆောင်ပေခြင်းဖြင့်ရင်း အဘော်သဟဲပြုနိုင်သော။ သောကော၊သော ကမည်သည်ကား။နတ္ထိ၊မရှိ။တသ္မာ၊ထို့ကြောင့်။ အဟံ၊ငါသည်။နသော စာမိ၊မစိုးရိမ်။ ။သောစံသောစန္တော၊စိုးရိမ်သောသူသည်။ပဏ္ဍု၊ဖြော့ တော့သောကိုယ်ရှိသည်။ ကိသော၊ကြုံလှီသည်။ဟောတိ၊ဖြစ်၏။အဿ၊ ထိုစိုးရိမ်သောသူအား။ဘတ္တဉ္စ၊အစာသည်လည်း။နရုစ္စတိ၊နှစ်သက်ခြင်း ကိုမဖြစ်စေ။ သလ္လဝိဒ္ဓဿ၊စိုးရိမ်ခြင်းတည်းဟူသောမြားငြောင့် စူးဝင် အပ်သည်ဖြစ်၍။ရုပ္ပတော၊ဘောက်ပြန်သောသူအား။ အမိတ္တာ၊ရန်သူတို့ သည်။သုမနာ၊ဝမ်းမြောက်ကုန်သည်။ဟောန္တိ၊ကုန်၏။ ။ဂါမေ ဝါ၊ရွာ၌ရင်း၊ယဒိ၊ထိုမှို့။အရညေ ဝါ၊တော၌ရင်း။ နိန္နေ ဝါ၊ချိုင့်ဝှမ်းရာအရပ်၌

ဍင်း၊ယဒိ၊ထိုမှို့။ ထလေဝါ၊ကုန်းကြည်းနှိုင်း။ဋှိတံ၊တည်သော။မံ၊ငါ့သို့။ တံ၊ထိုစိုးရိမ်ခြင်းလျှင် အကြောင်းရင်းရှိသောဖြော့တော့ခြင်းကြုံလှီခြင်း အစရှိသောပျက်စီးခြင်းသည်။ယထာ၊အကြင်အခြင်းဖြင့်။ နအာဂမိဿတိ၊မလာလတ္တံ့။ဧဝံတထာ၊ထိုအခြင်းဖြင့်။ အဟံ၊ငါသည်။ ဒိဋ္ဌပဒေါ၊မြင်အပ်သောချောန်ဟူသောအကြောင်းရှိသည်။ဟောတိ၊ဖြစ်၏။ ။ယဿ၊အကြင်သူအား။ အဋ္ဌာ၊အကျိုးစီးပွါးကိုဆောင်ကုန်သော အဆွေခင်ပွန်းတို့သည်။သန္တိ၊ရှိကုန်၏။တေသု၊ထိုအဆွေခင်ပွန်းတို့တွင်။ဧကောဧကောပိ၊တယောက်သောအဆွေခင်ပွန်းသည်လည်း။ သဗ္ဗကာမရသာဟရော၊ချောန်ချမ်းသာဟုဆိုအပ်သော အလုံးစုံလိုအပ်သော အရသာကို ဆောင်နိုင်သည်ဖြစ်၍။အလံသမတ္ထော၊စွမ်းနိုင်သည်။ နဟောတိ၊မဖြစ်။ တဿ၊ထိုမင်းအား။ သဗ္ဗာပိပထဝီ၊အလုံးစုံသောမြေသည်လည်း။သုခံ၊ချမ်းသာကို။န အာဝဟိဿတိ၊မဆောင်နိုင်လတ္တံ့။ ။(ရှာန္တိတပတ္တိတမ္ဗေနချာနသုခသင်္ခါတံသဗ္ဗကာမရသံအာဟရတီတိသဗ္ဗကာမရသာဟရော)။ ။(အဋ္ဌကထာ)။ ။ဃဋဇာတက် ပဉ္စမံ။၃၅၅။

၃၅၆-ကောရဏ္ဍိယဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ဧကောအရညေ,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော၏ကောရဏ္ဍိယဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊အသျှင်သာရိပုတ္တရာမထေရ်ကိုအကြောင်းပြု၍ ဟောတော်မူ၏။

ထိုအခါကောရဏ္ဍိယလုလင်ကို တပါးသောလုလင်တို့သည် အဘဲ့ကြောင့်ထ၍ဤသို့ပြုသနည်းဟုဆိုကုန်၏။ ကောရဏ္ဍိယလုလင်သည် တရုံတခုသောစကားတို့ကိုမဆို ထိုလုလင်တို့သဉ်လျှင်မြန်စွာသွား၍ဆရာအားကြားကုန်၏။ ဆရာသည်လာလတ်၍ ကောရဏ္ဍိယလုလင်နှင့်တကွ စကားပြောလိုရကား။ ။

(၃၄၁) ဧကော အရညေ ဂိရိ-ကန္ဒရာယံ၊
ပဂ္ဂယှ ပဂ္ဂယှ သေလံ ပဝေဋ္ဌသိ။
ပုနပ္ပုနံ သန္တရမာန-ရူပေါ၊
ကောရဏ္ဍိယာ ကော နု တဝ ယိဓ-ဋ္ဌော။ ။

ဟူသောရှေးဦးဖွာသောဂါထာကိုဆိုဏ်၏။ ။

ကောရဏ္ဍိယ၊ ကောရဏ္ဍိယ။ တွဲ၊ သင်သည်။ အဲနေညာ၊ တကော၌။ ဧကော၊ တယောက်တည်းတည်း။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ သန္တမေဝ နဲ့ပေါ၊ အလွန်လျင်မြန်သောသဘောရှိသည်ဖြစ်၍၊ သေသော်ကျောက်ကို၊ ပဂ္ဂယှပဂ္ဂယှ၊ ယူ၍ယူ၍။ ဂိရိကန္ဒရာသိ၊ တောင်ချောက်၌ ပစ်ချသင်း၏။ ရှာ ဤချောက်၌၊ သေလင်ပနေနး ကျောက်ကိုပစ်သွင်းခြင်းဖြင့်။ (ထည့်)၊ တဝ၊ သင်အား။ ကောအဌ္ဌောနု၊ အဘယ်အကျိုးရှိသနည်း။ ။

ကောရဏ္ဍိယလုလင်သည် ထိုစကားကိုကြား၍ဆရာကို သိစေလိုရကား။ ။

(၇၄၂) အယံ ဣမံ သာဂရ-သေဝိတန္တံ၊
သမံ ကရိဿာမိ ယထာပိ ပါဏိ။
ဝိကိရိယ သာနူနိ စ ပဗ္ဗတာနိ စ၊
တသ္မာ သိလံ ဒရိယာ ပက္ခိပါမိ။ ။

ဟူသောဤဒုတိယဂါထာကိုဆိုဏ်၏။ ။

(၇၄၂) အာစရိယ၊ ဆရာ။ အဟံ၊ ငါသည်။ သာဂရသေဝိတန္တံ၊ မြစ်သမုဒ္ဒရာတို့သည်မှီဝဲအပ်သောသမုဒ္ဒရာလေးစင်းအမိုင်းအခြားရှိသော။ ဣမံ မဟာပထဝိံ၊ ဤမြေကြီးကို။ သာနူနိစ၊ မြေတောင်တို့ကိုရင်း။ ပဗ္ဗတာနိစ၊ ကျောက်တောင်တို့ကိုရင်း။ ဝိကိရိယ၊ ဖြိုဖျက်၍။ ပါဏိ ယထာပိ၊ လက်ဝါးပြင်ကဲ့သို့လည်း။ သမံ၊ ညီညွတ်သည်ကို။ ကရိဿာမိ၊ ပြုအံ့။ တသ္မာ ဣမိ၊ ထိုကြောင့်လျှင်။ သိလံ၊ ကျောက်ကို ဒရိယာ၊ ချောက်၌။ ပက္ခိပါမိ ချသည်ဖြစ်၏။ ။

ထိုစကားကိုကြား၍ဆရာသည်။ ။

(၇၄၃) နယိမံ မဟိံ အာဟာရတိ ပါဏိ-ကပ္ပံ၊
သမံ မနုဿော ကရဏာယ မေကော၊
မညာမိ-မညော ဒရိံ-ဇိဂိသံ၊
ကောရဏ္ဍိယော ဟာယသိ ဇီဝ-လောကံ။ ။

ဟူသော ဤတတိယဂါထာကိုဆိုဏ်၏။ ။

(၇၄၃) ကောရဏ္ဍိယ၊ ကောရဏ္ဍိယ။ ဧကော၊ တယောက်တည်းသော မနုဿော၊ လူသည်။ ဣမံမဟိံ၊ ဤမြေကြီးကို။ ပါဏိကပ္ပံ၊ လက်ဖြင့်ဆင်၍။ သမံ၊ ညီညွတ်ရာ၊ ကရဏာယ၊ ပြုခြင်းငှါ၊ နာဟာရတိ၊ မစွမ်းနိုင်။ ဣမံ ဒရိံ ဇိဂိသံ၊ ဤချောက်ကို ပြည့်စေခြင်းငှါ၊ ကျော

တို့ကိုရှာစဉ်လျှင်။တွံ၊သင်သည်။ဇာမံဇိဝလောကံ၊ဤလူ့ပြည်ကို။ ဟာယ
သိ၊စွန့်ရလအံ့ဟူ၍။မညာမိ၊ငါထင်၏။ ။
ထိုစကားကိုကြား၍ကောရဗျာယလုလင်သည်။ ။

(၇၄၄) သစေ အဟံ ဘူတ-ခရံ န သက္ကာ၊
သမံ မနုဿော ကရဏာယ မေကော။
ဝေမေဝ တွံ ဖြဟွေ ဇာမေ မနုဿော၊
နာနာဒိဋ္ဌိကေ နာနယိဿာသိ နေ။ ။

ဟူသော ဤစတုတ္ထဂါထာကိုဆို၏။ ။
(၇၄၄) ဖြဟွေ၊ဆရာပုဏ္ဏား။ ဧကော၊တယောက်သော။ မနုဿော၊
လူဖြစ်သော။အဟံ၊အကျွန်ုပ်သည်။ ဘူတခရံ၊သတ္တဝါတို့ကိုဆောင်တတ်
သောမြေကြီးကို။ သမံကရဏာယ၊ညီညွတ်စွာခြင်းငှါ။ သစေနသက္ကာ၊
အကယ်၍မတတ်ကောင်းအံ့။ ဝေမေဝ၊ဤအတူလျှင်။ တွံ၊ဆရာသည်၊
နာနာဒိဋ္ဌိကေ၊အထူးထူးသောအယူရှိကုန်သော။ ဇာမေမနုဿော၊ ဤလူ
တို့ကို။(နာနယိဿာသိ၌စပ်)။နေ၊ထိုလူတို့ကို။ဇော်သိလံ၊ဤသိလကို။ဂဏှ
ထ၊ယူကြကုန်။ဂဏှထ၊ယူကြကုန်။ဇာတိ၊ဤသို့။ဝဒန္တော၊ဆုံးမ၍။ နအာန
ယိဿသိ၊မိမိအလိုသို့ဆောင်ခြင်းငှါမတတ်နိုင်လတ္တံ့။ ။
ထိုစကားကိုကြား၍ဆရာသည်။ ကောရဗျာယ၊သင်သည်ကား သင့်
သောစကားကိုဆို၏။ ယခုငါသည် ဤသို့သဘောရှိသောအမှုကိုမပြုအံ့
ဟုမိမိ၏ချွတ်ယွင်းသည့်၏အဖြစ်ကိုသိ၍။ ။

(၇၄၅)သံခိတ္တ-ရူပေန ဘဝံ မမ-တ္တံ၊အက္ခာသိ ကောရဗျာယ ဝေမေတံ။
ယထာ န သက္ကာ ပထဝိသမာသံ၊
ကတ္တုံ မနုဿေန တထာ မနုဿာ။ ။

ဟူသော ဤပဉ္စမဂါထာကိုဆို၏။ ။
(၇၄၅) ကောရဗျာယ၊ကောရဗျာယ။ဘဝံ၊အသျှင်သည်။ မမ၊ငါ့အား။
သံခိတ္တရူပေန၊အကျဉ်းချုံးသောဥပမာဖြင့်။အတ္တံ၊အကျိုးကို။ အက္ခာသိ၊
ဟောကြားပေ၏။ဇော်၊ထိုသင့်စကားသည်။ဧဝံ၊သင်ဆိုတိုင်းမှန်ပေ၏။အ
ယံပထဝိ၊ဤမြေကြီးကို။သမံ၊ညီညွတ်စွာ။ ကတ္တုံ၊ပြုခြင်းငှါ။ နသက္ကာယ
ထာ၊မတတ်ကောင်း၏သို့။တထာ၊ထိုအတူ။မနုဿေန၊တယောက်သည်း
သောလူသည်။မနုဿာ၊ကုန်အောင်ရုံသောလူတို့သည်။(နသက္ကာ၌စပ်)။

ဝါ၊ ကုန်အောင်ရုံသောလူတို့ကို။ သမံ၊ ညီညွတ်သည်ကို။ ကဏ္ဍံ၊ ပြုခြင်း ၌။ နသက္ကာ၊ မတတ်ကောင်း။ ။ကောရဏ္ဍိယဇာတက် ဆဋ္ဌံ။ ၃၅၆။

## ၃၅၇-လဋုကိကဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သောသဗ္ဗညုမြတ်စွာဘုရားသည်။ ဝန္ဒာမိတံကုဉ္ဇရသဋ္ဌိဟါယနံ၊ အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော ဤလဋုကိကဇာတ်ကို၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ ဒေဝဒတ်ကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ထိုဘုရားလောင်းဆင်ကိုနှံ့ရတ်ငှက်မသည်မြင်၍ ဤဆင်မင်းသည် ငါ့သားငယ်တို့ကိုနင်း၍ သတ်လတ္တံ့။ ယခုသားငယ်တို့၏အရန်းအတားအကျိုး၌ ဆင်မင်းကို တရားနှင့်လျော်ညီသော အစောင့်အရှောက်ကို တောင်းအံ့ဟုကြံ၏။ ကြံပြီး၍ထိုနှံ့ရတ်ငှက်မသည် အတောင်နှစ်ဘက်တို့ကိုရက်၍။ ဆင်၏ရှေ့၌ရပ်၍။ ။

(၇၄၆) ဝန္ဒာမိ တံ ကုဉ္ဇရ သဋ္ဌိ-ဟာယနံ၊
အရညကံ ယူထ-ပတိံ ယသဿိံ။
ပက္ခေဟိ တံ ပဉ္ဇလိကံ ကရောမိ၊
မာ မေ-ဝဓိ ပုတ္တကေ ဒုဗ္ဗလာယ။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၇၄၆) ကုဉ္ဇရ၊ ဆင်မင်း။ သဋ္ဌိ-ဟာယနံ၊ အနှစ်ခြောက်ဆယ်ရှိကအားမှယုတ်ထသော။ အရညကံ၊ တော၌ကျက်စားထသော။ ယူထ-ပတိံ၊ ဆင်ရှေအပေါင်း၏မင်းဖြစ်တော်မူသော။ ယသဿိံ၊ များသော အခြံအရံရှိသော။ တံ၊ အရှင်ဆင်မင်းကို။ အဟံ၊ ငါသည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ တံ၊ အရှင်ဆင်မင်းကို။ ပက္ခေဟိ၊ အတောင်တို့ဖြင့်။ ပဉ္ဇလိကံ၊ လက်အုပ်ချီခြင်းကို။ ကရောမိ၊ ပြုပါ၏။ ဒုဗ္ဗလာယ၊ အားနည်းသော။ မေ၊ အကျွန်ုပ်၏။ ပုတ္တကေ၊ သားငယ်တို့ကို။ မာအဝဓိ၊ မသတ်ပါလင့်။ ။

ဘုရားလောင်းသည်၊ နှံ့ရတ်ငှက်မငယ်၊ သင်မစိုးရိမ်လင့်၊ ငါသည်သင့်သားငယ်တို့ကိုစောင့်ရှောက်အံ့ဟုဆို၍ ငှက်ငယ်တို့၏အထက်၌ ရပ်၍ ရှစ်သောင်းသောဆင်တို့သည်သွားကုန်ပြီးသော်နှံ့ရတ်ငှက်မကိုခေါ်၍။ နှံ့ရတ်ငှက်မငယ်၊ ငါတို့နောက်၌ တစီးထည်းသောဆင်သည် သွားလတ္တံ့။

ထိုဆင်သည်ငါတို့စကားကိုနားမထောင်လေတကား။ ထိုဆင်လာလတ်သော် ထိုဆင်ကိုလည်းတောင်းပန်၍ သားငယ်တို့၏ချမ်းသာခြင်းကိုပြုစေပေလော့ဟုဆို၍သွား၏။ နှံစုတ်ငှက်မသည်လည်း ထိုဆင်အားခရီးဦးကြို ဆို၍အတောင်နှစ်ဘက်တို့ဖြင့်လက်အုပ်ချီ၍။ ။

(၇၄၇) ဝန္ဒာမိ တံ ကုဉ္ဇရ ဧက-စာရိံ၊ အရညကံ ပဗ္ဗတ-သာနု-ဂေါစရံ၊ ပက္ခေဟိ တံ ပဉ္စလိကံ ကရောမိ၊ မာ မေ ဝဓိ ပုတ္တကေ ဒုဗ္ဗလာယ။

ဟူသော၍ဒုတိယဂါထာကိုဆို၏။ ။

(၇၄၇) ကုဉ္ဇရ၊ဆင်မင်း၊ ဧက-စာရိံ၊ တစီးတည်း ကျက်စားလေ့ရှိသော၊ အရညကံ၊တော၌ကျက်စားတတ်သော၊ပဗ္ဗတ-သာနု-ဂေါစရံ၊ကျောက်တောင်မြေတောင်တို့၌ အစာကိုယူတတ်သော၊ တံ၊အရှင်ဆင်မင်းကို၊ အဟံ၊အကျွန်ုပ်သည်၊ဝန္ဒာမိ၊ရှိခိုးပါ၏၊ပက္ခေဟိ၊အတောင်တို့ဖြင့်၊ပဉ္စလိကံ၊လက်အုပ်ချီခြင်းကို၊ ကရောမိ၊ပြုပါ၏။ ဒုဗ္ဗလာယ၊အားနည်းသော၊မေ၊အကျွန်ုပ်၏၊ပုတ္တကေ၊သားငယ်တို့ကို၊မာအဝဓိ၊မသတ်ပါလင့်။ ။

ထိုဆင်သည်နှံစုတ်ငှက်မငယ်စကားကိုကြား၍။ ။

(၇၄၈) ဝဓိဿာမိ တေ လဋုကိကေ ပုတ္တကာနိ၊
ကိံ မေ တွံ ကာဟသိ ဒုဗ္ဗလာသိ။
သတံ-သဟဿာနိပိ တာဒိသီနံ၊
ဝါမေန ပါဒေန ပပေါထယေယျံ။ ။

ဟူသော၍တတိယဂါထာကိုဆို၏။ ။

(၇၄၈) လဋုကိကေ၊နှံစုတ်ငှက်မငယ်၊တေ၊သင်၏၊ပုတ္တကာနိ၊သားငယ်တို့ကို၊ဝဓိဿာမိ၊သတ်အံ့၊တွံ၊သင်သည်၊ဒုဗ္ဗလာ၊အားနည်းသည်၊အသိ၊၏၊ တွံ၊သင်သည်၊မေ၊ငါ့အား၊ကိံ ကာဟသိ၊အဘယ်ပြုနိုင်လတ္တံ့နည်း။ တာဒိသီနံ၊သင်ကဲ့သို့သောငှက်တို့၏၊ သတံသဟဿာနိပိ၊တသိန်းတို့ကိုသော်လည်း။ ဝါမေန ပါဒေန၊လက်ဝဲခြေဖြင့်သော်လည်းကောင်း လက်ျာခြေ ဖြင့်သော၊ပပေါထယေယျံ၊ငါသတ်အံ့။ ။

ဤသို့ဆို၍ထိုဆင်သည် နှံစုတ်ငှက်မသားတို့ကို ခြေဖြင့်ချေ၍ ကျင်ငယ်ဖြင့်မျှောစေ၍မြည်ဟည်းလျက် သွား၏။ နှံစုတ်ငှက်မသည်သစ်ခက်၌နား၍။ဆင်မင်း၊ယခုသင်မြည်လျက်သွား၏၊ နှစ်ရက်သုံးရက်ဖြင့်ငါ့ အမှုကိုမြင်ရလတ္တံ့။ကိုယ်အားထက်ဉာဏ်အားကြီးသောအဖြစ်ကိုသင်မသိ။သင်နိုင်သည်ဖြစ်စေဦး၊သင့်ကိုငါစေအံ့ဟု ခြိမ်းခြောက်၍လျှင်။ ။

(၇၄၉) န ဟေ·ဝ သဗ္ဗတ္ထ ဗလေန ကိစ္စံ၊
ဗလံ ဟိ ဗာလဿ ဝဓာယ ဟောတိ။
ကရိဿာမိ တေ နာဂ-ရာဇ အနတ္ထံ၊
ယော မေ ဝဓိ ပုတ္တကေ ဒုဗ္ဗလာယ။ ။

ဟူသော ဤစတုတ္ထဂါထာကိုဆို၏။ ။

(၇၄၉) နာဂ-ရာဇ၊ဆင်မင်း။သဗ္ဗတ္ထ၊အလုံးစုံသောအရာ၌။ဗလေန၀၊ ကိုယ်အားဖြင့်သာလျှင်။ ကိစ္စံ၊ပြုအပ်သည်။ နဟောတိ၊ မဟုတ်သလျှင် ကတည်း။ဟိသစ္စံ၊မှန်၏။ဗလံ၊ကိုယ်အားသည်။ ဗာလဿ၊သူမိုက်အား။ ဝဓာယ၊သတ်ခြင်းငှါ။ဟောတိ၊ဖြစ်၏။ ယောတွံ၊အကြင်သင်သည်။ ဒုဗ္ဗလာယ၊အားနည်းသော။ မေ၊ငါ၏။ပုတ္တကေ၊သားငယ်တို့ကို။ ဝဓိ၊သတ် ၏။တေ၊သင်၏။အနတ္ထံ၊အကျိုးမဲ့ကို။ကရိဿာမိ၊ပြုအံ့။ ။

သဗ္ဗညုမြတ်စွာဘုရားသည်။ ရဟန်းတို့၊ ရန်မည်သည်ကို တစုံတ ယောက်သောသူနှင့်တကွမပြုအပ်၊ဤသို့စဉ်အားနှင့်ပြည့်စုံသောဆင်ကို လေးခုကုန်သောသတ္တဝါတို့သည် တပေါင်းထည်းဖြစ်ကုန်၍ အသက် ကုန်ခြင်းသို့ရောက်စေကုန်၏ဟုပြတော်မူအံ့သော၄ါ။ ။

(၇၅၀) ကာကဉ္စ ပဿ လဋုကိကံ၊မဏ္ဍူကံ နီလ-မက္ခိကံ။
ဧတေ နာဂံ အဃာတေသုံ၊ပဿ ဝေရဿ ဝေရိနံ။
တသ္မာ ဟိ ဝေရံ န ကယိရာထ၊အပ္ပိယေန ပိ ကေနစိ။

ဟူသော ဤပဥ္စမအဘိသမ္ဗုဒ္ဓဂါထာကိုဟောတော်မူ၏။ ။ ။

(၇၅၀) ဘိက္ခဝေ၊ရဟန်းတို့။ ကာကဉ္စ၊ ကျီးကိုၵင်း။ လဋုကိ ကဉ္စ၊နှံ့ရတ်ငှက်မငယ်ကိုၵင်း။မဏ္ဍူကဉ္စ၊ ဘားကိုၵင်း။နီလ-မက္ခိကဉ္စ၊ ယင်မမဲရိုင်းကိုၵင်း။ ပဿပဿထ၊ သင်တကာတို့ ရှုပါကုန်လသေး။ဧ တေ၊ ထိုလေးခုသောသတ္တဝါတို့သည်။ နာဂံ၊တောင်ဆင်၏အလား ကြီးမား သောဆင်ပြောင်ကို။အဃာတေသုံ၊ သတ်နိုင်ကုန်ပြီ။ဝေရိနံ၊ရန်သူတို့၏။ ဝေရဿ၊ရန်၏။ဂတိံ၊ဖြစ်ခြင်းကို။ပဿပဿထ၊သင်တကာတို့ရှုပါကုန် လသေး။တသ္မာဟိ၊ထို့ကြောင့်လျှင်။ အပ္ပိယေန၊မချစ်အပ်သော။ကေန ဓိဓိ၊တစုံတယောက်သောသူနှင့်လည်း။သဒ္ဓိံ၊တကွ။ ဝေရံ၊ရန်ကို။နကယိ ရာထ၊မပြုရာ။ ။(ယူထဠ္ဌ၊ယူဟု,ဣဃ၊ထ,ကားဒုတိယက္ခရာ။ ယူဓ,ဟု- စဝၤဌ္ဌက္ခရာမလို)။ ။လဋုကိကဇာတက် သတ္တမံ။၃၅၇။

၃၅၇-ဗုဇ္ဇခမ္ဘပါလဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ အဟမေဝ ဒူသိယာဘုနှဟတာ,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော ဤဗုဇ္ဇခမ္ဘပါလဇာတ်ကို၊ဝေဠုဝန်ကျောင်းတော်၌သီတင်းသုံး နေတော်မူစဉ်၊ ဒေဝဒတ်သည် သဗ္ဗညုမြတ်စွာဘုရားအား သတ်အံ့သောငှါ လုံ့လပြုခြင်းကိုအကြောင်းပြု၍ ဟောတော်မူ၏။ ။

စန္ဒာဒေဝီသည်၊မြတ်သောမင်းကြီး၊ ခုနစ်လမျှရှိသော ငယ်သေးစွာသောအကျွန်ုပ်၏သားသည် တစုံတခုကိုမျှ မသိသေး၊သားအားအပြစ်သည်မရှိ။ထိုအပြစ်သည် ဖြစ်လတ်သော် အကျွန်ုပ်၌သာဖြစ်ရာ၏။ ထို့ကြောင့်အကျွန်ုပ်၏လက်ကိုဖြတ်လော့ဟုဆိုလိုရကား။ ။

(၇၅၁) အဟံ·မေဝဒူသိယာ ဘူန-ဟတာ၊ရညော မဟာပတာပဿ။
ဧတံ မုဉ္စတု ဓမ္မပါလံ၊ဟတ္ထေ မေ ဒေဝ ဆေဒေဟိ။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၇၅၁) အဟမေဝ၊ အကျွန်ုပ်သည်သာလျှင်။ မဟာ ပတာ ပဿ ရညော၊မဟာပတာပမင်းအား။ဒူသိယာဒူသိကာ၊အရှင်မင်းကိုမြင်လျက်မထမူ၍ပြစ်မှားတတ်သည်မည်ပေ၏။ဝါ၊ပြစ်မှားမှုကိုပြုတတ်သောမိန်းမရိုက်မည်ပေ၏။ဘူနဟတာဟတဘူနာဟတဝုဍ္ဎိ၊အကျွန်ုပ်အစီးအပွါးကိုအကျွန်ုပ်သည်ပင်ဖျက်ဆီးသည်မည်ပေ၏။ တသ္မာ၊ထို့ကြောင့်။ ဒေဝ၊မင်းမြတ်။နိပ္ပရာဓံ၊အပြစ်မရှိသော။ ဧတံဓမ္မပါလံ၊ ဤဓမ္မပါလသူငယ်ကို။မုဉ္စတု၊လွှတ်တော်မူလော့။ ဒေါသကာရိကာယ၊ ပြစ်မှားမှုကိုပြုတတ်သော။မေ၊အကျွန်ုပ်၏သာလျှင်။ဟတ္ထေ၊လက်တို့ကို။ဆေဒေဟိ၊ ဖြတ်စေလော့။ ။

မင်းသည်ဒိုးသူသတ်ကိုကြည့်၍။မြတ်သောမင်းကြီး၊အဘယ်သို့ပြုရအံ့နည်းဟုဒိုးသူသတ်သည်ဆို၏။ ကြာမြင့်ခြင်းကို မပြုမူ၍ လက်တို့ကိုဖြတ်လော့ဟုဆို၏။ထိုခဏ၌ဒိုးသူသတ်သည်ထက်စွာသောပုဆိန်ကိုယူ၍မင်းသား၏လက်နှစ်ဘက်တို့ကိုနုစွာသောဝါးညှောက်တို့ကဲ့သို့ ဖြတ်၏။မင်းသားသည်လက်တို့ကိုဖြတ်အပ်ကုန်သည်ရှိသော် မျက်ရည်မယိုမငိုမူ၍လျှင်ခန္တီမေတ္တာကိုရှေ့ထား၍ သည်းခံ၏။ စန္ဒာဒေဝီသည်ကား

ဖြတ်အပ်သောလက်စွန်းကိုယူ၍ ခါးပိုက်၌ထား၍ သွေးလိမ်းကျံသည်ဖြစ်၍ငိုလျက်သွား၏။ တဘန် ခိုးသူသတ်သည်၊မြတ်သောမင်းကြီး၊ အဘယ်သို့ပြုရအံ့နည်းဟုမေး၏။ ခြေနှစ်ဘက်တို့ကိုလည်း ဖြတ်လေ့ဟုဆို၏။ ။

ထိုစကားကိုကြား၍စန္ဒာဒေဝီသည်။ ။

(၁၅၂) အဟ•မေဝ ဒူသိယာ ဘူန-ဟတာ၊ရညော မဟာပတာပဿ။
ဧတံ မုဉ္စတု ဓမ္မပါလံ၊ပါဒေ မေ ဒေဝ ဆေဒေဟိ။ ။

ဟူသော၍ဒုတိယဂါထာကိုဆို၏။ ။

(၁၅၂)အဟမေဝ၊အကျွန်ုပ်သည်သာလျှင်။မဟာပတာပဿရညော၊မဟာပတာပမင်းအား။ ဒူသိယာ၊ အရှင်မင်းကိုမြင်လျက်မထမူ၍ပြစ်မှားတတ်သည်မည်ပေ၏။ဝါ၊ပြစ်မှားမှုကိုပြုတတ်သောမိန်းမရိုက်မည်ပေ၏။ ဟတာ၊အကျွန်ုပ်အစီးအပွါးကိုအကျွန်ုပ်သည်ပင်ဖျက်ဆီးသည်မည်ပေ၏။ တသ္မာ၊ထို့ကြောင့်။ ဒေဝ၊မင်းမြတ်။ နိပ္ပရာဓံ၊အပြစ်မရှိသော။ဧတံဓမ္မပါလံ၊ ဤဓမ္မပါလသူငယ်ကို။ မုဉ္စတု၊လွှတ်တော်မူလော့။ ဒေါသကာရိကာယ၊ပြစ်မှားမှုကိုပြုတတ်သော။ မေ၊အကျွန်ုပ်၏သာလျှင်။ပါဒေ၊ ခြေတို့ကို။ ဆေဒေဟိ၊ဖြတ်စေလော့။ ။

မင်းသည်လည်းတဘန်ခိုး သူသတ်ကိုစေ၏။ ခိုးသူသတ်သည်ခြေနှစ်ဘက်တို့ကိုလည်းဖြတ်၏။စန္ဒာဒေဝီသည်ခြေတို့ကိုလည်းခါးပိုက်၌ ထား၍သွေးလိမ်းကျံသည်ဖြစ်၍ ငိုလျက်၊အရှင်မဟာ ပတာပမင်း၊ လက်ခြေဖြတ်ကုန်သောသားကို့ကို အမိသည်လုပ်ကျွေးအပ်ကုန်၏။ ကျွန်ုပ်သည်ခစားပြု၍ကျွန်ုပ်သားကိုလုပ်ကျွေးအံ့၊ကျွန်ုပ်အား ဤသားကိုပေးလော့ဟုဆို၏။ခိုးသူသတ်သည်၊မင်းကြီး၊အကျွန်ုပ်ကိစ္စပြီးပြီလောဟုမေး၏။ မပြီးသေးဟုဆို၏။မြတ်သောမင်းကြီး၊အဘယ်သို့ပြုရအံ့နည်းဟုဆို၏။ ဓမ္မပါလ၏ဦးခေါင်းကိုဖြတ်လော့ဟုဆို၏။

ထိုစကားကိုကြား၍စန္ဒာဒေဝီသည်။ ။

(၁၅၃) အဟ•မေဝ ဒူသိယာ ဘူန-ဟတာ၊ရညော မဟာပတာပဿ။
ဧတံ မုဉ္စတု ဓမ္မပါလံ၊သီသံ မေ ဒေဝ ဆေဒေဟိ။ ။

ဟူသော၍တတိယဂါထာကိုဆို၏။ ။

(၁၅၃) အဟမေဝ၊အကျွန်ုပ်သည်သာလျှင်။မဟာပတာပဿရညော၊မဟာပတာပမင်းအား။ ဒူသိယာ၊အရှင်မင်းကိုမြင်လျက်မထမူ၍ပြစ်မှား

တတ်သည်မည်ပေ၏။ဝါ၊ပြစ်မှားမှုကိုပြုတတ်သော်မိန်းမရိုက်မဉ်ပေ၏။ ဘုနဟာတာ၊အကျွန်ုပ်အစီးအပွါးကိုအကျွန်သည်ပင်ဖျက်ဆီးသဉ်မည်ပေ၏။တသွာ၊ထို့ကြောင့်။ဒေဝ၊မင်းမြတ်။နိပ္ပရာဓံ၊ အပြစ်မရှိသော။ဝေဒဗ္ဗ ပါလံ၊ဤခမ္မပါလသူငယ်ကို။မှဥ္စတု၊လွှတ်တော်မူလော့။ ဒေါသကာရိကာယ၊ ပြစ်မှားမှုကိုပြုတတ်သော။ မေ၊အကျွန်ုပ်၏သာလျှင်။ သီသံ၊ဦးခေါင်းကို။ဆေဒေဟိ၊ဖြတ်စေလော့။ ။

ဤသို့ဆိုပြီး၍ပိမိဦးခေါင်းကိုညွှတ်၍ခံ၏။တဘန်ခိုးသူသတ်သည်၊မြတ်သောမင်းကြီး၊ အဘယ်သို့ ပြုရအံ့နည်းဟုဆို၏။ ဓမ္မပါလဦးခေါင်းကိုဖြတ်လော့ဟုဆို၏။ ခိုးသူသတ်သည်ဦးခေါင်းကိုဖြတ်၍၊မြတ်သောမင်းကြီး၊မင်းအာဏာကိုပြု၍ ပြီးပြီလောဟုမေး၏။ မပြီးသေးဟုဆို၏။မြတ်သောမင်းကြီး၊ အဘယ်သို့ပြုရအံ့နည်းဟုဆို၏။ သန်လျက်သွားဖြင့်ဓမ္မပါလကိုခံ၍သန်လျက်ပန်းမည်သည်ကိုပြုလော့ဟုဆို၏။ ခိုးသူသတ်သည် မင်းသား၏ကိုယ်ကို ကောင်းကင်သို့ပစ်၍ သန်လျက်သွားဖြင့်ခံ၍ သန်လျက်ပန်းမည်သည်ကိုပြု၍ မြတ်သောပြာသာဒ်အပြင်၌ ဖရိုဖရဲကြဲ၏။ စန္ဒာဒေဝီသည် ဘုရားလောင်း၏အသားကိုခါးပိုက်၌ထား၍ မြတ်သော ပြာသာဒ်အပြင်၌ငိုလျက်။ ။

(၁၅၄) န ဟိ နူန'မဿ ရညော၊မိတ္တာ'မစ္စာ စ ဝိဇ္ဇရေ။
သုဟဒါ ယေ န ဝဒန္တိ ရာဇာနံ၊မာ ဃာတယိ ဩရသံ ပုတ္တံ။ ။
(၁၅၅) န ဟိ နူန'မဿ ရညော၊ဉာတိ မိတ္တာ စ ဝိဇ္ဇရေ။
သုဟဒါ ယေ န ဝဒန္တိ ရာဇာနံ၊မာ ဃာတယိ အတြဇံ ပုတ္တံ။ ။
ဟူသောဤနှစ်ဂါထာတို့ကိုဆို၏။ ။

(၁၅၄-၁၅၅) ယေဇနာ၊ အကြင်မြဲမြံသော အဆွေခင်ပွန်းမှူးကောင်း မတ်ကောင်းနှလုံးနူးညံ့သောသူတို့သည်။ရာဇာနံ၊ဤမင်းကြီးကို။အာဂန္တွာ၊ လာ၍၊ဒေဝ၊မင်းမြတ်။ဩရသံပုတ္တံ၊ ရင်သွေးတော်စစ်ဖြစ်သောသားကို။ မာဃာတယိ၊ သတ်တော်မမူလင့်ဟူ၍။နဝဒန္တိ၊ မဆိုမဖြစ်ကုန်။ဣမဿ ရညော၊ ဤမဟာပတာပမင်းအား။မိတ္တာ၊မြဲမြံသောအဆွေခင်ပွန်းလည်း ဖြစ်ကုန်သော။ အမစ္စာစ၊မှူးကောင်း မတ်ကောင်းလည်း ဖြစ်ကုန်သော။ သုဟဒါ၊နှလုံးနူးညံ့သည်လည်းဖြစ်ကုန်သော။ကေစိ၊တစုံတယောက်ကုန်သော (ယန္တု)။တေဇနာ၊ထိုသူတို့သည်။နဟိဝိဇ္ဇရေနူနဧကန္တယောဝါတိမည်ော၊ မရှိကုန်သည်သာဟုငါထင်မှတ်၏။ ။ယေဇနာ၊အကြင်ဉာတိမိတ္တဖြစ်

သောသူတို့သည်။ရာဇာနံ၊ ဤမင်းကြီးကို။အဒဂတ္တံ၊လာ၍။ဒေဝ၊မင်းမြတ်။
အတြဲဓံ ပုတ္တံ၊ရင်သွေးတော်စစ်ဖြစ်သောသါးကို။မါဃါတယိ၊သတ်တော်
မမူလင့်ဟူ၍။ နဝဒန္တိ၊မဆိုမဖြစ်ကုန်။ ဇုမသဿရညော၊ ဤမဟာပတာပ
မင်းအါး။ဉာတိ၊ဆွေမျိုးလည်းဖြစ်ကုန်သော်၊။မိတ္တာစ၊မြဲမြံသောအဆွေ
ခင်ပွန်းလည်းဖြစ်ကုန်သော။ သုဟဒါစ၊နှလုံးနူးညံ့သည်လည်း ဖြစ်ကုန်
သော။ ကောင်၊တရုံတယောက်ကုန်သော။(ထည့်)။တေဇနာ၊ထိုသူတို့သည်။န
ဟိဝိဇ္ဇန္တေ၊နန္တိယေဝါတိမညော၊မရှိကုန်သည်သာဟုငါထင်မှတ်၏။ ။
စန္ဒာဒေဝီသည် ဤနှစ်ဂါထာတို့ကို ဆိုပြီး၍လက်နှစ်ဘက်တို့ဖြင့် ရင်သား
ကိုမလျှက်။ ။
(၁၅၆) စန္ဒန-သာရာ·နုလိတ္တာ၊ဗာဟာ ဆိဇ္ဇန္တိ ဓမ္မပါလဿ။
ဒါယာဒဿ ပထဗျာ၊ပါဏာ မေ ဒေဝ ရုဇ္ဈန္တိ။ ။
ဟူသောဤဂါထာကိုဆို၏။ ။
(၁၅၆) ပထဗျာ၊ အဘာဥစ္စာအရပ်လေးမျက်နှာတို့၌ သမုဒ္ဒရာအပိုင်းအ
ခြားရှိသောမြေအပြင်၌။ဒါယာဒဿ၊အမွေခံဖြစ်သော။ ဓမ္မပါလဿ၊ ဓမ္မ
ပါလ၏၊ စန္ဒန-သာရာ·နုလိတ္တာ၊စန္ဒကူးနှစ်ဖြင့်လိမ်းကျံအပ်ကုန်သော။ဗာ
ဟာ၊မောင်းနှစ်ဘက်တို့သည်။ဆိဇ္ဇန္တိ၊ ပြတ်ကုန်၏။ဒေဝ၊အရှင်မင်းမြတ်။
မေ၊အကျွန်ုပ်၏။ပါဏာပါဏံ၊ဇီဝိတိန္ဒြေသည်။ ရုဇ္ဈန္တိ ရုဇ္ဈတိ၊ချုပ်ချေ၏။
(ဒုဿယပါတိဒုသိကာ,အဋ္ဌကထာဘွင့်သည့်အလိုသော်၊ဒုဿတိပဒုဿတ်
တိဒူသိကာ,ပုံ၍၊ကကိုယရေးသည်ဟူလို။ထိုကြောင့်၊ဒူသိကာတိဝိပါဠော,
ဟု-ဘွင့်ပြန်သောဝ်။ ဘူနဟာတာတိဟာတဘူနာဟတဝုဍ္ဍိတိအတ္ထော,ဟု-
ဘွင့်ရကား၊ဘူဓာတ်သည်ဝုဍ္ဍိအနက်ဟော။ ရညောတိဇုဒ်ဒုသိယာတိပ
ဒေနစသောစေတဒ္ဒံဟူသောအဋ္ဌကထာအလိုသော်၊ရညောကိုဒုသိယာ
၌သမ္ပဒါန်စပ်၊ဘူနံ၌သမ္ဗန်မစပ်လင့်ဟူလိုသည်။ မုဒုဟာဒယသုဟာဒါဝါ,
ဘွင့်သည့်အလိုသော်၊ဟာဒယ၌ယကျေသည်ဟူလိုသည်။ ဒါယာဒဿပ
ဒေသကား၊ဝိပဿိဿနမတ္တုကွဲ့သို့ရနစ်လုံးသာအက္ခရာရှိသည်။ဒါယာ
ဒဿ ပထဗျာတိဝိတုသန္တကာယစာတုရန္တာယ ပထဝိယာဒါယာဒဿ။
(အဋ္ဌကထာ)။ စာတုရန္တာတိစတုသုဒိသာသုသမုဒ္ဒန္တအန္တဝန္တာ။ဋီကာ
ရှိရကား။အဘာဥစ္စာအရပ်လေးမျက်နှာတို့၌သမုဒ္ဒရာအခြားရှိသော်မြေအ
ပြင်၌ဟု-ယောဇနာသည်။ ။ပါဏံမေဒေဝရုဇ္ဈတိ,ဟု-ဆိုလိုလျှင်၊စန္ဒာ
ဒေဝီသည်သောကကြီးလျက်မှိန်း၍နေရကား၊ပါဏာမေရုဇ္ဈန္တိ,ဟု-ဗဟု

ဝုစ်ဆိုမိသည်။ထိုကြောင့်ပါဏာမေဒေဝရုဏ္ဍာန္တိတိဒေဝမယှံဇူမံသောကံ သန္တာရေတုံအသက္ကောန္တော ယါငဇိဝိတံရုဏ္ဍတိ,ဟု-အဋ္ဌကထာမိန့်သောဝ်။ ရုဏ္ဍတိ,ဟု-ရုဇဓာတ်ရှိမူ၊ကျင်နာ၍ပေး။သင့်သည်ချည်း)။ ။ရူဋ္ဌဓမ္မပါလ ဇာကံ အဋ္ဌမံ။၃၅၈။

---

## ၃၅၉-သုဝဏ္ဏမိဂရာဇဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ ဝိက္ကမရေဟာရိပါဒ,အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော ဤသုဝဏ္ဏမိဂရာဇဇာတ်ကို၊ဇေတဝန်ကျောင်းကြီး၌ သီတင်းသုံးနေတော်မူစဉ်၊ တယောက်သောအမျိုးသမီးကို အကြောင်းပြု၍ ဟောတော်မူ၏။ ။

ဘုရားလောင်း၏မယားသည်ကား ပြေးပြီး၍သမင်တို့၏ အတွင်း၌ ကြည့်လတ်သော် ဘုရားလောင်းကိုမမြင်၍ ဤဘေးသည်ငါ၏ ချစ်စွာသောလင်အားဖြစ်သောဘေးဖြစ်ရာ၏ဟုလျင်မြန်သဖြင့် ဘုရားလောင်း၏အထံသို့သွား၍ မျက်ရည်စွတ်သောမျက်နှာရှိသည်ဖြစ်၍ငိုလျက်၊ အရှင်သည်အားကြီး၏။ဤကျော့ကွင်းသည်သင့်ကိုခံအံ့သော၄ါမတတ်နိုင်လတ္တံ့။ အဟုန်ကိုဖြစ်စေ၍ ထိုကျော့ကွင်းကို ဖြတ်လော့ဟုအားထုတ်ခြင်းကိုဖြစ်စေလိုရကား။ ။

(၇၅၇) ဝိက္ကမ ရေ ဟရိ-ပါဒ၊ဝိက္ကမ ရေ မဟာ-မိဂ။
ဆိန္ဒ ဝရတ္တိကံ ပါသံ၊နာ-ဟံ ဧကော ဝနေ ရမေ။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၇၅၇) ဟရိ-ပါဒ၊ရွှေအဆင်းနှင့်တူသောခြေရှိသော။ရေ၊ငါ့ချစ်လင်သမင်မင်း။ ဝိက္ကမ၊ရက်ရက်ရတ်ရတ် အားထုတ်တော်မူလော့။ ဝါ၊ငင်ဆောင့်ရုန်းတော်မူလော့။မဟာ-မိဂ၊မြတ်သောသမင်မင်းဖြစ်သော။ရေ၊ငါ၏ချစ်လင်။ဝိက္ကမ၊အားထုတ်တော်မူလော့။ဝရတ္တိကံ၊သားရေလွန်ဖြင့်ပြုအပ်သော။ပါသံ၊ကျော့ကွင်းကို။ဆိန္ဒ၊ဖြတ်လော့။ အဟံ၊အကျွန်ုပ်သည်။ ဧကော၊ချစ်လင်နှင့်ကင်း၍တယောက်ထည်းတည်း။ ဝနေ၊တော၌။နရမေ၊မမွေ့လျော်နိုင်။ ။

ထိုစကားကိုကြား၍ဘုရားလောင်းသမင်မင်းသည်။ ။

(၁၅၈) ဝိက္ကမာဝိ န ပါရေမိ၊ဘူမိံ သုမ္ဘာမိ ဝေဂသာ။
ဒဠှော ဝရတ္တိကော ပါသော၊ပါဒံ မေ ပရိကန္တတိ။ ။

ဟူသော၌ဒုတိယဂါထာကိုဆို၏။ ။

(၁၅၈) ဘဒ္ဒေ၊ ရှင်မ။အဟံ၊ငါသည်။ ဝိက္ကမာမိဝိရိယံကု ရောမိ၊အား ထုတ်လုံ့လပြုပါ၏။ နပါရေမိ၊ကျော့ကွင်းဖြတ်ကျအောင် ကိစ္စပြီးဆုံးမ တတ်နိုင်။ဝေဂသာ၊အဟုန်ဖြင့်။ဘူမိံ၊မြေကို။ သုမ္ဘာမိ၊ကျောက်ကန်ပါ၏။ ဝရတ္တိကော၊သားရေလွန်ဖြင့် ပြုအပ်သော။ပါသော၊ကျော့ကွင်းသည်။ ဒဠှော၊မြဲမြံလှ၏။မေ၊ငါ၏။ ပါဒံ၊ခြေကို။ ပရိကန္တတိ၊ ထက်ဝန်းကျင်ဖြတ် ၏။ ။

ထိုအခါဘုရားလောင်းကို၊သမင်မသည်၊အရှင်၊မကြောက်သင့်၊ကျွန်ုပ်သည့်ကိုယ်စွမ်းဖြင့်မုဆိုးကိုတောင်းပန်၍အရှင့်အသက်ကိုဆောင်ယူအံ့၊ တောင်းပန်အံ့သော၌ါအကယ်၍ မတက်နိုင်အံ့၊ကျွန်ုပ်အသက်ကိုလည်း ပေး၍ အရှင့်အသက်ကိုဆောင်ယူအံ့ဟု ဘုရားလောင်းကိုနှစ်သိမ့်စေ၍ သွေးလိမ်းကျံသော ဘုရားလောင်းကို မိမိကိုယ်၌မှီစေ၍ရပ်၏။ မုဆိုးသည်လည်းသန်လျက်လှံကိုယူ၍ ကမ္ဘာကိုလောင်သော မီးထသကဲ့သို့ ကိုးကားကိုးကားလာ၏၊ သမင်မသည်မုဆိုးကိုမြင်၍၊ အရှင်၊မုဆိုးသည် လာ၏။ ကျွန်ုပ်သည်ကိုယ်အစွမ်းကိုပြုအံ့၊အရှင်သည် မကြောက်လင့်ဟု သမင်မင်းကိုနှစ်သိမ့်စေ၍ မုဆိုးအားခရီးဦးကြို၍လျောက်ပတ်စွာရပ်နေ၍မုဆိုးကိုရှိခိုး၍၊အရှင်၊အကျွန်ုပ်လင်ရွှေသမင်သည်အကျင့်သီလနှင့် ပြည့်စုံ၏။ ရှစ်သောင်းသောသမင်တို့၏မင်းဖြစ်၏ဟု-ဘုရားလောင်း၏ ဂုဏ်ကျေးဇူးကိုဆို၍ သမင်မင်းသည်တည်စဉ်လျှင် မိမိအား သတ်ခြင်းကို တောင်းပန်လို၍။ ။

(၁၅၈) အတ္ထရဿု ပလာသာနိ၊အသိံ နိဗ္ဗာဟ လုဒ္ဒက။
ပဌမံ မံ ဝဓိတွာန၊ဟာန ပစ္ဆာ မဟာ-မိဂံ။ ။

ဟူသော၌တတိယဂါထာကိုဆို၏။ ။

(၁၅၈) လုဒ္ဒက၊မုဆိုး။တွံ၊သင်သည်။ ပလာသာနိ၊ပေါက်ဘက်တို့ကို။ အတ္ထရဿု၊ခင်းလော့။အသိံ၊သန်လျက်ကို။ နိဗ္ဗာဟ. အိမ်မှထုတ်လော့။ ပဌမံ၊ရှေးဦးစွာ။ မံ၊ငါ့ကို၊ဝဓိတွာန၊သတ်၍။ ပစ္ဆာ၊နောက်မှ။မဟာ-မိဂံ၊ မြတ်သောသမင်မင်းကို။ဟာန၊သတ်လော့။ ။

ထိုစကားကိုကြား၍မုဆိုးသည် လူဖြစ်သောမိန်းမသည်လည်း လင်

၏အကျိုး၌ါကိုယ်အသက်ကိုမစွန့်။ ဤသမင်မသည်ကား တိရစ္ဆာန်ဖြစ်လျက်အသက်ကိုစွန့်၏။လူ၏ဘာသာဖြစ်သော သာယာသော အသံဖြင့်လည်းပြောဆို၏။ယနေ့ငါသည် ဤသမင်မအားရင်း၊သမင်မ၏လင်အားရင်း အသက်ကိုပေးအံ့ဟု။ ။

(၇၅၉) န မေ သုတံ ဝ ဒိဋ္ဌံ ဝါ၊ဘာသန္တိံ မာနုသိံ မိဂိံ။
တွဉ္စ ဘဒ္ဒေ သုခီ ဟောဟိ၊ဧသော စာပိ မဟာ-မိဂေါ။ ။

ဟူသော၍စတုတ္ထဂါထာကိုဆို၏။ ။

(၇၅၉) မေမယာ၊ငါသည်။ ဣတော၊ဤအခါမှ။ပုဗ္ဗေ၊ရှေး၌။ ဧဝံ၊ဤသို့သောအထူးအဆန်းအာရုံကို။(ထည့်)။ဒိဋ္ဌံဝါ၊မြင်အပ်ဘူးသည်ရင်း။သုတံဝါ၊ကြားအပ်ဘူးသည်ရင်း။ နတ္ထိ၊မရှိ။ဟိသစ္စံ၊မှန်၏။ အဟံ၊ငါသည်။ ဣတော၊ဤအခါမှ။ ပုဗ္ဗေ၊ရှေး၌။(ထည့်)။ မာနုသိံ၊လူ့ဘာသာစကားကို။ ဘာသန္တိံ၊ချက်ချက်ချာချာဆိုတတ်စွာသော။မိဂိံ၊သမင်မကို။ နေဝအဒ္ဒသံ၊မမြင်စဘူးသည်သာတည်း။ နအဿောသိံ၊ မကြားစဘူးသည်သာတည်း။ ဘဒ္ဒေ၊ဥပါယ်ရေးရာဆိလိမ္မာ၍ သနားစရာဖြစ်သောအသျှင်မ။ တွဉ္စ၊သျှင်မသည်လည်း။သုခီ၊ချမ်းသာရှိသည်။ ဟောဟိ၊ဖြစ်လေလော့။ ဧသောစာပိ မဟာမိဂေါ၊ ဤသင်၏ချစ်လင် မြတ်သောသမင်မင်းသည်လည်း။သုခီ၊ချမ်းသာရှိသည်။ဟောဟိ၊ဖြစ်လေ့။တုမှေဒွေပိဇနာ၊သင်တို့ဇနီးမောင်နှံ နှစ်ပါးတို့သည်လည်း။ သုခီ၊ချမ်းသာရှိကုန်သည်။ နိဒ္ဒုက္ခာ၊ဆင်းရဲကင်းကုန်သည်။ဟောထ၊ဖြစ်ကြလေကုန်လော့။ ။

ဤသို့ထိုသမင်မကိုနှစ်သိမ့်စေ၍ မုဆိုးသည်ဘုရားလောင်း၏အထံသို့သွား၍သားရေလွှန်ကိုပဲခွပ်ဖြင့်ဖြတ်၍ ခြေ၌ငြိသောသားရေလွှန်ကို သာယာစွာထုတ်၍ အကြောကိုအကြောချင်း၊ အသားကိုအသားချင်း၊ အရေကိုအရေချင်းစပ်၍ ခြေကိုလက်ဖြင့်ဆုပ်၏။ ထိုခဏ၌လျှင်ဘုရားလောင်း၏ ဖြည့်အပ်ပြီးသော ပါရမီအာနုဘော် အားဖြင့်ရင်း မုဆိုး၏မေတ္တာအာနုဘော်အားဖြင့်ရင်းသမင်မ၏အဆွေခင်ပွန်း၌စောင့်ရှောက်သောတရား၏ အာနုဘော်အားဖြင့်ရင်း ဤသို့မေတ္တာပါရမီချစ်ကြိုးတင်ညီကြသ်ဖြင့်အကြောအသားအရေတို့သည် အချင်းချင်းစပ်ကုန်၏။ ဘုရားလောင်းသည်ချမ်းသာလျက်ဆင်းရဲကင်းလျက်ရပ်၏။ သမင်မသည် ချမ်းသာသောဘုရားလောင်းကိုမြင်၍ဝမ်းမြောက်ခြင်းဖြစ်၍ မုဆိုးအား အနုမောဒနာပြုလို၍။ ။

(၁၆၀) ဧဝံ လုဒ္ဒက နန္ဒဿု၊သဟ သဗ္ဗေဟိ ဉာတိဘိ။
ယထာ-ဟံ-မဇ္ဇ နန္ဒာမိ၊မုတ္တံ ဒိသွာ မဟာ-မိဂံ။ ။

ဟူသော ဤပဉ္စမဂါထာကိုဆို၏။ ။

(၁၆၀) လုဒ္ဒက၊မုဆိုး။အဇ္ဇ၊ယနေ့။ အဟံ၊သည်။ မုတ္တံ၊ကျော့ကွင်းမှ လွတ်သော။ မဟာ-မိဂံ၊မြတ်သောသမင်မင်းကို။ ဒိသွာ၊မြင်၍။နန္ဒာမိယထာ၊နှစ်သက်၏သို့။ ဧဝံတထာ၊ထို့အတူ။တွံ၊သင်သည်။ သဗ္ဗေဟိ၊အလုံးစုံကုန်သော။ ဉာတိဘိ၊အဆွေအမျိုးတို့နှင့်။သဟ၊တကွ။နန္ဒဿု၊နှစ်သက်စေသတည်း။ ။

ဘုရားလောင်းသည် ဤမုဆိုးကားငါ၏ကိုးကွယ်ရာဖြစ်ပြီ။ ငါသည်လည်း မုဆိုး၏ကိုးကွယ်ရာ ဖြစ်သင့်၏ဟု ကျက်စားရာမြေ၌ မြင်အပ်သောတရသောပတ္တမြားတုံးကိုမုဆိုးအားပေး၍။ အဆွေ၊ယနေ့မှစ၍ပါဏာတိပါတ အစရှိသည်ကိုမပြုလင့်။ ဤပတ္တမြားဖြင့်ဥစ္စာကို ဖြစ်စေ၍ သားမယားတို့ကိုမွေးလျက် ဒါနသီလအစရှိကုန်သော ကောင်းမှုတို့ကို ပြုလော့ဟုမုဆိုးအား အဆုံးအမကိုပေး၍တောသို့ဝင်၏။ ။(ဝိက္ကမန္တိဝိဇ္ဇေးရှိသောကမုခါတ်သည်လုံ့လပြုခြင်းအနက်ကိုဟော၏။ ထို့ကြောင့်။ ဝိက္ကမာတိပရက္ကမ,ဟူ၍ရင်း။ဝိက္ကမာဒ်တိဘဒ္ဒေအဟင်ငိဂ်ယံကရေမိ,ဟူ၍ရင်းဘွင့်သည်။ ။ပရက္ကမကို,အာကနေ့တိတိအဋ္ဌေဿ၊ဆင့်ပြန်သည်ကား လုံ့လပြုလော့ဟူသည်ဆွဲငင်၍ ရှုန်းလော့ဟူ၍ အဓိပ္ပါယ်ဆင့်သည်။ကမုဓါတ်သည်အာကမ္မနအနက်ကိုဟောသောကြောင့်မဟုတ်။ ။ရေတိအာမန္တနေနိပါတော။ ။ထိုသမင်သည်တကိုယ်လုံးရွှေအဆင်းရှိသည်ဖြစ်လျက်သမင်မသည်မိမိလင်၌ရှိသောသည်၏အပွင်းအားဖြင့် ပါဒေဝန္ဒာမိသိရသာကဲ့သို့ဟာရိပါဒဟူလေသည်။ ။နပါဒေမြဲ၌ပါဒေခါတ်သည်ကမ္ပသမ္ဗတ္တိအနက်ကို ဟောသည်။ ။ပါရ,တိရ,ကမ္ပသမ္ပတ္တိယံ၊ကမ္ပသမ္ပတ္တိနာမကမ္ပဿပရိသမာပနံနိဋ္ဌာပနံ။ ပါဒေတိပါရ။တိဒေတိတိရံ။ဝိက္ကမာမိနပါရေမိ။ တိကိစ္ဆံတိရေတုံဂတောတိဧကောပရိည္ဆာ၊ (သဒ္ဒနီတိ)။ ။နပါရေမိတိပါသံပတိတုံပနသက္ကောမိတိအတ္ထော,ဟူသောအဋ္ဌကထာကိုမြင်ကာမျှဖြင့် နပါတေမိပြင်၍ကျော့ကွင်းကိုမချနိုင်ပါ,ယောဇနာသည်ကားသဒ္ဒါကျမ်းနှင့်မညီ။ ။သုဘခါတ်သည်ဟုဝ၊ဒိတ္တိတ်းနှင့်သောဘာအနက်ကိုဟောသည်။ရုဓာဒိဂိုဏ်း၌ကား ပုတ်ခတ်ခြင်းအနက်ကိုဟောသည်။ ။သုဘာပဟာရေ။ယောနေဂါဒေဝါ၊ဝသုမ္ဘတိ။ပရိ

သုမှုတိ။သံသုမှမာနာအတ္တာနံကာလမာဂမယာမသေ။ ။ကေသဂ္ဂဟာကမရက္ခေပါ၊ဘုမျှာစပရိသုမှနာ။ဒတွာစနေ့ပက္ကမတိ၊ဗဟုဒုက္ခံအနပ္ပကံ။ (သဒ္ဒနိီတိ)။ ။ပရိကန္တတိ၌၊ကတိဆေဒနေ။ဘုဝါဒိဂိုဏ်းဈကာရန္တဖြစ်၍နိဂ္ဂဟိတ်ရှေ့သည်၊ရုဓာဒိဂိုဏ်းမဟုတ်။ ။နမေသုတံဝဒိဋ္ဌံဝါ၊စသော စတုတ္ထဂါထာ၌။ ။သုတံဝဒိဋ္ဌံဝါတိမယာဈာတောပုဗ္ဗေဝံဒိဋ္ဌံဝါသုတံဝါနတ္ထိ။ ဘာသန္တိံမာနုသိံမိဂိန္တိ အယဥ္စ ဈာတောပုဗ္ဗေမာနုသိံဝါစံဘာသန္တိံမိဂိံနေဝအဒ္ဒသံနအသောသိံ၊အဋ္ဌကထာဘွင့်ရကားသမင်မကိုဟောသောမိဂိသည်ဈဂ္ဂိလိင်ကိုဟောသည်ဟူ၍မှုသာမြင်၍ သုတာဝါဒိဋ္ဌာဝါပြင်သည်ကါးမသင့်။သုတံဝါဒိဋ္ဌံဝါနပုံးနေသည်ကားအနက်ဖြစ်သောအာခ်ံကိုငဲ့၍နေသည်၊ ထိုကြောင့်။ ဧဝံဒိဋ္ဌံဝါသုတံဝါနတ္ထိဟုယောဇနာခဲ့သည်။ ။ဘာသန္တိံမာနုသိံမိဂိတိငိပါဠိ။ အယမေဝအတ္ထော နေယျော,ဟု-အဋ္ဌကထာတက်ပြန်သည့်အလိုကား။မာနုသိံ၊လူ့စကားကို။ ဘာသန္တိံ၊ဆိုသော။မိဂိ၊သမင်မသည်။အတ္ထိတိ၊ရှိ၏ဟူ၍။ ဈာတော၊ဤအခါမှ။ပုဗ္ဗေ၊ရှေး၌။ မေမယာ၊ငါသည်။ဧဝံ၊ဤသို့သောစကားကို။သုတံဝါ၊ကြားအပ်ဘူးသည်ရင်း။ဒိဋ္ဌံဝါ၊မြင်အပ်ဘူးသည်ရင်း။နတ္ထိ၊မရှိ။ဟု-ယောဇနာ။ ။တူဠ္ဌဘာဒ္ဒေဧသောစာပိမဟာမိဂေါ သုခိဟောထ,ဟု-ပရောပုရိသ်ဆိုရမည်ကို ဂါထာဖြစ်၍ သုခိဟောဟိ,ဟု-စင်ကြားတွင် ချပ်ပြန်လေသည်)။ ။သုဝဏ္ဏမိဂဇာတကံ နဝမံ။၃၅၉။

## ၃၆၀–သုယောနန္ဒီဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ ပါတိဂန္ဓောတိမိရာနံ,အစရှိသော ဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သောဤသုယောနန္ဒီဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌သီတင်းသုံး နေတော်မူစဉ်၊ သာသနာတော်၌ ငြီးငွေ့သော ရဟန်းကိုအကြောင်းပြု၍ဟောတော်မူ၏။

သဂ္ဂမည်သောစောင်းသမားသည်ကုန်သည်တို့နှင့်တကွလှေစီး၍ဗါရာဏသီသို့သွား၍မင်းကိုဖူးမြင်၍ကြွေအန်ကစားသောကာလ၌စောင်းကိုယူ၍မင်း၏အထံ၌စောင်းတီးလျက်။ ။

(၁၆၁) ဝါတိ ဂန္ဓောတိမိရာနံ၊ကု-သမုဒ္ဒေါ စ ဃောသဝါ။
ဒူရေ ဣတော သုယောနန္ဒီ၊တမ္ဗ ကာမာ တုဒန္တိ မံ။ ။
ဟူသော ဤပဌမဂါထာကိုဆို၏။ ။

(၁၆၁) တမ္ဗ၊တမ္ဗမင်းကြီး။ဣတော၊ဤဗာရာဏသီပြည်မှ။ဒူရေ၊ဝေး သောဂင်္ဂုန်ပြည်၌။ သုယောနန္ဒီ၊သုယောနန္ဒီမည်သော မိဘုရားသည်။ ဝသတိ၊နေ၏။ တတ္ထ၊ ထိုသုယောနန္ဒီမိဘုရားနေရာအရပ်၌။ တိမိရာနံ၊ ပဒေါင်ပင်ကိုခြံရံ၍ ပေါက်ကုန်သော ကျည်းပန်းတို့၏။ ဂန္ဓော၊ အနံ့ သည်။ဝါတိ၊လှိုင်၏။ ကုသမုဒ္ဒေါစ၊သမုဒ္ဒရာငယ်သည်လည်း။ ဃောသ ဝါ၊သည်းစွာမြည်၏။မံ၊အကျွန်ုပ်ကို။ကာမာ၊ကာမတို့သည်။တုဒန္တိ၊ထိုး ကျင့်ကုန်၏။တနည်း။ တမ္ဗကာမာ၊တမ္ဗမင်းသည် အလိုရှိအပ်တောင့်တ မြတ်နိုးအပ်သောဝတ္ထုကာမတို့သည်။ မံ၊အကျွန်ုပ်ကို။ ဟဒယော၊နှလုံး၌။ တုဒန္တိ၊ထိုးကျင့်ကုန်၏။ ။

ထိုစကားထိုကြား၍ဂင်္ဂုန်မင်းသည်။ ။

(၁၆၂) ကထံ သမုဒ္ဒ·မတရိ၊ကထံ အဒ္ဒက္ခိ သေဒုမံ။
ကထံတဿာစ တုယှဉ္စ၊အဟု သဂ္ဂသမာဂမော။ ။
ဟူသော ဤဒုတိယဂါထာကိုဆို၏။ ။

(၁၆၂) သဂ္ဂ၊သဂ္ဂ။တွံ၊သင်သည်။ကထံ၊အဘယ်သို့သောအကြောင်း ဖြင့်။သမုဒ္ဒံ၊သမုဒ္ဒရာကို။ အတရိ၊ကူးသနည်း။ကထံ၊အဘယ်သို့သောအ ကြောင်းဖြင့်။ သေဒုမံ၊သေဒုမကျွန်းကို။ အဒ္ဒက္ခိ၊ မြင်သနည်း။ ကထံ၊အ ဘယ်သို့သောအကြောင်းဖြင့်။တဿာစ၊ထိုသုယောနန္ဒီ၏ရင်း။တုယှဉ္စ၊ သင်၏ရင်း။ သမာဂမော၊ပေါင်းမိခြင်းသည်။အဟု၊ဖြစ်သနည်း။ ။

ထိုနောင်မှသဂ္ဂမည်သောစောင်းသမားသည်။ ။

(၁၆၃) ကုရုကစ္ဆာ ပယာတာနံ၊ဝါဏိဇာနံ ဓနေ·သိနံ။
မကရေဟိ အဘိဒါ နာဝါ၊ဖလကေနာ·ဟ·မပ္လဝိံ။ ။
(၁၆၄) သာ မံ သဏှေန မုဒုနာ၊နိစ္စံ စန္ဒန-ဂန္ဓိနီ။
အင်္ကေန ဥဒ္ဓရီ ဘဒ္ဒါ၊မာတာ ပုတ္တံ·ဝ ဩရသံ။ ။
(၁၆၅) သာ မံ အန္နေန ပါနေန၊ဝတ္ထေန သယနေန စ။
အတ္တနာ ပိစ မန္ဒ·က္ခီ၊ဧဝံတမ္ဗ ဝိဇာနဟိ။ ။
ဟူသော ဤသုံးဂါထာတို့ကိုဆို၏။ ။

(၁၆၃-၁၆၅) တမ္ဗ၊တမ္ဗမင်းကြီး။ကုရုကစ္ဆာ၊ ကုရုကစ္ဆသဘော်ဆိပ်

မှ၊ပယာတာနံ၊လွှင့်သွားကုန်သော။ဓနေသိနံ၊ဥစ္စာကိုရှာကုန်သော။ဝါဏိ
ဇါနံ၊ကုန်သည်တို့၏။နာဝါ၊သင်္ဘောသည်။မကရေဟိ၊မကန်းတို့ကြောင့်။
အဘိဒါ၊ကွဲ၏။အဟံ၊ငါသည်။ဖလကေန၊ပျဉ်ချပ်ဖြင့်။အပ္လဝိံ၊ကူး၏။ ။
တမ္ဗ၊တမ္ဗမင်းကြီး။ နိစ္စံ၊အမြဲ။စန္ဒနဂန္ဓိနီ၊စန္ဒကူးနံ့သာလိမ်းသော။ဘဒ္ဒါ၊ရှု
ဖွယ်ကြည်ညိုဖွယ်ရှိသော။ သာ သုယောနန္ဒီ၊ထိုသုယောနန္ဒီမိဖုရား
သည်။မံ၊အကျွန်ုပ်ကို။သဏှေန၊သိမ်မွေ့သော။ မုဒုနာ၊နူးညံ့သောစကား
ဖြင့်။သမဿာသေတွာ၊နှစ်သိမ့်စေ၍။(ထည့်)။မာတာ၊အမိသည်။ဩရသံ၊
ရင်၌ဖြစ်သော။ပုတ္တံ၊သားကို။ဥဒ္ဒရိက္ခဝ၊ချီသကဲ့သို့။အင်္ကေန၊လက်မောင်း
နှစ်ဘက်ဖြင့်။ဥဒ္ဓရိ၊ချီ၏။တမ္ဗ တမ္ဗမင်းကြီး။ မန္ဒက္ခိ၊နူးညံ့သောအခြင်းအ
ရာအားဖြင့်ကြည့်လေ့ရှိသော။သာ၊ထိုသုယောနန္ဒီမိဖုရားသည်။မံ၊ငါ့ကို။
အန္နေန၊နတ်ထမင်းဖြင့်၎င်း။ ပါနေန၊နတ်အဖျော်ဖြင့်၎င်း။ ဝတ္ထေန၊
နတ်အဝတ်ဖြင့်၎င်း။ သယနေန၊နတ်အိပ်ရာဖြင့်၎င်း။ အတ္တနာဝိစ၊ကိုယ်
ဖြင့်၎င်း။ သန္တပ္ပေသိ၊မပျော်ပျော်အောင်မွေ့လျော်ရောင့်ရဲစေ၏။ တမ္ဗ၊သင်
မင်းကြီးသည်။ဧဝံ၊ဤသို့။ဝိဇာနာဟိ၊သိတော်မူလော့။ ။(ချဒ္ဒကေါသမုဒ္ဒေါ
ကုသမုဒ္ဒေါ,ပြ၍။ ကု,သဒ္ဒါသည်ချဒ္ဒက,အပ္ပက အနက်ကို ဟောရကား။
ပညောင်ပင်ကြီး၏အနီး၌သမုဒ္ဒရာငယ်ကိုရည်၍ဆိုသည်။ ။တမ္ဗာတိ
ရာဇာနံ အာလပတိ၊အထဝါတမ္ဗကာမာတိတမ္ဗေနကာမိတာကာမာတမ္ဗ
ကာမာနာမတေမံဟာဒယေပိဏ္ဍန္တိ တိဒီပေတိ။ အဋ္ဌကထာဘွင့်ရကားနှစ်
နည်းယောဇနာသည်။ အင်္ကေနာတိဗာဟု ယုဂဠ္ဌံရုဓ အင်္ကေနာတိဝုတ္တံ။
အဋ္ဌကထာ။ ။အတ္တနာဝိစ,ဟူသောပါဠ်ဖြင့်သက်သက်ထမင်းအဖျော်
တို့ဖြင့်သာရောင့်ရဲစေသည်မဟုတ်။ ကိုယ်ဖြင့်လည်း မမွေ့လျော်သည်
ကိုမွေ့လျော်အောင်ရောင့်ရဲစေသည်၏အဖြစ်ကိုပြသည်)။ ။သုယော
နန္ဒီဇာတကံ ဒသမံ။ ၃၆၀။

## ၂-ဝဏ္ဏာရောဟဝဂ်။

## ၃၆၁-ဝဏ္ဏာရောဟဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်
စွာဘုရားသည်၊ဝဏ္ဏာရောဟော,အစရှိသောဂါထာပုဒ်တို့ဖြင့်တန်းဆာ
ဆင်အပ်သော ဤဝဏ္ဏာရောဟဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌သိ

တင်းသုံးနေတော်မူစဉ်၊ နှစ်ပါးကုန်သောအဂ္ဂသာဝကတို့ကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ကျားသည်ခြင်္သေ့အထံသို့ကပ်၍ အဆွေခင်ပွန်းသင်သည် ဤသို့ဆိုသလောဟုမေးလိုရကား။ ။

(၃၆၆) ဝဏ္ဏာ-ရောဟေန ဇာတိယာ၊ဗလ-နိက္ကမနေန စ။
　　သုဗာဟု န မယာ သေယျော၊သုဒါဌ ဣတိ ဘာသသိ။ ။

ဟူသောဤပဌမဂါထာကိုဆို၏။ ။

(၃၆၆) သုဒါဌ၊ခြင်္သေ့မင်း။ သုဗာဟု၊ကျားသည်။ဝဏ္ဏာ-ရောဟေန၊အဆင်းအလုံ့အရပ်ဖြင့်၎င်း။ ဇာတိယာ၊အမျိုးဖြင့်၎င်း။ ဗလ-နိက္ကမနေန စ၊အားလုံ့လဖြင့်၎င်း။ မယာ၊ငါ့ထက်။နသေယျော၊မလွန်မမြတ်။ ဣတိ၊ဤသို့သောစကားကို။တွံ၊သင်သည်။ဘာသသိ၊ဆိုမိသလော။ ။

ထိုစကားကိုကြား၍ခြင်္သေ့သည်။ ။

(၃၆၇) ဝဏ္ဏာ-ရောဟေန ဇာတိယာ၊ဗလ-နိက္ကမနေန စ
　　သုဒါဌော န မယာ သေယျော၊သုဗာဟု ဣတိ ဘာသသိ။ ။

(၃၆၈) ဧဝံ စေ မံ ဝိဟရန္တံ၊သုဗာဟု သမ္မ ဒုဗ္ဘသိ။
　　န-ဒါနာ-ဟံ တယာ သဒ္ဓိံ၊သံဝါသ-မဘိရောစယေ။ ။

(၃၆၉) ယော ပရေသံ ဝစနာနိ၊သဒ္ဒဟေယျ ယထာတထံ၊
　　ခိပ္ပံ ဘိဇ္ဇေထ မိတ္တသ္မိံ၊ဝေရဉ္စ ပသဝေ ဗဟုံ။ ။

(၃၇၀) န သော မိတ္တော ယော သဒါ အ-ပ္ပမတ္တော၊
　　ဘေဒါ-သင်္ကီ ရန္ဓမေဝါ-နုပဿီ။
　　ယသ္မိဉ္စ သေတိ ဥရသီ-ဝ ပုတ္တော၊
　　သ ဝေ မိတ္တော ယော အ-ဘေဇ္ဇော ပရေဟိ။

ဟူသောဤလေးဂါထာတို့ကိုဆို၏။ ။

(၃၆၇-၃၇၀) သုဗာဟု၊ကျားမင်း။ သုဒါဌော၊ခြင်္သေ့သည်။ ဝဏ္ဏာရောဟေန၊အဆင်းအလုံးအရပ်ဖြင့်၎င်း။ဇာတိယာ၊ဖြင့်၎င်း။ဗလနိက္ကမနေနစ၊အါးလုံ့လဖြင့်၎င်း။မယာ၊ငါ့ထက်။နသေယျော၊မလွန်မမြတ်။ဣတိ၊ဤစကားကို။တွံ၊သင်သည်။ဘာသသိ၊ဆိုမိသလော။ ။သမ္မသုဗာဟု၊အရွယ်တူဖြစ်သောအဆွေကျား။ ဧဝံ၊ဤသို့။ ဝိဟရန္တံ၊သင်နှင့်အညီအညွတ်နေသော။မံ၊ငါ့ကို။ဆိဂ်ါလသဿ၊မြေခွေး၏။ ကထံ၊စကားကို။ ဂဟေတွာ၊ယူ၍။တွံ၊သင်သည်။စေဒုဗ္ဘသိ၊အကယ်၍ပြစ်မှားအံ့။အဟံ၊ငါသည်။ ဣဒါနိ၊

ယခုအခါ၌။တယာ၊သင်နှင့်။ သဒ္ဓိံ၊တကွ။သံဝါသံ၊နေခြင်းကို၊နအဘိရောစယေ၊မနှစ်သက်။ ။ယော၊အကြင်သူသည်။ပရေသံ၊သူတပါးတို့၏။ဝစနာနိ၊စကားတို့ကို။ ယထာတထံ၊အဟုတ်အမှန်အားဖြင့်။ သဒ္ဒဟေယျ၊ယုံကြည်ရာ၏။ အသ္မိံ၊ထိုသူ၌။မိတ္တံ၊မိတ်သည်။ခိပ္ပံ၊လျင်စွာ။ဘိဇ္ဇေထ၊ပျက်ရာ၏။ဗဟုံ၊များစွာ။ဝေရဉ္စ၊ရန်သည်လည်း။ပသဝေ၊ပွါးရာ၏။ ။ယော၊သူသည်။သဒါ၊အခါခပ်သိမ်း။အပ္ပမတ္တော၊မမေ့မလျော့သည်ဖြစ်၍။ဘေဒါ·သင်္ကီ၊မိတ်၏ပျက်စီးခြင်းကိုရှုရှာသည်ဖြစ်၍။ ရန္ဓမေဝ၊ပျက်စီးအံ့သောအခွင့်အပေါက်ကိုသာလျှင်။ အနုပဿီ၊အစဉ်မပြတ်စောင့်ရှောက်ကြည့်ရှုလျက်။မိတ္တဿ၊မိတ်၏။ ဝိနာသံ၊ပျက်စီးခြင်းကို။ နဒေတိ၊မပေး။သော၊ထိုသူသည်။မိတ္တော၊မိတ်မည်၏။ပုတ္တော၊သားသည်။ဥရသိ၊အမိရင်ခွင်၌။သေတိဣဝ၊ ရှုရှာခြင်းကင်းလျက်အိပ်၏သို့။ ယသ္မိံစ၊အကြင်သူ၌လည်း။ သေတိ၊ ရှုရှာခြင်းကင်းလျက်အိပ်၏။ ယောစ၊အကြင်သူသည်လည်း။ ပရေဟိ၊သူတပါးတို့ကြောင့်။ အဘေဇ္ဇော၊မကွဲပြား။ သော၊ထိုသူသည်။ ဝေ၊စင်စစ်။မိတ္တော၊မိတ်မည်၏။ ။

ဤသို့လေး ဂါထာတို့ဖြင့် ခြသေ့်သည် မိတ်၏။ ကျေးဇူးကိုဆိုသည်ရှိသော်၊ ကျားသည်ငါ့အားအပြစ်ရှိ၏ ဟုခြသေ့်ကိုကန်တော့၏။ထိုကျားခြသေ့်တို့သည် ရှေးအတူသာလျှင်ညီညွတ်သောနေခြင်းဖြင့် နေကုန်၏။ မြေခွေးသည်ကားပြေး၍တပါးသို့သွား၏။ ။(နသောမိတ္တော,ဟူသောနှစ်ပါဒ၌၊ယောသဒါနိစ္စံအပ္ပမတ္တောဟုတွာ ဘေဒါသင်္ကီအဇ္ဇသွေဘိဇ္ဇိဿတီတိဧဝံမိတ္တဿဘေဒမေဝအာသင်္ကီဝါရန္ဓမေဝဆိဒ္ဒဝိဝရမေဝအနုပဿီအနုပဿန္တောမိတ္တဿဝိနာသံနဒေတိ သောမိတ္တောနာမဟောတိ။ဟုယောဇနာမှအနက်သင့်သည်။ရှိတိုင်းသာ။ သော၊ထိုသူသည်။ နမိတ္တော၊မိတ်မမည်ဟု ယောဇနာသော်အနက်မလျော်။ ထိုကြောင့်မိတ္တဿဝိနာသံနဒေတိ၊ သောမိတ္တောနာမဟောတီတိ အတ္ထော, ဟု-အဋ္ဌကထာ မိန့်သော်)။ ။ဝဏ္ဏာရောဟဇာတကံ ပဌမံ။၃၆၁။

## ၃၆၂-သီလဝီမံသဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊သီလံသေယျော,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်

အပ်သော၍သီလဝီမံသဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်၊သီလကိုရုံစမ်းသောတယောက်သောပုဏ္ဏားကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ထိုပုဏ္ဏားသည်ယခုအကျွန်ုပ်သည်အကြားအမြင်ထက်သီလ၏မြတ်သောအဖြစ်ကိုသိလတ်ပြီဟုဆိုလို၍။ ။

(၁၁၁) သီလံ သေယျော သုတံ သေယျော၊ဣတိ မေ သံသယော အဟု။
သီလ·မေဝ သုတာ သေယျော၊ဣတိ မေ နတ္ထိ သံသယော။ ။
(၁၁၂) မောဃာ ဇာတိ စ ဝဏ္ဏော စ၊သီလ·မေဝ ကိရု·တ္တမံ။
သီလေန အနု·ပေတဿ၊သုတေန·တ္ထော န ဝိဇ္ဇတိ။ ။
(၁၁၃) ခတ္တိယော စ အ-ဓမ္မဋ္ဌော၊ဝေဿော စာ·ဓမ္မနိဿိတော။
တေ ပရိစ္စဇ္ဇုဘော လောကေ၊ဥပပဇ္ဇန္တိ ဒုဂ္ဂတိံ။ ။
(၁၁၄) ခတ္တိယာ ဗြာဟ္မဏာ ဝေဿာ၊သုဒ္ဒါ စဏ္ဍာလ-ပုက္ကုသာ။
ဣဓ ဓမ္မံ စရိတွာန၊ဘဝန္တိ တိဒိဝေ သမာ။ ။
(၁၁၅) န ဝေဒါ သမ္ပရာယာယ၊န ဇာတိ နာပိ ဗန္ဓဝါ။
သကဉ္စ သီလံ သံသုဒ္ဓံ၊သမ္ပရာယ သုခါယ စ။ ။

ဟူသောဂါထာတို့ကိုဆို၏။ ။

(၁၁၁-၁၁၅) မဟာရာဇ၊မြတ်သောမင်းကြီး။မေ၊အကျွန်ုပ်အား။သီလံ၊သီလသည်တည်း။သေယျော၊မြတ်သလော။ သုတံ၊သုတသည်တည်း။သေယျော၊မြတ်သလော။ ဣတိ၊ဤသို့။သံသယော၊ယုံမှားခြင်းသည်။ အဟု၊ ဖြစ်၏၊ဣဒါနိ၊ယခုအခါ၌။သီလမေဝ၊သီလသည်သာလျှင်။ သုတာ၊အကြားအမြင်ထက်။သေယျော၊မြတ်၏။ဣတိ၊ဤသို့။ မေ၊အကျွန်ုပ်သည်။ဉာတော၊သိအပ်ပြီ။ မေ၊အကျွန်ုပ်အား။ သံသယော၊ ယုံမှားခြင်းသည်။နတ္ထိ၊မရှိ။ ။မဟာရာဇ၊ မြတ်သောမင်းကြီး။ ဇာတိစ၊အမျိုးသည်ရင်း။ဝဏ္ဏောစ၊အဆင်းသည်ရင်း။ မောဃာ၊အကျိုးမရှိကုန်။ သီလမေဝ၊သီလသာလျှင်။ဥတ္တမံကိရ၊မြတ်သတတ်။ သီလေန၊သီလနှင့်။အနုပေတဿ၊မပြည့်စုံသောသူအား။ သုတေန၊အကြားအမြင်ဖြင့်။ အတ္ထော၊ အကျိုးသည်။နဝိဇ္ဇတိ၊မရှိ။ ။အ-ဓမ္မဋ္ဌော၊တရား၌မတည်သော။ ခတ္တိယော စ၊မင်းသည်ရင်း။အဓမ္မနိဿိတော၊အဓမ္မကိုမှီသော။ ဝေဿော စ၊အသည်သည်ရင်း။တေဥဘော၊ထိုနှစ်ယောက်ကုန်သောသူတို့သည်။ လောကေ၊

လူ့ပြည်နတ်ပြည်တို့ကို။ ပရိစ္စဇ္ဇ၊စွန့်ကုန်၍။ဒုဂ္ဂတိံ၊ဒုဂ္ဂတိ၌။ဥပပဇ္ဇန္တိ၊ဖြစ်ကုန်၏။ ။ခတ္တိယာစ၊မင်းတို့သည်၎င်း။ဗြဟ္မဏာစ၊ ပုဏ္ဏားတို့သည်၎င်း။ဝေဿာစ၊ အသည်တို့သည်၎င်း။သုဒ္ဒါစ၊ သူဆင်းရဲတို့သည်၎င်း။ စဏ္ဍာလပုက္ကုသာစ၊အသေကောင်ကိုစွန့်သောစဏ္ဍာလ ပန်းသွန်မျိုးတို့သည်၎င်း။ဣဓ၊ဤပစ္စုပ္ပန်ဘဝ၌။ဓမ္မံ၊တရားကို။စရိတွာန၊ကျင့်၍။တိဒိဝေ၊နတ်ပြည်၌။သမာ၊တူကုန်သည်။ဘဝန္တိ၊ဖြစ်ကုန်၏။ဝေဒါ၊ဗေဒင်တို့သည်။သမ္ပရာယာယ၊ တမလွန်၌စည်းစိမ်ချမ်းသာကိုပေးခြင်းငှါ။ နဟောန္တိ၊မဖြစ်ကုန်။ ဇာတိပိ၊အမျိုးတို့သည်လည်း။သမ္ပရာယာယ၊ တမလွန်ဘဝ၌စည်းစိမ်ချမ်းသာကိုပေးခြင်းငှါ။နဟောန္တိ၊မဖြစ်ကုန်။ ဗန္ဓဝါပိ၊အဆွေအမျိုးတို့သည်လည်း။ သမ္ပရာယာယ၊ တမလွန်၌ စည်းစိမ်ချမ်းသာကိုပေးခြင်းငှာ။နဟောန္တိ၊မဖြစ်ကုန်။သံသုဒ္ဓံ၊စင်ကြယ်သော။သကဉ္စသီလံ၊မိမိသီလသည်သာလျှင်။ သမ္ပရာယသုခါယစ၊ တမလွန်ဘဝ၌ဖြစ်သောချမ်းသာအကျိုးငှါလည်း။ ဟောတိ၊ဖြစ်၏။ ။သီလဝီမံသဇာတကံ ဒုတိယံ။၃၆၂။

---

## ၃၆၃-ဟိရိဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ဟိရိံတရန္တံ၊အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော၍ဟိရိဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊အနာထပိဏ်သူဌေး၏အဆွေခင်ပွန်းဖြစ်သောပစ္စန္တအရပ်နေသူဌေးကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ပစ္စန္တအရပ်နေသူဌေး၏လူတို့သည်လုယက်အပ်သော အလုံးစုံသောဥစ္စာရှိကုန်သည်ဖြစ်၍ မိမိဥစ္စာ၏အရှင်မဟုတ်ကုန်သည်ဖြစ်၍ပြေးကုန်၏ဟု ဗာရာဏသီသူဌေးအားကြားလျှောက်သည်ရှိသော်၊ ဗာရာဏသီသူဌေးသည်မိမိအထံသို့လာကုန်သောသူတို့အား ပြုအပ်ကုန်သောအမှုကိုမပြုကုန်သောသူတို့သည်ကား ကျေးဇူးတုံ့ပြုတတ်သောသူတို့ကိုမရကုန်သလျှင်ကတည်းဟုဆိုလို၍။ ။

(၇၇၆) ဟိရိံ တရန္တံ ဝိဇိဂုစ္ဆမာနံ၊
တဝါဟ မသ္မိ ဣတိ ဘာသမာနံ။

သေယျာနိ ကမ္မာနိ အနာဒိယန္တံ၊
နေ·သော မမ·န္တိ ဣတိ နံ ဝိဇညာ။ ။
(၇၇၇) ယဉှိ ကယိရာ တဉှိ ဝဒေ၊ ယံ န ကယိရာ န တံ ဝဒေ။
အ-ကရောန္တံ ဘာသမာနံ၊ ပရိဇာနန္တိ ပဏ္ဍိတာ။ ။
(၇၇၈) န သော မိတ္တော ယော သဒါ အ·ပ္ပမတ္တော၊
ဘေဒါသင်္ကီ ရန္ဓမေဝါ·နုပဿီ။
ယသ္မိဉ္စ သေတိ ဥရသီ·ဝ ပုတ္တော၊
သ ဝေ မိတ္တော ယော အ-ဘေဇ္ဇော ပရေဟိ။ ။
(၇၇၉) ပါမောဇ္ဇ-ကရဏံ ဌာနံ၊ ပသံသာ·ဝဟနံ သုခံ။
ဖလာ·နိသံသော ဘာဝေတိ၊ ဝဟန္တော ပေါရိသံ ဓုရံ။ ။
(၇၈၀) ပဝိဝေက-ရသံ ပိတွာ၊ ရသံ ဥပသမဿ စ။
နိဒ္ဒရော ဟောတိ နိပ္ပါပေါ၊ ဓမ္မပ္ပီတိ-ရသံ ပိဝံ။ ။
ဟူသောဤငါးဂါထာတို့ကိုဆို၏။ ။

(၇၇၅-၇၈၀) ဟိရိံ၊ရှက်ခြင်းကို။ တရန္တံ၊လွန်သော။ ဝိဇိဂုစ္ဆမာနံ၊ မိတ်ခင်ပွန်း၏ အဖြစ်ကိုစက်ဆုပ်တတ်သော။ အဟံ၊ငါကား။ တဝ၊သင်၏။ မိတ္တော၊အဆွေခင်ပွန်းသည်။ အသ္မိ၊ဖြစ်၏။ဣတိ၊ဤသို့။ ဘာသမာနံ၊ သက်သက်စကားမျှကိုသာ ဆိုတတ်သော။ သေယျာနိကမ္မာနိ၊ အဆွေအားငါပေးအံ့၊အဆွေ၏အမှုကိုငါကူညီ၍ပြုအံ့၊ဤသို့ရှေးဆိုသောစကားအားလျော်သော မြတ်သောအမှုတို့ကို။ အနာဒိယန္တံ၊အကရောန္တံ၊ မပြုသော။နံ၊ထိုသူကို။ဧသော၊ဤသူသည်။မမံ၊ငါ၏။ နမိတ္တောတိ၊အဆွေခင်ပွန်းမဟုတ်ဟု။ဣတိ၊ဤသို့။ဝိဇညာ၊သိရာ၏။ ။ယဉှိ၊အကြင်အမှုကိုသာလျှင်။ကယိရာ၊ပြုရာ၏။ တဉှိ၊ထိုအမှုကိုလျှင်။ဝဒေ၊ဆိုရာ၏။ ယံ၊အကြင်အမှုကို။ နကယိရာ၊မပြုရာ။တံ၊ထိုအမှုကို။နဝဒေ၊မဆိုရာ။ ဘာသမာနံ၊ဆိုလျက်။ အကရောန္တံ၊မပြုသောသူကို။ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ပရိဇာနန္တိ၊သိကုန်၏။ ။ယော၊အကြင်သူသည်။ သဒါ၊အခါခပ်သိမ်း။ အပ္ပမတ္တော၊မမေ့မလျော့သည်ဖြစ်၏။ ဘေဒါသင်္ကီ၊မိတ်၏ပျက်စီးခြင်းကိုရွံရှာသည်ဖြစ်၍။ရန္ဓမေဝ၊ပျက်စီးအံ့သော အခွင့်အပေါက်ကိုသာလျှင်။ အနုပဿီ၊အစဉ်မပြတ်စောင့်ရှောက်ကြည့်ရှုလျက်။ မိတ္တဿ၊မိတ်၏။ ဝိနာသံ၊ပျက်စီးခြင်းကို။ နဒေတိ၊မပေး။ သော၊ထိုသူသည်။ မိတ္တော၊မိတ်မည်၏။ ပုတ္တော၊သားသည်။ဥရသိ၊အမိရင်ခွင်၌။ သေတိဣဝ၊ရွံရှာခြင်း

ကင်းလျက်ဖြစ်၍သို့။ယသ္မိံ၊အကြင်သူ၌လည်း။ သေတိ၊ ရှုံ့ရှာခြင်းကင်းလျက်ဖြစ်၍။ ယော စ၊ အကြင်သူ သည်လည်း။ ပရေဟိ၊ သူတပါးတို့ကြောင့်။အဘေဇ္ဇော၊မကွဲပြား။သော၊ထိုသူသည်။ ဝေ၊စင်စစ်။ မိတ္တော၊ မိတ်မည်၏။ ။ဖလာနိသံသော၊အကျိုးအာနိသင်ကိုမြင်သော။ ပေါရိသံ၊ယောကျ်ားတော်တကာတို့သည်ဆောင်အပ်သောအမှုဖြစ်သော။ ဓုရံ၊ဒါနသီလဘာဝနာ ပညာရှိကလျာဏမိတ်တို့နှင့် ပေါင်းယှဉ် မိတ်ဖွဲ့ခြင်းဟုဆိုအပ်သော လေးပါးအပြားရှိသော ဝန်ကို။ ဝဟန္တော၊ ရွက်ဆောင်သော ပညာရှိသည်။ ပသံသာဝဟာနံ၊ ပညာရှိတို့ချီးမွမ်းခြင်းကိုဆောင်တတ်သော။ သုခံ၊ပစ္စုပ္ပန်လောက,တမလွန်လောက၌ ကာယိကသုခ,စေတသိက သုခ၏ အကြောင်းဖြစ်သော။ ပါမောဇ္ဇကရဏံ၊ဝမ်းမြောက်ခြင်းကိုပြုတတ်သော။ဌာနံ၊ပညာရှိသောကလျာဏမိတ်တို့နှင့်တကွပေါင်းဘက်မှိဝဲခြင်းဟုဆိုအပ်သောအကြောင်းအရာကို။ ဘာဝေတိ၊ ပွါးစေ၏။ ။(ပညာရှိမည်သည်မိတ်၏အဖြစ်ကို မဖျက်ဟူသောအနက်ကိုပြ၏)။ ။ဝိဝေကရသံ၊ကာယဝိဝေက,စိတ္တဝိဝေက,ဥပဓိဝိဝေကကိုမှီ၍ဖြစ်သောဝမ်းမြောက်ခြင်းဟူသောအရသာကို။ပိတွာ၊သောက်၍။ ဥပသမဿ၊ကိလေသာငြိမ်းခြင်း၏။ ဝသေန၊အစွမ်းဖြင့်။ (ထည့်)။လဒ္ဓံ၊ရအပ်သော။ရသဉ္စ၊ဝမ်းမြောက်ခြင်းဟူသော အရသာကိုလည်း။ပိတွာ၊သောက်၍။ဓမ္မပ္ပီတိရသံ၊ဓမ္မပီတိဟုဆိုအပ်သောပိချတ္တိရသကို။ပိဝံပိဝန္တော၊သောက်ရသောသူသည်။ နိဒ္ဒရော၊ကိလေသာဟူသောပူပန်ခြင်းကင်းသည်။နိပ္ပါပေါ၊ယုတ်မာညစ်ကျုအကုသိုလ်ကင်းသည်။ဟောတိ၊ဖြစ်၏။ ။ဟိရိဇာတကံ တတိယံ။၃၆၃။

၃၆၄-ခဇ္ဇောပနကဇာတ်။

ကောနုသန္တမှိပဇ္ဇောတေ,အစရှိသော ဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော ဤခဇ္ဇောပနကပဉ္ဟာသည် မဟာဥမင် ဇာတ်၌ ထင်ရှား ဖြစ်လတ္တံ့။ ။ထိုမဟာဥမင်ဇာတ်၌ထိုးချက်စောင့်နတ်သည် ဝေဒေဟမင်းကိုခြိမ်းခြောက်၍ဝေဒေဟမင်းကြီး၊မီးဖြင့်အလိုရှိသော်ပိုးရန်းကြူးကိုမှုတ်ခြင်းငှါမသင့်။နို့ရည်ဖြင့်အလိုရှိသော်ဦးချိုကိုညှစ်ခြင်းငှါမသင့်ဟုဆို၍ ။

(၇၀၁) ကောနု သန္တမှိ ပဇ္ဇောတေ၊ အဂ္ဂိံ ပရိယေသနံ စရံ။
အဒ္ဒက္ခိ ရတ္တိံ ခဇ္ဇောတံ၊ ဇာတဝေဒံ အမညထ။ ။
(၇၀၂) သွာဿ ဂေါမယရုဏ္ဏာနိ၊ အဘိမတ္ထံ တိဏာနိ စ။
ဝိပရီတာယ သညာယ၊ နာသက္ခိ ပဇ္ဇလေတဝေ။ ။
(၇၀၃) ဧဝံပိ အနုပါယေန၊ အတ္ထံ န လဘတေ မိဂေါ။ ။
ဝိသာဏတော ဂဝံ ဒေါဟံ၊ ယတ္ထ ခီရံ န ဝိန္ဒတိ။ ။
(၇၀၄) ဝိဝိဓေဟိ ဥပါယေဟိ၊ အတ္ထံ ပပ္ပေါန္တိ မာဏဝါ။
နိဂ္ဂဟေန အမိတ္တာနံ၊ မိတ္တာနံ ပဂ္ဂဟေန စ။ ။
(၇၀၅) သေနာ-မောက္ခ-ပလာဘေန၊ ဝလ္လဘာနံ နယေန စ။
ဇဂတိံ ဇဂတိပါလာ၊ အာဝသန္တိ ဝသုန္ဓရံ။ ။

ဟူသော ဤငါးဂါထာတို့ကို ဆို၏။ ။

(၇၀၁-၇၀၅) မဟာရာဇ၊ ဝိဒေဟမင်းကြီး။ ပဇ္ဇောတေ၊ ရဲရဲငြိသော မီးသည်။ သန္တမှိ၊ ထင်ရှားရှိလျက်။ အဂ္ဂိံ၊ မီးကို။ ပရိယေသနံ ပရိယေသနာယ၊ ရှာအံ့သောငှါ။ စရံ စရန္တော၊ သွားသော။ ယော၊ အကြင်သူသည်။ ရတ္တိံ၊ ညဥ့်အခါ၌။ ခဇ္ဇောတံ၊ ပိုးစုန်းကြူးကို။ အဒ္ဒက္ခိ၊ မြင်လေ၏။ ဒိသွာစ၊ မြင်ပြီး၍လည်း။ (ထည့်)။ ဇာတဝေဒံ၊ မီးစစ်ဟူ၍။ အမညထ၊ အောက်မေ့လေ၏။ ။ သော၊ ထိုသူသည်။ ကောနု၊ အဘယ်သူနည်း။ ။ မဟာရာဇ၊ မြတ်သော မင်းကြီး။ သော၊ ထိုသူသည်။ အဿ၊ ထိုပိုးစုန်းကြူး၏။ ဥပရိ၊ အထက်၌။ ဂေါမယရုဏ္ဏာနိစ၊ နွားချေးမှုန့်တို့ကိုရင်း။ တိဏာနိစ၊ မြက်တို့ကိုရင်း။ အဘိမတ္ထုံ၊ ကြဲ၍မှုတ်လျက်။ ဝိပရီတာယ၊ ဘောက်ပြန်သော။ သညာယ၊ အမှတ်ဖြင့်။ ဝါယမန္တောပိ၊ လုံ့လပြုသော်လည်း။ ပဇ္ဇလေတဝေ၊ တောက်စိမ့်သောငှါ။ နာသက္ခိ၊ မတတ်နိုင်။ ။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ယထာ ယသ္မိံ ဝိသာဏော၊ အကြင်နွားချို၌။ ခီရံ၊ နို့ရည်သည်။ နတ္ထိ၊ မရှိ။ တတော ဝိသာဏတော၊ ထိုနွားချိုမှ။ ဂဝံ၊ နွားကို။ ဒေါဟံ ဒေါဟန္တော၊ နို့ညှစ်သောသူသည်။ ခီရံ၊ နို့ရည်ကို။ နဝိန္ဒတိ ယထာ၊ မရ၏သို့။ ဧဝံပိ တထာ၊ ထိုအတူရင်းလျှင်။ မိဂေါ၊ သားသမင်နှင့်တူသောလူမိုက်သည်။ အနုပါယေန၊ သင့်သော အကြောင်းမဟုတ်သဖြင့်။ ပရိယေသန္တော၊ ရှာသည်ဖြစ်၍။ အတ္ထံ၊ အကျိုးစီးပွါးကို။ နလဘတေ၊ မရ။ ။ မဟာရာဇ၊ မြတ်သောမင်းကြီး။ မာဏဝါ၊ သတ္တဝါတို့သည်။ အမိတ္တာနံ၊ ရန်သူတို့ကို။ နိဂ္ဂဟေန၊ နှိပ်သဖြင့်ရင်း။ မိတ္တာနံ၊ အဆွေခင်ပွန်းတို့ကို။ ပဂ္ဂဟေနစ၊ ချီးမြှောက်သဖြင့်ရင်း။ ဝိဝိ

မေဟိ၊ အထူးထူးအပြားပြားရှိကုန်သော။ ဥပါယေဟိ၊ သင့်သောအကြောင်းတို့ဖြင့်။အထွံ၊အကျိုးစီးပွါးသို့။ပပ္ပေါန္တိ၊ရောက်ကုန်၏။ ။မဟာရာဇ၊မြတ်သောမင်းကြီး။ သေနကမောက္ခပလာသဘေန၊လက်ရုံးရည်နှလုံးရည်ပြည့်စုံလျက် ဗိုလ်ပုံကိုသိမ်းပိုက်မွေး၍အရေးတတ်သောစစ်သူကြီးကိုရသဖြင့်ရင်း။ဝလ္လဘာနံ၊ချစ်မြတ်နိုးကုန်အကျွမ်းဝင်ကုန်သော အမတ်သူရဲတို့ကို။နယေနစ၊ဆောင်နိုင်သောအားဖြင့်ရင်း။ဝသုန္ဓရံ၊ဝသုဟာဆိုအပ်သောရတနာတို့ကို ဆောင်တတ်သောကြောင့် ဝသုန္ဓရဟုရအပ်သောအမည်ရှိသော။ ဇဂတိံ၊မြေကြီးထက်၌။ဝါ၊မြေကြီးကို။ ဇဂတိပါလာ၊မြေကိုစောင့်တတ်သောမင်းမြတ်တို့သည်။အာဝသန္တိ၊စိုးအုပ်သိမ်းပိုက်၍နေနိုင်ကုန်၏။ ။ခဏ္ဍောပနကဇာတက် စဘုတ္ထံ။၃၆၄။

———→÷·✦·÷←———

၃၆၅-အဟိကုဏ္ဍိကဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ဓုတ္တောသိ, အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော ဤအဟိကုဏ္ဍိကဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊တယောံသောရဟန်းကြီးကိုအကြောင်းပြု၍ ဟောတော်မူ၏။ ။

အလမ္ဗာယန်နိုး၍သရက်ပင်၌မျောက်ကိုမြင်၍ထိုမျောက်ကို ငါသည်ဖြားယောင်း၍ယူခြင်းငှါသင့်၏ဟုထိုမျောက်နှင့်တကွ စကားပြောလိုရကား။ ။

(၇၀၆) ဓုတ္တောသိ·သမ္မ သုမုခ၊ဇူတေ အက္ခပ-ရာဇိတော။
ဟာ့ရေဟိ အမ္ဗ-ပက္ကာနိ၊ဝိရိယ·န္တေ ဘက္ခယာမသေ။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၇၀၆) သမ္မသုမုခ၊ကောင်းသောမျက်နှာရှိသောအချင်းမျောက်။ အဟံ၊ငါသည်။ဇူတေ၊ကြွေအန်ကစားခြင်း၌။ဓုတ္တော၊အန်ကြူးသည်။ အမှိ၊ဖြစ်၏။ အက္ခပရာဇိတော၊ ကြွေအန်တို့မှရှုံး၏။အမ္ဗ-ပက္ကာနိ၊သရက်သီးမည်သည်တို့ကို။ဟာရေဟိ၊ချလော့။တေ၊သင်၏။ဝိရိယံ၊လုံ့လဝိရိယကို။ နိဿာယ၊မှီ၍။(ထည့်)။ဘက္ခယာမသေ၊စားလိုကုန်၏။ ။

ထိုစကားကိုကြား၍မျောက်သည်။ ။

(၇၈၇) အလိကံ ဝတ မံ သမ္မ၊အ-ဘူတေန ပသံသသိ။
ကော တေ သုတောဝါ ဒိဋ္ဌောဝါ၊သုမုခေါ နာမ မက္ကဋော။ ။
(၇၈၈) အဇ္ဇာပိ တေ-မံ သရသိ၊ယံ မံ တွံ အဟိကုဏ္ဍိက။
ဓညာပဏံ ပဝိသိတွာ၊မတ္တော ဆာတံ ဟနာသိ မံ။ ။
(၇၈၉) တာ-ဟံ သရံ ဒုက္ခ-သေယျံ၊အပိ ရဇ္ဇမ္ပိ ကာရယေ။
နေဝတံ ယာစိတော ဒဇ္ဇံ၊တထာ ဟိ ဘယ-တဇ္ဇိတော။ ။
(၇၉၀) ယဉ္စ ဇညာ ကုလေ ဇာတံ၊ဂဗ္ဘေ တိတ္တံ အ-မစ္ဆရိံ။
တေန သခိဉ္စ မိတ္တဉ္စ၊ဓီရော သန္ဓာတု-မဟရတိ။ ။
ဟူသောဤလေးဂါထာတို့ကိုဆို၏။ ။

(၇၈၇-၇၉၀) သမ္မအဟိကုဏ္ဍိက၊အချင်းအလမ္မါယ်။ တွံ၊သင်သည်။ မံ၊ငါ့ကို။အ-ဘူတေန၊မဟုတ်မမှန်သောစကားဖြင့်။ ပသံသသိ၊ချီးမွမ်း၏။ တဝ၊သင်၏။ဝစနံ၊စကားသည်။ အလိကံဝတ၊ချွတ်ယွင်းစွတကား။တေ၊သင်သည်။ ကောကွ၊ အဘယ်အရပ်၌။ သုမုခေါ၊မျက်နှာလှပယဉ်သွေးရှိသော။ မက္ကဋောနာမ၊မျောက်မည်သည်ကို။ သုတောဝ၊ကြားအပ်ဘူးသနည်း။ဒိဋ္ဌောဝ၊မြင်အပ်ဘူးသနည်း။အဟိကုဏ္ဍိက၊အလမ္မါယ်။ တွံ၊သင်သည်။ဓညာပဏံ၊စပါးဈေးသို့။ပဝိသိတွာ၊ဝင်၍။ မံ၊ငါ့ကို။မတ္တော၊သွတ်၍။ဆာတံ၊တော်မွတ်ဆာလောင်သော။ မံ၊ငါ့ကို။ ယံဟနာသိ၊အကြင်ရိုက်ခတ်ခြင်းကိုပြု၏။ တေ၊သင်၏။ ဗုမံ၊ဤရိုက်ခတ်ခြင်းကို။ တွံ၊သင်သည်။ အဇ္ဇာပိ၊ယခုလည်း။ သရသိ၊အောက်မေ့လော့။ အဟံ၊ငါသည်။ တံဒုက္ခသေယျံ၊ ထိုဆင်းရဲသဖြင့်အိပ်ရခြင်းကို။ သရံသရန္တော၊အောက်မေ့ရသည်ဖြစ်၍။တယာ၊သင်သည်။အဟံ၊ငါ့ကို။ဘယတဇ္ဇိတော၊ဘေးဖြင့်ခြိမ်းခြောက်၏။တထာဟိ၊ ထို့ကြောင့်လျှင်။တွံ၊သင်သည်။မံ၊ငါ့ကို။ ရဇ္ဇမ္ပိ၊မင်းအဖြစ်ကိုမူလည်း။ ကာရယေအပိ၊ပြုစေငြားအံ့။ ယာစိတော၊သင်တောင်းအပ်သော။အဟံ၊ငါသည်။တံတဝ၊သင်အား။နေဝဒဇ္ဇံ၊မပေးသလျှင်ကတည်း။ ။ ကုလေ၊အမျိုးကောင်း၌။ဇာတံ၊ဖြစ်သော။ဂဗ္ဘေ၊တိုက်ခန်း၌။တိတ္တံ၊ ရောင့်ရဲသော။ အမစ္ဆရိံ၊ဝန်မတိုသော။ယဉ္စ၊အကြင်သူကိုလည်း။ ဇညာ၊သိရာ၏။ ဓီရော၊ပညာရှိသည်။တေန၊ထိုသူနှင့်။ သခိဉ္စ၊အဆွေခင်ပွန်း၏အဖြစ်ကိုရင်း။မိတ္တဉ္စ၊မိတ်၏အဖြစ်ကိုရင်း။သန္ဓာတုံ၊စေ့စပ်ခြင်းငှါ။ အရဟတိ၊ထိုက်၏။ ။(တေမံသရသိန္တိတေဏမံတွံသရသိ ယောဇနာ။အဟိဟုဏ္ဍော နဒ္ဓိဗ္ဗတိတ်ာ အဟိတုဏ္ဍိကော။အဟိတုဏ္ဍော။ မြွေနှုတ်သီးဖြင့်။ဒိဗ္ဗတိ၊က

ဘေးအတင်၍၊တက္ကိုက(ပြ၍အဟိကုဏ္ဍိက,ရှိသည်။ ဟာနုသိလှုလျက်ဆန်း
အသ္မိဥပါဒ်ယခရောက်သည်၊ သဝိဥ္စမိတ္တဥ္စ ဒွိဘာဝပဇ္ဇ ဥာန။ ဝါ၊ဘာဝပုန်ကျေ
သည်)။ ။အဟိကုဏ္ဍိကဇာတကံ ပဥ္စမံ။၃၆၅။

## ၃၆၆-ဂုမ္ဗိယဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊မဓုဝဏ္ဏံ မဓုရသံ,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော ဤဂုမ္ဗိယဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ငြီးငွေ့သောရဟန်းကိုအကြောင်းပြု၍ ဟောတော်မူ၏။ ။

သဗ္ဗညုမြတ်စွာဘုရားသည်ဤအတိတ်ကိုဆောင်တော်မူ၍ဘုရားဖြစ်တော်မူပြီး၍။ ။

(၇၉၁) မဓု-ဝဏ္ဏံ မဓု·ရသံ၊မဓု-ဂန္ဓံ ဝိသံ အဟု။
ဂုမ္ဗိယော ဃာသ·မေသာနော၊အရညေ ဩဒဟီ ဝိသံ။ ။
(၇၉၂) မဓူ·တိ မညမာနာယ၊ယေ တံ ဝိသ မခါဒိသုံ။
တေသ·တံ ကဋုကံ အာသိ၊မရဏံ·တေ နူ·ပါဂမုံ။ ။
(၇၉၃) ယေ စ ခေါ ပဋိသင်္ခါယ၊ဝိသ·တံ ပရိဝဇ္ဇယုံ။
တေ အာတုရေသု သုခိတာ၊ဍယှမာနေသု နိဗ္ဗုတာ။ ။
(၇၉၄) ဧဝမေဝ မနုဿေသု၊ဝိသံ ကာမာ သမောဟိတာ။
အာမိသံ ဗန္ဓနံ စေတံ၊မစ္စုဝေသော ဂုဟာသယော။ ။
(၇၉၅) ဧဝမေဝ ဣမေ ကာမေ၊အာတုရာ ပရိစာရကေ။
ယေ သဒါ ပရိဝဇ္ဇန္တိ၊သင်္ဂံ လောကေ ဥပစ္စဂုံ။ ။

ဟူသောဤအဘိသမ္ဗုဒ္ဓဂါထာတို့ကိုဟောတော်မူ၏။ ။

(၇၉၁-၇၉၅) မဓုဝဏ္ဏံ၊ပျားအဆင်းရှိသော။မဓုရသံ၊ပျားအရသာရှိသော။မဓုဂန္ဓံ၊ပျားအနံ့ရှိသော။ဝိသံ၊အဆိပ်သည်။ အဟု၊ဖြစ်၏။ဃာသံ၊အစာကို။ဧသာနော၊ရှာသော။ ဂုမ္ဗိယော၊တောအုပ်၌လှည့်လည်သည်ဖြစ်၍ဂုမ္ဗိယအမည်ရှိသောဘီလူးသည်။ အရညေ၊တော၌။ ဝိသံ၊ဆိုအပ်ပြီးသောအဆိပ်ကို။ဩဒဟိ၊ထား၏။ ။ယေ၊အကြင်သူတို့သည်။ တံဝိသံ၊ထိုအဆိပ်ကို။ မဓူတိမညမာနာ၊ပျားဟုထင်မှတ်သဖြင့်။ ခါဒိသုံ၊စားကုန်၏။တေသံ၊ထိုသူတို့အား။တံ၊ထိုအဆိပ်သည်။ကဋုကံတိခိဏံ၊ထက်

သည်။အာသိ၊ဖြစ်၏။တေန၊ထိုအဆိပ်ကြောင့်။မရဏံ၊သေခြင်းသို့။ဥပါဂမုံ၊ရောက်ကုန်၏။ ။ယေစခေါ၊အကြင်သူတို့သည်ကား။ ပဋိသင်္ခါယ၊ပညာဖြင့်ဆင်ခြင်၍။ တံဝိသံ၊ထိုအဆိပ်ကို။ပရိဝဇ္ဇယုံ၊ကြဉ်ကုန်၏။ တေ၊ထိုသူတို့သည်။ အာတုရေသု၊အဆိပ်၏အဟုန်ဖြင့် သေဝပါးမိုးကျင်နာကုန်သောသူတို့၌။သုခိတာ၊ချမ်းသာခြင်းသို့ရောက်ကုန်၏။ဍယှမါနေသု၊အဆိပ်တန်းခိုးဖြင့် ပူလောင်ကုန်သောသူတို့၌။ နိဗ္ဗုတာ၊ငြိမ်းအေးချမ်းမြကုန်၏။တသ္မိံ မဟာမဂ္ဂေ၊ထိုခရီးမ၌။ဝိသံ၊အဆိပ်ကို။ သမောဟိတံနိက္ခိတ္တံယထာ၊ ထားအပ်၏သို့။ ဧဝမေဝ၊ဤအတူသာလျှင်။ မနုဿေသု၊ လူတို့၌လည်း။ယေကာမာ၊အကြင်ရူပါရုံစသောငါးပါးသောဝတ္ထုကာမတို့ကို။တတ္ထတတ္ထ၊ထိုထိုအရပ်၌။(ထည့်)။သမောဟိတာ၊ရွှေဆိုင်ငွေဆိုင်ကျင်းသကဲ့သို့ထားအပ်ကုန်၏။ တေ၊ထိုထိုအရပ်၌ရွှေဆိုင်ငွေဆိုင်ကျင်းသကဲ့သို့ ကျင်းပပြစားထားအပ်ကုန်သော ရူပါရုံစသောငါးပါးသော ကာမဂုဏ်တို့ကို။ ဝိသံ လတ်တလောသေစေတတ်သော အဆိပ်ဟူ၍။ ဝေဒိတဗ္ဗာ၊သိအပ်ကုန်၏။ ဧတံဧတေပဉ္စကာမဂုဏာနာမ၊ရူပါရုံစသားငါးပါးသောကာမဂုဏ်တို့မည်သည်။အာမိသဥ္စ၊ငါးသဘွယ်ဖြစ်သောလူအများ၏ငါးမျှားတတ်သောတံငါသဘွယ်ဖြစ်သောမာရ်မင်းသည်ထားအပ်သောအစာအာမိသနှင့်လည်းတူ၏။ဗန္ဓနဉ္စ၊ဘဝမှထွက်မြောက်ခြင်းငှါမပေးတတ်သည်ဖြစ်၍ ထိပ်ကျဉ်းသံကွင်းခြေချင်းစသော အထူးထူးသောအနှောင်အဖွဲ့နှင့်လည်းတူ၏။ဧသော၊ဤကာမဂုဏ်ငါးပါးသည်။ဂုဟာသယော၊ကိုယ်တည်းဟူသောဂူလိုဏ်၌အောင်းတတ်သော။ မစ္စု၊ဝ၊သေမင်းပင်တည်း။ ။(မစ္စု၊ဝသော,ရှိမူ၊သေမင်း၏အာဏာနိုင်ငံသည်။ဟောတိ၊ဖြစ်၏ပေး)။ ။ဧဝမေဝ၊ဤအတူလျှင်။ပရိစာရကော၊ကိလေသာဖြင့်လုပ်ကျွေးတတ်ကုန်သော။ဣမေကာမေ၊ဤရူပါရုံစသောငါးပါးသောကာမဂုဏ်တို့ကို။အာတုရေ၊စင်စစ်သေခြင်းသဘောတရားဖြင့် ကျင်နာကြောံ့ရွံ့ကုန်သော်။ယေပဏ္ဍိတာ၊အကြင်ပညာရှိတို့သည်။သဒါ၊အခါခပ်သိမ်း။ ပရိဝဇ္ဇန္တိ၊မစင်ခွေးကောင်ပုပ်ကဲ့သို့မျှ ရုံသည်ဖြစ်၍ကြဉ်ရှောင်ကုန်၏။ တေပဏ္ဍိတာ၊ထိုပညာရှိတို့သည်။ လောကေ၊လောက၌။ သင်္ဂံ၊ကပ်ငြိတတ်သည်ဖြစ်၍သင်္ဂမည်သောရာဂစသည်အပြားရှိသောကိလေသာအပေါင်းကို။ဥပစ္စဂုံ၊လွန်နိုင်ကုန်၏။ ။(ဂုမ္ဗိယောတိတသ္မိံ ဝနဂုမ္ဗေ

ဝိစရေထာနလဒ္ဓနာ ၊ေမာယကေ္ဘာ,ဟူရကား။ ဂုမ္ဗေဝိစရတိတိဂုမ္ဗိယော, ပြ၍တတိယက္ခရာဗနှင့်လိုသည်)။ ။ဂုမ္ဗိယဇာတကံ ဆဋ္ဌံ။ ၃၆၆။

## ၃၆၇-သာဠိယဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ယွာယံသာဠိယဆာပေါ,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော ဤသာဠိယဇာတ်ကို၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ငါ့ရှင်တို့၊ဒေဝဒတ်သည် သဗ္ဗညုမြတ်စွာဘုရားအားထိတ်လန့်ခြင်းကိုဖြစ်ပိမ့်သောငှါလည်း မတတ်နိုင်ဟူသောရဟန်းတို့၏စကားကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ဘုရားလောင်းသည် ရောက်သောပရိသတ်အား တရားဟောသိုရကား။ ။

(၇၉၆) ယွာ·ယံ သာဠိယ-ဆာပေါ တိ၊ကဏှသပ္ပံ အဂါဟယိ။
တေန သပ္ပေန ယံ ဒဋ္ဌော၊ဟတော ပါပါ·နုသာသကော။ ။

(၇၉၇) အဟန္တာရ·မဟန္တာရံ၊ယော နရော ဟန္တု·မိစ္ဆတိ။
ဧဝံ သော နိဟတော သေတိ၊ယထာ·ယံ ပုရိသော ဟတော။ ။

(၇၉၈) အဟန္တာရ·မဃာတေန္တံ၊ယော နရော ဟန္တု·မိစ္ဆတိ။
ဧဝံ သော နိဟတော သေတိ၊ယထာ·ယံ ပုရိသော ဟတော။ ။

(၇၉၉) ယထာ ပံသု-မုဋ္ဌိံ ပုရိသော၊ပဋိဝါတံ ပဋိက္ခိပေ။
တ·မေဝ သော ရဇော ဟန္တိ၊တထာ·ယံ ပုရိသော ဟတော။ ။

(၈၀၀) ယော အ·ပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ၊
သုဒ္ဓဿ ပေါသဿ အနင်္ဂဏဿ။
တ·မေဝ ဗာလံ ပစ္စေတိ ပါပံ၊
သုခုမော ရဇော ပဋိဝါတံ·ဝ ခိတ္တော။ ။

ဟူသောဤငါးဂါထာတို့ကိုဆို၏။ ။

(၇၉၆-၈၀၀) ယွာယံ၊အကြင်ဆေးသမားသည်။ ကဏှသပ္ပံ၊ မြွေဟောက်ကို။ သာဠိယဆာပေါတိ၊ ဆက်ရက်ငယ်ဟူ၍။ အဂါဟယိ၊ယူစေ၏။ပါပါနုသာသကော၊မကောင်းသည်ကိုညွှန်ပြဆုံးမတတ်သော။ အယံ၊ဤဆေးသမားသည်။ တေနသပ္ပေန၊ထိုမြွေဟောက်သည်။ ဒဋ္ဌော၊ကိုက်

အပ်သည်ဖြစ်၍။ ဟတောာ၊စင်းစင်းသေလေ၏။ ။ယောနရော၊အကြင်
သူသည်။ အဟန္တာရ၊မိမိညှဉ်းဆဲပုတ်ခတ်မသတ်တတ်သော။ အဟန္တာ
ရ၊မိမိကလည်း ညှဉ်းဆဲပုတ်ခတ်သတ်ဖြတ်ခြင်းငှါ မထိုက်သောသူကို။
ဟန္တိ၊ညှဉ်းဆဲပုတ်ခတ်သတ်ဖြတ်ခြင်းငှါ။ဇာနိ္တတိ၊အလိုရှိ၏။ အယံပုရိ
သော၊ဤဆေးသမားယောက်ျားသည်။ ဟတောယထာ၊သေ၍အိပ်ရသ
ကဲ့သို့။ဧဝံတထာ၊ထိုအတူ။သောနရော၊ထိုသူသည်။ နိဟတော၊စင်းစင်း
သေ၍အိပ်ရ၏။ ။ယောနရော၊အကြင်သူသည်။အဟန္တာရံ၊မိမိကိုညှဉ်း
ဆဲပုတ်ခတ်မသတ်တတ်သော။ အဃာတေန္တံ၊မိမိကလည်းညှဉ်းဆဲပုတ်
ခတ်သတ်ဖြတ်ခြင်းငှါ မထိုက်သောသူကို။ ဟန္တိ၊ ညှဉ်းဆဲ ပုတ်ခတ်
သတ်ဖြတ်ခြင်းငှါ။ ဇာနိ္တတိ၊ အလိုရှိ၏။ အယံပုရိသော၊ ဤဆေးသမား
ယောက်ျားသည်။ ဟတောယထာ၊သေ၍အိပ်ရသကဲ့သို့။ ဧဝံတထာ၊ထို
အတူ။သောနရော၊ထိုသူသည်။နိဟတော၊စင်းစင်းသေ၍ အိပ်ရ၏။ ။
ပုရိသော၊ယောက်ျားသည်။ပံသုမုဋ္ဌိံ၊မြေမှုန့်ဆုပ်ကို။ ပဋိဝါတံ၊လေညာ
သို့။ ပဋိက္ခိပေ၊ ပစ်လွှင့်ငြားအံ့။ သောရဇော၊ ထိုမြူသည်။ တမေဝ၊ထို
ယောက်ျားကိုသာလျှင်။ ဟန္တိ ဟနတိယထာ၊ညှဉ်းဆဲ၏သို့။ တထာ၊ထို
အတူ။အယံပုရိသော၊ဤဆေးသမားယောက်ျားသည်။ ဟတော၊ညှဉ်း
ဆဲအပ်သည်ဖြစ်၍။ သေတိ၊အိပ်ရ၏။ ။ယောနရော၊အကြင်သူသည်။
အပ္ပဒုဋ္ဌဿ၊ မပြစ်မှားကိုက်သော။ သုဒ္ဓဿ၊ နိပ္ပဇာဝေါသစင်ကြယ်
သော။အနင်္ဂဏဿ၊အပြစ်မရှိသော။ပေါသဿ၊မိမိကံသည့်မွေးမြူအပ်
သော။ နရဿ၊တဦးသောသူအား။ ဒုဿတိ၊ပြစ်မှား၏။ ပဋိဝါတံ၊လေ
ညာသို့။ခိတ္တော၊ပစ်အပ်သော။သုခုမော၊သိမ်မွေ့သော။ရဇောဣဝ၊မြူကဲ့
သို့။ တမေဝဗာလံ၊ ထိုသူမိုက်သို့သာလျှင်။ ပါပံ၊မကောင်းကျိုးသည်။
ပစ္စေတိပတိဧတိ၊မိမိပြုသောကံနှင့်တူစွာဖြစ်၍တဘန်မိမိသို့လာပြန်၏။ ။
(အဟန္တာရံအဟန္တာရံ နှစ်ပုဒ်တွင်။ ရှေ့ပုဒ်ကားကတ္တားဟော၊နောက်ပုဒ်
ကားကံဟော ကြံ၍စွဲသည်။ တနည်း၊ အဟန္တာရံအပဟန္တံ၊ တတောင်
လက်ဆုပ်တုတ်လှံကန်ဖြင့်မပုတ်ခတ်တတ်သော။အဟန္တာရံအမါရေန္တံ၊
အသက်သေဆုံးအောင်မသတ်ကတ်သောသူကို။(ဤကါးအဋ္ဌကထာအ
လို)။အဟန္တာရံအဃာတေန္တံ၌လည်းနည်းတူ။ထိုကြောင့်အဃာတေန္တံတိ
အမာရေန္တံ,ဟု-အဋ္ဌကထာဘွင့်သည်။ ယထာပံသုမုဋ္ဌိံ ဟူသော စတုတ္ထ
ဂါထာ၌ပဋ္ဌမပါဒဥပမာရှိပြီးရကား စတုတ္ထပါဒဝယ်တထာယံပုရိသော

ဟာတောလိုသည်။ ဌေ့ ဂါထာတို့ကဲ့သို့ယာထာမလို။သဠအဗျတ္တသဒ္ဒေ။သ ဋ္ဌတိ(သာဋ္ဌိကော၊သာဋ္ဌိကာ,ဟု-ဗျဥ္ဇ-ဋ္ဌ,တွင်လာသည်)။ ။သာဋ္ဌိယ ဇာတကံ သတ္တမံ။၃၆၇။

၃၆၈-တစသာရဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ် စွာဘုရားသည်၊ အမိတ္တဟတ္ထတ္ထဂတာ,အစရှိသောဂါထာပုဒ်ဖြင့် တန်း ဆာဆင်အပ်သော၍တစသာရဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌သီ တင်းသုံးနေတော်မူစဉ်၊ ပညာပါရမီကို အကြောင်းပြု၍ ဟောတော်မူ ၏။ ။

မင်းသည် မကြောက်ကုန်သော နှစ်သက်ဘွယ်သောဆုံ ရှိကုန် သော ထိုသူငယ်တို့ကိုမြင်၍ ဤသူငယ်တို့သည် စက်ဆုပ်ဘွယ်သော တော်ဖြင့် ဘွဲ့ကုန်၍ ဆောင်အပ်ကုန်သည်ဖြစ်၍ ဤသို့သဘော ရှိသော ဆင်းရဲသို့ရောက်ကုန်လျက်လည်းမကြောက်ကုန်။ နှစ်သက်ဘွယ်သော ဆုံရှိသည်သာလျှင် ဖြစ်ကုန်၏။ ထိုသူငယ်တို့၏ မစိုးရိမ်သော အ ကြောင်းကားအသို့နည်း၊ထိုသူငယ်တို့ကိုမေးအံ့ဟုမေးလိုရကား။ ။

(၁၀၁) အမိတ္တ-ဟတ္ထ-တ္ထ-ဂတာ၊တစ-သာရ-သမပ္ပိတာ။
ပသန္န-မုခ-ဝဏ္ဏာ-ဏ္ထ၊ကသ္မာ တုမှေ န သောစထ။ ။

ဟုသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၁၀၁) ဒါရကာ၊သူငယ်တို့။တုမှေ၊သင်တို့သည်။ အမိတ္တဟတ္ထတ္ထဂ တာ၊ရန်သူလက်တွင်းသို့ ရောက်ကုန်လျက်။ တစသာရသမပ္ပိတာ၊ဝါး လုံးတို့ဖြင့်နှောင်ဘွဲ့အပ်ကုန်လျက်။ပသန္နမုခဝဏ္ဏာ၊ကြည်လင်သောမျက် နှာ အဆင်းရှိကုန်သည်။အတ္ထ၊ဖြစ်ကုန်၏။ကသ္မာ၊အဘဲ့ကြောင့်။ နသော စထ၊မစိုးရိမ်ကြကုန်သနည်း။ ။

ထိုစကားကိုကြား၍ဘုရားလောင်းသည်။ ။

(၁၀၂) န သောစနာယ ပရိဒေဝနာယ၊
အတ္ထော-ဝ လဗ္ဘော အပိ အပ္ပကောပိ။
သောစန္တ-မေနံ ဒုခိတံ ဝိဒိတွာ၊ပစ္စတ္ထိကာ အတ္တမနာ ဘဝန္တိ။ ။

(၁၀၃) ယတော စ ခေါ ပဏ္ဍိတော အာပဒါသု၊
န ဝေဓတိ အတ္ထ-ဝိနိစ္ဆယညူ။
ပစ္စတ္ထိကာ တေ ဒုခိတာ ဘဝန္တိ၊
ဒိသွာ မုခံ အ-ဝိကာရံ ပုရာဏံ။ ။
(၁၀၄) ဇပ္ပေန မန္တေန သုဘာသိတေန၊
အနုပ္ပဒါနေန ပဝေဏိယာ ဝါ။
ယထာ ယထာ ယတ္ထ လဘေထ အတ္ထံ၊
တထာ တထာ တတ္ထ ပရက္ကမေယျ။ ။
(၁၀၅) ယတော စ ဇာနေယျ အလဗ္ဘနေယျော၊
မယာ ဝါ အညေန ဝါ ဧသ အတ္ထော။
အ-သောစမာနော အဓိဝါသယေယျ၊
ကမ္မံ ဒဠှံ ကိ·န္တိ ကရောမိ·ဒါနိ။ ။
ဟူသော ဤလေးဂါထာတို့ကိုဆို၏။ ။

(၁၀၂-၁၀၅) မဟာရာဇ၊မြတ်သောမင်းကြီး။ သောစနာယ၊စိုးရိမ်ခြင်းဖြင့်ရင်း။ပရိဒေဝနာယ၊ငိုကြွေးခြင်းဖြင့်ရင်း။ အပ္ပကောပိ၊အနည်းငယ်လည်းဖြစ်သော။အတ္ထော၊အစီးအပွါးကို။ အပိ၊စင်စစ်။နလဗ္ဘော၊မရအပ်ကောင်းသည်သာတည်း။သောစန္တံ၊စိုးရိမ်သော။ ဒုက္ခိတံ၊ဆင်းရဲရော်သော။တံဇနံ၊ထိုသူကို။ဝိဒိတွာန၊သိ၍။ပစ္စတ္ထိကာ၊ဆန့်ကျင်ဘက်ကိုအလိုရှိသောသူတို့သည်။အတ္တမနာ၊နှစ်လိုဝမ်းမြောက်ကုန်သည်။ ဘဝန္တိ၊ဖြစ်ကုန်၏။ ။ယတော စ ခေါ၊အကြင်အခါ၌လျှင်။အတ္ထဝိနိစ္ဆယညူ၊အစီးအပွါး၏အဆုံးအဖြတ်ကိုသိသော။ပဏ္ဍိတော၊ပညာရှိသည်။အာပဒါသု၊ဘေးရန်တို့ကြောင့်။န ဝေဓတိ၊မတုန်လှုပ်။တဒါ၊ထိုအခါ၌။အဝိကာရံ၊ဘောက်ပြန်ခြင်းမရှိသော။ ပုရာဏံ၊ရှေးအတိုင်းဖြစ်သော။ မုခံ၊မျက်နှာကို။ဒိသွာ၊မြင်၍။တေပစ္စတ္ထိကာ၊ထိုရန်သူတို့သည်။ ဒုက္ခိတာ၊ဆင်းရဲရော်ကုန်သည်။ဘဝန္တိ၊ဖြစ်ကုန်၏။ ။ဇပ္ပေန၊မန္တရားစိပ်သဖြင့်ရင်း။မန္တေန၊ပညာရှိတို့နှင့် အကြောင်းအရာတိုင်ပင်သဖြင့်ရင်း။ သုဘာသိတေန၊ချစ်ဖွယ်သာယာဆိုသဖြင့်ရင်း။ အနုပ္ပဒါနေန၊ တရားဆုံးဖြတ်သောအမတ်တို့အားလက်ဆောင်တံစိုးပေးသဖြင့်ရင်း။ပဝေဏိယာ ဝါ၊အမျိုးအနွယ်ကိုဆက်စပ်သဖြင့်ရင်း။ ပစ္စတ္ထိကာ၊ရန်သူတို့ကို။ ဖိနိတဗ္ဗာ၊အောင်အပ်ကုန်၏။ဧတေသုပဉ္စသုကာရဏေသု၊ ဤငါးပါးသောအကြောင်းတို့တွင်။

(ထည့်)။ ယတ္ထ၊အကြင်အမှုအခင်း၌။ ယထာယထာ၊အကြင်အကြင်သို့သောအကြောင်းဖြင့်။အတ္ထံ၊မိမိအစီးအပွါးကို။ လဘေထ၊ရရာ၏။တတ္ထ၊ထိုအမှုအခင်း၌။တထာတထာ၊ထိုထိုသို့သောအကြောင်းဖြင့်။ ပရက္ကမေယျ၊ လုံ့လပြုရာ၏။ ။(ပရက္ကမံကတွာပဗ္ဗဇ္ဇိကေ ဇိနေယျာတိအဓိပ္ပါယော)။ ။ယတောစ၊အကြင်အခါ၌ကား။မယာဝါ၊ငါသည်ရင်း။အညေနဝါ၊ငါမှတပါးသောသူသည်ရင်း။ သေဌေသောအတ္တော၊ ဤအစီးအပွါးကို။အလဗ္ဘနေယျော၊ အထူးထူးအပြားပြားအားသစ်၍ လုံ့လပြုသော်လည်းမရကောင်း၊ရခြင်းငှါမတတ်ကောင်းဟူ၍။ဇာနေယျ၊သိရာ၏။တဒါ၊ထိုအခါ၌။ပဏ္ဍိတော၊ပညာရှိသောယောကျ်ားသည်။အသောစမာနော၊မျက်နှာမငယ်တည်တည်တန့်တန့်ဖြစ်လျက် မစိုးရိမ်မူ၍။ ကမ္မံ၊ရှေးကငါပြုဘူးသောအကုသိုလ်ကံသည်။ဒဠှံ၊မြဲလှချေ၏။ ပဒိုဗာဟိတုံ၊ကွယ်ကာတားမြစ်ခြင်းငှါ၊နသက္ကာ၊မတတ်ကောင်းချေ။ ဣဒါနိ၊ယခု။ကိံ၊အဘယ်အမှုကို။ ကရောမိ၊ပြုခြင်းငှါတတ်နိုင်တော့အံ့နည်း။ ဣတိ၊ဤသို့နှလုံးပြု၍။ အဓိဝါသယေယျ၊ နှလုံးဝမ်းမနည်းသည်းခံရာ၏။ ။(ပသန္နဝဏ္ဏာဝတ္ထုဝဏ္ဏာအဋ္ဌဖြတ်။ သံယုဂ်နှင့်ရှိစေ။ ဒုမိတံ ဒုမိတာတို့၌ ခဝယ် သံယုဂ်ကင်းစေ။ ပဒိုပက္ခံအဋ္ဌယနိ် ဣနိဌ်တိပဋ္ဌိကာ။ ကရောမိ၌သက္ကာအနက်ကိုရကောင်းရကား။ ကရောမိ၊ ပြုခြင်းငှါ တတ်နိုင်တော့အံ့နည်း ဟုပေးသည်။ထိုကြောင့်မယာပုဗ္ဗေကတကမ္မံဒဠှံထိရံ နသက္ကာပဒိုဗာဟိတုံဣဒါနိကိံ သက္ကာကာတုန္တိ,ဟု-အဋ္ဌကထာဘွင့်သည်။ ။အကမ္မကေဟိဓာတူဟိ၊ ဘာဝေကိစ္စာဘဝန္တိ တေ။ သကမ္မကေဟိ ကမ္မတ္ထေ၊ အရဟ-သက္ကတ္ထဒိပကာ။ ။ဤဂါထာကားယေဘုယျ။ ။ကရောမိ၌ကားပဋ္ဌမိဝိဘတ်တည်း။ဝတ္တမာန်မဟုတ်)။ ။တစသာရဇာတက် အဋ္ဌမံ။၃၆၈။

# ၃၆၉-မိတ္တဝိန္ဒကဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ကျာဟံဒေဝါနမကရံ, အစရှိသောပုဒ်ဖြင့်တန်းဆာဆင်အပ်သော ဤမိတ္တဝိန္ဒကဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်၊ ဆိုနိုင်ခက်သော ရဟန်းတပါးကို အကြောင်းပြု၍ဟောတော်မူ၏။ ။

ထိုအခါဘုရားလောင်းသည် နတ်သားဖြစ်၍ ဉဿဒ္ဒငရဲသို့လှည့် လည်၍။မိတ္တဝိန္ဒကသည်ဘုရားလောင်းကိုမြင်၍မေးလိုရကား။ ။

(၁၀၆) ကျာ.ဟံ ဒေဝါန.မကရံ၊ကိံ ပါပံ ပကတံ မယာ။
ယံ မေ သိရသ္မိံ ဥဟစ္စ၊စက္ကံ ဘမတိ မတ္ထကေ။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၁၀၆) သာမိဒေဝပုတ္တ၊အရှင်နတ်သား။အဟံ၊အကျွန်ုပ်သည်။ဒေဝါနံ၊ နတ်တို့အား။ကိံ၊အဘယ်အမှုကို။ အကရံ၊ပြုမိသနည်း။ ယေနပါပေန၊အ ကြင်မကောင်းမှုဖြင့်။မေ၊အကျွန်ုပ်၏။ သိရသ္မိံ၊ဦးခေါင်း၌။ ဥဟစ္စ၊နှိပ်၍။ စက္ကံ၊ဥါဵသင်တုန်းစက်သည်။ မတ္ထကေ၊ ကျွန်ုပ်ဦးခေါင်း၌။ ဘမတိ၊ ပတ် ပတ်လည်၏။ မယာ၊ အကျွန်ုပ်သည်။ ပကတံ၊ပြုမိသော။ တံပါပံ၊ ထိုမ ကောင်းမှုသည်။ကိံ၊အဘယ်မည်သောမကောင်းမှုနည်း။ ။

ထိုစကားကိုကြား၍ဘုရားလောင်းသည်။ ။

(၁၀၇) အတိက္ကမ္မ ရမ္မဏကံ၊သဒါမတ္တဉ္စ ဒူဘကံ။
ဗြဟ္မတ္တရဉ္စ ပါသာဒံ၊ကေန.ဌေန ဣဓာ.ဂတော။ ။

ဟူသောဒုတိယဂါထာကိုဆို၏။ ။

(၁၀၇) မိတ္တဝိန္ဒက၊မိတ္တဝိန္ဒက။တွံ၊သင်သည်။ရမ္မဏကံ၊ဖလ်ဖြင့်ပြီး သော။ပါသာဒဉ္စ၊ပြာသာဒ်ကိုရင်း။သဒါမတ္တံ၊ငွေဖြင့်ပြီးသော။ပါသာဒဉ္စ၊ ပြာသာဒ်ကိုရင်း။ ဒူဘကံ၊ပတ္တမြားဖြင့်ပြီးသော။ ပါသာဒဉ္စ၊ပြာသာဒ်ကို ရင်း။ဗြဟ္မတ္တရံ၊ရွှေဖြင့်ပြီးသော။ ပါသာဒဉ္စ၊ပြာသာဒ်ကိုရင်း။ အတိက္ကမ္မ၊ လွန်၍။ ကေနဌေန၊အဘယ်အကြောင်းကြောင့်။ ဣဓ၊ဤငရဲသို့။ အာဂ တော၊လာသနည်း။ ။

မိတ္တဝိန္ဒကသည်။ ။

(၁၀၈) ဣတော ဗဟုတရာ ဘောဂါ၊အတြ မညေ ဘဝိဿရေ။
ဣတိ ဧတာယ သညာယ၊ပဿ မံ ဗျသနံ ဂတံ။ ။

ဟူသောတတိယဂါထာကိုဆို၏။ ။

(၁၀၈) သာမိဒေဝပုတ္တ၊အရှင်နတ်သား။ ဣတော၊ဤလေးရသော ပြာသာဒ်တို့၌စည်းစိမ်ချမ်းသာတို့ထက်။အတြ၊ထိုအရပ်၌။ဗဟုတရာ၊အ လွန်များကုန်သော။ ဘောဂါ၊စည်းစိမ်ချမ်းသာတို့သည်။ ဘဝိဿရေ၊ရှိ

ကုန်ရာ၏ဟူ၍။မညော၊ငါမှတ်ထင်၏။ ဇာတိတောယာသညာယ၊ ဤသို့မှား သောအမှတ်ဖြင့်။အာဂန္တာမ၊လာမိကုန်၏။ (ထည့်)။ဗျသနံ၊ ပျက်စီးခြင်း သို့။ဂထံ၊ရောက်သော။မံ၊ငါ့ကို။ပဿ၊ကြည့်စမ်းပါ။ ။

ထိုဘုရားလောင်းသည်။ ။

(၈၀၉) စတုဗ္ဘိ အဋ္ဌမဇ္ဈဂမာ၊အဋ္ဌာဟိစာပိ သောဠသ။
သောဠသာဟိစ ဗာတ္တိံသ၊အတြိစ္ဆံ စက္က·မာသဒေါ။
ဣစ္ဆာဟတဿ ပေါသဿ၊စက္ကံ ဘမတိ မတ္ထကေ။ ။

(၈၁၀) ဥပရိဝိသာလံ ဒုပ္ပူရံ၊ဣစ္ဆာ ဝိသဋဂါမိနိ။
ယေ စ တံ အနုဂိဇ္ဈန္တိ၊တေ ဟောန္တိ စက္က-ဓာရိနော။ ။

ဟူသောဤနှစ်ဂါထာတို့ကိုဆို၏။ ။

(၈၀၉-၈၁၀) မိတ္တဝိန္ဒက၊မိတ္တဝိန္ဒက။တွံ၊သင်သည်။စတုဗ္ဘိ၊လေးယောံ သောနတ်သမီးတို့မှ။ အဋ္ဌ၊ရှစ်ယောံသော နတ်သမီးတို့ကို။ အဇ္ဈဂမာ၊ရ၏။ အဋ္ဌာဟိစာပိ၊ ရှစ်ယောံသော နတ်သမီးတို့မှလည်း။ သောဠသ၊တကျိပ် ခြောက်ယောံသောနတ်သမီးတို့ကို။အဇ္ဈဂမာ၊ရ၏။ သောဠသာဟိစ၊တကျိပ် ခြောက်ယောံသောနတ်သမီးတို့မှလည်း။ ဗာတ္တိံသ၊သုံးကျိပ်နှစ်ယောံသော နတ်သမီးတို့ကို။ အဇ္ဈဂမာ၊ရ၏။ အတြိစ္ဆံ၊ရသမျှဖြင့်မရောင့်ရဲပါ မှာမှာ အာရုံ၌အလိုရန်မက်ကြီးသောသင်သည်။စက္ကံ၊သင်တုန်းစက်သို့။ အာသ ဒေါ၊ရောက်၏။ ဣစ္ဆာဟတဿ၊အလိုရန်မက်သည်နှိပ်စက်အပ်သော။ ပေါ သဿ၊ယောက်ျားဖြစ်သောသင်၏။မတ္ထကေ၊ထိပ်ထက်၌။စက္ကံ၊သင်တုန်း စက်သည်။ ဘမတိ၊ဖွားဖွားမီးမီးသွေးစီးစေလျက်မီးပန်းထွက်သို့လည် ၏။ ။မိတ္တဝိန္ဒက၊မိတ္တဝိန္ဒက။ဣစ္ဆာ၊မှာမှာအာရုံမက်တတ်သောတဏှာ သည်။ဥပရိဝိသာလံ၊အထက်၌ကျယ်ခြင်းသို့။ ဒုပ္ပူရံ၊ပြည့်နိုင်ခဲခြင်းသို့။ဂ တာ၊ရောက်၏။ဝိသဋဂါမိနီ၊ပြန့်ခြင်းသို့ရောက်၏။ယေစ၊အကြင်ယောက်ျား တို့သည်လည်း။တံ၊ထိုတဏှာကို။ အနုဂိဇ္ဈန္တိ၊အဘန်တလဲလဲတပ်စွန်း၍ ယူကုန်၏။တေ၊ထိုယောက်ျားတို့သည်။ စက္ကဓာရိနော၊သင်တုန်းစက်ကို ဆောင်ရကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ ။(မဇ္ဈဂမာ၌။မသဓါတ်၊ဇ္ဈက ပစ္စည်းဖြစ်၍ဒုတိယက္ခရာ-ဇ္ဈ သံယုဂ်နှင့်ရှိစေ။ ။ရမ္မကာကန္တိ ဖလိကပါ သာဒံ။သဒါမတ္တန္တိ ရဇတပါသာဒံ။ဒုဘကန္တိ မဏိပါသာဒံ။ ဗြဟ္မတ္တရန္တိ ပါသာဒန္တိ သုဝဏ္ဏပါသာဒံ။ ။အဋ္ဌာဟိသောဠသာဟိ,လိုလျက်ဂါထာဖြစ်

၍ဆန်းအလို၌ ဒီဃရောက်သည်။ အတြဲအတြဲဇုဣတိတိအတြဲန္တံ။ ။ အတြဲအတြဲ၊မှာမှာအာရုံ၌။ဇုဣတိ၊အလိုရှိတတ်၏။ဇုတိ၊ထိုကြောင့်။ အတြဲန္တံ၊မည်၏)။ ။မိဂ္ဂုဝိန္ဒကဇာတကံ နဝမံ။၃၆၉။

---

## ၃၇၀-ပလာသဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ ဟံသောပလာသမဝစ,အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော ဤပလာသဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ကိလေသာကိုနှိပ်ခြင်းကိုအကြောင်းပြု၍ ဟောတော်မူ၏။ ။

ဟာသံမင်းသည်ထိုပညောင်ပင်ငယ်ကိုမြင်၍ရုက္ခစိုးနတ်ကိုခေါ်၍၊ အဆွေ ပေါက်ပင်စောင့်နတ်၊ပညောင်ပင်မည်သည်ကား ကြီးသည်ရှိသော် ရောက်ရာသစ်ပင်ကို ဖျက်ဆီးတတ်၏။ဤပညောင်ပင်အား ကြီးစိမ့်သော၌ မပေးလင့်။ သင်၏ဗိမာန်ကို ဖျက်ဆီးလတ္တံ့။ မဆွကလျှင်ပညောင်ပင်ကိုနုတ်၍ပွန့်ပစ်လော့။ ရှုံရှာဘွယ်နှင့်ယှဉ်သော ဝတ္ထုမည်သည်ကို ရှုံရှာခြင်း၌သင့်၏ဟု ပေါက်ပင်စောင့်နတ်နှင့်တကွတိုင်ပင်လိုရကား။ ။

(၁၁၁) ဟံသော ပလာသ-မဝစ၊နိဂြောဓော သမ္မ ဇာယတိ။
အင်္ကသ္မိံ တေ နိသိန္နော-ဝ၊သော တေ ဓမ္မာနိ ဆိန္ဒတိ။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

ဤဂါထာ၌ပဌမပါဒကိုဘုရားဖြစ်တော်မူပြီးမှ သဗ္ဗညုမြတ်စွာဘုရားဟောတော်မူ၏။ ။

(၁၁၁) ဟံသော၊ရွှေဟာသံမင်းသည်။ ပလာသံ၊ ပေါက်ပင်စောင့်နတ်ကို။အဝစ၊ဆို၏။ကိံ အဝစ၊အဘယ်သို့ဆိုသနည်းဟူမူကား။သမ္မ၊အဆွေပေါက်ပင်စောင့်နတ်။တေ၊သင်၏။အင်္ကသ္မိံ၊သစ်ခွ၌။နိသိန္နော၊တည်လျက်လျှင်။နိဂြောဓော၊ပညောင်ပင်သည်။ဇာယတိ၊ပေါက်၏။ သော၊ထိုပညောင်ပင်သည်။တေ၊သင်၏။အင်္ဂေ၊သစ်ခွ၌။ သံဝဍ္ဎော၊ ကြီးပွါးသည်ဖြစ်၍။သပဏ္ဏောဝိယ၊ရန်သူကဲ့သို့။(ထည့်)။ဓမ္မာနိ၊ဇီဝိတိန္ဒြေတို့ကို။ဆိန္ဒတိဆိန္ဒိဿတိ၊ဖြတ်လတ္တံ့။ ။(ဇီဝိတသင်္ခါရဟိဗ္ဗဓမ္မာနိတိဝုတ္တာ)။

ထိုစကားကိုကြား၍ရွှေဟသ်ာ၏စကားကိုမယူလိုသည်ဖြစ်၍ပေါက်ပင်စောင့်နတ်သည်။ ။

(၈၁၂) ဝဏ္ဏိတ-မေဝ နိဂြောဓော၊ပဝိဋ္ဌသ ဘဝါမ-ဟံ။
ယထာ မာတာ ဝါ ပိတာ ဝါ၊ဧဝ-မေသော ဘဝိဿတိ။ ။

ဟူသော၌ဒုတိယဂါထာကိုဆို၏။ ။

(၈၁၂) သမ္မ၊အဆွေဟသ်ာမင်း။ တွံ၊သင်သည်။ နဇာနာသိ၊မသိ။နိဂြောဓေါ၊ပညောင်ပင်သည်။ဝဏ္ဍိတမေဝ၊ကြီးခြင်းသို့သာလျှင်၊ဂစ္ဆတု၊ရောက်ပစေ။မာတာဝါ၊အမိသည်ရှင်း။ပိတာဝါ၊အဘသည်ရှင်း။ ပုတ္တာနံ၊သားတို့၏။ပတိဋ္ဌာ၊တည်ရာတို့သည်။ဟောန္တိ၊ယထာ၊ဖြစ်ကုန်၏သို့။ ဧဝံတထာ၊ထို့အတူ။အဟံ၊ငါသည်။ အဿ၊ထိုပညောင်ပင်၏။ပတိဋ္ဌော၊တည်ရာသည်။ဘဝါမိ၊ဖြစ်အံ့။သော၊ထိုပညောင်ပင်သည်။ ပစ္ဆာ၊နောက်ဖြစ်သောကြီးပွါးသောကာလ၌။ မေ၊ငါ၏။ပတိဋ္ဌော၊တည်ရာသည်။ ဘဝိဿတိ၊ဖြစ်လတ္တံ့။

ထိုနောင်မှဟသ်ာမင်းသည်။ ။

(၈၁၃) ယံ တွံ အင်္ကေ ဝဍ္ဎေသိ၊ခီရရုက္ခံ ဘယာနကံ။
အာမန္တ ခေါ တံ ဂစ္ဆာမ၊ဝုဍ္ဎိ မ-သာ နရုစ္စတိ။ ။

ဟူသော၌တတိယဂါထာကိုဆို၏။ ။

(၈၁၃) ဒေဝ၊နတ်။ ယံယသ္မာ၊အကြင်ကြောင့်။ တွံ၊သင်သည်။ဘယာနကံ၊ကြောက်မက်ခြင်းကိုဖြစ်စေတတ်သော။ ခီရရုက္ခံ၊ပညောင်ပင်ငယ်ကို။ အင်္ကေ၊သစ်ခွ၌။ဝဍ္ဎေသိ၊ကြီးပွါးစေ၏။ တသ္မာ၊ထို့ကြောင့်။ မယံ၊ငါတို့သည်။တံ၊သင့်ကို။အာမန္တ ခေါ၊သိစေ၍လျှင်။ ဂစ္ဆာမ၊သွားကုန်အံ့။အဿ၊ထိုပညောင်ပင်၏။ဝုဍ္ဎိ၊ကြီးပွါးခြင်းသည်။ မေ၊ငါအား။နရုစ္စတိ၊နှစ်သက်ခြင်းကိုမဖြစ်စေ။ ။

ဤသို့ဆို၍ ဟသ်ာမင်းသည် အတောင်တို့ကိုဖြန့်၍ စိတ္တကုန့်တောင်သို့လျှင်သွား၏။ ထိုအခါမှစ၍တဘန်မလာ။ နောက်အဘို့၌ပညောင်ပင်သည် ကြီး၏။ ထိုပညောင်ပင်၌ တဦးသော ရုက္ခစိုးနတ်သည် ဖြစ်၏။ ပညောင်ပင်သည်ကြီးလတ်သော်ပေါက်ပင်ကိုဖျက်ဆီး၏။အခက်တို့နှင့်တကွလျှင် ရုက္ခစိုးနတ်ဗိမာန်သည်ကျ၏။ ရုက္ခစိုး နတ်သည် ထိုအခါ၌ ဟသ်ာမင်းစကားကိုမှတ်၍ လာလတ္တံ့သောဘေးကိုမြင်၍ ဟသ်ာမင်း

သည်ဆို၏။ငါသည်ကားဟသ်ာမင်း၏စကားကိုမလိုက်နာမိဟု ငိုကြွေး
လိုရကား။ ။

(၁၁၄) ဆုဒါနိ ခေါ မံ ဘာယတိ၊မဟာ-နေရု-နိဒဿနံ။
ဟံသဿ အနဘိညာယ၊မဟာ မေ ဘယ-မာဂတံ။ ။

ဟူသော၍စတုတ္ထဂါထာကိုဆို၏။ ။

(၁၁၄) အယံနိဂြောဓော၊ဤပညောင်ပင်သည်။ တရုဏကာလေ၊ငယ်
သောကာလ၌။မံ၊ငါ့ကို။ တောသေဝ္ဝှာ၊နှစ်သက်စေ၍။ ဆုဒါနိခေါ၊ ယခု
အခါ၌လျှင်။မံ၊ငါ့ကို။ဘာယတိ၊ကြောက်စေ၏။ဟံသဿ၊ဟသ်ာမင်း၏။
မဟာနေရုနိဒဿနံ၊ မြင်းမိုရ်တောင်မင်းနှင့်တူသော။ ဝစနံ၊ခိုင်ခန့်ကြီး
မား မှတ်သားလေ့သောစကားကို။ အနဘိညာယ၊မသိ၍။အနုဗ္ဗုဇ္ဈိတွာ၊
နှုတ်၍မပစ်မိသည်၏အဖြစ်ကြောင့်။ မေ၊ငါအား။ မဟာဘယံ၊ ကြီးစွာ
သောဘေးသည်။အာဂတံ၊လာခဲ့ပြီ။ ။

သဗ္ဗညုမြတ်စွာဘုရားဖြစ်တော်မူ၍။ ။

(၁၁၅) နှ တဿ ဝဍ္ဎိ ကုသလပ္ပသဋ္ဌာ၊
ယော ဝဍ္ဎမာနော ဃသတေ ပတိဋ္ဌံ။
တဿူ-ပရောဓံ ပရိသင်္ကမာနော၊
ပတာရယိ မူလ-ဝဓာယ ဓီရော။ ။

ဟူသော၍ပဉ္စမဂါထာကိုဟောတော်မူ၏။ ။

(၁၁၅) ဘိက္ခဝေ၊ရဟန်းတို့။ယောဓမ္မော၊အကြင်တရားသည်။ဝဍ္ဎမာ
နော၊ပွါးသည်ရှိသော်။အတ္တနော၊မိမိ၏။ ပတိဋ္ဌံ၊တည်ရာကို။ ဃသတေ၊
ဖျက်ဆီး၏။တဿ၊ထိုတရား၏။ဝဍ္ဎိ၊ပွါးခြင်းကို။နကုသလပ္ပသဋ္ဌာ၊ပညာ
ရှိတို့သည်မချီးမွမ်းအပ်။တဿ၊ထိုတရား၏။ ဥပရောဓံ၊ဖျက်ဆီးခြင်းကို။
ပရိသင်္ကမာနော၊ ရွံ့ရှာသော။ဓီရော၊ပညာရှိသည်။မူလဝဓာယ၊အမြစ်အ
ရင်းနှင့်တကွဖျက်ဆီးခြင်းငှါ။ပတာရယိ၊လုံ့လပြု၏။ ။ သောတေဓမ္မာ
နိဆိဋ္ဌတိတိသောတေ အင်္ဂေသံဝဏ္ဏေသပဏ္ဏောဝိယ ဆိန္ဒိသတိတိအ
ထ္တော,ဟု-အဋ္ဌကထာဟောရကားဂဠတိရှိသည်မသင့်။ ဝဍ္ဎိမသာန်၌၊ဝဍ္ဎိ
မေအသာ,ဖြတ်။ဝဍ္ဎိကားနရုဋ္ဌတိ၏ကဏ္ဍားတဉ်း။မေကားသမ္ပဒါနိတဉ်း။
အဿကားဝဍ္ဎိ၏သမ္ဗန်တည်း။ နတဿဝဍ္ဎိကား။ ပသဋ္ဌာ၌ တပစ္စည်း
ဟောအပ်သောကံဖြစ်၍ပဋ္ဌမန္တသင့်သည်။ဒုတိယန္တမသင့်)။ ။ပလာသ
ဇာတက် ဒသမံ။၃၇၀။ဝဏ္ဏာရောဟဝဂ္ဂေါဒုတိယော။ ။

(၃) အဍ္ဎဝဂ်။

## ၃၇၁-ဒီဃိတိကောသလဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ ဧဝံဘူတဿတေရာဇ,အစရှိသော ဂါထာပုဒ်ဖြင့်တန်ဆာဆင်အပ်သော ဤဒီဃိတိကောသလ ဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌သီတင်းသုံး နေတော်မူစဉ်၊ ကောသမ္ဗိပြည်သားဖြစ်ကုန်သော ခိုက်ရန်ပြုကုန်သောရဟန်းတို့ကိုအကြောင်းပြု၍ ဟောတော်မူ၏။ ။

ထိုဒီဃာဝုမင်းသားသည်ကား။ တော၌မိမိတင်ထက်၌အိပ်သောဗာရာဏသီမင်းကိုဥဿျှောင်၌ကိုင်၍ယခုမိဘကိုသတ်သောရန်ကိုဥဿျှောင်၌သွဲ့ကိုင်၍အပိုင်းအပိုင်းပြု၍ဖြတ်အံ့ဟု သန်လျက်ကိုမိုးလတ်သော် ထိုခဏ၌ဘမိတို့သည်ပေးအပ်သောအဆုံးအမကိုအောက်မေ့၍ အသက်ကိုစွန့်ရသော်လည်း မိဘတို့၏ အဆုံးအမကိုမဖျက်အံ့၊ စင်စစ် ဤမင်းကိုခြိမ်းခြောက်အံ့ဟုကြံ၍။ ။

(၈၁၆) ဧဝံ-ဘူတဿ တေ ရာဇ၊အာဂတဿ ဝသော မမ။
အတ္ထိ နု ကောစိ ပရိယာယော၊ယော တံ ဒုက္ခာ ပမောစယေ။ ။
ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၈၁၆) ရာဇ၊မင်းမြတ်။မမ၊ငါ၏။ဝသော၊ဝသံ၊နိုင်ငံလက်တွင်းသို့။ အာဂတဿ၊ရောက်သော။ဧဝံဘူတဿ၊ဤသို့ငါ့လက်တွင်း၌ဖြစ်သော။ တေ၊ အရှင်မင်းကြီးအား။ ယော၊ အကြင်အကြောင်းသည်။တံ၊အရှင်မင်းကြီးကို။ဒုက္ခာ၊ဤဆင်းရဲမှ။ ပမောစယေ၊လွတ်စေရာ၏။ ကောစိ၊ တစုံတခုသော။သောပရိယာယော၊ထိုအကြောင်းသည်။အတ္ထိနု၊ရှိ၏လော။ ။

ထိုနောင်မှမင်းသည်။ ။

(၈၁၇) ဧဝံ-ဘူတဿ မေ တာတ၊အာဂတဿ ဝသော တဝ။
နတ္ထိ နော ကောစိ ပရိယာယော၊ယော မံ ဒုက္ခာ ပမောစယေ။ ။
ဟူသောဤဒုတိယဂါထာကိုဆို၏။ ။

(၈၁၇) တာတ၊အမောင်။ တဝ၊သင်၏။ ဝသော၊ဝသံ၊နိုင်ငံလက်တွင်းသို့။ အာဂတဿ၊ရောက်သော။ ဧဝံဘူတဿ၊ဤသို့သင့်လက်တွင်း၌ဖြစ်သော။မေ၊ငါ့အား။ယော၊အကြင်အကြောင်းသည်။မံ၊ငါ့ကို။ဒုက္ခာ၊ဤဆင်းရဲမှ။ ပမောစယေ၊လွတ်စေရာ၏။ ကောစိ၊တစုံတခုသော။ သောပရိယာ

ယော၊ထိုအကြောင်းသည်။ နတ္ထိ၊မရှိ။ ။(နော်တိနိပါတမတ္တံ၊တနည်း။
နတ္ထိနောနတ္ထိဝေ၊မရှိသည်သာတည်း။ ။နနောသမံအတ္ထိတထာဂတောန
န္ဒွိကဲ့သို့ဝေအနက်ကြီး ။

ထိုနောင်ဘုရားလောင်းသည်။ ။

(၁၁၈) နာ·ညံ့ သုစရိတံ ရာဇ၊နာ·ညံ့ ရာဇ သုဘာသိတံ။
တာယတေ မရဏ–ကာလေ၊ဧ·မေဝ တရံ ဓနံ။ ။

(၁၁၉) အက္ကောဋ္ဌ မံ အဝဓိ မံ၊အဇိနိ မံ အဟာသိ မေ။
ယေ စ တံ ဥပနယှန္တိ၊ဝေရံ တေသံ န သမ္မတိ။ ။

(၁၂၀) အက္ကောဋ္ဌ မံ အဝဓိ မံ၊အဇိနိ မံ အဟာသိ မေ။
ယေ စ တံ နု·ပနယှန္တိ၊ဝေရံ တေသူ·ပသမ္မတိ။ ။

(၁၂၁) န ဟိ ဝေရေန ဝေရာနိ၊သမ္မန္တီ·ဓ ကုဒါစနံ။
အ–ဝေရေန စ သမ္မန္တိ၊ဧသ ဓမ္မော သနန္တနော။ ။

ဟူသောဂါထာတို့ကိုဆို၏။ ။

(၁၁၈-၁၂၁) ရာဇ၊မင်းမြတ်။မရဏကာလေ၊ သေအံ့သောကာလ၌။ ယံဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ တာယတေ၊ စောက်ရှောက်ကွယ်ရာ၏။သုစရိတံသုစရိတာ၊ မိခင်ဘခင်တို့ပေးအပ်သော ဩဝါဒဟုဆိုအပ်သောကောင်းသောအကျင့်မှ။အညံ့၊တပါးသော။တံဓမ္မဇာတံ၊ထိုတရားသဘောကို။တနည်းကား။ သုစရိတံ၊မိခင်ဘခင်တို့ပေးအပ်သော ဩဝါဒဟုဆိုအပ်သော ကောင်းသော အကျင့်ကို။ ဌပေတွာ၊ ထား၍။ အညံ့၊တပါးသော။တံဓမ္မဇာတံ၊ ထိုစောင့်ရှောက်ကွယ်ကာတတ်သော တရားကို။နပဿာမိ၊ငါမမြင်။ရာဇ၊မင်းမြတ်။သုဘာသိတံသုဘာသိတာ၊ မိခင်ဘခင်တို့ကောင်းစွာဆိုအပ်သောဩဝါဒမှ။အညံ့၊တပါးသော။ တနည်း။ သုဘာသိတံ၊မိခင်ဘခင်တို့ကောင်းစွာ ဆိုအပ်သော ဩဝါဒကို။ ဌပေတွာ၊ထား၍။အညံ့တပါးသော။တံဓမ္မဇာတံ၊ထိုစောင့်ရှောက်ကွယ်ကာတတ်သောတရားကို။နပဿာမိ၊ငါမမြင်။ ဧတရံ၊သုစရိတသုဘာသိတမှတပါးသော။ဓနံ၊ကုဋေအရာအထောင်မျှသောဥစ္စာသည်လည်း။ဧဝ မေဝနိရတ္ထကမေဝ၊အကျိုးမရှိသည်သာတည်း။ဟိသစ္စံ၊မှန်၏။တွံ၊အရှင်မင်းကြီးသည်။မယှံ၊ငါ့အား။ ကောဋိသတသဟဿမတ္တံပိ၊ ကုဋေအရာအထောင်မျှလည်းဖြစ်သော။ဓနံ၊ဥစ္စာကို။ဒဒေယျာသိ၊ပေးသော်လည်း။ ဇီ ဝိတံ၊အသက်ကို။နလဘေယျာသိ၊မရရာ။ ။(ဤကားအဓိပ္ပါယ်ဘွင့်ဆက်

တည်း)။ ။မဟာရာဇ၊မြတ်သောမင်းကြီး။အယံ၊ဤသူသည်။မံ၊ငါ့ကို။
အဗြောသိ၊ မိတ်ဆွေဟူ၍မပြောဆိုလေ။ မံ၊ငါ့ကို။ အဝဓိ၊တတောင်လက်
ဆုပ်တုတ်တို့ဖြင့်မပုတ်ခတ်ဘူးပြီ။မံ၊ငါ့ကို။အဇိနိ၊စဉ်းလဲသော
သက်သေစသည်ဖြင့်အောင်ဘူးလေပြီ။မေ၊ငါ၏။ဓနံ၊ဥစ္စာကို။ အဟာသိ၊
ခိုးယူဘူးလေပြီ။ဣတိ၊ဤသို့။ယေစ၊အကြင်သူတို့သည်ကား။ တံဝေရံ၊ထို
ရန်ကို။ဥပနယှန္တိ၊အငြိုးဖွဲ့ကုန်၏။ဝါ၊နှလုံး၌ထားကုန်၏။ တေသံ၊ထိုသူ
တို့၏။တံဝေရံ၊ထိုရန်သည်။နသမ္မတိ၊ ထင်းဆွေး၌ကျသော မီးကဲ့သို့ တ
ရွေ့တရွေ့ပွါးသဖြင့်မငြိမ်းနိုင်။ ။အယံ၊ဤသူသည်။မံ၊ငါ့ကို။အဗြောသိ၊
မိတ်ဆွေဟူ၍မပြောဆိုလေပြီ။ မံ၊ငါ့ကို။အဝဓိ၊တတောင်လက်ဆုပ်တုတ်
တို့ဖြင့်မပုတ်ခတ်ဘူးပြီ။မံ၊ငါ့ကို။အဇိနိ၊စဉ်းလဲသောသက်သေ
စသည်ဖြင့် အောင်ဘူးလေပြီ။မေ၊ ငါ၏။ ဓနံ၊ဥစ္စာကို။အဟာသိ။ခိုးယူ
ဘူးလေပြီ။ဣတိ၊ဤသို့။ ယေစ၊အကြင်သူတို့သည်ကား။ တံဝေရံ၊ ထိုရန်
ကို။နုပနယှန္တိ၊နဥပနယှန္တိ၊ အငြိုးမဖွဲ့ကုန်။ ဝါ၊နှလုံး၌မထားကုန်။တေ
သံ၊ထိုသူတို့၏။တံဝေရံ၊ထိုရန်သည်။ဥပသမ္မတိ၊ဖွဲလမ်းရာ လောင်စာမရှိ
သောမီးကဲ့သို့ငြိမ်း၏။ ။ဟိသစ္စံ၊မှန်၏။ဣဓ၊ဤလောက၌။ဝေရေန၊ရန်
တုံ့မူသဖြင့်။ဝေရာနိ၊ရန်တို့သည်။ ကုဒါစနံ၊တရံတဆစ်။နသမ္မန္တိ၊မငြိမ်း
နိုင်ကုန်။ အဝေရေနစ၊ ရန်တုံ့ မမူသဖြင့်ကား။ ဝေရာနိ၊ ရန်တို့သည်။
ဘုဇင်္ဂမံ ကက္ကဋကော ဂဟေသိ။ ။

ဟူသော၊နှစ်ချပြောက်သောဂါထာကိုဟောတော်မူ၏။ ။

(၉၄၃) သောဘုဇင်္ဂမော၊ထိုမြွေသည်။မဟတာ၊ကြီးပွားသော။ ဖဏေန၊ပါးပျဉ်းဖြင့်။ ပဿသန္တော၊ထွက်သက်ရှူလျက်။ ကက္ကဋကံ၊ဇုဇွန်သို့။ အဇ္ဈပတ္တော၊ရောက်လာ၏။ သကံသခါရံ၊မိမိအဆွေခင်ပွန်း ဖြစ်သော ဘုရားလောင်းကို။ ပရိတာယမာနော၊ စောင့်ရှောက်လိုသော။ ကက္ကဋကော၊ဇုဇွန်သည်။ဘုဇင်္ဂမံ၊မြွေကို။ဂဟေသိ၊ဘမ်း၏။ ။

ထိုအခါဇုဇွန်ကိုမြွေသည်ဇုဇွန်တို့မည်သည်ကား ကျီးသားကိုမစားကုန်သလျှင်ကတည်း။မြွေသားကိုမစားကုန်သလျှင်ကတည်း။ထိုသို့ဖြစ်လျက်အဘဲ့ကြောင့်ဒါဘ်ိုကိုဍ်ဇုဇွန်သည်ဘမ်းသနည်းဟုကြံ၏ ကြံပြီး၍ ဇုဇွန်ကိုမေးလိုရကား။ ။

(၉၄၄) န ဝါယသံ နော ပန ကဏှသပ္ပံ၊
ဃာသတ္ထိကော ကက္ကဋကော အဒေယျ။
ပုစ္ဆာမိ တံ အာယတ-စက္ခု-နေတ္တ၊
အထ ကိဿ ဟေတု ဥဘော ဂဟီတာ။ ။

ဟူသောသုံးချပြောက်သောဂါထာကိုဆို၏။ ။

(၉၄၄) အာယတစက္ခုနေတ္တ၊ရှည်သောစက္ခုဟုဆိုအပ်သော မျက်စိရှိသောဇုဇွန်။ကက္ကဋကော၊ဇုဇွန်မည်သည်။ ဃာသတ္ထိကော၊စားလိုသည် ဖြစ်၍။ဝါယသံ၊ကျီးကို။ န အာဒေယျ၊မဘမ်းရာ။(ဆန်းကြောင့် ရဿပြုသည်)။ ။ကဏှသပ္ပံ၊မြွေဟောက်ကို။နော အာဒေယျ၊မယူမဘမ်းရာသလျှင်ကတည်း။အထ၊ထိုသို့ဖြစ်လျက်။ကိဿ ဟေတု၊အဘယ်အကြောင်းကြောင့်။ ဥဘော၊နှစ်ခုကုန်သော ငါတို့ကို။ ဂဟီတာ၊ ဘမ်းအပ်ကုန်သနည်း။တံ၊ထိုအကြောင်းကို။တံ၊သင့်ကို။ပုစ္ဆာမိ၊ငါမေး၏။ ။

ထိုစကားကိုကြား၍ဇုဇွန်သည်ဘမ်းသောအကြောင်းကိုဆိုလို၍။ ။

(၉၄၅) အယံ ပုရိသော မမ အတ္ထ-ကာမော၊
ယော မံ ဂဟေတွာ နဒိကာယ နေတိ။

တသ္မိံ မတေ ဒုက္ခ· မနုပ္ပတ္တံ မေ၊
အဟဉ္စ ဧသော စ ဥဘော န ဟောမ။ ။

(၉၄၆) မမဉ္စ ဒိသွာန ပဝဒ္ဓ-ကာယံ၊
သဗ္ဗော ဇနော ဟိံသိတုမေ·ဝ မိ·စ္ဆေ။
သာဒုဉ္စ ထူလဉ္စ မုဒုဉ္စ·မံသံ၊
ကာကာပိ မံ ဒိသွာန ဝိဟေဌယေယျုံ။ ။

ဟူသောနှစ်ဂါထာတို့ကိုဆို၏။ ။

(၉၄၅-၉၄၆) ကဏှသပ္ပ၊မြွေဟောက်။ ယောပုရိသော၊ အကြင်ယောက်ျားသည်။ မံ၊ငါ့ကို။ ဂဟေတွာန၊ယူ၍။ ဒကာယ၊ရေအိုင်သို့။ နေတိ၊ ဆောင်၏။အယံပုရိသော၊ဤယောက်ျားသည်၊မမ၊ငါ၏။ အတ္ထကာမော၊ အကျိုးစီးပွါးကိုအလိုရှိ၏။တသ္မိံ၊ထိုယောက်ျားသည်။မတေ၊သေသည် ရှိသော်။မေ၊ငါ့အား။အနုပ္ပတ္တံ၊ဖျားပွါးသော။ဒုက္ခံ၊ဆင်းရဲသည်။ဟောတိ၊ ဖြစ်၏။အဟဉ္စ၊ငါသည်ရင်း။ ဧသောစ၊ဤယောက်ျားသည်ရင်း။ ဥဘော၊ နှစ်ယောက်ကုန်သောငါတို့သည်။နဟောမ၊မဖြစ်ကုန်အံ့။ ၊ပဝဒ္ဓကာယံ၊ ကြီးသောကိုယ်ရှိသော။ မမဉ္စ၊ငါ့ကိုလည်း။ ဒိသွာန၊မြင်၍။ သဗ္ဗော၊ခပ် သိမ်းသော။ ဇနော၊လူသည်။ ဟိံသိတုမေဝ၊ညှဉ်းဆဲခြင်းငှာသာလျှင်။ ဣစ္ဆေ၊အလိုရှိရာ၏။ သာဒုဉ္စမံသံ၊ကောင်းသောအသားရှိသည်လည်းဖြစ် ထသော။ထူလဉ္စမံသံ၊ဆူသောအသားရှိသည်လည်းဖြစ်ထသော။ မုဒုဉ္စ မံသံ၊နူးညံ့သောအသားရှိသည်လည်းဖြစ်ထသော။ မံ၊ငါ့ကို။ ကာကာပိ၊ ကျီးတို့သည်လည်း။ဒိသွာန၊မြင်၍။ဝိဟေဌယေယျုံ၊ညှဉ်းဆဲကုန်ရာ၏။

ထိုစကားကိုကြား၍ မြွေသည် တရသော ဥပါယ်ဖြင့် ဤဗုဏ္ဏန်ကို လှည့်စား၍ကျီးကိုရင်း၊ ငါ့ကိုရင်းလွှတ်စေအံ့ဟုကြံ၏။ ကြံပြီး၍ဗုဏ္ဏန်ကို လှည့်စားအံ့သောငှါ။ ။

(၉၄၇) သစေ တဿ ဟေတုမှိ ဥဘော ဂဟိတာ၊
ဥဋ္ဌာတု ပေါသော ဝိသ·မာဝမာမိ။
မမဉ္စ ကာကဉ္စ ပမုဉ္စ ခိပ္ပံ၊
ပုရာ ဝိသံ ဂါဠှ·မုပေတိ မစ္စံ။ ။

ဟူသောခြောက်ခုမြောက်သောဂါထာကိုဆို၏။ ။

(၉၄၇) တဿ၊ ထိုယောက်ျား၏။ ဟေတုမှိ၊ အကြောင်းကြောင့်။ ဥ ဘော၊နှစ်ခုကုန်သောငါတို့ကို။ သစေဂဟိတာ၊အကယ်၍ဘမ်းအပ်ကုန်

သည်ဖြစ်အံ့။ ပေါသော၊ယောက်ျားသည်။ ဥဋ္ဌာတု၊အဆိပ်မရှိထသည် ဖြစ်စေသတည်း။အဟံ၊ငါသည်။ဝိသံ၊အဆိပ်ကို။ အာဝဟာမိ၊ရုပ်အံ့။ဝါ၊ ငင်အံ့။မနုဿ၊ယောက်ျားကို။ဝိသံ၊အဆိပ်သည်။ဂါဠှံ၊ပြင်းစွာ။ပုရာဥပေတိ၊ ၊ရောက်ဦ။ မမည္ဆု၊ငါ့ကိုရင်း။ ကာကည္ဆု၊ကျိုးကိုရင်း။ ဒိပ္ပံ၊လျှင်စွာ။ ပမုဉ္စ၊ လွှတ်လော့။ ။

ထိုစကားကိုကြား၍ဗုဇ္ဇန်သည်၊ ဤမြွေသည်တရသော အကြောင်း ဖြင့်နှစ်ရသောသတ္တဝါတို့ကို လွှတ်စေ၍ပြေးလို၏။ ငါ၏ဥပါယ်ဥ္စလိမ္မာ သောအဖြစ်ကိုမသိ။ယခုဤမြွေသည် အကြင်သို့သောအခြင်းအရာအား ဖြင့်ပြုသည်ရှိသော် ငင်ခြင်းငှါ စွမ်းနိုင်၏။ ထိုသို့သောအခြင်းအရာအား ဖြင့်တက်မကိုလျှော့အံ့၊ကျိုးကိုကားမလွှတ်အံ့ဟုကြံ၏။ကြံပြီး၍။ ။

(၉၄၇) သပ္ပံ ပမောက္ခာမိ န တာဝ ကာကံ၊
ပဋိဗန္ဓကော ဟောတိ တာဝ ကာကော။

(၉၄၈) ပုရိသဉ္စ ဒိသွာန သုခိံ အရောဂံ၊
ကာကံ ပမောက္ခာမိ ယထာဝ သပ္ပံ။ ။

ဟူသော၂ဂါထာနှစ်ချပ်ခြောက်သောဂါထာကိုဆို၏။ ။

(၉၄၇-၉၄၈) သပ္ပံ၊မြွေကို။ ပမောက္ခာမိ၊လွှတ်အံ့။တာဝ၊ရှေးဦးစွာ။ ကာကံ၊ကျိုးကို။နပမောက္ခာမိ၊မလွှတ်သေး။ကာကော၊ကျိုးသည်။တာဝ၊ ထိုမျှလောက်အသက်မကုန်ခင်။ပဋိဗန္ဓကော၊ဝန်ခံသူသည်။ဟောတိ၊ဖြစ် ၏။ပုရိသဉ္စ၊ယောက်ျားကိုလည်း။သုခိံ၊ချမ်းသာသည်ကို။အရောဂံ၊အနာ မရှိသည်ကို။ဒိသွာန၊မြင်ရသည်ရှိသော်။သပ္ပံ၊မြွေကို။ပမောက္ခာမိယထာ ဝ၊လွှတ်သကဲ့သို့လျှင်။ အဟံ၊ငါသည်။ ကာကံ၊ ကျိုးကို။ ပမောက္ခာမိ၊ လွှတ်အံ့။ ။

သဗ္ဗညုမြတ်စွာဘုရားသည်ဤဓမ္မဒေသနာကိုဆောင်တော်မူ၍ဇာတ် ကိုပေါင်းတော်မူလိုရကား။ ။

(၉၅၀) ကာကော တဒါ ဒေဝဒတ္တော အဟောသိ၊
မာရော ပန ကဏှသပ္ပေါ အဟောသိ။

(၉၅၁) အာနန္ဒော ဘဒ္ဒေါ ကက္ကဋကော အဟောသိ။
အဟံ တဒါ ဗြာဟ္မဏော ဟောမိ သတ္ထာ။ ။

ဟူသောအဆုံးဖြစ်သောဂါထာကိုဟောတော်မူ၏။ ။

(၉၅၀-၉၅၁) ဘိက္ခဝေ၊ ရဟန်းတို့။ တေရဟိ၊ ယခုအခါ၌။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ တဒါ၊ ထိုအခါ၌။ ကာကော၊ ကျီးသည်။ အဟောသိ၊ ဖြစ်ပြီ။ တေရဟိ၊ ယခုအခါ၌။ မာရော၊ မာရ်သည်။ တဒါ၊ ထိုအခါ၌။ ကဏ္ဍသပ္ပေါ၊ မြွေဟောက်သည်။ အဟောသိ၊ ဖြစ်ပြီ။ တေရဟိ၊ ယခုအခါ၌။ အာနန္ဒော၊ အာနန္ဒာသည်။ ဘဒ္ဒေါ၊ ကောင်းသော်။ ကက္ကဋကော၊ ဇုဇွန်သည်။ အဟောသိ၊ ဖြစ်ပြီ။ တေရဟိ၊ ယခုအခါ၌။ သတ္ထာ၊ နတ်နှင့်တကွသော လောကကိုဆုံးမတော်မူတတ်သော။ အဟံ၊ ငါဘုရားသည်။ တဒါ၊ ထိုအခါ၌။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ ဟောမိ၊ ဖြစ်ပြီ။ ။

သဝဏ္ဏကက္ကဋကဇာတကံ စတုတ္ထံ။ ၃၈၉။

၃၉၀-မယှကဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ သကုဏောမယှကောနာမ,အစရှိသော ဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော၍မယှကဇာတ်ကိုဇေတဝန်ကျောင်းတော်၌သီတင်းသုံး နေတော်မူစဉ်၊ အာဂန္တုကသူဌေးကို အကြောင်းပြု၍ ဟောတော်မူ၏။ ။

ဘုရားလောင်းသည် ဆွမ်းစားပြီးသော ကိစ္စအဆုံး၌ ချမ်းသာစွာသော စကားဖြင့်နေလျက်၊ သူငယ်သည်မထင်၊ သူငယ်သည်အဘယ်သို့သွားသနည်းဟုမေး၏။ အရှင်ဘုရားသေ၏ဟုဆိုသည်ရှိသော်။ အဘယ်အကြောင်းကြောင့်သေသနည်းဟုမေး၏။ ရောဂါစားရာ၌၍မည်သောအကြောင်းဖြင့်သေသည် မသိဟူ၍ဆို၏။ ယုတ်မာသောယောကျ်ား၊ သင်သည်အဘယ်မှာသိလတ္တံ့နည်း။ သင်ပြုအပ်သောအမှုသည် ငါ့အားထင်သည်မဟုတ်လော၊ သင်သည်၍မည်သောအကြောင်းကြောင့်ထိုသူငယ်ကိုသတ်သည်မဟုတ်လော၊ သင်သည်မင်းအစရှိသည်တို့၏ အစွမ်းအားဖြင့်ဆောင်အပ်သောဥစ္စာကိုစောင့်ရှောက်ခြင်းငှါတတ်နိုင်လတ္တံ့လော၊ မယှငှက်၏ရင်း၊ သင်၏ရင်း ထူးသောအကြောင်းသည်အဘယ်သို့ရှိသနည်းဟုဆို၍။ ထို့နောင်မှဘုရားလောင်းသည် ဘုရားကဲ့သို့သေသောဘင့်တယ်ခြင်းဖြင့်ထိုသူဌေးအားတရားဟောလိုသည်ဖြစ်၍။ ။

(၈၅၂) သကုဏော မယှကော နာမ၊ ဂိရိ-သာနု-ဒရီ-စရော။
ပက္ကံ ပိပ္ဖလိ-မာ-ရုယှ၊ မယှံ မယှ-န္တိ ကန္ဒတိ။ ။
(၈၅၃) တဿေဝ ဝိလပန္တဿ၊ ဒိဇ-သံဃာ သမာဂတာ။
ဘုတွာန ပိပ္ဖလိံ ယန္တိ၊ ဝိလပတွေ-ဝ သော ဒိဇော။ ။
(၈၅၄) ဧဝ-မေဝ ဣဓေ-ကစ္စော၊ သင်္ဃရိတွာ ဗဟုံ ဓနံ။
နေဝ-တ္တနော န ဉာတီနံ၊ ယထောဓိံ ပဋိပဇ္ဇတိ။ ။
(၈၅၅) န သော အစ္ဆာဒနံ ဘတ္တံ၊ န မာလံ န ဝိလေပနံ။
နာ-နုဘောတိ သကိံ ကိဉ္စိ၊ န သင်္ဂဏှာတိ ဉာတကေ။ ။
(၈၅၆) တဿေ-ဝ ဝိလပန္တဿ၊ မယှံ မယှ-န္တိ ရက္ခတော။
ရာဇာနော အထ ဝါ စောရာ၊ ဒါယာဒါ ယေ စ အပ္ပိယာ။
ဓန-မာဒါယ ဂစ္ဆန္တိ၊ ဝိလပတွေ-ဝ သော နရော။ ။
(၈၅၇) ဓီရော ဘောဂေ အဓိဂမ္မ၊ သင်္ဂဏှာတိ စ ဉာတကေ။
တေန သော ကိတ္တိံ ပပ္ပေါတိ၊ ပေစ္စ သဂ္ဂေ ပမောဒတိ။ ။

ဟူသော ဤခြောက်ဂါထာတို့ကိုရွတ်၏။ ။

(၈၅၂-၈၅၇) ဂိရိသာနုဒရီစရော၊ တောင်လျှို တောင်ခွမ်းချော်ကြားနှိ၌ကျက်စားသော။ မယှကောနာမ၊ မယှကအမည်ရှိသော။ သကုဏော၊ ငှက်သည်။ ပက္ကံ၊ မှည့်သောအသီးရှိသော။ ပိပ္ဖလိံ၊ ညောင်ကြတ်ပင်သို့။ အာယှ၊ တက်၍။ ရက္ခံ၊ သစ်ပင်ကို။ ပရိဝါရေတွာ၊ ဝန်းရံ၍။ ပက္ကာနိ၊ မှည့်သောအသီးတို့ကို။ ခါဒန္တေ၊ စားကုန်သော။ ဒိဇဂဏေ၊ ငှက်အပေါင်းတို့ကို။ ဝါရေတုံ၊ မြစ်ခြင်းငှါ။ မယှံမယှန္တိ၊ ငါ့ဥစ္စာငါ့ဥစ္စာ ဟူ၍။ ကန္ဒတိ၊ ပြေးခုန်လှည့်ပတ်မြည်တမ်းရွတ်၏။ ။ တဿ၊ ထိုငှက်၏။ ဝိလပန္တဿေဝ၊ မြည်တမ်းစဉ်လျှင်။ ဒိဇသံဃာ၊ ငှက်အပေါင်းတို့သည်။ သမာဂတာ၊ စည်းဝေး၍။ ပိပ္ဖလိံ၊ ညောင်ကြတ်သီးကို။ ဘုတွာန၊ စား၍။ ယန္တိ၊ တပါးသောသစ်ပင်သို့ပျံသွားကုန်၏။ သော ဒိဇော၊ ထိုမယှငှက်မူကား။ ဝိလပတွေဝ ဝိလပတိဧဝ၊ မစားနိုင်လစ်တဖျစ်ဖျစ်မည်သည်သာတည်း။ ဧဝမေဝ၊ ဤအတူလျှင်။ ဣဓ၊ ဤလူ့ရွာ၌။ ဧကစ္စော၊ အချို့သောသူသည်။ ဗဟုံ၊ များစွာသော။ ဓနံ၊ ဥစ္စာကို။ သင်္ဃရိတွာ၊ ရုံးစု၍။ တံဓနံ၊ ထိုများစွာသောဥစ္စာသည်။ အတ္တနော၊ မိမိ၏။ ပရိဘောဂါယ၊ သုံးဆောင်ခြင်းငှါ။ နေဝဟောတိ၊ မဖြစ်။ ဉာတီနံ၊ မိဘအစ်မနှမအစ်ကိုယ်ညီပွါးသားသွီးစသော ဆွေမျိုးတို့အား။ ယထောဓိံ ယထာကောဋ္ဌာသံ၊ ဥပဘောဂ,ပရိဘောဂ၏ အစွမ်းဖြင့်ရထိုက်သော

အကြင်အကြင်အတ္တိအရကို။ဝါ၊ရထိုက်သောအတ္တိအရအားလျော်၍သာ။နပဋိပဇ္ဇတိ၊မကျင့်။ဝါ၊မပေးမဝေဘန်။သော၊ထိုသူသည်။အန္နာဒနံ၊အဝတ်အရုံကို။ ဘတ္တံ၊ထမင်းအစာကို။ နာနုဘောတိ၊မသုံးဆောင်။ မာလံ၊ပန်းကို။ နာနုဘောတိ၊မသုံးဆောင်။ဝိလေပနံ၊နံ့သာပျောင်းကို။နာနုဘောတိ၊မသုံးဆောင်။ ကိဥ္စိ၊တစုံတခုသောမိမိဥစ္စာကို။ သကိံ၊တကြိမ်မျှလည်း၊ နာနုဘောတိ၊မသုံးဆောင်။ ဉာတကေ၊ဆွေမျိုးတို့ကို။ နသင်္ဂဏှာတိ၊အစားအဝတ်မျိုး ဝေသည့်ပေးစေသောအားဖြင့် မသင်္ဂြိုဟ်။ ။မယှံမယှန္တိ၊ငါ့ဥစ္စာငါ့ဥစ္စာဟူ၍။ဝိလပန္တဿ၊မြည်တမ်းလျက်။ ရက္ခတော၀ေ၊စောင့်ရှောက်စဉ်သာလျှင်။ တဿ၊ထိုသူ၏။ဓနံ၊ဥစ္စာကို။ ရာဇာနော၀ါ၊မင်းတို့သည်၎င်း။အထ၊ထိုမှ။ စောရာဝါ၊ခိုးသူတို့သည်၎င်း။အပ္ပိယာ၊မချစ်မနှစ်သက် အပ်ကုန်သော။ ယေဒါယာဒါ၊ အကြင်အမွေခံတို့သည်။ သန္တိ၊ရှိကုန်၏။တေဒါယာဒါစ၊ထိုအမွေခံတို့သည်၎င်း။ အာဒါယ၊ယူ၍။ ဂစ္ဆန္တိ၊သွားကြကုန်၏။တေသု၊ထိုမင်းစသောသူတို့သည်။ ဓနံ၊ဥစ္စာကို။ အာဒါယ၊ယူ၍။ ဂစ္ဆန္တေသု၊သွားကုန်သည်ရှိသော်။ သောနရော၊ ထိုသူသည်။ကေဝလံ၊သက်သက်။ဝိလပတေဝ၊မြည်တမ်းရုံသာတည်း။ဓီရော၊ပညာရှိမူကား။ဘောဂေ၊စည်းစိမ်တို့ကို။အဓိဂမ္မ၊ရ၍။ဉာတကေ၊ဆွေမျိုးတို့ကိုလည်း။ သင်္ဂဏှာတိ၊အစားအဝတ်စသည် ပေးသောအားဖြင့် ချီးမြှင့်၏။ တေနဉာတိသင်္ဂဟေန၊ထိုဆွေမျိုးတို့အား သင်္ဂြိုဟ်ချီးမြှင့်ခြင်းကြောင့်။ သောဓီရော၊ထိုပညာရှိသည်။ ကိတ္တိဥ္စ၊မျက်မှောက်ကျော်စောခြင်းသို့လည်း။ ပပ္ပေါတိ၊ရောက်၏။ပေစ္စ၊တမလွန်၌။သဂ္ဂေ၊နတ်ပြည်၌။ပမောဒတိ၊မွေ့လျော်၏။ ။(မယှံမယှန္တိ ကန္ဒတီတိမယှကော၊ဟူသောဝစနတ်ကို။ မယှံမယှန္တိ ကန္ဒတိ၊ဟူသောပါဌ်ဖြင့် သိအပ်၏။ မယှံအနက်ရှိသောကဒိဓာတ်။ကွိပစ္စည်း။ ယှထက်နိဂ္ဂဟိတ်ကျေသည်)။ ။မယှကဇာတကံ ပဥ္စမံ။၃၉၀။

---

၃၉၁-ပဥ္စဖိတဝိဟေဌကဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ဒုဗ္ဗဏ္ဏရူပံ,အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော ဤပဥ္စဖိတဝိဟေဌကဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌ သီတင်း

သုံးနေတော်မူစဉ်၊ လောက၏ အကျိုး၌ါ ကျင့်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ။

သိကြားမင်းသည် သံဃထေရ်ဖြစ်သော ပစ္စေကဗုဒ္ဓါကိုပင့်၍၊ ထိုပစ္စေကဗုဒ္ဓါ၏သပိတ်သက်န်းကိုယူ၍ ပစ္စေကဗုဒ္ဓါကိုရှေ့မှကြွစေ၍ မိမိနောက်မှလိုက်၍ ဦးခေါင်း၌ လက်အုပ်ကိုထား၍ ပစ္စေကဗုဒ္ဓါကို ရှိခိုးလျက်၊ မြတ်သောအဆင်းကိုဆောင်သောလုလင်ငယ်ဖြစ်၍ အလုံးစုံသောမြို့၏ထိပ်ဖြင့်သုံးကြိမ်လှည့်၍မင်းအိမ်တံခါးသို့သွား၍ ကောင်းကင်၌ရပ်၏။အမတ်တို့သည် မြတ်သောမင်းကြီး၊အလွန်အဆင်းလှသောလုလင်ငယ်သည် ရဟန်းတပါးကိုပင့်၍ မင်းအိမ်တံခါးဝယ်ကောင်းကင်၌ရပ်၏ဟုမင်းအားကြားကုန်၏။ မင်းသည်နေရာမှထ၍ ခြသေ့်ံသော လေသာပြူတင်း၌ရပ်၍လုလင်သည်အလွန်အဆင်းလှသည်ဖြစ်လျက် အဘဲ့ကြောင့်အဆင်းမလှသောထိုရဟန်း၏ သပိတ်သက်န်းကိုယူ၍ရှိခိုးလျက် တည်သနည်းဟုသိကြားမင်းနှင့်တကွပြောလိုရကား။ ။

(၉၅၈) ဒုဗ္ဗဏ္ဏ-ရူပံ တွံ·မရိယ-ဝဏ္ဏီ၊ပုရက္ခတွာ ပဉ္စလိကောနမဿသိ။
သေယျောနု တေ သော ဉဒါဟု သရိက္ခော၊
နာမံ ပရဿ·တ္တနော စာပိ ဗြူဟိ။ ။

ဟူသောဒုဧ်ရေးဦးစွာသောဂါထာကိုဆို၏။ ။

(၉၅၈) မာဏဝ၊မောင်လုလင်၊တွံ၊သင်သည်။အရိယဝဏ္ဏီ၊ကောင်းသောအဆင်းရှိသည်ဖြစ်လျက်။ ဒုဗ္ဗဏ္ဏရူပံ၊အဆင်းမလှသော ရဟန်းကို။ ပုရက္ခတွာ၊ရှေ့ထား၍။ ပဉ္စလိကော၊လက်အုပ်ချီလျက်။ နမဿသိ၊ရှိခိုး၏။ သော၊ထိုရဟန်းသည်။တေ၊သင်ထက်။သေယျောနု၊မြတ်သလော။ဥဒါဟု၊ထိုသို့မဟုတ်မူကား။ သရိက္ခောနု၊ဘူသလော။ ပရဿစာပိ၊ ရဟန်း၏ငင်း။အတ္တနောစာပိ၊မိမိ၏ငင်း။နာမံ၊အမည်ကို ဗြူဟိ၊ဆိုလော့။ ။

ထိုအခါထိုမင်းကိုသိကြားမင်းသည်၊မြတ်သောမင်းကြီး၊ရဟန်းမည်သည်ကားအရိုအသေပြုအပ်သော အရာ၌တည်၏ ထိုကြောင့် ခေါ်ဝေါ်ခြင်း၌ါမရ။ငါ့အားအကြင်အမည်သည်ရှိ၏။ ထိုအမည်ကိုသင်အားဆိုအံ့ဟုဆိုလို၍။ ။

(၉၅၉) နနာမ-ဂေါတ္တံ ဂဏှန္တိ ရာဇ၊သမုဂ္ဂတာနံ·ဇ္ဇုဂတာနံ ဒေဝါ။
အဟဉ္စတေနာမဓေယျံဝဒါမိ။ သက္ကော·ဟ·မသ္မိတိဒသာနံ·မိန္ဒော။
ဟူသောဒုတိယဂါထာကိုဆို၏။ ။

(၉၅၉) ရာဇ၊မင်းမြတ်။ သမုဂ္ဂတာနံ၊ကုန်အောင်ရုံသောသင်္ခါရတို့ကို အနိစ္စ,ဒုက္ခ,အနတ္တ, သဘောအားဖြင့်သုံးသပ်၍ အရဟတ္တဖိုလ်သို့တက်တော်မူကုန်ပြီးသော။ဥဇုဂတာနံ၊အဋ္ဌင်္ဂိကမဂ်ခရီးဖြင့်နိဗ္ဗာန်ပြည်ကြီးသို့ရောက်တော်မူကုန်ပြီးသောဝိသုဒ္ဓိနတ်အရှင်မြတ်တို့၏။ နာမဂေါတ္တံ၊အမည်အနွယ်ကို။ ဒေဝါ၊ဥပပတ္တိနတ်တို့သည်။နဂဗ္ဘန္တိ၊မယူငုံ့ကုန်။အပိစ၊စင်စစ်မူကား။ အဟံ၊ငါသည်။ နာမဓေယျံ၊ငါ၏အမည်ကိုသာ။ တေ၊သင်အား။ ဝဒါမိ၊ဆိုအံ့။ အဟံ၊ငါသည်။တိဒသာနံ၊တာဝတိံသာနတ်တို့ကို။ ဇာနေ္နာ၊အစိုးရသော။သက္ကော၊သိကြားမင်းသည်။အသ္မိ၊ဖြစ်၏။ ။

ထိုစကားကိုကြား၍မင်းသည်။ ။

(၉၆၀) ယော ဒိသွာ ဘိက္ခုံ စရဏူပပန္နံ၊
ပုရက္ခိတွာ ပဉ္ဇလိကော နမဿတိ။
ပုစ္ဆာမိ တံ ဒေဝရာဇေ-တ-မတ္ထံ၊
ဣတော စုတော ကိံ လဘတေ သုခံ သော။ ။

ဟူသောသုံးချမြောက်သောဂါထာဖြင့် ရဟန်းတို့အားရှိခိုးခြင်း၏အကျိုးကိုမေး၏။ ။

(၉၆၀) ဒေဝရာဇ၊ သိကြားမင်း။ ယော၊အကြင်သူသည်။ စရဏူပပန္နံ၊သီလအကျင့်နှင့်ပြည့်စုံသော။ဘိက္ခုံ၊ရဟန်းကို။ဒိသွာ၊မြင်၍။ပုရက္ခိတွာ၊ရှေ့ထား၍။ ပဉ္ဇလိကော၊လက်အုပ်ချီလျက်။နမဿတိ၊ရှိခိုး၏။ သော၊ထိုသူသည်။ဣတော၊ဤဘဝမှ။စုတော၊စုတေ့လတ်သော်။ ကိံ သုခံ၊အဘယ်ချမ်းသာကို။လဘတေ၊ရသနည်း။တမတ္ထံ၊ထိုအကြောင်းကို။တံ၊သင့်ကို။ ပုစ္ဆာမိ၊မေး၏။ ။

သိကြားမင်းသည်။ ။

(၉၆၁) ယော ဒိသွာ ဘိက္ခုံ စရဏူပပန္နံ၊
ပုရက္ခိတွာ ပဉ္ဇလိကော နမဿတိ။
ဒိဋ္ဌေဝ ဓမ္မေ လဘတေ ပသံသံ၊
သဂ္ဂဉ္စ သော ယာတိ သရီရ-ဘေဒါ။ ။

ဟူသောလေးချမြောက်သောဂါထာဖြင့်ရှိခိုးခြင်း၏အကျိုးကိုဆို၏။ ။

(၉၆၁) ရာဇ၊မင်းမြတ်။ ယော၊အကြင်သူသည်။ စရဏူပပန္နံ၊သီလအကျင့်နှင့်ပြည့်စုံသော။ ဘိက္ခုံ၊ရဟန်းကို။ ပုရက္ခိတွာ၊ရှေ့ထား၍။ပဉ္ဇလိကော၊လက်အုပ်ချီလျက်။ နမဿတိ၊ရှိခိုး၏။ သော၊ထိုသူသည်။ ဒိဋ္ဌေဝ

ခမ္မေ၊မျက်မှောက်သောကိုယ်၏အဖြစ်နှပင်လျှင်။ပသံသံ၊ချီးမွမ်းခြင်းကို။ လဘာမတေ၊ရ၏။ သရီရဘေဒါ၊ခန္ဓာကိုယ်ပျက်သည်မှ။ပရံ၊နောင်၌။ သဂ္ဂဥ္စ၊ နတ်ပြည်သို့လည်း။ယာတိ၊ရောက်၏။ ။

မင်းသည် သိကြားမင်း၏စကားကိုကြား၍ မိမိမှားသော အယူကို ပျက်၍နှစ်သက်သောစိတ်ရှိရကား။ ။

(၉၆၂) လက္ခိ ဝတ မေ ဥဒပါဒိ အဇ္ဇ၊ ယံ ဝါသဝံ ဘူတပတိ·အဒ္ဒသာမ။
ဘိက္ခူ စ ဒိသွာန တဝဥ္စ သက္က၊ ကာဟာမိ ပုညာနိ အနပ္ပကာနိ။
ဟူသော ငါး ခုမြောက်သော ဂါထာကိုဆို၏။ ။

(၉၆၂) သက္က၊သိကြားမင်း။အဇ္ဇ၊ယခု။ဝတ၊စင်စစ်။မေ၊ငါ့အား။လက္ခိ၊ ဘုန်းပညာကြက်သရေသည်။ဥဒပါဒိ၊ဖြစ်၏။ဘူတပတိံ၊နတ်တို့ကိုအစိုးရ သော။ဝါသဝဥ္စ၊သိကြားမင်းကိုလည်း။အဒ္ဒသာမ၊မြင်ကုန်၏။ ဘိက္ခူ စ၊ ရဟန်းကိုရင်း။တဝဥ္စ၊သင်သိကြားမင်းကိုရင်း။ ဒိသွာန၊မြင်၍။အဟံ၊ငါ သည်။အနပ္ပကာနိ၊များစွာကုန်သော။ပုညာနိ၊ကောင်းမှုတို့ကို။ ကာဟာ မိ၊ပြုအံ့။(ယံကားအနက်မရှိ)။ ။

ထိုစကားကိုကြား၍သိကြားမင်းသည်လည်း ပညာရှိသောမင်းအား ချီးမွမ်းလိုရကား။ ။

(၉၆၃) သဒ္ဓါ ဟဝေ သေဝိတဗ္ဗာ သပ္ပညာ၊
ဗဟုဿုတာ ယေ ဗဟုဌာန-စိန္တိနော။
ဘိက္ခူ စ ဒိသွာန မမဉ္စ ရာဇ၊
ကရောဟိ ပုညာနိ အနပ္ပကာနိ။ ။
ဟူသော ခြောက်ခုမြောက်သော ဂါထာကိုဆို၏။ ။

(၉၆၃) ရာဇ၊မင်းမြတ်။ဟဝေ၊စင်စစ်။သဒ္ဓါ၊သဒ္ဓါခြင်းရှိကုန်သော။ ဝါ၊ သဒ္ဓါသဒ္ဓါ[illegible]၊ယုံကြည်သဖြင့်။သပ္ပညာ၊ပညာရှိကုန်သော။ဗဟုဿုတာ၊ များစွာ[illegible]သောအကြားအမြင်ရှိကုန်သော။ ဗဟုဌာနစိန္တိနော၊များစွာကုန် သော[illegible]အကြောင်းတို့ကို ကြံခြင်း၌ စွမ်းနိုင်ကုန်သော သူတို့ကို။ သေဝိ တဗ္ဗာ[illegible]မှီဝဲအပ်ကုန်၏။ ဘိက္ခူ စ၊ရဟန်းကိုရင်း။မမဉ္စ၊ငါ့ကိုရင်း။ ဒိသွာန၊ မြင်၍။အနပ္ပကာနိ၊များစွာကုန်သော။ပုညာနိ၊ကောင်းမှုတို့ကို။ကရောဟိ၊ ပြုလော့။ ။

ထိုစကားကိုကြား၍မင်းသည်။ ။

(၉၆၄) အဏ္ဏော ခနော နိပ္ပ ပသန္န-စိတ္တော၊
သဗ္ဗာတိထိယာစယောဂေါ ဘဝိတွာ။
နိပါတ္တ မာနံ အဘိဝါဒယိဿံ၊သုတွာန ဒေဝိန္ဒ သုဘာသိတာနိ။
ဟူသောအဆုံးဖြစ်သောဂါထာကိုဆို၏။ ။
(၉၆၄) ဒေဝိန္ဒ၊သိကြားမင်း။ သုဘာသိတာနိ၊ကောင်းစွာ ဆိုအပ်ကုန်သောသိကြားမင်း၏ စကားတို့ကို။ သုတွာန၊နာရ၍။ အဏ္ဏောခနော၊အမျက်မထွက်သည်ဖြစ်၍။ နိပ္ပ၊အမြဲ။ ပသန္နစိတ္တော၊ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍။ သဗ္ဗာတိထိယာစယောဂေါ၊ခပ်သိမ်းကုန်သော ဧည့်သည်အာဂန္တုတို့၏တောင်းခြင်းငှါလျောက်ပတ်သည်။ဘဝိတွာ၊ဖြစ်၍။ မာနံ၊မာနကို။ နိပါတ္တ၊ ချ၍။ အဘိဝါဒယိဿံ၊ ရှိခိုးအံ့။ ။ဝိဓုရာဝရဇာတကာ ဆင့်။၃၉၁။

# ၃၉၂-သိဃ်ပုပ္ဖဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ ယမေတံ,အစရှိသော ဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော ဤသိဃ်ပုပ္ဖဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊မထင်ရှားသောရဟန်းကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ဘုရားလောင်းသည် တခုသောကာသိကရွာဝယ်ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ သင်အပ်ပြီးသော အတတ်ရှိသည်ဖြစ်၍နောက်အဘို့၌ရသေ့ရဟန်းပြု၍ တခုသောပဒုမာအိုင်ကိုမှီ၍နေသည်ရှိသော်တနေ့သ၌ရေအိုင်၌ကောင်းစွာပွင့်သောပဒုမာကိုနမ်းလျက်ရပ်၏။ထိုအခါဘုရားလောင်းကို တယောက်သောနတ်သမီးသည် သစ်ပင်စဉ့်တို့ကိုဘွင့်လျက်ထိတ်လန့်စေလိုသည်ဖြစ်၍။ ။

(၉၆၅) ယမေတံ ဝါရိဇံ ပုပ္ဖံ၊အဒိန္နံ ဥပသိဃ်သိ။
ဧကင်္ဂမေတံ ထေယျာနံ၊ဂန္ဓ-ထေနော-သိမာရိသ။ ။
ဟူသောပဌမဂါထာကိုဆို၏။ ။
(၉၆၅) မာရိသ၊ရှင်ရဟန်း။တွံ၊ရှင်ရဟန်းသည်။ဝါရိဇံ၊ရေ၌ဖြစ်သော။ ဧတံပုပ္ဖံ၊ဤကြာပန်းကို။ အဒိန္နံ၊အရှင်မပေးပါပဲ။ ယံဥပသိဃ်သိ၊ အကြင်နမ်းခြင်းကိုပြု၏။ ဧတံ၊ ဤသို့အရှင်မပေးပဲသူ့ကြာပန်းကိုနမ်းခြင်းသည်။

ထေယျာန်၊ ခိုးခြင်းအင်္ဂါတို့တွင်။ ဧကင်္ဂ၊တခုသောအင်္ဂါတခုသောအ
ဘို့အစုကို။တွံ၊သင်သည်။ဂန္ထထေနော၊နံ့သာခိုးသည်။အသိ၊ဖြစ်၏။ ။
ထိုနေ့ခင်မှဘုရားလောင်းသည်။ ။
(၉၆၆) နဟာရာမိ န ဘဉ္ဇာမိ၊အာရာ သိင်္ဃာမိ ဝါရိဇံ။
အထ ကေန နု ဝဏ္ဏေန၊ဂန္ဓ-ထေနော·တိ ဝုစ္စတိ။ ။
ဟူသောဒုတိယဂါထာကိုဆို၏။ ။
(၉၆၆) ဒေဝဓိတေ၊နတ်သ္မီး။တေ၊သင်၏။ဝါရိဇံ၊ကြာပန်းကို။နဟာရာမိ၊
မဆောင်။နဘဉ္ဇာမိ၊မချိုး။ အာရာ၊အဝေးမှ။သိင်္ဃာမိ၊နမ်း၏။ အထ၊ထိုသို့
ဖြစ်လျက်။ကေန ဝဏ္ဏေန၊အဘယ်အကြောင်းကြောင့်။ပဗ္ဗဇိတော၊ရဟန်း
ကို။ဂန္ဓထေနောတိ၊နံ့သာခိုးဟူ၍။ဝုစ္စတိ၊ဆိုအပ်ဘိသနည်း။ ။
ယိုခဏ၌ တယောက်သော ယောက်ျားသည်ထိုအိုင်၌ ကြာစွယ်တို့
ကိုလည်းတူး၏။ ပုဏ္ဍရိက်တို့ကိုလည်းချိုး၏။ ဘုရားလောင်းသည် ထို
ယောက်ျားကိုမြင်၍ မယူမူ၍နမ်းသောငါ့ကို ခိုးသူဟူ၍ သင်သည်ဆို၏။
ထိုယောက်ျားကိုအဘဲ့ကြောင့်မဆိုသနည်းဟုထိုနတ်သ္မီးနှင့်တကွပြော
ဆိုလိုသည်ဖြစ်၍။ ။
(၉၆၇) ယော·ယံ ဘိသာနိ ခဏတိ၊ပုဏ္ဍရိကာနိ ဘဉ္ဇတိ။
ဧဝံ အာကိဏ္ဏ-ကမ္မန္တော၊ကသ္မာ ဧသော န ဝုစ္စတိ။ ။
ဟူသော၌တတိယဂါထာကိုဆို၏။ ။
(၉၆၇) ဒေဝဓိတေ၊နတ်သ္မီး။ယောအယံပုရိသော၊အကြင်ယောက်ျား
သည်။ဘိသာနိ၊ကြာစွယ်တို့ကို။ခဏတိ၊တူး၏။ ပုဏ္ဍရိကာနိ၊ပုဏ္ဍရိက်
တို့ကို။ ဘဉ္ဇတိ၊ ချိုး၏။ ဧဝံ၊ ဤသို့။ အာကိဏ္ဏကမ္မန္တောကက္ခဠကမ္မန္တော၊
ကြမ်းကြုတ်သော အမှုကိုပြုသော။ ဧသောပုရိသော၊ ဤယောက်ျားကို။
ကသ္မာ၊အဘဲ့ကြောင့်။တယာ၊သင်သည်။နဝုစ္စတိ၊မဆိုအပ်သနည်း။ ။
ထိုအခါထိုယောက်ျားအားမဆိုခြင်း၏အကြောင်းကိုကြားလိုသော
နတ်သ္မီးသည်။ ။
(၉၆၈) အာကိဏ္ဏ-လုဒ္ဒေါ ပုရိသော၊ဓာတိစေလံ·ဝမက္ခိတော။
တသ္မိံ မေ ဝစနံ နတ္ထိ၊တဉ္စာ·ရဟာမိ ဝတ္တဝေ။ ။
(၉၆၉) အနင်္ဂဏဿ ပေါသဿ၊နိစ္စံ သုစိ-ဂဝေသိနော။
ဝါလ·ဂ္ဂ-မတ္တ·ပါပဿ၊အဗ္ဘာ-မတ္တံ·ဝ ခါယတိ။ ။
ဟူကုန်သော၌စတုတ္ထဂါထာပဉ္စမဂါထာတို့ကိုဆို၏။ ။

(၉၆၀-၉၆၉) မာရိသ၊ ရှင်ရဟန်း။ အာကိဏ္ဏလုဒ္ဒေါ၊ အကုသိုလ်ရောပြွမ်း၍ကြမ်းကြုတ်သောအမှုရှိသော။ ပုရိသော၊ ယောကျ်ားသည်။ ခေဠသိဃာဏိကမရက္ခာဂူထမက္ခိတံ၊ တံတွေး, နှပ်, ကျင်ငယ်, ကျင်ကြီး, ဖြင့်လိမ်းကျံသော။ ဓါတိစေလံဝ၊ နို့ထိန်းကျွန်မဝတ်သောအဝတ်ကဲ့သို့။ မက္ခိတော၊ အကုသိုလ်ဖြင့်လိမ်းကျံအပ်၏။ တေနကာရဏေန၊ ထိုအကြောင်းကြောင့်။ တသ္မိံ၊ ထိုအကုသိုလ်ရောပြွမ်း၍ ကြမ်းကြုတ်သောယောကျ်ား၌။ မေ၊ ငါ၏။ ဝစနံ၊ ဆိုဘွယ်သောစကားသည်။ နတ္ထိ၊ မရှိ။ သမဏာစ၊ ရဟန်းတို့မူကား။ သြဝါဒက္ခမာ၊ ဆုံးမခြင်းငှါခံ့ကုန်၏။ ပိယသီလာ၊ ချစ်အပ်သောသီလရှိကုန်၏။ တသ္မာ၊ ထိုကြောင့်။ အပ္ပမတ္တကံပိ၊ အနည်းငယ်ဖြစ်သော်လည်း။ အယုတ္တံ၊ မသင့်သောအမှုကို။ ကရောန္တံ၊ ပြုသော။ တံ၊ သင့်ကို။ အဟံ၊ ငါသည်။ ဝတ္တုံ၊ ဝေဝုစ္စုံ၊ ဆိုခြင်းငှါ။ အရဟာမိ၊ ထိုက်၏။ ။ အနင်္ဂဏဿ၊ အပြစ်ကင်းသော။ နိစ္စံ၊ အမြဲ။ သုစိဂဝေသိနော၊ စင်ကြယ်ခြင်းကို ရှာလေ့ ရှိသော။ ပေါသဿ၊ သင် ကဲ့သို့ ရဟန်း ဖြစ်သောယောကျ်ားကောင်းအား။ ပါပဿ၊ မကောင်းမှု၏။ ဝါလဂ္ဂမတ္တံ၊ သားမြီးဖျားမျှသည်လည်း။ (နိဂ္ဂဟိတ်ကျေ)။ အဗ္ဘာမတ္တံဝ၊ တိမ်တိုက်ကြီးပမာဏကဲ့သို့။ ဟုတွာ၊ ဖြစ်၍။ ခါယတိ၊ ထင်၏။ ဣဒါနိ၊ ယခုအခါ၌။ ကသ္မာ၊ အဘဲ့ကြောင့်။ ဝေရူပံ၊ ဤသို့သဘောရှိသော။ ဒေါသံ၊ အပြစ်ကို။ အဇ္ဈာဟာရိကာံ၊ ဆိုခြင်းငှါမလောက်လားသည်ကို။ ဂရောသိ၊ ပြုဘိသနည်း။ ။

နတ်သို့းသည်၊ ထိတ်သန့်စေအပ်သည်ရှိသော်၊ ဘုရားလောင်းသည် ထိတ်သန့်ခြင်းသို့ရောက်သည်ဖြစ်၍။ ။

(၉၇၀) အဒ္ဒါ မံ ယက္ခ ဇာနာသိ၊ အထော မံ အနုကမ္ပသိ။
　　　　　　　　ပုနပိ ယက္ခ ဝဇ္ဇာသိ၊ ယဒါ ပဿသိ ဧဒိသံ။ ။

ဟူသောဆဋ္ဌဂါထာကိုဆို၏။ ။

(၉၇၀) ယက္ခ၊ နတ်သို့း။ တွံ၊ သင်သည်။ မံ၊ ငါ့ကို။ အဒ္ဒါ၊ မချွတ်။ ဇာနာသိ၊ သိ၏။ အထော၊ ထိုသို့သိရုံမဟုတ်။ တွံ၊ သင်သည်။ မံ၊ ငါ့ကို။ အနုကမ္ပသိ၊ ရင်ဝယ်သားသို့သနားသဖြင့်စောင့်ရှောက်မစပေ၏။ ယက္ခ၊ နတ်သို့း။ တွံ၊ သင်သည်။ ယဒါ၊ အကြင်အခါ၌။ မမ၊ ငါ၏။ ဧဒိသံ၊ ဤသို့သဘောရှိသောအပြစ်ကို။ ပဿသိ၊ မြင်၏။ တဒါ၊ ထိုအခါ၌။ ပုနပိ၊ တဖန်လည်း။ မံ၊ ငါ့ကို။ ဝဇ္ဇာသိ၊ ဆိုပါလော့။ ။

ထိုနောင်မှဘုရားလောင်းအားနတ်သို့းသည်။ ။

(၉၇၀) ဧနေ၀ တံ ဥပဇီ၀ါမိ၊ နာ၀ိ တေ ဘတိကမှသေ။
        တံ့ မေ ဝ ဘိက္ခု ဇာနေယျ၊ ယေန ဂစ္ဆေယျ သုဂ္ဂတိံ။ ။
ဟူသော ဤသတ္တမဂါထာကိုဆို၏။ ။
(၉၇၀) မာရိသ၊ ရှင်ရဟန်း။ အဟံ၊ ငါသည်။ တံ၊ သင့်ကို။ နေ၀ ဥပဇီ၀ါမိ၊ မှီ၍အသက်မမွေး။ တေ၊ သင်၏။ နာ၀ိ ဘတိကမှသေ၊ အခစား၍အမှုလုပ်သောသူလည်း မဟုတ်ခဲ့။ ယေန၊ အကြင်အကြောင်းဖြင့်။ သုဂ္ဂတိံ၊ သုဂတိသို့။ ဂစ္ဆေယျ၊ လားရာ၏။ ဘိက္ခု၊ ရှင်ရဟန်း။ တံ၊ ထိုသုဂတိသို့ လားကြောင်းကောင်းမှုကို။ တွံ မေ ဝ၊ သင်သည်ပင်လျှင်။ ဇာနေယျ၊ ဇာနေယျာသိ၊ သိလေလော့။ ။သိဃ်ပုပ္ပဇာတကံ သတ္တမံ။၃၉၂။

၃၉၃-ဝိဃာသာဒဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်။ သုသုခံ၀တဇီ၀န္တိ, အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော ဤဝိဃာသာဒဇာတ်ကို၊ ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ ကစားလေ့ရှိသောရဟန်းတို့ကို အကြောင်းပြု၍ဟောတော်မူ၏။ ။

ဘုရားလောင်းသည်သိကြားမင်းဖြစ်၏။မထင်မရှားသော ကာသိကရွာ၌ ခုနစ်ယောက်ကုန်သောညီနောင်တို့သည်ကာမဂုဏ်တို့၌ အပြစ်ကိုမြင်၍ တောထွက်၍ ရသေ့ရဟန်းပြု၍ တော၏အလယ်၌နေလျက် ကမ္မဋ္ဌာန်းစီးဖြန်းခြင်းလုံ့လကိုမပြုမူ၍၊ ကိုယ်ဆူဖြိုးခြင်းကိုပြုခြင်း များကုန်သည်ဖြစ်၍၊အထူးထူးအပြားပြားသောကစားခြင်းတို့ကို ကစားလျက်သွားကုန်၏။ သိကြားမင်းသည်ဤရသေ့တို့ကို ထိတ်လန့်စေအံ့ဟုကျေးသားဖြစ်၍။ ထိုသူတို့၏နေရာအရပ်သို့သွား၍ တခုသောသစ်ပင်၌နား၍ ရသေ့တို့ကိုထိတ်လန့်စေလိုရကား။ ။
(၉၇၂) သုသုခံ၀တ ဇီ၀န္တိ၊ ယေ ဇနာ ဝိဃာသာဒိနော။
        ဒိဋ္ဌေ၀ ဓမ္မေ ပါသံသာ၊ သမ္ပရာယေ စ သုဂ္ဂတိံ။ ။
ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။
(၉၇၂) ယေ ဇနာ၊ အကြင်သူတို့သည်။ ဝိဃာသာဒိနော၊ စားကြွင်းစားဖြစ်ကုန်၍။ သုသုခံ၀တ၊ ချမ်းသာစွာလျှင်၊ ဇီ၀န္တိ၊ အသက်မွေးကုန်၏။ တေ

ဇနာ၊ ထိုသူတို့သည်။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်သောကိုယ်၏ အဖြစ်၌လည်း။ ပါသံသာ။ ချီးမွမ်းထိုက်ကုန်၏။ သမ္ပရာယေစ၊ တမလွန်ဘဝ၌လည်း။ သုဂ္ဂတိ၊ ကောင်းသောအလားသည်။ ပရာယနာ၊ ပြီးရာ၊ ဖြစ်၏။ ။

ထိုအခါရသေ့တို့တွင် တယောက်သောရသေ့သည် ကျေးသား၏စကားကိုကြား၍ကြွင်းသောရသေ့တို့ကိုခေါ်၍။ ။

(၉၇၃) သုကဿ ဘာသမာနဿ၊ န နိသာမေထ ပဏ္ဍိတာ။
ဣဒံ သုဏာထ သောဒရိယာ၊ အမှေဝါယံ ပသံသတိ။ ။

ဟူသော၍ဒုတိယဂါထာကိုဆို၏။ ။

(၉၇၃) သောဒရိယာ၊ တဝမ်းပေါက်ဖြစ်ကုန်သော။ ပဏ္ဍိတာ၊ ပညာရှိတို့။ ဘာသမာနဿ၊ လူ၏ဘာသာဖြင့်ဆိုသော။ သုကဿ၊ ၏ကျေးသား၏။ ဝစနံ၊ စကားကို။ တုမှေ၊ သင်တို့သည်။ န နိသာမေထ၊ မကြားကြ ကုန်သလော။ ဣဒံ၊ ၏ကျေးသား၏စကားကို။ သုဏာထ၊ နာကြကုန်လော့။ အယံ၊ ၏ကျေးသားသည်။ အမှေဝ၊ ငါတို့ကိုသာလျှင်။ ပသံသတိ၊ ချီးမွမ်း၏။

ထိုအခါရသေ့တို့ကိုပယ်လိုသည်ဖြစ်၍ကျေးသားသည်။ ။

(၉၇၄) နာဟံ တုမှေ ပသံသာမိ၊ ကုဏပါဒါ သုဏာထ မေ။
ဥစ္ဆိဋ္ဌ-ဘောဇနာ တုမှေ၊ န တုမှေ ဝိဃာသာဒိနော။ ။

ဟူသော၍တတိယဂါထာကိုဆို၏။ ။

(၉၇၄) အဟံ၊ ငါသည်။ တုမှေ၊ သင်တို့ကို။ န ပသံသာမိ၊ မချီးမွမ်း။ ကုဏပါဒါ၊ သားကောင်ပုပ်ကိုစားကုန်သောရသေ့တို့။ တုမှေ၊ သင်တို့သည်။ မေ၊ ငါ၏။ ဝစနံ၊ စကားကို။ သုဏာထ၊ နာကုန်လော့။ တုမှေ၊ သင်တို့သည်။ ဥစ္ဆိဋ္ဌဘောဇနာ၊ တပါးသောသတ္တဝါတို့စားကြွင်းကိုစားကုန်၏။ တုမှေ၊ သင်တို့သည်။ န ဝိဃာသာဒိနော၊ ဝိဃာသာဒီမည်သည်မဟုတ်ကုန်။ ။

အလုံးစုံလည်းဖြစ်ကုန်သောထိုရသေ့တို့သည် ကျေးသား၏စကားကိုကြားကုန်၍။ ။

(၉၇၅) သတ္တ-ဝဿာ ပဗ္ဗဇိတွာ၊ မဇ္ဈေရညေ သိခဏ္ဍိနော။
ဝိဃာသေနေဝ ယာပေန္တာ၊ မယဉ္စေ ဘောတော ဂါရယှာ။
ကေ နု ဘောတော ပသံသိယာ။ ။

ဟူသော၍စတုတ္ထဂါထာကိုဆို၏။ ။

(၉၇၅) ပဗ္ဗဇိတွာ၊ ရဟန်းပြုကုန်၍။ သတ္တ-ဝဿာ၊ ခုနစ်နှစ် ရှိကုန်ပြီးသော။ သိခဏ္ဍိနော၊ ဆံကျစ်ထုံးကုန်သောငါတို့သည်။ မဇ္ဈေရညေ၊ တော

ကြီးအလယ်၌။ ဝိဿသေနေ ဝ၊ခြင်္သေ့သစ်ကျားစားကြွင်းဖြင့်သာလျှင်။ ယာပေန္တာ၊မျှကုန်၏။ ဘောတော၊အရှင်သည်၊ မယံ၊ငါတို့ကို။ စေဂါရယှာ၊အကယ်၍ကဲ့ရဲ့အပ်ကုန်သည်ဖြစ်အံ့။ဘောတော၊အရှင်သည်။ ကော၊အဘယ်သူတို့ကို။ပသံသိယာနု၊ချီးမွမ်းအပ်ကုန်သနည်း။ ။

ထိုရသေ့တို့ကိုရှက်စေလိုသည်ဖြစ်၍ဘုရားလောင်းသည်။ ။

(၉၇၆) တုမှေ သီဟာနံ ဗျဂ္ဃါနံ၊ ဝါဠာနဉ္စာဝသိဋ္ဌကံ။
ဥစ္ဆိဋ္ဌေနေဝ ယာပေန္တာ၊မညိဝှေါ ဝိဃာသာဒိနော။ ။

ဟူသော ဤပဉ္စမဂါထာကိုဆို၏။ ။

(၉၇၆) တုမှေ၊သင်တို့သည်။ သီဟာနံ၊ခြင်္သေ့တို့၏ရင်း။ ဗျဂ္ဃါနံ၊ကျားတို့၏ရင်း။ ဝါဠာနဉ္စ၊ကြွင်းသောသားရဲတို့၏ရင်း။အဝသိဋ္ဌကံ၊စားကြွင်းကို။ ခါဒထ၊စားကြကုန်၏။ ဥစ္ဆိဋ္ဌေနေဝ၊ စားကြွင်းဖြင့်သာလျှင်။ ယာပေန္တာ၊မျှကုန်လျက်။ တုမှေ၊သင်တို့သည်။ ဝိဃာသာဒိနော၊ဝိဃာသာဒိမည်ကုန်၏ဟူ၍။မညိဝှေါ၊မှတ်ကြကုန်။ ။

ထိုစကားကိုကြား၍ရသေ့တို့သည် ငါတို့သည်။ ဝိဃာသာဒိမမည်ကုန်အံ့၊ထိုသို့ဖြစ်သော်လည်းအဘယ်သူသည် ဝိဃာသာဒိမည်သနည်းဟုမေးကြကုန်၏။ ထိုအခါဘုရားလောင်းကျေးသားသည်ထိုအကြောင်းကိုကြားလို၍။ ။

(၉၇၇) ယေ ဗြာဟ္မဏဿ သမဏဿ၊အညဿ ဝါ ဝနိဗ္ဗိနော။
ဒတွာဝသေသံ ဘုဉ္ဇန္တိ၊တေ ဇနာ ဝိဃာသာဒိနော။ ။

ဟူသော ဤဆဋ္ဌဂါထာကိုဆို၏။ ။

(၉၇၇) ယေဇနာ၊အကြင်သူတို့သည်။ ဗြာဟ္မဏဿ၊ ပုဏ္ဏားအားရင်း။ သမဏဿ၊ရဟန်းအားရင်း။အညဿ၊ရဟန်းပုဏ္ဏားမှတပါးသော။ ဝနိဗ္ဗိနော ဝါ၊ တောင်းစားတတ်သောသူအားရင်း။ ဒတွာ၊ပေးလှူ၍။ အဝသေသံ၊အကြွင်းကို။ဘုဉ္ဇန္တိ၊စားကုန်၏။တေဇနာ၊ထိုသူတို့သည်။ ဝိဃာသာဒိနော၊ဝိဃာသာဒိမည်ကုန်၏။ ။(ဥစ္ဆိဋ္ဌေန္တိ ပရေဟိအက္ခာယိတသေသံ။(ဋီကာ)။ ။မညိဝှေါ်ဝှေါဝိဘတ်။ဝနိဗ္ဗိနောတိတံတံဘဏ္ဍံယာစကဿ။(အဋ္ဌကထာ)။ ။ဝိဃာသာဒဇာတကံ အဋ္ဌမံ။၃၉၃။

## ၃၉၄-ဝန္နကဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ ပဏီတံ,အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော၍ဝန္နကဇာတ်ကိုဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်၊လျှပ်ပေါ်သောရဟန်းကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ဘုရားလောင်းသည်ထိုကျီးနှင့်တကွပဋိသန္ဓာရကိုပြုလိုရကား။ ။

(၉၇၈) ပဏီတံ ဘုဉ္ဇသေ ဘတ္တံ၊သပ္ပိ-တေလဉ္စ မာတုလ။
အထ ကေန နု ဝဏ္ဏေန၊ကိသော တွမသိ ဝါယသ။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၉၇၈) မာတုလဝါယသ၊ဦးရီးကျီး။ တွံ၊သင်သည်။ ပဏီတံ၊မွန်မြတ်သော။ ဘတ္တံ၊ လူတို့စားဥပါစိရင်အပ်သောအစာကိုရင်း။ သပ္ပိတေလဉ္စ၊ ထောပတ်ဆီကိုရင်း။ဘုဉ္ဇသေ၊စားရသည်မဟုတ်လော။အထ၊ထိုသို့ဖြစ်လျက်။ ကေနဝဏ္ဏေန၊ အဘယ်အကြောင်းကြောင့်။ တွံ၊သင်သည်။ ကိသော၊အသွေးအသားနည်းပါးကြုံလှီသည်။အသိနု၊ဖြစ်သနည်း။ ။

ဘုရားလောင်းစကားကိုကြား၍ကျီးသည်။ ။

(၉၇၉) အမိတ္တ-မဇ္ဈေ ဝသတော၊တေသု အာမိသမေသတော။
နိစ္စုဗ္ဗိဂ္ဂ-ဟဒယဿ၊ကုတော ကာကဿ ဒဠှိယံ။ ။
(၉၈၀) နိစ္စံ ဥဗ္ဗိဂ္ဂိနော ကာကာ၊ဓင်္ကာ ပါပေန ကမ္မုနာ။
လဒ္ဓေါ ပိဏ္ဍော နပီဏေတိ၊ကိသော တေနသ္မိ ဝန္နက။ ။
(၉၈၁) လူခါနိ တိဏ-ဗီဇာနိ၊အပ္ပ-သ္နေဟာနိ ဘုဉ္ဇသိ။
အထ ကေန နု ဝဏ္ဏေန၊ထူလော တွမသိ ဝန္နက။ ။

ဟူသော၍သုံးဂါထာတို့ကိုဆို၏။ ။

(၉၇၉-၉၈၁(ဝန္နက၊ငုံး။အမိတ္တမဇ္ဈေ၊ရန်သူတို့အလယ်၌။ဝသတော၊နေရသော်။တေသု၊ထိုရန်သူတို့၌။ရန်သူတို့၏။အာမိသံ၊အစာအာမိသကို။ဧသတော၊ ရှာသော။နိစ္စံ၊အမြဲ။ဥဗ္ဗိဂ္ဂဟဒယဿ၊ထိတ်လန့်သောနှလုံးရှိသော။ကာကဿ၊ကျီးမျိုး၌ဖြစ်သော။မယှံ၊ငါအား။(ထည့်)။ဒဠှိယံ၊ဆူဖြိုးသောအဖြစ်သည်။ကုတော၊အဘယ်မှာရှိအံ့နည်း။ ။ဝန္နက၊ငုံး။ဓင်္ကာ၊ဓင်မည်ကုန်သော။ ကာကာ၊ကျီးတို့သည်။ နိစ္စံ၊အမြဲ။ ဥဗ္ဗိဂ္ဂိနော၊ထိတ်လန့်

သောနှလုံးရှိကုန်၏။ ပါပေနကမ္မုနာ၊လူတို့အစာသူ့ဥစ္စာကိုလုယက်ထိုး နှက်ခြင်းဟုဆိုအပ်သော ယုတ်မာသောအမှုဖြင့်။ လဒ္ဓေါ၊ ရအပ်သော။ ဝိဏ္ဍော၊ အစာသည်။နပိဏောတိနတပ္ပေတိ၊မနှစ်သက်မရောင့်ရဲစေ။ တေ နကာရဏေန၊ထိုအကြောင်းကြောင့်။ အဟံ၊ငါသည်။ ကိသော၊အသွေး အသားနည်းပါးကြုံလှီသည်။အဘွိ၊ဖြစ်၏။ ။ဝနကာ၊ဖုံး။တွံ၊သင်သည်။ လူခါနိ၊ ခြောက်ကုန်သော။အပ္ပသ္မေဟာနိ၊နည်းသောအဆီအရသာရှိကုန် သော။ တိဏာဗီဇာနိ၊မြက်သီးတို့ကို။ ဘုဉ္ဇသိ၊စား၏။ အထ၊ ထိုသို့ဖြစ် လျက်။ ကေနဝဏ္ဏေန၊အဘယ်အကြောင်းကြောင့်။ တွံ၊ သင်သည်။ ထူ လော၊ဆူဖြိုးသောကိုယ်ရှိသည်။အသိနု၊ဖြစ်သနည်း။ ။

ထိုစကားကို ကြား၍ ဘုရားလောင်းသည် မိမိ၏ဆူဖြိုးသော အ ကြောင်းကိုဆိုလို၍။ ။

(၈၀၂) အပ္ပိစ္ဆာ အပ္ပ-စိန္တာယ၊အဒူရ-ဂမနေနစ။
လဒ္ဓါလဒ္ဓေန ယာပေန္တော၊ထူလော တေနဘွိ ဝါယသ။
(၈၀၃) အပ္ပိစ္ဆဿ ဟိ ပေါသဿ၊အပ္ပ-စိန္တ-သုခဿစ။
သုသင်္ဂဟိတမာနဿ၊ဝုတ္တိ သုသမုဒါနယာ။ ။

ဟူသော၍နှစ်ဂါထာတို့ကိုဆို၏။ ။

(၈၀၂-၈၀၃) ဝါယသ၊ကျီး။အပ္ပိစ္ဆာ၊အပ္ပိစ္ဆာယ၊အာဟာရတို့၌ အလို ရမက်နည်းသည်အဖြစ်ဖြင့်ရင်း။ အပ္ပစိန္တာယ၊ ယနေ့ငါသည်အဘယ်၌ အာဟာရကိုရပါအံ့နည်း နက်ဖြန်အဘယ်၌အာဟာရကိုရပါအံ့နည်း ဤ သို့စသည်အာဟာရ၌အကြံနည်းသည့်အဖြစ်ဖြင့်ရင်း။ အဒူရဂမနေနစ၊ဤ မည်သောအရပ်၌မွန်မြတ်သောအာဟာရကိုရလတ္တံ့ဟုမကြံမူ၍အဝေး သို့မသွားခြင်းဖြင့်ရင်း။ လဒ္ဓါလဒ္ဓေန၊ လူခပဏီတ,ရရသမျှသော အာ ဟာရဖြင့်။တုဋ္ဌော၊ရောင့်ရဲသည်ဖြစ်၍။(တည့်)။ ယာပေန္တော၊ကိုယ်ခန္ဓာ ကိုမျှစေ၏။ တေန၊ထိုသုံးပါးသောအကြောင်းကြောင့်။ အဟံ၊ငါသည်။ ထူလော၊ဆူဖြိုးသည်။အဘွိ၊ဖြစ်၏။ဟိ၊သစ္စံ၊မှန်၏။အပ္ပိစ္ဆဿ၊အလိုရမက် နည်းသော။ အပ္ပစိန္တသုခဿစ၊ အာဟာရ၌အကြံနည်းကုန်သော အရိ ယာသူတော်ကောင်းတို့၏သုခရှိသည်လည်းဖြစ်ထသော။ သုသင်္ဂဟိတ မာနဿ၊ ဤမျှသာစား၍ကြေစေခြင်းငှါ၊ တတ်နိုင်လေအံ့ဟု ကောင်း စွာသိမ်းဆည်းဆင်ခြင်အပ်သော အစာအာဟာရ အတိုင်းအရှည်ရှိထ

သော။ပေါသဿ၊သတ္တဝါ၏။ ဝုတ္တိ၊အသက်မွေးခြင်းသည်။သုသမုဒါန ယာ၊ချမ်းသာသာသဖြင့်ဖြစ်လွယ်၏။ ။(ပိဋကတ်၌ မုဒ္ဒဇဏကာနှင့်ရှိရှုသွာဒိ ဂိုဏ်း။ဒန္တဇနနှင့်ရှိမှု ကိယာဒိဂိုဏ်းနှစ်ချက်သင့်။အပ္ပိစ္ဆာဒိယကျေသည်။ အပ္ပစိန္တသုခသာတိအပ္ပါဟာရစိန္တာရဟိတာနံအပ္ပစိန္တာနံအရိယာနံ။ သု ခံအဿတ္ထိတိအပ္ပစိန္တသုခေါ၊ကာသော။ ။သုဝါဂ်ဟိတမာနသော့တိဗွေ ကံဘုဥ္ဇိတွာ ဇီရာပေတုံသက္ကာသော့တိဋ်ဝ် သုဋ္ဌုသင်္ဂဟိတာဟာရမာ နသော။ အဋ္ဌကထာမှာသည်ကား ဤနှစ်ပုဒ်အနက်များတတ်သည်။ မာန ကားအာဟာရအတိုင်းအရှည်ကိုဟောသည်၊စိတ်ကိုမဟော)။ ။ဝန္န ကဇာတကံ နဝမံ။၃၉၄။

---

၃၉၅-ပါရာဝတဇာတ်။

နတ်နှင့်တကွသော လောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ် စွာဘုရားသည်၊ စိရဿံ ဝတ ပဿာမိ, အစရှိသောဂါထာပုဒ်ဖြင့် တန်း ဆာဆင်အပ်သော ဤပါရာဝတဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌ သိ တင်းသုံးနေတော်မူစဉ်၊ လျှပ်ပေါ်သောရဟန်းကိုလျှင် အကြောင်းပြု၍ ဟောတော်မူ၏။ ။

ဘုရားလောင်းသည်တောမှလာသည်ရှိသော်ကျီးကိုမြင်၍ပြက်ရယ် ပြုလိုရကား။ ။

(၈၀၄) စိရဿံ ဝတ ပဿာမိ၊သဟာယံ မဏိဓာရိနံ။
သုကတာ မဿု-ကုတ္တိယာ၊သောဘတေ ဝတ မေ သခါ။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၈၀၄) သမ္မဝါယသ၊အဆွေကျီး။သဟာယံ၊အဆွေကို။မဏိဓာရိ နံ၊ပတ္တမြားလည်းရွဲဆွဲသည်ကို။ စိရဿံ ဝတ၊ ကြာမြင့်မှလျှင်။ ပဿာမိ၊ မြင်ရ၏။သုကတာသုကတာယ၊ကောင်းစွာပြုပြင်အပ်သော။ မဿုကုတ္တိ ယာ၊မုတ်ဆိတ်ကိုပြုပြင်ခြင်းဖြင့်။ဝါ၊သုကတာသုကတော၊ ကောင်းစွာပြု ပြင်အပ်သော။ မေ၊ငါ၏။ သခါ၊အဆွေသည်။ သောဘတေဝတ၊ တင့် တယ်ပေစွတကား။ ။

ထိုစကားကိုကြား၍ကျီးသည်။ ။

(၉၇၅) ပစ္စုဂ္ဂတာ နခါ လောမာ၊အဟံ ကမ္ဗုသုဝဏ္ဏယော။
စိရဿံ နှာပိတံ လဒ္ဓါ၊လောမံ တမဇ္ဇ ဟာရယိံ။ ။
ဟူသော၅ဒုတိယဂါထာကိုဆို၏။ ။

(၉၇၅) သမ္မပါရာဝတ၊ အဆွေနီ။ အဟံ၊ငါသည်။ ကမ္ဗုသု၊အမှုကိစ္စတို့၌။ ဝါဝဋော၊လုံ့လပြုပါရ၏။တေန၊ထို့ကြောင့်။ဩကာသ၏၊အခွင့်ကို။ အလဘန္တေန၊မရခြင်းကြောင့်(ထည့်)၊နခါ၊ခြေသည်းတို့သည်၎င်း။ လောမာ၊အမွေးတို့သည်၎င်း။ ပစ္စုဂ္ဂတာ၏ချုံကဲ့သို့ စည်ပင်ပွါးများကုန်၏။စိရဿံ၊ကြာမြင့်မှ။ နှာပိတံ၊ဆတ္တာသည်ကို။ လဒ္ဓါ၊ရ၍။ အဇ္ဇ၊ယခု။ တံလောမံ၊ထိုအမွေးကို။ဟာရယိံ၊နုတ်စေပယ်စေရ၏။ ။
ထိုနောင်ဘုရားလောင်းသည်။ ။

(၉၇၆) ယံ နု လောမံ အဟာရေသိ၊ဒုလ္လဘံ လဒ္ဓါ ကပ္ပကံ။
အထ ကိဉ္စရဟိ တေ သမ္မ၊ဇာနုံ ကဏ္ဌေ ကိဏာယတိ။ ။
ဟူသော၅တတိယဂါထာကိုဆို၏။ ။

(၉၇၆) သမ္မဝါယသ၊အဆွေကျီး။နု၊စင်စစ်။ ဒုလ္လဘံ၊ရခဲစွာသော။ ကပ္ပကံ၊ဆတ္တာသည်ကို။ လဒ္ဓါ၊ရ၍။ လောမံ၊အမွေးကို။ ယံအဟာရေသိ၊ အကြင်နုတ်စေပယ်စေ၏။ တံ၊ထိုသို့အမွေးကိုနုတ်စေခြင်း ပယ်စေခြင်းသည်။ဟောတု၊ဖြစ်ပစေ။(ထည့်)။ အထ၊ထိုမှတပါး။ သမ္မ၊ အဆွေကျီး။တေ၊သင်၏။ကဏ္ဌေ၊လည်၌။ဇာဒံ၊နီနီတျာတျာ၅တန်းဆာသည်။ကိဏာယတိ၊ကိဏ်ကိဏ်မည်၏။(ကိဉ္စရဟိကိံ ဝေါဟာရဘော်)။ဇေတံ၊ကိဏ်ကိဏ်အသံသာစွာ၅တန်းဆာသည်။ကိံ၊အဘယ်တန်းဆာနည်း။ ။
ထိုနောင်မှကျီးသည်။ ။

(၉၇၇) မနုဿ-သုခုမာလာနံ၊မဏိံ ကဏ္ဌေသု လမ္ဗတိ။
တေသာဟံ အနုသိက္ခာမိ၊မာ တွံ မညိ ဒဝါ ကတံ။ ။

(၉၇၈) သစေပိ မံ ပိယာယသိ၊မဿု-ကုတ္တိံ သုကာရိတံ။
ကာရယိဿာမိ တေ သမ္မ၊မဏိဉ္စာပိ ဒဒါမိ တေ။ ။
ဟူသော၅နှစ်ဂါထာတို့ကိုဆို၏။ ။

(၉၇၇-၉၇၈) သမ္မပါရာဝတ၊အဆွေနီ။မနုဿသုခုမာလာနံ၊ဥစ္စာကြွယ်ဝ၍သိမ်မွေ့နူးညံ့ကုန်သောလူတို့၏။ကဏ္ဌေသု၊လည်တို့၌။ မဏိံ၊ ၅ကဲ့သို့သောပတ္တမြားရတနာကို။လမ္ဗတိ၊ဆွဲဆင်၏။အဟံ၊ငါသည်။တေ

သံ၊ထိုလူကုံတံလူကြွယ်ဝတို့၏။ အနုသိက္ခာမိ၊အတုကျင့်၏။ တွံပန၊သင်မူကား။တော်၊ဤသို့လူတို့အတုကျင့်သည်ကို။ မယှံ၊ငါသည်။ဝါ၊ငါအား။ဒဝါကတံ၊ရယ်မြူးလို၍ပြု၏ဟု။မာမညိ၊မအောင့်မေ့လင့်။တနည်း။အဟံ၊ငါသည်။ တေသံ၊ထိုလူကုံတံလူကြွယ်ဝတို့၏။အနုသိက္ခာမိ၊အတုမြင်၍ အတတ်သင်၏။ ဇူတိ၊ဤသို့။မာမညိ၊မအောက်မေ့လင့်။ မနုဿဟိ၊လူသရော်တို့သည်။ဒဝါ၊ရယ်မြူးလိုသဖြင့်။ကတံ၊ပြုအပ်၏။ ။သမ္မပါရာဝတ၊အဆွေခို။တွံ၊သင်သည်။ဇူမံမဿုကုတ္တိံ၊ ဤမုတ်ဆိတ်ဆံပုံပြင်ခြင်းကို။ သုကာရိ၊တံ ကောင်းစွာပြုအပ်၏ဟူ၍။ သစေဝိဝိယာယာသိ၊အကယ်၍မှုလည်းချစ်မြတ်နိုးသည်ဖြစ်အံ့။တော၊သင်အား။ကာရယိဿာမိ၊ ပြုပြင်စေအံ့။တော၊သင့်အား။မဏိစ္ဆာပိ၊ပတ္တမြားကိုလည်း။ဒဒါမိ၊ငါပေးအံ့။ ။

ထိုစကားကိုကြား၍ဘုရားလောင်းသည်။ ။

(၉၈၉) တွည္ေဝ မဏိနာ ဆန္နော၊သုကတာယ စ မဿုယာ။
အာမန္တ ခေါ တံ ဂစ္ဆာမိ၊ပိယံ မေ တဝ ဒဿနံ။ ။

ဟူသောဆဋ္ဌဂါထာကိုဆို၏။ ။

(၉၈၉) သမ္မဝါယာသ၊အဆွေကျိုး။တွည္ေဝ၊သင်သည်သာလျှင်။ မဏိနာမဏိနော၊ပတ္တမြားအား။ဆန္နောအနုစ္ဆဝိကော၊လျော်ပတ်လှ‌ပေ၏ဟု။ ကတာယသုကတသာ၊ကောင်းစွာပြုပြင်အပ်သော။ မဿုယာမဿုသာ၊ဤမုတ်ဆိတ်မုတ်နားအားလည်း။ ဆန္နော၊လျောက်ပတ်လှပေ၏။ မမ၊ငါအားမူကား။ တံ၊ သင့်အားသင့်ကို။ ဒဿနံ ဒဿနမေဝ၊ မြင်ရခြင်းသည်သာလျှင်။ပိယံ၊ချစ်မြတ်နိုးအပ်လှပေပြီ။ ။(ဘုန်းစက်နည်းပါးငါတို့အားကား။မျက်ဝါးထင်ထင်မြင်ရမည်မျှကြီးစည်ခဲတို့ပွဖြစ်၍ မြင်ရလျှင်ပင်ကောင်းလှပေပြီဟုလိုသည်)။ ။တသ္မာ၊ထို့ကြောင့်။တံ၊သင့်ကို။ အာမန္တခေါ၊ပန်ကြား၍လျှင်။ဂစ္ဆာမိ၊ငါသွားပါအံ့။ ။(ကိစ္စရဟိကိုကိံတော်ဟုဘော်သည်ကား။ကိစ္စရဟိတိကိံတော်။ကိဏာယတိတိကိဏ်ကိဏ်ဏူတိသဒ္ဒံကရောတိ။ဟူသောဋီကာကိုမြော်သည်။ ကိဏာယတိကားနာမဓာတ်ကိဏ်ပုဒ်၊အာယပစ္စည်း၊ တိဝိဘတ်။ မာတွံမညိတိတွံပနတော်မယှံဒဝါကတန္တိ မာမညသိ။ ဟူသောအဋ္ဌကထာကိုမြော်၍ ရှေးနည်းယောဇနာသည်။ မဏိနာကားမဏိနောဆိုလိုလျက်တတိယာသင်္ဂသည်။ မဏိနာတိမဏိနော၊အယမေဝဝါပါဌော။(အဋ္ဌကထာ)။ ။ဆန္နောကို

အနုဿုပ်ကောဘွင့်သည်။ ဇုမသသသုကတသမသုသ,ဟု-အဋ္ဌကထာ ဘွင့်ရကား။သုကတာယစမသုယာကားလိင်္ဂဝိပလ္လာသ)။ ။ပါရာဝတဇာတကံဒသမံ။၃၉၅။ သူဝိဝဏ္ဏေါဒုတိယော။ ။(အဋ္ဌကထာ၌ခရပုတ္တဝဏ္ဏေါရှိ၏)။ ။တသုဒ္ဒါနံ။ ။

အဝါရိယံသောတကေတု၊ဒရီမုခဥ္စနေရုဉ္စ။
အာသင်္ကမိဂလောပဥ္စ၊ကာဠကဏ္ဏိစကုက္ကုဋံ။ ။
ဓမ္မဓဇဥ္စနန္ဒိယံ၊ခရပုတ္တံသူစိစေဝ။
တုဏ္ဍိလံသောဏ္ဏကက္ကဋံ၊မယှကံပိဋ္ဌာဓရဥ္စ။ ။
သိယ်ပုပ္ဖံဝိဿာသာဒံ၊ဝနကဥ္စပါရာဝတံ။
သင်္ဂါယိံသုမဟာထေရာ၊သဂ္ဂေဝီသတိဇာတကေ။ ။

သဂ္ဂနိပါတ်နိဋ္ဌိတံ။ ၂၀။၃၉၅။ ။

# ၇-သတ္တနိပါတ်။

(၁–ကုက္ကုဋဝဂ်)

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။ ။

## ၄၄၈-ကုက္ကုဋဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ ဒိယာဍကုက္ကုဋ,အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော ဤကုက္ကုဋဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊မင်းအားဆုံးမခြင်းကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

မင်းသည်လည်းကစားအံ့သောငှါ ဥယျာဉ်သို့သွား၍ ထိုဥယျာဉ်၌ ဗုဒ္ဓလည်း၍ ထိုအိမ်သို့ဝင်၍မျှော်၍ကြည့်လတ်သော် အထွတ်ဝန်းကိုမြင်၍မိမိအထက်၌ကျအံ့သည်မှကြောက်သောကြောင့်ထွက်၍အပ၌ရပ်လျက်တဘန်ကြည့်၍အဘယ်ကိုမှီ၍ အထွတ်သဉ်တည်သနည်းဟုဘယ်ကိုမှီ၍ အခြင်တို့သည်တည်ကုန်သနည်းဟုကြံ၍ဘုရားလောင်းကို မေးလိုရကား။ ။

(၉၉၀) ဒိယာဍ-ကုက္ကု ဥဒယေန ကဏ္ဏိကာ၊
ဝိဒတ္ထိယော အဋ္ဌ ပရိက္ခိပန္တိ နံ။
ယာ သိံသပါ သာရမယာ အ-ဖေဂ္ဂုကာ၊
ကုဟိံ ဌိတာ ဥပ္ပရိတော န ဓံသတိ။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၉၉၀) ပဏ္ဍိတ၊ပညာရှိ။ ယာကဏ္ဏိကာ၊အကြင်အထွတ်သည်။ဝါ၊အကြင်ပုလစ်မွန်းချွန် အမွန်းထုပ်ကာသည်။ ဥဒယေန၊ အမြောက်အားဖြင့်။ဒိယာဍကုက္ကု၊ တတောင့်ထွာ အတိုင်းအရှည်ရှိ၏။ နံ၊ ထိုတတောင့်ထွာအတိုင်းအရှည်ရှိသော အထွတ်ထုပ်ကာကို။ အဋ္ဌဝိဒတ္ထိယော၊ရှစ်ထွာသောအခြင်တို့သည်။ပရိက္ခိပန္တိ၊ထက်ဝန်းကျင်ရံကုန်၏။ (ပရိက္ခေပအားဖြင့်ရှစ်ထွာရှိ၏ဟူလိုသည်)။ သာရမယာ၊ အနှစ်ဖြင့်ပြီးသော။ အဖေဂ္ဂုကာ၊အကာမရှိသော။သိံသပါ၊ရင်းတိုက်နှစ်ဖြင့်ပြုအပ်သော။သာ

ကဏ္ဍကာ၊ ထိုအထွတ်ထုဗိကာသည်။ကုဟိံ၊အဘယ်၌။ဌိတာ၊ တည်သည်ဖြစ်၍။ဉပရိတော၊အထက်မှ။နဓံသတိ၊မကျသနည်း။ ။

ထိုစကားကိုကြား၍ ဘုရားလောင်းသည် ယခုငါသည် မင်းအား ဆုံးမအံ့သောဌါဥပမာကိုရပြီဟုကြံ၍။ ။

(၉၉၁) ယာ တိံသတိ သာရမယာ အ-ဖေဂ္ဂု ကာ၊
ပကိရိယာ ဂေါပါနသိယော သမံ ဋ္ဌိတာ။
တာဟိ သုသင်္ဂဟိတာ ဗလသာ ပီဠိတာ။
သမံ ဌိတာ ဥပ္ပရိတော န ဓံသတိ။ ။

(၉၉၂) ဧဝံပိ မိတ္တေဟိ ဒဠှေဟိ ပဏ္ဍိတော၊
အဘိန္န-ရူပေဟိ သုစိဟိ မန္တိဘိ။
သုသင်္ဂဟိတော သိရိယာ န ဓံသတိ၊
ဂေါပါနသီ-ဘာရ-ဝဟာဝ ကဏ္ဍကာ။ ။

ဟူသောနှစ်ဂါထာတို့ကိုဆို၏။ ။

(၉၉၁-၉၉၂) မဟာရာဇ၊ မြတ်သောမင်းကြီး။ တိံသတိ၊သုံးဆယ်သော။သာရမယာ၊အနှစ်ဖြင့်ပြီးကုန်သော၊အဖေဂ္ဂုကာ၊ အကာမရှိကုန်သော။ ယာဂေါပါနသိယော၊အကြွင်အခြင်တို့သည်။ ပကိရိယာပရိဝါရိတာ ထက်ဝန်းကျင်မှရံကုန်သည်ဖြစ်၍။ သမံဋ္ဌိတာသမဘာဂေနဋ္ဌိတာ၊ မျှသောအတိုဖြင့်တည်ကုန်၏။ တာဟိ၊ ထိုမျှသော အတိုဖြင့်ထက်ဝန်းကျင်ဝန်းရံ၍တည်ကုန်သော အခြင်တို့သည်။ ဗလသာဗလေန၊ အားအင်းဖြင့်။ ပီဠိတာ၊ညှပ်နှိပ်၍။ သုသင်္ဂဟိတာ၊ကောင်းစွာထောက်ပံ့အပ်သော။သာကဏ္ဍကာ၊ထိုအမွန်းအထွတ်ထုဗိကာသည်။သမံဋ္ဌိတာသမဘာဂေနဋ္ဌိတာ၊မျှသောအတိုဖြင့်တည်သည်ဖြစ်၍။ ဥပရိတော၊အထက်မှ။နဓံသတိ၊မကျ။ ။မဟာရာဇ၊မြတ်သောမင်းကြီး။ဧဝံပိ၊ဤအတူလည်း။ပဏ္ဍိတော၊ ဉာဏ်ပညာနှင့်ပြည့်စုံသော။ ရာဇာ၊မင်းသည်။ဒဠှေဟိ၊မြဲမြံကုန်သော။ အဘိန္နရူပေဟိ၊ ကုန်းချောဖျက်လည်းမပျက်မှုကွဲသောသဘောရှိကုန်သော။ သုစိဟိ၊စင်ကြယ်သောအကျင့်အာစာရ ရှိကုန်သော။မန္တိဘိ၊ အတိုင်အပင်နှုတ်မှုရေးရာ လိမ္မာကုန်သော။ မိတ္တေဟိ၊ကလျာဏမိတ်တို့သည်။ သုသင်္ဂဟိတော၊ကောင်းစွာသိမ်းမိုက်အပ်သည်ဖြစ်၍။သိရိယာ၊ဘုန်းကြက်သရေမှ။ နဓံသတိ၊မဆုတ်ယုတ်မပျက်မစီး။ကိမိဝ၊အဘယ်ကဲ့သို့နည်းဟူမူကား။ ဂေါပါနသိဘာရဝဟာ၊ အ

ခြင်တည်း ဟူသော ဝန်ကိုဆောင်သော။ ကဏ္ဍကာဝဏ္ဏ၊ အထွတ်ထုပိကာကဲ့သို့တည်း။ ။

မင်းသည်ဘုရားလောင်းဆိုစဉ်လျှင်မိမိအမှုအရာကိုမှတ်၍ အထွတ်ရှိသော် အခြင်တို့သည်မတည်ကုန်။ အခြင်တို့သည် မထောက်ပံ့ အပ်ကုန်သည်ရှိသော်အထွတ်သည်မတည်။အခြင်တို့သည်ပျက်စီးကုန်သည်ရှိသော်အထွတ်သည်ကျ၏။ဤအတူလျှင်တရားမစောင့်သော မင်းသည်မိမိအဆွေခင်ပွန်း ဖြစ်ကုန်သော အမတ်တို့ကိုရင်း၊ ဗိုလ်ပါတို့ကိုရင်း၊ ပုဏ္ဏားသူကြွယ်တို့ကိုရင်းမထောက်ပံ့သည်ရှိသော် ထိုသူတို့ ပျက်စီးကုန်လတ်သော်ထိုသူတို့မထောက်ပံ့အပ်သည်ဖြစ်၍အစိုးရခြင်းဘုန်းကြက်သရေယုတ်ရာ၏။ မင်းသည် တရားစောင့်ရာ၏ ဟုကြံ၏။ ထိုအခါမင်းအားထိုခဏ၌လက်ဆောင်အကျိုး၌ ရှောက်သီးကိုဆက်ကုန်၏။ မင်းသည်၊အဆွေရှောက်သီးကိုစားလော့ဟုဘုရားလောင်းအားပေး၏။ ဘုရားလောင်းသည်ရှောက်သီးကိုယူ၍၊မြတ်သောမင်းကြီး၊ဤရှောက်သီးကိုစားအံ့သော၌မသိကုန်သောသူတို့သည်ခါးသည်ကိုမူလည်းပြုကုန်၏။ ချဉ်သည်ကိုမူလည်းပြုကုန်၏။ သိကုန်သောပညာရှိတို့တမူကား အခါးကိုပယ်၍အချဉ်ကိုမထုတ်မူ၍ရှောက်သီး၏အရသာကိုမပျက်စီးစေ၍လျှင်စားကုန်၏ဟုဆို၍ မင်းအားဥပမာဖြင့်ဥစ္စာရခြင်း၏ အကြောင်းကိုပြလိုသည်ဖြစ်၍။ ။

(၉၉၃) ခရုတ္တစံ ဗေလ္လံ ယထာပိ သတ္ထဝါ၊
အနာမသန္တော ပိ ကရောတိ တိတ္တကံ။
သမာဟရံ သာဒုံ ကရောတိ ပတ္ထိဝေါ၊
အ-သာဒုံ ကယိရာ တနု ဗန္ဓမုဒ္ဓရံ။ ။

(၉၉၄) ဧဝံပိ ဂါမ-နိဂမေသု ပဏ္ဍိတော၊
အ-သာဟသံ ရာဇ ဓနာနိ သံဃရံ။
ဓမ္မာနုဝတ္တိ ပဋိပဇ္ဇမာနော၊
သ ဖါတိ ကယိရာ အ-ဝိဟေဌယံ ပရံ။ ။

ဟူသော ဤနှစ်ဂါထာတို့ကိုဆို၏။ ။

(၉၉၃-၉၉၄) ပတ္ထိဝ၊မြေကိုအစိုးရသောမင်းမြတ်။ သတ္ထဝါ၊သတ္ထကဟဿော၊လက်၌ထားဘယ်ရှိသောသူသည်။ခရုတ္တစံ၊ ကြမ်းသောအခွံရှိသော။ ဗေလ္လံ၊ ရှောက်သီးကို။အနာမသန္တော ပိ၊ အခွံမနွှေးမူ၍လည်း။

တိဏ္ဏကံ၊ ခါးသည်ကို။ ကရောတိ၊ ပြု၏။ ဗန္ဓံ၊ အခွံကို။ တနူ၊ ပါးစွာ။ ဥဒ္ဓရံ၊ ဥဒ္ဓရန္တော ဝိ၊ နွှေးသောသူသည်လည်း။ အသာဒုံ၊ မသာယာအပ်မကောင်း မြတ်သည်ကို။ ကယိရာ၊ ပြုရာ၏။ သမာဟရံသမာဟရန္တော၊ ကောင်းစွာ နွှေးသောသူသည်။ သာဒုံ၊ သာယာအပ် ကောင်းမြတ်သော အရသာရှိ သည်ကို။ ကရောတိယထာဝိ၊ ပြုသကဲ့သို့လည်း။ ဧဝံ၊ ဤအတူ။ ရာဇ၊ မင်း မြတ်။ ပဏ္ဍိတောဝိ၊ ပညာပြည့်ရုံသောမင်းသည်လည်း။ ဂါမနိဂမေသု၊ ရွာနိဂုံးတို့၌။ အသာဟာသံတဏှာယဝသံအဂစ္ဆန္တော၊ တဏှာ၏ နိုင်ငံသို့ မလိုက်မူ၍။ ဓနာနိ၊ အခွန်ဘဏ္ဍာတို့ကို။ သဃံရံသဃံရန္တော၊ သိမ်းခံရရုံး သည်ဖြစ်၍။ ဓမ္မာနုဝတ္တိ၊ မင်းကျင့်တရားဆယ်ပါးသို့ အစဉ်လိုက်သည်။ ဟုတွာ၊ ဖြစ်၍။ ပဋိပဇ္ဇမာနော၊ ကျင့်သည်။ ဟောတိ၊ ဖြစ်၏။ သသောရာ ဇာ၊ ထိုမင်းသည်။ ပရံ၊ သူတပါးကို။ အဝိဟေဌယံ အဝိဟေဌယန္တော၊ မ ညှဉ်းဆဲမူ၍။ ဖါတိံ၊ မိမိ၏ရင်း၊ တိုင်းသူပြည်သားသူတပါးတို့၏ရင်းဘုန်း ကြက်သရေစည်းစိမ်ချမ်းသာပွါးစီးတိုးတက်ခြင်းကို။ ကယိရာ ကရေ ယျ၊ ပြုရာ၏။ ။

မင်းသည်ဘုရားလောင်းနှင့်တကွတိုင်ပင်လျက် ရေကန်ကမ်းနားသို့ သွား၍ရေကန်၌ကောင်းစွာပွင့်သောနေလုင်ကဲ့သို့သော အဆင်းရှိသော ရေဖြင့်မလိမ်းကျံသောပဒုမာကိုမြင်၍။ အဆွေ၊ ဤပဒုမာသည်ရေ၌ ဖြစ် လျက်လျှင် ရေသည်မလိမ်းကျံသည်ဖြစ်၍တည်၏ဟုဆို၏။

ထိုအခါမင်းကို ဘုရားလောင်းသည်၊ မြတ်သောမင်းကြီး၊ မင်းမည် သည်ဤသို့သဘောရှိသည်ဖြစ်ရာ၏ဟုဆုံးမလိုရကား။ ။

(၉၉၅) ဩဒါတ-မူလံ သုစိ ဝါရိ-သမ္ဘဝံ၊
ဇာတံ ယထာ ပေါက္ခရဏီသု အမ္ဗုဇံ။
ပဒုမံ ယထာ အဂ္ဂိနိကာသိဖါလိမံ၊
န ကဒ္ဒမော န ရဇော န ဝါရိ လိမ္ပတိ။ ။
(၉၉၆) ဧဝံပိ ဝေါဟာရ-သုစိံ အ-သာဟသံ၊
ဝိသုဒ္ဓ-ကမ္မန္တမပေတ-ပါပကံ။
န လိမ္ပတိ ကမ္မကိလေသ တာဒိသော။
ဇာတံ ယထာ ပေါက္ခရဏီသု အမ္ဗုဇံ။ ။

ဟူသောဤနှစ်ဂါထာတို့ကိုဆို၏။ ။

(၉၉၂-၉၉၄) ပေါက္ခရဏီသု၊ရေကန်တို့၌။ ဇာတံ၊ဖြစ်သော။ ဩဒါ
တမူလံ၊ဖြူစင်သောအမြစ်ရှိသော။ သုစိ၊စင်ကြယ်ပွာသော။ ဝါရိသမ္ဘဝံ၊
ရေ၌ဖြစ်သော။ အမ္ဗုဇံ၊အမွှေးဇမည်သော။ အဂ္ဂိနိကာသိဖါလိမံ၊ နေအ
ရောင်ကြောင့်ပွင့်သော။ ပဒုမံ၊ပဒုမာသည်။ ကဒ္ဒမောကဒ္ဒမေါညွန်နှံ။ နှ
လိမ္ပတိယထာ၊မလိမ်းကျံ၏သို့။ရဇောရဇေ၊မြူ၌။နှလိမ္ပတိယထာ၊မလိမ်း
ကျံ၏သို့။ဝါရိဝါရိမှိ၊ရေ၌။နှလိမ္ပတိယထာ၊မလူးလည်းမကပ်ငြိ၏သို့။ ။
ဧဝံပိ၊ဤအတူလည်း။ဝေါဟာရသုစိံ၊တရားစောင့်ကုန်သောဖွေးမင်းတို့
သဥ်ထားအပ်သောအဆုံးအဖြတ်တရား၌စင်ကြယ်သော။အသာဟသံ၊
နိုင်ထက်မှုခြင်းကင်းထသော။ဝိသုဒ္ဓကမ္မံ၊စင်ကြယ်သေါအမှုရှိထသော။
အပေတပါပကံ၊ မကောင်းမှုမှကင်းထသော။တံ၊ထိုမင်းကို။ကမ္မကိလေ
သော၊ ပါဏာတိပါတ အဒိန္နာဒါန ကာမေသုမိစ္ဆာစာရ မုသာဝါဒ ဟူ
သောဤကမ္မကိလေသာမည်သော အကုသိုလ်သည်။ နှလိမ္ပတိ၊မလိမ်း
ကျံ။တာဒိသော၊ထိုသို့သဘောရှိသောမင်းသည်။ပေါက္ခရဏီသု၊ရေကန်
တို့၌။ဇာတံ၊ဖြစ်သော။ အမ္ဗုဇံ၊ကြာသည်။ အနုပလိတ္တံယထာ၊ရေအစရှိ
သည်တို့ဖြင့်မလိမ်းကျံသကဲ့သို့။ ဧဝံတထာ၊ထိုအတူ။ အနုပလိတ္တောနာ
မ၊ကမ္မကိလေသာမည်သော အကုသိုလ်တို့သည် မလိမ်းကျံသောမင်း
မည်၏။ ။(ပရိက္ခိပန္တိ နန္တိ တံပနေတံအဋ္ဌဝိဒတ္တိယောပရိက္ခိပန္တိ ပရိက္ခေ
ပတောအဋ္ဌဝိဒတ္တိယောတိဝုတ္တံဟောတိ။ဟူသော ဤအဋ္ဌကထာကိုမြော်
၍အနက်ယောဇနာသည်။ ။သိံသပါကားရင်းတိုက်ဟော။ ။ကပိလာ
တုစသိံသပါ။(အဘိဓာန်)။ ။ဒွယံပိန္တိလာယံ။ကဝိ စလနေ။ဏုလော။
သာသအနုသိမြှယံ။ သိသဏုန္တာယ်ဝ်၊။အပေါ၊နိဂ္ဂဟိတာဂမော။ သိံသ
ပါ။(ရင်းငိုကာ)။ ။သတ္တံအဿအတ္ထိတိသတ္တဝါ။ ။ကောင်းသောအ
ရသာကိုဟောသောသာဒုသဒ္ဒါသည်တတိယက္ခရာ။ ။ပထဝိယာဏုဿ
ရောပတ္တိဝေါ၊ဏောဗိုတ္တံနုတ္တန္တ။(အဘိဓာန်ဋီကာ)။ ။အသာဟသံအ
သာဟသိယံတဏှာယဝသံအဂန္တွန္တော။(အဋ္ဌကထာ)။ ။အသာဟသိ
ယံန္တိ တဏှာယဂုပါဒိသုအခြေမှဏောသုသဟသာဝတ္တနံတောသာဟသိ
နာမတဏှာ။တဿာတဏှာယဝသံအဂန္တွန္တောတိဝုတ္တံဟောတိ။ (ရင်းငို
ကာ)။ ။ဒသန္နံရာဇဓမ္မာနံ အနုဝတ္တနေနမမ္မာနုဝတ္တိဟုတွာ ပဋိပဇ္ဇမာ
နော။သောအတ္တနောစ ပရေသဥ္စဖါတိံဝဆုံ ကရေယျ ပရံအပိဟောဒ္ဓေ
န္တောယော။ ။ဟူသောအဋ္ဌကထာကိုရှု၍ဓမ္မာနုဝတ္တိနောင်ဟုတွာပါ

ဋ္ဌသေသထည့်၍ယောဇနာသည်။ ဆန်းအလိုဌါ နိဂ္ဂဟိတ်လာ၍ ဓမ္မာနု ဝတ္တိံ ပါဋ်၌ရှိသည်။ဖါတိ၌ကားနိဂ္ဂဟိတ်ကိုချေသည်။ အဝိဟေဌယံ၌မူနွ ဇဋ္ဌနှင့်လိုသည်။သုစိ၌လည်း နိဂ္ဂဟိတ်ကိုချေသည်။ ။အဂ္ဂိနိကာသိဖါ လိမန္တံ အဂ္ဂိနိကာသိနာသူရိယေနဖါလိတံ ဝိကာသိတန္တံ့အဋ္ဌော။ ဟူ သောအဋ္ဌကထာကိုရှု၍ အဋ္ဌယောဇနာသည်။ ဤအဘွင့်ပါဌ်ကိုရခဲ၍ မြမြမှတ်ကြ။ ။နကဒ္ဒမောနရဇောနဝါရိလိမ္ပတိတိနေဝကဒ္ဒမောနရဇော နဥဒကံ လိမ္ပတိနမက္ခေတိတိအဋ္ဌော။လိပ္ပတိဒ္ဓေဝဝါပါဌော။ဘုမ္မတ္ထေ ဝါ ဇေတာနိပဇ္ဇတ္တာဝစနာနိ။ဇေတေသုကဒ္ဒမာဒိသုနလိပ္ပတိနအလ္လိ ယတိတိ အဋ္ဌော။ ။ဤအဋ္ဌကထာ၌နမက္ခေတိတိအဋ္ဌော၊ဟူသောရှေးနည်း အလို။ပဒမံ၊ကို။ကဒ္ဒမော၊သည်။နလိမ္ပတိ၊မလိမ်းကျံစသည်ဖြင့်။ယောဇ နာ၍ဂုဏ္ဍဝိဂိုဏ်းမှတ်။ လိပ္ပတိဒ္ဓေဝဝါပါဌော ဟူသောနောင်နည်းအလို။ ပဒမံ၊သည်။ ကဒ္ဒမောကဒ္ဒမေ၌။နလိပ္ပတိ၊မကပ်ငြိမလူးလည်း။ စသည် ယောဇနာ၍ဒိဝါဒိဂိုဏ်းမှတ်။ ထိုနှစ်နည်းတွင်နောက်နည်းကိုသာယော ဇနာခဲ့သည်။ဝေါဟာရသုစိန္တိ ပေါရာဏောဟိဓမ္မိကရာဇဖူဟိလိခါပေတွာ ဌပိတဝိနိစ္ဆယဝေါဟာရေသုစိံ။ အဂတိဂမနံ ပဟာယဓမ္မေနဝိနိစ္ဆယက ရန္တံ့အဋ္ဌော။ အသာဟသန္တံ့ဓမ္မိကဝိနိစ္ဆယေဋ္ဌိတတ္တာယေဝသာဟသိ ကကြိယာဝိရဟိတံ။(အဋ္ဌကထာ)။ ။ဤ၌အသာဟသံသည်ရှေးနည်း နှင့်မတူ၍ခွာနကဲ့၍အနက်ကွဲသည်။ ။ကမ္မကိလေသကားအဝိဘတ္တိက နိဒ္ဒေသ။ ထိုကြောင့်။ နလိမ္ပတိကမ္မကိလေသတာဒိသောတိရဇာနံ ပါ ဏာတိပါတာအဒိန္နာဒါနံကာမေသုမိစ္ဆာစာရောမုသာဝါဒေါတိအယံ ကမ္မကိလေသောနအလ္လိယတိ။အဋ္ဌကထာ၌မိန့်သောဝ်။ ။တာဒိသော ကားအဋ္ဌဝါကျတခြားဖြစ်သည်။ထိုကြောင့်။ကိံကာရဏာတာဒိသော ဟုအဋ္ဌကထာမိန့်သောဝ်)။ ။ကုက္ကုဇာတကံ ပဌမံ။၃၉၆။

---

၃၉၇-မနောဇဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ် စွာဘုရားသည်၊ ယထာစာပေါ်နိန္ဒမတိ,အစရှိသောဂါထာပုဒ်ဖြင့် တန်း ဆာဆင်အပ်သောဤမနောဇဇါတ်ကိုဇေတဝန်ကျောင်းတော်၌သီတင်း

သုံးနေတော်မူစဉ်၊ ဆန့်ကျင်ဘက်ဖြစ်သောအဆွေခင်ပွန်းကိုမှီဝဲသော ရဟန်းကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

မြေခွေးသည်ခြင်္သေ့၏ရင်းလေးညှို့၏ရင်းအသံကိုကြား၍ငါ၏အဆွေခင်ပွန်းကိုလေးသမားသည်ပစ်၍သေသည်ဖြစ်လတ္တံ့။ သူသေတို့နှင့်တကွအကျွမ်းဝင်ခြင်းမည်သည်မရှိ။ယခုငါသည်ပကတိ၏ အပွမ်းဖြင့်နေရာအရပ်သို့လျှင်သွားအံ့ဟုမိမိနှင့်တကွစကားပြောလိုသည်ဖြစ်၍။ ။

(၉၉၇) ယထာ စာပေါ နိန္နမတိ၊ဇိယာ ဝါပိ နိကူဇတိ။
ဟညတေ နူန မနောဇော၊မိဂ-ရာဇာ သခါ မမ။ ။

(၉၉၈) ဟန္ဒ ဒါနိ ဝနန္တာနိ၊ပက္ကမာမိ ယထာ-သုခံ။
နေတာဒိသာ သခါ ဟောန္တိ၊လဗ္ဘာ မေ ဇီဝတော သခါ။ ။

ဟူသော၍နှစ်ဂါထာတို့ကိုဆို၏။ ။

(၉၉၇-၉၉၈) ယထာ၊ အကြင်သို့သောအကြောင်းဖြင့်။ စာပေါ၊ လေးသည်။နိန္နမတိ၊ညွတ်၏။ ဇိယာဝါပိ၊ လေးညှို့သည်လည်း။ နိကူဇတိ၊မြည်၏။မမ၊ငါ၏။သခါ၊အဆွေခင်ပွန်းဖြစ်သော။မနောဇော၊မနောဇအမည်ရှိသော။ မိဂရာဇာ၊ သားမင်းကို။ဟညတေနူန၊ သတ်ယောင်တကား။ ။ဟန္ဒဒါနိ၊ယခုအခါ၌။အဟံ၊ငါသည်။ယထာသုခံ၊အလိုအလျော်။ ဝနန္တာနိ၊ တောတို့သို့။ ပက္ကမာမိ၊သွားအံ့။ ဧတာဒိသာ၊ ဤသို့သဘောရှိသောသူသေတို့မည်သည်။ သခါ၊အဆွေခင်ပွန်းတို့သည်။ နဟောန္တိ၊မဖြစ်ကုန်။ဇီဝတော၊အသက်ရှင်သော။မေ၊ငါသည်။သခါ၊အဆွေခင်ပွန်းကို။လဗ္ဘာ၊ရခြင်းငှါတတ်ကောင်း၏။ ။

ခြင်္သေ့သည်လည်းတဟုန်ထည်းဖြင့်သွား၍မြင်းကို လိုဏ်တံခါး၌ချ၍မိမိသည်လည်း သေ၍လည်း၏။ထိုအခါ မနောဇ၏ အဆွေအမျိုးတို့သည်ထွက်ကုန်၍မြားမှန်ရာအဝမှ ယိုသောသွေးရှိသော သွေးအလိမ်းလိမ်းကပ်သောမနောဇကိုမြင်၍ ယုတ်မာသော အဆွေခင်ပွန်းကို မှီဝဲခြင်းကြောင့်အသက်ကုန်ခြင်းသို့ရောက်သောမနောဇကိုမြင်ကုန်၏။မြင်ကုန်၍လည်းမနောဇ၏အမိအဘနှမယားတို့သည်။ ။

(၉၉၉) န ပါပ-ဇန-သံသေဝီ၊အစ္စန္တံ-သုခမေဓတိ။
မနောဇံ ပဿ သေမာနံ၊အရိယဿာနုသာသနီ။ ။

(၁၀၀၀)န ပါပ-သမ္ပဝင်္ကေန၊မာတာ ပုတ္တေန နန္ဒတိ။
မနောဇံ ပဿ သေမာနံ၊သစ္စာ နံ့ သမ္ဘိ လောဟိတေ။ ။

(၁၀၀၁)ဧဝမာပဇ္ဇတေ ပေါသော၊ပါပိယော စ နိဂစ္ဆတိ။
ယော ဝေ ဟိတာနံ ဝစနံ၊န ကရောတိ အတ္ထ-ဒဿိနံ။ ။
(၁၀၀၂)ဧဝဉ္စ သော ဟောတိ တထာဝ ပါပိယော၊
ယော ဥတ္တမော အဓမ္မဇနူပသေဝီ။
ပဿုတ္တမံ အဓမ္မ-ဇနူပသေဝိံ တံ၊မိဂါဓိပံသရဝေဂနိဒ္ဓုတံ။ ။

ဟူသောဂါထာတို့ကိုအစဉ်သဖြင့်ဆိုကုန်၏။ ။

(၉၉၉-၁၀၀၂) ပါပဇနသံသေဝီ၊ယုတ်မာသောအဆွေခင်ပွန်းကိုမှီဝဲသောသူသည်။အတ္ထ နဲ့သုခံ၊စင်စစ်ချမ်းသာကို။နဓိဂစ္ဆတိ၊မရ။ အရိယဿ၊မြေခွေး၏။အနုသာသနီ၊အဆုံးအမကိုယူ၍။သေမာနံ၊အိပ်သော။ မနောဇံ၊မနောဇကို။ပဿ၊ရှုပါလော့။ ။ပါပသမ္ပဝင်္ကေန၊ယုတ်မာသောအဆွေခင်ပွန်းကိုမှီဝဲခြင်းကြောင့်။ မာတာ၊အမိသည်။ ပုတ္တေန၊သားဖြင့်။ဝါ၊သားကို။နနန္ဒတိ၊ မနှစ်သက်ရ။သမှိလောဟိတေ၊မိမိသွေး၌။အဋ္ဌန္နံနိမုဂ္ဂံ၊ ကျုံ့ပုပ်နစ်မွန်းလျက်။ သေမာနံ၊အိပ်ရသော။ မနောဇံ၊မနောဇကို။ပဿ၊ရှုပါလော့။ ။ယောပေါသော၊အကြင်ယောကျ်ားသည်။ဝေ၊စင်စစ်။အတ္ထဒဿိနံ၊အကျိုးကိုမြင်ကုန်လျက်။ဟိတာနံဟိတကာမာနံ၊အစီးအပွါးကိုအလိုရှိကုန်သောသူတို့၏။ ဝစနံ၊စကားကို။ နကရောတိ၊နားမထောင်မလိုက်နာ။ သောပေါသော၊ထိုယောကျ်ားသည်။ ဧဝံ၊ဤသို့သေခြင်းဆင်းရဲသို့။အာပဇ္ဇတေ၊ရောက်ရ၏။ပါပိယောစပါပတ္တ၊ ပါဏာတိပါတစသောမကောင်းမှုကိုလည်း။နိဂစ္ဆတိပိနိဂ္ဆတိ၊ရလေ၏။ ။ဥတ္တမော၊မြတ်သော။ယောပုရိသော အကြင်ယောကျ်ားသည်။ အဓမ္မဇနူပသေဝီ၊ယုတ် မာသော အကျင့် ရှိသော သူကို မှီဝဲ၏။ သော ပုရိသော၊ ထိုယောကျ်ားသည်။ ဧဝဉ္စ၊ဤသို့ဆင်းရဲခြင်းသို့လည်း။ ဟောတိ၊ရောက်၏။တထာစ၊ ထိုဟိတကာမဖြစ်သောသူ၏စကားကို နားမထောင် သည့်အောက်လည်း။ ပါပိယောပါပတရော၊အထူးသဖြင့်ယုတ်မာ၏။ ဥတ္တမံ၊သရီရဗလဖြင့် မိမိအကြီး အမြတ်ဖြစ်လျက်။ အဓမ္မဇနူပသေဝိံ၊ ယုတ်မာသောအကျင့်ရှိသောသူကိုမှီဝဲသော။သရဝေဂနိဒ္ဓုတံ၊မြားဖြင့် အဟုန်သည်ဘောက်ထွင်းသော။တံမိဂါဓိပံ၊ထိုမနောဇခြင်္သေ့ကို။ပဿ၊ ရှုပါလော့။ ။

ဘုရားဖြစ်တော်မူပြီး၍။ ။

(၁၀၀၃) နိဟီယတိ ပုရိသော နိဟီန-သေဝီ၊
နစ ဟာယေထ ကဒါစိ တု-လျသေဝီ။
သေဋ္ဌမုပနမံ ဥဒေတိ ခိပ္ပံ၊ တသ္မာ တွနော ဥတ္တရိတရံ ဘဇေထ။
ဟူသောအဆုံးဖြစ်သောဂါထာကိုဟောတော်မူ၏။ ။

(၁၀၀၃) ဘိက္ခဝေ၊ ရဟန်းတို့။ နိဟီနသေဝီ၊ ယုတ်မာသောသူကိုမှီဝဲသော။ ပုရိသော၊ ယောကျာ်းသည်။ နိဟီယတိ၊ ယုတ်မာ၏။ တုလျသေဝီ၊ တူ သောသူကိုမှီဝဲသော။ ပုရိသော၊ ယောကျာ်းသည်။ ကဒါစိ၊ တတဆစ်၌။ နစဟာယေထ၊ မယုတ်မာ။ သေဋ္ဌံ၊ မြတ်သောသူကို။ ဥပဂမံ၊ ဥပဂစ္ဆန္တော၊ ဆည်းကပ်သောသူသည်။ ခိပ္ပံ၊ လျင်စွာ။ ဥဒေတိ၊ သီလအစရှိသောကျေးဇူးတို့ဖြင့် တက်ပွါးခြင်းသို့ရောက်၏။ တသ္မာ၊ ထို့ကြောင့်။ အတ္တနော၊ မိမိထက်။ ဥတ္တရိတရံ၊ လွန်မြတ်သောသူကို။ ဘဇေထ၊ ဆည်းကပ်မှီဝဲကြကုန်လော့။ ။(သုခမေဓတိ၌။ ဓေရမ္ဗုယံလာဘော။ ။အရိယဿာနုသာသနီကားကဲ့ရဲ့လို၍ဆိုသတည်း။ မာတာပုတ္တောနန္ဒတိ၌ နန္ဒ ဓာတ်။ နန္ဒတိပုတ္တေဟိပုတ္တိမာကဲ့သို့ နန္ဒဓာတ်၏အဃှဉ်တတိယာနေမြဲ တည်း။ ပါပိယော၊ စနိဂ္ဂတိတိပါပဋ္ဌိပိန္တတိ။(အဋ္ဌကထာ)။ ပါပိယောကိုပါပံဘွင့်သည်။ နိဂ္ဂတိကိုဝိန္တတိဘွင့်သည်။ ဇူပစ္စည်းအနက်မရှိ။ ပဒမာလည်းကံအနက်၌သက်သည်။ နိဇှေးရှိသော ဂမုဓာတ်လည်း ရခြင်းအနက်ကိုဟောသည်ဟုပြသည်။ သသံယောဂဝိသံယောဂအားဖြင့်အနက်ကွဲသည်ကားရာဇာပုရာနိဂ္ဂ ဇ္ဆတိ၌ထွက်ခြင်းအနက်ကိုဟောသည်။ ယသံပေါသောနိဂ္ဂစ္ဆတိ၌ရခြင်းအနက်ကို ဟောသည်မှတ်။ တတော စပါပိယော၌ပါပိဟောတိ ပါပကရောဘွင့်သည်ကား တောင်သူဖျောနံထစ်မမှတ်ရာ။ အရာသွဲ၍အနက်ကွဲသည်ကိုသိစေသည်။ ။အဓမ္မဇန္တူပသေဝိတံ၌ဝိထက်နိဂ္ဂဟိတ်ကျသည်)။ ။မနောဇဇာတကံ ဒုတိယံ။ ၃၉၇။

---

၃၉၈-သုတနဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်။ ရာဇာတောဘတ္တံ, အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော၍သုတနဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ အမိကိုလုပ်ကျွေးသောရဟန်းကိုအကြောင်းပြု၍ ဟောတော်မူ၏။ ။

ဘုရားလောင်းသည်သစ်ပင်၏ အနီးသို့သွား၍ သန်လျက်ဦးဖြင့်ထ
မင်းခွက်ကိုအရိပ်အတွင်း၌ထား၍အရိပ်အစွန်း၌ရပ်လျက်။ ။

(၁၀၀၄) ရာဇာ တေ ဘတ္တံ ပါဟေသိ၊ သုစိံ မံသူပသေစနံ။
မာဃဒေဝသ္မိံ အဓိဝတ္ထော၊ ဧဟိ နိက္ခမ ဘုဉ္ဇဿု။ ။

ဟူသောဤပဌမဂါထာကိုဆို၏။ ။
(၁၀၀၄) မာဃဒေဝသ္မိံ၊ပလ္လောင်ပင်၌။အဓိဝတ္ထော၊စောင့်သောနတ်။
တေ၊သင်တို့။ရာဇာ၊မင်းသည်။သုစိံ၊စင်ကြယ်သော။မံသူပသေစနံ၊သား
ဖွမ်းဖြစ်သော။ဘတ္တံ၊ထမင်းကို။ပါဟေသိ၊ပို့စေ၏။ ဧဟိ၊လာလော့။နိက္ခ
မ၊ထွက်လော့။ဘုဉ္ဇဿု၊စားလော့။ ။
ဤစကားကိုကြား၍ဘီလူးသည်လှည့်စား၍အရိပ်တွင်းသို့ဝင်သော
ဤယောက်ျားကိုစားအံ့ဟုကြံ၍။ ။
(၁၀၀၅) ဧဟိ မာဏဝ ဩရေန၊ ဘိက္ခမာဒါယ သူပိနံ။
တွဉ္စ မာဏဝ ဘက္ခာဝ၊ ဥဘော ဘက္ခာ ဘဝိဿထ။ ။
ဟူသောဤဒုတိယဂါထာကိုဆို၏။ ။
(၁၀၀၅) မာဏဝ၊လုလင်။ သူပိနံ သူပပန္နံ၊ဟင်းလျာနှင့်ပြည့်စုံသော။
ဘိက္ခံ၊ငါ့အားအမြဲဝတ်တည်သောထမင်းကို။ အာဒါယ၊ယူ၍။ ဩရေန၊
ဤမှာဘက်သို့။ဧဟိ၊လာလော့။ မာဏဝ၊လုလင်။တွဉ္စ၊သင်သည်လည်း။
ဘက္ခာဝ၊ ငါ့အစာပင် မဟုတ်လော။ ဥဘော၊ထမင်းနှင့်သင်နှစ်ပါးတို့
သည်။ဘက္ခာ၊ငါ့အစာတို့ချည်းသည်။ဘဝိဿထ၊ဖြစ်ကုန်လတ္တံ့။ ။
-ထိုစကားကိုကြား၍ဘုရားလောင်းသည်။ ။

(၁၀၀၆) အပ္ပကေန တုဝံ ယက္ခ၊ ထုလ္လမတ္ထံ ဇဟိဿသိ။
ဘိက္ခံ တေ နာဟရိဿန္တိ၊ ဇနာ မရဏ-သညိနော။ ။
(၁၀၀၇) လဒ္ဓါယ ယက္ခာ တဝ နိစ္စ-ဘိက္ခံ၊
သုစိံ ပဏီတံ ရသသာ ဥပေတံ။
ဘိက္ခဉ္စ တေ အာဟရိယော နရော ဣဓ၊
သုဒုလ္လဘော ဟေဟိတိ ဘက္ခိတေ မယိ။ ။

ဟူသောဤနှစ်ဂါထာတို့ကိုဆို၏။ ။
(၁၀၀၆-၁၀၀၇)ယက္ခ၊ဘီလူး။တုဝံ၊သင်သည်။အပ္ပကေန၊အနည်းငယ်
သောအကြောင်းဖြင့်။ထုလ္လံ၊ကြီးစွာသော။အတ္ထံ၊အကျိုးကို။ဇဟိဿသိ၊

ဖွန့်ရလတ္တံ့။ ဇနာ၊လူတို့သည်။ မရဏာသညီနေ၊သော်ကြောင့်အမှတ်ရှိကုန်သည်ဖြစ်၍။တော၊သင်အား။ဘိက္ခု၊ထမင်းကို။နာဟာရီဿ နိ၊မပို့မဆောင်ကုန်လတ္တံ့၊အထ၊ထိုသို့မပို့မဆောင်သည့်ရှိသော်။တွံ၊သင်သည်။ မိလာတသာခေါ၊ညှိုးနွမ်းသော အခက်အလက်ရှိသော။ ရုက္ခောပိယာ၊သစ်ပင်ကဲ့သို့။ နိရာဟာရော၊အစာကင်းသည်ဖြစ်၍။ဒုဗ္ဗလော၊အားနည်းသည်။ ဘဝိဿသိ၊ဖြစ်လတ္တံ့။ ။ယက္ခ၊ဘီလူး။အဟံ၊ငါသည်။အစ္ဆ၊ယနေ့၊သုဗိ၊စင်ကြယ်သော။ ပဏီတံ၊မြတ်သော။ ရသသာ၊အရသာနှင့်။ဥပေတံ၊ပြည့်စုံသော။တဝ၊သင်၏။နိစ္စဘိက္ခံ၊အမြဲဝတ်တည်သော၍အစါထမင်းကို။ အာဟရိံ၊ဆောင်ခဲ့ပြီ။ လဒ္ဓါယံလဒ္ဓအာဂမနံ၊ရအပ်သော လာခွင့်သွားခွင့်ရှိသည်။ ဘိယာ၊ဖြစ်မှုကား။ သာနိစ္စဘိက္ခာ၊ထိုအမြဲဝတ်တည်သောသင်၏အစာထမင်းသည်။ဒေဝသိကံ၊နေ့တိုင်းနေ့တိုင်း။ တော၊သင်အား။အာဂန္တွ သတိ၊ရောက်လာလတ္တံ့။တွံ၊သင်သည်။ဇာဒံဘိက္ခံ၊၏သင်၏အစါကို။ဂဟေတွာ၊ယူ၍။အါဂတံ၊လာသော။မံ၊ငါ့ကို။သစောဘက္ခိဿသိ၊အကယ်၍ စားလတ္တံ့။ (ထည့်)။ တယာ၊သင်သည်။မယိ၊ငါသို့သသူပညာထုသော လူသမ္မာကို။ ဘက္ခိတေ၊စားသည့်ရှိသော်။ တော၊သင်၏။ ဘိက္ခခ္ခု၊ထမင်းကိုလည်း။ အာဟရိယောဟာရဏာကော၊ဆောင်ဝံ့သော။အညော၊ငါမှတပါးသော။နရော၊လူသည်။ဇာခ၊၍လူ့ရှာ၌။ သုဒုလ္လဘော၊အလွန်ပင်ရခဲသည်။ဟောဟိတိ၊ဖြစ်လတ္တံ့။ ။

အဘဲ့ကြောင့်ဖြစ်လတ္တံ့နည်းဟူမူကား။ ဗာရာဏသီပြည်၌ငါနှင့်တူသောပညာရှိသောသူမည်သည်မရှိ။ ငါ့ကိုစားသည့်ရှိသော်၊ သုတနကိုစဉ်လျက်လည်း ဘီလူးသည်စားအပ်၏။ တပါးသော တစုံတယောက်သောသူအား ထိုဘီလူးသည်အဘယ်မှာရှက်လတ္တံ့နည်းဟု ထမင်းပို့အံ့သောသူကိုမရလတ္တံ့။ ထိုသို့ဖြစ်သည့်ရှိသော် သင်အား ၍နေ့မှစ၍ထမင်းကိုရခဲသည်ဖြစ်လတ္တံ့။ ငါတို့၏မင်းကိုလည်း ဘမ်းအံ့သော၄ါ မရလတ္တံ့။ အဘဲ့ကြောင့်နည်းဟူမူကား။ သစ်ပင်မှ အပဖြစ်သောကြောင့်တည်း။ ၍ထမင်းကိုစား၍ ငါ့ကိုအကယ်၍လွှတ်လိုက်အံ့။ ငါသည်မင်းအားပြောဆို၍ အမြဲဖြစ်သောထမင်းကို ပို့လာစေအံ့။ သင်အား ငါ့ကိုလည်းစားအံ့သော၄ါမပေးလတ္တံ့။ငါသည် သင်၏ဥစ္စာဖြစ်သောအရိပ်၌မရပ်ခြေနင်းတို့၌ရပ်၏။ သင်၏သစ်ပင်ရိပ်၌လည်းမရပ်။ တင်းရိပ်၌လျှင်ရပ်၏။ ငါနှင့်တကွအကယ်၍စစ်ထိုးအံ့၊သင့်ကိုသန်လျက်ဖြင့်နှစ်ပိုင်းဖြတ်

ဒုံ။ငါသည့်ထိုအကျိုး၌ါလျှင် စိရင်၍လာ၏ဟု ဘိလူးကိုဘုရားလောင်းသည်ပြိမ်းခြောက်၏။ ။

ဘိလူးသည်လုလင်သည်သင့်သောသဘောကိုဆို၏ဟုမှတ်၍ ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍။ ။

(၁၀၀၇)မမေဝ သုတနော အဇ္ဈော၊ယာထာ ဘာသသိ မာဏဝ။
မယာ တွံ သမနုညာတော၊သောတ္ထိံ ပဿာဟိ မာတရံ။
(၁၀၀၈) ခဂ္ဂံ ဆတ္တဉ္စ ပါတိဉ္စ၊ဂစ္ဆမာဒါယ မာဏဝ။
သောတ္ထိံ ပဿတု တေ မာတာ၊တွဉ္စ ပဿာဟိ မာတရံ။

ဟူသော၌နှစ်ဂါထာတို့ကိုဆို၏။ ။

(၁၀၀၇-၁၀၀၈) သုတနော၊သုတနမည်သော။မာဏဝ၊မောင်လုလင်။တွံ၊သင်သည်။ယထာ၊အကြင်အခြင်းအရာဖြင့်။ဘာသသိ၊ဆို၏။ တထာ၊ထိုသို့ဆိုသော အခြင်း အရာဖြင့်။ ဘာသိတော၊ သင်ဆို အပ်သော။အဇ္ဈော၊၍အကျိုးသည်။မမေဝ၊ငါ၏သာလျှင်။ အဇ္ဈော၊အကျိုးစီးပွါးပေပင်တည်း။မယာ၊ငါသည်။ တွံ၊သင့်ကို။ အနုညာတော။ခွင့်ပြုအပ်၏။သောတ္ထိံ၊ချမ်းသာစွာ။မာတရံ၊အမိကို။ပဿာဟိ၊ရှုလေလော့။ ။မာဏဝ၊မောင်လုလင်။ခဂ္ဂဉ္စ၊ သန်လျက်ကိုရင်း။ ဆတ္တဉ္စ၊ မင်းထိုက်ထီးဖြူကိုရင်း။ပါတိဉ္စ၊မင်းထိုက်ရွှေလင်ပန်းကိုရင်း။အာဒါယ၊ယူ၍။ဂစ္ဆ၊သွားလေလော့။တေ၊သင်၏။မာတာ၊အမိသည်။သောတ္ထိံ၊မထိဘေးဘျမ်းချမ်းချမ်းသာသာရောက်လာသောသင့်ကို။ပဿတု၊ ဝမ်းမြောက်ဝမ်းသာရှုပါစေသတည်း။တွဉ္စ၊သင်သည်လည်း။မာတရံ၊မယ်တော်ကို။ပဿာဟိ၊ဝမ်းမြောက်ဝမ်းသာရှုပါလေလော့။ ။

ဘိလူးစကားကိုကြား၍ ဘုရားလောင်းသည် ငါ၏အမှုသည် ပြီးပြီ။ငါသည်ဘိလူးကိုဆုံးမအပ်ပြီ။များစွာသောဥစ္စာကိုလည်းရအပ်ပြီ။မင်း၏စကားကိုပြုအပ်ပြီဟုနှစ်သက်သောစိတ်ရှိသည်ဖြစ်၍ ဘိလူးအား အနုမောဒနာပြုလိုရကား။ ။

(၁၀၁၀) ဧဝံ ယက္ခ သုခီ ဟောဟိ၊သဟ သဗ္ဗေဟိ ဉာတိဘိ။
ဓနဉ္စ မေ အဓိဂတံ၊ရညော စ ဝစနံ ကတံ။ ။

ဟူသော၌သြသာနဂါထာကိုဆို၏။ ။

(၁၀၁၀) ယက္ခ၊ဘိလူး။မေ၊ငါသည်။ဓနဉ္စ၊ဥစ္စာကိုလည်း။ အဓိဂတံ၊ရအပ်ပြီ။ရညော၊မင်း၏။ဝစနဉ္စ၊စကားကိုလည်း။ကတံ၊ပြုအပ်ပြီ။ ဧဝံတ

ထာ၊ထိုအတူ။ တွံ၊သင်သည်။ သဗ္ဗေဟိ၊ခပ်သိမ်းကုန်သော။ ဉာတိဘိ၊ဆွေမျိုးတို့နှင့်။ သဟ၊တကွ။ သုခီ၊ချမ်းသာခြင်းရှိသည်။ ဟောဟိ၊ဖြစ်လော့။ ။(မာဃဒေဝ္ဗိန္တိ ဝနရုက္ခေဒေဝတွတိ,ဟု-အဋ္ဌကထာရှိသော ကြောင့်ပညောင်ပင်၌ဟု အနက်ပေးသည်။ အဓိဝတ္ထေ၌ အဓိပုဗ္ဗဝသဓာတ်၊တပစ္စည်း၊ကိုဥတ္တပြု၍အဓိဝုတ္ထဆိုလိုလျက်ဆတွေအဓိဝတ္ထာဒေဝတာကဲ့သို့ ဥကိုအပြု၍အဓိဝတ္ထရှိသည်။သူပိန္တိ သူပသမ္ဗန္ဓံ,အဋ္ဌကထာရှိ၍သူပံဇတိသာအတ္ထိတိသူပီပြု။အံပိဘတ်ကိုနံရေး၍ဤကိုလည်းရသာပြု၍သူပိနံရှိသည်။ လဒ္ဓါယန္တိ လဒ္ဓအာယံလဒ္ဓါဂမနံ,အဋ္ဌကထာရှိ၍။ ရအပ်သောလာခွင့်သွားခွင့်ရှိသည်ဟုအနက်ပေးသည်။ယထက်နိဂ္ဂဟိတ်ကိုချေ၍လဒ္ဓါယနေသည်။ အကာရပိတာဈဋ္ဌာနမာ၊ဟူသောသုတ်ဖြင့်ဂန္ဓောင်းရောအာပြု၍ယက္ခာနေမှဆန်းသင့်သည်။ အာကာရောဝါသုတ်ဖြင့်အာကိုရဿပြုပြန်သော်ဆန်းမချော်။ ပဏီတံ၌ဤဒိဃ။ အာဟရိယောတိအာဟာရဏောကောဘွင့်၍ဏာပစ္စည်းကဏ္ဍားဟောသိသာသဉ်။သုတနောတိဗောဓိသတ္တံအာလပတိ,ဟု-အဋ္ဌကထာရှိ၍။သုတနော၊သုတနမဉ်သော။မာဏဝ၊မောင်လုလင်ဟု အာလုပ်ထင်အောင်ပေးသည်။ အာလုပ်ဖြစ်၍သုတနလိုလျက်ဆန်းကိုလို၍အာကိုညွှဲရေးသည်)။ ။သုတနဇာတကံ တတိယံ။၃၉၈။

၃၉၉-ဂိဇ္ဈဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ဇေတဝံနူကရိယန္တိ,အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော၍ ဂိဇ္ဈဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ အမိကိုမွေးသော ရဟန်းတပါးကို အကြောင်းပြု၍ ဟောတော်မူ၏။ ။

ထိုအခါတနေ့သ၌ ဘုရားလောင်းသည် ဗ္ဗ ၁းသားအစရှိသည့်တို့ကိုရှာလျက်သုသာန်သို့ဝင်သည်ရှိသော် ကျော့ကွင်း၌မိ၍ မိမိအကျိုး၌ါမအောက်မေ့။ကြီးကုန်သောယုတ်သောမျက်စိရှိကုန်သောမိဘတို့ကိုသါအောက်မေ့၍ငါ၏ မိဘတို့သည် အသို့လျှင်မျှကုန်လတ္တံ့နည်း။ ငါ့အားကျော့ကွင်းမိသည့်၏အဖြစ်ကိုလည်းမသိကုန်။ ကိုးကွယ်ရာအထောက်

အပုံမရှိကုန်သည်ဖြစ်၍တောင်လိုဏ်ခွင်လျှင်ခြောက်၍ သေကုန်ယောင်တကားဟုမြည်တမ်းလိုရကား။ ။

(၁၀၁၁) တေ ကထံ နု ကရိဿန္တိ၊ ဝုဍ္ဎါ ဂိရိ-ဒရိသယာ။
အဟံ ဗန္ဓော-သွိပါသေန၊ နိလီယဿ ဝသံ ဂတော။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၁၀၁၁) အဟံ၊ငါ့ကို။ ပါသေန၊ကျော့ကွင်းသည်။ ဗန္ဓော၊ ဘွဲ့အပ်သည်။ဝါ၊မိသည်။ အသွိ၊ဖြစ်၏။အဟံ၊ငါသည်။ နိလီယဿ၊နိလီယမည်သောမုဆိုး၏။ဝသံ၊နိုင်ငံသို့။ဂတော၊လိုက်ရ၏။ဝုဍ္ဎါ၊ကြီးကုန်သော။ဂိရိဒရိသယာ၊တောင်လိုဏ်ခွ်နေကုန်သော။ တေ၊ထိုမိဘတို့သည်။ ကထံနု၊အသို့လျှင်။ကရိဿန္တိ၊ပြုကုန်လတ္တံ့နည်း။ ။

ထိုအခါမုဆိုးသည်လင်းတမင်း၏ငိုကြွေးသံကိုကြား၍။ ။

(၁၀၁၂) ကိံ ဂိဇ္ဈ ပရိဒေဝေသိ၊ကာ နု တေ ပရိဒေဝနာ။
န မေ ဒိဋ္ဌံ ဝါ သုတံ ဝါ၊ဘာသန္တော မာနုသိံ ဒိဇော။ ။

ဟူသော၍ဒုတိယဂါထာကိုဆို၏။ ။

(၁၀၁၂) ဂိဇ္ဈ၊လင်းတ။တွံ၊သင်သည်။ကိံ၊အဘယ်ကို။ပရိဒေဝေသိ၊ငိုကြွေးမြည်တမ်းသနည်း။ တေ၊သင်၏။ ပရိဒေဝနာ၊ငိုကြွေးမြည်တမ်းခြင်းသည်။ကာ နု၊အသို့နည်း။ မာနုသိံ၊လူတို့၏စကားကို။ ဘာသန္တော၊ဆိုသော။ဒိဇော၊ငှက်သည်။ အတ္ထိတိ၊ရှိ၏ဟူ၍။ မေ၊ငါသည်။နသုတံဝါ၊အဆင့်စကားလည်းမကြားစဘူး။ နဒိဋ္ဌံဝါ၊ပစ္စက္ခလည်း မတွေ့မမြင်စဘူးခဲ့။ ။

ထိုနောင်မှလင်းတသည်။ ။

(၁၀၁၃) ဘရာမိ မာတာ-ပိတရော၊ဝုဍ္ဎေ ဂိရိ-ဒရီသယေ။
တေ ကထံ နု ကရိဿန္တိ၊အဟံ ဝသံ ဂတော တဝ။ ။

ဟူသော၍တတိယဂါထာကိုဆို၏။ ။

(၁၀၁၃) နေသာဒ၊မုဆိုး။အဟံ၊ငါသည်။ ဝုဍ္ဎေ၊ကြီးကုန်သော။ဂိရိဒရီသယေ၊တောင်လိုဏ်ခွ်နေကုန်သော။ မာတာပိတရော၊မိဘတို့ကို။ ဘရာမိ၊မွေး၏။အဟံ၊ငါသည်။ တဝ၊သင်၏။ ဝသံ၊နိုင်ငံသို့။ ဂတော၊လိုက်ရသည်ရှိသော်။တေ၊ထိုမိဘတို့သည်။ ကထံနု၊အသို့လျှင်။ ကရိဿန္တိ၊ပြုကုန်လတ္တံ့နည်း။ ။

ထိုနောင်မှမုဆိုးသည်။ ။

(၁၀၁၄) ယံ နု ဂိဇ္ဈော ယောဇနံ-သတံ၊ ကုဏပါနိ အဝေက္ခတိ။
ကသ္မာ ဇာလဉ္စ ပါသဉ္စ၊ အာသဇ္ဇာပိ န ဗုဇ္ဈသိ။ ။

ဟူသော ဤစတုတ္ထဂါထာကိုဆို၏။ ။
(၁၀၁၄) ဘောဂိဇ္ဈ၊ ဝေးယူဇနာ၊ ချင့်တရောက၊ အစါသားတစ်၊ ရှိသည်ဖြစ်ကို၊ တစ်တစ်ထင်ထင်၊ ရှုနိုင်မြင်လျက်၊ ညွတ်တွင်မိရ၊ အိုလင်းတ။ ဂိဇ္ဈော နုပိဇ္ဈောနာမ၊ လင်းတမည်သည်ကား။ ယောဇနသတံ၊ ယူဇနာတရာကို အတိက္ကမိတွာ၊ လွန်၍။ ဌိတာနိ၊ တည်ကုန်သော။ ကုဏပါနိ၊ အစာသား ကောင်တို့ကို။ အဝေက္ခတိ၊ မြင်နိုင်၏ဟု။ ယံဝစနံ၊ အကြင်စကားကို။ လော ကေ၊ လောက၌။ ကထိယတိ၊ ဆိုအပ်၏။ တံဝစနံ၊ ထိုစကားသည်။ ယဒိ သစ္စံ၊ အကယ်၍ မှန်သည်ဖြစ်အံ့။ အထ၊ ထိုသို့ဖြစ်လျက်။ တွံ၊ သင်သည်။ အတ္တနော၊ မိမိ၏။ အတ္ထာယ၊ အကျိုးငှါ။ ဩဍ္ဍိတံ၊ ထောင်အပ်သော။ ဇာ လဉ္စ၊ ပိုက်သို့ရင်း။ ပါသဉ္စ၊ ကျော့ကွင်းသို့ရင်း။ အာသဇ္ဇာပိ၊ ရောက်၍ လည်း။ ကသ္မာ၊ အဘယ့်ကြောင့်။ နဗုဇ္ဈသိ၊ မသိဘိသနည်း။ ။
ထိုနောင်မှလင်းတသည်။ ။

(၁၀၁၅) ယဒါ ပရာဘဝေါ ဟောတိ၊ ပေါသော ဇီဝိတ-သင်္ခယေ။
အထ ဇာလဉ္စ ပါသဉ္စ၊ အာသဇ္ဇာပိ န ဗုဇ္ဈတိ။ ။

ဟူသော ဤပဉ္စမဂါထာကိုဆို၏။ ။

(၁၀၁၅) နေသာဒ၊ သားငှက်အရတ်ကို ချတ်လှိုးဖျက်၍အသက်မွေး သောမောင်မုဆိုး။ ယဒါ၊ အကြင်အခါ၌။ ပေါသော၊ သတ္တဝါသည်။ ဇီဝိတ သင်္ခယေ၊ အသက်ကုန်ခန်းသောအခါသည်။ ပတ္တော၊ ရောက်လတ်သော်။ ပ ရာဘဝေါ၊ ပျက်စီးလိုသည်။ ဟောတိ၊ ဖြစ်၏။ အထ၊ ထိုအခါ၌။ သော ပေါ သော၊ ထိုပျက်စီးလိုသောသတ္တဝါသည်။ အတ္တနော၊ မိမိ၏။ အတ္ထာယ၊ အ ကျိုးငှါ။ ဩဍ္ဍိတံ၊ ထောင်အပ်သော။ ဇာလဉ္စ၊ ပိုက်သို့ရင်း။ ပါသဉ္စ၊ ကျော့ ကွင်းသို့ရင်း။ အာသဇ္ဇာပိ၊ ရောက်၍လည်း။ နဗုဇ္ဈတိ၊ မသိ။ ။

မုဆိုးသည် ဘုရားလောင်း၏တရားစကားကိုနာရ၍ ပညာရှိသော လင်းတသည်ပိုကြွေးသော်လည်း မိမိအကျိုးငှါမပိုကြွေး၊ မိဘတို့၏အ ကျိုးငှါသာပိုကြွေး၏။ ဤလင်းတမင်းကိုသတ်အံ့သောငှါမသင့်ဟု လင်း တမင်းအားနှစ်သက်၍။ ။

(၁၀၁၆) ဘရဿု မာတာ-ပိတရော၊ဗုဒ္ဓေ ဂိရိ-ဒရီသယေ။
မယာ တွံ သမနုညာတော၊သောတ္ထိံ ပဿာဟိ ဉာတကေ။
ဟူသော ဤဆဋ္ဌဂါထာကိုဆို၏။ ။

(၁၀၁၆) ဂိဇ္ဈရာဇ၊လင်းတမင်း။တွံ၊သင်သည်။ဗုဒ္ဓေ၊ကြီးကုန်သော။ ဂိရိဒရီသယေ၊တောင်လိုဏ်၌နေကုန်သော၊ မာတာပိတရော၊မိဘတို့ကို။ ဘရဿု၊ မွေးလေလော့၊ မယာ၊ငါသည်။သမနုညာတော၊ခွင့်လွှတ်အပ်သော။တွံ၊သင်သည်။ ဉာတကေ၊ဆွေမျိုးတို့ကို။ သောတ္ထိံ၊ချမ်းသာစွာ။ ပဿာဟိ၊ရှုလေလော့။ ။

ဤသို့ဆို၍ချစ်စွာသောစိတ် နူးညံ့သောစိတ်ဖြင့်ကျော့ကွင်းကိုဖြေ၍။ သေမင်းခံတွင်းမှလွတ်၍ ချမ်းသာခြင်းရှိသော ဘုရားလောင်းသည် မူဆိုးအားအနုမောဒနာပြုလို၍။ ။

(၁၀၁၇) ဧဝံ လုဒ္ဒက နန္ဒဿု၊သဟ သဗ္ဗေဟိ ဉာတိဘိ။
ဘရိဿံ မာတာ-ပိတရော၊ဗုဒ္ဓေ ဂိရိ-ဒရီသယေ။ ။
ဟူသော သတ္တမဂါထာကိုဆို၏။ ။

(၁၀၁၇) လုဒ္ဒက၊မုဆိုး။ ဧဝံ၊ ဤသို့ ငါ့သေမင်းခံတွင်းမှ ထွက်၍ နှစ်သက်သည်အတူ။တွံ၊သင်သည်လည်း။သဗ္ဗေဟိ၊ခပ်သိမ်းကုန်သော။ဉာတိဘိ၊ဆွေမျိုးတို့နှင့်။ သဟ၊တကွ။ နန္ဒဿု၊နှစ်သက်လေလော့။အဟံ၊ငါသည်။ ဗုဒ္ဓေ၊ကြီးရင့်အိုမင်းကုန်သော။ ဂိရိဒရီသယေ၊ တောင်လိုဏ်၌နေကုန်သော။မာတာပိတရော၊မိဘတို့ကို။ဘရိဿံ၊မွေးပါအံ့။ ။

(ဝဒ္ဓပုဒ်ရင်း၊ဝကိုဗပြု၍ဗုဒ္ဓနေသည်။ သင့်သည်ချည်း)။ ။ဂိဇ္ဈဇာတကံ စတုတ္ထံ။၃၉၉။

---

၄၀၀-ဒဗ္ဗပုပ္ဖဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ အနုတီရစာရိဘဒ္ဒနွေ့,အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော ဤဒဗ္ဗပုပ္ဖဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်၊ သာကီဝင်မင်းသားဖြစ်သော ဥပနန်မထေရ်ကို အကြောင်းပြု၍ဟောတော်မူ၏။ ။

နှစ်ခုကုန်သောဖျံတို့တွင်ရေနက်သို့သွားသောဖျံသည် ကြီးစွာသော ငါးကြင်းကိုမြင်၍လျင်စွာရေသို့ငုပ်၍အမြီး၌ကိုက်၏။အားကြီးသောငါး

သည်ငင်လျက်သွား၏။ရေနက်သို့သွားသောဖျံသည်၊အဆွေခင်ပွန်း၊ငါးသည်ကြီး၏။နှစ်ခုကုန်သောငါတို့အါးလောက်လတ္တံ့၊လာလော့၊ငါ၏အဘောဘ်ဖြစ်လော့ဟု မြစ်နားသို့လျှောက်၍သွားသော ဖျံနှင့်တကွ စကားပြောလိုရကား။ ။

(၁၀၁၈) အနုတီရ-စာရိ ဘဒ္ဒန္တေ၊သဟာယမနုဓာဝ မံ။
မဟာ မေ ရောဟိတော မန္တော၊သော မံ ဟရတိ ပေဂသာ။
ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၁၀၁၈) အနုတီရစာရိ၊ ကမ်းနားသို့ လျှောက်၍သွားသောဖျံ။ တော၊သင်အား။ဘဒ္ဒံ၊ကောင်းခြင်းသည်။ဟောတု၊ဖြစ်စေသတည်း။မေ၊ငါ၏။ရောဟိတောမန္တော၊ငါးကြင်းသည်။ မဟာ၊ကြီး၏။ သော၊ထိုငါးကြင်းသည်။မံ၊ငါ့ကို။ ဝေဂသာ၊အဟုန်ဖြင့်။ဟရတိ၊ဆောင်၏။ သဟာယ၊အဆွေ။မံ၊ငါ့ကို။အနုဓာဝ၊အပြေးနှိုက်ပိုင်၍ငင်လော့။ ။

ထိုစကားကိုကြား၍မြစ်နားသို့လျှောက်၍သွားသောဖျံသည်။ ။

(၁၀၁၉) ဂမ္ဘီရ-စာရိ ဘဒ္ဒန္တေ၊ဒဠှံ ဂဏှာဟိ ထာမသာ။
အဟံ တံ ဥဒ္ဓရိဿာမိ၊သုပဏ္ဏော ဥရဂါမိဝ။ ။
ဟူသောဒုတိယဂါထာကိုဆို၏။ ။

(၁၀၁၉) ဂမ္ဘီရစာရိ၊ရေနက်သို့သွားသောဖျံ။ တေ၊သင်အား။ ဘဒ္ဒံ၊ကောင်းခြင်းသည်။ ဟောတု၊ဖြစ်စေသတည်း။ ထာမသာ၊ အားကုန်ထုတ်သောအားဖြင့်။ ဒဠှံ၊မြဲစွာ။ ဂဏှာဟိ၊ကိုင်လော့။သုပဏ္ဏော၊ဂဠုန်သည်။ဥရဂံ၊နဂါးကို။ဥဒ္ဓရတိဣဝ၊ထုတ်သကဲ့သို့။အဟံ၊ငါသည်။တံ၊သင်ကို။ဥဒ္ဓရိဿာမိ၊ထုတ်အံ့။ ။

ထိုအခါထိုဖျံနှစ်ခုတို့သည်လည်းတပေါင်းထည်းဖြစ်ကုန်၍ငါးကြင်းကိုထုတ်၍ကမ်းနား၌ထား၍သတ်၍သင်ဝေလော့။ သင်ဝေလော့ဟုငြင်းခုံခြင်းကိုပြု၍ဝေအံ့သော်ငှါ မတတ်နိုင်သည်ရှိသော် ထား၍နေကြကုန်၏။ ထိုအခါမြေခွေးသည် ထိုအရပ်သို့ရောက်သည်ရှိသော် ဖျံတို့သည် မြေခွေးကိုမြင်၍ခရီးဦးကြိုဆို၍၊အဆွေမြေခွေး၊ ဤငါးကြင်းကိုငါတို့တပေါင်းထည်း ဖြစ်ကုန်၍ ထုတ်အပ်ကုန်၏။ ထိုငါးကိုဝေအံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ငါတို့အားငြင်းခုံခြင်းဖြစ်၏။ ငါတို့အားအဘို့ကိုတူမျှစွာဝေ၍ပေးပါလေလော့ဟုဆိုလို၍။ ။

(၁၀၂၀) ဝိဝါဒေါ နော သမုပ္ပန္နော၊ဒွေဇ္ဈပုပ္ဖ သုဏောဟိ မေ။
သမေဟိ မေဓဂံ သမ္မ၊ဝိဝါဒေါ ဂူပသမ္မတံ။ ။

ဟူသောဤတတိယဂါထာကိုဆို၏။ ။

(၁၀၂၀) သမ္မဒွေဇ္ဈပုပ္ဖ၊ သမန်းမြက်အပွင့်အဆင်းရှိသော အဆွေမြေ ခွေး။မေ၊ငါ၏။ဝစနံ၊စကားကို။သုဏောဟိ၊နာလေ့။ နော၊ငါတို့အား။ဝိ ဝါဒေါ၊ငြင်းခုံခြင်းသည်။ သမုပ္ပန္နော၊ဖြစ်၏။ မေဓဂံ၊ငြင်းခုံခြင်းကို။သ မေဟိ၊ငြိမ်းစေလော့။ဝိဝါဒေါ၊ငြင်းခုံခြင်းသည်။ ဂူပသမ္မတံဂူပသမ္မတု၊ ငြိမ်းစေသတည်း။ ။

ထိုစကားကိုကြား၍မြေခွေးသည်မိမိ၏အစွမ်းကိုပြလိုရကား။ ။

(၁၀၂၁) ဓမ္မဋ္ဌောဟံ ပုရေ အာသိံ၊ဗဟူ အဋ္ဋာ မေ တီရိတာ။
သမေမိ မေဓဂံ သမ္မ၊ဝိဝါဒေါ ဂူပသမ္မတံ။ ။

ဟူသောဤစတုတ္ထဂါထာကိုဆို၏။ ။

(၁၀၂၁) သမ္မ၊အဆွေဖျံ။အဟံ၊ငါသည်။ ပုရေ၊ရှေး၌။ ဓမ္မဋ္ဌော၊မင်း၏ တရားဆုံးဖြတ်သောအမတ်ကြီးသည်။ အာသိံ၊ဖြစ်ပြီ။ မေ၊ငါသည်။ဗ ဟူ၊များစွာကုန်သော။အဋ္ဋာ၊တရားတို့ကို။တီရိတာ၊ဆုံးဖြတ်အပ်ကုန်ပြီ။
(ထိုထိုပြာဟ္မဏဂဟပတိကတို့၏များစွာသောတရားတို့ကိုဆုံးဖြတ် ဘူးသောထိုငါသည် သင်တို့ကဲ့သို့သဘောရှိကုန်သော တူသောဇာတ် ရှိကုန်သောစတုပ္ပဒတို့၏တရားကို ဆုံးဖြတ်ခြင်း၌ အဘယ်မှာမတတ် နိုင်ဘဲရှိအံ့ဟူလိုသည်)။ ။အဟံ၊ငါသည်။ဝေါ၊သင်တို့၏။မေဓဂံ၊ငြင်း ခုံခြင်းကို။သမေမိ၊ငြိမ်းစေအံ့။ သမ္မ၊အဆွေဖျံ။မံ၊ငါ့ကို။ နိဿာယ၊မှီ၍။ ဟေမှာကံ၊သင်တို့၏။ ဝိဝါဒေါ၊ငြင်းခုံခြင်းသည်။ ဂူပသမ္မတံ ဂူပသမ္မတု၊ ငြိမ်းစေလော့။ ။

ဤဂါထာကိုဆို၍ဝေလိုရကား။ ။

(၁၀၂၂) အနုတီရ-စာရိ နင်္ဂုဋ္ဌံ၊သီသံ ဂမ္ဘီရ-စာရိနော။
အစ္စာယံ မဇ္ဈိမော ခဏ္ဍော၊ဓမ္မဋ္ဌဿ ဘဝိဿတိ။ ။

ဟူသောဤဂါထာကိုဆို၏။ ။

(၁၀၂၂) အနုတီရစာရိ၊ ကမ်းနားသို့လျှောက်သွားသောဖျံ။ တွံ၊သင် သည်။နင်္ဂုဋ္ဌံ၊အမြီးပိုင်းကို။ ဂဏှ၊ယူလော့။ သီသံ၊ ဦးခေါင်းပိုင်းသည်။ ဂမ္ဘီရစာရိနော၊ရေနက်သွားသောဖျံအား။ ဟောတု၊ဖြစ်စေ။ (အစ္စာယံ အဝိစအယံဖြစ်၏)။ အပိစ၊အမြီးပိုင်းခေါင်းပိုင်းမှတပါး။ အယံမဇ္ဈိမော

ခဏ္ဍော၊ ဤငါးကြင်းသားအလယ်ပိုင်းသည်။ တနည်း။ (အဋ္ဌာယံအတိဋ္ဌ အယံဖြတ်)။ အတိဋ္ဌအတိဏ္ဏဋ္ဌ၊ ဤအမြီးပိုင်းခေါင်းပိုင်းနှင့်ဘို့ကိုလွန်၍၊ ဋ္ဌိ တော၊ တည်သော။ အယံမဇ္ဈိမော ခဏ္ဍော၊ ဤငါးကြင်းသားအလယ်ပိုင်း သည်။ ဓမ္မဋ္ဌဿ၊ တရားသူကြီးငါမြေခွေးဘို့။ ဘဝိဿတိ၊ ဥာဏ်ပူဇော် ဖြစ်လတ္တံ့။ ။

ဤသို့ဆို၍ ငါးကိုဝေ၍သင်တို့သည် ငြင်းခုံခြင်းကိုမပြုမူ၍၊ အမြီးပိုင်း ကိုသင်၊ ခေါင်းပိုင်းကိုသင်၊ အသီးအသီးစားကြကုန်ဟုဆို၍ အလယ်ပိုင်း ကိုထိုဖျံတို့မြင်ကုန်စဉ် ချီ၍ပြေး၏။ ဖျံနှစ်ကောင်တို့သည် ဥဿာတထောင် ရှုံးသောယောက်ျားကဲ့သို့မျက်နှာမသာနေကြကုန်၏။ ။

(၁၀၂၃) စိရံပိ ဘက္ခော အဘဝိဿ၊ သစေ န ဝိဝဒေမသေ။
အ-သီသကံ -အနင်္ဂုဋ္ဌံ၊ သိင်္ဂါလော ဟရတိ ရောဟိတံ။

ဟူသော ဤဂါထာကိုဆိုကုန်၏။ ။

(၁၀၂၃) မယံ၊ ငါတို့သည်။ သစေ န ဝိဝဒေမသေ၊ အကယ်၍ငြင်းခုံခြင်း ကိုမပြုကုန်ငြားအံ့။ စိရံပိ၊ နှစ်ရက်သုံးရက်မြင့်ရှည်စွာလည်း။ ဘက္ခော၊ စား ရသည်။ အဘဝိဿ၊ ဖြစ်ရာ၏။ အသီသကံ၊ ခေါင်းရှိးမပါသော။ အနင်္ဂုဋ္ဌံ၊ မြီးထူးရှိးမပါသော။ ရောဟိတံ၊ အလယ်ဝမ်းပြင်းနှင့်တကွသော ငါး ကြင်းသားကို။ သိင်္ဂါလော၊ မြေခွေးသည်။ ဟရတိ၊ ဆောင်၏။ ။

မြေခွေးသည်လည်း၊ ယနေ့ငါ့မယားကို ငါးကြင်းသားစားစေအံ့ဟု နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ မြေခွေးမအထံသို့ သွား၏။ မြေခွေးမ သည်လည်းလာသောလင်ကိုမြင်၍နှစ်သက်သည်ဖြစ်၍။ ။

(၁၀၂၄) ယထာပိ ရာဇာ နန္ဒေယျ၊ ရဇ္ဇံ လဒ္ဓါန ခတ္တိယော။
ဧဝါဟမဇ္ဇ နန္ဒာမိ၊ ဒိသွာ ပုဏ္ဏ-မုခံ ပတိံ။ ။

ဟူသော ဤဂါထာကိုရွတ်ဆို၏။ ။

(၁၀၂၄) ခတ္တိယော၊ ရေမြေရှင်ဖြစ်သော။ ရာဇာ၊ မင်းသည်။ ရဇ္ဇံ၊ မင်း အဖြစ်ကို။ လဒ္ဓါန၊ ရ၍။ နန္ဒေယျ ယထာပိ၊ နှစ်သက်ရာ၏ သို့လည်း။ ဧဝံ၊ ဤအ တူ။ အဟံ၊ ငါသည်လည်း။ အဇ္ဇ၊ ယနေ့။ ပုဏ္ဏမုခံ၊ ခံတွင်းပြည့်သော။ ပတိံ၊ လင်ကို။ ဒိသွာ၊ မြင်၍။ နန္ဒာမိ၊ နှစ်သက်၏။ ။

ဤဂါထာကိုဆို၍ ရခြင်း၏အကြောင်းကိုမေးလိုရကား။ ။

(၁၀၂၅) ကထံနု ထလဇော သန္တော၊ ဥဒကေ မန္တံ ပရာမသိ။
ပုဋ္ဌော မေ သမ္ဗ အက္ခာဟိ၊ ကထံ အဓိဂတံ တယာ။ ။

ဟူသော ဤဂါထာကိုဆို၏။ ။

(၁၀၂၅) သမ္ဗ၊ ချစ်လင်။ ထလဇော၊ ကြည်း၌ပေါ်ဘွားသည်။ သန္တော၊ ဖြစ်လျက်။ ဥဒကေ၊ ရေ၌။ မန္တံ၊ ငါးကို။ ကထံနု၊ အဘယ်သို့လျှင်။ ပရာမသိ၊ ယူသနည်း။ ပုဋ္ဌော၊ မေးအပ်သော။ တွံ၊ သင်သည်။ မေ၊ ငါ့အား။ အက္ခာဟိ၊ ကြားဘိလော့။ ကထံ၊ အသို့မူ၍။ တယာ၊ သင်သည်။ အဓိဂတံ၊ ရဘိသနည်း။ ။

မြေခွေးဘိုသည်မြေခွေးမအားကြားလို၍။ ။

(၁၀၂၆) ဝိဝါဒေန ကိသာ ဟောန္တိ၊ ဝိဝါဒေန ဓနက္ခယာ။
ဇိနာ ဥဒ္ဒါ ဝိဝါဒေန၊ ဘုဉ္ဇ မာယာဝိ ရောဟိတံ။ ။

ဟူသော ဤဂါထာကိုဆို၏။ ။

(၁၀၂၆) ဘဒ္ဒေ၊ ရှင်မ။ ဇာမေသတ္တာ၊ ဤသတ္တဝါတို့သည်။ ဝိဝါဒေန၊ ငြင်းခုံခြင်းကြောင့်။ ကိသာ၊ ကြုံလှီကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဝိဝါဒေန၊ ငြင်းခုံခြင်းကြောင့်။ ဓနက္ခယာ၊ ဥစ္စာကုန်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဥဒ္ဒါ၊ ဖျံနှစ်ကောင်တို့သည်။ ဇာမံမစ္ဆံ၊ ဤငါးကြင်းသားကို။ ဇိနာ၊ ရှုံးရကုန်၏။ မာယာဝိ၊ မာယာဝိမည်သောရှင်မ။ ရောဟိတံ၊ ဤငါးကြင်းသားကို။ ဘုဉ္ဇ၊ စားလော့။ ။

ဤသို့အတိတ်ကိုဆောင်တော်မူ၍သဗ္ဗညုမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍။ ။

(၁၀၂၇) ဧဝမေဝ မနုဿေသု၊ ဝိဝါဒေါ ယတ္ထ ဇာယတိ။
ဓမ္မဋ္ဌံ ပတိ° ဓာဝန္တိ၊ သော ဟိ နေသံ ဝိနာယကော။
ဓနာပိ တတ္ထ ဇီယန္တိ၊ ရာဇကောသော ပဝဍ္ဎတိ။ ။

ဟူသောအဘိသမ္ဗုဒ္ဓဂါထာကိုဟောတော်မူ၏။ ။

(၁၀၂၇) ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝ၊ ဤအတူလျှင်။ မနုဿေသု၊ လူတို့၌လည်း။ ယတ္ထ၊ အကြင်အရပ်၌။ ဝိဝါဒေါ၊ ငြင်းခုံခြင်းသည်။ ဇာယတိ၊ ဖြစ်၏။ တတ္ထ၊ ထိုအရပ်၌။ တေမနုဿာ၊ ထိုငြင်းခုံသောသူတို့သည်။ ဓမ္မဋ္ဌံ၊ တရားဆုံးဖြတ်သော။ ပတိ°၊ အသျှင်အရံပိုင်သို့။ ပဋိဓာဝန္တိ၊ ကပ်ရကုန်၏။ ဟိ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ သော၊ ထိုတရားဆုံးဖြတ်သောအသျှင်သည်။ နေသံ၊ ထိုငြင်းခုံသောသူတို့၏။ ဝိနာယကော၊ ဝိဝါဒကိုငြိမ်းစေတတ်သောကိုးကွယ်ရာသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုအရပ်၌။

တေပိဝါဒါပန္နာ၊ထိုငြင်းခုံခြင်းသို့ ရောက်ကုန်သောသူတို့သည်။ ခနာဝ နတောဝိ၊ မိမိဥစ္စာမှလည်း။ ဇိယန္တိ ပရိဟာယန္တိ၊ယုတ်ကုန်၏။ဒေဇ္ဇာန စေဝ၊ဒဏ်ဖြင့်ရင်း။ဇယာဘာဂဂဟာဏေနစ၊ အောင်အဖို့ယူသဖြင့်ရင်း။ ရာဇကောသော၊ မင်း၏ရွှေတိုက်တော်သည်။ ပဝဍ္ဎတိ၊ပွါးစီးတိုးတက်၏။ ။(သဟာယမနုခါဝမန္တိ သဟာယအနုခါဝမံ၊ သန္ဓိဝသေနမကာရောဝုတ္တော၊ဤအဋ္ဌကထာအလိုသဟာယအာလုပ်။ သဟာယံအနုခါဝမံဖြတ်၍။သဟာယံ၊အဆွေဖြစ်သော။ မံ၊ငါ့ကို။ အနုခါဝ၊အမြီးခွဲကိုင်၍ ငင်ပါလှည့်။ဤသို့လည်းသင့်သည်ပင်။ ။ဒဗ္ဗပုပ္ဖါတိဒဗ္ဗပုပ္ဖသမာနဝဏ္ဏတာယတံအာလပန္တိ။(အဋ္ဌကထာ)။ ။ကုသောဝရပဟိသံဒဗ္ဗော။(အဘိဓာန်)။သမန်းမြက်ပရိယာယ်လာရကား။ သမန်းမြက်ပွင့်အဆင်းနှင့်တူသောမြေခွေးဟုယောဇနာသည်။ ဗဟုအဋ္ဌာမေတိရိတာ၌။အဋ္ဌ အဘိယောဂေ။အဋ္ဌတိ၊သဒ္ဒနီတိအလို,အဋ္ဌာ,ဟု-တတိယာကျွရာလိုသည်။ ။ယုတျန္တာလန္တိတေသွန္နော။(အဘိဓာန်အနေကတ္တဝဂ်)။ ။အန္တအဘိက္ကမဟိံသာသု။အ။ အာလကပစ္စယေအန္တာလကော။ ရင်းငိုကာ လာရကား အန္တာ,၊ဟု-ပဌမကျွရာနှင့်ရှိသော်လည်းမထောင်းတာ။ နှစ်ချက်ပင်သင့်ပါ၏။ ။အစ္စာယံမဇ္ဈိမောခဏ္ဍော အပိစအယံမဇ္ဈိမောကောဋ္ဌာသော။အထဝါအစ္စာတိအတိစ္စ၊ဣမေဒွေကောဋ္ဌာသေအတိက္ကမိတွာဌိတောအယံမဇ္ဈိမောခဏ္ဍော။ဓမ္မဋ္ဌသဝိနိစ္ဆယပဌမကျွရာနှင့်ရှိသော်လည်းသာမိကဿ မယှံဘာဝိဿတိ အဋ္ဌကထာကိုရှု၍ အပိစအတိစ္စနှစ်ချက်ဖြတ်လျက်အနက်ယောဇနာသည်။ဤသို့နှစ်ချက်အဋ္ဌကထာဖွင့်သည်ကိုရည်၍။ ။ အပိစဿိလောပေါပဿစတ္တံ။ ။အယံမဇ္ဈိမောခဏ္ဍော။ ။အတိစ္စသဝါတိလောပေါ။ ။အစ္စာယံမဇ္ဈိမောခဏ္ဍော။ ။ဟုသဒ္ဒနီတိနှစ်သုတ်ရသည်။ဇိနာဟုဤဒိသနှင့်လိုသည်ကိုအောက်ကဆိုခဲ့ပြီ)။ ။ဒဗ္ဗပုပ္ဖဇာတကံ ပဌမံ။၄၀၀။

## ၄၀၁-ပဏ္ဏကဇာတ်။

နတ်နှင့်တကွသောလောကကို ဆုံးမတော်မူတတ်သောသဗ္ဗညုမြတ်စွာ ဘုရားသည်၊ ပဏ္ဏကံတိဝိဏံခါရံ, အစရှိသော ဂါထာပုဒ်တို့ဖြင့်တန်းဆာဆင်အပ်သော ဤပဏ္ဏကဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌

ဿိတင်းသုံးနေတော်မူစဉ်၊ မယားဟောင်းဖြားယောင်းသောရဟန်းကို အကြောင်းပြု၍ဟောတော်မူ၏။ ။

ထိုနေ့ခင်း၌ ယိုသုံးယောက်ကုန်သော ပညာရှိတို့သည်လည်း မင်း၏ အထံသို့သွား၍၊ မြတ်သောမင်းကြီး၊မင်းရင်ပြင်၌ပွဲသဘင်သည်ဖြစ်၏။ ထိုပွဲသဘင်ကို ကြည့်ကုန်သောသူတို့အားဒုက္ခသည်လည်း သုခဖြစ်၏၊ ကြွတော်မူလော့သွားဟုန်အံ့ဟု မင်းကိုဆောင်၍ခြသေ့ခံသောလေသာ ပြူတင်းကိုဖွင့်၍ ပွဲသဘင်ကိုကြည့်စေကုန်၏။ များစွာကုန်သော လူတို့ သည် မိမိတို့သည် တတ်သောအတတ်ကို ပြကုန်၏။ တယောက်သော ယောက်ျားသည်ကား သုံးဆဲ့သုံးလက်သစ်ရှိသော ထက်စွာသော အ သွားရှိသောသန်လျက်ကိုမျို၏။ မင်းသည် ထိုယောက်ျားကိုမြင်၍ ဤ ယောက်ျားသည်သန်လျက်ကိုမျို၏။ ဤသန်လျက်ကိုမျိုခြင်းထက် အလွန် ခဲခက်သောအမှုသည်ရှိသလောဟုပညာရှိတို့ကိုမေးအံ့ဟုကြံ၍ အာယု ရကိုမေးလိုရကား။ ။

(၁၀၂၀) ပဏ္ဏာကံ တိခိဏံ ခဂ္ဂံ၊အသိံ သမ္ပန္န-ပါယိနံ။
ပရိသာယံ ပုရိသော ဂိလတိ၊ကိံ ဒုက္ကရတရံ တတော။
ယဒညံ့ ဒုက္ကရံ ဌာနံ၊တံ မေ အက္ခာဟိ ပုစ္ဆိတော။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။

(၁၀၂၀) ပဏ္ဍိတ၊ပညာရှိ။ပဏ္ဏာကံ၊ပဏ္ဏာကတိုင်း၌ဖြစ်သော။ တိခိ ဏံခဂ္ဂံ၊ထက်စွာသွေးသော အသွားရှိသော။ သမ္ပန္နပါယိနံ၊ ချောမွေ့ ကောင်းမွန်စွာသော၊ဝါ၊သန်လျက်လက္ခဏာပြည့်စုံစွာသော၊သူတပါးတို့ ၏သွေးကိုသောက်တတ်သော။အသိံ၊ သန်လျက်ကို။ပုရိသော၊ယောက်ျား သည်။ ပရိသာယံ၊ ပရိသတ်တို့၏ အလယ်၌။ဂိလတိ၊မျို၏။ တတော၊ ထို သန်လျက်ကို မျိုခြင်းထက်။ဒုက္ကရတရံ၊ အလွန်ခဲခက်သော အကြောင်း သည်။ အညံ့ကိံ၊ရှိသလော၊ အညံ၊တပါးသော။ ဒုက္ကရံ၊ခဲခက်သော။ယံ ဌာနံ၊ အကြင်အကြောင်းသည်။ အတ္ထိ၊ရှိ၏။ တံဌာနံ၊ထိုအကြောင်းကို။ ပုစ္ဆိတော၊ မေးအပ်သောသင်သည်။ မေ၊ငါ့အား။ အက္ခာဟိ၊ကြားဘိ လော့။ ။

ထိုအခါမင်းအား အာယုရအမတ်သည် ထိုအကြောင်းကို ဖြေလို သည်ဖြစ်၍။ ။

(၁၀၂၉) ဂိလေယျ ပုရိသော လောဘာ၊ အသိံ သမ္ပန္န-ပါယိနံ။
ယော စ ဝဏ္ဍာ ဒဒါမိတိ၊ တံ ဒုက္ကရတရံ တတော။
သဗ္ဗညံ့ သုကရံ ဠာနံ၊ ဇေဝံ ဇာနာဟိ မဒ္ဒဝ။ ။

ဟူသော ဤဒုတိယဂါထာကိုဆို၏။ ။

(၁၀၂၉) မဒ္ဒဝ၊ မဒ္ဒဝအမည်ဖြစ်သောမင်းကြီး။ ပုရိသော၊ ယောကျ်ားသည်။ လောဘာ၊ လောဘကြောင့်။ သမ္ပန္နပါယိနံ၊ ချောမွေ့ကောင်းမွန်စွာသော။ ဝါ၊ သန်လျက်လက္ခဏာပြည့်စုံစွာသော သူတပါးတို့၏ သွေးကိုသောက်တတ်သော။ အသိံ၊ သန်လျက်ကို။ ဂိလေယျ၊ မျိုရာ၏။ ယောစ၊ အကြင်သူသည်လည်း။ ဒဒါမိတိ၊ ပေးအံ့ဟူ၍။ ဝဏ္ဍာ၊ ဆိုရာ၏။ တံ၊ ထိုပေးအံ့ဟုဆိုသောစကားသည်။ တတော၊ ထိုသန်လျက်ကိုမျိုခြင်းထက်။ ဒုက္ကရတရံ၊ အလွန်ခဲခက်၏။ အညံ၊ တပါးသော။ သဗ္ဗံ၊ အလုံးစုံသော။ ဌာနံ၊ အကြောင်းသည်။ သုကရံ၊ လွယ်၏။ ဇေဝံ၊ ဤသို့။ ဇာနာဟိ၊ သိတော်မူလော့။ ။

အာယုရပညာရှိ၏စကားကိုကြား၍ သန်လျက်ကိုမျိုခြင်းထက်၌အမည်ရှိသောဥစ္စာကိုပေးအံ့ဟု ဆိုခြင်းသည်ခဲခက်၏။ ငါသည်လည်းပုရောဟိတ်သားအားမိဘုရားကိုပေးအံ့ဟုဆို၏။ စင်စစ်ငါသည် အလွန်ခဲခက်သည်ကို ပြုအပ်၏ဟု ရုံစမ်းဆင်ခြင်စဉ်လျှင် မင်း၏နှလုံး၌ စိုးရိမ်ခြင်းသည်အတန်ငယ်ခေါင်းပါးခြင်းသို့ရောက်၏။ မင်းသည် ထိုနောင်မှ သူတပါးအား ဤဥစ္စာကိုပေးအံ့ဟု ဆိုသောစကားထက် အလွန်ခဲခက်သောတပါးသောအမှုရှိသေးသလောဟုကြံ၍ ပုက္ကုသပညာရှိနှင့်တကွ စကားပြောလိုရကား။ ။

(၁၀၃၀) ဗျကာသိ အာယုရော ပဉ္စံ၊ အတ္ထံ ဓမ္မဿ ကောဝိဒေါ။
ပက္ကုသံ ဒါနိ ပုစ္ဆာမိ၊ ကိံ ဒုက္ကရတရံ တတော။
ယဒညံ ဒုက္ကရံ ဌာနံ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။ ။

ဟူသောဤတတိယဂါထာကိုဆို၏။ ။

(၁၀၃၀) ဓမ္မဿ၊ တရားနှင့်၊ ကောဝိဒေါ၊ လိမ္မာသော။ အာယုရော၊ အာယုရသည်။ ပဉ္စံ၊ ပဥှာသာ၊ ပြဿနာ၏။ အတ္ထံ၊ အနက်ကို။ ဗျာကာသိ၊ ဖြေ၏။ ဒါနိ၊ ယခု။ ပုက္ကုသံ၊ ပုက္ကုသကို။ ပုစ္ဆာမိ၊ မေးအံ့။ တတော၊ ထိုပေးအံ့ဟုဆိုသောစကားထက်။ ဒုက္ကရတရံ၊ အလွန်ခဲခက်သော အကြောင်းသည်။ အညံ့ကိံ၊ ရှိသေးသလော။ အညံ၊ တပါးသော။ ဒုက္ကရံ၊ ခဲခက်သော။ ယံ ဌာနံ၊ အ

ကြင်အကြောင်းသည်။အဏ္ဏွိ၊ရှိအံ့။တံဠာနံ၊ထိုအကြောင်းကို။ ပုဋ္ဌော၊ မေးအပ်သောသင်သည်။မေ၊ငါ့အား။အက္ခာဟိ။ကြားဘိလော့။ ။

ထိုအခါမင်းအားဖြေလိုသည်ဖြစ်၍ပုက္ကုသပညာရှိသည်။ ။

(၁၀၃၁) နှ ဝါစမုပဇီဝန္တိ၊အ-ဖလံ ဂိရမုဒီရိတံ။

ယော စ ဒတွာ အဝါကယိရာ၊တံ ဒုက္ကရတရံ တတော။

သဗ္ဗညံ့ သုကရံ ဌာနံ၊ဧဝံ ဇာနာဟိ မဒ္ဒဝ။ ။

ဟူသော၍စတုတ္ထဂါထာကိုဆို၏။ ။

(၁၀၃၁) မဒ္ဒဝ၊ မဒ္ဒဝအနွယ်ဖြစ်သော မင်းကြီး။ ဇုမေသတ္တာ၊၍ သတ္တဝါတို့သည်။ အဖလံ၊အကျိုးမရှိသော။ ဂိရံ၊မြွက်အပ်သော။ဥဒီရိတံ၊ ဆိုအပ်သော။ ဝါစံ၊စကားကို။ နဉပဇီဝန္တိ၊ မှီ၍အသက်မမွေးကုန်။ယော စ၊အကြင်သူသည်ကား။ ဒတွာ၊ပေးပြီး၍။ အဝါကယိရာ၊တပ်စွန်းရာ၏။ တံ၊ ထိုသို့ပေးခြင်းသည်။ တတော၊ထိုဥစ္စာကိုပေးအံ့ဟု ဆိုသောစကား ထက်။ ဒုက္ကရတရံ၊ အလွန်ခဲခက်၏။ အညံ၊တပါးသော။ သဗ္ဗံ၊ အလုံးစုံ သော။ ဌာနံ၊အကြောင်းသည်။ သုကရံ၊လွယ်၏။ဧဝံ၊၍သို့။ ဇာနာဟိ၊သိ လော့။ ။

ထိုစကားကိုကြား၍ငါသည် ပုရောဟိတ်သားအား မိဘုရားကိုပေး အံ့ဟုရှေးဦးစွာဆို၍ ဆိုသည်နှင့်လျော်စွာ မိဘုရားကိုပေး၏။ စင်စစ်ငါ သည် အလွန်ခဲခက်သည်ကိုပြု၏ဟု ကြံသောမင်းအား စိုးရိမ်ခြင်းသည် အလွန်ခေါင်းပါး၏။ ထိုနောင်မှ သေနကသုခမိန်မှတပါးအလွန်ပညာရှိ သောသူမည်သည်မရှိ။ ၍ပြဿနာကို သေနကသုခမိန်အား မေးအံ့ဟု မင်းအားအကြံသည်ဖြစ်၏။ ထိုနောင်မှ သေနက ပညာရှိကို မေးလိုရ ကား။ ။

(၁၀၃၂) ဗျာကာသိ ပုက္ကုသော ပဉ္စ၊အတ္ထံ ဓမ္မဿ ကောဝိဒေါ။

သေနကံ ဒါနိ ပုစ္ဆာမိ၊ကိံ ဒုက္ကရတရံ တတော။

ယဒညံ့ ဒုက္ကရံ ဌာနံ၊တံ မေ အက္ခာဟိ ပုစ္ဆိတော။ ။

ဟူသော၍ပဉ္စမဂါထာကိုဆို၏။ ။

(၁၀၃၂) ဓမ္မဿ၊ တရားနှ၌။ ကောဝိဒေါ၊ လိမ္မာသော။ ပုက္ကုသော၊ ပုက္ကုသသည်။ ပဉ္စပဉ္စဿ၊ပြဿနာ၏။ အတ္ထံ၊အနက်ကို။ဗျာကာသိ၊ဖြေ ပြီ။ ဒါနိ၊ယခု။ သေနကံ၊သေနကကို။ပုစ္ဆာမိ၊ငါမေးအံ့။ တတော၊ထိုသန် လျက်ကို မျိုခြင်း,ပေးအံ့ဆိုခြင်း, ပေးခြင်းထက်။ ဒုက္ကရတရံ၊ အလွန်ခဲ

ယဉ်းသော အကြောင်းသည်။ အထွက်ကို ရှိသလော။ အညံ့၊တပါးသော။ ဒုက္ခရုံ၊ခက်ခဲသော။ ယံ့ဍာနံ၊အကြင်အကြောင်းသည်။ အတ္ထိ၊ရှိ၏။တံဍာနံ၊ ထိုအကြောင်းကို။ ပုစ္ဆိတော၊ ငါမေးအပ်သောသင်သည်။ မေ၊ငါ့အား။ အက္ခာဟိ၊ကြားဘိလော့။ ။

ထိုအခါမင်းအားဖြေလိုသည်ဖြစ်၍သေနကအမတ်သည်။ ။

(၁၀၃၃) ဒဒေယျ ပုရိသော ဒါနံ၊အပ္ပံပါ ယဒိဝါ ဗဟုံ။

ယောခ ဒတွာ နာနုတပ္ပေ၊တံ ဒုက္ခရတရံ တတော။

သဗ္ဗညံ့ သုကရံ ဍာနံ၊ဧဝံ ဇာနာဟိ မဒ္ဒဝ။ ။

ဟူသော၍ဆဋ္ဌဂါထာကိုဆို၏။ ။

(၁၀၃၃) မဒ္ဒဝ၊ မဒ္ဒဝအမည်ရှိသော ရှင်မင်းမြတ်။ ပုရိသော၊ ယောက်ျားသည်။ အပ္ပံဝါ၊နည်းသည်လည်းဖြစ်ထသော။ယဒိ၊ ထိုမှ။ ဗဟုံဝါ၊များသည်လည်းဖြစ်သော။ဒါနံ၊အလှူကို။ ဒဒေယျ၊ပေးလှူရာ၏။ ယောခ၊အကြင်သူသည်ကား။ အတ္တနော၊မိမိ၏။ ဝိယဘဏ္ဍံ၊ချစ်မြတ်နိုး အပ်သောဘဏ္ဍာကို။ပရဿ၊သူတပါးအား။ဒတွာ၊ပေးပြီး၍။ကိမတ္ထံ၊အ ဘယ်အကြောင်းကြောင့်။ မယာ၊ငါသည်။ ဣဒံ၊ဤချစ်မြတ်နိုးအပ်သော ဘဏ္ဍာကို။ ဒိန္နံ နှိ၊ပေးအပ်ဘိသနည်းဟု။ ဧဝံ၊ဤသို့။တံပိယဘဏ္ဍံ၊ထိုပိ ယဘဏ္ဍာကို။ အာရဗ္ဘ၊အာရုံပြု၍။နာနုတပ္ပေ၊နောင်တတဘန်ပူပန်စိုးရိမ် ခြင်းကိုမဖြစ်စေ။ တံ၊ထိုပေးပြီးတဘန်ပူပန်စိုးရိမ် မဖြစ်ခြင်းသည်။ တ တော၊ထိုသန်လျက်ကိုမျိုခြင်း,ပေးအံ့ဆိုခြင်း,ပေးခြင်း,ထက်။ ဒုက္ခရတ ရံ၊အလွန်ပင်ခဲယဉ်း၏။ အညံ့၊တပါးသော။သဗ္ဗံ၊အလုံးစုံသော။ ဍာနံ၊အ ကြောင်းသည်။သုကရံ၊ပြုလွယ်၏။ဧဝံ၊ဤသို့။ဇာနာဟိ၊သိတော်မူလော့။ ။

မင်းသည် ဘုရားလောင်း၏စကားကိုကြား၍ ငါသည်မိမိစိတ်ဖြင့် လျှင်ပုရောဟိတ်သားအား မိဘုရားကိုပေးပြီး၍မိမိစိတ်ကို နိုင်စိမ့်သော ငှါမတတ်နိုင်စိုးရိမ်ပင်ပန်း၏။ ငါ့အားထိုသို့ စိုးရိမ်ပင်ပန်းခြင်းသည် မ လျောက်ပတ်။ ထိုမိဘုရားသည် ငါ့အားချစ်ခြင်းရှိသည်အကယ်၍ ဖြစ် ငြားအံ့၊ဤစည်းစိမ်ကိုစွန့်၍ မပြေးရာ။ ငါ၌ချစ်ခြင်းကိုမပြုမူ၍ပြေးသော မိဘုရားဖြင့်ငါ့အားအဘယ်ပြုအံ့နည်းဟုကြံ၍သောမင်းအား ပဒုမာရွက် မှရေပေါက်ကဲ့သို့အလုံးစုံသောစိုးရိမ်ခြင်းသည်လျော့ကျ၍ကင်း၏။ ထို ခဏ၌လျှင်မင်း၏ ဝမ်းသွေးသွန်ခြင်းသည်ရပ်၏။ မင်းသည်ရောဂါမရှိ ချမ်းသာသည်ဖြစ်၍ဘုရားလောင်းအားချီးမွမ်းလိုသည်ဖြစ်၍။ ။

(၁၀၃၄) ဗျာကာသိ အာယုရော့ပဥ္စ၊အထော ပုဏ္ဏုသ-ပေါရိသော။
သဗ္ဗေ ပဥ္စေ အတိဘောတိ၊ယထာ ဘာသတိ သေနကော။ ။
ဟူသောဩဝါဒဂါထာကိုဆို၏။ ။

(၁၀၃၄) အာယုရော၊အာယုရအမတ်သည်။ပဉ္စ၊ပြဿနာကို။ ဗျာကာသိ၊ဖြေဆို၏။အထော၊ထို့မှ။ပုဏ္ဏုသပေါရိသော၊ ပုဏ္ဏုသအမတ်သည်။ ပဥ္စ၊ပြဿနာကို။ ဗျာကာသိ၊ဖြေဆို၏။ ဘာသတိတော၊သေနကပညာရှိဆိုအပ်သောစကားသည်။သဗ္ဗေ၊ခပ်သိမ်းကုန်သော။ပဉ္စေ၊ပြဿနာတို့ကို။ အတိဘောတိ၊လွှမ်းမိုး၍တည်၏။တသ္မာ၊ထို့ကြောင့်။ယထာ၊ အကြောင်းအခြင်းဖြင့်။သေနကော၊သေနကပညာရှိသည်။ ဘာသတိ ဆို၏။ တထေဝ၊ ထိုအခြင်းဖြင့်သာလျှင်။ တံဒါနံနာမ၊ ထိုအလှူမည်သည်ကို။ဒတွာ၊ပေး ပြီး၍။နေဝအနုတပ္ပိတဗ္ဗံ၊ နောင်တတဘန်ပူပန်ဖိုးရိမ်ခြင်းငှါ မလျောက် ပတ်)။ ။တိမိဏာခရုံဆိုလိုသျက်ဆန်းအလို့ငှါနိဂ္ဂဟိတ်လာ၍တိမိဏံခ ရုံရှိသည်။ပါယန်ံသိလမေတသာတိပါယ်၊ဧတေသာ၊ထိုသန်လျက်၏။ ပါ ယန်၊သေံခြင်းဟုဆိုအပ်သော။ သိလံ၊အလေ့သည်။အတ္ထိ၊ရှိ၏။ဤသို့ဝစ နတ်မှု၍။အဘယ်ကိုသောက်ခြင်းနည်းဟုသက်ာရှိမူ၊ပရဿလောဟိတံ ဟူသောကံကိုသာမထ္တိယအားဖြင့်သိရ၏။ထို့ကြောင့်။ ပါယိန်၊သူတပါး သွေးကိုသောက်လေ့ရှိသော။ ဤသို့သောအနက်ကို အလွယ်သိသာ၏။ သမ္ပန္နဥ္စတံပါယိစာတိသမ္ပန္နပါယ်။တံ၊ထိုသန်လျက်သည်။ သမ္ပန္နဥ္စ၊ချော မွေ့ကောင်းမွန်သည်လည်း။ ဝါ၊ သန်လျက်လက္ခဏာ ပြည့်စုံစွာသည် လည်း။ဟောတိ၊ဖြစ်၏။ ပါယိစ၊သူတပါးသွေးကို သောက်လေ့ရှိသည် လည်း။ ဟောတိ၊ဖြစ်၏။ ဣတိတသ္မာ၊ထိုနှစ်ပါးသောသတ္တိကြောင့်။တံ၊ ထိုသန်လျက်သည်။ သမ္ပန္နပါသိ၊သမ္ပန္နပါယိမည်၏။ ဤသို့သောအနက် ကို ခက်ရာတွင်သာဘော်ပြခြင်းငှါ။သမ္ပန္နပါယ်နန္တံ့ပရလောဟိတပါယိ နံ,ဟု-အဋ္ဌကထာဘွင့်ပြတော်မူသည်။သမ္ပန္နပါယိကားဝိသေသနဧဘာ ယပဒကမ္မဓာရည်းတည်း။ ဤသို့သောဂုဏ္ဍ္ထကို ဥာဏ်မရှုံးရှသော သူ သည်၊ သမ္ပန္နသည်ပရလောဟိတကိုဟောလေသလော၊ပရလောဟိတ ဘယ်ကလာ၍သမ္ပန္နသည် ဘယ်မှာပျောက်လေသနည်းဟု တွေးဆ ဝိုး ဝါးရှိတတ်သည်)။ ။ပဏ္ဏကဇာတကံ ဆဋ္ဌံ။၄၀၁။

## ၄၀၂-သတ္တုဘတ္တဇာတက်။

နတ်နှင့်တကွသောလောကကိုချီးမတော်မူပြောက်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ ဝိဗ္ဘန္တစိတ္တော၊ အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော ဤသတ္တုဘတ္တဇာတက်ကို၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်။ ပညာပါရမီကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

တယောက်သောပုဏ္ဏားသည် နှလုံးမသာယာခြင်းသို့ ရောက်သည်ဖြစ်၍ငို၏။ ဤပုဏ္ဏား၏ကိုယ်တွင်း၌မျက်ရည်ကို ဖြစ်စေခြင်း၌ စွမ်းနိုင်သောစိုးရိမ်ခြင်းသည် ဖြစ်ရာ၏။ ကြေးနီ၏အညစ်အကြေးကို ချည်ဖြင့်ပယ်သကဲ့သို့ရင်း၊ ပဒုမာရွက်မှရေပေါက်ကို လျှောကျစေဘိသကဲ့သို့ရင်း၊ ထို့အတူသောကကိုနှစ်စေ၍သောကမရှိနှစ်သက်သောစိတ်ရှိသည်ကိုပြု၍တရားဟောအံ့ဟုပုဏ္ဏားကိုခေါ်၍၊ ပုဏ္ဏား၊ သေနကပညာရှိသည် ငါပင်တည်း၊ ယခုလျှင်သင့်ကိုစိုးရိမ်ခြင်းမရှိသည်ကိုပြုအံ့၊ ရှုရာခြင်းကင်းသည်ဖြစ်၍ဆိုလော့ဟုပုဏ္ဏားနှင့်တကွစကားပြောလိုရကား။ ။

(၁၀၃၅) ဝိဗ္ဘန္တစိတ္တော ကုပိတိန္ဒြိယောသိ၊
နေတ္တေဟိ တေ ဝါရိ-ဂဏာ သဝန္တိ။
ကိံ တေ နဋ္ဌံ ကိံ ပန ပတ္ထယာနော၊
ဣဓာဂမာ ဗြဟ္မေ တဒိင်္ဃ ဗြူဟိ။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၁၀၃၅) ဗြဟ္မေ၊ ပုဏ္ဏား။ တွံ၊ သင်သည်။ ဝိဗ္ဘန္တစိတ္တော၊ မတည်မတုံ တုန်လှုပ်သောစိတ်ရှိသည်။ အသိ၊ ဖြစ်၏။ ကုပိတိန္ဒြိယော၊ ပျက်သောမျက်စိဣန္ဒြေရှိသည်။ အသိ၊ ဖြစ်၏။ တေ၊ သင်၏။ နေတ္တေဟိ၊ မျက်စိတို့မှ။ ဝါရိဂဏာ၊ မျက်ရည်ပေါက်တို့သည်။ သဝန္တိ၊ တွေတွေယိုစီးကုန်၏။ ဗြဟ္မေ၊ ပုဏ္ဏား။ သတ္တာနမ၊ သတ္တဝါတို့မည်သည်။ သတ္တသင်္ခါရေသု၊ သတ္တဝါ သင်္ခါရတို့တွင်။ ကိဉ္စိဒေဝပိယဇာတိကေ၊ တစုံတခုချစ်မြတ်နိုးအပ်သောသဘောရှိသောဝတ္ထုသည်။ နဋ္ဌေပါ၊ ပျက်စီး ဘိတ်စင်သော်ရင်း။ ကိဉ္စိဒေဝပိယဇာတိကံ၊ တစုံတခုချစ်မြတ်နိုးအပ်သော သဘောရှိသောဝတ္ထုကို။ ပတ္ထေတွာ၊ တောင့်တ၍။ အလဘန္တာဝါ၊ မရကုန်သည်ဖြစ်၍ရင်း။ ဣမေဟိဒွီဟိကာရဏေဟိ။ ဤနှစ်ပါးကုန်သော အကြောင်းတို့ကြောင့်။

သောစန္တိ၊ စိုးရိမ်တတ်ကုန်၏။ ပရိဒေဝန္တိ၊ ငိုကြွေးတတ်ကုန်၏။ တဿ၊ ထိုနှစ်ပါးသောအကြောင်းတို့တွင်။ တေ၊သင်အား။ ကိံ၊အဘယ်ဝတ္ထု သည်။ နဋ္ဌ၊ပျက်စီးဘိတ်စင်သနည်း။ကိံ ပန၊အဘယ်ဝတ္ထုကိုကား။ပတ္ထယာနော၊ရှိန်းတောင့်တသည်ဖြစ်၍။ ဣဓ၊ဤအရပ်သို့။ အာဂမာ၊ရောက်လာသနည်း။ ဗြဟ္မေ၊ပုဏ္ဏား။ ဣဃ်၊ငါတိုက်တွန်း၏။တံ၊ထိုအကြောင်းကို။မေ၊ငါ့အား။တွံ၊သင်သည်။ဗြူဟိ၊ဆိုလော့။ ။

ထိုအခါဘုရားလောင်းအားမိမိ၏စိုးရိမ်ခြင်း၏ အကြောင်းကိုဆိုလိုသည်ဖြစ်၍ပုဏ္ဏားသည်။ ။

(၁၀၃၄) မိယျေထ ဘရိယာ ဝဇတော မမဇ္ဇ၊
အဂစ္ဆတော မရဏမာဟ ယက္ခော။
ဧတေန ဒုက္ခေန ပဝေဓိတောသ္မိ၊
အက္ခာဟိ မေ သေနက ဧတမတ္ထံ။ ။

ဟူသောဒုတိယဂါထာကိုဆို၏။ ။

(၁၀၃၄)ဗြာဟ္မဏ၊ ပုဏ္ဏား။အဇ္ဇ၊ယနေ့။ဥဘော၊နှစ်ယောက်ကုန်သော။တုမှေ၊သင်တို့သည်။ မိယျေထ၊သေကုန်ရာ၏။ ဝဇတော၊ အိမ်သို့သွားသည်ရှိသော်။ ဘရိယာဘရိယာယ၊ မယား၏။ မရဏံ၊ သေခြင်းသည်။ ဟောတိ၊ဖြစ်အံ့။အဂစ္ဆတော၊မသွားသည်ရှိသော်။မမ၊ငါ၏။မရဏံ၊သေခြင်းသည်။ဟောတိ၊ဖြစ်အံ့။ဣတိ၊ဤသို့။ယက္ခော၊ယက္ခစိုးနတ်သည်။ အာဟ၊ဆို၏။အဟံ၊ငါသည်။ ဧတေနဒုက္ခေန၊ထိုဆင်းရဲဖြင့်။ ပဝေဓိတော၊တုန်လှုပ်သည်။အသ္မိ၊ဖြစ်၏။သေနက၊သေနကပညာရှိ။မေ၊ငါ့အား။ ဧတမတ္ထံ၊ထိုအကြောင်းကို။အက္ခာဟိ၊ကြားလော့။ ။

ဘုရားလောင်းသည်ပုဏ္ဏား၏စကားကိုကြား၍သမုဒြာ၏ အထက်၌ကွန်ရက်ဖြန့်သကဲ့သို့ ဉာဏ်ကွန်ရက်ကိုဖြန့်၍ ဤသတ္တဝါတို့အား သေခြင်း၏အကြောင်းတို့သည်များကုန်၏။ဤသို့များစွာကုန်သော သေခြင်းတို့တွင်အဘယ်အကြောင်းကြောင့်ယနေ့ ဤပုဏ္ဏားသည်ခရီးအကြား၌နေသည်ရှိသော်မိမိသေလတ္တံ့နည်း။ အိမ်သို့သွားသည်ရှိသော် မယားသေရအံ့နည်းဟုကြံ၏။ ကြံစည်လျှင်ပုဏ္ဏား၏ ပခုံး၌အိတ်ကိုမြင်၍ ဤအိတ်၌တခုသောမြွေသည်ဝင်သည်ဖြစ်ရာ၏။ဝင်သောအကြောင်းကား၊ ပုဏ္ဏားသည်အိတ်၌ နံနက်စာစားသောအခါ၌မုံ့ကိုစား၍ အိတ်ဝကိုမ

ဘွဲ့မူ၍ ရေသောက်အံ့သောငှါသွားသည့်ရှိသော်မုံ့နှံ့ကြောင့် မြွေသည် ဝင်သည်ဖြစ်လတ္တံ့။ ပုဏ္ဏားသည်လည်း ရေသောက်၍လာလတ်သော် မြွေဝင်သည့်၏အဖြစ်ကိုမသိ၍လျှင် အိတ်ကိုဘွဲ့၍ ယူ၍သွားသည်ဖြစ် လတ္တံ့။ မိမိသည်ခရီးအကြားခွ၌နေလတ်သော်နေရာအရပ်၌ မုံ့ကိုစားအံ့ ဟုအိတ်ကိုဖြေ၍လက်ကိုသွင်းလတ္တံ့။ ထိုအခါပုဏ္ဏားကိုမြွေသည်လက် ၌ကိုက်၍ အသက်ကုန်ခြင်းသို့ ရောက်စေလတ္တံ့။ ဤအကြောင်းသည် ကားခရီးအကြား၌နေသောပုဏ္ဏားသေခြင်း၏ အကြောင်းတည်း။ အိမ် သို့အကယ်၍သွားငြားအံ့။ အိတ်သည်မယားလက်သို့ရောက်လတ္တံ့။ မ ယားသည်အိတ်တွင်း၌ဥစ္စာကိုကြည့်အံ့ဟု အိတ်ကိုဖြေ၍ လက်ကိုသွင်း လတ္တံ့။ ထိုအခါပုဏ္ဏေးမကို မြွေသည်အသက်ကုန်ခြင်းသို့ ရောက်စေ လတ္တံ့။ ဤအကြောင်းသည်ကား ယနေ့ပုဏ္ဏားအိမ်သို့ ရောက်ယည့်ရှိ သော်မယားသေခြင်း၏အကြောင်းတည်းဟုဥပါယ်၌ လိမ္မာသောဉာဏ် ဖြင့်လျှင်သိ၏။ ထိုအခါဘုရားလောင်းအား ဤမြွေဟောက်သည် ရဲရင့် သည့်ကြောက်ခြင်းမရှိသည်ဖြစ်ရာ၏။ ဤမြွေသည် ပုဏ္ဏား၏နံပါးကြီး ကိုထိခိုက်သောအိတ်၌လည်းမိမိ၏စဉ်းငယ်လှုပ်ခြင်းကိုရင်းမပြ။ ဤသို့ သဘောရှိသောပရိသတ်၏ အလယ်၌သော်လည်း မိမိရှိသည်၏ အဖြစ် ကိုမပြ။ ထိုကြောင့် ဤမြွေသည်ရဲရင့်သည်ကြောက်ခြင်းမရှိသည်ဖြစ်ရာ ၏ဟုအကြံသည်ဖြစ်၏။ ကြံပြီး၍ ဘုရားလောင်းသည် ဥပါယ်၌ လိမ္မာ သောဉာဏ်ဖြင့်လျှင်ဒိဗ္ဗစက္ခုဖြင့် မြင်သကဲ့သို့ ဤမြွေကိုသိ၏။ ဤသို့မင်း နှင့်တကွသော ပရိသတ်၏ အလယ်၌ အိတ်ကိုဝင်သောမြွေကိုကြည့်၍ တည်သောယောကျ်ားကဲ့သို့ ဘုရားလောင်းသည်ဥပါယ်၌လိမ္မာသော ဉာဏ်ဖြင့်လျှင်ပိုင်းခြား၍ပုဏ္ဏား၏ပြဿနာကိုဖြေလိုရကား။ ။

(၁၀၃၇) ဗဟူနိ ဌာနာနိ ပိစိန္တယိတွာ၊ ယမေတ္ထ ဝက္ခာမိ တဒေဝ သစ္စံ။
မညာမိ တေ ဗြာဟ္မဏ သတ္တုဘတ္တံ၊
အဓာနတော ကဏှသပ္ပေါ ပဝိဋ္ဌော။ ။

ဟူသောတတိယဂါထာကိုဆို၏။ ။

(၁၀၃၇) ဗြာဟ္မဏ၊ ပုဏ္ဏား။ ဗဟူနိ၊ များစွာကုန်သော။ ဌာနာနိ၊ အ ကြောင်းတို့ကို။ ဝိစိန္တယိတွာ၊ ကြံ၍။ ဧတ္ထ၊ ဤအကြောင်းတို့တွင်။ ယံ၊ အ ကြင်အကြောင်းကို။ အဟံ၊ ငါသည်။ ဝက္ခာမိ၊ ဆိုအံ့။ တဒေဝ၊ ထိုငါဆိုသော

အကြောင်းသည်လျှင်။သစ္စံ၊မှန်၏ ဟူ၍။မညာမိ၊အောက်မေ့၏။တော၊သင်သည်။အဇာနတော၊မသိစဉ်။သတ္တု၊ဘတ္တံ၊မုံ့ အိတ်ကို။ကဏ္ဍသပ္ပေါ၊ မြွေဟောက်သည်။ပဝိဋ္ဌော၊ဝင်၏ဟူ၍။မညာမိ၊အောက်မေ့၏။ ။ဤသို့ဆို၍လည်းပုဏ္ဏားသင့်အိတ်၌မုံ့ရှိသလောဟုမေး၏။ပညာရှိ။ ရှိပေ၏ဟုဆို၏။ ယနေ့နံနက်စာစားသောအခါ၌မုံ့ကို စားသလောဟုမေး၏။ ပညာရှိ။ စား၏ဟုဆို၏။အဘယ်အရပ်၌နေ၍စားသနည်းဟုမေး၏။ ပညာရှိ။ တော၌သစ်ပင်ရင်း၌နေ၍စား၏ဟုဆို၏။ ပုဏ္ဏား၊သင်ရေသောက် သွားသည်ရှိသော်အိတ်ဝကိုဘွဲ့သလောမဘွဲ့သလောဟုမေး၏။ ပညာရှိ၊မဘွဲ့ဟုဆို၏။ရေသောက်၍ လာလတ်သော် အိတ်ကိုကြည့်၍ဘွဲ့၏လောဟုမေး၏။ ပညာရှိ၊မကြည့်မူ၍ဘွဲ့၏ဟုဆို၏။ပုဏ္ဏား၊ သင်ရေသောက်သွားသောကာလ၌ သင်မသိစဉ်လျှင် မုံ့နံ့နံခြင်းကြောင့်အိတ်သို့မြွေဝင်၍နေသည်ဟုငါထင်၏။ ဤအရာ၌ထိုထင်ခြင်းသည်ကားမှန်၏။ ထိုကြောင့်အိတ်ကိုချ၍ပရိသတ်တို့၏ အလယ်၌ထား၍ အိတ်ဝကိုဖြေ၍ဘဲ၍တည်လျက် တရသောလှံဒဏ်ကိုကိုင်၍ အိတ်ကိုပုတ်ခတ်လော့။ ထိုနောင်မှ ပါးပျဉ်းထောင်၍သုသုဟူသောအသံကိုပြု၍ထွက်သော မြွေဟောက်ကိုမြင်၍ယုံမှားကင်းသည်ဖြစ်လော့ဟု။ ။

(၁၀၃၈) အာဒါယ ဒဏ္ဍံ ပရိသုမ္ဘ ဘတ္တံ၊ပဿေဠမူဂံ ဥရဂံ ဒုဇိဝှံ။
ဆိန္ဒဇ္ဇ ကင်္ခံ ဝိစိကိစ္ဆိတာနိ၊ဘုဇင်္ဂမံ ပဿ ပမုဉ္စ ဘတ္တံ။ ။

ဟူသောစတုတ္ထဂါထာကိုဆို၏။ ။

(၁၀၃၈) ဗြာဟ္မဏ၊ပုဏ္ဏား။ ဒဏ္ဍံ၊လှံဒဏ်ကို။ အာဒါယ၊ကိုင်၍။ဘတ္တံ၊မုံ့ အိတ်ကို။ပရိသုမ္ဘ၊ပုတ်ခတ်လော့။ ဧဠမူဂံ၊ တံတွေးထွေးသောခံတွင်းရှိသော။ ဒုဇိဝှံ၊လျှာနှစ်ခွရှိသော။ဥရဂံ၊မြွေကို။ပဿ၊ရှုလော့။ အဇ္ဇ၊ယနေ့၊ ကင်္ခံ၊ယုံမှားခြင်းကို။ ဝိစိကိစ္ဆိတာနိ၊ အဘန်တလဲလဲဖြစ်သော ယုံမှားခြင်းတို့ကို။ဆိန္ဒ၊ဖြတ်လော့။ဘတ္တံ၊မုံ့ အိတ်ကို။ ပမုဉ္စ၊ဖြေလော့။ဘုဇင်္ဂမံ၊မြွေကို။ပဿ၊ရှုလော့။ ။

ပုဏ္ဏားသည်ဘုရားလောင်း၏ စကားကိုကြား၍ ထိတ်လန့်ခြင်းသို့ ရောက်၍ဘုရားလောင်းဆိုတိုင်းပြု၏။မြွေသည်လည်းအိတ်ဝကို လှံဒဏ်ဖြင့်ခတ်သည်ရှိသော် အိတ်ဝမှထွက်၍လူများကို ကြည့်လျက်တည်၏။ ထိုအကြောင်းကိုပြတော်မူလိုသောသဗ္ဗညုမြတ်စွာဘုရားသည်။ ။

(၁၀၃၉) သံဝိဂ္ဂ-ရူပေါ ပရိသာယ မဇ္ဈေ၊
သော ဗြာဟ္မဏော သတ္တုဘတ္တံ ပမုဥ္စိ။
အထ နိက္ခမိ ဥရဂေါ ဥဂ္ဂ-တေဇော၊
အာသိဝိသော သပ္ပေါ ဖဏံ ကရိတွာ။ ။

ဟူသောပဉ္စမဂါထာကိုဟောတော်မူ၏။ ။

(၁၀၃၉) ဘိက္ခဝေ၊ရဟန်းတို့။သံဝိဂ္ဂရူပေါ၊ထိတ်လန့်သောသဘောရှိသော။သောဗြာဟ္မဏော၊ထိုပုဏ္ဏားသည်။ပရိသါယမဇ္ဈေ၊ပရိသတ်၏အလယ်၌။သတ္တုဘတ္တံ၊မုံ့အိတ်ကို။ပမုဥ္စိ၊ဖြေ၏။ အထ၊ထိုအခါ၌။ဥရဂေါ၊ရင်ဖြင့်သွားတတ်သော။ဥဂ္ဂတေဇော၊ထက်သောတန်းခိုးရှိသော။အာသိဝိသော၊လျင်သောအဆိပ်ရှိသော။သပ္ပေါ၊ မြွေသည်။ ဖဏံ၊ပါးပျဉ်းကို။ကရိတွာ၊ထောင်၍။နိက္ခမိ၊ထွက်၏။ ။

ပါးပျဉ်းကိုထောင်၍မြွေထွက်သောကာလ၌ဘုရားလောင်း၏ဖြေခြင်းသည် သဗ္ဗညုမြတ်စွာဘုရား၏ ဖြေခြင်းကဲ့သို့ဖြစ်၏ဟု ဘုရားလောင်းအားလူများသည်ပုဆိုးဦးရစ်ပစ်ခြင်း အထောင်တို့ကိုဖြစ်စေ၏။ လက်ချောင်းခါခြင်း အထောင်တို့ကိုလည်း ခါကုန်၏။ တခဲနက်သော မိုးသည်ရွာသကဲ့သို့ရတနာခုနစ်ပါးမိုးသည်ရွာ၏။ ကောင်းချီးပေးခြင်း အထောင်ဟူသည်ဖြစ်ကုန်၏။မြေကြီးကွဲသောအသံကဲ့သို့ဖြစ်၏၊ ဘုရားကဲ့သို့သော တင့်တယ်ခြင်းဖြင့် ဤပြဿနာကို ဖြေခြင်းမည်သည်ကားအမျိုး၏ အစွမ်းလည်း မဟုတ်။ အနွယ်အဆက်ဆက်၏အစွမ်းလည်းမဟုတ်။ ဤပြဿနာကိုဖြေခြင်းသည် အဘယ်၏ အစွမ်းနည်း ဟူမူကား။ ပညာ၏အစွမ်းတည်း။ ပညာရှိသောယောကျ်ားသည်ဝိပဿနာကိုပွါးစေ၍အရိယမဂ်တံခါးကိုဖွင့်၍အမြိုက်နိဗ္ဗာန်သို့ဝင်၏။ သာဝကပါရမီဉာဏ်,ပစ္စေကဗောဓိဉာဏ်,သမ္မာသမ္ဗောဓိဉာဏ်ကိုထိုးထွင်း၍ သိ၏။ အမြိုက်နိဗ္ဗာန်သို့ရောက်စေတတ်ကုန်သော တရားတို့တွင် ပညာသည်လျှင်မြတ်၏။ ကြွင်းကုန်သောတရားတို့သည်ပညာ၏ အခြံအရံတို့သည်လျှင်ဖြစ်ကုန်၏။ ။

ထို့ကြောင့်။ ။

ပညာ ဟိသေဋ္ဌာ ကုသလာ ဝဒန္တိ၊နက္ခတ္တရာဇာရိဝ တာရကာနံ။
သီလံသိရိဥ္စာပိသတဉ္စဓမ္မော၊အန္ဝာယိကာ ပညဝတော ဘဝန္တိ။ ။

ဟူသောဂါထာကိုဟောတော်မူ၏။ ။

ဤသို့ဘုရားလောင်းသည် ပြဿနာတို့ကိုဖြေသည်ရှိသော် တယော်သော၃အလမ္ဗာယ်သည်မြွေ၏ခံတွင်းကိုဘွဲခြင်းကိုပြု၍မြွေကိုယူ၍ တောင်သွတ်၏။ပုဏ္ဏားသည်မင်းသို့ကပ်၍အောင်စေသတည်းဟုလက်အုပ်ချီ၍မင်းအားချီးမွမ်းခြင်းကိုပြုလိုရကား။ ။

(၁၀၄၀) သုလဒ္ဓ-လာဘော ဇနကဿ ရညော၊
ယော ပဿတိ သေနကံ သာဓု-ပညံ။ ။

ဟူသောဥပစ္စဂါထာကိုဆို၏။ ။

(၁၀၄၀) ယော၊အကြင်ဇနကမင်းသည်။ သာဓုပညံ၊ ကောင်းသောပညာရှိသော။ သေနကံ၊သေနကအမတ်ကို။ ပဿတိ၊ ဖူးမြင်ရ၏။ ဇနကဿ၊ဇနကမည်သော။ တဿရညော၊ ထိုမင်း၏။ လာဘော၊ပညာရှိအားဖူးမြင်ခြင်းကိုရခြင်းသည်။ သုလဒ္ဓလာဘော၊ကောင်းသောရခြင်းမည်၏။ ။

ပုဏ္ဏားသည်မင်းအားချီးမွမ်းပြီး၍ အိမ်မှအသပြာခုနစ်ရာတို့ကိုယူ၍ဘုရားလောင်းအား ချီးမွမ်း၍နှစ်သက်သောပေးကမ်းခြင်းကို ပေးလိုရကား။ ။

(၁၀၄၁) ဝိဝဋ္ဋဆဒ္ဒါ နုသိ သဗ္ဗ-ဒဿီ၊
ဉာဏံ နု တေ ဗြာဟ္မဏ ဘိံသ-ရူပံ။
ဣမာနိ မေ သတ္တသတာနိ အတ္ထိ၊
သဗ္ဗာနိ ဂဏှာဟိ ဒဒါမိ တုယှံ။
တယာ ဟိ မေ ဇီဝိတံ အဇ္ဇ လဒ္ဓံ၊
အထောပိ ဘရိယာယ မကာသိ သောတ္ထိံ။ ။

ဟူသောအခွဲနှင့်တကွသောနှစ်ဂါထာကိုဆို၏။ ။

(၁၀၄၁) ဗြာဟ္မဏ၊ပုဏ္ဏား။ တွံ၊သင်သည်။ ဝိဝဋ္ဋဆဒ္ဒါ၊ ပယ်ခွါလှစ်ဘွင့်အပ်ပြီးသော ကိလေသာဖြင့်ပြီးသော အဖုံးအလွှမ်းရှိသော။ ဝါ၊ သုံးပါးသောဝဋ်၌ ခုနစ်ပါးသော အဖုံးအလွှမ်းကို ဘွင့်လှစ်ပယ်ခွါပြီးသော။ သဗ္ဗဒဿီ၊ခပ်သိမ်းသော တရားကိုမြင်သော သဗ္ဗညုမြတ်စွာဘုရားသည်။အသိ နု၊ဖြစ်သလော။တေ၊သင်၏။ဉာဏံ၊ဉာဏ်သည်။ ဘိံသရူပံ၊အလွန်ကြောက်မက်ဘွယ် အံ့ဘွယ်သရဲသဘောရှိသော သဗ္ဗညုတဉာဏ်ကဲ့သို့အားရှိသည်။အသိ နု၊ဖြစ်သလော။မေ၊ငါ့အား။သတ္တသတာနိ၊ခုနစ်ရာကုန်သော။ဣမာနိ၊ဤဥစ္စာတို့သည်။အတ္ထိသန္တိ၊ရှိကုန်၏။ဂဏှာ

ဟိ၊ယူလော့။ သဗ္ဗာနိ၊ခပ်သိမ်းကုန်သောဥစ္စာတို့ကို။ တုယှံ၊သင်အား။ ဒဒါမိ၊ပေး၏။ဟိ၊သစ္စံ၊မှန်၏။တယာ၊သင်သည်။ဒိန္နတ္တာ၊ပေးအပ်သည်၏အဖြစ်ကြောင့်။ မေ၊အကျွန်ုပ်သည်။အဇ္ဇ၊ယနေ့။ ဇီဝိတံ၊အသက်ကို။လဒ္ဓံ၊ရအပ်၏။ အထောဝိ၊ထိုမှ႔လည်း။ ဘရိယာယ၊မယား၏။ သောတ္ထိံ၊ချမ်းသာခြင်းကို။တွမေဝ၊သင်သည်သာလျှင်။အကာသိ၊ပြုပေ၏။ ။

ပုဏ္ဏားသည်ဤသို့ဆို၍ ကျွန်ုပ်သည်တဘန်အလှူခံပြန်ငြားအံ့၊ ဤမှသောဥစ္စာသည် ကျွန်ုပ်အားဖြစ်ရာ၏။ ကျွန်ုပ်သည်ဤဥစ္စာကို ပေးရာသလျှင်ကတည်း။ ကျွန်ုပ်၏ဤခုနစ်ရာသောဥစ္စာတို့ကိုယူပါလော့ဟု အဘန်တလဲလဲဘုရားလောင်းကိုတောင်းပန်၏။ ။

ထိုစကားကိုကြား၍ဘုရားလောင်းသည်။ ။

(၁၀၄၂) နပဏ္ဍိတာ ဝေတနမာဒိယန္တိ၊
စိတြာဟိ ကထာဟိ သုဘာသိတာဟိ။
ဇုတောဝိ တေ ဗြဟ္မေ ဒဒန္တု ဝိတ္တံ၊
အာဒါယ တွံ ဂစ္ဆ သကံ နိကေတံ။ ။

ဟူသောဆဋ္ဌဂါထာကိုဆို၏။ ။

(၁၀၄၂) ဗြဟ္မေ၊ပုဏ္ဏား။စိတြာဟိ၊ဆန်းကြယ်ကုန်သော။ သုဘာသိတာဟိ၊ကောင်းစွာဆိုအပ်ကုန်သော။ကထာဟိ၊စကားတို့ဖြင့်။ပဏ္ဍိတာ၊ပညာရှိတို့သည်။ဝေတနံ၊အခကို။နအာဒိယန္တိ၊မယူကုန်။ဗြဟ္မေ၊ပုဏ္ဏား။တေ၊သင့်အား။ဇုတော၊ဤငါ၏ခြေရင်းမှလည်း။ ဝိတ္တံ၊သုံးရာသောဥစ္စာကို။ဒဒန္တု၊ပေးစေကုန်သတည်း။ တွံ၊သင်သည်။အာဒါယ၊ယူ၍။ သကံနိကေတံ၊မိမိအိမ်သို့။ဂစ္ဆ၊သွားလော့။ ။

ဤသို့ဆို၍ဘုရားလောင်းသည်ပုဏ္ဏာအားတဘောင်ကိုပြည့်စေ၍အသပြာတို့ကိုပေး၍။ပုဏ္ဏား၊အဘယ်သူသည်သင့်ကိုဥစ္စါရှာစေအပ်သနည်းဟုမေး၏။ပညာရှိ၊မယားသည်ရှာစေအပ်၏ဟုဆို၏။သင်၏မယားသည်ကားအသက်ကြီးသလော၊ငယ်သလောဟုမေး၏၊ ပညာရှိ၊ငယ်၏ဟုဆို၏။ထိုသို့တပြီးကား။ထိုပုဏ္ဏေးမငယ်သည်တပါးသောသူနှင့် လွန်ကျူးခြင်းကိုပြုသည်ရှိသော်ကြောက်ခြင်းမရှိသဖြင့်ပြုအံ့ဟုကြံ၍ သင့်ကိုစေ၏။ဤအသပြာတို့ကိုအိမ်သို့အကယ်၍ဆောင်အံ့၊ ထိုပုဏ္ဏေးမငယ်သည် သင်သည်ဆင်းရဲသဖြင့်ရအပ်သော အသပြာတို့ကို မိမိသယောက်လင်အားပေးလတ္တံ့။ ထိုကြောင့်ထိုဥစ္စာကို ဖြောင့်စွာအိမ်သို့မယူမူ၍ ရွာပ

ဝယ်သစ်ပင်ရင်း၌၎င်း၊ အမှတ်မရှိတရသောအရပ်၌၎င်း အသပြာတို့
ကိုထား၍ဝင်လေလော့ဟုဆို၍ ပုဏ္ဏားကိုလွှတ်လိုက်၏။ ပုဏ္ဏားသည်
ရွာ၏အနီးသို့ရောက်၍တရသောသစ်ပင်ရင်း၌အသပြာတို့ကိုထား၍ ည
အခါ၌အိမ်သို့သွား၏။ပုဏ္ဏား၏မယားသည်လည်းထိုခဏ၌သယောက်
လင်နှင့်တကွနေ၏။ ပုဏ္ဏားသည်တံခါး၌ရပ်၍အိုရှင်မဟုခေါ်၏။ ပုဏ္ဏား
မယားသည်ပုဏ္ဏားအသံကိုမှတ်၍ဆီမီးတိုင်ကိုငြိမ်းစေ၍ တံခါးကိုဖွင့်
၍ပုဏ္ဏားအိမ်တွင်းသို့ဝင်သည်ရှိသော် သယောက်လင်ကို ထုတ်သျှက်
တံခါးရင်း၌ထား၍ အိမ်သို့ဝင်၍အိတ်၌တစုံတခုမမြင်၍။ပုဏ္ဏား၊သင်အ
လှူခံ၍အဘယ်မျှသော ဥစ္စာကိုရခဲ့သနည်းဟုမေး၏။ ရှင်မ၊ငါသည် တ
ထောင်သောဥစ္စာကိုရခဲ့၏ဟုဆို၏ ထိုဥစ္စာသည်အဘယ်မှာနည်းဟုမေး
လတ်သော်၊ဤမည်သောအရပ်၌ထားခဲ့၏။ ထိုဥစ္စာကိုနက်ဖြန်နံနက်လျှင်
ဆောင်ချေအံ့။မကြောင့်ကြလင့်ဟုဆို၏။ ပုဏ္ဏားမယားသည်သွား၍ သ
ယောက်လင်အား ကြား၏။ ထိုသယောက်လင်သည်ထွက်၍ မိမိထား
သောဥစ္စာကဲ့သို့ယူ၏။ပုဏ္ဏားသည်နက်ဖြန်နေ့၌သွား၍အသပြာတို့ကိုမ
မြင်သည်ရှိသော် ဘုရားလောင်းအထံသို့သွား၍၊ပုဏ္ဏား၊ အဘယ်နည်း
ဟုမေးသည်ရှိသော်၊ပညာရှိ၊အသပြာတို့ကိုမမြင်ဟုဆို၏။ သင်သည်မ
ယားအားကြားသလောဟုမေး၏။ ပညာရှိ၊ကြား၏ဟုဆိုသည်ရှိသော်၊
ဘုရားလောင်းသည် သယောက်လင်အား ကြားသော အဖြစ်ကိုသိ၍။
ပုဏ္ဏား၊သင့်မယားအားဆရာပုဏ္ဏားသည်ရှိသလောဟုမေး၏။ပညာရှိ၊ရှိ
၏ဟုဆို၏။သင်အားလည်းရှိသလောဟုမေး၏။ပညာရှိ၊ရှိ၏ဟုဆို၏။ ထို
အခါပုဏ္ဏားအားဘုရားလောင်းသည်ခုနစ်ရက်တို့ရိက္ခာကိုပေး၍ သွား
လော့၊ ရှေးဦးစွာသောနေ့၌သင်၏ဆရာပုဏ္ဏားတယောက်၊သင့်မယား၏
ဆရာပုဏ္ဏားတယောက်၊ဤနှစ်ယောက်တို့ကိုဘိတ်၍သင့်မယားသည် ခုနစ်
ရက်ပတ်လုံးဘိတ်အပ်သောပုဏ္ဏား၏ မပြတ်လာသည့်၏အဖြစ်ကိုသိ၍
ငါ့အားကြားလော့ဟုဆို၏။ ထိုပုဏ္ဏားသည်ဘုရားလောင်းဆိုတိုင်းပြု၍၊
ပညာရှိ၊အကျွန်ုပ်သည် မပြတ်လာ၍စားသော ပုဏ္ဏားကိုမှတ်အပ်၏ဟု
ဘုရားလောင်းအားကြား၏။ဘုရားလောင်းသည်ထိုပုဏ္ဏားနှင့်တကွမင်း
ချင်းတို့ကိုစေ၍ ထိုပုဏ္ဏားကိုဆောင်စေ၍ ဤမည်သော သစ်ပင်ရင်းမှ
သင်သည်ဤမည်သောပုဏ္ဏား၏ဥစ္စာဖြစ်သောအသပြာတထောင်ကို ယူ
သလောဟုမေး၏။ပညာရှိ၊မယူဟုဆို၏။သင်သည်သေနကအားပညာရှိ

သည့်၏အဖြစ်ကိုမသိသလော။ထိုအသပြာကိုဆောင်စေအံ့ဟုဆို၏။ ထို ပုဏ္ဏားသည် ကြောက်သည်ဖြစ်၍ အကျွန်ုပ်သည်ယူအပ်၏ဟု ဝန်ခံ၏။ သင်သည်အဘယ်မှာ ထားသနည်းဟုမေး၏။ ပညာရှိ၊ ထိုအရပ်၌လျှင် ထားအပ်၏ဟုဆို၏။ ဘုရားလောင်းသည် ပုဏ္ဏားကြီးကို။ ပုဏ္ဏားကြီး၊ ထိုပုဏ္ဏေးမကိုပင်လျှင်မယားဖြစ်စေလိုသလော။ထိုသို့မဟုတ်မူကားတ ပါးမိန်းမကိုယူလိုသလောဟုမေး၏။ပညာရှိ၊ ထိုပုဏ္ဏေးမယယ်သည်ပင် လျှင်အကျွန်ုပ်၏မယားဖြစ်စေလို၏ဟုဆို၏။ဘုရားလောင်းသည်လူတို့ကို စေ၍ ပုဏ္ဏား၏အသပြာတို့ကိုရင်း။ပုဏ္ဏေးမယယ်ကိုရင်းဆောင်စေ၍ ခိုး သူပုဏ္ဏား၏လက်မှ အသပြာတို့ကို ပုဏ္ဏားကြီးအား ပေးစေ၍ ခိုးသူ ပုဏ္ဏားအားမင်းဒဏ်ကိုပြုစေ၍မြို့ကိုစည်လည်စေ၍ပုဏ္ဏေးမအားလည်း မင်းအာဏာကိုပြုစေ၍ ပုဏ္ဏားအားကြီးစွာသော စည်းစိမ်အခြံအရံကို ပေး၍ မိမိအထံ၌လျှင်နေစေ၏။ (သတ္တုဟုမုံ့ဟောသဒ္ဒါပဉ္စမကျွရာနှင့်လို သည်။ဘဿကားသားရေအိတ်ဟော။ဘသခါတ်။တပစ္စည်း။ကြဉ်ပစ္စည်း သက်မှုဘဿြာဟူ၍လည်းရှိ၏။ ။ဘဿာစမ္ဗပသိဗ္ဗကာံ။(အဘိဓာန်။)ဝိဝန္န် ပရိဝန္န်ကိလေသမယံဆဒ်ဆာဒနံ ယသသောဝိဝန္နဆဒေါ၊ငိုကာမြင်၍ ပဉ္စမအနက်ယောဇနာသည်။ တိဝိဓဝန္နဆွသတ္တဝိဓဆာဒဆွဝိဝန္နဆဒ်ဝိဝရိ တံဝန္နဆဒံယဿသောတိဝိဝန္နဆာဒေါဟူသော အဋ္ဌကထာပြအနက်ကို တွေ့၍ဒုတိယအတ္တကိုယောဇနာသည်။ကမ္မကိလေသဝိပါကဂါသုံးပါး သောဝဋ်တည်း။ ရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ,အဝိဇ္ဇာ,ဒုစ္စရိတကား ခုနစ်ပါးသောအမိုးအကာအဖုံးအပိတ်တည်း။ဝိဝန္နဆဒေါဆိုအပ်လျက် နိဂ္ဂဟိတ်နည်းအားဖြင့်ဩကိုအာပြုသည်။ ။ဩကာရေအာကာရံဥကာ ရဥ္စ။ ။ဝိဝန္နဆဒါအာရောဂျ်။ ။(သဒ္ဒနီတိ)။ ။ဆအစိတ်ကိုကား ဆန်းအလိုငှါဒီဃပြု၍ဆာဒါနေသည်။ ဝေတနန္တိ ဝေတ္တနံ၊ အယမေဝပါ ပါဠော။(အဋ္ဌကထာ)။ဝေတန,ဝေတ္တန,ပရိယာယ်ပြသည်)။ ။သတ္တု ဘဿဇာတက် သတ္တမံ။၄၀၂။

၄၀၃-အဋ္ဌိသေနဇာတ်။

နှစ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ် စွာဘုရားသည်၊ ယေမေအဟံနဇာနာမိ,အစရှိသောဂါထာပုဒ်ဖြင့်တန်း

ဆာဆင်အပ်သော ဤအမ္ဗသေနဇာတ်ကို၊ အာဠဝိပြည်ကိုမှီ၍ အဂ္ဂါဠဝစေတီ၌သီတင်းသုံးနေတော်မူစဉ်၊ ကုမိကာရသိက္ခာပုဒ်ကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ထိုအကြောင်းကိုမေးအံ့ဟုကြံ၏။ ကြံပြီး၍မင်းသည်တနေ့သ၌နံနက်စာစားပြီးသော်သွား၍ရှိခိုး၍တင့်အပ်သောအရပ်၌နေလျက် တပါးကုန်သောသူတို့၏တောင်းသောအကြောင်းကိုရင်း, ရှင်ရသော့၏ မတောင်းသောအကြောင်းကိုရင်းမေးလိုသည်ဖြစ်၍။ ။

(၁၀၄၃) ယေ မေ အဟံ န ဇာနာမိ၊အမ္ဗသေန ဝနိဗ္ဗကေ။
တေ မံ သင်္ဂမ္မ ယာစန္တိ၊ကသ္မာ မံ တွံ န ယာစသိ။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၁၀၄၃) အမ္ဗသေန၊အရှင်အမ္ဗသေန။ ယေဝနိဗ္ဗကေ၊ အကြင်သူတောင်းစားတို့ကို။ အဟံ၊အကျွန်ုပ်သည်။န ဇာနာမိ၊မသိ။ တေ၊ထိုသူတို့သည်။ မံ၊အကျွန်ုပ်သို့။ သင်္ဂမ္မ၊ အညီအညွတ် လာလတ်၍။ ယာစန္တိ၊ တောင်းကုန်၏။ကသ္မာ၊အဘဲ့ကြောင့်။ တွံ၊သင်သည်။မံ အကျွန်ုပ်ကို။ န ယာစသိ၊မတောင်းသနည်း။ ။

ထိုစကားကိုကြား၍ဘုရားလောင်းသည်။ ။

(၁၀၄၄) ယာစကော အပ္ပိယော ဟောတိ၊ယာစံ အဒဒမပ္ပိယော။
တသ္မာဟံ တံ န ယာစာမိ၊မာ မေ ဝိဒေဿနာ အဟု။ ။

ဟူသော၌ဒုတိယဂါထာကိုဆို၏။ ။

(၁၀၄၄) မဟာရာဇ၊ မြတ်သောမင်းကြီး။ ယာစကော၊တောင်းတတ်သောသူကို။ ဒါယကဿ၊ ပေးတတ်သောသူသည်။ အပ္ပိယော၊ မချစ်အပ်သည်။ဟောတိ၊ဖြစ်၏။ယာစံ၊တောင်းသောဝတ္ထုကို။ အဒဒံ မပေးသောသူကို။ယာစကဿ၊တောင်းသောသူသည်။ အပ္ပိယော၊မချစ်အပ်သည်။ဟောတိ၊ဖြစ်၏။တသ္မာ၊ထိုကြောင့်။မေ၊ငါ့အား။ ဝိဒေဿနာ၊မုန်းခြင်းသည်။မာအဟု၊မဖြစ်စေသတည်းဟု။အဟံ၊ငါသည်။ တံ၊သင်မင်းကြီးကို။န ယာစာမိ၊မတောင်း။ ။

ထိုအခါ ဘုရားလောင်း၏စကားကိုကြား၍မင်းသည်။ ။

(၁၀၄၅) ယော ဝေ ယာစန-ဇီဝါနော၊ကာလေ ယာစံ န ယာစတိ။
ပရဉ္စ ပုညာ ဓံသေတိ၊အတ္တနာပိ န ဇီဝတိ။ ။

(၁၀၄၆) ယော ဝေ ယာစန-ဇီဝါနော၊ကာလေ ယာစနံ ယာစတိ။
ပရဉ္စ ပုညံ လဗ္ဘေတိ၊အတ္တနာပိစ ဇီဝတိ။ ။
(၁၀၄၇) န ဝိဒေသာနိ သပ္ပညာ၊ဒိသွာ ယာစကမာဂတေ။
ဗြဟ္မစာရိ ပိယော မေသိ၊ဝဒ တွံ ဘညမိစ္ဆသိ။ ။
ဟူသော ဤသုံးဂါထာတို့ကိုဆို၏။ ။
(၁၀၄၅-၁၀၄၇) အယျအမ္ဗသေန၊အရှင်အမ္ဗသေန။ယာစနဇီဝါနော၊တောင်း၍အသက်မွေးသော။ယော၊အကြင်ရဟန်း,ပုဂ္ဂိုလ်သည်လည်း။ဝေ၊စင်စစ်။ ကာလေ၊တောင်းသင့်သောကာလ၌။ ယာစနံ၊တောင်းအပ်သောဝတ္ထုကို။ နယာစတိ၊မတောင်း။သော၊ထိုရဟန်း,ပုဂ္ဂိုလ်သည်။ပရဉ္စ၊သူတပါးကိုလည်း။ ပုညံ၊ ကောင်းမှုကို။ဓံသေတိ၊ယုတ်စေတတ်၏။အတ္တနာပိ၊မိမိသည်လည်း။နဇီဝတိ၊ချမ်းသာစွာအသက်မမွေးရ။ ။အယျအမ္ဗသေန၊အရှင်အမ္ဗသေန။ယာစနဇီဝါနော၊တောင်း၍အသက်မွေးသော။ယောစ၊အကြင်ရဟန်း,ပုဂ္ဂိုလ်သည်လည်း။ကာလေ၊တောင်းသင့်သောကာလ၌။ယာစနံ၊တောင်းအပ်သောဝတ္ထုကို။ယာစတိ၊တောင်း၏။သော၊ထိုရဟန်း,ပုဂ္ဂိုလ်သည်။ပရဉ္စ၊ သူတပါးကိုလည်း။ပုညံ၊ကောင်းမှုကို။လဗ္ဘေတိ၊ရစေ၏။အတ္တနာပိစ၊မိမိသည်လည်း။ဇီဝတိ၊ချမ်းသာစွာအသက်မွေးရ၏။ ။အယျအမ္ဗသေန၊အရှင်အမ္ဗသေန။သပ္ပညာ၊ဒါန,ဒါနဖလကိုသိကုန်သောပညာရှိတို့သည်။ ဝေ၊စင်စစ်။အာဂတေ၊လာကုန်သော။ ယာစကေ၊ယာစကာတို့ကို။ဒိသွာ၊မြင်၍။နဝိဒေသာနိ၊အမျက်မထွက်ကုန်။ ဝါ၊မရုန်းကုန်။မေ၊အကျွန်ုပ်သည်။ ဗြဟ္မစာရိ၊မြတ်သောအကျင့်ရှိသောအရှင်ဘုရားကို။ပိယော၊ချစ်အပ်သည်။အသိ၊ဖြစ်၏။တသ္မာ၊ထိုကြောင့်။တွံ၊အရှင်ဘုရားသည်။ ဘညံဘဏိတဗ္ဗဝစနံယံကိဉ္စိဝတ္ထုဇာတံ၊တစုံတခုသောဝတ္ထုစကားကို။ ဣစ္ဆသိ၊အလိုရှိအံ့။ဝဒ၊ဆိုသာဆိုတော်မူ။ဝါ၊တောင်းသာတောင်းကာမူ။ သဗ္ဗဥ္စရဇ္ဇမ္ပိ၊ပြည်အလုံးကိုလည်း။တေ၊အရှင်ဘုရားအား။ဒဿာမိယေဝ၊ပေးအံ့မည်မချွတ်တည်း။ ။(အားနာတော်မမူလင့်ဟူလိုသည်။ ။သဗ္ဗဥ္စ,စသည်ကားထည့်ပါ၍)။ ။
ဤသို့မင်းသည်မင်းအဖြစ်ဖြင့်ဘိတ်အပ်သော်လည်း တစုံတခုသောဝတ္ထုကိုမတောင်းသလျှင်ကတည်း။ဤမင်းသည် ဤသို့အလိုကိုဆိုသည်ရှိသော်၊ဘုရားလောင်းသည် ရဟန်းတို့၏အကျင့်ကိုပြအံ့သော၄၊။မြတ်သောမင်းကြီး၊ ဤတောင်းခြင်းမည်သည်ကား ကာမစည်းစိမ်ကိုခံကုန်

သောလူတို့၏အလေ့အကျင့်တည်း။ ရဟန်းပြုကုန်သောသူတို့၏အလေ့အကျင့်မဟုတ်။ ရဟန်းသည်ရဟန်းပြုသောကာလမှစ၍ လူတို့နှင့်မတူသောစင်ကြယ်သောအသက်မွေးခြင်းရှိသည်ဖြစ်ရာ၏ဟု, ရဟန်း၏အကျင့်ကိုပြလိုရကား။ ။

(၁၀၄၈) န ဝေ ယာစန္တိ သပ္ပညာ၊ ဓီရောစ ဝေဒိတုမရဟတိ။
ဥဒ္ဒိဿ အရိယာ တိဋ္ဌန္တိ၊ ဧသာ အရိယာန ယာစနာ။ ။
ဟူသော ဤဆဋ္ဌဂါထာကိုဆို၏ ။

(၁၀၄၈) မဟာရာဇ၊ မြတ်သောမင်းကြီး။ ဝေ၊စင်စစ်။ သပ္ပညာသုပညာ၊ တင့်တယ်သော ပညာရှိကုန်သော ဘုရား,ဘုရားသာဝက,မဂ်ဥာဏ်အထွတ်၌ ကျင့်ကုန်သော ဣသိ,ပဗ္ဗဇိတ,ဗောဓိသတ္တတို့သည်။ န ယာစန္တိ၊ ငါတို့အား ဤဥစ္စာဤဥစ္စာကို ပေးကြပါကုန်ဟု ရိုင်းပြစွာ မတောင်းကုန်။ စ၊ထိုသို့ပင် မတောင်းငြားသော်လည်း။ ဓီရော၊ ပညာရှိသောဥပဋ္ဌာကဒါယကာသည်။ ဝေဒိတုံ၊ဂိလာနကာလ,အဂိလာနကာလနှစ်ပါး၌ အကြင်ဝတ္ထုဖြင့်အလိုရှိ၏၊ထိုအလိုရှိအပ်သောဝတ္ထုကို အလိုလိုပင်လျှင်ဥာဏ်ဖြင့်သိခြင်းငှါ။အရဟတိ၊ထိုက်၏။အရိယာ၊စင်ကြယ်သော အကျင့်ရှိသော သူတော်သူမြတ်တို့မူကား။ ဥဒ္ဒိဿ၊ အလိုရှိအပ်သောဝတ္ထုကိုရည်မှတ်၍။တိဋ္ဌန္တိ၊နှုတ်မမြွက်ဘဲဆွမ်းခံဝတ်သက်သက်ဖြင့် ငြိမ်သက်စွာရပ်ကုန်၏။ ဧသာ၊ဤကိုယ်အင်္ဂါ,နှုတ်အင်္ဂါကို မပျက်စေမူ၍လိုအပ်သောဝတ္ထုကိုရည်မှတ်လျက် ငြိမ်သက်စွာရပ်ခြင်းသည်။ အရိယာနံ၊စင်ကြယ်သော အကျင့်ရှိကုန်သော ဘုရား,သာဝက,ဣသိ, ပဗ္ဗဇိတတို့၏။ယာစနာ၊တောင်းခြင်းမည်၏။ ။

မင်းသည် ဘုရားလောင်း၏စကားကိုကြား၍၊ အရှင်ဘုရား၊ပညာရှိသောအလုပ်အကျွေးသည်လျှင်သိ၍ ဆရာအား လှူအပ်သော ဝတ္ထုကိုအကယ်၍လှူငြားအံ့၊အကျွန်ုပ်သည်လည်း အရှင်ဘုရားတို့အား ဤမည်သော ဤမည်သောဝတ္ထုကိုလှူအံ့ဟုဆိုလိုရကား။ ။

(၁၀၄၉) ဒဒါမိ တေ ဗြာဟ္မဏ ရောဟိဏီနံ၊
ဂဝံ သဟဿံ သဟ ပုင်္ဂဝေန။
အရိယော ဟိ အရိယဿ ကထံ န ဒဇ္ဇာ။
သုတွာန ဂါထာ တဝ ဓမ္မ-ယုတ္တာ။ ။
ဟူသော ဤသတ္တမဂါထာကိုဆို၏။ ။

(၁၀၄၉) ဗြာဟ္မဏ၊မကောင်းမှုကိုအပပြုသောရှင်ရဟန်း။တော၊အရှင်ဘုရားအား။ ပုဂ်ဝေန၊ရှေ့ဆောင်သွားလားနှင့်။ သဟာ၊တကွ၊ ရောဟိဏီနံ၊နီသောအဆင်းရှိကုန်သော။ဂဝံ၊နွားမတို့၏။ သဟာဿံ၊အထောင်ကို။ ဒဒါမိ၊ဓိရ,ဒဓိ,သပ္ပိ,နဝနီတ,မဓုရရသကို သုံးဆောင်ခြင်းငှါလှူပါ၏ ဟိယျတ္တံ၊သင့်အွ။ တဝ၊အရှင်ဘုရား၏။ ဓမ္မယုတ္တာ၊တရားနှင့်ယှဉ်ကုန်သော။ ဂါထာ၊ဂါထာတို့ကို။ သုတွာန၊နာရ၍။ အရိယော၊အာစာရအရိယဖြစ်သောအကျွန်ုပ်သည်၊အရိယသ၊အာစာရအရိယာဖြဂ်သောအရှင်ဘုရားအား။ ကထံ၊ အဘယ်အကြောင်းကြောင့်။ နဒဇ္ဇာ၊ မလှူအံ့နည်း။ ဒဇ္ဇာမိဧဝ၊ ပစ္စည်းဝန်ပုပ်၊မသိုမြုပ်ဘဲ၊ဝမ်းထဲ ဖြောင့်မှန်၊နိဗ္ဗာန်မျိုးကို၊ စိုက်ပျိုးပေးလှူအံ့သည်သာတည်း။ ။(ဝိဒေဿနာဠ္ဌဒိသိအပ္ပိတိယာံ၊ဓာတုမာလာ၌ရှိရကား၊ ဓမ္မဒေသိ ပဒာဘဝေါဠ္ဌကဲ့သို့ မနှစ်သက်ခြင်း,ရုန်းခြင်းအနက်ကိုဟောသည်။ ယာစကမာဂတေဠ္ဌဧကိုအ,မအာဂုံ။ ဝဒတ္တံ မံဝဒေဟိယာစာဟိယော၀။ ဘညမိဠ္ဌာသိတိ ယံကိဠ္ဌိဝတ္တဗ္ဗံ ဇူဠ္ဌသိသဗ္ဗဠ္ဌ ရဇ္ဇုံပိတေဒဿာမိယော၀။ ။ဤအဌ္ဌကထာဠ္ဌဝဒတ္တံကိုမံဝဒေဟိဘွင့်ရကား။ဝရံရှိသည်မသင့်။ဘညမိဠ္ဌသိကိုယံကိဠ္ဌဝတ္တဗ္ဗံဘွင့်ရကား အညံ့ရှိသည်မသင့်။ဘည္ဌာ ဘဏိတဗ္ဗံဝစနံ။တမေဝဝိဝရတိယံကိဠ္ဌိဝတ္တဗ္ဗမိတိ။သပ္ပညာ သုပညဝါသုသီလဝါ။အဌ္ဌကထာဘွင့်သည်ကား သတ္တဝါတို့သဉ္ဇာန်ဝယ်ပညာနှင့်သီလသည်ရှဉ်းဗုံလိုရင်းတရားဖြစ်သည်၊ပညာသည်လည်းသီလနှင့်ကင်း၍ အကျိုးမသန်၊ သီလသည်လည်းပညာနှင့်ကင်း၍မပြုစင်နိုင်သည်ကိုသိစေလိုသည်)။ ။အဌ္ဌသေနဇာတကံ အဌ္ဌမံ။၄၀၃။

---

၄၀၄-ကပိဇာတ်။

နတ်နှင့်တကွသောလောကကို ဆုံးမတော်မူတတ်သောသဗ္ဗညုမြတ်စွာဘုရားသည်၊ယတ္ထဝေရီနိဝသတိ,အစရှိသောဂါထာပုဒ်တို့ဖြင့် တန်းဆာဆင်အပ်သော ဤကပိဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်၊ ဒေဝဒတ်ကိုမြေမျိုခြင်းကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ဘုရားလောင်းသည်သွား၍ မျောက်အပေါင်း၏ အလယ်၌နေလျက် ပညာစရှိဘို့၏အဆုံးအမကိုနားမထောင်မူ၍ရန်သူဘို့၏အရပ်၌ နေသောသူဘို့မည်သည်ဤသို့ပျက်စီးကျန်၏ဟု မျောက်အပေါင်းအား ဆုံးမလိုသည်၍အဖွင့်အားဖြင့်။ ။

(၁၀၅၀) ယတ္ထ ဝေရီ နိဝိသတိ၊ န ဝသေ တတ္ထ ပဏ္ဍိတော။
ဧကရတ္တံ ဒွိရတ္တံ ဝါ၊ ဒုက္ခံ ဝသတိ ဝေရိသု။ ။
(၁၀၅၁) ဒိသော ဝေ လဟု-စိတ္တဿ၊ ပေါသဿာနု ဝိဓိယတော။
ဧကဿ ကပိနော ဟေတု၊ ယူထဿ အနယော ကတော။ ။
(၁၀၅၂) ဗာလောဝ ပဏ္ဍိတ-မာနီ၊ ယူထဿ ပရိဟာရကော။
သစိတ္တဿ ဝသံ ဂန္တွာ၊ ပသေယျာယံ ယထာ ကပိ။ ။
(၁၀၅၃) န သာဓု ဗလဝါ ဗာလော၊ ယူထဿ ပရိဟာရကော။
အ-ဟိတော ဘဝတိ ဉာတီနံ၊ သကုဏာနံဝ စေဋကော။ ။
(၁၀၅၄) ဓီရောဝ ဗလဝါ သာဓု၊ ယူထဿ ပရိဟာရကော။
ဟိတော ဘဝတိ ဉာတီနံ၊ တိဒသာနံဝ ဝါသဝေါ။ ။
(၁၀၅၅) ယောစ သီလဉ္စ ပညဉ္စ၊ သုတဉ္စတ္တနိ ပဿတိ။
ဥဘိန္နမတ္ထံ စရတိ၊ အတ္တနောစ ပရဿစ။ ။
(၁၀၅၆) တသ္မာ တုလေယျမတ္တာနံ၊ သီလပညာသုတာမိဝ။
ဂဏံဝါ ပရိဟရေ ဓီရော၊ ဧကောဝါပိ ပရိဗ္ဗဇေ။ ။

ဟူသောဂါထာဘို့ကိုဆို၏။ ။

(၁၀၅၀-၁၀၅၆) ယတ္ထ၊အကြင်အရပ်၌။ ဝေရီ၊ရန်သူသည်။ နိဝိသတိ၊နေ၏။တတ္ထ၊ထိုရန်သူရှိရာအရပ်၌။ပဏ္ဍိတော၊ပညာရှိသည်။ဧကရတ္တံဝါ၊တရက်မျှဇင်း။ဒွိရတ္တံဝါ၊နှစ်ရက်မျှဇင်း။န ဝသေ၊မနေရာ။ ဝေရိသု၊ရန်သူတို့ဘောင်၌။ဒုက္ခံ၊ဆင်းရဲစွာ၊ဝသတိ၊နေရ၏။ ။ဝေ၊စင်စစ်။ လဟုစိတ္တဿ၊ပေါ့သောစိတ်ရှိသောသူ၏။ အနုဝိဓိယျတော၊ ပေါ့သောစိတ်ရှိသည်သို့အတုလိုက်၍ကျင့်သောစိတ်ရှိသော။ ပေါသဿ၊သတ္တဝါအား။ ဒိသော၊ရန်သည်။ဟောတိ၊ဖြစ်၏။လဟုစိတ္တဿ၊ပေါ့သောစိတ်ရှိသော။ဧကဿကပိနော၊တကောင်သောမျောက်၏။ ဟေတု၊အကြောင်းကြောင့်။ ယူထဿ၊အလုံးစုံသောမျောက်အပေါင်း၏။ အနယော၊ပျက်စီးခြင်းကို။ ကတော၊ပြုအပ်၏။ ။ယူထဿ၊အပေါင်းကို။ ပရိဟာရကော၊ ဆောင်သော။ယော၊အကြင်သူသည်။ ဗာလောဝ၊မိမိရိုက်သည်ဖြစ်လျက်လျှင်။

ပဏ္ဍိတမာနိ၊မိမိကိုယ်ကိုငါပညာရှိဟုထင်မှတ်သည့်ဖြစ်၍။ ပဏ္ဍိတာနံ၊ ပညာရှိတို့၏။ဩဝါဒံ၊အဆုံးအမကို။အကတွာ၊မပြုမူ၍။ သစိတ္တဿ၊မိမိစိတ်၏။ဝသံ၊အလိုနိုင်ငံသို့။ဂတ္တွာဂစ္ဆတိ၊လိုက်၏။သစိတ္တဿ၊မိမိစိတ်၏။ဝသံအလိုနိုင်ငံသို့။ ဂတံ၊လိုက်သော။ တံ၊ထိုသူကို။ အယံကဗိ၊ဤဒုဗ္ဗစဖြစ်သောမျောက်သည်။မတောယထာ၊သေဘိသကဲ့သို့။ မတံ၊သေသည့်ကို။ ပဿေထ၊မြင်ရာ၏။ ။ဗလဝါ၊အားရှိသော။ ယူထဿ၊အပေါင်းကို။ ပရိဟာရကော၊ဆောင်တတ်သော။ ဗာလော၊သူမိုက်သည်။ နသာဓု၊မကောင်း။ သကုဏာနံ၊ငှက်တို့၏။ စေဒုကောဇ္ဈဝ၊ဗိန်ညင်းကဲ့သို့။ ဉာတိနံ၊ဆွေမျိုးတို့၏။အဟိတော၊စီးပွါးမဲ့ကိုဆောင်သည်။ ဘဝတိ၊ဖြစ်တတ်၏။ ။ယူထဿ၊အပေါင်းကို။ပရိဟာရကော၊ဆောင်တတ်သော။ ဗလဝါ၊အားရှိသော။ဓိရော၀၊ပညာရှိသည်သာလျှင်။သာဓု၊ကောင်း၏။ တိဒသာနံ၊တာဝတိံသာနတ်တို့၏။ ဝါသဝေါဝ၊သိကြားမင်းကဲ့သို့။ဉာတိနံ၊ဆွေမျိုးတို့၏။ ဟိတော၊ အစီးအပွါးကိုဆောင်သည်။ ဘဝတိ၊ ဖြစ်၏။ ယောစ၊အကြင်သူသည်လည်း။အတ္တနိ၊မိမိ၌။သီလဉ္စ၊သီလကိုရင်း။ ပညဉ္စ၊ပညာကိုရင်း။သုတဉ္စ၊သုတကိုရင်း။ပဿတိ၊မြင်၏။သော၊ထိုသူသည်။ အတ္တနောစ၊မိမိ၏ရင်း။ ပရဿစ၊သူတပါး၏ရင်း။ ဉဘိန္နံ၊နှစ်ပါးသောသူတို့၏။အတ္ထံ၊အစီးအပွါးကို။စရတိ၊ကျင့်နိုင်၏။တသ္မာ၊ထိုကြောင့်။ သီလပညာသုတံ၊သီလပညာသုတကို။တုလတိဇ္ဈဝ၊နှိုင်းချိန်သကဲ့သို့။အတ္တာနံ၊မိမိကိုယ်ကိုလည်း။တေသု၊ထိုသီလပညာသုတတို့၌။ တုလေယျ၊နှိုင်းချိန်ရာ၏။တုလေတွာ၊နှိုင်းချိန်ပြီး၍။ဓိရော၊ပညာရှိသည်။ ဂဏံဝါ၊ဂိုဏ်းကိုမူလည်း။ပရိဟာရေ၊ဆောင်ရာ၏။ဧကောဝါပိ၊တယောက်အထီးထည်းဖြစ်၍မူလည်း။ပရိဗ္ဗဇေ၊ကျင့်ရာ၏။ ။(ပရိသုပဋ္ဌာကေနာပိပိဝေကစာရိနာပိဓ္ဓမေဟိတိဟိဓမ္မေဟိသမန္နာဂတေနေဝဘဝိတဗ္ဗံ။ဟူလိုသည်)။ ။ယူထဉ္စဦဒိဃဒုတိယာဘ္ဘရာထနှင့်လိုသည်)။ ။ကပိဇာတကံ နဝမံ။၃၅၄။

---

## ၄၀၅-ဗကဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ ဒွါသတ္တတိ,အစရှိသော ဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော၌ဗကဇာတ်ကိုဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်၊ဗကဗြဟ္မာကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ထိုစကားကိုကြား၍ဗကဗြဟ္မာသည်သင်သည်ဤသို့ဆို၏ သင်သည် ဤသို့ဆို၏ဟုဆို၍ ငါ့ကိုရဟန်းဂေါတမသည်မိစ်လျက် လိုက်လတ်အံ့ ဟုကြံ၍ ဥပမာမည်သည်ကားအားနည်းသော ခိုးသူသည်နှစ်ချက် သုံးချက်ဂုန်သော ပုတ်ခတ်ခြင်းတို့ကိုရ၍ ငါသည်သာလျှင်ခိုးသူလော ဤ အမည်ရှိသောသူသည်လည်း ခိုးသူတည်း ။ဤအမည်ရှိသောသူသည် လည်းခိုးသူတည်းဟု ခပ်သိမ်းသောအဘော်တို့ကိုလည်း ကြားသကဲ့ သို့ထို့အတူလျှင် သဗ္ဗညုမြတ်စွာဘုရား၏ မိစ်ခြင်းမှ ကြောက်သော ကြောင့် တပါးလည်းဖြစ်ကုန်သောမိမိအဘော်တို့ကိုကြားလိုရကား။ ။

(၁၀၅၇) နွါသတ္တတိ ဂေါတမ ပုညကမ္မာ၊
ဝသ-ဝတ္တိနော ဇာတိ-ဇရံ အတီတာ။
အယမန္တိမာ ဝေဒဂု ဗြဟ္မုပပတ္တိ၊
အသ္မာဘိဇပ္ပန္တိ ပဇာ အနေကာ။ ။

ဟူသောဂျေးဦးစွာသောဂါထာကိုဆို၏။ ။

(၁၀၅၇) ဘောဂေါတမ၊အရှင်ဂေါတမ။ နွါသတ္တတိ၊ ခုနစ်ကျိပ်နှစ် ယောက်ကုန်သော။ပုညကမ္မာ၊ကုသိုလ်ကောင်းမှုရှိကုန်သောငါတို့သည်။ ဝသဝတ္တိနော၊မိမိအလိုကိုဖြစ်စေတတ်ကုန်၏။ ဇာတိဇရံ၊ ပဋိသန္ဓေနေ ခြင်း၊အိုခြင်းကို။အတီတာ၊လွန်ကုန်ပြီ။ ဝေဒဂု၊ပညာရှိတို့သည် ရောက် အပ်သော။အယံ၊ဤ။ဗြဟ္မုပပတ္တိ၊ဤဗြဟ္မာ့ပြည်၌ဖြစ်ခြင်းသည်။အန္တိမာ၊အ ဆုံးဖြစ်သောဖြစ်ခြင်းတည်း။ အသ္မေအမှေ၊ငါတို့ကို။ အနေကာ၊များစွာ ကုန်သော။ပဇာ၊သတ္တဝါတို့သည်။အဘိဇပ္ပန္တိ။ငါတို့သည်လည်း ဤအ ရှင်ဗြဟ္မာတို့ကဲ့သို့သဘောရှိကုန်သည်ဖြစ်ရပါမူကား ကောင်းလေစွဟု တောင့်တကုန်၏။ ။

ထိုဗြဟ္မာ၏စကားကိုကြား၍သဗ္ဗညုမြတ်စွာဘုရားသည်။ ။

(၁၀၅၈) အပ္ပံ ဟိ ဧတံ န ဟိ ဒီဃမာယု၊
ယံ တွံ ဗက မညသိ ဒီဃမာယု။
သတံ သဟဿာနိ နိရဗ္ဗုဒါနံ၊
အာယုံ ပဇာနာမိ တဝါဟံ ဗြဟ္မေ။ ။

ဟူသောဒုတိယဂါထာကိုဟောတော်မူ၏။ ။

(၁၀၅၈) ဗက၊ဗကဗြဟ္မာ။တွံ၊သင်သည်။ ယံအာယုံ၊အကြင်အသက် ကို။ဒီဃံ၊ရှည်၏ဟူ၍။မညသိ၊အောက်မေ့၏။ ဧတံအာယု၊ထိုအသက်သည်။

အပ္ပံ၊နည်းသည်။အသိ၊ဖြစ်၏။ဒီဃံ၊ရှည်သည်။နဟိအသိ၊မဖြစ်သည်သာ တည်း။ဖြပဟွေ၊ဖြပဟွာ။အဟံငါသည်။(နိဂ္ဂဟိတ်ကျေသည်)။တဝ၊သင်၏။ အာယုံ၊အသက်ကို။ နိရဗ္ဗုဒါနံ၊နိရဗ္ဗုဒဟုဆိုအပ်သောဂဏန်းတို့၏။ သ တံသဟဿာနိ၊တသိန်းအတိုင်းအရှည်ရှိသော ဂဏန်းတို့သည်။ အဟ ဟံနာမ၊တရသောအဟဟမည်၏။ဩကာ၊ဤရွှေ့ဤမျှအဟဟဂဏန်းအ တိုင်းအရှည်ရှိ၏ဟူ၍။ပဇာနာမိ၊သိ၏။

ထိုစကားကိုကြား၍ဗကဖြဟ္မာသည်။ ။

(၁၀၅၉) အနန္တ-ဒဿီ ဘဂဝါဟမသ္မိ၊
ဇာတိဉ္စရံ သောကမုပါတိဝတ္တော။
ကိံ မေ ပုရာဏံဝတ-သီလဝတ္တံ၊
အာစိက္ခ မေ တံ ယမဟံ ဝိဇညံ။ ။

ဟူသောဤတတိယဂါထာကိုဆို၏။ ။
(၁၀၅၉) ဘောဂေါတမ၊အိုရှင်ဂေါတမ။ တွမ္ဟေ၊သင်တို့သည်။ အဟံ၊ ငါကား။အနန္တဒဿီ၊အဆုံးမရှိသောတရားကိုမြင်သော။ ဘဂဝါ၊ဘုရား သည်။အသ္မိ၊ဖြစ်၏။ ဇာတိဉ္စရဉ္စ၊ပဋိသန္ဓေနေခြင်းအိုခြင်းကိုဇင်း။ သောဝ ကဉ္စ၊စိုးရိမ်ခြင်းကိုဇင်း။ ဉပါတိဝတ္တော၊လွန်၏။ ဣတိ၊ဤသို့။ ဒဝထ၊ဆို ကုန်၏။ဧဝံသန္တေ၊ဤသို့အရှင်ဘုရားသဗ္ဗညုဗုဒ္ဓဖြစ်လတ်သော်။မေ၊ငါ၏။ ပုရာဏံ၊ရှေး၌ဖြစ်သော။ဝတသီလဝတ္တံ ဝတသီလံ၊ အကျင့်သီလသည်၊ (အန္တကားအနက်မရှိ။ဝကားအာဂုံ)။ ကိံ၊အဘယ်နည်း။ ယံ၊ အကြင်အ ကျင့်သီလကို။အဟံ၊ငါသည်။ဝိဇညံ၊သိရာ၏။တံ၊ထိုအကျင့်သီလကို။မေ၊ ငါ့အား။အာစိက္ခ၊ကြားလော့။ ။

ထိုအခါ ဗကဖြဟ္မာအား မြတ်စွာ ဘုရားသည် အတိတ် ဝတ္ထုကို ဆောင်၍ကြားလိုရကား။ ။

(၁၀၆၀) ယံ တွံ အပါယေသိ ဗဟူ မနုဿေ၊
ပိပါသိတေ ဃမ္မနိ သမ္ပရေတေ။
တန္တေ ပုရာဏံ ဝတ-သီလဝတ္တံ၊
သုတ္တပ္ပဗုဒ္ဓေါဝ အနုဿရာမိ။ ။
(၁၀၆၁) ယံ ဧဏိ-ကူလသ္မိ ဇနံ ဂဟိတံ၊
အမောစယိ ဂယှက-နိယျမာနံ။

တဉ္စေ ပုရာဏံ ဝတ-သီလဝန္တံ၊
သုတ္တပ္ပဗုဒ္ဓေါဝ အနုဿရာမိ။ ။

(၁၀၆၂) ဂင်္ဂါယ သောတသ္မိံ ဂဟိတ-နာဝံ၊
လုဒ္ဒေန နာဂေန မနုဿ-ကပ္ပါ။
အမောစယိတ္ထ ဗလသာ ပသယှ၊
တဉ္စေ ပုရာဏံ ဝတ-သီလဝန္တံ၊
သုတ္တပ္ပဗုဒ္ဓေါဝ အနုဿရာမိ။ ။

(၁၀၆၃) ကပ္ပေါစ တေ ပဋ္ဌစရော အဟောသိ၊
သမ္ဗုဒ္ဓဝန္တံဝတိဒံ အမညုံ။
တဉ္စေ ပုရာဏံ ဝတ-သီလဝန္တံ၊
သုတ္တပ္ပဗုဒ္ဓေါဝ အနုဿရာမိ။ ။

ဟူသောလေးဂါထာတို့ကိုဆို၏။ ။

၁၀၆၀-၁၀၆၃) ဖြပ္ပေါ၊ ဖြပ္ပဿ။ တွံ၊ သင်သည်။ ဗဟူ၊များစွာကုန်သော။ ပိပါသိတေ၊ရေငတ်ကုန်သော။ ဃမ္မနိသမ္ဘဝေ၊အလွန်ပူပြင်းသောနေပူသည်နှိပ်စက်အပ်ကုန်သည်ဖြစ်၍ပင်ပန်းကုန်သော။ မနုဿေ၊လူတို့ကို။ယံအပါယေသိ၊အကြင်ရေသောက်စေ၏။တေ၊သင်၏။ပုရာဏံ၊ရှေး၌ဖြစ်သော။တံဝတသီလဝန္တံ၊ ထိုအကျင့်သီလကို။ အဟံ၊ငါသည်။ သုတ္တပ္ပဗုဒ္ဓေါဝ၊ပဋ္ဌုသကာလ၌ အိပ်မက်မြင်၍ နိုးသောယောက်ျားကဲ့သို့။အနုဿရာမိ၊အောက်မေ့နိုင်၏။ ။ဖြပ္ပေါ၊ဖြပ္ပဿ။ဧကိကူလသ္မိံ၊ဧကီမြစ်နား၌။(နိဂ္ဂဟိတ်ကျေ)။ဂဟိတံ၊ဘမ်းအပ်သော။ဂယှကနိယျမာနံ၊သို့ရဘမ်း၍ ဆောင်အပ်သော။ ဇနံ၊လူကို။ ယံအမောစယိ၊ အကြင်လွတ်စေပြီ။တေ၊သင်၏။ပုရာဏံ၊ရှေး၌ဖြစ်သော။ တံဝတသီလဝန္တံ၊ထိုအကျင့်သီလကို။ အဟံ၊ငါသည်။ သုတ္တပ္ပဗုဒ္ဓေါဝ၊ပဋ္ဌုသကာလ၌ အိပ်မက်မြင်၍နိုးသောယောက်ျားကဲ့သို့။အနုဿရာမိ၊အောက်မေ့နိုင်၏။ ။ ဖြပ္ပေါ၊ဖြပ္ပဿ။ ဂင်္ဂါယ၊ဂင်္ဂါ၏။ သောတသ္မိံ၊အယဉ်၌။ လုဒ္ဒေန၊ကြမ်းသော။နာဂေန၊နဂါးသည်။မနုဿကပ္ပါ၊ လူတို့ကိုနှိပ်စက်လိုခြင်းကြောင့်။ ဗလသာ၊အားဖြင့်။ ပသယှ၊နှိပ်စက်၍။ ဂဟိတနာဝံ၊ဘမ်းယူအပ်သောလှေကို။အမောစယိတ္ထ၊လွတ်စေပြီ။တေ၊သင်၏။ပုရာဏံ၊ရှေး၌ဖြစ်သော၊ တံဝတသီလဝန္တံ၊ထိုအကျင့်သီလကို။ အဟံ၊ငါသည်။ သုတ္တပ္ပဗုဒ္ဓေါဝ၊ ပဋ္ဌုသကာလ၌အိပ်မက်မြင်၍နိုးသော ယောက်ျားကဲ့သို့။ အနုဿရာမိ၊

အောက်မေ့နိုင်၏။ ။ဖြပေ့ ။ဖြပ္ဗာ။အဟံ၊ငါသည်။တော၊သင်၏။ကပ္ပေါ၊ ကပ္ပမည်သော။ ပဏ္ဍစရေအဏ္ဏေဝါသိကော၊တပည့်သည်။ အဟောသိ၊ ဖြစ်၏။သမ္ပုဏ္ဍဝဏ္ဏံ၊ပညာနှင့်ပြည့်စုံသော။ဝတ်ဝတဝဏ္ဏံ၊ အကျင့်နှင့်ပြည့် စုံသော။ ဈာန်ဈာန်ဂုဏ်ဒိသံ၊ဤသို့သဘောရှိသော။ မံ၊ငါ့ကို။တွံ၊သင်သည်။ (ထည့်)။အမည်အမည်မာနော၊ မင်္အောက်မေ့မိ။အဟံ၊ငါသည်။ တော၊ သင်၏။ပုရာဏံ၊ရှေး၌ဖြစ်သော။ တံဝတသီလဝဏ္ဏံ၊ထိုအကျင့်သီလကို။ သုတ္တပ္ပဗုဒ္ဓေါဝ၊ ပစ္စုသကာလ၌ အိပ်မက်မြင်၍ နိုးသောယောကျ်ားကဲ့ သို့။ အနုဿရာမိ၊ အောက်မေ့နိုင်၏။ ။ဤသို့သဗ္ဗညုမြတ်စွာဘုရား သည်မိမိသည်ကေသီရသေ့၏ တပည့်ဖြစ်၍ ဤရောဂါကိုငြိမ်းစေသည် ၏အဖြစ်ကိုပြတော်မူ၏။ဤသို့ပြတော်မူသောသဗ္ဗညုမြတ်စွာဘုရားသည် ထိုဇကဗြဟ္မာသည် လူ့ပြည်၌ပြုအပ်သောကောင်းမှုကံကို ဗြဟ္မာကြီး မှတ်စေလျက်ဟော၏။ ဇကဗြဟ္မာသည်မြတ်စွာဘုရားစကားတော်ဖြင့် မိမိသည်ပြုအပ်သောကောင်းမှုကို အောက်မေ့၍မြတ်စွာဘုရားအားချီး မွမ်းလိုရကား။ ။

(၁၀၆၄) အဒ္ဓါ ပဇာနာသိ မမေတမာယုံ၊
အညံပိ ဇာနာသိ တထာ ဟိ ဗုဒ္ဓေါ။
တထာ ဟိ တာယံ ဇလိတာနုဘာဝေါ၊
သြဘာသယံ တိဋ္ဌတိ ဗြဟ္မ-လောကံ။ ။

ဟူသောအဆုံးဖြစ်သောဂါထာကိုဆို၏။ ။

(၁၀၆၄) ဘောဂေါတမ၊ အရှင်ဂေါတမ။ တွံ၊ အရှင်သည်။ မမ၊ ငါ၏။ ဧတံအာယုံ၊ထိုအသက်အတိုင်းအရှည်ကို။ အဒ္ဓါ၊စင်စစ်။ပဇာနာ သိ၊သိတော်မူ၏။ အညံပိ၊ အကျွန်ုပ်အသက်မှ တပါးသောကုန်အောင်ရုံ သောတရားကိုလည်း။ တွံ၊အရှင်သည်။ဇာနာသိ၊သိတော်မူ၏။ တထာ ဟိ၊ ထိုသို့ ချက်ကုံမွဲ့သင့်လျှော်သော ဥဃျတရားကို အကြွင်းမထား သိ တော်မူသောကြောင့်လျှင်။တွံ၊အရှင်သည်။ဗုဒ္ဓေါ၊ဗုဒ္ဓမည်တော်မူ၏။ တ တထာဟိ၊ထိုသို့ဗုဒ္ဓမည်တော်မူသောကြောင့်လျှင်။တော၊အရှင်ဘုရား၏။ အယံဇလိတာနုဘာဝေါ၊ ဤထွန်းပသော ကိုယ်တော် အရောင်အာနု ဘော်သည်။ဗြဟ္မလောကံ၊ ကုန်အောင်ရုံသောဗြဟ္မာ့ပြည်ကို။ သြဘာ သယံ၊သြဘာသယန္တော၊ ထွန်းလင်းတောက်ပစေလျက်။ တိဋ္ဌတိ၊တည် ၏။ ။ဤသို့မြတ်စွာဘုရားသည်ကိုယ်တော်၏ ကျေးဇူးကိုသိစေလျက်

တရားဟော၍သစ္စာကိုပြတော်မူ၏။ သစ္စာကိုပြတော်မူသည်၏အဆုံး၌ ရောက်လာကုန်သောတသောင်းသောဖြဟ္မာတို့၏စိတ်တို့သည် တဏှာမာနဒိဋ္ဌိတို့သည်မစွဲလမ်းအပ်သည်ဖြစ်၍အာသဝေါတို့မှလွတ်ကုန်၏။ ။ (အသ္မာဘိကိုအသ္မေအဘိဖြတ်။ အသ္မေ့,ကားအမြေနှင့်အနက်တူ။ ။ မနုဿကပ္ပါတိမနုဿေပိနာသေတိကာမတာယ။ ။(အဋ္ဌကထာ)။ ။ ဗကဇာတကံ ဒသမံ။၄၀၅။ကုက္ကုဝဂ္ဂေါ ပဌမော။ ။

(၂-ဂန္ဓာရဝဂ်)

## ၄၀၆-ဂန္ဓာရဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်။ဟိတွာဂါမသဟဿာနိ,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော၍ဂန္ဓာရဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်၊ ဘေသဇ္ဇသန္နိဓိကာရ သိက္ခာပုဒ်ကို အကြောင်းပြု၍ ဟောတော်မူ၏။ထိုအခါဝိဒေဟရသေ့ကို ဘုရားလောင်းသည်၊မဂ်ဖိုလ်မှအချည်းနှီးဖြစ်သော ယောကျ်ားယူဇနာသုံးရာရှိသော ဝိဒေဟတိုင်းကိုစွန့်၍ရဟန်းပြု၍ပလိဗောဓမရှိသည်၏အဖြစ်သို့ရောက်၍ ယခုအခါ၌ဆားနှင့်ထပ်စွန်းခြင်းကိုဖြစ်စေ၏ဟုမြွမ်းခြောက်၍ဆုံးမလိုရကား။ ။

(၁၀၆၅) ဟိတွာ ဂါမ-သဟဿာနိ၊ပရိပုဏ္ဏာနိ သောဠသ။
ကောဋ္ဌာဂါရာနိ ဖိတာနိ၊သန္နိဓိံ ဒါနိ ကုြဗ္ဗသိ။ ။

ဟူသော၍ပဌမဂါထာကိုဆို၏။ ။

(၁၀၆၅) ဝိဒေဟ၊ ဝိဒေဟရသေ့။ တွံ၊သင်သည်။ ပရိပုဏ္ဏာနိ၊ပြည့်ရုံကုန်သော။သောဠသဂါမသဟဿာနိစ၊ ရွာတသောင်းခြောက်ထောင်တို့ကိုရင်း။ ဖိတာနိပူရာနိ၊အသိပ်အနှက်ပြည့်ကုန်သော။ ကောဋ္ဌာဂါရာနိစ၊ရတနာကျီ၊ပုဆိုးကျီ၊စပါးကျီတို့ကိုရင်း။ဟိတွာန၊စွန့်၍။ ဣဒါနိ၊ယခုအခါ၌။လောဏမတ္တံ၊ဆားမျှကို။သန္နိဓိံ၊သိုမှီးခြင်းကို။ကုြဗ္ဗသိ၊ပြု၏။ ။

ထိုဝိဒေဟရသေ့သည်၍ကဲ့သို့ကဲ့ရဲ့အပ်သည် ရှိသော် ကဲ့ရဲ့ခြင်းကိုသည်းမခံနိုင်ရကားဆန့်ကျင်ဘက်ပြု၍၊ဆရာ၊သင်တို့သည်မိမိအပြစ်ကိုမမြင်မူ၍ကျွန်ုပ်၏အပြစ်ကိုသာလျှင်မြင်ကုန်၏။ဆရာတို့သည်ငါ့အားသူတပါးတို့ကိုဆုံးမခြင်းဖြင့် အဘာယ်အကျိုးရှိအံ့နည်း၊ကိုယ်ကိုသာလျှင်

ဆုံးမအံ့ဟု မင်းအဖြစ်ကိုစွန့်၍ရဟန်းပြုသည်မဟုတ်လော။ ယခုအခါအဘဲ့ကြောင့်ကျွန်ုပ်ကိုဆုံးမကုန်သနည်းဟုစောဒနာလိုရကား။ ။

(၁၀၆၆) ဟိတွာ ဂန္ဓာရ-ဝိသယံ၊ပဟူတခနု-ခါဒိယံ။
ပသာသနတော နိက္ခန္တော၊ဣဓ ဒါနိ ပသာသသိ။ ။

ဟူသော၍ဒုတိယဂါထာကိုဆို၏။ ။

(၁၀၆၆) အာစရိယ၊ဆရာ။ ပဟူတခနခါဒိယံ၊များစွာသော ဥစ္စာကိုဆောင်သော။ဂန္ဓာရဝိသယံ၊ဂန္ဓာရတိုင်းကို။ဟိတွာ၊စွန့်ပြီး၍။ ပသာသနတော၊ဆုံးမခြင်းမှ။ နိက္ခန္တော၊ထွက်ပြီးလျက်။ ဣဒါနိ၊ယခုအခါ၌။ ဣဓ၊ဤတောအရပ်၌။ ကသ္မာ၊အဘဲ့ကြောင့်။မံ၊ငါ့ကို။ ပသာသသိ၊ဆုံးမပြန်သနည်း။ ။

ထိုစကားကိုကြား၍ဘုရားလောင်းသည်။ ။

(၁၀၆၇) ဓမ္မံ ဘဏာမိ ဝေဒေဟ၊အဓမ္မော မေ န ရုစ္စတိ။
ဓမ္မံ မေ ဘဏမာနဿ၊န ပါပမုပလိမ္ပတိ။ ။

ဟူသော၍တတိယဂါထာကိုဆို၏။ ။

(၁၀၆၇) ဝေဒေဟ၊ဝေဒေဟရသေ့။အဟံ၊ငါသည်။ ဓမ္မံ၊ဘုရားအစရှိသော်သူတော်ကောင်းတို့သည်ချီးမွမ်းအပ်သောသဘောကိုသာလျှင်။ ဝါ၊သင့်သောသဘောအကြောင်းကိုသာလျှင်။ဘဏာမိ၊ဆိုတတ်၏။အဓမ္မော၊ သဘောမဟုတ် မသင့်မလျော်သော အကြောင်းသည်။ မေ၊ငါ့အား။နရုစ္စတိ၊တရံတဆစ်မျှစ်သက်ခြင်းကိုမဖြစ်စေ။ဓမ္မံ၊သဘောကို။ဘဏမာနဿ၊ဆိုသော။ မေ၊ငါ့အား။ ဝါ၊ငါ၏။ ဟဒယေ၊နှလုံး၌။(ထည့်)။ ပါပံ၊မကောင်းမှုသည်။နဉပလိမ္ပတိ၊မလိမ်းကျံမကပ်ငြိ။ ။

ဝိဒေဟရသေ့သည်ဘုရားလောင်း၏စကားကိုကြား၍၊ဆရာ၊အကျိုးကိုမှီသော စကားကိုဆိုသောသူသည်လည်း၊သူတပါးကိုထိခိုက်ချုတ်ချယ်၍ ဆိုခြင်းငှါမသင့်၊ ငါ့ကိုတုံးသောသင်တုန်းထားဖြင့်ခေါင်းရိတ်ဘိသကဲ့သို့၊အလွန်ကြမ်းသောစကားကိုဆို၏ဟုဆိုလို၍။ ။

(၁၀၆၈) ယေနကေနစိ ဝဏ္ဏေန၊ပရော လဘတိ ရုပ္ပနံ။
မဟတ္ထိယမ္ပိ စေ ဝါစံ၊န တံ ဘာသေယျ ပဏ္ဍိတော။ ။

ဟူသော၍စတုတ္ထဂါထာကိုဆို၏။ ။

(၁၀၆၈) အာစရိယ၊ဆရာ။ ယေနကေနစိဝဏ္ဏေန၊တစုံတခုသောအကြောင်းဖြင့်။ ပရော၊သူတပါးသည်။ ရုပ္ပနံ၊ဖျက်နှာမသာ ဘောံပြန်ခြင်း

ကို။လာဘတိ၊ရ၏။စေ၊အကယ်၍။ မဟတ္တိယဥ္စ၊များစွာသောအကျိုးကိုမှီ ငြားသော်လည်း။တံဝါစံ၊ထိုကဲ့သို့သောစကားကို။ ပဏ္ဍိတော၊ပညာရှိ သည်။နဘာသေယျ၊မဆိုရာ။ ။

ထိုအခါဝေဒေဟရသေ့အားဘုရားလောင်းသည်။ ။

(၁၀၆၉) ကာမံ ရုပ္ပတု ဝါ မာ ဝါ၊ဘုသံဝ ဝိကိရိယျတု။
ဓမ္မံ မေ ဘဏမာနဿ၊န ပါပမုပလိမ္ပတိ။ ။

ဟူသော၍ပဉ္စမဂါထာကိုဆို၏။ ။

(၁၀၆၉) ဝေဒေဟ၊ဝေဒေဟရသေ့။အယုတ္တကာရကော၊မသင့်မ တော်သည်ကို ပြုတတ်သသူသည်။ ဩဝဒိယမာနော၊သင့်သည်မသင့် မတော်သည်ကိုပြုသကားဟု တရားဖြင့်ဆုံးမအပ်သည်ရှိသော်။ ကာမံ၊ စင်စစ်။ ရုပ္ပတု ဝါ၊ အမျက်ထွက်သည်မူလည်းဖြစ်စေ။ မာဝါရုပ္ပတု၊ အ မျက်မထွက်သည်မူလည်းဖြစ်စေ။ဘုသံဝ၊ ဖွဲဆုပ်ကဲ့သို့။ ဝိကိရိယျတု၊ လွင့်သည်မူလည်း ဖြစ်စေ။ ဓမ္မံ၊သဘောကို။ ဘဏမာနဿ၊ ဆိုသော။ မေ၊ငါ့အား။ဝါ၊ငါ၏။ဟဒယေ၊နှလုံး၌။(ထည့်)။ပါပံ၊မကောင်းမှုသည်။ နဥပလိမ္ပတိ၊မလိမ်းကျံမကပ်ငြိ။ ။

ဤသို့ဆုံးမပြီး၍လည်း၊အာနန္ဒာ၊ဒိုးထိန်းသည်သည်ဝိုကုန်သောမြေ တို့ကိုနှိပ်၍နှိပ်၍လုံ့လပြုသကဲ့သို့၊ထို့အတူငါသည်လုံ့လပြုအံ့။အါနန္ဒာ၊ ငါဘုရားသည် နှိုင်၍နှိပ်၍ဆိုဆုံးမအံ့။ အကြင်အနှစ်သည်ရှိ၏၊ ထိုအနှစ် သည်တည်လတ္တံ့။အကာသဉ်လွင့်လတ္တံ့။ဤသို့လာသောမြတ်စွာဘုရား အဆုံးအမအားလျော်သောအကျင့်၌တည်၍ဒိုးထိန်းသည်သည်ဒိုးတို့ ၌ အဘန်တလဲလဲခေါက်၍ စိမ်းသောဒိုးကိုမယူမူ၍ ကောင်းစွာကျက် သည်သာလျှင်ဖြစ်သောဒိုးကိုပြုသကဲ့သို့,ယူသကဲ့သို့၊ထို့အတူအဘန် တလဲလဲဆုံးမ၍ နှိပ်၍ကျက်သော ဒိုးနှင့်တူသောပုဂ္ဂိုလ်ကို ယူအပ်၏ ဟုပြအံ့သောဌါဝိဒေဟရသေ့ကိုတဘန်ဆုံးမလိုရကား။ ။

(၁၀၇၀) နော စေ အဿ သကာ ဗုဒ္ဓိ၊ဝိနယော ဝါ သုသိက္ခိတော။
ဝနေ အန္ဓ-မဟိံသောဝ၊စရေယျ ဗဟုကော ဇနော။ ။

(၁၀၇၁) ယသ္မာ စ ပနိဓေကစ္စေ၊အာစေရမှိ သုသိက္ခိတာ။
တသ္မာ ဝိနီတ-ဝိနယာ၊စရန္တိ သုသမာဟိတာ။ ။

ဟူသော၍ဆဋ္ဌဂါထာ,သတ္တမဂါထာတို့ကိုဆို၏။ ။

(၁၀၇၀-၁၀၇၁) ဝေဒေဟ၊ဝေဒေဟရသေ့။ ဣမေသံသတ္တာနံ၊ဤ
သတ္တဝါတို့အား။ သကာဗုန္ဓိ၊မိမိဥစ္စာဖြစ်သောအသိပညာသည်ရင်း။သု
သိက္ခိတော၊အဆုံးမပေးတတ်သောပညာရှိကိုမှီ၍ကောင်းစွာသင်ကြား
အပ်သော၊ဝိနယော၀ါ၊ကောင်းသောအကျင့်ကိုပြ၍ဆုံးမကြောင်းဖြစ်
သော အာစာရဝိနည်း,သိက္ခာပုဒ်၌ ဟောအပ်သော အမှတ်ဖြင့် ဆုံးမ
ကြောင်းဖြစ်သော ပဏ္ဏတ္တိဝိနည်းသည်ရင်း။ နောစေအသ၊အကယ်၍
မရှိသည် ဖြစ်ငြားအံ့။ ဧဝံသန္တေ၊ဤသို့မိမိဥစ္စာ သဘာဝပညာ၊ ဆရာ
ကောင်းထံ နည်းခံသင်ကြားဘူးသော အာစာရဝိနည်း,ပဏ္ဏတ္တိဝိနည်း
မရှိခဲ့လတ်သော်။ ဝနေ၊မြက်နွယ်စသည် ထူထပ်သော တောအရပ်၌။
အန္ဓမဟိံသော၊ ကန်းသောကျွဲသည်။ ဂေါစရဂေါစရံ၊ ကျက်ခွါးရာ
ဟုတ်သည်, ကျက်စားရာမဟုတ်သည်ကိုရင်း။ သာသက်နိရာသက်၊ ရွံ
ရှာဘွယ်ရှိသော အရပ်, ရွံရှာဘွယ်ကင်းသော အရပ်ကိုရင်း။ အဇာ
နန္တော၊မသိသည်ဖြစ်၍။ စရတိဣဝ၊လှည့်လည်ကျက်စား၏သို့။ တထာ၊
ထို့အတူ။တုမှာဒိသော၊သင်ကဲ့သို့မလိမ္မာသောသဘောရှိသော။ ဗဟု
ကော၊များစွာသော။ဇနော၊လူအပေါင်းသည်။ စရေယျ၊ကျွဲကန်းတော
တိုးကျင့်ရာ၏၊ ။(ဤဂါထာအလို၊ဆင်ကန်းတောတိုးမဟုတ်၊ကျွဲကန်း
တောတိုးဟုလိုသည်)။ ။ယသ္မာစပန၊အကြင်ကြောင့်ကား။ဣဓ၊ဤလူ့
ရွာ၌။ဧကစ္စေ၊အမျိုးဥစ္စာအသိပညာမှကင်းကုန်သော အချို့သောသတ္တ
ဝါတို့သည်။ အာစေရမှိ၊ တတ်သိလိမ္မာဆရာကောင်းအထံ၌။ သုသိက္ခိ
တာ၊အာစာရဝိနည်း,ပဏ္ဏတ္တိဝိနည်းကိုကောင်းစွာသင်ကုန်သည်။ဟော
န္တိ၊ဖြစ်ကုန်၏။ တသ္မာ၊ ထိုသို့တတ်သိလိမ္မာသောဆရာကောင်းထံကျိုး
နွံခယဝတ်ကုန်၍လျက် ကျိုးကျအောင်လက်ထပ်သင်ပြီးသည်၏အဖြစ်
ကြောင့်။ ဝိနီတဝိနယာ၊ တတ်သိလိမ္မာဆရာကောင်းတို့သည်။ မိမိ မိမိ
အားလျော်သောဝိနည်း၌ဆုံးမပဲ့ပြင်သင်အပ်ကုန်ပြီးဖြစ်၍။ သုသမာဟိ
တာ၊သုဂတိနိဗ္ဗာန်လမ်းကြောင်းမှန်သောအကျင့်၌ ကောင်းစွာထားအပ်
သောစိတ်ရှိကုန်သည်ဖြစ်၍။ဝါ၊မလောက်မလက်ကေဂ္ဂတာတည်ကြည်
စွာသောစိတ်ရှိကုန်သည်ဖြစ်၍။ စရန္တိ၊မတိမ်းမစောင်းကောင်းကောင်း
ကျင့်နိုင်ကုန်၏။ ။

ဤသုတ္တန်ဒေသနာဖြင့် လူဖြစ်၍လည်း မိမိ၏အမျိုးအားလျော်စွာအ
တတ်ပညာကျင့်ဝတ်သိက္ခာကို သင်အပ်၏။ ရဟန်းသည်လည်းရဟန်း

အားလျော်သောအတတ်ပညာကျင့်ဝတ်သိက္ခာကိုသင်အပ်၏။ ။လူဖြစ်သောသူတို့သည်လည်းမိမိအမျိုးအားလျော်သော လယ်လုပ်ကုန်သွယ်ခြင်းစံသောအတတ်တို့၌ ကောင်းစွာသင်ကုန်ပြီးမှလျှင် ပြည့်စုံသောအသက်မွေးခြင်းရှိကုန်သည်ဖြစ်၍တည်တည်ကြည်ကြည် ကျင့်နိုင်ကုန်၏။ ရဟန်းဖြစ်သောသူသည်လည်း ရဟန်းအားလျော်ကုန်သော ကြည်ညိုဘွယ်ကိုဆောင်တတ်ကုန်သော ရှေ့သို့တက်ခြင်းနောက်သို့ဆုတ်ခြင်းအစရှိသည်တို့၌၎င်း။အဓိသီလ, အဓိစိတ္တ, အဓိပညာသိက္ခာတို့၌၎င်း။ ဆရာကောင်းထံ ကျိုးနွံခယ ဝတ်ကုန်၄လျက်ကျိုးကျအောင် လက်ထပ်သင်အပ်ပြီးသော်သိက္ခာရှိမှသာလျှင်တည်တည်ကြည်ကြည်မတိမ်းမစောင်းကောင်းစွာကျင့်နိုင်ကုန်၏ဟူသောအနက်ကိုပြသည်။ ။အာစာရပဏ္ဏတ္တိဝိနယောဝါ သုသိက္ခိတောနဘဝေယျ။ ။(အဋ္ဌကထာ)။ ။
အာစာရဝိနယောတိအာစာရဝိနယောပဏ္ဏတ္တိဝိနယောတိယောဇေတဗ္ဗံ။ အာစာရဝိနယောနာမ သမာစာရဝသေန ဒဿနသဘာဝေါ။ ပဏ္ဏတ္တိဝိနယောနာမသိက္ခာပဒေဝုတ္တနိယာမေနေဝဒဿနသဘာဝေါ။ ။ဋီကာကို၍ဝိနယောကိုယောဇနာသည်။ ။တေနဝုတ္တံဗာဟုသစ္စဉ္စသိပ္ပဉ္စ၊ဝိနယောစသုသိက္ခိတော။ သုဘာသိတာစယာဝါစာ၊ဧတံမင်္ဂလမုတ္တမန္တိ။ အါစေရမှိတိအာစရိယဿသန္တိကေတိဝုတ္တံဟောတိ။ (ဋီကာ)။ ။
အာစရိယကိုအာစေရရေး၍အာစေရမှိရှိသည်။ ။ဗပ္ပကွာရာနံအပ္ပတ္တမညထာတ္တဉ္စ။ ။အာစရိယံအာစေရံ။ ။ကာတိယာနေ၀ကစ္စာနော။ပဒမာနိပဒ္ဒါနိနုစ္စာဒိနိ။ ။(သဒ္ဒနိတိ)။ ။ဂန္ထာရဇာတကံ ပဉ္စမံ။ ၄၀၆။

## ၄၀၇-မဟာကပိဇာတ်။

နတ်နှင့်တကွသောလောကကိုချုံးမတော်မူတတ်သောသဗ္ဗညုမြတ်စွာဘုရားသည်၊အဖွာနံသက်မံကတွာ, အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော၍မဟာကပိဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်၊ ဆွေတော်မျိုးတော်တို့၏ အကျိုး၄ါ ကျင့်ခြင်းကိုအကြောင်းပြု၍ဟောတော်မူ၏။ ။
ထိုအခါ၌ဗာရာဏသီမင်းသည်မဇ္ဈိမ်ဘဲမျောက်တို့သည်၎င်း၊ ဘုရားလောင်းသည်၎င်းပြုအပ်သောအလုံးစုံသော အမူအရာကိုမြင်၍ ဤမျော

သည့်တိရစ္ဆာန်ဖြစ်လျက်မိမိအသက်ကို မရေတွက်မူ၍ပရိသတ်၏ ချမ်းသာသောအဖြစ်ကိုသာလျှင်ပြု၏ဟုကြံလျက်အိပ်၏။မင်းသည်လင်းလတ်သော်ဘုရားလောင်းအားနှစ်သက်၍မျောက်မင်းကို ဖျက်ဆီးအံ့သော၄ါ မသင့်။ ဥပါယ်ဖြင့်ထိုမျောက်ကိုသက်စေ၍ လုပ်ကျွေးအံ့ဟုဂင်္ဂါ၏ အံ တွင်း၌လှေဘောင်ကိုထား၍ထိုဘောင်၌ငြမ်းဖွဲ့၍ဖြည်းညင်းသါယာစွာ ဘုရားလောင်းကိုသက်စေ၍ကျောံ၌ဖန်ရည်ပွန်းသောအဝတ်ကိုဖြန့်ခင်းစေ၍ဂင်္ဂါရေဖြင့်ချိုးစေ၍ သောက်ရေကို သောက်စေ၍ ခြောက်သော ကိုယ်ကို အကြိမ်တထောင်ချက်သောဆီဖြင့် နယ်၍အိပ်ရာအပြင်၌သိုး ရေကိုခင်းစေ၍ ဖြည်းညင်းသာယာစွာသိုးရေအခင်း၌အိပ်စေ၍ မိမိနိမ့်သောနေရာ၌နေ၍။ ။

(၁၀၇၂) အတ္တာနံ သင်္ကမံ ကတွာ၊ ယော သောတ္ထိ သမတာရယိ။
ကိံ တွံ တေသံ ကိမေ တုယှံ၊ ဟောန္တိ သောတေ မဟာကပိ။ ။

ဟူသော၍ပဌမဂါထာကိုဆို၏။ ။

(၁၀၇၂) အမျှောမဟာကပိ၊ အိုမျောက်ကြီး။ ယောတွံ၊ အကြင်သင်သည်။အတ္တာနံ၊မိမိကိုယ်ကို။သင်္ကမံကတွာ၊တံတားပြု၍။ဇီဝိတံ၊အသက်ကို။ပရိစ္စဇိတွာ၊စွန့်၍။ဗာရမေဝါနရေ၊ဤမျောက်အပေါင်းတို့ကို။သောတ္ထိ၊မထိဘေးဘျမ်းချမ်းသာစွာ။သမတာရယိ၊မြစ်တဘက်သို့ကူးစေ၏။ သော တွံ၊ထိုသင်သည်။ တေသံ၊ထိုမျောက်အပေါင်းတို့အား။ ကိံ ဟောတိ၊အသို့တော်သနည်း။ေတေ၊ထိုမျောက်အပေါင်းတို့သည်။ တုယှံ၊သင်အား။ ကိံ ဟောန္တိ၊အသို့တော်ကုန်သနည်း။ ။

ထိုစကားကိုကြား၍ဘုရားလောင်းသည် မင်းကိုဆုံးမလိုသည်ဖြစ်၍။ ။

(၁၀၇၃) ရာဇာဟံ ဣဿရော တေသံ၊ ယူထဿ ပရိဟာရကော။
တေသံ သောက-ပရေတာနံ၊ ဘီတာနံ တေ အရိန္ဒမ။ ။

(၁၀၇၄) သုလင်္ဃယိတွာ အတ္တာနံ၊ ဝိဿဋ္ဌ-ဓနုနော သတံ။
တတော အပရ-ပါဒေသု၊ ဒဠှံ ဗန္ဓံ လတာ-ဂုဏံ။ ။

(၁၀၇၅) ဆိန္နဗ္ဘမိဝ ဝါတေန၊ နုန္နော ရုက္ခံ ဥပါဂမိံ။
သောဟံ အပ္ပဘဝံ တတ္ထ၊ သာခံ ဟတ္ထေဟိ အဂ္ဂဟိံ။ ။

(၁၀၇၆) တံ မံ ဝိယာယတံ သန္တံ၊ သာခါယစ လတာယစ။
သမနုက္ကမန္တာ ပါဒေဟိ၊ သောတ္ထိ သာခမိဂါ ဂတာ။ ။

(၁၀၇၇) တံ မံ နုတပတေ ဗန္ဓော၊မတော ေမ နု တပေသတိ။
သုခမာဟရိတံ တေသံ၊ယေသံ ရဇ္ဇမကာရယိံ။ ။
(၁၀၇၈) ဧသာ တေ ဥပမာ ရာဇ၊တံ သုဏောဟိ အရိန္ဒမ။
ရညာ ရဋ္ဌဿ ယောဂ္ဂဿ၊ဗလဿ နိဂမဿစ။
သဗ္ဗေသံ သုခမေတဗ္ဗံ၊ခတ္တိယေန ပဇာနတာ။ ။
ဟူသောဂါထာတို့ကိုဆို၏။ ။

(၁၀၇၃-၁၀၇၈) အရိန္ဒမ၊ ရန်သူတို့ကိုဆုံးမတတ်သော မင်းမြတ်။ အဟံ၊ငါသည်။ယူထဿ၊မျှော်အပေါင်းကို။ ပရိဟာရကော၊သိမ်းမိုက် ၍ဆောင်တတ်သော။ တေသံ၊ထိုရှစ်သောင်းသောမျောက်အပေါင်းတို့ ကို။ဣဿရော၊အစိုးရသော။ရာဇာ၊မင်းတည်း။တေတဝ၊ထိုးပစ်ခြင်းငှါ လေးသမားကျော်ရဲမက်တော်ကိုစေ၍ တည်နေသောအရှင်မင်းကြီးမှ။ ဘီတာနံ၊ကြောက်ကုန်သော။ သောကပရေတာနံ၊ပိုးရိမ်ခြင်းသည်နှိပ်စက် အပ်ကုန်သော။ တေသံ၊ထိုရှစ်သောင်းသောမျောက်တို့၏။ အတ္ထာယ၊အ ကျိုးငှါ။အတ္တာနံ၊ကိုယ်ကို။ဝိသဇ္ဇနော၊စွန့်သော။ညှို့မှလွတ်သောလေး၏။ဝါ၊ မတင်အပ်သေးသောလေး၏။ သတံ၊အပြန်တရာအတိုင်းအရှည်ရှိသော အရပ်တိုင်အောင်။အာကာသေ၊ကောင်းကင်၌။သုလင်္ဃယိတွာ၊ကောင်း စွာခုန်၍။ တတော၊ထိုသစ်ပင်မှခုန်၍ကျရာအရပ်မှ။ အပရေပါဒေသု၊နောက် ခြေတို့၌။ဝါ၊နောက်ခြေ၏အနီးဖြစ်သောခါးအဘို့၌။ လတာဂုဏံ၊ကြိမ်နွယ် အပေါင်းကို။ ဒဠှံ၊မြဲမြဲကြပ်ကြပ်။ ဗန္ဓိဗန္ဓိတွာ၊ဘွဲ့ချည်၍။ဝါတဝေဂေန၊ လေကဲ့သို့လျင်သောအဟုန်ဖြင့်။ အာကာသံ၊ကောင်းကင်သို့။ပက္ခန္ဒိတွာ၊ ခုန်လွှားခဲ့၍။ ။ဆိန္နဗ္ဘ ဣဝ၊လေ၏အဟုန်ကြောင့်ပြတ်သောတိမ်ကဲ့သို့။ ဝါ၊လေ၏အဟုန်သည်ဖြတ်အပ်သောတိမ်ကဲ့သို့။ ဝါတေန၊မိမိသည်ဖြစ် စေအပ်သောလေအဟုန်သည်။နုန္နော၊ပစ်လွှင့်အပ်သည်ဖြစ်၍။ရုက္ခံ၊ဤ သရက်ပင်သို့။ဥပါဂမိံ၊ကပ်ပြီ။ သောအဟံ၊ဤသရက်ပင်သို့ကပ်ပါသော ထိုငါသည်။ တဒ္ဓ၊ထိုကောင်းကင်အရပ်၌။ အပ္ပဘာဝံ၊ ဤသရက်ပင်သို့ ရောက်အံ့သောငှါမစွမ်းနိုင်ပါသည်ဖြစ်၍။သ ခံ၊သရက်ခက်ကို။ဟတ္ထေ ဟိ၊လက်နှစ်ဘက်တို့ဖြင့်။အဂ္ဂဟိံ၊ကိုင်ဆွဲပြီ။ ။သာခါယစ၊သရက်ခက် သည်၎င်း။ လာတာယစ၊ခါး၌ဘွဲ့ခဲ့သောကြိမ်နွယ်သည်၎င်း။ ဝိယာယ တံ၊စောင်းညှို့ကဲ့သို့ အလျားစန့်အောင် ဆွဲငင်အပ်သောကိုယ်ရှိသည်။ သန္တံ၊ဖြစ်သော။တံမံ၊ထိုငါ့ကို။သာခမိဂါ၊ရှစ်သောင်းသောမျောက်

အပေါင်းတို့သည်။ပါဒေဟိ၊ခြေတို့ဖြင့်။သမနုက္ကမန္တာ၊ငါသည်နှင့်ပြုအပ်ကုန်သည်ဖြစ်၍ငါ့ကိုရှိခိုးကာရှိခိုးကာနင်းလျှောက်ကုန်လျက်။သောတ္ထိ၊မထိဘောဘျမ်းချမ်းချမ်းသာသာ။ဂတာ၊ကမ်းတဘက်သို့သွားကုန်ပြီ။ ။ယသ္မာ၊အကြင်ကြောင့်။အဟံ၊ငါသည်။ ယေသံ၊အကြင်ခြောက်သောင်းသောါမျောက်အပေါင်းတို့၏။ရဇ္ဇံ၊မင်းအဖြစ်ကို။အကာရယိံ၊ပြုပြီ။မယာ၊ငါသည်။တေသံ၊ထိုခြောက်သောင်းသောါမျောက်တို့၏။သုခံ၊အသာစ်ချမ်းသာကို။ အာဟရိတံ၊ဆောင်အပ်ပြီ။ တသ္မာ၊ထိုကြောင့်။ တံဗံ၊ထိုငါ့ကို။ဗန္ဓော၊ခါး၌ဘွဲ့အပ်သောကြိမ်နွယ်သည်။ နတပေတာ၊မပူပန်စေနိုင်။ မေ၊ငါ၏။မတော၊သေရခြင်းသည်။နတပေဿတိ၊ငါ့ကိုမပူပန်စေလတ္တံ့။ ။

အရိန္ဒမ၊ရန်သူကိုဆုံးမတတ်သော။ ရာဇမဟာရာဇ၊မင်းမြတ်။သော၊ဤငါပြုသောအမှုအရာသည်။ ဥပမာ၊အရှင်မင်းမြတ်ကိုဆုံးမစရာ ဥပမာတည်း။ ဝါ၊အရှင်မင်းမြတ်ကျင့်စရာဥပမာတည်း။ တံ၊ထိုငါပေးလတ္တံ့သောအဆုံးမကို။ သုဏောဟိ၊ အရှင်မင်းမြတ် မှတ်သားနာခံတော်မူ။ ရညာ၊မင်းမည်သည်။ရဋ္ဌဿ၊တိုင်းနိုင်ငံသူ၏ရင်း။ယောဂ္ဂဿ၊ ရထားစသောယာဉ်စီးသူရဲ၏ရင်း။ ဗလဿစ၊ ခြေသည်ဗိုလ်ပါ၏ရင်း။ နိဂမဿစ၊ နိဂုံးသူအပေါင်း၏ရင်း။ သဗ္ဗေသံ၊ကုန်အောင်ရုံသောတိုင်းသူပြည်သားတို့၏။ သုခံ၊ချမ်းသာကို။ဧတဗ္ဗံ၊ရှာသင့်၏။ ခတ္တိယေန၊ရေမြေစိုးရ ခတ္တိယမည်သည်။ ပဇာနတာ၊သူတကာထက်လွန်သောပညာနှင့်ပြည့်စုံသည်။ဘဝိတဗ္ဗံ၊ဖြစ်သင့်၏။ ။

(ကိမေ,ကိံဣမေဖြတ်။သောဟော,သောဧတေဖြတ်။ဣမေဝါနရေသ မတာရယိစပ်။ဧတေဝါနရာဟောန္တိစပ်။ ။ဝိဿဋ္ဌခန္ဓနေသတန္တိ အနာရောပိတခန္ဓသတပ္ပမာဏာဋ္ဌာနံ။ ။အပရပါဒေသုတိပဋ္ဌာပါဒေသု၊ဇုဒ်ကဒိုဘာဂံသန္ဒာယဝုတ္တံ။ ။(အဋ္ဌကထာ)။ ။ဂုဏ္ဍောဟုစာအများရှိသည်၊သင့်မည်မထင်။နုဏ္ဍော,ဟု-နုဒဓာတ်ဖြင့်သင့်အံ့ထင်သည်)။ ။

မဟာကပိဇာတက ဒုတိယံ။၄၀၇။

---

၄၀၈-ကုမ္ဘကာရဇာတ်။

နတ်လူတို့တဲ့ဘက္ခသောလောကကိုဆုံးမတော်မူတတ်သောသဗ္ဗညုမြတ်စွာဘုရားသည်၊ အပ္ပကေပဲမျ၊ဝန်မဲ့ရသျှို့, အစရှိသော ဂါထာပုဒ်ဖြင့်

တန်းဆာဆင်အပ်သောဥျကုမ္ဘကာရဇါတ်ကိုဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ ကိလေသာကို နှိပ်ခြင်းကိုအကြောင်းပြု၍ ဟောတော်မူ၏။ ။

ထိုအခါတနေ့သ၌လေးဆူကုန်သောပစ္စေကဗုဒ္ဓါတို့သည် ဆွမ်းခံအခါကိုမှတ်၍၊ နန္ဒမူလိုဏ်မှထွက်၍ အနဝတတ်အိုင်၌ နာဂလတာ မည်သော ဒန်ပူကိုစား၍ ပြုအပ်ပြီးသော ကိုယ်လက်သုတ်သင်ခြင်းရှိကုန်သည်ဖြစ်၍၊ဆေးဒါန်းမြင်းသီလာဖြင့်ပြီးသောကျောက်ဖျာအပြင်၌သင်းပိုင်ကိုပြင်ဝတ်ဝတ်၍သပိတ်သင်္ကန်းကိုယူ၍၊တန်းခိုးဖြင့်ကောင်းကင်သို့ပျံ၍ငါးပါးသောအဆင်းရှိသောတိမ်တိုက်တို့ကိုနင်းကုန်လျက် သွားကုန်၍၊ဗာရာဏသီမြို့တံခါးရွာ၏အနီး၌သက်၍ တရသောချမ်းသာရာအရပ်၌ သင်္ကန်းရုံ၍ သပိတ်ကိုယူ၍ရွာသို့ဝင်၍ ဆွမ်းအလို့ငှါသွားကုန်လတ်သော်၊ ဘုရားလောင်း၏ အိမ်တံခါးသို့ရောက်ကုန်၏။ ဘုရားလောင်းသည်လည်းထိုပစ္စေကဗုဒ္ဓါတို့ကိုမြင်၍ နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ အိမ်သို့သွင်း၍ ခင်းအပ်သောနေရာ၌နေစေ၍ အလှူရေကိုလှူ၍ မြတ်သောခဲဘွယ်ဖြင့်လုပ်ကျွေး၍ တင့်အပ်သောအရပ်၌နေ၍ သဃာ်တော်ကိုရှိခိုး၍၊အရှင်ဘုရားတို့၊ အရှင်ဘုရားတို့ရဟန်းအဖြစ်သည် အလွန်လျှင်တင့်တယ်၏။ အရှင်ဘုရားတို့၏ဣန္ဒြေတို့သည် အထူးသဖြင့် ကြည်လင်ကုန်၏။အဆင်းတို့သည်စင်ကြယ်ကုန်၏။ အဘယ်အာရုံကိုမြင်၍လျှင် အရှင်ဘုရားတို့သည် ဤဆွမ်းခံသော အကျင့်ရှိသော ရဟန်းအဖြစ်သို့ကပ်ကုန်သနည်းဟု မေး၏။ သဃာ်တော်ကို မေးသကဲ့သို့ ထို့အတူကြွင်းကုန်သောပစ္စေကဗုဒ္ဓါတို့သို့ကပ်၍လည်းမေး၏။ ထိုအခါဘုရားလောင်းအားလေးဆူကုန်သောထိုပစ္စေကဗုဒ္ဓါတို့သည် ငါသည်ဤမည်သောမြို့, ဤမည်သောတိုင်း, ဤမည်သောမင်းဖြစ်၍ ဤသို့အစရှိသောနည်းဖြင့်မိမိတို့၏တောထွက်ခြင်းဝတ္ထုတို့ကိုဆိုလို၍အစဉ်သဖြင့်။ ။

(၁၀၇၉) အမ္ဗာဟမဒ္ဒံ ဝနမန္တရသ္မိံ၊
နီလောဘာသံ ဖလိတံ သံဝိရူဠှံ။
တမဒ္ဒသံ ဖလ-ဟေတု ဝိဘဂ္ဂံ၊
တံ ဒိသွာ ဘိက္ခာ-စရိယံ စရာမိ။ ။

(၁၀၈၀) သေလံ သုမဋ္ဌံ နရ-ဝီရ-နိဋ္ဌိတံ၊
နာရီ ယုဂံ ဓာရယိ အပ္ပ-သဒ္ဒံ။

ဒုတိယဉ္စ အာဂမ္မ အဟောသိ သဒ္ဒေါ၊
တံ ဒိသွာ ဘိက္ခာ-စရိယံ စရာမိ။ ။

(၁၀၈၁) ဒိဇာ ဒိဇံ ကုဏပမာဟရန္တံ၊
ဧကံ သမာနံ ဗဟုကာ သမေစ္စ။
အာဟာရ-ဟေတူ ပရိပါတယိံသု၊
တံ ဒိသွာ ဘိက္ခာ-စရိယံ စရာမိ။ ။

(၁၀၈၂) ဥသဘာဟမဒ္ဒံ ယူထဿ မဇ္ဈေ၊
စလက္ကကုံ ဝဏ္ဏ-ဗလူပပန္နံ။
တမဒ္ဒသံ ကာမ-ဟေတု ဝိတုန္နံ၊
တံ ဒိသွာ ဘိက္ခာ-စရိယံ စရာမိ။ ။

ဟူသောလေးဂါထာတို့ကိုဆို၏။ ။

(၁၀၇၉-၁၀၈၂) အဟံ၊ငါသည်။ဝနမန္တရသ္မိံ၊သရက်တော၏အလယ်၌၊နီလောဘာသံ၊စိမ်းညိုသောအရောင်ရှိသော။ ဖလိတံ၊အသီးနှင့်ပြည့်စုံသော။ သံဝိရူဠှံ၊အလွန်စည်ပင်ပြန့်ပွါးသော။ အမ္ဗံ၊သရက်ပင်ကို။အဒ္ဒံ၊ဉယျာဉ်သို့အဝင်လက်ဦးမြင်၏။ဉယျာနတော၊ဉယျာဉ်မှ။နိက္ခမန္တော၊ထွက်လတ်သည်ရှိသော်။ ဖလဟေတု၊အသီးဟူသောအကြောင်းကြောင့်။ ဝိဘဂ္ဂံ၊စနောင့်စနင်း ပျက်စီးကျိုးပဲ့သော။ တံအမ္ဗံ၊ထိုဉယျာဉ်အဝင်လက်ဦးမြင်သောသရက်ပင်ကိုပင်။ အဒ္ဒသံ၊နောက်ပြီးတဘန်မြင်ပြန်၏။ တံအမ္ဗံ၊ ထိုအသီးဟူသော အကြောင်းကြောင့် စနောင့်စနင်း ပျက်စီးကျိုးပဲ့သော သရက်ပင်ကို။ ဒိသွာ၊မြင်၍။ ပဋိလဒ္ဓသံဝေဂေါ၊ရအပ်သောထိတ်လန့်ခြင်းရှိသည်ဖြစ်၍။ ဝါ၊ထိတ်လန့်သောသံဝေဂဉာဏ်ကိုရ၍။ဘိက္ခာစရိယံ၊ဆွမ်းခံသောအကျင့်ရှိသော။ ပဗ္ဗဇ္ဇံ၊ရဟန်းအဖြစ်သို့။ဉပဂတော၊ကပ်လတ်သည်။အသ္မိ၊ဖြစ်၏။တသ္မာ၊ထို့ကြောင့်။ဘိက္ခာစရိယံ၊ ဤဆွမ်းခံသော အကျင့်ကို။ စရာမိ၊ကျင့်၏။ ။နရဝိရ၊နိမ္မိတံ၊ပညာရှိသောပန်းထိမ်သည်တို့သည်စီရင်အပ်ပြီးစေအပ်သော။ သုမဋ္ဌံ၊အလွန်ပြေပြစ်သော။ ယုဂံ၊တဘက်တဘက်၌ တခုတခုစီပြု၍ အစုံဖြစ်သော။ အပ္ပသဒ္ဒံ၊အသံဆိတ်သော။ သေလံမဏိဝလယံ၊ ပတ္တမြားလက်ကောက်ကို။နာရိ၊မောင်းမငယ်သည်။ဓာရယိ၊ဆောင်၏။ စ၊ဆက်၍ဆိုအံ့။ဒုတိယံ၊လကျာ်ဘက်မှလက်ကောက်ကိုလက်ဝဲဘက်၌လျှင်ဆင်ယင်သောကာလနှစ်ခုမြောက်အဘော်ဖြစ်သောလက်ကောက်ကို။ အာဂမ္မ၊

ဇွဲ၍။ သဒ္ဒေါ၊ အသံသည်။ အဟောသိ၊ ဖြစ်၏။ တံ၊ တရထည်းဖြစ်သော ကာလ အသံထိတ်လျက် နှစ်ခုဘက်သော ကာလအသံထွက်သော ထို လက်ကောက်ကို။ ဒိသွာ၊ မြင်၍။ ပဋိလဒ္ဓသံဝေဂေါ၊ ရအပ်သောထိတ်လန့် ခြင်းရှိသည်ဖြစ်၍။ ဘိက္ခာစရိယံ၊ ဆွမ်းခံသော အကျင့်ရှိသော။ ပဗ္ဗဇံ၊ ရဟန်းအဖြစ်သို့။ ဥပဂတော၊ ကပ်လတ်သည်။ အသိံ၊ ဖြစ်၏။ တသ္မာ၊ ထို ကြောင့်။ ဘိက္ခာစရိယံ၊ ဤဆွမ်းခံသောအကျင့်ကို။ စရာမိ၊ ကျင့်၏။ ။ ကုဏပံ၊ သားတစ်ကို။ အာဟာရန္တံ၊ ချီသွားသော။ ဧကံ၊ တကောင်ထည်း။ သမာနံ၊ ဖြစ်သော။ ဒိဇံ၊ သားတစ်ချီသောငှက်ကို။ ဗဟုကာ၊ များစွာကုန် သော။ ဒိဇာ၊ ကြွင်းသောငှက်အပေါင်းတို့သည်၊ သမေစ္စသန္နိပတိတွာ၊ စည်းဝေးရုံးပကုန်၍၊ အာဟာရဟေတု၊ အာဟာရဟူသောအကြောင်း ကြောင့်။ ပရိပါတယိံသု၊ ထိုးဆွပ်၍လိုက်ကုန်၏။ တံ၊ ထိုအစာသားတစ် ကြောင့် ဘေးဖြစ်သောငှက်ကို။ ဒိသွာ၊ မြင်၍။ ပဋိလဒ္ဓသံဝေဂေါ၊ ရအပ် သော ထိတ်လန့်ခြင်းရှိသည်ဖြစ်၍။ ဘိက္ခာစရိယံ၊ ဆွမ်းခံခြင်းအကျင့်ရှိ သော။ ပဗ္ဗဇံ၊ ရဟန်းအဖြစ်သို့။ ဥပဂတော၊ ကပ်လတ်သည်။ အသိံ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ ဘိက္ခာစရိယံ၊ ဤဆွမ်းခံသော အကျင့်ကို။ စရာမိ၊ ကျင့်၏။ ။ ယူထသ္မိံ၊ နွားအပေါင်း၏။ မဇ္ဈေ၊ အလယ်၌။ စလက္ကကုံစ လက္ကကုဓံ၊ လှုပ်သောလဘို့ရှိသော။ ဝဏ္ဏဗလူပပန္နံ၊ အဆင်းသဏ္ဌာန်အား နှင့်ပြည့်စုံသော။ ဥသဘံ၊ ဥသဘနွားကို။ အဟံ၊ ငါသည်။ အဒ္ဒံ၊ မြင်ပြီ။ ကာမဟေတု၊ ကာမဟူသော အကြောင်းကြောင့်။ ဝိတုန္နံ၊ တိုက်ခွေ့နှိပ် စက်အပ်သော။ တံ၊ ထိုရှေးမြင်ပြီးလဘို့ကြီးရှိသောနွားဥသဘကို။ အဒ္ဒ သံ၊ နေ့ခံပြီးတဘန်မြင်ပြန်၏။ တံ၊ ထိုကာမဟူသော အကြောင်းကြောင့် ပျက်စီးသောနွားဥသဘကြီးကို။ ဒိသွာ၊ မြင်၍။ ပဋိလဒ္ဓသံဝေဂေါ၊ ရအပ် သောထိတ်လန့်ခြင်းရှိသည်ဖြစ်၍။ ဘိက္ခာစရိယံ၊ ဆွမ်းခံသောအကျင့်ရှိ သော။ ပဗ္ဗဇံ၊ ရဟန်းအဖြစ်သို့။ ဥပဂတော၊ ကပ်လတ်သည်။ အသိံ၊ ဖြစ် ၏။ တသ္မာ၊ ထိုကြောင့်။ ဘိက္ခာစရိယံ၊ ဤဆွမ်းခံသောအကျင့်ကို။ စရာမိ၊ ကျင့်၏။ ။

ဘုရားလောင်းသည် တခုကခုသော ဂါထာကိုနာရ၍၊ အရှင်ဘုရား တို့၊ ကောင်းစွ၊ ထိုအာရုံသည် အရှင်ဘုရားတို့အား လျောက်ပတ်၏ ဟုတဆူသော ပစ္စေကဗုဒ္ဓါအား ချီးမွမ်းခြင်းကိုပြု၏။ လေးဆူကုန်သော ပစ္စေကဗုဒ္ဓါတို့သည် ဟောအပ်သော ထိုဓမ္မဒေသနာကိုနာရ၍ အိမ်၌နေ

ခြင်းဖြင့်အလိုမရှိသည်ဖြစ်၍ ပဋ္ဋကာဗုဒ္ဓါတို့သည် ဘဲကုန်လတ်သော် နံ
နက်စာစားပြီး၍ချမ်းသာဖွာနေလျက် မယားကိုခေါ်၍၊ ရှင်မ၊ဤလေးဆူ
ကုန်သောပဋ္ဋေကဗုဒ္ဓါတို့သည် မင်းအဖြစ်ကိုစွန့်၍ရဟန်းပြု၍ပလိဗောဓ
မရှိကုန်သည်ဖြစ်၍ချမ်းသာသဖြင့် လွန်စေကုန်၏။ငါသည်ကားအခစား
သဖြင့်အသက်ကိုမွေး၏။ငါ့အားအိမ်၌နေသဖြင့်အဘယ်မှုအံ့နည်း။ သင်
သည်သားငယ်တို့ကိုသင့်ကိုယ်သောအိမ်၌နေရစ်လော့ဟုဆို၍။ ။

(၁၀၀၃) ကရဏ္ဍကော ကလိင်္ဂါနံ၊ ဂန္ဓာရာနဉ္စ နဂ္ဂဇိ။
နိမိ ရာဇာ ဝိဒေဟာနံ၊ ပဉ္စာလာနဉ္စ ဒုမ္မုခေါ။
ဧတေ ရဋ္ဌာနိ ဟိတွာန၊ ပဗ္ဗဇိံသု အ-ကိဉ္စနာ။ ။

(၁၀၀၄) သဗ္ဗေပိမေ ဒေဝ-သမာ သမာဂတာ၊
အဂ္ဂီ ယထာ ပဇ္ဇလိတော တထေဝိမေ။
အဟံပိ ဧကော စရိဿာမိ ဘဂ္ဂဝိ၊
ဟိတွာန ကာမာနိ ယထောဓိကာနိ။ ။

ဟူသောနှစ်ဂါထာတို့ကိုဆို၏။ ။

(၁၀၀၃-၁၀၀၄) ဘဂ္ဂဝိ၊အိုးသည်မ။သိမ်းသွေးရော၊သိမ်းသထေရ်ဖြစ်
သော။ဧသောပဋ္ဋေကဗုဒ္ဓေါ၊ဤပဋ္ဋေကဗုဒ္ဓါသည်။ဒန္တပုရ၊ဒန္တပုရမြို့၌။က
ရဏ္ဍကော၊ကရဏ္ဍကအမည်ရှိသော။ ကလိင်္ဂါနံ၊ကလိင်္ဂတိုင်းသူတို့၏။
ရာဇာ၊မင်းသည်။ အဟောသိ၊ဖြစ်ဘူးလေပြီ။ ဒုတိယော၊နှစ်ပါးမြောက်
သော။ ဧသောပဋ္ဋေကဗုဒ္ဓေါစ၊ဤပဋ္ဋေကဗုဒ္ဓါသည်ကား။ တက္ကသိလနဂ
ရေ၊တက္ကသိုလ်မြို့၌။နဂ္ဂဇိ၊နဂ္ဂဇိအမည်ရှိသော။ ဂန္ဓာရာနံ၊ဂန္ဓာရတိုင်းသူ
တို့၏။ရာဇာ၊မင်းသည်။ အဟောသိ၊ဖြစ်ဘူးပြီ။ တတိယော၊သုံးပါးမြောက်
သော။ဧသောပဋ္ဋေကဗုဒ္ဓေါ၊ဤပဋ္ဋေကဗုဒ္ဓါသည်ကား။ မိထိလနဂရေ၊မိထိ
လာမြို့၌။နိမိ၊နိမိအမည်ရှိသော။ ဝိဒေဟာနံ၊ဝိဒေဟတိုင်းသူတို့၏။ရာဇာ၊
မင်းသည်။အဟောသိ၊ဖြစ်ဘူးပြီ။ စတုတ္ထော၊လေးပါးမြောက်သော။ ဧ
သောပဋ္ဋေကဗုဒ္ဓေါစ၊ ဤပဋ္ဋေကဗုဒ္ဓါသည်ကား။ ကပိလနဂရေ၊ကပိလ
မြို့၌။ဒုမ္မုခေါ၊ဒုမ္မုခအမည်ရှိသော။ ပဉ္စာလာနံ၊ဥတ္တရပဉ္စာလတိုင်းသူတို့
၏။ရာဇာ၊မင်းသည်။ အဟောသိ၊ဖြစ်ဘူးလေပြီ။ ဧတေ၊ထိုလေးဦးသော
ပဋ္ဋေကဗုဒ္ဓါတို့သည်။ဝေရူပါနိ၊ဤသို့သဘောရှိကုန်သော။ ရဋ္ဌာနိ၊တိုင်း
ကြီးပြည်ကြီးတို့ကို။ဟိတွာန၊အာလယမဖြစ်စွန့်ပစ်ခဲ့၍။ အကိဉ္စနာ၊ပလိ
ဗောဓမရှိကုန်သည်ဖြစ်၍။ပဗ္ဗဇိံသု၊ရဟန်းပြုပေကုန်၏။ ။ဘဂ္ဂဝိ၊အိုး

သည့်မ။သဗ္ဗေပိ၊အလုံးစုံလည်းဖြစ်ကုန်သော။ ဇာမေ၊ဤအရှင်ပစ္စေကဗုဒ္ဓါတို့သည်။ ဒေဝသမာ၊ဝိသုဒ္ဓိနတ်ဖြစ်ကုန်သော ရှေးပစ္စေကဗုဒ္ဓါတို့နှင့်တူကုန်သည်ဖြစ်၍။ သမာဂတာ၊တပေါင်းထည်းကြွလာကြကုန်၏။အဂ္ဂိ၊ရဲရဲငြီးငြီးတောင်ထိပ်မီးသည်။ ပဇ္ဇလိတောယထာ၊ တောက်ပ၏သို့။ တထေဝ၊ထိုအတူလျှင်။ ဇာမေပိ၊ဤအရှင် ပစ္စေကဗုဒ္ဓါတို့သည်လည်း။ သီလာဒိဟိ၊သီလကျင့်စသော ကျေးဇူးဂုဏ်တို့ဖြင့်။ ပဇ္ဇလန္တိ၊တောက်ပကုန်၏။ ဝေတေယထာ၊ဤအရှင်ပစ္စေကဗုဒ္ဓါတို့ကဲ့သို့။ အဟံပိ၊ရှင်မ လင်ဖြစ်သောငါသည်လည်း။ ယထောဓိကာနိ၊အကြင်အကြင် ရှုပါရုံအစရှိသောအပိုင်းအခြားအားဖြင့်တည်ကုန်သော။ ကာမာနိ၊ ဝတ္ထုကာမတို့ကို။ဟိတွာန၊စွန့်၍။ပဗ္ဗဇိတွာ၊ရဟန်းပြုပြီး၍။ဧကော၊တယောက်ထီးထည်း။ စရိဿာမိ၊ကျင့်ပေအံ့။ ။(ယထောဓိကာနိ,ဟုပါဠိရှိမူ။ယထောဓိကာနိ၊ရှောင်ကြဉ်အပ်သော အဘို့အစုရှိကုန်သော။ ကာမာနိ၊ ဝတ္ထုကာမကိလေသကာမတို့ကို။ဟိတွာန၊စွန့်၍ပေး)။ ။

မယားသည် ဘုရားလောင်း၏စကားကိုကြား၍၊ သခင်၊အကျွန်ုပ်၏ လည်းပစ္စေကဗုဒ္ဓါတို့၏ တရားစကားကိုနာရသော ကာလမှစ၍ အိမ်၌စိတ်သည်မတည်ဟုဆိုလို၍။ ။

(၁၀၀၅) အယမေဝ ကာလော န ဟိ အညော အတ္ထိ၊
အနုသာသိကာ နေ ဝ ဘဝေယျ ပစ္ဆာ။
အဟံပိ ဧကာ စရိဿာမိ ဘဂ္ဂဝ၊
သကုဏီဝ မုတ္တာ ပုရိသဿ ဟတ္ထာ။ ။

ဟူသော၍အဋ္ဌမဂါထာကိုဆို၏။ ။

(၁၀၀၅) ဘဂ္ဂဝ၊ဘဂ္ဂဝအမျိုးအနွယ်ထိန်းသည့်။ယသ္မာ၊အကြင်ကြောင့်။ ဩဝါဒကာနံ၊ ဆုံးမတတ်သောဆရာတို့၏။ ဒုလ္လဘတ္တာ၊ရခဲသည်၏ အဖြစ်ကြောင့်။ပစ္ဆာ၊နောက်ကာလ၌။ အနုသာသိကာ၊ဆုံးမတတ်သောဆရာသည်။ နေဝဘဝေယျ၊မဖြစ်ရာသည်သာတည်း။တသ္မာ၊ထို့ကြောင့်။ အယမေဝ၊ဤအခါသည်သာလျှင်။ ကာလော၊ ရဟန်းပြုအံ့သော အခါတည်း။အညော၊ဤအခါမှတပါးသော။ကာလော၊ရဟန်းပြုအံ့သောအခါသည်။နဟိအတ္ထိ၊မရှိသည်သာတည်း။ပုရိသဿ၊ငှက်ခတ်မုဆိုး၏။ဟတ္ထာ၊လက်မှ။မုတ္တာ၊လွတ်သော။သကုဏီ၊ငှက်မသည်။ ယထာရုစိတဋ္ဌာနံ၊အကြင်အကြင် အလိုရှိအပ်သောအရပ်သို့။ ဂန္တွာ၊သွား၍။ ဧကိကာ၊ တ

ကောင်ထည်း။စရေယျဇ္ဇ၀၊ကျက်စား၏သို့။တထာ၊ထိုအတူ။အဟမ္ပိ၊ငါ သည်လည်း။တ၀၊သင်၏။ ဟတ္ထာ၊လက်မှ။ရုတ္တာ၊လွတ်သည်ဖြစ်၍။ဇကာ ဇကိကာ၊တယောက်အထီးထည်း။စရိဿာမိ၊ကျင့်ပေအံ့။ ။

ဘုရားလောင်းသည်မယား၏စကားကိုကြား၍ဆိတ်ဆိတ်နေ၏။ ထို မယားသည်ကား ဘုရားလောင်းကိုလှည့်စား၍ရှေးဦးစွာ ရဟန်းပြုလို သည်ဖြစ်၍၊သခင်၊ရေဆိပ်သို့သွားအံ့။ သူငယ်တို့ကိုကြည့်ရစ်လော့ဟု အိုးကိုယူ၍ရေခပ်သွားသကဲ့သို့ပြုလျက်ပြေး၍မြို့အနီး၀ယ် ရသေ့မတို့ ၏ကျောင်းသို့သွား၍ ဘုရားလောင်းသည် မယား၏မလာခြင်းကို သိ ၍မိမိသည်သူငယ်တို့ကိုမွေး၏။ နောက်အဘို့၌ သူငယ်တို့သည် အတံ ငယ်ကြီး၍မိမိတို့၏ချမ်းသာဆင်းရဲကိုသိခြင်းငှါစွမ်းနိုင်သောအရွယ်သို့ ရောက်ကုန်သည်ရှိသော်၊ ထိုသူငယ်တို့ကို ရုံစမ်းအံ့သောငှါတနေ့သ၌ ထမင်းကိုချက်သည်ရှိသော်မနပ်သည်ကိုပြု၍ချက်၏။ တနေ့သ၌ အတံ ငယ်ပြော့သည်ကိုပြု၍ချက်၏။တနေ့သ၌ကောင်းစွာ ကျက်သည်ကိုပြု၍ ချက်၏။တနေ့သ၌ အလွန်ပြော့စွာပြု၍ချက်၏။ တနေ့သ၌ဆားပေါ့သည် ကိုပြု၍ချက်၏။ တနေ့သ၌ဆားငန်သည်ကိုပြု၍ချက်၏။ သူငယ်တို့သည်၊ ဘခင်၊ ယနေ့ထမင်းသည်မနပ်။ ယနေ့ပြော့၏။ ယနေ့ကား ကောင်းစွာ ကျက်၏။ယနေ့အလွန်ပြော့၏။ ယနေ့ဆားပေါ့၏။ ယနေ့ဆားငန်၏ဟုဆို ကုန်၏။ထိုစကားကိုကြား၍ဘုရားလောင်းသည်၊အမောင်တို့၊ယနေ့ဟုတ် ၏ဟုဆို၍သူငယ်တို့သည် ယခုအခါ၌စိမ်းကုန်,ကျက်ကုန်,ငန်ကုန်,ပေါ့ ကုန်သည်တို့ကိုသိကုန်၏။မိမိတို့ဓမ္မတာအားဖြင့် အသက်ရှင်အံ့သောငှါ တတ်နိုင်ကုန်လတ္တံ့။ငါသည်ရဟန်းပြုခြင်းငှါသင့်ပြီဟုကြံ၏။ကြံပြီး၍ထို သူငယ်တို့ကိုဆွေမျိုးတို့အားပေးအပ်နှင်း၍၊အရိုမိခင်ဘခင်တို့၊ဤသူငယ် တို့ကိုကောင်းစွာမွေးကျွေးလော့ဟုဆို၍၊ဘုရားလောင်းသည် ဆွေမျိုး တို့၏ငိုကြွေးကုန်စဉ်လျှင်မြို့မှထွက်၍ရသေ့ရဟန်းပြု၍ မြို့အနီး၌လျှင်နေ ၏။ထိုအခါတနေ့သ၌ ဗာရာဏသီပြည်သို့ဆွမ်းခံသွားသော ထိုဘုရား လောင်းကိုပရိဗိုဇ်မမြင်၍ရှိခိုး၍၊အရှင်ဘုရား၊သူငယ်တို့ကို အရှင်ဘုရား သည်ဖျက်ဆီးအပ်ကုန်ယောင်တကားဟုဆို၏။ ဘုရားလောင်းသည်ငါ သည်သူငယ်တို့ကိုမဖျက်ဆီး၊ ထိုသူငယ်တို့သည်မိမိတို့၏ချမ်းသာဆင်း ရဲကိုသိသောကာလ၌ရဟန်းပြု၏။ သင်သည်ထိုသူငယ်တို့အား မအောင့် မေ့မူ၍ရဟန်းအဖြစ်၌မွေ့လျော်လော့ဟုဆို၍။ ။

(၁၀၀၆) အာဝံ ပက္ကမ္ဗု ဇာနန္တိ၊ အလေဝ လောဏံ အ-လောဏကံ။
တမဟံ ဒိသွာန ပဗ္ဗဇိံ၊ စရေဝ တွံ စရာမဟံ။ ။
ဟူသော ဤပြဿနဂါထာကို ရွတ်၏။ ။

(၁၀၀၆) ဘဂိနိ၊ နှမ။ အာဝံပက္ကမ္ဗု၊ အစိမ်းအကျက်ကိုရင်း။ အလေဝ၊ ထို မှ။ လောဏမ္ဗု၊ ဆားငန်သည်ကိုရင်း။ အလောဏကမ္ဗု၊ ဆားပေါ့သည်ကိုရင်း။ ဒါရကာ၊ သူငယ်တို့သည်။ ဇာနန္တိ၊ သိကုန်၏။ အဟံ၊ ငါသည်။ တံ၊ ထိုသူငယ်တို့၏အမှုအရာကို။ ဒိသွာန၊ မြင်၍။ ပဗ္ဗဇိံ၊ ရဟန်းပြုပြီ။ တွံ၊ သင်သည်။ ဘိက္ခာစရိယမေဝ၊ ဆွမ်းခံသော အကျင့်ရှိသောရဟန်း၏ အဖြစ်ကိုသာလျှင်။ စရ၊ စိတ်ချချကျင့်လေလော့။ အဟမ္ပိ၊ ငါသည်လည်း။ ဘိက္ခာစရိယမေဝ၊ ဆွမ်းခံသောအကျင့်ရှိသောရဟန်းအဖြစ်ကိုသာလျှင်။ စရာမိ၊ ကျင့်အံ့။ ။(အဒ္ဒ, ကားအဒ္ဒသံနှင့်အနက်တူ။ ဖလံဗုတံသဒ္ဒါတံ အဿာဒိဖလိတော၊ ဖလတီတိဝါ ဖလိတော။ တံဖလိတံ။ ။တံဒိသွာ တိဖလဟောတု ပိဘဂ္ဂံဒိသွာ ပဋိလဒ္ဓသံဝေဂေါ ပစ္စေက ဗောဓိဉာဏံ နိဗ္ဗတ္တေတွာဈာနံဘိက္ခာစရိယံပဗ္ဗဇ္ဇံဥပဂတော၊အသို့၊တသ္မာဘိက္ခာစရိယံ စရာမီတိ။ဟူသောအဋ္ဌကထာကိုရှု၍အထွယ်ယောဇနာသည်ကို မိုသည်မ မှတ်အပ်။ ။နရပိန္ဒု၊နိမ္မိတန္တိ ပိန္ဒုနရေဟိနိမ္မိတံပဏ္ဍိတပုရိသေဟိကတန္တိ အတ္ထော။ ။ဟုအဋ္ဌကထာဘွင့်ရကားဆန်းအလိုဌါဒီကိုရသ၊ဒကိုနွေး ဘော်ရေးသည်။အာဟာရဟောတူကား ဆန်းကြောင့်ဒီဃ။ ။စလက္က ကုန္တိ စလက္ကကုဓံ, ဟု-အဋ္ဌကထာဘွင့်ရကားဓကျေသည်။ ။တနည်း ကဟုကားကကုဓ၏ပရိယာယ်။ ။ပိသုန္တိဒေဝေဟိပုရိမပစ္စေကဗုဒ္ဓေ ဟိသမာနာ။ဟုအဋ္ဌကထာဘွင့်ရကား။ပိသုန္တိဒေဝကိုဤဍ္ဍဟောသည်။ ။ အဂ္ဂိကားဆန်းဒီဃ။ ။ရူပါနိဣဿိဝသေနယထာဌိတေကာမေပဟာယ ဟုအဋ္ဌကထာကိုရှု၍ပဌမယောဇနာကိုပြုသည်။ ။ယတောဓိကာနီတိဗိ ပါဌော။တဿတ္ထောယတောဥပရတောဣဿိဇဇ္ဇတောသန္တိ ယတောဓိကာ နီဥပရတကောဌာသာနိ။စသောအဋ္ဌကထာကိုရှု၍ ဒုတိယယောဇနာကို ပြုသည်။ ။မိန်းမဖြစ်၍အနုသာသိကာဟုဇာတ်လိင်ဆိုသည်။သေယျထိ ကောပင်ဆိုသော်လည်းမိန်းမကိုလည်းလိုအပ်သကဲ့သို့၊ယောက်ျားကို လည်းယူစေလို၍။ ။အနုသာသိကာတိနေဝဘာဝေယျပဗ္ဗာတိအနုသာသ ကောဣဿိဝါဒကောနဘာဝေယျ ဒုလ္လဘတ္တာ ဣဿိဝါဒကာနံ၊ဟု-အဋ္ဌက ထာဘွင့်သည်)။ ။ကုမ္ဘကာရဇာတကံ တတိယံ။၄၀၈။

## ၄၀၉-ဒဠှဓမ္မဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊အယံဝေဒဠှဓမ္မဿ,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သောဤဒဠှဓမ္မဇာတ်ကို၊ကောသမ္ဗီပြည်ကိုမှီ၍ဃောသိတာရုံကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ ဥတေနမင်းဘဒ္ဒဝတီဆင်မကိုအကြောင်းပြု၍ ဟောတော်မူ၏။ ။

ထိုအခါတနေ့သ၌။ဩဒုမ္ဗရဗောဓိသည်မြို့မှထွက်၍ညအခါမြို့သို့ဝင်သောဘုရားလောင်းကိုမြင်၍ ရှိခိုး၍ဘုရားလောင်း၏ခြေရင်း၌ငိုကြွေးလျက်။ အရှင်၊မင်းသည် အကျွန်ုပ်ကိုပျိုသောကာလ၌ ကျေးဇူးများ၏ဟုမှတ်၍ကြီးစွာသောစည်းစိမ်အခြံအရံကိုပေး၏။ ယခုအိုသောကာလ၌အလုံးစုံသောစည်းစိမ်အခြံအရံကိုဖြတ်၍အကျွန်ုပ်၌စိတ်ကိုမျှလည်းမပြု၊အကျွန်ုပ်သည်ကိုးကွယ်ရာမရှိသည်ဖြစ်၍တော၌မြက်သစ်ရွက်တို့ကိုစားလျက်အသက်မွေးရ၏။ဤသို့ဆင်းရဲခြင်းသို့ရောက်သောအကျွန်ုပ်ကိုယခုအခါယာဉ်၌ကစိမ့်သောငှါအိုးထိန်းအားပေး၏။ အရှင်တို့ကိုထား၍အကျွန်ုပ်အားတပါးသောကိုးကွယ်ရာသည်မရှိ။ မင်းအားအကျွန်ုပ်ပြုသောကျေးဇူးကိုအရှင်တို့သည်သိပါစေကုန်လော့၊အကျွန်ုပ်တောင်းပန်ပါ၏။ယခုအခါအကျွန်ုပ်အားပျော်သောစည်းစိမ်ကိုပကတိရှိသည်ကိုပြုပါလော့ဟုဆို၍။ ။

(၁၀၀၇) အပိ စေ ဒဠှဓမ္မဿ၊ဝဟာမိ နာဘိရာဓယိံ။
ဓရန္တီ ဥရသိ သလ္လံ၊ယုဒ္ဓေ ဝိက္ကန္တ-စာရိနီ။ ။

(၁၀၀၈) နူန ရာဇာ န ဇာနာတိ၊မမ ဝိက္ကမ-ပေါရိသံ။
သင်္ဂါမေ သုကတန္တာနိ၊ဒူတ-ဝိပ္ပဟိတာနိစ။ ။

(၁၀၀၉) သာဟံ နူနာဟံ မရိဿာမိ၊အဗန္ဓု အပရာယိနီ။
တဒါ ဟိ ကုမ္ဘကာရဿ၊ဒိန္နာ ဆကဏ-ဟာရိကာ။ ။

ဟူသောသုံးဂါထာတို့ကိုဆို၏။ ။

(၁၀၀၇-၁၀၀၉) သာမိ၊အရှင်။ အဟံ၊ အကျွန်ုပ်သည်။ တံတံကိစ္စံ၊လည်၌သန္နေသစာခွေစွပ်၍ထိုထိုမင်းအထံသို့တမန်အမှုကိုရွက်ဆောင်ခြင်း,စစ်မြေပြင်အတွင်း၌ ဗိုလ်တဲကိုဖျက်ဆီးခြင်း ဟူသော ကိစ္စထိုထိုကို။ဝဟာမိ၊ရွက်ဆောင်၍ငင်း။ ယုဒ္ဓေ၊စစ်ထိုးသောကာလ၌။ ဥရသိ၊ရင်၌။ဗန္ဓံ၊ဘွဲ့အပ်သော။သလ္လံ၊သန်လျက်လှံမကို။ ဓရန္တီ၊ တဘက်ရန်သူ၏အထက်သို့ရှေးရှုဆောင်၍ငင်း။ဝိက္ကန္တစာရိနီ၊မနစ်မဆုတ် အားထုတ်လုံ့လ

ပြု၍ တဘာက်ရန်ဗိုလ်ထုကို အောင်စေသောစစ်ထိုးခြင်းဖြင့် နင်းချိုးမ သုတ်ရုတ်ရုတ်ဝင်သွား၍ရင်း။ ဒဠှဓမ္မသာ၊ဒဠှဓမ္မမင်း၏။ စိတ္တံ၊စိတ်ကို။ (ထည့်)။စေနာဘိရာဓယိ၊အကယ်၍မနှစ်သက်စေနိုင်သည်ဖြစ်အံ့။ ဒါနိ၊ ယခု။အညော၊ငါမှတပါးသော။ ကော၊အဘယ်သူသည်။ တဿ၊ထိုဒဠှ ဓမ္မမင်း၏။စိတ္တံ၊စိတ်ကို။အါရာဓယိဿတိ၊နှစ်သက်စေနိုင်လတ္တံ့နည်း။(ဩ နိစသည်ကားပါဠိသေသ)။ ။မမ၊ငါ၏။ဝါ၊ငါသည်။ကတံ၊ပြုအပ်သော။ ဝိက္ကမပေါရိသံပုရိသဝိက္ကမံ၊ဗိုလ်ထုဖျက်သူရဲတို့၏ ကြိုးမြဲလုံ့လကိုရင်း။ သင်္ဂါမေ၊စစ်ပွဲ၌။သုကတန္တာနိ၊ဗိုလ်တဲကိုဖျက်ဆီးခြင်းစသော ကောင်း စွာပြုအပ်သောအမှုတို့ကိုရင်း၊ ဒူတဝိပ္ပဟိတာနိစ၊လည်၌သန္ဓေသစာခွေ စုပ်၍ဤမည်သောမင်းအားပေးလေဟုစေအပ်သောငါသည် တနေ့ခြင်း ဖြင့်သာယူဇနာတရာတိုင်သွား၍သံတမန်ကိစ္စအမှုတို့ကိုရင်း။ ရာဇာ၊ဒဠှ ဓမ္မမင်းသည်။ နဇာနာတိနူန၊မသိရှာလေယောင်တကား။ဝါ၊မသိရှာလေ တော့သလော။ ။သာအဟံ၊ထိုငါသည်။အဗန္ဓု၊အဆွေခင်ပွန်းကောင်း မရှိသည်ဖြစ်၍။ အပရာဓိနီ အပတိဋ္ဌာအပဋိသရဏာ၊ တည်ရာမရကိုး ကွယ်ရာမရသည်ဖြစ်၍။မရိဿာမိနူန၊သေရယောင်တကား။ တဒါဟိတ ထာဟိ၊ထိုစကားသည်လျှင်မှန်၏။ ဝါ၊ထိုငါ၏ ကျေးဇူးကို မသိသော ကြောင့်သာလျှင်။ဆကဏှာဟာရိကာ၊နွားချေးဆောင်အစေအပါကို။ က တွာ၊ပြု၍။ရညာ၊ဒဠှဓမ္မမင်းသည်။ကုမ္ဘကာရဿ၊အိုးထိန်းအား။ဒိန္နာ၊ငါ ကိုပေးအပ်၏။ ။

ဘုရားလောင်းသည်ဩဠှဗျာဓိစကားကိုကြား၍၊သင်သည်မစိုးရိမ် လင့်။ငါသည်မင်းအားဆို၍သင့်အားစဉ်းစိမ်အခြံအရံကို ပကတိရှိသည် ကိုပြုအံ့ဟုဩဠှဗျာဓိကိုနှစ်သိမ့်စေ၍မြို့သို့ဝင်၍နံနက်စာစားပြီးသော်မင် ၏အထံသို့သွား၍စကားကိုဖြစ်စေ၍၊ မြတ်သောမင်းကြီး၊ ဤမည်သော ဩဠှဗျာဓိသည် ဤမည်သောအရပ်၌ရင်း ဤမည်သောအရပ်၌ရင်းရန်၌ သန်လျက်မြားလှံတို့ကိုဘွဲ၍ စစ်ထိုးခြင်းအမှုကိုထုတ်ဆောင်၏။ ဤမည် သောနေ့၌ကားလည်၌သန္ဓေသစာခွေကိုစုပ်၍စေလွှတ်၍ ယူဇနာတရာရှိ သောအရပ်သို့သွား၏။ ရှင်မင်းကြီးတို့သည်လည်း ထိုဩဠှဗျာဓိအား ကြီးစွာသောအခြံအရံတို့ကိုပေးကုန်၏။ထိုဩဠှဗျာဓိသည် ယခုအဘယ် မှာနည်း၊ဟုမေး၏။ထိုဩဠှဗျာဓိကိုငါသည် နွားချေးဆောင်စိမ့်သော်ဌါ အိုးထိန်းသည်အားပေး၏၊ဟုဆို၏။ထိုအခါမင်းကိုဘုရားလောင်းသည်

မြတ်သောမင်းကြီး၊ အရှင်မင်းကြီးတို့သည်ပြုအပ်သောအမှုသည်မလျော်ပတ်။အိုးထိန်းအားယာဉ်၌ကပ်စိမ့်သောငါ့ပေးအံ့သောငါ့မလျော်ပတ်သလျှင်ကတည်းဟုဆို၍မင်းအားဆုံးမသည်၏အစွမ်းအားဖြင့်။ ။

(၁၀၉၀) ယာဝတာသီသတိ ပေါသော၊ တာဝဒေဝ ပဝိဏာတိ။
အတ္ထာပါယေ ဇဟန္တိ နံ၊ ဩဋ္ဌိဗျာဓိံဝ ခတ္တိယော။ ။

(၁၀၉၁) ယော ပုဗ္ဗေ ကတ-ကလျာဏော၊ ကတတ္ထော နာဝဗုဇ္ဈတိ။
အတ္ထာ တဿ ပလုဇ္ဇန္တိ၊ ယေ ဟောန္တိ အဘိပတ္ထိတာ။ ။

(၁၀၉၂) ယော ပုဗ္ဗေ ကတ-ကလျာဏော၊ ကတတ္ထော မနုဗုဇ္ဈတိ။
အတ္ထာ တဿ ပဝဍ္ဎန္တိ၊ ယေ ဟောန္တိ အဘိပတ္ထိတာ။ ။

(၁၀၉၃) တံ ဝေါ ဝဒါမိ ဘဒ္ဒန္တေ၊ ယာဝန္တေတ္ထ သမာဂတာ။
သဗ္ဗေ ကတညုနော ဟောထ၊ စိရံ သဂ္ဂမှိ ဝသထ။ ။

ဟူသော ဤလေးဂါထာတို့ကိုဟော၏။ ။

(၁၀၉၀-၁၀၉၃) ဣဓ၊ ဤလူ့ရွာ၌။ ပေါသော၊ အသိပညာမရှိသောသူသည်။ ယာဝတာ၊ အကြင်မျှလောက်သောကာလပတ်လုံး။ အယံ၊ အသူသည်။ မေ၊ ငါ၏။ ဣဒံနာမ၊ ဤမည်သောအမှုကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ခိဿတိ၊ တတ်နိုင်လတ္တံ့။ ဣတိ၊ ဤသို့။ အာသိသတိ၊ တောင့်တ၏။ တာဝဒေဝ၊ ထိုမျှလောက်သောကာလပတ်လုံးသာလျှင်။ တံပုရိသံ၊ ထိုယောကျ်ားသို့။ ပဝိဏာတိဘဇတိ၊ ဆည်းကပ်၏။ ခတ္တိယော၊ ငါတို့အရှင်ဒဠှဓမ္မမင်းသည်။ ဩဋ္ဌိဗျာဓိ၊ ဩဋ္ဌိဗျာဓိအမည်ရှိသောကုလားအုတ်ကို။ ဇဟတိဣဝ၊ စွန့်၏သို့။ အတ္ထာပါယေ၊ အစီးအပွါးကင်းသောကာလ၌။ ဝါ၊ စွမ်းအန်ဗလဆုတ်ယုတ်သော ကာလ၌။ နာနာကိစ္စေသု၊ အထူးထူးသော ကိစ္စတို့၌။ ပတ္ထိတံ၊ တောင့်တအပ်သော။ နံပေါသံ၊ ထိုသူကို။ ဧကစ္စေ၊ အချို့ကုန်သော သူမိုက်တို့သည်။ ဇဟန္တိ၊ စွန့်ကုန်၏။ ။ယော၊ အကြင်သူသည်။ ပုဗ္ဗေ၊ ရှေး၌။ ကတကလျာဏော၊ မိမိအားသူတပါးတို့သည်ပြုအပ်သောကောင်းသောကျေးဇူးရှိသည့်ဖြစ်လျက်။ ကတတ္ထော၊ သူတပါးပြီးစေအပ်သော မှုကိစ္စရှိသည်ဖြစ်လျက်။ ပစ္ဆာပိ၊ နောက်၌လည်း။ တံပရေနကတံ၊ ထိုသူတပါးသည်ပြုအပ်သောကျေးဇူးအမှုကိစ္စကို။ ဥပကာရဿ၊ ကျေးဇူးပြုတတ်သောသူ၏။ ဇရာဇိဏ္ဏကာလေ၊ အရွယ်ကြီးသဖြင့် အိုမင်းသောကာလ၌။ နာဝဗုဇ္ဈတိ၊ မအောက်မေ့မိ မသိလေတတ်။ တဿ၊ ထိုကျေးဇူးမသိသောသူ၏။ ဝါ၊ သူသည်။ ယေအတ္ထာ၊ အကြင်အကျိုးစီးပွါးတို့ကို။ အ

ဘိပတ္ထိတာ၊ တောင့်တအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေအတ္ထာ၊ ထိုအလိုရှိအပ်တောင့်တအပ်သော အကျိုးစီးပွါးတို့သည်။ ပလုန္နံ့ဒ္ဒေ၊ မိုးခြိကျသောမျိုးစေ့ကဲ့သို့ပျက်စီးကုန်၏။ ဟိ သစ္စံ၊ မှန်၏။ မိတ္တာဘိဒ္ဒုဘိ ပုဂ္ဂလဿ၊ အဆွေခင်ပွန်း ဖြစ်မှားတတ်သော ပုဂ္ဂိုလ်၏။ ပတ္ထိတပတ္ထိတံ၊ တောင့်တတိုင်း တောင့်တတိုင်းသောအစီးအပွါးသည်၊ အဂ္ဂိမှိ၊ မီး၌၊ ပက္ခိတ္တ ဗီဇံဝိယ၊ ချအပ်သောမျိုးစေ့ကဲ့သို့။ နဿတိ၊ ပျက်စီး၏။ ယော၊ အကြင်သူသည်။ ပုဗ္ဗေ၊ ရှေး၌။ ကတကလျာဏော၊ မိမိအား သူတပါးတို့သည်ပြုအပ်သော ကောင်းသောကျေးဇူးရှိသည်ဖြစ်၍။ ကတတ္ထော၊ သူတပါးတို့ပြီးစေအပ်သောအမှုကိစ္စရှိသည်ဖြစ်၍။ ပစ္ဆာပိ၊ နောင်၌လည်း။ တံပရေနကတံ၊ ထိုသူတပါးသည်ပြုအပ်သောကျေးဇူးအမှုကိစ္စကို။ ဥပကာရကဿ၊ ကျေးဇူးပြုတတ်သောသူ၏။ ဇရာဇိဏ္ဏကာလေပိ၊ အရွယ်ကြီးသဖြင့် အိုမင်းသောကာလ၌သော်လည်း။ အနုဗုဇ္ဈတိ၊ သိ၏။ ကာဿ၊ ထိုသူ့ ကျေးဇူးကိုသိသသူ၏။ ငါ၊ သူသည်။ ယေအတ္ထာ၊ အကြင်အကျိုးစီးပွါးတို့ကို။ အဘိပတ္ထိကာ၊ တောင့်တအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေအတ္ထာ၊ ထိုအလိုရှိအပ်တောင့်တအပ်သော အကျိုးစီးပွါးတို့သည်။ ပဝနန္တိ၊ ကောင်းသောမြေ၌စိုက်အပ်သောမျိုးကဲ့သို့တိုးတက်ပွါးများကုန်၏။ ။ဇံဟောနကာရုဏော၊ ထိုအကြောင်းကြောင့်။ ဘဒ္ဒန္တေ၊ အိုအရှင်ဘုရား။ ဝေါ၊ သင်တို့ကို။ အဟံ၊ ငါသည်။ ဝဒါမိ၊ ဆုံးမပါ၏။ ဧတ္တ၊ ဤမင်းနေပြည်၌။ ယာဝန္တာ၊ အကြင်မျှလောက်ကုန်သော ပရိသတ်တို့သည်။ သမါဂတာ၊ အညီအညွတ်စည်းဝေးကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တုမှေ၊ အရှင်တို့သည်။ ကတညုနော၊ ကျေးဇူးကိုသိကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။ ဟိ၊ အကျိုးကိုဆိုအံ့။ ကတညုနော၊ သူ့ ကျေးဇူးကိုသိသောသူတော်ကောင်းတို့သည်။ စိရံ၊ ရှည်မြင့်စွာသောကာလပတ်လုံး။ သဂ္ဂမှိ၊ နတ်ပြည်၌။ ဒိဗ္ဗသမ္ပတ္တိ၊ နတ်၏စည်းစိမ်ကို။ အနုဘဝန္တာ၊ ခံစားကုန်လျက်။ ဝသထ၊ ချမ်းချမ်းသာသာနေရကုန်လတ္တံ့။ ။(သဝေဒါ်နိအဟံဗ္ဗဒါနိဟူသော အဋ္ဌကထာကိုရှု၍စေ, သင့်သည်။ ဝေ, မသင့်။ ။ဓရန္တိသင့်သည်။ နဝန္တိမသင့်။ ။သုကတာနိဆိုလိုလျက်သုတ္တန္တကမ္မန္တစသည်တို့ကဲ့သို့အန္တအာနက်မရှိ။ ။တာဒါဟိတိတထာဟိ၊ အယမေဝပါဠိရှော။(အဋ္ဌကထာ)။ ။သကဏာန္တိ ဂေါမယံ။(ဋီကာ)။ ။ဩဠ္ဠါတုကလဘောဘဝေ။ဟု-ကုလားအစ္ဆိပရိယာယ်လာ၍ဩဠ္ဠါဗျာဗိမည်သော

ကုလားအုဌ်ဟုယောဇနာသည်။ ။ဩဋ္ဌဗျာဓိတ်နာမိကာ။(ဋီကာ)။ ။ ဩဋ္ဌဗျာဓိမည်သောဆင်ဟူ၍လည်းဆိုစကုန်၏။ ။မနုဗျတ္တိ၌မအာ ဂုံ)။ ။ဒဠှဓမ္မဇာတက် စတုတ္ထ။၄၁၀။

---

၄၁၀-သောမဒတ္တဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ယောမံပုရေပစ္စုဋ္ဌေတိ, အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော ဤသောမဒတ္တဇာတ်ကိုဇေတဝန်ကျောင်းတော်၌သိတင်းသုံးနေတော်မူစဉ်၊ မထင်ရှားသောရဟန်းကြီးကို အကြောင်းပြု၍ဟောတော်မူ၏။ ။

ရသေ့သည် သစ်သီးကြီးငယ်ကိုယူ၍ လာလတ်သော်၊ တပါးကုန်သောနေ့တို့၌ငါ၏သားသည်ခရီးဦးကြိုဆိုခြင်းကိုပြု၏။ ယနေ့မထင်။အဘယ်သို့လျှင်သွားသနည်းဟုငိုကြွေးလိုသည်ဖြစ်၍။ ။

(၁၀၉၄) ယော မံ ပုရေ ပစ္စုဋ္ဌေတိ၊ အရညေ ဒူရမာယတော။
သော န ဒိဿတိ မာတင်္ဂေါ၊
သောမဒတ္တော ကုဟိံ ဂတော။ ။

ဟူသောဤပဌမဂါထာကိုဆို၏။ ။

(၁၀၉၄) အာယတောအာယာမသမ္ပန္နော၊အလုံးအရပ်နှင့်ပြည့်စုံသော။ သောမဒတ္တော၊ သောမဒတ္တအမည်ရှိသော၊ ယောမာတင်္ဂေါ၊ အကြင်ဆင်သည်။ မံ၊ငါ့ကို။ ပုရေ၊ ရှေးကာလ၌။ အရညေ၊တော၌။ ဒူရံ၊ဝေးစွာသောအရပ်တိုင်အောင်။ ပစ္စုဋ္ဌေတိ၊ခရီးဦးကြို၏။ သောမာတင်္ဂေါ၊ထိုသောမဒတ္တအမည်ရှိသောဆင်သည်။ နဒိဿတိ၊ယခုမထင်ခဲ့။ ကုဟိံ၊အဘယ်အရပ်သို့။ ဂတော၊ သွားရှာလေသနည်း။ ။ဤသို့ငိုကြွေးလျှက်နေလတ်သော် စင်္ကြံဦး၌ လည်းသော ဆင်ကိုမြင်၍ လည်၌ဘက်၍ ငိုကြွေးလျှက်။ ။

(၁၀၉၅) အယံဝါ သော မတော သေတိ၊အလ္လသိင်္ဂံဝ ဝစ္ဆိတော။
ဘုမျာ နိပတိတော သေတိ၊အာမရာ ဝတ ကုဉ္ဇရော။ ။

ဟူသောဤဒုတိယဂါထာကိုဆို၏။ ။

(၁၀၉၅) ယောကုဉ္ဇရော၊ အကြင်ဆင်သည်။ မတော၊သေသည်ဖြစ်၍ သေတိ၊အိပ်၏။ သောကုဉ္ဇရော၊ ထိုဆင်သည်။ အယံဝါအယမေဝ၊ ဤ

သောမဒတ္တဆင်ပင်တည်း။နအညော၊တပါးဆင်မဟုတ်။အလ္လသိဂ်ံ၊မာ
လောနွယ်၏ ကြီးဖွံ့သောအညွန့်ကို။ ဝဋ္ဋိတော၊ လက်သည်းဖြင့်ဖြတ်
အပ်ပြီး၍။ဘုမျာ၊မြေ၌လအခါပူပြင်းစွာသောသဲရမြေ၌။ နိပတိတောဋှုဝ၊
ချအပ်သကဲ့သို့။ ဇေံတထာ၊ထိုအတူ။ ကုဥ္ဇရော၊ သောမဒတ္တဆင်သည်။
ဘုမျာ၊မြေ၌။ သေတိ၊အိပ်၏။ အာမရာဝတ၊သြသေခဲ့ပြီတကား။ ။

သိကြားမင်းသည်ထိုခဏ၌လောကကိုကြည့်လတ်သော်၊ထိုရသေ့ကို
မြင်၍၏ရသေ့သည်သားမယားကိုစွန့်၍ရဟန်းပြု၏။ ယခုအခါဆင်ငယ်
၌သားအမှတ်ကိုပြု၍ငိုကြွေး၏။ထိုရသေ့ကိုသံဝေဂကိုဖြစ်စေ၍သတိကို
ရစေအံ့ဟုထိုရသေ့၏ ကျောင်းသို့ သွား၍ ကောင်းကင်၌ တည်လျက်
လျှင်။ ။

(၁၀၉၆) အနဂါရိယုပေတဿ၊ဝိပ္ပမုတ္တဿ တေ သတော။
သမဏဿ န တံ သာဓု၊ယံ ပေတမနုသောစသိ။ ။

ဟူသော၍တတိယဂါထာကိုဆို၏။ ။

(၁၀၉၆) ပေတံ၊ သေသောသတ္တဝါကို။ ယံအနုသောစသိ၊အကြင်စိုး
ရိမ်၏။တံ၊ထိုသို့သေသောသူကိုစိုးရိမ်ခြင်းသည်။အနဂါရိယုပေတဿ၊
ရဟန်းအဖြစ်နှင့်ပြည့်စုံသော။ဝိပ္ပမုတ္တဿ၊လူအဖြစ်မှလွတ်သော။ သမ
ဏဿ၊ရဟန်းသည်။ သတော၊ ဖြစ်သော။ တေ၊သင်အား။ နသာဓု၊မ
ကောင်း။ ။

ထိုအခါသိကြားမင်း၏စကားကိုကြား၍ရသေ့သည်။ ။

(၁၀၉၇) သံဝါသေန ဟဝေ သက္က၊မနုဿဿ မိဂဿ ဝါ။
ဟဒယေ ဇာယတေ ပေမံ၊တံ န သက္ကာ အ-သောစိတုံ။ ။

ဟူသော၍စတုတ္ထဂါထာကိုဆို၏။ ။

(၁၀၉၇) သက္က၊သိကြားမင်း။ဟဝေ၊စင်စစ်။မနုဿဿဝါ၊ လူ၏ရင်း။
မိဂဿဝါ၊သား၏ရင်း။သံဝါသေန၊ပေါင်းဘော်ခြင်းကြောင့်။ ဟဒယေ၊
နှလုံး၌။ပေမံ၊ချစ်ခြင်းသည်။ ဇာယတေ၊ဖြစ်၏။ တံ၊ထိုချစ်သောသတ္တဝါ
ကို။အသောစိတုံ၊မစိုးရိမ်ခြင်းငှါ။နသက္ကာ၊မတတ်ကောင်း။ ။

ထိုနောင်မှရသေ့ကိုဆုံးမလိုသည်ဖြစ်၍သိကြားမင်းသည်။ ။

(၁၀၉၈) မတံ မရိဿံ ရောဒန္တိ၊ယေ ရုဒန္တိ လပန္တိ စ။
တသ္မာ တွံ ဣသိ မာ ရောဒိ၊ရောဒိတံ မောဃမာဟု သန္တော။ ။

(၁၀၉၉) ကန္ဒိတေန ဟဝေ ဖြပ္ပော၊မတော ပေတော သမုဒ္ဒပော။
သဗ္ဗေ သင်္ဂမ္မ ရောဒါမ၊အညမညဿ ဉာတကေ။ ။

ဟူသော၅နှစ်ဂါထာတို့ကိုဆို၏။ ။

(၁၀၉၈-၁၀၉၉) ဉာသိ၊ ရှင်ရသေ့။ ယေ၊ အကြင်သူတို့သည်။ ရုဒန္တိ၊ ငိုကုန်၏။ လပန္တိ စ၊ မြည်တမ်းလည်းမြည်တမ်းကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ၊ ထိုသူတို့သည်။ မတဥ္စ၊ သေဆဲသေပြီးသောသူကိုရင်း။ မရိသံ၊ သေလတ်အံ့သေါသူကိုရင်း။ ရောဒန္တိ၊ ငိုမြည်တမ်းကုန်၏။ ဇဝံ၊ ဤသို့။ ရောဒန္တာနံ၊ ငိုမြည်တမ်းကုန်သော။ တေသံ၊ ထိုသူတို့၏။ အဿုသုက္ခနကာလော၊ မျက်ရည်သွေ့ခြေဲသောအခါသည်။ နတ္ထိ၊ မရှိရာ။ (ထည့်)။ တသ္မာ၊ ထို့ကြောင့်။ တွံ၊ သင်သည်။ မာရောဒိ၊ မငိုလင့်။ ကိံ ကာရဏာ၊ အဘဲ့ကြောင့်နည်းဟူမူကား။ ရောဒိတံ၊ ငိုခြင်းကို။ မောဃံ၊ အကျိုးမရှိအချည်းနှီးဟူ၍။ သန္တော၊ ပညာရှိသူတော်ကောင်းတို့သည်။ အာဟု၊ ဆိုကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တွံ၊ သင်သည်။ မာရောဒိ၊ မငိုလင့်။ ။ ဖြပ္ပော၊ ရှင်ရသေ့။ ပေတော၊ ပစ္စုပ္ပန်ဘဝမှ ကင်းကွာသော။ မတော၊ သေသောသူသည်။ ကန္ဒိတေန၊ ငိုကြွေးခြင်းဖြင့်။ ဟဝေယဒိ၊ အကယ်၍။ သမုဋ္ဌပော၊ ရှင်ပြန်သဖြင့်ထငြားအံ့။ ဇဝံသန္တေ၊ ဤသို့ငိုခြင်းဖြင့်တဘန်ရှင်ပြန်သည်ရှိသော်။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ (ဓိကျေ)။ မယံ၊ ငါတို့သည်။ သင်္ဂမ္မ၊ စည်းဝေး၍။ အညမညဿ၊ အချင်းချင်း၏။ ဉာတကေ၊ သေသောအဆွေအမျိုးတို့ကို။ ရောဒါမ၊ ငိုကုန်အံ့။ ။

ရသေ့သည်သိကြားမင်း၏စကားကိုကြား၍သတိကိုရ၍ကင်းသောသောကရှိသည်ဖြစ်၍မျက်ရည်တို့ကိုသုတ်၍သိကြားမင်းအားချီးမွမ်းလိုသည်၏အစွမ်းအားဖြင့်။ ။

(၁၁၀၀) အာဒိတ္တံ ဝတ မံ သန္တံ၊ဃတ-သိတ္တံဝ ပါဝကံ။
ဝါရိနာဝ ဝိယ သြိသိဉ္စံ၊သဗ္ဗံ နိဗ္ဗာပယေ ဒရံ။ ။
(၁၁၀၁) အဗ္ဗူဠှံ ဝတ မေ သလ္လံ၊ယမာသိ ဟဒယဿိတံ။
ယောမေ သောက-ပရေတဿ၊ပုတ္တ-သောကံ အပါနုဒိ။ ။
(၁၁၀၂) သောဟံအဗ္ဗူဠှသလ္လောသ္မိ၊ဝိတသောကော အနာဝိလော။
န သောစာမိ န ရောဒါမိ၊တဝ သုတွာန ဝါသဝ။ ။

ဟူသော၅ကြွင်းသောဂါထာတို့ကိုဆို၏။ ။

(၁၁၀၀-၁၁၀၂) ဝါသဝ၊သိကြားမင်း။ ဃတာသိတ္တံဝဃတာသိတ္တံဝေ၊ ထောပတ်ဖြင့်သွန်းလောင်းသည့်သာလျှင်ဖြစ်သော၊ပါဝကံ၊မီးကို။ ဝါရိနာ၊ရေဖြင့်။ ဩသိဉ္စိယဩသိဉ္စိတွာ နိဗ္ဗာပေသိဝိယ၊ သွန်းလောင်း၍ငြိမ်းစေဘိသကဲ့သို့။ အာဒိတ္တံ၊သောကတည်းဟူသော မီးလောင်သည့်။ သန္တံ၊ဖြစ်သော။မံ၊ငါ့ကို။ဝတ၊စင်စစ်။နိဗ္ဗာပယေ၊ငြိမ်းစေပြီ။ သဗ္ဗံ၊အလုံးစုံသော။ဒရံ၊စိတ်ကိုပူပန်စေတတ်သောသောကကို၊ တွံ၊သင်သည်။ နိဗ္ဗာပယေနိဗ္ဗာပယိ၊ငြိမ်းစေပြီ။ ။ယော၊အကြင်သင်သည်။သောကပရေတဿ၊သောကသည်နှိပ်စက်အပ်သော။ မေ၊ငါ၏။ ပုတ္တသောကံ၊သားသေလွန်ခြင်းကြောင့်ဖြစ်သောစိုးရိမ်ပူပန်ခြင်းကို။ အနုပါဒိ၊ပယ်ပြီ။ ဟဒယဿိတံ၊နှလုံးကိုမှီသော။ ယံသလ္လံ၊ အကြင် သောကတည်းဟူသော ငြောင့်သည်။ အာသိ၊ဖြစ်ပြီ။ မေ၊ငါ၏။ တံသလ္လံ၊ထိုသောကတည်းဟူသောငြောင့်ကို။ တယာ၊သင်သည်။ဝတ၊စင်စစ်။ အဗ္ဗုဠှံ၊အဘိဉ္ဉဟိတံ၊နုတ်အပ်ပြီ။ ။သောအဟံ၊ထိုငါသည်။တဝ၊သင်၏။ဝစနံ၊စကားကို။သုတွာန၊ကြား၍လျှင်။ အဗ္ဗုဠှသလ္လော၊နုတ်ပယ်အပ်ပြီးသော သောကတည်းဟူသောငြောင့်ရှိသည်။အသ္မိ၊ဖြစ်ပြီ။ ဝိတသောကော၊စိုးရိမ်ခြင်းကင်းလတ်ပေပြီ။ အနာဝိလော၊စိတ်နောက်ကျုခြင်းကင်းလတ်ပေပြီ။ ဝါသဝ၊ယခု။နသောစာမိ၊မစိုးရိမ်။နရောဒါမိ၊မငိုကြွေး။ ။(အာယတောတိ အာယာမသမ္ဘန္ဓော။ အဓ္ဓကထာဘွင့်သော်လည်း ချောက်ပတ်သောအလုံးအရပ်ပင်ယူရာသည်။အလျားကိုသာမယူရာ။ ။အယံဝါသောတိဝိဘာဝနတ္ထောဝါသဒ္ဒေါ။ အယမေဝသောနအညောတိတံဝိဘာဝေန္တောဝေမာဟ။ ။အဓ္ဓကထာဘွင့်ရကား။ဝါသဒ္ဒါသည်ထင်ရှာပြခြင်းဝိဘာဝနာအနက်ရှိသည်ဟူလို။ ။ဝန္တိ့တောတိဆိန္ဓောဟုဝန္တ႑ခာတ်၏ဆေဒနအနက်ကိုအဓ္ဓကထာဘွင့်သည်။ ။ဝန္တ႑ဆေဒနေ။ဝန္တတိ။ဝုတ္တာ။ ဝုတ္တဝါ။ ဝုတ္တသိရော။ဝကာရဂတဿ အကာရဿဥတ္တံ။ ဟု-သဒ္ဒနီတိ၌ဆေဒနအနက်ကိုပြသည်။ ။အာမရောဝတာတိမတောဝတ။အမရိတိပိပါဠော။ ။(အဓ္ဓကထာ)။ ။မတံမရိသံ၌သေသောသံသ႑မာနာနာဟူသောသုတ်ဖြင့်အနာဂတ်အနက်၌ဿပစ္စည်းသက်သည်။ ။ဿံ ပစ္စည်းလည်းဆိုကြ၏။ ။ကန္ဒိတောနဟာဝေဖြဟွေန္ဒိ။ဟာဝေကားယဒိအနက်။ ။ယဒိသေပေတောတိသဍ္ဍိ ဂတောမတောရောဒိတေနသမုဒ္ဒဟောယျ၊ ဇီဝံ သန္တေ။ ။(အဓ္ဓကထာ)။ ။သောမဒတ္တဇာတကံ ပဉ္စမံ။၄၁၀။

## ၄၁၁-သုသိမဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ ကာဠာနိကေသာနိပုရေအဟေသုံ,အစရှိသော ဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော ဤသုသိမဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌ သိတင်းသုံးနေတော်မူစဉ်၊ မြတ်သော တောထွက်ခြင်းကို အကြောင်းပြု၍ဟောတော်မူ၏။ ။

မိဘုရားကြီးသည် တနေ့သ၌ မင်း၏ဦးခေါင်း၌သန်းတို့ကိုရှာသကဲ့သို့ပြု၍၊ အရှင်မင်းကြီး၊သင်မင်းကြီးအိုပြီ။ရှင်မင်းကြီး၏ဦးခေါင်း၌တခုသောဆံဖြူသည်ထင်၏ဟုဆို၏။ ရှင်မ၊ထိုသို့တပြီးကားတခုသောဆံကိုနုတ်၍ငါ၏လက်၌လျှင်ထားလော့ဟုဆို၏။ မိဘုရားသည်မင်း၏ဦးခေါင်းမှတခုသော မည်းသောဆံကိုနုတ်၍၊ မိမိဦးခေါင်း၌ဆံဖြူကိုယူ၍၊ အရှင်မင်းကြီး၊ဤသည်ကားအရှင်မင်းကြီး၏ဆံဖြူတည်းဟုမင်း၏လက်၌ထား၏။ ထိုဆံကိုမြင်၍ ထိတ်လန့်သောစိတ်ရှိသော ဘုရားလောင်းသည်ရွှေပြားနှင့်တူသောနဖူးမှချွေးတို့သည်ထွက်ကုန်၏။ ။ထိုဘုရားလောင်းသည်မိမိကိုယ်ကိုဆုံးမလျက်။သုသိမ၊သင်အိုပြီ။ ဤမျှလောက်သောကာလပတ်လုံး မစင်ညွန်၌ငုပ်သောဝက်ကဲ့သို့ ကာမညွန်၌ငုပ်၍ ထိုကာမညွန်ကိုစွန့်အံ့သောငှါမတတ်နိုင်။ ကာမတို့ကိုစွန့်၍ ဟိမဝန္တာသို့ဝင်၍ရဟန်းပြု၍ သင်အားမြတ်သော အကျင့်ဖြင့်နေအပ်သောအခါတည်းဟုကြံ၍။ ။

(၁၁၀၃) ကာဠာနိ ကေသာနိ ပုရေ အဟေသုံ၊
ဇာတာနိ သီသမှိ ယထာ-ပဒေသေ။
တာနဇ္ဇ သေတာနိ သုသိမ ဒိသွာ၊
ဓမ္မံစရဗြဟ္မ စရိယဿ ကာလော။ ။

ဟူသောဤပဌမဂါထာကိုဆို၏။ ။

(၁၁၀၃) သိသုမ၊သုသိမ။ပုရေ၊ရှေး၌။သီသမှိ၊ သင်၏ဦးခေါင်း၌။ယထာပဒေသေ၊ ဆံပေါက်ရောက်ခြင်းငှါ လျော်သောအရပ်၌။, ဇာတာနိ၊ ရောက်ကုန်သော၊ ကာဠာနိ၊ပိတုန်းတောင်သို့ညိုရောင်လက်လက်ဘိတ်ဘိတ်ထွက်သောအဆင်းရှိကုန်သော။ကေသာနိ၊ဆံတို့သည်။အဟေသုံ၊ ဖြစ်ကုန်၏။ အဇ္ဇ၊ယခု။ သေတာနိ၊ မျိုင်းဖြူအသွေးဖွေးဖွေးဖြူကုန်သော။

တာနိ၊ထိုဆံတို့ကို။ ဒိသွာ၊မြင်၍။ ဓမ္မံ၊ကုသလကမ္မပထတရား ဆယ်ပါးကို။ စရ၊ကျင့်လော့။ဗြဟ္မစရိယဿ၊မြတ်သောအကျင့်၏။ ဝါ၊မေထုန်မှ ကြဉ်ရှောင်ခြင်း၏။ကာလော၊အခါတန်ပြီ။ ။

ဤသို့ဘုရားလောင်းသည်မြတ်သောအကျင့်ဖြင့် နေခြင်း၏ကျေးဇူးတို့ကိုချီးမွမ်းသည်ရှိသော်၊ မိဘုရားသည်ငါသည် မင်းအားငြီးငွန်းခြင်းကိုပြုအံ့ဟု ငြီးငွန်းခြင်း၏ဖြေခြင်းကိုလျှင်ပြုမိ၏ဟု ထိတ်လန့်သည်ဖြစ်၍ ယခုအခါထိုမင်းအားရဟန်းမပြုစိမ့်သောငါ့ကိုယ်အဆင်းကိုချီးမွမ်းအံ့ဟုကြံ၍။ ။

(၁၁၀၄) မမေဝ ဒေဝ ပလိတံ န တုယှံ၊မမေဝ သိသံ မမ ဥတ္တမင်္ဂံ။
အတ္ထံ ကရိဿန္တိ မုသာ အဘာသိံ၊
ဧကာပရာဓံ ခမ ရာဇ-သေဋ္ဌ။ ။
(၁၁၀၅) ဒဟရော တုဝံ ဒဿနိယောသိ ရာဇ၊
ပဌမုဂ္ဂတော ဟောတိယထာကဠီရော။
ရဇ္ဇဉ္စကာရေဟိ မမဉ္စ ပဿ၊
မာကာလိကံ အနုဓာဝိ ဇနိန္ဒ။ ။

ဟူသောဤနှစ်ဂါထာတို့ကိုဆို၏။ ။

(၁၁၀၄-၁၁၀၅) ဒေဝ၊အရှင်မင်းကြီး။မမေဝ၊အကျွန်ုပ်၏သာလျှင်။ ပလိတံ၊ဆံဖြူတည်း။ တုယှံ၊ရှင်မင်းကြီး၏။ နပလိတံ၊ဆံဖြူမဟုတ်။မမေဝ၊အကျွန်ုပ်၏သာလျှင်။ သိသံ၊ဦးခေါင်း၌ရော်သောဆံဖြူတည်း။မမ၊အကျွန်ုပ်၏။ဥတ္တမင်္ဂံ၊မြတ်သော အင်္ဂါ၌ရောက်သော ဆံဖြူတည်း။အဟံ၊အကျွန်ုပ်သည်။အတ္ထံ၊အကျိုးစီးပွါးကို။ ကရိဿန္တိ၊ပြုအံ့ဟု။မုသာ၊မုသားကို။အဘာသိံ၊ဆိုမှား၏။ ရာဇသေဋ္ဌ၊မင်းမြတ်။ ဧကာပရာဓံ၊အကျွန်ုပ်၏တခုသောအပြစ်ကို။ ခမ၊သည်းခံပါလော့။ ။ရာဇ၊မင်းမြတ်။ပဌမုဂ္ဂတော၊ ပေါက်သစ်ဖြစ်၍။ ကဠီရော၊ နုသော အညွန့်သည်။ ဒဿနိယော၊ရှုချင်ဘွယ်ရှိသည်။ ဟောတိယထာ၊ ဖြစ်၏သို့။ ဧဝံတထာ၊ထို့အတူ။ တုဝံ၊သင်မင်းကြီးသည်လည်း။ ဒဟရော၊ပျိုနုသည်ဖြစ်၍။ဒဿနိယော၊ရှုချင်ဘွယ်ရှိသည်။ အသိ၊ဖြစ်၏။ရဇ္ဇဉ္စ၊မင်းအဖြစ်ကိုလည်း။ ကာရေဟိ၊ပြုစေလော့။ မမဉ္စ၊အကျွန်ုပ်ကိုလည်း။ ပဿ၊ရှုပါလော့။ ။(အကျွန်ုပ်ကိုကိုးကွယ်ရာမရှိအောင်မပြုပါလင့်ဟူလိုသည်)။ ။ဇနိန္ဒ၊လူတို့ကိုအစိုးရသောမင်းမြတ်။ ကာလိကံ၊ဒုတိယဘဝတတိယဘဝဟုဆိုအပ်

သောကာလလျှားမှအကျိုးပေးတတ်သောရဟန်းအဖြစ်သို့ မာအနုခါ ဝိ၊မကပ်လင့်။( ဤချက်ဖြင့်ကိုယ်၏အဖြစ်၌ကာမဂုဏ်ချမ်းသာကိုဖြစ်စေ တတ်၍အကါလိကဖြစ်သော်မင်းအဖြစ်ကိုစွန့်၍ကါလလျှားမှအကျိုးပေး သောအကာလိကဖြစ်သောရဟန်းအဖြစ်သို့မကပ်ပါလင့်ဟူလိုသည်)။

ဘုရားလောင်းသည် မိဘုရားစကားကိုကြား၍၊ရှင်မ၊သင်ဆိုတိုင်း ဖြစ်ရာသလျှင်ကတည်း။ ငါ၏အရွယ်သည် ရင့်တိုင်းရင့်တိုင်း ဤမည်း ညိုသောဆံတို့သည် ဘောက်ပြန်၍ပိုက်ဆန်လျှော်တို့ကဲ့သို့ဖြူကုန်သည် ဖြစ်ရာ၏။အရွယ်ရင့်တိုင်းရင့်တိုင်း အိုခြင်းသို့ရောက်ကုန်သော ကြာညို အစရှိကုန်သော ပန်းဆိုင်းနှင့်တူကုန်သော သူငယ်တို့၏ရင်း ရွှေအဆင်း နှင့်တူကုန်သောမြတ်သော အရွယ်တင့်တယ်ခြင်းနှင့်ပြည့်စုံသော မင်း သွီးအစရှိသည်တို့၏ရင်း အဆင်းဘောက်ပြန်ခြင်းကိုရင်း ကိုယ်၏ပျက် ခြင်းကိုရင်း ငါသည်မြင်ရ၏၊ ရှင်မ၊ ဤသို့ဤသတ္တလောကသည်ပျက်စီး ခြင်းအဆုံးရှိ၏ဟုဆို၍ဘုရားကဲ့သို့သောတင့်တယ်ခြင်းဖြင့်တရားဟော လိုရကား။ ။

(၁၁၀၆) ပဿာမိ ဝေါဟံ ဒဟရိံ ကုမာရိံ၊
သာမဋ္ဌ-ပဿံ သုတနုံ့ သုမဇ္ဈံ။
ကာဠပ္ပဝါဠာဝ ပဝေလ္လမာနာ၊
ပလောဘယန္တိံဝ နရေသု ဂစ္ဆတိ။ ။

(၁၁၀၇) တမေန ပဿာမိ ပရေန နာရိံ၊
အာသီတိကံ နာဝုတိကဉ္စ ဇစ္စာ။
ဒဏ္ဍံ ဂဟေတွာန ပဝေဓမာနံ၊
ဂေါပါနသီဘောဂ္ဂသမံ စရန္တိံ။ ။

ဟူသောဤနှစ်ဂါထာတို့ကိုဆို၏။ ။

(၁၁၀၆-၁၁၀၇) ဘဒ္ဒေ၊ရှင်မ။အဟံ၊ငါသည်။သာမဋ္ဌပဿံ၊အလုံးစုံ သောအပြင်တို့၌ပြေပြစ်သောအရောင်အဆင်းရှိသော်။သုတနုံ၊တင့်တယ် ကောင်းမြတ်သောကိုယ်ရှိသော။ သုမဇ္ဈံ၊ကောင်းသောသဏ္ဌာန်နှင့်ပြည့် စုံသောခါးရှိသော။ဒဟရိံ၊ပျိုနုသော။ ကုမာရိံ၊သတို့သမီးကို။ ပဿာမိ၊ မြင်၏။ (ဝေါတိနိပါတမတ္တံ)။ ပဝေလ္လမာနာ၊ ညင်းညင်းသောလေသည် ခတ်အပ်သည်ရှိသော်ထိုမှဤမှတုန်လှုပ်သော။ကာဠပ္ပဝါဠာဝ၊သန္တာနက် ကဲ့သို့အဖျက်ရှိသောမည်းသောနွယ်ကဲ့သို့။ သာဇုဏ္ဍိ၊ထိုမိန်းမသည်။ န

ရေသု၊ ယောက်ျားတို့၏အနီးအပါး၌။ ပလောဘယန္တိ၀၊ကိလေသာ၏ အစွမ်းအားဖြင့်ဖြားယောင်းသကဲ့သို့။ ဂစ္ဆတိ၊သွား၏။ ။အပရေနသ မယေန၊နေဝင်အခါ၌။ ဇဗ္ဗာ၊မွေးဘွားသည်မှ။ အသိတိကဥ္စ၊အသက်၅၈စ် ဆယ် ရှိသည်လည်းဖြစ်သော။ နဝုတိကဥ္စ၊ အသက်ကိုးဆယ် ရှိသည် လည်းဖြစ်သော။ တမေနံနာရီံ၊ထိုမိန်းမကို။ ဒဏ္ဍံ၊တောင်ဝှေးကို။ဂဟေ တွာန၊ကိုင်၍။ ပဝေဓမာနံ၊တုန်လှုပ်လျက်။ ဂေါပါနသိဘောဂ္ဂသမံ၊ အ ခြင်တူလျှော၊ ကိုင်းညွတ်သောကိုယ်ရှိသည်ဖြစ်၍။ စရန္တိံ၊သွားသည် ကို။ပဿာမိ၊မြင်ရ၏။ ။

ဘုရားလောင်းသည်။ပဥ္စမဂါထာဖြင့်ရှပ်၌အသာဒကိုဆိုပြီး၍ဤဒုတိ ယဂါထာဖြင့်ရုပ်၏အပြစ်ကိုပြပြီး၍။ယခုအခါဒိမ်၏အလယ်၌ မိမိမမွေ့ လျော်ခြင်းကိုပြလိုသည်ဖြစ်၍။ ။

(၁၁၀၈) သောဟံ တမေဝါနုဝိစိန္တယန္တော၊
ဧကော ပဿာမိ သယနဿ မဇ္ဈေ။
အဟမ္ပိ ဧဝံ ဣတိ ပေက္ခမာနော၊
ဂေဟေန ရမေ ဖြဟ္မစရိယဿ ကာလော။ ။

(၁၁၀၉) ရဇ္ဇုဝါ လမ္ဗနီ စေသာ၊
ယာ ဂေဟေ ဝသတော ရတိ။
ဧတမ္ပိ ဆေတွာန ဝဇန္တိ ဓီရာ၊
အနပေက္ခိနော ကာမ-သုခံ ပဟာယ။ ။

ဟူသောဤနှစ်ဂါထာတို့ကိုဆို၏။ ။

(၁၁၀၈-၁၁၀၉) သောအဟံ၊ ထိုငါသည်။ တမေဝ၊ ထိုရုပ်တို့၏ အ သာဒ,အာဒီနဝကိုသာလျှင်။ အနုဝိစိန္တယန္တော၊အဘန်ဘန် တစေ့စေ့ကြံ လျက်။သယနဿ၊အိပ်ရာ၏။ မဇ္ဈေ၊အလယ်၌။ ဧကော၊တယောက်ထည်း။ ပဿာမိ၊ရှု၏။အဟမ္ပိ၊ငါသည်လည်း။ဧဝံတထာ၊ထို့အတူ။ ဘဝိဿာမိ၊ ဖြစ်အံ့။ဣတိ၊ဤသို့။ ပေက္ခမာနော၊ရှုလျက်။ ဂေဟေ၊အိမ်၌။နရမေ၊မမွေ့ လျော်။ဖြဟ္မစရိယဿ၊မြတ်သောအကျင့်ကိုကျင့်ခြင်း၏။ကာလော၊အခါ တည်း။ ။ဂေဟေ၊အိမ်၌။ဝသတော၊နေသောသူ၏။ယာရတိ၊အကြင်မွေ့ လျော်ခြင်းသည်။အတ္ထိ၊ရှိ၏။ သော၊ဤသို့မွေ့လျော်ခြင်းသည်။အဲလမ္ဗနီ၊ ဆွဲလှမ်းရာဖြစ်သော။ရဇ္ဇုဝ၊ကြိုးကဲ့သို့။ဟောတိ၊ဖြစ်၏။ ဓီရာ၊ပညာရှိတို့ သည်။ ဧတမ္ပိ၊ဤကာမ၌မွေ့လျော်ခြင်းကိုလည်း။ ဆေတွာန၊ဖြတ်၍။ကာ

မသုခံ၊ကာမချမ်းသာကို။ ပဟာယ၊ပယ်၍။ အနပေက္ခိနော၊ငဲ့ကွက်ခြင်း မရှိကုန်သည်ဖြစ်၍။ဝဇန္တိ၊သွားကုန်၏။ ။(စကာရောနိပါတမတ္တော။ ။ သာမဂ္ဂေပဿန္တိ သဗ္ဗတ္ထမဂ္ဂေပဿ။ အယမေဝ ဂါထာ ဒွေ။သဗ္ဗသတ္တေသု မဂ္ဂ ဆဗ္ဗိဝဏ္ဏန္တိ အတ္ထော။ ။အဂ္ဂကထာ ဘွင့်ရကား သဗ္ဗကိုသာပြု သည်။ပလောဘာယန္တိ ဝနရေသုဂန္တ္တိကား။ ။ဝဒန္တိ ဝံသဂ္ဂမိဒံဇတာ ဇရာ။ ။ဟူသောဆန်းသုတ်နှင့်လည်းတော်၏။အနက်လည်းလျော်၏။ ။ မတံဝေနန္တိနိဂ္ဂဟိတ်ကျေ)။ ။သုသိမဇာတကံ ဆဋ္ဌံ။၄၁၁။

---

## ၄၁၂-ကောသိယမ္ဗလိဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ် စွာဘုရားသည်၊ အဟံဒသသတံဗျာမံ,အစရှိသောဂါထာပုဒ်ဖြင့် တန်း ဆာဆင်အပ်သော ဤကောသိယမ္ဗလိဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ ကိလေသာကို နှိပ်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ။

ဂဋ္ဌုန်မင်းသည်တုန်လှုပ်သောနတ်ကိုမြင်၍အကြောင်းကိုမေးလိုရကား။

(၁၁၁၀) အဟံ ဒသ-သတံ ဗျာမံ၊ဥရဂမာဒါယ အာဂတော။
တဥ္စ မဥ္စ မဟာ-ကာယံ၊ဓာရေယံ န ပဝေဓယိ။ ။

(၁၁၁၁) အထိမံ ခုဒ္ဒကံ ပက္ခိံ၊အပ္ပ-မံသတရံ မယာ။
ဓာရယံ ဗျာဓသိ ဘီတာ၊ကိမတ္ထံ ကောသိယမ္ဗလိ။ ။

ဟူသောဤနှစ်ဂါထာတို့ကိုဆို၏။ ။

(၁၁၁၀-၁၁၁၂) ကောသိယမ္ဗလိ၊ ကြီးစွာသော လက်ပံပင်ကိုစောင့် သောနတ်။အဟံ၊ငါသည်။ဒသသတံဗျာမံ၊အလံတထောင်ရှိသော။ ဥရဂံ၊ နဂါးကို။အာဒါယ၊သုတ်ယူခဲ့၍။အာဂတော၊လာ၏။မဟာကာယံ၊ကြီးစွာ သောကိုယ်ရှိသော။ တဥ္စ၊ထိုနဂါးကိုရင်း။ ဓာရယံ၊နဂါးကြီးကိုဆောင် ခဲ့သော။ မမဥ္စ၊ငါ့ကိုရင်း။ဒိသွာ၊မြင်၍။တွံ၊သင်သည်။ နပဝေဓယိ၊မတုန် လှုပ်။ ။အထ၊ထိုသို့ဖြစ်လျက်။မယာ၊ငါသည်။ဓာရယံ၊ဆောင်ခဲ့သော။ အပ္ပမံသတရံ၊ငါတို့အောံအလွန်နည်းသော အသားရှိသောဏမံခုဒ္ဒ။ ကံ ပက္ခိံ၊ဤငှက်မငယ်ကို။ဒိသွါ၊မြင်၍။ကိမတ္ထံ၊အဘယ်အကျိုးကို။သမ္ပဿ မာန၁ဝ၊မြင်၍လျှင်။ဘီတာ၊ကြောက်လျက်။ဗျာဓသိ၊တုန်လှုပ်သနည်း။

ထိုအခါထိုဂဋ္ဌုန်အားအကြောင်းကိုဆိုလိုသောရုက္ခစိုးနတ်သည်။ ။

(၁၁၁၂) မံသ-ဘက္ခော တုဝံ ရာဇ၊ ဖလ-ဘက္ခော အယံ ဒိဇော။
အယံ နိဂြောဓ-ဗီဇာနိ၊ ပိလက္ခုဒုမ္ဗရာနိစ။
အဿတ္ထာနိစ ဘက္ခိတွာ၊ ခန္ဓေ မေ ဩဟဒိဿတိ။ ။

(၁၁၁၃) တေ ရုက္ခာ သံဝိရူဟန္တိ၊ မမ ပဿေ နိဝါတဇာ။
တေ ပရိယောနန္ဓိဿန္တိ၊ အ-ရုက္ခံ မံ ကရိဿရေ။ ။

(၁၁၁၄) သန္တိ အညေပိ ရုက္ခာသေ၊ မူလိနော ခန္ဓိနော ဒုမာ။
ဣမိနာ သကုဏ-ဇာတေန၊ ဗီဇမာဟရိတွာ ဟတာ။ ။

(၁၁၁၅) အဇ္ဈာရူဟာဘိဝဍ္ဎန္တိ၊ ဗြဟန္တမ္ပိ ဝနပ္ပတိံ။
တသ္မာ ရာဇ ပဝေဓာမိ၊ သမ္ပဿံ နာဂတံ ဘယံ။ ။

ဟူသော ၄ ဂါထာတို့ကိုဆို၏။ ။

(၁၁၁၂-၁၁၁၅) ရာဇ၊ ဝင္ကန္နိမင်း။ တုဝံ၊ သင်သည်။ မံသဘက္ခော၊ အသားကိုစား၏။ အယံဒိဇော၊ ဤငှက်သည်။ ဖလဘက္ခော၊ သစ်သီးကိုစား၏။ အယံဒိဇော၊ ဤငှက်သည်။ နိဂြောဓဗီဇာနိ၊ ပညောင်စေ့တို့ကိုရင်း။ ပိလက္ခုဒုမ္ဗရာနိစ၊ ညောင်ကြတ်စေ့ရေသဖန်းစေ့တို့ကိုရင်း။ အဿတ္ထာနိစ၊ ညောင်ဗုဒ္ဓဟောစေ့တို့ကိုရင်း။ ဘက္ခိတွာ၊ စား၍။ မေ၊ ငါ၏။ ခန္ဓေ၊ ပင်စည်၌။ ဩဟဒိဿတိ၊ ကျင်ကြီးစွန့်လတ္တံ့။ ။မမ၊ ငါ၏။ ပဿေ၊ ခက်သေးခက်မကြား၌။ နိဝါတဇာ၊ လေတိတ်ရာအရပ်၌ရောက်ကုန်သော။ တေ ရုက္ခာ၊ ထိုထိုမျိုးစေ့မှရောက်ကုန်သောပညောင်ပင်စသောသစ်ပင်တို့သည်။ သံဝိရူဟန္တိ၊ ကြီးပွါးကုန်လတ္တံ့။ တေရုက္ခာ၊ ဤသို့ငါ့သစ်ပင်ပေါ်၌ကြီးပွါးကုန်သောထိုပညောင်ပင်စသောသစ်ပင်တို့သည်။ မံ၊ ငါ့ကို။ ပရိယောနန္ဓိဿန္တိ၊ မြှေးယှက်ရစ်ပတ်ကုန်လတ္တံ့။ ဧဝံ၊ ဤသို့။ ပရိယောနန္ဓိတွာ၊ မြှေးယှက်ရစ်ပတ်၍။ မံ၊ ငါ့ကို။ အရုက္ခံ၊ နေရာသစ်ပင်မရှိသည်ကို။ ကရိဿရေ၊ ပြုကုန်ရာ၏။ ။ဣမိနာသကုဏဇာတေန၊ ဤငှက်မှဖြစ်သောပညောင်ပင်အစရှိသောသစ်ပင်သည်။ ဝါ၊ ဤငှက်မျိုးသည်။ ဗီဇံ၊ မျိုးစေ့ကို။ အာဟရိတွာ အာဟရိတွာ၊ ဆောင်၍။ ဟတာ၊ ဖျက်ဆီးအပ်ကုန်သော။ အညေပိ၊ တပါးလည်းဖြစ်ကုန်သော။ မူလိနော၊ အမြစ်နှင့်ပြည့်စုံကုန်သော။ ခန္ဓိနော၊ ပင်စည်နှင့်ပြည့်စုံကုန်သော။ ဒုမာ၊ မြေ၌ရောက်ကုန်သော။ ရုက္ခာသေ ရုက္ခာ၊ သစ်ပင်တို့သည်။ သန္တိ၊ ရှိကုန်၏။ ။အဇ္ဈာရူဟာ၊ အခက်အခွ၌ရောက်ကုန်သော ပညောင်ပင်အစရှိသော သစ်ပင်တို့သည်။ ဗြဟန္တံ၊ ကြီးစွာသော။ ဝနပ္ပတိမ္ပိ၊ တောပိုးသစ်ပင်ကြီးကိုလည်း။ အဘိဝဍ္ဎန္တိ၊

လွှမ်းမိုး၍ ကြီးပွါးကုန်၏။ရာဇ၊ ဝဋ္ဋုန်မင်း။ အဟံ၊ငါသည်။ အနာဂတံ၊ လာလတ္တံ့သော။ဘယံ၊ဘေးကို။ သမ္ပဿံ၊ အသင့်မြင်သည်ဖြစ်၍။ပဝေ ဓမိ၊တုန်လှုပ်၏။ ။

ရုက္ခမိုးနတ်စကားကိုကြား၍ဝဋ္ဋုန်မင်းသည်။ ။

(၁၁၁၆) သင်္ကေယျ သက်ိတဗ္ဗာနိ၊ရက္ခေယျာနာဂတံ ဘယံ။

အနာဂတ-ဘယာ ဓီရော၊ဥဘော လောကေ အပေက္ခတိ။ ။

ဟူသောဤဩသာနဂါထာကိုဆို၏။ ။

(၁၁၁၆) ရုက္ခဒေဝတေ၊ သစ်ပင်စောင့်တတ်သော နတ်မင်း။ သက်ိ တဗ္ဗာနိ၊ ရွံရှာအပ်သည်တို့ကို။ သင်္ကေယျ၊ ရွံရှာသင့်၏။ အနာဂတံ၊လာ လတ္တံ့သော။ ဘယံ၊ မျက်မှောက်၌ဖြစ်သောဘေး,တမလွန်၌ ဖြစ်သော ဘေးကို။ ရက္ခေယျ၊ ပါဏာတိပါတစသော ဒုစရိုက်ကိုကြဉ်၍ရှင်း ပါပ မိတ္တဝေရီပုဂ္ဂလကိုမဆည်းကပ်မူ၍ရှင်းစောင့်ရှောက်ရာ၏။ ။(ပါဏာ တိပါတစသောဒုစရိုက်ကိုကျင့်သောသူပါပမိတ္တကိုရှင်း ဝေရီပုဂ္ဂလကို ရှင်းဆည်းကပ်မှီဝဲသောသူသည်လာလတ္တံ့သောဘေးကိုစောင့်ရှောက် သည်မမည်။ ထိုမှကြဉ်သောသူသည်လာလတ္တံ့သော ဘေးကို စောင့် ရှောက်သည်မည်၏ဟူလိုသည်)။ ။အနာဂတဘယာ၊လာလတ္တံ့သော ဘေးဟူသော အကြောင်းကြောင့်။ ဝါ၊အနာဂတဘယာ အနာဂတဘ ယံ၊လာလတ္တံ့သောဘေးကို။ပဿန္တော၊ရှုသော။ ဓီရော၊ဓိက္ကာယပါပေါ၊ မကောင်းမှုကို ထွီထွီပြု၍ စက်ဆုပ်သောသူသည်။ ဝါ၊ စက်ဆုပ်အပ် သောမကောင်းမှုရှိသောသူသည်။ ဥဘောလောကေ၊ပစ္စုပ္ပန်,တမလွန် လောကနှစ်ပါးတို့ကို။အပေက္ခတိ၊ရှုကြည့်သည်မည်၏။ ။(ဗိဇမာဟရိ တာတိ ဗိဇံအာဟရိတွာ,အဋ္ဌကထာဘွင့်ရကား။ ဆန်းအလို့ငှါတွာကို တာပြုသည်ယူ။ တပစ္စည်း သက်သက်ကား တွာပစ္စည်း အနက်ကိုမ ဟော)။ ။ကောဋသိမ္ဗလိဇာတကံ သတ္တမံ။၄၁၂။

၄၁၃-ဓူမကာရိဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ် စွာဘုရားသည်၊ ရာဇာအပုစ္ဆိပိဂ္ဂုရ်, အစရှိသော ဂါထာပုဒ်ဖြင့် တန်း ဆာဆင်အပ်သော ဤဓူမကာရိဇာတ်ကို၊ဇေတဝန်ကျောင်းဟော်၌ သိ

တင်းသုံးနေတော်မူစဉ်၊ကောသလမင်း၏အာဂန္တုကတို့အား သင်္ဂြိုဟ်ခြင်းကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ထိုကောရဗျမင်းသည် တနေ့သ၌ငါသည်သာလျှင် အာဂန္တုကတို့အား သင်္ဂြိုဟ်ခြင်းကိုပြု၍ ရှုံးသလော။ ထိုသို့မဟုတ်မူကား ရှုံးဘူးကုန်သောတပါးကုန်သောမင်းတို့သည်ဤသို့ရှိကုန်သလောဟုဝိဓုရပညာရှိကို မေးအံ့ဟုကြံ၍၊ မင်းအား ခစားအံ့သောငှါလာ၍နေသော ထိုဝိဓုရပညာရှိကို ထိုအကြောင်းကိုမေး၏။ထိုအခါ၌ ထိုကောရဗျမင်း၏မေးသောအခြင်းအရာကိုထင်စွာပြုလိုသောသဗ္ဗညုမြတ်စွာဘုရားသည်။

(၁၁၁၇) ရာဇာ အပုစ္ဆိ ဝိဓုရံ၊ ဓမ္မကာမော ယုဓိဋ္ဌိလော။

ဟူသော ဂါထာဝက်ကိုဟော၏။ ။

အပိ ဗြာဟ္မဏ ဇာနာသိ၊ ကော ဧကော ဗဟု သောစတိ။ ။

ဟူသောနောက်ဂါထာဝက်ကား၊ကောရဗျမင်းမေးသောစကားတည်း။ ။

(၁၁၁၇) ဓမ္မကာမော၊သုစရိုက်တရားကို အလိုရှိသော။ ယုဓိဋ္ဌိလော၊ ယုဓိဋ္ဌိလအမည်ရှိသော။ရာဇာ၊ကောရဗျမင်းသည်။ဝိဓုရံ၊ဝိဓုရ ပညာရှိကို။အပုစ္ဆိ၊မေးလတ်သတည်း။ကိံ အပုစ္ဆိ၊အသို့မေးသနည်းဟူမူကား။ ဗြာဟ္မဏ၊ ဆရာပုဏ္ဏား။ ဧကော၊တယောက်သော။ ကော၊အဘယ်သူသည်။ ဗဟု၊များစွာ။သောစတိ၊စိုးရိမ်သနည်း။ တွံ၊ဆရာသည်။ ဇာနာသိ၊သိ၏လော။ဣတိ၊ ဤသို့။အပုစ္ဆိ၊မေး၏။ ။

ထိုစကားကိုကြား၍ဘုရားလောင်းသည်၊ မြတ်သောမင်းကြီး၊ သင်မင်းကြီးတို့၏ စိုးရိမ်ခြင်းသည် အဘယ်စိုးရိမ်ခြင်းမည်သနည်း။ ရှေး၌ ရုမကာရီအမည်ရှိသော ဆိတ်ထိန်းပုဏ္ဏားသည် များစွာသော ဆိတ်အပေါင်းကိုယူ၍ တော၌ခြံကိုပြု၏။ ထိုခြံ၌ဆိတ်တို့ကိုထား၍ မီးကိုရှင်းအခိုးကိုရှင်းပြု၍ ဆိတ်အပေါင်းကိုကျောင်း၍ နို့ရည်အစရှိသည်တို့ကိုသုံးဆောင်လျက်နေ၏။ ထို ရုမကာရီပုဏ္ဏားသည် ထိုအရပ်သို့လာကုန်သော ရွှေအဆင်းနှင့်တူသော အဆင်းရှိကုန်သော သရဘ မည်ကုန်သော သားတို့ကိုမြင်၍ ထိုသားတို့၌ ချစ်ခြင်းကိုပြု၍ ဆိတ်တို့ကို မရေတွက်မူ၍ ဆိတ်တို့အား ချီးမြှောက်ခြင်းကို သရဘမည်သော သားတို့အားပြု၍၊ တန်ဆောင်မုန်းလ အခါ၌ သရဘမည်သော သားတို့သည် ပြေးကုန်၍ဟိမဝန္တာသို့သွားကုန်လတ်သော်၊ဆိတ်တို့သည်လည်း ပျက်စီးကုန်လတ်သော်သရဘမည်သောသားတို့ကိုမမြင်သည်ဖြစ်၍ စိုးရိမ်

သဖြင့် ဖြော့တော့သောအနာရှိသည်ဖြစ်၍ အသက်ကုန်ခြင်းသို့ရောက်၏။ ဤရုမကာရိပုဏ္ဏားသည် အာဂန္တုကတို့အား သဂြိုဟ်ခြင်းကိုပြု၍ သင်တို့ထက်အဆတရာဖြင့်ရင်း အဆအထောင်ဖြင့်ရင်း ဖိုးရိမ်ပင်ပန်း၍ပျက်စီးခြင်းသို့ရောက်၏ဟု-ဥဒါန်းကိုဆောင်၍ပြလိုရကား။ ။

(၁၁၁၇) ဖြာဟ္မဏော အစ-ယူထေန၊ဗဟု-တေဇော ဝနေ ဝသံ။
ရုမံ အကာသိ ဝါသိဋ္ဌော၊ရတ္တိန္ဒိဝမတန္ဒိတော။ ။

(၁၁၁၈) တဿ တံ ရုမ-ဂန္ဓေန၊သရဘာ မကသန္တိဝါတာ။
ဝဿာဝါသံ ဥပဂစ္ဆုံ၊ရုမကာရိဿ သန္တိကေ။ ။

(၁၁၂၀) သရဘေ သုမနံ ကတွာ၊အဇာ သော နာဝဗုဇ္ဈထ။
အာဂန္တူနံ ဝဇန္တိ ဝါ၊တဿ တာ ဗိနသုံ အဇာ။ ။

(၁၁၂၁) သရဘာ သရဒေ ကာလေ၊ပဟိန-မကသေ ဝနေ။
ပါဝိသုံ ဂိရိဒုဂ္ဂါနံ၊နဒီနံ ပဘာဝါနိစ။ ။

(၁၁၂၂) သရဘေစ ဂတေ ဒိသွာ၊အဇေစ ဝိဘဝံ ဂတေ။
ကိသောစ ဝိဝဏ္ဏောစာသိ၊ပဏ္ဍု-ရောဂီစ ဖြာဟ္မဏော။ ။

(၁၁၂၃) ဧဝံ ယော သန္တိ ကတွာ၊အာဂန္တုံ ကုရုတေ ပိယံ။
သော ဧကော ဗဟု သောစတိ၊ရုမကာရိဝ ဖြာဟ္မဏော်။ ။

ဟူသော၍ ဂါထာတို့ကိုဆို၏။ ။

(၁၁၁၇-၁၁၂၃) မဟာရာဇ၊ မြတ်သောမင်းကြီး၊ဝါသိဋ္ဌော၊ဝါသိဋ္ဌ အနွယ်ဖြစ်သော။ ဖြာဟ္မဏော၊ရုမကာရိပုဏ္ဏားသည်၊ အဇယူထေန၊ ဆိတ်အပေါင်းနှင့်။သဒ္ဓိံ၊တကွ။ ဗဟုတေဇော၊များစွာသောမီးစာရှိသည် ဖြစ်၍။ဝနေ၊တော၌။ ဝသံ၊နေလျက်။ရတ္တိံ ဒိဝံ၊ညဉ့်နေ့ပတ်လုံး။ အတန္ဒိတော၊ မပျင်းမရိသည်ဖြစ်၍။ မက္ခိကပရိဟာရဏတ္ထာယ၊မှက်ခြင်ယင်ရဲ ကိုပယ်ရှားသွင့်ပျောက်ခြင်းအကျိုးငှါ။ရုမံ၊မီးအရုကို။အကာသိ၊ပြု၏။ ။ တဿ၊ထိုရုမကာရိပုဏ္ဏား၏။ တံတေနရုမဂန္ဓေန၊ထိုအခိုးအနံ့ကြောင့်။ မကသန္တိဝါတာ၊မှက်ခြင်ယင်ရဲတို့သည်ကိုက်ခဲနှိပ်စက်အပ်ကုန်သည်ဖြစ်၍။ သရဘာ၊ရွှေအဆင်းနှင့်တူသောအဆင်းရှိသော သရဘမည်သော သားတို့သည်၊ ရုမကာရိဿ၊ ရုမကာရိပုဏ္ဏား၏။ သန္တိကေ၊ အထံ၌။ ဝဿာဝါသံ၊မိုးကာလပတ်လုံးနေခြင်းသို့။ဥပဂစ္ဆုံ၊ကပ်ကုန်၏။ ။ သော၊ထိုရုမကာရိပုဏ္ဏားသည်။သရဘေသု၊သရဘမည်သောသားတို့ ၌၊ မနံ၊ချစ်ခြင်းကို။ကတွာ၊ပြု၍။ အာဂန္တူနံ ဝါ၊တောမှကျက်ပား၍လာ

သည်ကိုရင်း။ ဝဇန္တိ°ဝါ၊ တောသို့ ကျက်စားသွားသည်ကိုရင်း။ ဧတ္တ
ကား၊ဤမျှကုန်သော။ အဇာ၊ဆိတ်တို့သည်။ အာဂတာ၊လာကုန်၏။ ဧတ္တ
ကာစ၊ဤမျှကုန်သော။အဇာ၊ဆိတ်တို့သည်။ အနာဂတာ၊မလာကုန်။ဇာတိ၊
ဤသို့။နာဝဗုဇ္ဈထ၊နှလုံးမသွင်းအလျှင်းမသိ။တသ၊ထိုရှမကာရိပုဏ္ဏား
၏။ဇေ်ံအပ္ပဝ္ဝေကွိတာ၊ဤသို့မကြည့်မရှုမသိမ်းမဆည်းအပ်ကုန်သော။
တာ အဇာ၊ ထိုဆိတ်တို့သည်။ ဝိနသုံ၊ ခြသေ့်,သစ်,ကျား ဘမ်းစားသ
ဖြင့်ပျက်ပြားသေပျောက်ကုန်၏။ ။သရဘာ၊သရဘမည်သော သား
တို့သည်၊သရဒေကာလေ၊တန်ဆောင်မုန်းလအခါ၌။ ဝနေ၊တောသည်။
ပဟိနမကာသေ၊မှက်ခြင်ယင်ရဲကင်းပျောလတ်သော်။ဂိရိဒုဂ္ဂါနဋ္ဌ၊တောင်
ဟူသောခဲယဉ်းသဖြင့်သွားအပ်သောအရပ်တို့၏ရင်း။ နဒိနဋ္ဌ၊တောင်မှ
စီးသောမြစ်တို့၏ရင်း။ပဘာဝါနိ၊အမွန်အဦးတို့သို့။ပါဝိ°သုံ၊ဝင်ကုန်၏။ ။
ဗြာဟ္မဏော၊ရှမကာရိပုဏ္ဏားသည်။ ဂတေ၊သွားကုန်သော။ သရဘေ
စ၊သရဘမည်သောသားတို့ကိုရင်း။ဝိဘဝံ၊ပျက်စီးခြင်းသို့။ ဂတေ၊ရောက်
ကုန်သော။အဇေစ၊ဆိတ်တို့ကိုရင်း။ ဒိသွာဇာနိတွာ၊သိ၍။ ဥဘတော ပ
ရိဟီနော၊သရဘသားဆိတ်နှစ်ပါးမှဆုတ်ယုတ်သည်ဖြစ်၍။ သောကာ
ဘိဘူတော၊ စိုးရိမ်ခြင်းနှိပ်စက်ရကား။ ကိသောစ၊ကြုံလှီသည်ရင်း။ ဝိ
ဝဏ္ဏော၊အဆင်းမလှသည်ရင်း။ ပဏ္ဍုရောဂီစ၊ဖြော့တော့သောရော
ဂါစွဲသည်ရင်း။ အသိ၊ဖြစ်၏။ ။မဟာရာဇ၊ မြတ်သောမင်းကြီး။ ဇေံ၊
ဤသို့။ ယော၊အကြင်သူသည်။ သံသကံအဏ္ဏုဏ္ဏိကဇန္နံ၊မိမိဥစ္စာဟောင်း
ဖြစ်သောအတွင်းသားကို။နိရံကတွာနိဟာရိတွာ၊ထုတ်၍။ ။တနည်း။ ။
နိရံ၊ ပုံမက်ခြင်းကင်းသည်ကို။ ကတွာ၊ ပြု၍။ အာဂန္တုံ၊ ဧည့်သည်အာ
ဂန္တုကို။ ပိယံ၊ ချစ်မြတ်နိုးအပ်သည်ကို၊ ကုရုတေ၊ ပြု၏။ သော၊ ထိုအ
ဟောင်းကိုပစ်၍ အသစ်ကို မြတ်နိုးသော သူသည်။ တော၊ ရှင်မင်းကြီး
အား။ ယထာ၊အကျွန်ုပ်သည်။ ဒသိတော၊ပြအပ်သော။ အယံရှမကာရိ
ဗြာဟ္မဏောဇာဝ၊ ဤရှမကာရိပုဏ္ဏားကဲ့သို့။ ဗဟုသောစတိ၊မဆည်းမ
တားနိုင်အကြိမ်ကြိမ်စိုးရိမ်ရ၏။ ။(ဝိနသုံအဇာ,လိုလျက်ဆန်းကြောင့်
သံယုဂ်ကိုချေ၍ဝိနသုံနေသည်)။ ။ရှမကာရိဇာတကံ အဋ္ဌမံ။၄၁၃။

## ၄၁၄-ဇာဂရဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သောသဗ္ဗညုမြတ်စွာဘုရားသည်၊ ကောဓဇာဂရတံသုတ္တော, အစရှိသော ဂါထာပုဒ်ဖြင့်တန်းဆာ ဆင်အပ်သော ဤဇာဂရဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ မထင်ရှားသောသီတင်းသည်ကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

လွန်လေပြီးသောအခါဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းမင်းပြုသည်ရှိသော်၊ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော်၊တက္ကသိုလ်ပြည်၌ခပ်သိမ်းသောအတတ်တို့ကိုသင်၍ တဖန်ပြန်၍အိမ်၏အလယ်၌နေလျက်နောက်အဘို့၌တောထွက်၍ ရသေ့ရဟန်းပြုလျက်၊မကြာမြင့်မီလျှင် ဈာန်အဘိညာဉ်တို့ကိုဖြစ်စေ၍ ဟိမဝန္တာ၌ ရပ်ခြင်း,လျှောင်းခြင်းဟူရိယာပုထ်နှင့်ယှဉ်သည်ဖြစ်၍နေလျက်မအိပ်မူ၍အလုံးစုံသောညဉ့်ပတ်လုံးစင်္ကြံသွား၏။ထိုအခါ၌ ဘုရားလောင်း၏စင်္ကြံဦး၌ဖြစ်သော ရုက္ခစိုးနတ်သို့်းသည်နှစ်သက်၍ သစ်ပင်ခွ၌ရပ်၍ ပြဿနာကိုမေးလိုရကား။ ။

(၁၁၂၄) ကောဓ ဇာဂရတံ သုတ္တော၊ကောဓ သုတ္တေသု ဇာဂရော။
ကော မမေတံ ဝိဇာနာတိ၊ကော တံ ပဋိဘဏာတိ မေ။ ။

ဟူသော၍ပဌမဂါထာကိုဆို၏။ ။

(၁၁၂၄) တာပသ၊ရှင်ရသေ့။ဣဓ၊ဤလောက၌။ကော၊အဘယ်သူသည်။ ဇာဂရတံ၊ နိုးကုန်သောသူတို့၏။ အန္တရေ၊အတွင်း၌။ သုတ္တော၊ အိပ်သောသူမည်သနည်း။တာပသ၊ရှင်ရသေ့။ ဣဓ၊ဤလောက၌။ကော၊အဘယ်သူသည်။ သုတ္တေသု၊ အိပ်သောသူတို့၌။ ဇာဂရော၊ နိုးသောသူမည်သနည်း။ ကော၊အဘယ်သူသည်။ မမ၊ငါ၏။ ဧတံ၊ထိုပြဿနာကို။ ဝိဇာနာတိ၊သိသနည်း။ကော၊အဘယ်သူသည်။မေ၊ငါ၏။ဧတံ၊ထိုပြဿနာကို။ပဋိဘဏာတိ၊ဖြေခြင်းငှါစွမ်းနိုင်အံ့သနည်း။ ။

ဘုရားလောင်းသည်ရုက္ခစိုးနတ်သို့်း၏စကားကိုကြား၍။ ။

(၁၁၂၅) အဟံ ဇာဂရတံ သုတ္တော၊အဟံ သုတ္တေသု ဇာဂရော။
အဟမေတံ ဝိဇာနာမိ၊အဟံ ပဋိဘဏာမိ တေ။ ။

ဟူသော၍ဒုတိယဂါထာကိုဆို၏။ ။

(၁၁၂၅) ဒေဝဓိတော၊ရက္ခပိုးနတ်သို့။အဟံ၊ငါသည်။ဇာဂရတံ၊နိုးကုန်သောရဟန္တာကြီးတို့၏။ အန္တရေ၊အတွင်း၌။ သုတ္တော၊အိပ်သောသူမည်၏။အဟံ၊ငါသည်။သုတ္တေသု၊အိပ်သောသူတို့၌။ ဇာဂရော၊နိုးသောသူမည်၏။ အဟံ၊ငါသည်။တေ၊ထိုပြဿနာကို။ ဝိဇာနာမိ၊သိ၏။ အဟံ၊ငါသည်။ တေ၊ သင်၏။ ပဉှ၊ပြဿနာကို။ ပဋိဘာဏာမိ၊ ဖြေခြင်းငှါစွမ်းနိုင်၏။ ။

ဤဂါထာကိုဆိုသည့်ရှိသော်နတ်သို့းသည်တဘန်မေးပြန်လို၍။ ။

(၁၁၂၆) ကထံ ဇာဂရတံ သုတ္တော၊ကထံ သုတ္တေသု ဇာဂရော။
ကထံ ဧတံ ဝိဇာနာသိ၊ကထံ ပဋိဘာဏာသိ မေ။ ။

ဟူသောဤတတိယဂါထာကိုဆို၏။ ။

(၁၁၂၆) တာပသ၊ရှင်ရသေ့။တွံ၊သင်သည်။ ဇာဂရတံ၊နိုးကုန်သောသူတို့၏။ အန္တရေ၊အတွင်း၌။ ကထံ၊အသို့။ သုတ္တော၊အိပ်သောသူမည်သနည်း။ကထံ၊အသို့လျှင်။သုတ္တေသု၊အိပ်သောသူတို့၌။ ဇာဂရော၊နိုးသောသူမည်သနည်း။တာပသ၊ရှင်ရသေ့။ တွံ၊သင်သည်။ ကထံ၊အသို့။မေ၊ငါ၏။ဧတံ၊ထိုပြဿနာကို။ ဝိဇာနာသိ၊သိသနည်း။ ကထံ၊အသို့။မေ၊ငါ၏။ ပဉှ၊ပြဿနာကို။ပဋိဘာဏာသိ၊ဖြေခြင်းငှါစွမ်းနိုင်သနည်း။ ။

ဘုရားလောင်းသည်ထိုအနက်ကိုဖြေလိုသည်ဖြစ်၍။ ။

(၁၁၂၇) ယေ ဓမ္မံ နပ္ပဇာနန္တိ၊သံယမောတိ ဒမောတိစ။
တေသု သုတ္တေပမာဒေသု၊အဟံ ဇဂ္ဂါမိ ဒေဝတေ။ ။

(၁၁၂၈) ယေသံ ရာဂေါစ ဒေါသောစ၊အဝိဇ္ဇာစ ဝိရာဇိတာ။
တေသု ဇာဂရမာနေသု၊အဟံ သုတ္တောသ္မိ ဒေဝတေ။ ။

(၁၁၂၉) ဧဝံ ဇာဂရတံ သုတ္တော၊ဧဝံ သုတ္တေသု ဇာဂရော။
ဧဝမေတံ ဝိဇာနာမိ၊ဧဝံ ပဋိဘာဏာမိ တေ။ ။

ဟူသောဤသုံးဂါထာတို့ကိုဆို၏။ ။

(၁၁၂၇-၁၁၂၉) ဒေဝတေ၊နတ်သို့း။ ယေ၊အကြင်သူတို့သည်။ သံယမောတိစ၊မင်္ဂဖြင့်လါသောသီလဟူ၍၎င်း။ဒမောတိစ၊ဣန္ဒြိယသံဝရသီလဟူ၍၎င်း။ဓမ္မံ၊ကိုးပါးသောလောကုတ္တရာတရားကို။နပ္ပဇာနန္တိ၊မသိကုန်။ သုတ္တေပမာဒေသု၊အိပ်ပျော်ခြင်း၏အစွမ်းဖြင့်မေ့လျော့ကုန်သော။တေသု၊ထိုသူတို့၌။အဟံ၊ငါသည်။ဇဂ္ဂါမိ၊နိုး၏။ ။ဒေဝတေ၊နတ်သို့း။ယေသံ၊အကြင်ရဟန္တာတို့အား။ ရာဂေါစ၊တပ်ခြင်းစွဲခြင်း တဏှာလောဘဟုဆိုအပ်

သောရာဂသည်ဝင်း။ဒေါသောစ၊ကိုးပါးသောအာဃာတဝတ္ထုလျှင်ဖြစ်ကြောင်းသမုဋ္ဌာန်ရှိသောဒေါသသည်ဝင်း။အဝိဇ္ဇာစ၊ဒုက္ခစသောရှစ်ပါးသောဝတ္ထုတို့၌မသိမမြင်သော၄မောဟဟူသောအဝိဇ္ဇာသည်ဝင်း။ ဝိရာဇိတာ၊ပျောက်ကင်းကုန်၏။ ဇာဂရမာနေသု၊နိုးကုန်သော။ တေသု၊ထိုရဟန္တာကြီးတို့ကို။ ဥပါဒါယ၊ထောက်၍။ အဟံ၊ငါသည်။ သုတ္တော၊အိပ်သောသူမည်သည်။အဘို့၊ဖြစ်၏။ ။ဝေ၊ဤသို့။ဇာဂရတံ၊နိုးကုန်သောရဟန္တာကြီးတို့၏။ အန္တရေ၊အတွင်း၌။အဟံ၊ငါသည်။ သုတ္တော၊အိပ်ပျော်သောသူမည်၏။ ဝေ၊ဤသို့။သုတ္တေသု၊အိပ်ပျော်သောသူတို့၌။ အဟံ၊ငါသည်။ဇာဂရော၊နိုးသောသူမည်၏။ဝေ၊ဤသို့။တေ၊ထိုပြဿနာကို။ ဝိဇာနာမိ၊သိ၏။ဝေ၊ဤသို့။အဟံ၊ငါသည်၊တေ၊သင်၏။ပဥှ၊ပြဿနာကို။ ပဋိဘာဏာမိ၊ဖြေခြင်းငှါစွမ်းနိုင်၏။ ။

ဤသို့ဘုရားလောင်းသည် ပြဿနာကိုဖြေသည်ရှိသော် ရက္ခစိုးနတ်သည်နှစ်သက်သည်ဖြစ်၍ဘုရားလောင်းအားချီးမွမ်းလိုရကား။ ။

(၁၁၃၀) သာဓု ဇာဂရတံ သုတ္တော၊သာဓု သုတ္တေသု ဇာဂရော။
သာဓု မေတံ ဝိဇာနာသိ၊သာဓု ပဋိဘာဏာသိ မေ။ ။

ဟူသောဤဩသာနဂါထာကိုဆို၏။ ။

(၁၁၃၀) တာပသ၊ရှင်ရသေ့။ သာဓု၊ဤပြဿနာကိုရှင်ရသေ့ဖြေသည်ကောင်းပေစွ။ တွံ၊သင်သည်။ ဇာဂရတံ၊နိုးကုန်သောရဟန္တာကြီးတို့၏။ အန္တရေ၊အတွင်း၌။ သုတ္တော၊အိပ်ပျော်၏။ တာပသ၊ ရှင်ရသေ့။ သာဓု၊ပြဿနာကိုရှင်ရသေ့ဖြေသည်ကောင်းပေစွ။ တွံ၊သင်သည်။ သုတ္တေသု၊အိပ်ပျော်ကုန်သောသူတို့၌။ဇာဂရော၊နိုးသည်မည်၏။တာပသ၊ရှင်ရသေ့။ သာဓု၊ပြဿနာကိုရှင်ရသေ့ဖြေသည်ကောင်းပေစွ။ တွံ၊သင်သည်။ မေ၊ငါ၏။ ဧတံ၊ထိုပြဿနာကို။ဝိဇာနာသိ၊သိ၏။ တာပသ၊ရှင်ရသေ့။သာဓု၊ပြဿနာကိုရှင်ရသေ့ဖြေသည်ကောင်းပေစွ။တွံ၊သင်သည်၊မေ၊ငါ၏။ပဥှ၊ပြဿနာကို။ပဋိဘာဏာသိ၊ဖြေခြင်းငှါစွမ်းနိုင်၏။ ။(ဒုက္ခ,သမုဒယ,နိရောဓ,မဂ္ဂ,ပုဗ္ဗန္တ,အပရန္တ,ဣဒပ္ပစ္စယတာ,ပဋိစ္စသမုပ္ပန္နဓမ္မ,တို့ကိုအဋ္ဌဝတ္ထုယူ)။ ။ဇာဂရဇာတကံ နဝမံ။၄၁၄။

## ၄၁၅-ကုမ္မာသဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် နကိရတ္ထိ,အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော၍ကုမ္မာသဇါတ်ကိုဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်၊မလ္လိကာမိဘုရားကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ဖြဟ္မဒတ်မင်းသည်မိမိ၏ရှေးကောင်းမှုကံကိုအောက်မေ့၍ ရွှေအချက်ရှိသောရွှေပန်းရှိသော၍ထီးဖြူသည်၎င်း အထောင်မကတန်သော၍ဆင်ယာဉ်,မြင်းယာဉ်,ရထားယာဉ်,တို့သည်၎င်း ပတ္တမြားပုလဲအစရှိသည်တို့ဖြင့်ပြည့်ကုန်သော တိုက်တို့သည်၎င်း အထူးထူးသောစပါးမျိုးဖြင့်ပြည့်သော မြေကြီးသည်၎င်း နတ်သမီးနှင့်တူကုန်သော မိန်းမတို့သည်၎င်း ဤသို့အလုံးစုံသော ငါ၏အသရေစည်းစိမ်သည် တပါးသောသူ၏ဥစ္စာမဟုတ်။ လေးဆူကုန်သောပစ္စေကဗုဒ္ဓါတို့အားလှူအပ်သော လေးဆုပ်သော မယောမုံ့အလှူ၏ဥစ္စာတည်း။ ထိုမယောမုံ့အလှူကို မှီ၍ ဤစည်းစိမ်ကိုရ၏ဟု၊ပစ္စေကဗုဒ္ဓါတို့၏ကျေးဇူးကိုအောက်မေ့၍ မိမိ၏ကုသိုလ်ကံကိုထင်သည်ကိုပြု၏။ ထိုကောင်းမှုကိုအောက်မေ့သောထိုဗြဟ္မဒတ်မင်း၏ကိုယ်အလုံးသည် ပီတိဖြင့်စွတ်သောနှလုံးရှိသည်ဖြစ်၍ လူအပေါင်း၏အလယ်၌ဝမ်းမြောက်သောသီချင်းကိုသီလိုသည်ဖြစ်၍။ ။

(၁၁၃၁) န ကိရတ္ထိ အနောမဒဿိသု၊ပါရိစရိယာ ဗုဒ္ဓေသု အပ္ပကာ။
သုက္ခာယ အ-လောဏိကါယ စ၊ပဿဖလံ ကုမ္မာသ-ပိဏ္ဍိယာ။

(၁၁၃၂) ဟတ္ထိဂဝဿာစိမေ ဗဟူ၊ဓန-ဓညံ ပထဝီ စ ကေဝလာ။
နာရိယောစိမာ အစ္ဆရူပမာ၊ပဿဖလံ ကုမ္မာသ-ပိဏ္ဍိယာ။ ။

ဟူသော၍ဂါထာတို့ကိုဆို၏။ ။

(၁၁၃၁-၁၁၃၂) အနောမဒဿိသု၊ မြတ်သောပစ္စေကဗောဓိဉာဏ်အမြင်ရှိကုန်သော။ ဗုဒ္ဓေသု၊ပစ္စေကဗုဒ္ဓါတို့၌။ ပါရိစရိယာ၊ရှိခိုးခြင်းခရီးဦးကြိုဆိုခြင်း၊လက်အုပ်ချီခြင်းအစရှိသည်အပြားရှိသောအရိုအသေပြုခြင်းတလုံးသောသစ်သီး တနပ်သောဆွမ်းကိုပေးလှူပူဇော်ခြင်းသည်။ အပ္ပကာ၊နည်းသောအကျိုးရှိသောမည်သည်။နတ္ထိကိရ၊မရှိသတတ်။ သုက္ခာယ၊အစေးမရှိသော။ အလောဏိကာယ၊ တင်လဲမခပ်သော။ ကုမ္မာသ

ပိဏ္ဍိယာ၊လေးရသောမယောမုံ့ဖိုင်၏။ဖလံ၊အကျိုးကို။ပဿ၊ရှုလော့။ ။ ကုမ္မာသပိဏ္ဍိယာ၊လေးရသောမယောမုံ့ဖိုင်၏။ ဗဟူ၊များစွာကုန်သော။ ဂွမေဟတ္ထိဂဝဿာစ၊ဤဆင်နွားမြင်းတို့ရင်း။ ဓနဓညဉ္စ၊ပတ္တမြားအစရှိသောဥစ္စာ,ခုနစ်ပါးသောစပါးမျိုးရင်း။ ကေဝလာ၊အလုံးစုံသော။ ပထဝီစ၊မြေကြီးရင်း။အစ္ဆရူပမာ၊နတ်သမီးနှင့်တူကုန်သော။ဣမာနာရိယောစ၊ဤမိန်းမတို့ရင်း။ ဣတိ၊ဤသို့။ဣဒံဖလံ၊ဤအကျိုးကို။ပဿ၊ရှုပါလော့။ ။

ဘုရားလောင်းသည်လည်းမိမိ၏ထိုမင်္ဂလာပြုသောနေ့၌ဖြစ်သော ဝီတိပါမောဇ္ဇရှိသည်ဖြစ်၍ ဤနှစ်ဂါထာတို့ဖြင့်ဥဒါန်းသီချင်းကိုဆို၏။ ထိုနေ့မှစ၍မင်းသည်ချစ်သောသီချင်းတည်းဟု၊ ထိုသီချင်းကိုသာလျှင်သီကုန်၏။ဤသို့ရှည်စွာသောကာလသည် ရောက်လတ်သော် မိဘုရားကြီးသည် ထိုဂါထာ၏အနက်သိလိုသည်ဖြစ်၏။ ဘုရားလောင်းကိုကားမေးအံ့သောငှါမဝံ့။ ထိုအခါထိုမိဘုရားအားတရသောကျေးဇူး၌ကြည်ညို၍ တနေ့သ၌မင်းသည်၊ရှင်မ၊သင့်အားငါသည်ဆုပေးအံ့၊ဆုကိုယူလော့ဟုဆို၏။မိဘုရားသည်၊ရှင်မင်းကြီး၊ကောင်းပြီ၊ယူအံ့ဟုဆို၏။သင့်အားဆင်မြင်းအစရှိသည်တို့တွင် အဘယ်ကိုပေးရအံ့နည်းဟုဆို၏။ ရှင်မင်းကြီး၊ ရှင်မင်းကြီးတို့ကိုမှီ၍အကျွန်ုပ်အားမပြည့်စုံခြင်းမဉ်သည်မရှိ။ အကျွန်ုပ်အား ထိုဆင်မြင်းအစရှိသည်တို့ဖြင့်အလိုမရှိ၊အကယ်၍ပေးလိုကုန်အံ့၊ သင်မင်းကြီးတို့သည် သီအပ်သော သီချင်း၏အနက်ကိုဆို၍ ပေးကုန်လော့ဟုဆို၏။ ရှင်မ၊ရှင်မအားဤဆုဖြင့်အဘယ်အကျိုးရှိအံ့နည်း၊တပါးသောဆုကိုယူလော့ဟုဆို၏။ ရှင်မင်းကြီး၊ အကျွန်ုပ်အား တပါးသောဆုဖြင့်အလိုမရှိ။ ထိုဆုကိုသာလျှင်ယူအံ့ဟုဆို၏။ရှင်မ၊ကောင်းပြီ၊ဆိုအံ့။ တယောက်ထည်းသောသင့်အား ဆိတ်ကွယ်ရာအရပ်၌ မဆိုအံ့။ တဆဲ့နှစ်ယူဇနာ ရှိသော ဗာရာဏသီမြို့၌ စည်လည်စေ၍ မင်းအိမ်တံခါး၌ ရတနာမဏ္ဍပ်ကိုပြုစေ၍ ပလ္လင်ကိုခင်းစေ၍ အမတ်ပုဏ္ဏားအစရှိကုန်သောမြို့သူတို့ဖြင့်ရင်း တသောင်းခြောက်ထောင်ကုန်သောမိန်းမတို့ဖြင့်ရင်းခြံရံလျက်ထိုသူတို့၏အလယ်၌နေ၍ဟောအံ့ဟုဆို၏။ အရှင်မင်းကြီး၊ ကောင်းပြီဟုဝန်ခံ၏။ မင်းသည်ထိုသို့ဆိုတိုင်းပြုစေ၍အမတ်အပေါင်းခြံရံသော်သိကြားနတ်မင်းကဲ့သို့များစွာသောလူအပေါင်းခြံရံလျက်ရတနာပလ္လင်၌နေ၏။ မိဘုရားသည်လည်းခပ်သိမ်းသောတန်းဆာဖြင့်တန်းဆာဆင်အပ်သည်ဖြစ်၍ ရွှေအင်းပျဉ်ကိုခင်းစေ၍တင့်အပ်သောအရပ်၌မျက်

စောင်းဖြင့်ကြည့်၍ ထိုသို့သဘောရှိသော အရပ်၌နေ၍ သင်မင်းကြီးတို့
သည်ရှစ်သက်၍၊ သိအပ်သော မင်္ဂလာသိချင်းအနက်ကို အကျွန်ုပ်အား
ရှေးဦးစွာကောင်းကင်ပြင်၌လပြည့်ဝန်းကိုထင်စေဘိသကဲ့သို့ ထင်သဉ်
ကိုပြု၍ဟောပါကုန်လော့ဟုဆိုလို၏။ ။

(၁၁၃၃) အဘိက္ကန္တံ ရာဇ-ကုဉ္ဇရ၊ ဂါထာ ဘာသသိ ကောသလာဓိပ။
ပုစ္ဆာမိ တံ ရဋ္ဌဝဍ္ဎန၊ ပဗာဠှံ ပီတိ-မနော ပဘာသသိ။ ။

ဟူသောဤတတိယဂါထာကိုဆို၏။ ။

(၁၁၃၃) ကောသလာဓိပ၊ ကောသိုလ်တိုင်းကို အကြီးအမှူးပြု၍ စံနေ
တော်မူတတ်သော။ ရဋ္ဌဝဍ္ဎန၊ တိုင်းနိုင်ငံကိုပွါးစေတတ်သော။ ရာဇကုဉ္ဇ
ရ၊ ဆင်မင်းမြတ်။ အဘိက္ကန္တံ၊ မပြတ်။ ဂါထာ၊ ဂါထာတို့ကို။ တွံ၊ သင်မင်းကြီး
သည်။ ဘာသသိ၊ ဆို၏။ ပဗာဠှပီတိမနော၊ အလွန်လျှင်ပီတိနှင့်ယှဉ်သော
စိတ်ရှိသည်ဖြစ်၍။ ပဘာသသိ၊ ဆို၏။ တံ၊ ထိုဂါထာ၏အနက်ကို။ ပုစ္ဆာမိ၊
မေးပါ၏။ တေသံဂါထာနံ၊ ထိုဂါထာတို့၏။ အတ္ထံ၊ အနက်ကို။ မေ၊ အကျွန်ုပ်
အား။ ကထေထ၊ ဟောတော်မူပါကုန်။ ။

ထိုအခါထိုမိဘုရားအားဂါထာတို့၏အနက်ကိုထင်စွာပြုလိုသော ဘု
ရားလောင်းသည်။ ။

(၁၁၃၄) ယမှိယေဝ နဂရေ၊ ကုလေ အညတရေ အဟုံ။
ပရ-ကမ္မ-ကရော အာသိံ၊ ဘတကော သီလ-သံဝုတော။ ။
(၁၁၃၅) ကမ္မာယ နိက္ခမန္တာဟံ၊ စတုရော သမဏေဒ္ဒသံ။
အာစာရ-သီလ-သမ္ပန္နေ၊ သီတိ-ဘူတေ အနာသဝေ။ ။
(၁၁၃၆) တေသု စိတ္တံ ပသာဒေတွာ၊ နိသီဒေတွာ ပဏ္ဏ-သန္ထတေ။
အဒံ ဗုဒ္ဓါနံ ကုမ္မာသံ၊ ပသန္နော သေဟိ ပါဏိဘိ။ ။
(၁၁၃၇) တဿ ကမ္မဿ ကုသလဿ၊ ဣဒံ မေ ဧဒိသံ ဖလံ။
အနုဘောမိ ဣဒံ ရဇ္ဇံ၊ ဖီတံ ဓရဏိမုတ္တမံ။ ။

ဟူသောဤ၄ဂါထာတို့ကိုဆို၏။ ။

(၁၁၃၄-၁၁၃၇) ဘန္တေ၊ ရှင်မ။ အဟံ၊ ငါသည်။ ယမှိယေဝနဂရေ၊ ဤ
ဗာရာဏသိမြို့၌သာလျှင်။ အညတရေ၊ မထင်ရှားသော။ ကုလေ၊ သူဆင်း
ရဲမျိုး၌။ အဟုံ၊ ဖြစ်ပြီ။ ပရကမ္မကရော၊ သူတပါးအလုပ်ကိုလုပ်သော၊ ဘတ
ကော၊ သူရင်းငှါးဖြစ်လျက်။ သီလသံဝုတော။ သီလကိုစောင့်သည်။ အာ
သိံ၊ ဖြစ်ပြီ။ ။ဘန္တေ၊ ရှင်မ။ အဟံ၊ ငါသည်။ ကမ္မာယ၊ အမှုလုပ်ခြင်းငှါ။

နိက္ခမနွေ၊ထွက်သည်ရှိသော်။အာစာရသီလသမ္ပန္နေ။မင်္ဂိုလ်တို့မှလာသောအကျင့်သီလနှင့်ပြည့်စုံကုန်သော။သိတိဘူတေ၊ငြိမ်းသည်ဖြစ်၍ဖြစ်ကုန်သော။အနာသဝေ၊ကာမာသဝအစရှိကုန်သော အာသဝေါမရှိကုန်သော။ စတုရော၊လေးဆူကုန်သော။ သမဏော၊ပစ္စေကဗုဒ္ဓါတို့ကို။ အဒ္ဒသံ၊မြင်၏။ ။ဘဒ္ဒေ၊ရှင်မ။အဟံ၊ငါသည်။တေသု၊ထိုလေးဆူကုန်သောပစ္စေကဗုဒ္ဓါတို့၌။စိတ္တံ၊စိတ်ကို။ပသာဒေတွာ၊ကြည်စေ၍။ပဏ္ဏသန္ထတေ၊သစ်ရွက်အခင်း၌။နိသီဒေတွာ၊နေစေ၍။ပသန္နော၊ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍။သကေဟိပါဏိဘိ၊မိမိလက်တို့ဖြင့်။ ဗုဒ္ဓါနံ၊ပစ္စေကဗုဒ္ဓါတို့အား။ကုမ္မာသံ၊ရယောမှုန့်ကို။အဒံအဒါသိ၊လှူဘူး၏။ ။ဘဒ္ဒေ၊ရှင်မ။မေ၊ငါ၏။ဣဒံသံ၊ဤသို့သဘောရှိသော။ဏ္ဏဒံဖလံ၊ဤအကျိုးသည်။ကုသလဿ၊ကုသိုလ်ဖြစ်သော။ တဿကမ္မဿ၊ထိုကံ၏။ဖလံ၊အကျိုးတည်း။ဖိတံ၊စည်းစိမ်ချမ်းသာတို့ဖြင့်ပွင့်လင်းသော။ဥတ္တမံ၊မြတ်သော။ ခရဏီ၊မြေကိုအစိုးရသော။ဏ္ဏဒံရဇ္ဇံ၊ဤမင်းအဖြစ်ကို။ အနုဘောမိ၊ခံစားရ၏။ ။

ဤသို့လည်းမိမိကောင်းမှုအကျိုးကိုချီ၍ဟောသောဘုရားလောင်း၏စကားကိုကြား၍ကြည်ညို၍၊ မိဘုရားသည်လည်း မြတ်သောမင်းကြီး၊ ဤသို့ပစ္စက္ခအားဖြင့် ဒါနအကျိုးကို သိကုန်၏။ ဤနေ့မှစ၍ တရသောထမင်းဆုပ်ကိုရ၍ တရားစောင့်သောရဟန်းပုဏ္ဏားတို့အားလှူ၍လျှင်သုံးဆောင်ကုန်ရာ၏-ဟုဘုရားလောင်းအားချီးမွမ်းခြင်းကိုပြုလိုရကား။ ။

(၁၁၃၈) ဒဒံ ဘုဉ္ဇမာစ ပမာဒေါ၊စက္ကံ ဝတ္တယ ကောသလာဓိပ။
မာ ရာဇ အဓမ္မိကော အဟု၊ဓမ္မံ ပါလယ ကောသလာဓိပ။
ဟူသောဤဂါထာကိုဆို၏။ ။

(၁၁၃၈) ကောသလာဓိပ၊ကုသိုလ်တရားကိုအကြီးအကဲပြု၍ စံနေတော်မူတတ်သော။ဝါ၊ကုသိုလ်ကိုအလိုတော်ရှိသော။ ရာဇ၊မင်းမြတ်။ ဒဒံဝ၊လှူ၍သာလျှင်။ ဘုဉ္ဇ၊စားလော့။ မာပမာဒေါ၊ဒါနစသည်တို့၌မမေ့မလျော့သင့်။ စက္ကံ၊ပတိရူပဒေသဝါသ, အစရှိသော စက်လေးပါးကို။ ဝတ္တယ၊လည်စေလော့။ကောသလာဓိပ၊ကုသိုလ်တရားကိုအကြီးအကဲပြု၍စံနေတော်မူတတ်သော။ဝါ၊ကုသိုလ်ကိုအလိုရှိတော်မူသော၊ ရာဇ၊မင်းမြတ်၊အဓမ္မိကော၊တရားမစောင့်သည်။မာအဟု၊ဖြစ်တော်မမူလင့်။ဓမ္မံ၊တရားကို။ပါလယ၊စောင့်တော်မူလော့။ ။

ဘုရားလောင်းသည်မိဘုရား၏စကားကိုဝန်ခံလိုသည်ဖြစ်၍။ ။

(၁၁၃၉) သောဟံ တဒေဝ ပုနပ္ပုနံ၊
ဝန္ဒိယံ အာစရိယာသာမိ သောဘဏော။
အရိယာ-စရိတံ သုကောသလေ၊
အရဟန္တော မေ မနာပါဝ ပဿိတုံ။ ။

ဟူသော ဤဂါထာကိုဆို၏။ ။

(၁၁၃၉) သောဘဏော၊တင့်တယ်သော။ သုကောသလေ၊ကောင်း
သောကောသလမင်း၏သို့ံးတော်ဖြစ်သောရှင်မ။ သောအဟံ၊ထိုငါသည်။
အရိယာရိစတံ၊ အရိယာတို့သည် လေ့ကျက်အပ်သော။ တဒေဝဝန္ဒိယံ၊
ထိုဒါနဟူသောလမ်းခရီးကိုလျှင်။ပုနပ္ပုနံ၊အဘန်တလဲလဲ။ အာစရိဿာ
မိ၊သွားအံ့။ အရဟန္တော၊ရဟန္တာတို့သည်။ မေ၊ငါ၏။ မနာပါဝ၊နှလုံးကို
ပွါးစေကုန်သလျှင်ကတည်း။တော၊ထိုရဟန္တာတို့ကို။ ပဿိတုံ၊ဖူးမြင်အံ့
သော၄ါ။ဇုန္တာမိ၊အလိုရှိ၏။ ။
ဤသို့လည်းဆို၍ မင်းသည်မိဘုရား၏စည်းစိမ်ကိုကြည့်၍၊ရှင်မ၊ငါ
သည် ဈေးဦးစွာဈေးဘဝ၌ မိမိ၏ကုသိုလ်ကံကိုချွ၍ဆိုအပ်ပြီ။ ဤမိန်းမ
တို့၏အလယ်၌ အဆင်းဖြင့်ရင်း, တင့်တယ်စမွယ်ခြင်းဖြင့်ရင်း သင်နှင့်
တူသောဟယောက်သောမိန်းမသည်လည်းမရှိ။ ထိုသင်သည်လည်းအ
ဘယ်ကောင်းမှုကိုပြု၍ဤစည်းစိမ်ကိုရသနည်းဟုမေးလိုရကား။ ။

(၁၁၄၀) ဒေဝိ ဝိယ အစ္ဆရူပမာ၊မဇ္ဈေ နာရိ-ဂဏာသ သောဘသိ။
ကိံ ကမ္မမကာသိ ဘဒ္ဒကံ၊
ကေနာသိ ဝဏ္ဏဝတီသုကောသလေ။ ။

ဟူသောဤဂါထာကိုဆို၏။ ။

(၁၁၄၀) သုကောသလေ၊ကောင်းသောကောသလမင်း၏သို့ံးတော်
ဖြစ်သောရှင်မ။ တွံ၊ ရှင်မသည်။ အစ္ဆရူပမာ၊ နတ်သို့ံးနှင့်တူ၏။ နာရိဂ
ဏာသ၊ မိန်းမအပေါင်း၏။ မဇ္ဈေ၊အလယ်၌။ ဒေဝိဝိယ၊ သိကြားမင်း၏
မိဘုရားကဲ့သို့။သောဘသိ၊တင့်တယ်၏။ဘဒ္ဒကံ၊ကောင်းမြတ်သော။ကိံ
ကမ္မံ၊ အဘယ်ကောင်းမှုကို။ အကာသိ၊ပြုဘူးသနည်း။ ကေန၊ အဘယ်
ကောင်းမှုကံကြောင့်။ ဝဏ္ဏဝတီ၊ ကောင်းသောအဆင်းရှိသည်။ အသိ၊
ဖြစ်သနည်း။ ။

ထိုအခါဘုရားလောင်းအား မိဘုရားသည် ရှေးဘဝ၌ပြုအပ်သော ကောင်းမှုကံကိုဆိုလိုသည်ဖြစ်၍။ ။

(၁၁၄၁) အမ္ဗဋ္ဌကုလဿ ခတ္တိယ၊ဒါသျာဟံ ပရ-ပေသိယာ အဟု။
သညတာစ ဓမ္မ-ဇီဝိနီ၊သီလဝတီစ အပါပ-ဒဿနာ။' ။

(၁၁၄၂) ဥဒ္ဓရိ-ဘတ္တံ အဟံ တဒါ၊ စရမာနဿ အဒါသိ ဘိက္ခုနော။
ဝိတ္တာ သုမနာ သယံ အဟံ၊တဿကမ္မဿ ဖလံမမေဒိသန္တိ။

ဟူသော၍နှစ်ဂါထာတို့ကိုဆို၏။ ။

(၁၁၄၁-၁၁၄၂) ခတ္တိယ၊မင်းမြတ်။ပုဗ္ဗေ၊ရှေး၌။ အဟံ၊အကျွန်ုပ်သည်။ အမ္ဗဋ္ဌကုလဿ၊ သူကြွယ်မျိုး၏။ ဒါသီ၊ ကျွန်မဖြစ်၍။ ပရပေသိယာ၊သူတပါးတို့၏ အစေအပါးဖြစ်လျက်။ သညတာစ၊ ကိုယ်နှုတ်နှလုံးကိုစောင့်ရှောက်သည်ဖြင့်။ ဓမ္မဇီဝိနီစ၊တရားနှင့်လျော်သောအသက်မွေးခြင်းရှိသည်ဖြင့်။သီလဝတီစ၊သီလနှင့်ပြည့်စုံသည်ဖြင့်။ အပါပဒဿနာစ၊မြတ်သောရုပ်ဆင်းရှိသည်ဖြင့်။ အဟု၊ဖြစ်၏။ ။ခတ္တိယ၊မင်းမြတ်။ တဒါ၊ထိုအခါ၌။ အဟံ၊အကျွန်ုပ်သည်။ စရမာနဿ၊ဆွမ်းခံသွားသော။ ဘိက္ခုနော၊ဖျက်ဆီးပြီးသောကိလေသာရှိသော ပစ္စေကဗုဒ္ဓါအား။ ဥဒ္ဓရိဘတ္တံ၊ ဝေ၍အဘို့ရအပ်သောထမင်းကို။ အဒါသိ၊လှူဘူး၏။အဟံ၊အကျွန်ုပ်သည်။သယံ၊ကိုယ်တိုင်။ ဝါ၊သယံအတွက်နော၊မိမိ၏။ ကမ္မဖလံ၊ကံ၏အကျိုးကို။ သန္ဒဟန္တိ၊ယုံကြည်သည်ဖြစ်၍။ (ထည့်)။ ဝိတ္တာ၊တုဋ္ဌာ၊နှစ်သက်၏။သုမနာ၊ဝမ်းမြောက်၏။ ။(ဤပါဠ်ဖြင့်ပရစေတနာသန်သည်ကိုပြသည်)။ ။မမ၊အကျွန်ုပ်၏။ဤဒိသံ၊ဤသို့သဘောရှိသော။ဖလံ၊အကျိုးသည်။ တဿကမ္မဿ၊ထိုတနပ်သောဆွမ်းကိုလှူရသောကောင်းမှုကံ၏။ဖလံ၊အကျိုးတည်း။ ။(အလောဏိကာယာတိ ဖါဏိတဝိရဟိတာယ၊နိပ္ပါဏိတတ္တာဟိသာအလောဏိကာတိဝုတ္တာ။ ။အဋ္ဌကထာဘွင့်ရကားတင်လဲမခပ်သောပေးသည်။ ဆားမခပ်သောဟု မြင်မြင်ဝါးဝါးမပေးလင့်။ ။ကုမ္မာသပိဏ္ဍိယာတိစတ္တာရောကုမ္မာသပိဏ္ဍေကေ တောကတ္တာဂဟိတံကုမ္မာသံသန္ဓာယဝေမာဟ။ ။အဋ္ဌကထာဘွင့်ရကား ဆေးခုသောမယောမှုံ့ဖိုင်ဟုပေးသည်။ ။ကောသလမိပေါတိ နသောကောသလရဋ္ဌာဓိပေါ၊ ကုသလေပန ဓမ္မေအဓိပတိ ပတ္တော့ဝိဟာရတိ၊တေနံအာလပန္တိ ဝေမာဟ။ကုသလာဓိပါတိကုသလဓမ္မာသယာတိ

အဝွေ့သ။ ။ဟူ သောအ ဋ္ဌ ကထာကိုမြော်၍အဋ္ဌယောဇနာသည်။ ။ ကောသလတိုင်းကိုအစိုးရ သောဟူမြင်မြင်ဝါးဝါးမပေးလင့်။ ။ကောသလရညောဒီဝေဘဝ္ဝှံ့ရကားသူကောသလေကို ကောသလမင်း၏သွီး ဟုပေးသည်။ ။အမ္ဗဋ္ဌကုလဿာတိကုရုမြ္ဝိကကုလဿဟူရကားသူ ကြွယ်မျိုးကိုအမ္ဗဋ္ဌကုလဆိုသည်။ ။ပိဏ္ဍာသုမနာတိ တုဋ္ဌာသောမ နဿဇာတာကမ္မဖလံသဒ္ဒဟန္တာ။ ဟူရကား။ ပိဏ္ဍာကို တုဋ္ဌာဘွင့်သည် မှတ်။ပိဏ္ဍာရှိသည်မသင့်)။ ။ကုမ္မာသဇာတကံ ဒသမံ။၄၁၅။

## ၄၁၆-ပရန္တပဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုဖြစ်စွာဘုရားသည်၊ အာဂမိဿတိမေပါပံ,အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော၍ပရန္တပဇာတ်ကိုဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်၊ဒေဝဒတ်သည် ဘုရားအား သတ်အံ့သော၄ါ လို့လပြုခြင်းကိုအကြောင်းပြု၍ဟောတော်မူ၏။

မိဘုရားသည်သားသည်ကြီးလတ်သော်တနေ့သ၌ ဓိုးသောက်ထအခါ၌ချမ်းသာစွာနေလျက် သာယာစွာပရန္တပကျွန်ကို မင်းကိုသတ်သောသင့်ကိုတစုံတယောက်သောသူသည်မြင်သလောဟုမေး၏။ ငါ့ကိုတစုံတယောက်သောသူသည်မမြင်၊စင်စစ်သော်ကားသစ်ခက်ကိုလှုပ်သောအသံကိုကြား၏။ထိုသစ်ခက်ကိုလှုသည့်ဝင်း တိရစ္ဆာန်သည်ဝင်းလှုပ်သည်၏အဖြစ်ကိုမသိ။တရံကဆစ်ငါ့အားဘေးသည်ရောက်လတ္တံ့။အကြင်သူသည်သစ်ခက်ကိုလှုပ်၍သွား၏။ ထိုသူမှရောက်လတ္တံ့.ဟု၊မိဘုရားနှင့်တကွပြောလိုရကား။ ။

(၁၁၄၃) အာဂမိဿတိ မေ ပါပံ၊အာဂမိဿတိ မေ ဘယံ။
တဒါ ဟိ စလိတာ သာခါ၊မနုဿေန မိဂေန ဝါ။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၁၁၄၃) ဘဒ္ဒေ ရှင်မ။ မေ၊ငါ့အား။ ပါပံ၊ ယုတ်မာသော ခြင်းရဲအပေါင်းမကောင်းသောအနိဋ္ဌဖလသည်။အာဂမိဿတိ၊လာလတ္တံ့။ဘယံ၊ ဇိတ္တုတြာသသေဘယသည်။အာဂမိဿတိ၊လာလတ္တံ့။ကိံကာရဏာ၊အဘဲ့

ကြောင့်နည်းဟူမူကား။ တဒါဟိ၊ ထိုမင်းကိုသုတ်သင်သောအခါ၌လျှင်။ သာခါ၊ သစ်ခက်သည်။ စလိတာ၊ လှုပ်၏။ မနုဿေန ဝါ၊ လူကြောင့်ရင်း။ မိဂေန ဝါ၊ သားကြောင့်ရင်း။ စလိတာ၊ လှုပ်၏ဟူ၍။ နပညာယတိ၊ မထင်။ တသ္မာ၊ ထိုကြောင့်။ တတော၊ ထိုသစ်ခက်လှုပ်ရာမှ။ မံ၊ ငါသို့။ ဘယံ၊ ဘေးသည်။ အာဂမိဿတိ၊ လာလတ္တံ့။ ။

ထိုပရန္တပကျွန်, မိဘုရားတို့သည်ပုရောဟိတ်အိပ်ပျော်၏ဟူ၍ အောက်မေ့ကုန်၏။ ထိုပုရောဟိတ်သည်ကား မပျော်သည်ဖြစ်၏။ ထိုသူတို့၏စကားကိုကြား၍တနေ့သ၌ ပုရောဟိတ်သည် ပရန္တပကျွန်သည် သစ်သီးကြီးငယ်အကျိုးငှါ သွားသည်ရှိသော်မိမိပုဏ္ဏေးမကိုအောက်မေ့၍မြည်တမ်းသကဲ့သို့။ ။

(၁၁၄၄) ဘိရုယာ နူန မေ ကာမော၊ အဝိဒူရေ ဝသန္တိယာ။
ကရိဿတိ ကိသံ ပဏ္ဍုံ၊ သာဝ သာခါပရန္တပံ။ ။

ဟူသော၌ဒုတိယဂါထာကိုဆို၏။ ။

(၁၁၄၄) သာသာခါ၊ ထိုသစ်ခက်သည်။ ပရန္တပံ၊ ပရန္တပကျွန်ကို။ ကိသံ၊ ကြုံလှီသည်ကို။ ပဏ္ဍုံ၊ ဖြော့တော့သည်ကို။ ကရောတိဣဝ၊ ပြုသကဲ့သို့။ အဝိဒူရေ၊ နှစ်ယူဇနာသုံးယူဇနာအထက်ဟူသောအနီးဖြစ်သောအရပ်၌။ ဝသန္တိယာ၊ နေသော။ ဘိရုယာ၊ ပုဏ္ဏေးမ၌။ မေ၊ ငါ၏။ ကာမော၊ တပ်စွန်းခြင်းကာမသည်။ မံ၊ ငါ့ကို။ ကိသံ၊ ကြုံလှီသည်ကို။ ပဏ္ဍုံ၊ ဖြော့တော့သည်ကို။ ကရိဿတိနူန၊ ပြုလတ္တံ့ယောင်တကား။ ။

ပုဏ္ဏားသည်ဂါထာကိုသာလျှင်ဆို၏အနက်ကိုကားမဆို။ ထိုကြောင့်ဤဂါထာ၏ကိစ္စသည် မိဘုရားအားမထင်။ ထိုအခါထိုပုဏ္ဏားကို၊ ပုဏ္ဏား၊ အသို့ဆိုသနည်းဟုဆို၏။ ပုဏ္ဏားသည် ထိုအနက်ကို ရှုတ်ယွင်းသဖြင့်မှတ်စေ၏။ တဘန်တနေ့သ၌။ ။

(၁၁၄၅) သောစယိဿတိ မံ ကန္တာ၊ ဂါမေ ဝသမနိန္ဒိတာ။
ကရိဿတိ ကိသံ ပဏ္ဍုံ၊ သာဝ သာခါ ပရန္တပံ။ ။

ဟူသော၌တတိယဂါထာကိုဆို၏။ ။

(၁၁၄၅) သာသာခါ၊ ထိုသစ်ခက်သည်။ ပရန္တပံ၊ ပရန္တပကျွန်ကို။ ကိသံ၊ ကြုံလှီသည်ကို။ ပဏ္ဍုံ၊ ဖြော့တော့သည်ကို။ ကရောတိဣဝ၊ ပြုသကဲ့သို့။ ဂါမေ၊ ဗာရာဏသီ၌။ ဝသံ၊ နေသော။ အနိန္ဒိတာ၊ မကဲ့ရဲ့အပ်သောမြတ်သောအဆင်းကိုဆောင်သော။ ကန္တာ၊ နှစ်သက်ဘွယ်ရှိသောမယားသည်။ မံ၊

ငါ့ကို။သောစယိဿတိ၊စိုးရိမ်ခြင်းကိုဖြစ်စေသဖြင့်ခြောံထပ်စေလတ္တံ့။ ကိသံ၊ကြုံလှီသည်ကို။ ပဏ္ဍုံ၊ဖြော့တော့သော အဆင်းရှိသည်ကို။ ကရိဿတိ၊ပြုလတ္တံ့။ ။

တနေ့သ၌။ ။

(၁၁၄၆) တယာ မံ အသိတာပင်္ဂိ၊သိတာနိ ဘဏိတာနိစ။
ကိသံ ပဏ္ဍုံ ကရိဿန္တိ၊သာဝ သာခါ ပရန္တပံ။ ။

ဟူသော၍စတုတ္ထဂါထာကိုဆို၏။ ။

(၁၁၄၆) သာသာခါ၊ထိုသစ်ခက်သည်။ပရန္တပံ၊ပရန္တပကျွန်ကို။ကိသံ၊ကြုံလှီသည်ကို။ ပဏ္ဍုံ၊ဖြော့တော့သည်ကို။ ကရိဿတိဇူဝ၊ပြုသကဲ့သို့။ အသိတာပင်္ဂိ၊ မျက်စဉ်းတို့ဖြင့်ကွင်းအပ်သော ညိုသော မျက်တောင်ရှိသော၊ရှင်မ။ တယာ၊ သင်ပုဏ္ဏေားမသည်။ ပဝတ္တိတာနိ၊ ဖြစ်စေအပ်ကုန်သော။သိတာနိစ၊ပြုံးခြင်းတို့သည်၎င်း။ဘဏိတာနိစ၊သာယာစကားတို့သည်၎င်း။မံ၊ငါ့ကို။ ကိသံ၊ကြုံလှီသည်ကို။ပဏ္ဍုံ၊ဖြော့တော့သည်ကို။ကရိဿန္တိ၊ပြုကုန်လတ္တံ့။ ။

နောက်အဘို့၌မင်းသားသည် အရွယ်သို့ရောက်သည် ဖြစ်၍ တဆဲ့ခြောက်နှစ်အရွယ်ရှိ၏။ထိုအခါထိုမင်းသားကို၊ပုဏ္ဏားသည်တောင်ဝေးကိုကိုင်စေ၍ရေချိုးဆိပ်သို့သွား၍မျက်စိတို့ကိုဖွင့်၍ကြည့်၏။ မင်းသားသည်၊ပုဏ္ဏား၊သင်သည်ကန်းသည်မဟုတ်လောဟုဆို၏။ပုဏ္ဏားသည်ငါသည်မကန်း။ ဤအမည်ရှိသောအကြောင်းကြောင့် အသက်ကိုစောင့်၏ဟုဆို၍ သင့်အဘကိုသိ၏လောဟုဆို၏။ ဤပရန္တပသည် ငါ၏ အဘတည်းဟုဆိုသည်ရှိသော်၊ ဤပရန္တပသည်သင်၏အဘမဟုတ်။ သင့်အဘသည်ကားဗာရာဏသီမင်းတည်း။ဤပရန္တပကား သင်တို့ကျွန်တည်း။ သင့်အမိသည်ချွတ်ယွင်း၍ ဤအရပ်၌သင်၏ အဘကိုသတ်၍မြှုပ်စေ၏ဟုအရိုးတို့ကိုထုတ်၍ပြ၏။မင်းသားအားကြီးစွာသော စိုးရိမ်ခြင်းသည်ဖြစ်၏။ ထိုအခါပုဏ္ဏားကို ယခုအဘယ်သို့ပြုရအံ့နည်းဟုမေး၏။ ထိုပရန္တပသည် ဤဆိပ်၌လျှင် သင်၏အဘအား အကြင်အမှုကိုပြု၏။ ထိုအမှုကိုပြုငံလော့ဟုအလုံးစုံသော အကြောင်းကိုကြား၍ မင်းသားကိုနှစ်ရက်သုံးရက်လေး,တောင့်အတတ်ကိုသင်စေ၏။ထိုအခါတနေ့သ၌သန်လျက်ကိုရင်းရေသနုပ်ကိုရင်းယူ၍၊ဘခင်၊ရေချိုးအံ့သောငှါသွားကုန်အံ့ဟုဆို၏။ ပရန္တပသည်၊ ချစ်သား၊ကောင်းပြီဟု မင်းသားနှင့်တကွ သွားး၏။ ထိုပ

ရန္တပ၏ရေချိုးအံ့သောငှါသက်သောကာလ၌လက်ျာလက်ဖြင့်သန်လျက်ကိုလက်ဝဲဖြင့်ဦးသျှောင်ကို ကိုင်၍ သင်သည်ဤဆိပ်၌လျှင် ငါ့အဘကို ဦးသျှောင်ကိုကိုင်၍ ဟစ်ကြွေးစဉ်သတ်သတတ်။ ငါသည်လည်းသင့်ကို ထိုအတူလျှင်ပြုအံ့ဟုဆို၏။ ထိုပရန္တပသည် သေဘေးမှကြောက်ရကား ငိုကြွေးလျက်။ ။

(၁၁၄၇) အဂမာ နူန သော သဒ္ဒေါ၊အသံသိ နူန သော တဝ။
အက္ခာတံ နူန တန္တေန၊ယော တံ သာခံ ပကမ္ပယိ။ ။

(၁၁၄၈) ဈာဒံ ခေါ တံ သမာဂမ္မ၊မမ ဗာလဿ စိန္တိတံ။
တဒါ ဟိ စလိတာ သာခါ၊မနုဿေန မိဂေန ဝါ။ ။

ဟူသော၍နှစ်ဂါထာတို့ကိုဆို၏။ ။

(၁၁၄၇-၁၁၄၈) သောသဒ္ဒေါ၊ ထိုသစ်ခက်ကိုလှုပ်သောအသံသည်။ အဂမာနူန၊ သင်တို့လာယောင်တကား။ သောသဒ္ဒေါ၊ ထိုသစ်ခက်လှုပ်သောအသံသည်။ တဝ၊သင်အား။ အသံသိနူန၊ ကြားယောင်တကား။ ယော၊အကြင်သူသည်။တံသာခံ၊ထိုသစ်ခက်ကို။အကမ္ပယိ၊လှုပ်၏။ တေန၊ထိုလှုပ်သောသူသည်။တံ၊ထိုအကြောင်းကို။ အက္ခာတံနူန၊ကြားယောင်တကား။ ဟိယသ္မာ၊အကြင်ကြောင့်။ တဒါ၊ထိုအခါ၌။ သာခါ၊သစ်ခက်သည်။စလိတာ၊လှုပ်၏။ တဒါ၊ထိုအခါ၌။ မနုဿေန ဝါ၊လူကြောင့်ရင်း။ မိဂေန ဝါ၊သားကြောင့်ရင်း။ စလိတာတိ၊လှုပ်၏ဟူ၍။ နပညာယတိ၊ငါမထင်။ တသ္မာ၊ထိုကြောင့်။ ဗာလဿ၊ပညာမရှိသော။မမ၊ငါ့အား။ဘယံ၊ဘေးသည်။ ဥပ္ပန္နံဣတိ၊ဖြစ်လတ္တံ့။ ဈာတိ၊ဤသို့။ စိန္တိတံ၊အကြံသည်။ ဟောတိ၊ဖြစ်၏။ ဈာဒံခေါ၊ဤဘေးသည်လျှင်။ တံသမာဂမ္မတယာသမာဂတံ၊သင်နှင့်တကွလာ၏။ ။

ထိုနောင်မှမင်းသားသည်။ ။

(၁၁၄၉) တထေဝ တွံ အဝေဒေသိ၊အဝဥ္စိ ပိတရံ မမ။
ဟတ္ဂ္ဂာ သာခါဟိ ဆာဒေန္တော၊အာဂမိဿတိ တေ ဘယံ။

ဟူသော၍ဤသာနဂါထာကိုဆို၏။ ။

(၁၁၄၉) ပရန္တပ၊ကျွန်ပရန္တပ။တထေဝ၊ထိုအတူလျှင်။တွံ၊သင်သည်။ အဝေ၀ဒသိ၊သတ်၏။ မမ၊ငါ၏။ပိတရံ၊အဘကို။အဝဥ္စိ၊သတ်ပြီ။ ဟတ္ဂ္ဂာ၊သတ်ပြီး၍။သာခါဟိ၊သစ်ခက်တို့ဖြင့်။ ဆာဒေန္တော၊ဖုံးလွှမ်း၏။ တေ၊သင်အား။ဘယံ၊ဘေးသည်။အာဂမိဿတိ၊ရောက်လတ္တံ့။ ။

ပရန္တပဇာတကံ ဧကာဒသမံ။ ။ဂန္ဓာရဝဂ္ဂေါ ဒုတိယော။ ။

တဿုဒ္ဒါနံ။ ။

ကုက္ကုမနောဇသုတနော၊ ဂိဇ္ဈဒဗ္ဗပုပ္ဖပဏ္ဏကော။
သတ္တုဘသ္တအဋ္ဌိသေနော၊ ကပိဗကဗြဟ္မာဒသ။ ။
ဂန္ဓာရေမဟာကပိစ၊ ကုမ္ဘကာရေဒဠှဓမ္မော။
သောမဒတ္တောသုသိမော စ၊ ကောဋသိမ္ဗလိဓူမကာရိ။
ဇာဂရော ကုမ္မာသပိဏ္ဍော၊ ပရန္တပါ ဧကာဒသ။ ။
သုတ္တနိပါတံ နိဋ္ဌိတံ။ ၂၁။ ၄၁၆။

သုတ္တနိပါတ်ပြီး၏။ ။

# အဋ္ဌနိပါတ်။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။ ။

{ ၁-ကစ္စာနိဝဂ် }

## ၄၁၇-ကစ္စာနိဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ ဩဒါတ ဝတ္ထာသုစိအလ္လကေသာ,အစရှိသော ဂါထာပုန်ဖြင့်တန်းဆာဆင်အပ်သော ဤကစ္စာနိဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်။ မထင်ရှားသော အမိကို လုပ်ကျွေးသောသီတင်းသည်ကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ထိုအခါဘုရားလောင်းသည် သိကြားမင်းဖြစ်၏။ ဘုရားလောင်းတို့သည်လည်း မမေ့မလျော့ ဖြစ်ကုန်၏။ ထိုသိကြားမင်းသည် ထိုခဏ၌ လောကကိုကြည့်လတ်သော်၊တရားသေပြီဟူသောအမှတ်ဖြင့်သေဆွမ်းလှူလိုသောဆင်းရဲခြင်းသို့ရောက်သောထိုမိန်းမကိုမြင်၍၊ ယနေ့ငါသည် ငါ၏အစွမ်းကိုပြအံ့ဟု ပုဏ္ဏားအသွင်ဖြင့် ခရီးမသိသွားသော သူကဲ့သို့ဖြစ်၍ထိုမိန်းမကိုကြည့်၍၊ ခရီးမှဘဲ၍၊ထိုမိန်းမ၏ အထံ၌ရပ်၍၊မိခင်၊သုသာန်၌ အာဟာရကိုချက်သောသူမည်သည်မရှိ။ သင်သည် သုသာန်၌ ချက်အပ်သောနှမ်းထမင်းဖြင့်အဘယ်ပြုအံ့နည်းဟုစကားကို ဖြစ်စေလိုရကား။ ။

(၁၁၅၀) ဩဒါတဝတ္ထာ သုစိ အလ္လ-ကေသာ၊
ကစ္စာနိ ကိံ ကုမ္ဘိံမဓိသယိတွာ။
ပိဋ္ဌာတိလာ ဓောဝသိ တဏ္ဍုလာနိ၊
တိလောဒနော ဟေဟိတိ ကိဿ ဟေတု။ ။

ဟူသောရှေးဦးစွာသောဂါထာကို၏။ ။

(၁၁၅၀) ကစ္စာနိ၊ ကစ္စည်းအနွယ်ဖြစ်သောရှင်မ။တွံ၊သင်သည်။ ဩဒါတဝတ္ထာ၊ဖြူသောအဝတ်ကိုဝတ်လျက်။ သုစိ၊စင်ကြယ်စွာဖြစ်၍။အလ္လကေသာ၊စွတ်စိုသောဆံရှိလျက်။ ကုမ္ဘိံ၊ထမင်းအိုးကို။ အဓိသယိတွာ၊ လူတို့၏ဦးခေါင်းခွံဖြစ်သော ခုံလောက်သို့တင်၍။ တိလာ၊ပိဋ္ဌာ၊နှမ်းမှုန့်တို့

ကို။ဂဟေတွာ၊ယူ၍။တဏ္ဍုလာနိ၊ဆန်တို့ကို။ကိံ ခေါ၀သိ၊အဘဲ့ကြောင့်
ဆေးသနည်း။ ကိံသဟေတု၊အဘယ်အကြောင်းကြောင့်။ တိလောဒ
နော၊နှမ်းထမင်းသည်။ဟောဟိတိ၊ဖြစ်လတ္တံ့နည်း။ ။(သင်စားဘို့လော
ထိုသို့မဟုတ်တပါးသောအကြောင်းရှိသလောဟူလိုသည်)။ ။
ထိုအခါသိကြားမင်းအားထိုမိန်းမသည်ကြားလို၍။ ။

(၁၁၅၁) နခေါ မယံ ဗြာဟ္မဏ ဘောဇနတ္ထာ၊
တိလောဒနော ဟောဟိတိ သာဓု-ပက္ကော။
ခမ္မော မဟာ တဿ ဗဟုတ္တမဇ္ဈ၊
အဟံ ကရိဿာမိ သုသာန-မဇ္ဈေ။ ။

ဟူသော၍ဒုတိယဂါထာကိုဆို၏။ ။

(၁၁၅၁) ဗြာဟ္မဏ၊ ပုဏ္ဏား။ သာဓုပက္ကော၊ ကောင်းစွာ ချက်အပ်
သော။အယံခေါတိလောဒနော၊ဤနှမ်းထမင်းသည်။ဘောဇနတ္ထာယ၊စါး
အံ့သောငှါ။နဟောဟိတိ၊မဖြစ်လတ္တံ့။ခမ္မော၊ကြီးသောမိဘ စသောသူတို့
အါးရှိသေလေးမြတ်လုပ်ကျွေးပူဇော်အပ်သေါတရား,ဆယ်ပါးသောသု
စရိုက်တရားသည်။မဟော၊သေလေပြီ။အဟံ၊ငါသည်။တဿခမ္မဿ၊ထို
ဇေဋ္ဌါပစာယနခမ္မ,သုစရိတခမ္မ၏။ဗဟုတ္တံ၊တရားသေ၍သက်ပျော်ဆွမ်း
ကျွေးသော ဤမတကဘတ်ကို။ အဇ္ဈ၊ယနေ့။ သုသာနမဇ္ဈေ၊သုသာန်အ
လယ်၌။ကရိဿာမိ၊ပြုအံ့။ ။

ထို့နောင်မှသိကြားမင်းသည်။ ။

(၁၁၅၂) အနုဝိစ္စ ကစ္စာနိ ကရောဟိ ကိစ္စံ၊
ခမ္မော မဟာ ကောနု တဝေဝံ သံသိ။
သဟဿနေတ္တော အတုလာနုဘာဝေါ၊
န မီယတိ ခမ္မဝရော ကဒါစိ။ ။

ဟူသော၍တတိယဂါထာကိုဆို၏။ ။

(၁၁၅၂) ကစ္စာနိ၊ကစ္စည်းအနွယ်ဖြစ်သောရှင်မ။ တွံ၊သင်သည်။ အ
နုဝိစ္စ၊ပညာဥာဏ်စွမ်းဖြင့် ရုံစမ်းလျက် အတတ်သိပြီး၍။ ကိစ္စံ၊ပြုဘွယ်
ကိစ္စကို။ကရောဟိ၊ပြုလော့။ခမ္မော၊ဇေဋ္ဌါပစာယနခမ္မ,သုစရိတခမ္မသည်။
မဟော၊သေလေပြီ။ဧဝံ၊ဤသို့။ တဝ၊သင်အား။ ကောနု၊အဘယ်သူသည်
လျှင်။သံသိ၊ပြောကြားသနည်း။ အတုလာနုဘာဝေါ၊အတုမရှိသောအာ
နုဘော်ရှိသော။ခမ္မဝရော၊ တရားမြတ်ဖြစ်သော။ သဟဿနေတ္တော၊အ

ထောင်သော အစီးအပွါးကိုတမှုဟုတ်ခြင်းမြင်နိုင်သော ပညာမျက်စိရှိ
သောသိကြားသည်။ကဒါစိ၊တရံတဆစ်၌။နမိယတိ၊မသေ။ ။

သိကြားမင်းသည်မိမိကိုယ်ကိုမြတ်သောဟရေးထုံးပြု၍ပြလိုရကား။
သဟဿနေတ္တောအတုလာနုဘာဝေါ၊ နမိယတိဓမ္မောဝရော ကဒါစိ။ ဟူ
သော နှစ်ပါဒကိုဆိုသတည်း။ ။

ထိုစကားကိုကြား၍ထိုမိန်းမဒိုသည်။ ။

(၁၁၅၃) ဒဠှပ္ပမာဏံ မမ ဓမ္မေ ဗြဟ္မေ၊
ဓမ္မော မတော နတ္ထိ မမေတ္ထ ကင်္ခါ။
ယေယေဝ ဒါနိ ပါပါ ဘဝန္တိ၊
တေတေဝ ဒါနိ သုခိတာ ဘဝန္တိ။ ။

(၁၁၅၄) သုဏိသာ ဟိ မယှံ ဝဇ္ဈာ အဟောသိ၊
သာ မံ ဝဓိတွာန ဝိဇာယိ ပုတ္တံ။
သာ ဒါနိ သဗ္ဗဿ ကုလဿ ဣဿရာ၊
အဟံပန ဟိ အပဝိဒ္ဓါ ဧကိကာ။ ။

ဟူသောဤဂါထာတို့ကိုဆို၏။ ။

(၁၁၅၃-၁၁၅၄) ဗြဟ္မေ၊ပုဏ္ဏားကြီး။ဓမ္မေ၊ဤတရားသေရာ၌။မမ၊ငါ၏။
ပမာဏံ၊ပမာဏသည်။ဒဠှံ၊ထိရံ၊မြဲ၏။ဝါ၊ယုံမှားမရှိ။ဓမ္မော၊ဓမ္မောပစါယန
ဓမ္မ,သုစရိတဓမ္မသည်။မတော၊သေလေပြီ။ဓမ္မေ၊ဤတရားသေရာ၌။မမ၊ငါ
၏။ကင်္ခါ၊ယုံမှားခြင်းသည်။ နတ္ထိ၊မရှိ။ ဣဒါနိ၊ယခု။ယေယေဝ၊အကြင်အ
ကြင်သူတို့သည်သာလျှင်။ပါပါ၊ယုတ်မာသောအကျင့်ရှိကုန်သည်။ဘဝန္တိ၊
ဖြစ်ကုန်၏။ ဣဒါနိ၊ယခုကာလ၌ိုး၌။ တေတေဝ၊ထိုထိုယုတ်မာသောအ
ကျင့်ရှိသောသူတို့သည်သာလျှင်။သုခိတာ၊ချမ်းသာကုန်သည်။ ဘဝန္တိ၊
ဖြစ်ကုန်၏။ ။ဟိသဒ္ဒေါ၊မှန်၏။မယှံ၊ငါ၏။သုဏိသာ၊ချွေးမသည်။ ဝဇ္ဈာ၊
မြုံသည်။အဟောသိ၊ဖြစ်၏။ သာ၊ထိုမြုံသောချွေးမသည်။ မံ၊ငါ့ကို၊ဝဓိ
တွာန၊သတ်ပုတ်နှင်ထုတ်၍။ ပုတ္တံ၊သားကို။ဝိဇာယိ၊ဘွား၏။ ဣဒါနိ၊ယခု
အခါ၌။ သာ၊ထိုချွေးမသည်။ သဗ္ဗဿ၊အလုံးစုံသော။ ကုလဿ၊အမျိုး
စည်းစိမ်ကို။ဣဿရာ၊အစိုးရ၏။ အဟံပန၊ငါမူကား။ အပဝိဒ္ဓါ၊နှင်ထုတ်
အပ်သည်ဖြစ်၍။ အနာထာ၊ကိုးကွယ်ရာမရှိသည်ဖြစ်၍။(ထည့်)။ ဧကိ
ကာ၊တယောက်ထီးထည်း။အမှိ၊ဆင်းရဲပင်ပန်းတောင်းဖြစ်ရ၏။ ။

ထိုနောင်မှသိကြားသည်။ ။

(၁၁၅၅) ဇီဝါမိ ဝေါ ဟံ န မတော ဟမသ္မိ၊
တဝေဝ အတ္ထာယ ဣဓာဂတောသ္မိ။
သာ တံ ဝဓိတွာန ဝိဇာယိ ပုတ္တံ၊
သဟာဝ ပုတ္တေန ကရောဟိ ဘသ္မံ။ ။

ဟူသောဤဆဋ္ဌဂါထာကိုဆို၏။ ။

(၁၁၅၅) ကစ္စာနီ၊ ကစ္စည်းအနွယ်ဖြစ်သောရှင်မ။ အဟံ၊ ငါသည်။ ဇီဝါမိ၊ ရှင်၏။ အဟံ၊ ငါသည်၊ မတော၊ သေသည်။ န အသ္မိ၊ မဖြစ်။ တဝေဝ၊ သင်၏ သာလျှင်။ အတ္ထာယ၊ အကျိုးငှါ။ ဣဓ၊ ဤအရပ်သို့။ အာဂတော၊ လာသည်။ အသ္မိ၊ ဖြစ်၏။ သာ၊ ထိုချွေးမသည်။ တံ၊ သင့်ကို။ ဝဓိတွာန၊ သတ်၍။ ပုတ္တံ၊ သားကို။ ဝိဇာယိ၊ ဘွားသည်ဖြစ်အံ့။ ပုတ္တေန၊ သားနှင့်။ သဟာဝ၊ တကွ သာလျှင်။ ဘသ္မံ၊ ပြာကဲ့သို့ လွင့်ပျောက် ပျက်စီးသည်ကို။ ကရောဟိ၊ ပြုလော့။ ။

ထိုမိန်းမအိုသည်ထိုသိကြားစကားကိုကြား၍၊ သား,မြေး,ချွေးမတို့ နှင့် ကြင်နာခြင်းကရုဏာဖြစ်ပြန်ရကား၊ မျက်စိတထောင် အမြင်ဆောင် သောသိကြားမင်း၊ အဘယ်သို့ဆိုသနည်း။ တရားမသေသောအကြောင်း ကိုပြုအံ့ဟုကြံ၍။ ။

(၁၁၅၆) ဧဝဉ္စ တေ ရုစ္စတိ ဒေဝ-ရာဇ၊
မမေဝ အတ္ထာယ ဣဓာဂတောသိ။
အဟဉ္စ ပုတ္တော သုဏိသာ စ နတ္တာ၊
သမ္မောဒမာနာ ဃရမာဝသေမ။ ။

ဟူသောဤသတ္တမဂါထာကိုဆို၏။ ။

(၁၁၅၆) ဒေဝရာဇ၊ နတ်မင်း။ တေ၊ သင်နတ်မင်းအား။ ဧဝဉ္စ၊ ဤသို့ လည်း။ ရုစ္စတိ၊ နှစ်သက်သည်ဖြစ်အံ့။ မမေဝ၊ ငါ၏သာလျှင်။ အတ္ထာယ၊ အကျိုးငှါ။ ဣဓ၊ ဤအရပ်သို့။ အာဂတော၊ လာသည်။ အသိ၊ ဖြစ်အံ့။ အဟဉ္စ၊ ငါ သည်၎င်း။ ပုတ္တော စ၊ သားသည်၎င်း။ သုဏိသာ စ၊ ချွေးမသည်၎င်း။ နတ္တာ စ၊ မြေးသည်၎င်း။ ဧတေ မယံ၊ ထိုငါတို့သည်။ သမ္မောဒမာနာ၊ ဝမ်း မြောက်ဝမ်းသာဖြစ်ကုန်၍။ ဃရံ၊ အိမ်၌။ အာဝသေမ၊ နေလိုကုန်၏။ ။

ထိုအခါထိုမိန်းမအားသိကြားသည်။ ။

(၁၁၅၇) ဝေဋ္ဋ တေ ရုစ္စတိ ကာတိယာနိ၊
ဟတာပိ သန္တာ န ဇဟာသိ ဓမ္မံ။
တုဝဋ္ဋ ပုတ္တော သုဏိသာစ နတ္တာ၊
သမ္မောဒမာနာ ဃရမာဝသထ။ ။

ဟူသော ဤအဋ္ဌမဂါထာကိုဆို၏။ ။

(၁၁၅၇) ကာတိယာနိ၊ ကစ္စည်းအနွယ်ဖြစ်သောရှင်မ။ ဝေဋ္ဋ၊ ဤသို့လည်း။ တေ၊ သင့်အား။ ရုစ္စတိ၊ နှစ်သက်ခြင်းကိုဖြစ်စေအံ့။ ဟတာ၊ သတ်ပုတ်နှင်ထုတ်အပ်သည်။ သန္တာပိ၊ ဖြစ်လျက်သော်လည်း။ ဓမ္မံ၊ သူငယ်တို့နှင့် မိတ္တဓမ္မကို၊ တွံ၊ သင်သည်။ နဇဟာသိ၊ မစွန့်အံ့။ ဝေံသန္တေ၊ ဤမိတ္တဓမ္မကို မစွန့်သည်ရှိသော်။ ယထာ၊ အကြင်အခြင်းဖြင့်။ တွံ၊ သင်သည်။ ဇုန္ဟသိ၊ အလိုရှိ၏။ တထာ၊ ထိုအခြင်းဖြင့်။ တေ၊ သင့်အား။ ဟောတု၊ ဖြစ်စေလော့။ အဟံ၊ ငါသည်။ တေ၊ သင်၏။ ဥမသတ္တံ ဂုဏော၊ ဤမိတ္တဓမ္မကျေးဇူး၌။ ပသန္နော၊ ကြည်ညို၏။ တုဝဋ္ဋ၊ သင်သည်ရှင်း။ ပုတ္တောစ၊ သားသည်ရှင်း။ သုဏိသာစ၊ ချွေးမသည်ရှင်း။ နတ္တာစ၊ မြေးသည်ရှင်း။ တေတုမှေ၊ ထိုသင်တို့သည်။ သမ္မောဒမာနာ၊ ဝမ်းမြောက် ဝမ်းသာကုန်သည်ဖြစ်၍။ ဃရံ၊ အိမ်၌။ အာဝသထ၊ နေကြကုန်လော့။ ။

ဤသို့ဆို၍တန်းဆာဆင်သော သိကြားမင်းသည် မိမိ၏အာနုဘော်အားဖြင့်ကောင်းကင်၌ရပ်၍။ ကစ္စည်းအနွယ်ဖြစ်သောရှင်မ၊ သင်သည် မကြောက်လင့်။ သား,မြေး,ချွေးမတို့သည် ငါ၏အာနုဘော်အားဖြင့်လာလတ်ကုန်၍ ခရီးအကြား၌သင့်ကိုကန်တော့၍ သွားကုန်လတ္တံ့။ မမေ့မလျော့ဖြစ်လော့ဟုဆို၍မိမိနေရာသို့လျှင်သွား၏။ ထိုသား,မြေး,ချွေးမတို့သည်လည်းသိကြားမင်း၏အာနုဘော်အားဖြင့်အမိ၏ကျေးဇူးကိုအောက်မေ့၍ ငါတို့အမိသည် အဘယ်မှာနည်းဟု ရွာတွင်း၌ လူတို့ကို မေး၍ သုသာန်သို့သွား၏ဟူသောစကားကိုကြား၍မိခင်မိခင်ဟုခေါ်၍သုသာန်ခရီးသို့သွား၍အမိကိုမြင်၍ ခြေရင်း၌ဝပ်၍။ မိခင်၊ သင်သည်ငါတို့၏အပြစ်ကိုသည်းခံပါလော့ဟုကန်တော့ကုန်၏။ အမိသည်လည်းမြေးကိုချီ၏။ ဤသို့ထိုသူတို့သည် ဝမ်းမြောက်ဝမ်းသာဖြစ်ကုန်၍ အိမ်သို့သွား၍ ထိုအခါမှစ၍ညီညွတ်စွာနေခြင်းကိုနေကုန်၏။ ။

သဗ္ဗညုမြတ်စွာဘုရားသည် ဤအတိတ်ကိုဆောင်တော်မူ၍ ဘုရားဖြစ်တော်မူပြီး၍။ ။

(၁၁၅၈) သာ ကာတိယာနီ သုဏိသာယ သဒ္ဓိံ၊
သမ္မောဒမာနာ ဃရမာဝသိတ္ထ။
ပုတ္တော စ နတ္တာ စ ဥပဋ္ဌဟိံသု၊ ဒေဝါနမိန္ဒေန အဓိဂ္ဂဟိတာ။ ။
ဟူသော ဤဂါထာကိုမိန့်တော်မူ၏။ ။

(၁၁၅၈) ဘိက္ခဝေ၊ရဟန်းတို့။ သာကာတိယာနီ၊ ထိုကစ္စည်းအနွယ်
ဖြစ်သောမိန်းမသည်။သုဏိသာယ၊ချွေးမနှင့်။ သဒ္ဓိံ၊တကွ။သမ္မောဒမာ
နာ၊ဝမ်းမြောက်ဝမ်းသာသည်ဖြစ်၍။ဃရံ၊အိမ်၌။ အာဝသိတ္ထ၊နေ၏။ဒေ
ဝါနမိန္ဒေန၊ သိကြားမင်းသည်။ အဓိဂ္ဂဟိတာ၊ ချီးမြှောက်သည် ဖြစ်၍။
ပုတ္တော စ၊ သားသည်ရင်း။ နတ္တာ စ၊မြေးသည်ရင်း။ တေဥဘော၊ထိုနှစ်
ယောက်ကုန်သောသူတို့သည်။ဥပဋ္ဌဟိံသု၊လုပ်ကျွေးကုန်၏။ ။(ဗဟွက္ခ
ရာနံ အပ္ပက္ခရမညထတ္တ။ ။အာစရိယံအာစေရံ။ကာတိယာနောကစ္စာ
နော။ပဒုမာနိပဒ္ဒါနိစ္စာဒိ။ ။ဤသဒ္ဒနီတိအလို,ကာတိယာနီဟူသောဗ
ဟွက္ခရကိုကစ္စာနိဟုအပ္ပက္ခရပြုသည်ဟူလို။ ။ပထဝိမဓိသယိတွာ၌ပ
ထဝိံ အဓိ။ ။ပထဝိယံ၊မြေ၌။သယိတွာ၊အိပ်၍။ ။တနည်း။ပထဝိံ၊မြေ
ကို။အဓိသယိတွာ၊ဘိ၍အိပ်၏။ ဤအနက်ကိုမှတ်အပ်၏သို့။ ကုစ္ဆိမဓိသ
ယိတွာဟူသောဤပါဌ်၌မမှတ်အပ်။ ။ထိုကြောင့်။ ။ကုစ္ဆိမဓိသ
ယိတွာတိပစနထာလိကံမနုဿသိသဥဒ္ဓနံအာရောပေတွာ။ ။ဟု-အဋ္ဌ
ကထာမိန့်သော်။ ။ဘောဇနတ္ထာယလိုလျက်ယကျေသည်။ ။ပဟုတ္တ
မဏ္ဍူ၌ပရှေးရှိသောဟုဓာတ်။ဟုဒါနေ။ဟုဝတိ။ဟုတိ။ ။ဟုပသစ္စကရ
ဏော။ ။ပသစ္စကရဏံပကာရေနသစ္စနကြိယာ။ဟာဝတိ။ဟုတော။အာဟု
တိ။ ။(သဒ္ဒနီတိ)။ ။တပစ္စည်းကိုဒွေဘော်ပြု၍ပဟုတ္တနေသည်။ ။ဆဝ
သယနကိုသုသာနပြု၍ပြီးသည်။မေဟာနဿခဿမာလာမေခလာပုန်ကဲ့
သို့ဟူလို။ ။ဒဠှပမာဏံကား ဝိရပ္ပဝါသိံကဲ့သို့ပုန်ပြီးသည်။ ။ဝေါ
ပုတ္တောဗျောနမွှောဇေတိဿာတိဝဍ္ဎျာ။ ။ဇေတိဿာ၊ထိုမိန်းမအား။ဝေါ
ပုတ္တော၊သားသည်။ ဗျောနမွှော၊မဘွားမူ၍ပျက်စီး၏။ ဇာတိတဿ၊ ထို
ကြောင့်။သာဇာတ္တိ၊ထိုမိန်းမသည်။ဝဍ္ဎျာ၊မည်၏။ ။နိဂ္ဂဟိတ်လာ၍ဝဍ္ဎျာ
ပြီးသည်။ ။ကိုယ်ဝန်မယူသောမိန်းမမည်သည်မရှိ၊ကိုယ်ဝန်ယူပြီး၍
မဘွားရဘဲသားပျက်စီးသောမိန်းမကိုအမြဲ့ဆိုသည်။ ။ဇီဝါမိဝေါ၌
ဝေါကားနိပါတမတ္တ။ ။ကရောဟိဘာသွံ့လိုသည်။ကရောဟိအသို့ဟု
အသရနှင့်ရှိသည်ကားမသင့်။ဘာဇ္ဇပြာပေဟော။ ။ဘာဇ္ဇကရဏော၌ကဲ့သို့

၍အကျွရေလာမူဘသို့ဟူ၍လည်းရှိသင့်ရာ၏။ ။သာကာတိယာနိစသော ဩသာနဂါထာကားအဘိသမ္ဗုဒ္ဓဂါထာဖြစ်၍ရှေးရှစ်ဂါထာကို ဂိုဏ်း သာယူ၍၍အဋ္ဌနိပါတ်၌သင်္ဂါယနာတင်သည်။ ။နဋ္ဌာကား။သဋ္ဌာဒိ ဖြစ်၍နဋ္ဌာသင့်သည်၊နဋ္ဌောမသင့်။ ။ကစ္စာနီဇာတကံပဌမံ။၄၁၇။

## ၄၁၈-အဋ္ဌသဒ္ဒဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ် စွာဘုရားသည်။ ဣဒံပုရေနိန္နမာဟု,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာ ဆင်အပ်သော ၍အဋ္ဌသဒ္ဒဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌ သီတင်း သုံးနေတော်မူစဉ်၊ကောသလမင်းသည်သန်းခေါင်ယံ၌ ကြားအပ်သော ကြောက်မက်ဘွယ်ရှိသော မခွဲခြမ်းမဝေဘန်နိုင် မသိသော အသံကို အ ကြောင်းပြု၍ဟောတော်မူ၏။ ။

ထိုအခါဘုရားလောင်းသည်၊မြတ်သောမင်းကြီး၊ထိုမင်းကြီးအားထို အသံတို့ကို ကြားခြင်း ဟူသော အကြောင်းကြောင့် တစုံတခုသော အန္တရာယ်သည်မရှိ။သင်မင်းကြီးတို့၏ဥယျာဉ်ဟောင်း၌ကားတခုသော ဗျိုင်းသည်ရှိ၏။ထိုဗျိုင်းသည်အစာကိုမရရကား။ ဆာမွတ်ခြင်းနှိပ်စက် အပ်သည်ဖြစ်၍ ရှေးဦးစွာသောအသံကိုပြု၏ဟု ဗျိုင်း၏ကြွယာကို မိမိ ဉာဏ်ဖြင့်မိုင်းခြားလို၍။ ။

(၁၁၅၉) ဣဒံ ပုရေ နိန္နမာဟု၊ဗဟု-မစ္ဆံ မဟောဒကံ။
အာဝါသော ဗက–ရာဇဿ၊ပေတ္တိကံ ဘဝနံ မမ။
တျဇ္ဇ ဘိင်္ဂေန ယာပေမ၊ဩက္ကန္တံ န ဇဟာမသေ။ ။

ဟူသော၍ပဌမဂါထာကိုဆို၏။ ။

(၁၁၅၉) ဣဒံ၊၍မင်္ဂလာရေကန်အရပ်သည်။ပုရေ၊ရှေး၌။ နိန္နံ၊ချိုင့်ဝှမ်း သည်။အဟု၊ဖြစ်၏။ဗဟုမစ္ဆံ၊များစွာသောငါးရှိ၏။ မဟောဒကံ၊ရေပြွန် ဖြင့်ရေသွန်းအပ်သည်ဖြစ်၍များသောရေရှိ၏။ဗကရာဇဿ၊ ဗျိုင်းမင်း၏။ အာဝါသော၊နေရာသည်။မမ၊ငါ၏။ပေတ္တိကံ၊ အဘဉစ္စာဖြစ်သော။ ဘဝ နံ၊နေရာဖြစ်၏။ တေမယံ၊ ထိုငါတို့သည်။ အဇ္ဇ၊ယခု။ ဘိင်္ဂေန၊ဘားမျှသ ဖြင့်။ ယာပေမ၊မျှရကုန်၏။ ဧဝံ၊၍သို့၊ဇီဝိတဿယ၊တော်မွတ်ခြင်းသည်။ ဝိ ငျတာဝိ၊နှိပ်စက်အပ်ကုန်သော်လည်း။ဩက္ကန္တံ၊နေရာအရပ်ကို။ နဇဟာ မသေ၊မစွန့်နိုင်ကုန်။ ။

မြတ်သောမင်းကြီး၊ဆင်တင်းကုပ်၏တုရိုဏ်တိုင်၌တရသောကျိုးမသည်နေ၏။မိမိသား၌ပိုးရိမ်ခြင်းကြောင့် နှစ်ချမြောက်သော အသံကိုပြု၏။ထိုအသံကြောင့်လည်း သင်မင်းကြီးအားဘေးသည်မရှိဟု ဆိုလို၍ဘုရားလောင်းသည်။ ။

(၁၁၆၀) ကော ဒုတိယံ အ-သီလိဿ၊ဗန္ဓရဿက္ခိ ဘိန္ဒတိ။
ကော မေ ပုတ္တေ ကုလာဝကံ၊မဉ္စ သောတ္ထိံ ကရိဿတိ။ ။
ဟူသော၌ဒုတိယဂါထာကိုဆို၏။ ။

(၁၁၆၀) အသီလိဿ၊သီလမရှိသော။ ဗန္ဓရဿ၊ဗန္ဓရအမည်ရှိသောဆင်ထိန်းတဘက်ကန်း၏။ဒုတိယံ၊နှစ်ချမြောက်ဖြစ်သော။ အက္ခိံ၊ မျက်စိကို"ကော၊အဘယ်သူသည်။ ဘိန္ဒတိ၊ဘောက်ပါအံ့နည်း။ ကော၊အဘယ်သူသည်။မေ၊ငါ၏။ ပုတ္တေစ၊သားတို့ကိုရင်း။ ကုလာဝကဉ္စ၊အသိုက်ကိုရင်း။မဉ္စ၊ငါ့ကိုရင်း။ သောတ္ထိံ၊ ချမ်းသာခြင်းကို။ ကရိဿတိ၊ပြုပါလတ္တံ့နည်း။ ။

ဘုရားလောင်းသည်။မြတ်သောမင်းကြီး၊သင်မင်းကြီး၏ပြာသာဒ်အထွတ်၌တရသောဃုဏာမဉ်သောပိုးသည်နေ၏။ ထိုပိုးသည်ထိုထိုအရပ်၌လျှင်အကာကိုစား၍ အကာကုန်သည်ရှိသော် အနှစ်ကိုစားခြင်းငှါ မတတ်နိုင်၊ထိုပိုးသည်အစာကိုမရ၍ ထွက်အံ့သောငှါလည်းမတတ်နိုင်ရကားငိုကြွေးလျက်သုံးချဖြစ်သော အသံကိုပြု၏။ ထိုအသံကြောင့်လည်းမင်းကြီးအား ဘေးမရှိဟုဆို၍ ထိုပိုး၏ ကြံယာကို မိမိဉာဏ်ဖြင့် မိုင်းခြားလို၍။ ။

(၁၁၆၁) သဗ္ဗာ ပရိက္ခယာ ဖေဂ္ဂု၊ယာဝတဿ ဂတီ အဟု။
ခီဏ-ဘက္ခော မဟာ-ရာဇ၊သာရေ န ရမတီ ဃုဏော။ ။
ဟူသော၌တတိယဂါထာကိုဆို၏။ ။

(၁၁၆၁) မဟာရာဇ၊မြတ်သောမင်းကြီး။အဿ၊ထိုအကာ၏။ ယာဝတာယတ္တကာ၊ အကြင်မျှလောက်သော။ ဂတိ၊ဖြစ်ခြင်းသည်။ အဟုအဟောသိ၊ ထင်၏။ တာဝတာ၊ ထိုမျှလောက်။ သဗ္ဗာ၊ အလုံးစုံသော။ ဖေဂ္ဂု၊အကာသည်။ ခါဒိတာ၊စားအပ်ပြီး၍။ပရိက္ခယာ၊ကုန်လေပြီ။ ခီဏဘက္ခော၊ကုန်ပြီးသောအစာရှိသော။ဃုဏော၊အကာစားပိုးသည်။ သာရေ၊အနှစ်၌။နရမတိ၊မမွေ့လျော်။ ။

ဘုရားလောင်းသည် မြတ်သောမင်းကြီး၊ သင်မင်းကြီးအိပ်မက်၌ မွေး အပ်သောတခုသောဥဩမသည် ရှိသလောဟုမေး၏။အရှင်ဘုရား၊ရှိ၏ဟုလျှောက်၏။မြတ်သောမင်းကြီး၊ထိုဥဩမသည်မိမိနေဘူးသောတောအုပ်ကို အောက်မေ့ရကားငြိုးငွေ့၍ အဘယ်နံ့ရောအခါမှလျှင် ဤချိုင့်မှ လွတ်၍မွေ့လျော်ဘွယ်ရှိသောတောအုပ်သို့သွားရပါအံ့နည်းဟု ငံလေးခုမြောက်သောအသံကိုပြု၏။ ထိုအသံကြောင့် မင်းကြီးအားဘေးမရှိဟု ဆိုလို၍။ ။

(၁၁၆၂) သာ နူနာဟံ ဈာတော ဂတွာ၊ရညော မုတ္တာ နိဝေသနာ။
အတ္တာနံ ရမယိဿာမိ၊ဒုမ-သာခ-နိကေတိနီ။ ။

ဟူသော ဤစတုတ္ထဂါထာကိုဆို၏။ ။

(၁၁၆၂) သာအဟံ၊ ထိုငါသည်။ ရညော၊သင်မင်းကြီး၏။ ဈာတေ-နိဝေသနာ၊ဤနန်းတော်မှ။ မုတ္တာ၊လွတ်လျက်။ ဂတွာ၊သွား၍။ ဒုမသာခနိကေတိနီ၊ကောင်းစွာပွင့်သောပန်းရှိသောသစ်ခက်တို့၌မိမိအသိုက်လျှင် နေရာရှိသည်ဖြစ်၍။ အတ္တာနံ၊ငါ၏ကိုယ်ကို။ ရမယိဿာမိ နူ၊အဘယ်နံ့ ရောအခါမှမွေ့လျော်စေရအံ့နည်း။ ။

ဘုရားလောင်းသည်၊မြတ်သောမင်းကြီး၊သင်မင်းကြီး၏နန်းတော်၌ မွေးအပ်သောတခုသောသမင်သည်ရှိသလောဟုမေး၏။ အရှင်ဘုရား၊ ရှိ၏ဟုမင်းသည်လျှော်၏။မြတ်သောမင်းကြီး၊ ထိုသမင်ကား တခုသော သမင်မင်းတည်း၊ မိမိ၏မယားသမင်မကိုအောက်မေ့၍ကိလေသာ၏အစွမ်းအားဖြင့်ငြိုးငွေ့၍ ငါးခုမြောက်သောအသံကိုပြု၏။ထိုအသံကြောင့်လည်းသင်မင်းကြီးအားဘေးသည်မရှိဟုဆိုလို၍။ ။

(၁၁၆၃) သောနူနာဟံ ဈာတော ဂတွာ၊ရညော မုတ္တော နိဝေသနာ။
အဂ္ဂေါဒကာနိ ပိဿာမိ၊ယူထဿ ပုရတော ဝဇံ။ ။

ဟူသော ဤပဉ္စမဂါထာကိုဆို၏။ ။

(၁၁၆၃) သောအဟံ၊ ထိုငါသည်။ ရညော၊မင်းကြီး၏။ဈာတောနိဝေသနာ၊ဤနန်းတော်မှ။ မုတ္တော၊လွတ်လျက်။ ဂတွာ၊သွား၍။ ယူထဿ၊သမင်အပေါင်း၏။ ပုရတော၊ရှေ့မှ။ ဝဇံ၊သွားလျက်။ အဂ္ဂေါဒကာနိ၊ရေဦးတို့ကို။ပိဿာမိနူ၊အဘယ်နံ့ရောအခါမှသောက်ရပါအံ့နည်း။ ။

ဘုရားလောင်းသည်၊ မြတ်သောမင်းကြီး၊သင်မင်းကြီး၏နန်းတော်၌ မွေးသောမျောက်သည် ရှိသလောဟုမေး၏။ အရှင်ဘုရားရှိ၏ဟုလျှော်၏။ မြတ်သောမင်းကြီး၊ ထိုမျောက်သည်လည်း ဟိမဝန္တာ၌ မျောက်မတို့နှင့်တကွကာမ၌ မက်မောသည်ဖြစ်၍ သွားစဉ်၊ ဘဒ္ဒကမည်သောသမှူးဆိုးသည်၏အရပ်သို့ဆောင်ခဲ့၏။ ယချင်းငွေ့၍ ဟိမဝန္တာသို့လျှင် သွားလို၍ ခြောက်ချမြောက်သောအသံကိုပြု၏။ ထိုအသံကြောင့်လည်း သင်မင်းကြီးအားဘေးသည်မရှိဟုဆိုလို၍။ ။

(၁၁၆၄) ထံ မံ ကာမေဟိ သမ္မတ္တံ၊ရတ္တံ ကာမေသု မုစ္ဆိတံ။
အာနယိ ဝနတော လုဒ္ဒေါ၊ဗာဟိကော ဘဒ္ဒမတ္ထု တေ။ ။
ဟူသောဆဋ္ဌဂါထာကိုဆို၏။ ။

(၁၀၉၀) ကာမေဟိ၊ ကာမတို့ဖြင့်။ သမ္မတ္တံ၊အလွန်ရစ်သော။ ကာမေသု၊ကာမတို့၌။ ရတ္တံ၊တပ်စွန်းသော။ မုစ္ဆိတံ၊မိန်းမောသော။ တံမံ၊ထိုငါ့ကို။ ဗာဟိကော၊ဗာဟိကတိုင်းသားဖြစ်သော။ လုဒ္ဒေါ၊မုဆိုးသည်။ ဝနတော၊တောမှ။ အာနယိ၊ဆောင်ခဲ့၏။ တေ၊သင့်အား။ ဘဒ္ဒံ၊ကောင်းမြတ်သောမင်္ဂလာသည်။အတ္ထု၊ဖြစ်စေသတည်း။ ။

ဘုရားလောင်းသည်၊မြတ်သောမင်းကြီး၊သင်မင်းကြီး၏နန်းတော်၌ မွေးသောကိန္နရာသည်ရှိသလောဟုမေး၏။အရှင်ဘုရားရှိ၏ဟုလျှောက်သည်ရှိသော်၊ မြတ်သောမင်းကြီး၊ ထိုကိန္နရာသည် မိမိ၏မယားကိန္နရီမသည်ပြုအပ်သောကျေးဇူးကို အောက်မေ့၍ ကိုယ်လေသာဖြင့် ကျင်နာသည်ဖြစ်၍ အသံကိုပြု၏။ ထိုကိန္နရာသည်ကိန္နရီမနှင့်တကွ တနေ့သ၌ ထက်သောတောင်ထွတ်သို့တက်၍၊ ထိုတောင်ထွတ်၌ထိုကိန္နရာတို့သည် အဆင်းအနံ့အရသာနှင့်ပြည့်စုံသော အထူးထူးသောပန်းတို့ကို ဆွတ်ကုန်ပန်ကုန်လျက် နေဝင်သည်ကိုမမှတ်ကုန်။ နေဝင်လတ်သော် ဆင်းသက်ကုန်သောကိန္နရာတို့အား၊အမိုက်မှောင်သည်ဖြစ်၏။ထိုအခါကိန္နရီသည်ကိုကိန္နရီမသည်၊အရှင်၊အမိုက်မှောင်သည်ဖြစ်၏။ မချော်မချွတ်စေဘဲ မမေ့မလျော့သဖြင့်သက်လော့ဟုဆို၍ လက်၌ကိုင်၍ ဆင်းသက်စေ၏။ ထိုကိန္နရာသည်ထိုကိန္နရီမ၏စကားကိုအောက်မေ့၍အသံကိုပြု၏. ထိုအသံကြောင့်လည်းသင်မင်းကြီးအားဘေးသည်မရှိဟုဆိုလို၍ ထိုအကြောင်းကိုမိမိဉာဏ်ဖြင့်မိုင်းခြား၍ထင်စွာပြုလျက်။ ။

(၁၁၆၅) အန္ဓကာရ-တိမိသာယံ၊တုင်္ဂေ ဉပရိပဗ္ဗတေ။
သာမိ သဒ္ဒေန မုဒုနာ၊မာ ပါဒံ ခလိ ယာဟ္ဝိနိ။ ။

ဟူသော၍သတ္တမဂါထာကိုဆို၏။ ။

(၁၁၆၅) သာ၊ထိုကိန္နရီမသည်။မံ၊ငါ့ကို။ အန္ဓကာရတိမိသာယံ၊မမြင်သည်၏အဖြစ်ကိုပြုတတ်သောအမိုက်မှောင်၌။ တုင်္ဂေ၊ထက်သော။ဥပရိပဗ္ဗတေ၊တောင်ထွတ်၌။သဒ္ဒေန၊သိမ်မွေ့သော။မုဒုနာ၊နူးညံ့သော။ ဝစနေန၊စကားဖြင့်။သာမိ၊သခင်။အဟ္ဝိနိ၊ကျောက်၌။ပါဒံ၊ခြေကို။ မာခလိ၊မချော်စေလင့်။ ဣတိ၊ဤသို့။ဝတ္တာ၊ဆို၍။ ဟတ္ထေန၊လက်ဖြင့်။ဂဟေတွာ၊ကိုင်၍။ဩတာရေသိ၊သက်စေ၏။ ။

ဘုရားလောင်းသည်၊ မြတ်သောမင်းကြီး၊ရှစ်ခုမြောက်သော အသံသည်ကား၊ဥဒါန်းကျူးရင့်သောအသံတည်း။နန္ဒမူလိုဏ်၌တဆူသောပစ္စေကဗုဒ္ဓါသည်မိမိ၏အာယုသင်္ခါရကုန်ခြင်းကိုသိ၍ လူ့ပြည်သို့လာ၍ဗာရာဏသီမင်း၏ဥယျာဉ်၌ပရိနိဗ္ဗာန်ပြုအံ့။ လူတို့သည်ငါ၏အလောင်းကိုသဂြိုဟ်ခြင်းကိုပြု၍ သာဓုကီဠနမည်သော ကစားခြင်းကိုကစား၍ ပူဇော်ခြင်းကိုပြု၍ နတ်ပြည်ကိုပြည့်စေကုန်လတ္တံ့ဟု-တန်းခိုးအာနုဘော်ဖြင့်ကောင်းကင်၌သွားလျက်သင်မင်းကြီး၏ပြာသာဒ်အထက်သို့ရောက်သောကာလ၌ခန္ဓာဝန်ကိုချ၍ နိဗ္ဗာန်ပြည်သို့ဝင်ခြင်းကိုပြုတတ်သော ဥဒါန်းကိုကျူးရင့်၏ဟုပစ္စေကဗုဒ္ဓါသည်ဆိုအပ်သော။ ။

(၁၁၆၆) အ-သံသယံ ဇာတိခယန္တ-ဒဿိ၊
န ဂဗ္ဘ-သေယျံ ပုနရာဝဇိဿံ။
အယမန္တိမာ ပစ္ဆိမ-ဂဗ္ဘသေယျာ၊
ခီဏော မေ သံသာရော ပုနဗ္ဘဝါယ။ ။

ဟူသော၍အဋ္ဌမဂါထာကိုဆို၏။ ။

(၁၁၆၆) ဇာတိခယန္တဒဿိ၊နိဗ္ဗာန်ကိုမြင်သော။အဟံ၊ငါသည်။ အသံသယံ၊မချွတ်။ ပုန၊တဖန်။ဂဗ္ဘသေယျံ၊အမိဝမ်း၌ပဋိသန္ဓေနေခြင်းသို့။ န အာဝဇိဿံ၊မရောက်ရအံ့။ မေ၊ငါ၏။ အယံဇာတိ၊ဤအဖြစ်သည်။ အန္တိမာ၊ အဆုံးစွန်သော။ ဇာတိ၊အဖြစ်တည်း။ အယံ၊ ဤပဋိသန္ဓေနေခြင်းသည်။ ပစ္ဆိမဂဗ္ဘသေယျာ၊ အဆုံးစွန်ဖြစ်သောပဋိသန္ဓေနေခြင်းတည်း။ မေ၊ငါ၏။ပုနဗ္ဘဝါယ၊တဖန်ဘဝအသစ်ဖြစ်ခြင်း၌။သံသာရော၊ခန္ဓာအါယတနဓာတ်တို့၏မပြတ်ဖြစ်ခြင်းအစဉ်ဟုဆိုအပ်သောသံသရာသည်။ခီ

ထော၊ကုန်ပြီ။ ။(ဝိတုတောအာဂတံဝိတံကား အာဘမှလာသောဥစ္စာ
တည်း။ ။တျဇ္ဇဘိဂေ်နာတိတေမယံအဇ္ဈမဇ္ဈေအလာဘန္တာမဏ္ဍူကမဇ္ဈေ
နယာပေမ။ ။ဤအဋ္ဌကထာအလို,ဘိဂ်သဒ္ဒါသည် ဘား ဟော ဟူလို
သည်။ ။အဘိဓာန်၌ကား။ ။မဏ္ဍူကောဒဒ္ဒုရောဘေကော။ဟု-ဘား
ဟောပရိယာယ်သုံးပုဒ်လာ၏။ ။ဩက္ကန္တန္တဝေဝံဖိဃဿနာယပိင်္ဂတာဝိဝ
သန္ဓာနံနဇဟာမ။ ။ဟူသောအဋ္ဌကထာအလို,ဩက္ကန္တသဒ္ဒါသည်နေ
ရာအရပ်ဟော။ ။ကောဒုတိယံစသော ဂါထာ၌ ဘိဇ္ဇတိ,ဟု-ဒိဝါဒိ
ဂိုဏ်းနှင့်ရှိသည်မသင့်၊ရုဓါဒိဂိုဏ်းနှင့်ရှိမှသကမ္မကဖြစ်၍သင့်သည်။ ။
ပါကာရံဘိန္ဒတိဝေရီ။ဘိတ္တိံဘိဇ္ဇတိတခ်ဏေကဲ့သို့မှတ်။ ။ဒုတိယံအင်္ဂ
ကောဘိန္ဒတိ၊ ဟု-သမ္ဗန္ဓပြု၍အင်္ဂ လိုလျက် ဆန်းပျက်မည်ကြောင့် နိဂ္ဂ
ဟိတ်ကျေသည်။ယာဝတသာယာဝတာအသာဖြစ်။ယာဝပုဒ်တသာ
ပုဒ်မဟုတ်။ ။ယာဝတသာဂတိအဟုတိယာဝတာအသာပေဂ္ဂလယာ
နိဗ္ဗတ္တိအဟုအဟောသိ။ ။(အဋ္ဌကထာ)။ ။ဃုဏောဝ်ဃုသဒ္ဒေ၊ဃဝ
တိတိဃုဏော။ ။ယောပါဏကော၊အကြင်ပိုးသည်။ ဃဝတိသဒ္ဒံက
ရောတိ၊သစ်ပျဉ်ကိုကိုက်သဖြင့်ဃုတ်ဃုတ်အသံပြုတတ်၏။ ။ဃုဏော၊
ယုပစ္စည်း။ ။စတုတ္ထက္ခရာနှင့်သင့်သည်။ဂုဏော,ဟု-တတိယက္ခရာမ
သင့်။ တိ၌ဆန်းကြောင့်ဒီဃ။ ။တုဂ်ေတိတိဝိဏော။ ။အဋ္ဌကထာ
ဘွင့်ရကား။တုဂ်သဒ္ဒါသည်ကားထက်သောအနက်ကိုဟောသည်။ ။
တုဂ်နာသိကသုဘောဝ်ကဲ့သို့ဖြင့်သောအနက်ကိုမဟော။ ။မာပါဒံစ
လိယာသွနိတိယကာရောဇျဋ္ဌနသန္ဓိဝသေနဂဟိတော။ ။(အဋ္ဌကထာ)။ ။
ပါသာဏောသွာပလောသိလာ။(အဘိဓာန်)။ ။ပါသာဏ,အသွ,ဥပ
လ,သိလာ၊ဟု-ကျောက်ဟောပရိယာယ်လေးပုဒ်လာရကား၊ ဤအသွသဒ္ဒါ
သည်ကျောက်ဟော။ဘို့ဝိဘတ်ကိုနိပြု၍အဘ္ဘနိနေသည်)။ ။

အဋ္ဌသဒ္ဒဇာတကံ ဒုတိယံ။၄၁၈။

---

## ၄၁၉-သုလသာဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်
စွာဘုရားသည်၊ သုဝဏ္ဏကာယုရီ,အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာ
ဆင်အပ်သော၍သုလသာဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌သီတင်း

သုံးနေတော်မူစဉ်၊ အနာထပိဏ်သူဌေး၏တယောက်သောကျွန်မကို အကြောင်းပြု၍ဟောတော်မူ၏။ ။

အရှင်သား၊ကျွန်ုပ်သည် ပြုအပ်သောကျေးဇူးကို အရှင်အောက်မေ့လော့။ နှောင်ဖွဲ့၍ ဆောင်အပ်သောအရှင်သားကို ကျွန်ုပ်သည် သူဌေးသားဖြင့်လဲ၍ များစွာသောဥစ္စာကိုပေး၍အသက်ကိုရစေပြီ။နေ့တိုင်းတထောင်သောအသပြာကို ရလျက်လည်း တပါးသောယောကျ်ားတို့ကို ကျွန်ုပ်သည်မကြည့်၊အရှင်သားအားကျွန်ုပ်သည်ကျေးဇူးပြု၏၊ကျွန်ုပ်ကိုမသတ်လင့်အရှင်သားအားကျွန်ုပ်သည်များစွာသောဥစ္စာကိုလည်းပေးအံ့။ကျွန်မိန်းမလည်း ဖြစ်အံ့ဟုတောင်းပန်လိုရကား။ ။

(၁၁၆၇) ဣဒံ သုဝဏ္ဏ-ကာယူရံ၊မုတ္တာဝေဠုရိယာ ဗဟူ။
သဗ္ဗံ ဟရဿု ဘဒ္ဒန္တေ၊မဉ္စ ဒါသီတိ သာဝယ။ ။

ဟူသော၍ပဋ္ဌမဂါထာကိုဆို၏။ ။

(၁၁၆၇) သာမိ၊အရှင်သား။တော၊သင်အား။ဘဒ္ဒံ၊ကောင်းမြတ်သောမင်္ဂလာသည်။ဘဝတု၊ဖြစ်စေပါမည်။တွံ၊သင်သည်။ ဣဒံသုဝဏ္ဏကာယူရံ၊၏ရွှေဖြင့်ပြီးသော လည်ဆွဲတန်းဆာကိုရင်း။ ဗဟူ၊များစွာကုန်သော။ မုတ္တာဝေဠုရိယာ၊ ပုလဲကျောက်မြက်ရွဲတို့ကိုရင်း။ သဗ္ဗံ၊ အလုံးစုံသောတန်းဆာကို။ အာဟရဿု၊ဆောင်ယူလော့။မဉ္စ၊အကျွန်ုပ်ကိုလည်း။ ဒါသီတိ၊ကျွန်မိန်းမတည်းဟု။ မဟာဇနမဇ္ဈေ၊လူများအလယ်၌။ သာဝယ သာဝေတွာ၊ငါ၏ကျွန်မဟုသိကြားစေ၍။ဂဏှ၊ယူတော်မူလော့။ ။

ထိုနောင်မှသတ္တုကြသည်။ ။

(၁၁၆၈) ဩရောပယဿု ကလျာဏီမာ ၊ဗာ ဠှံပရိဒေဝသိ။
နစာဟံအဘိဇာနာမိ၊အဟတွာ ဓန မာဘတံ။ ။

ဟူသောဒုတိယဂါထာကိုဆို၏။ ။

(၁၁၆၈) ကလျာဏီ၊ ကောင်းသောလက္ခဏာနှင့် ပြည့်စုံသောရှင်မ။ တွံ၊ သင်သည်။ ဩရောပယဿု၊ ဆင်ယင်သော တန်းဆာတို့ကို ချွတ်လော့။ ဗာဠှံ၊ ပြင်းစွာ။ မာပရိဒေဝသိ၊ မငိုကြွေးလင့်။ အဟံ၊ငါသည်။ အဟတွာ၊ဥစ္စာရှင်ကိုမသတ်မူ၍။ဓနံ၊ဥစ္စာကိုသာ။ အာဘတံ၊ဆောင်ယူဘူးသည်ကို။နအဘိဇာနာမိ၊မသိစဘူး။ ။

ဤသို့သဗ္ဗုကြာသည်မိမိအလိုအားလျော်စွာဒုတိယဂါထာကိုဆိုအပ်သည်ရှိသော် သုလသာသည်ခဏာခြင်းဖြစ်သောဉာဏ်ဖြင့် အကြောင်းကိုသိ၍၊ ဤခိုးသူသည်ငါ့အား အသက်ကိုမပေးလတ္တံ့။ ဥပါယ်ဖြင့်ထိုခိုးသူကိုရှေးဦးစွာကမ်းပါးပြတ်၌ကျစေ၍ အသက်ကုန်ခြင်းသို့ ရောက်စေအံ့ဟုကြံ၍။ ။

(၁၁၆၉) ယတော သရာမိ အတ္တာနံ၊ယတော ပတ္တောသ္မိ ဝိညုတံ။
နစာ.ဟံ အဘိဇာနာမိ၊အညံ ပိယတရံ တယာ။ ။
(၁၁၇၀) ဧဟိ တံ ဥပဂုယှိဿံ၊ကရိဿဉ္စ ပဒက္ခိဏံ။
နဟိ ဒါနိ ပုန အတ္ထိ၊မမ တုယှဉ္စ သင်္ဂမော။ ။

ဟူသောဤဂါထာတို့ကိုဆို၏။ ။

(၁၁၆၉-၁၁၇၀) သာမိ၊အရှင်။အဟံ၊ငါသည်၊ ယတော၊အကြင်အခါမှစ၍။အတ္တာနံ၊ကိုယ်ကို။သရာမိ၊အောက်မေ့၏။ ယတော၊အကြင်အခါမှစ၍။ဝိညုတံ၊လိမ္မာသောအဖြစ်သို့။ပတ္တော၊ရောက်သည်။အသ္မိ၊ဖြစ်၏။တတော၊ထိုအခါမှစ၍။ တယာ၊သင့်ထက်။ ပိယတရံ၊အလွန်ချစ်ခင်သော။ အညံ၊တပါးသောလင်ကို။နစအဘိဇာနာမိ၊မသိစဘူး။ ။သာမိ၊အရှင်။ ဧဟိ၊လာလော့။ တံ၊သင့်ကို။ ဥပဂုယှိဿံ၊ပွေ့ဖိုက်ဘက်ယမ်းပါအံ့။ပဒက္ခိဏဉ္စ၊လက်ျာရစ်လှည့်ခြင်းကိုလည်း။ကရိဿံ၊ပြုအံ့။ဟိ၊ဒါနိ၊ယခု။ ပုန၊တဖန်။မမစ၊ငါ၏ရင်း။ တုယှဉ္စ၊သင်၏ရင်း။ သင်္ဂမော၊ ပေါင်းဘော်ခြင်းသည်။နဟိအတ္ထိ၊မရှိသလျှင်ကတည်း။ ။

သဗ္ဗုကြာသည်သုလသာ၏အလိုကိုမသိ၍၊ ရှင်မ၊ကောင်းပြီလာလော့၊ ငါ့ကိုဘက်လော့ဟုဆို၏။ သုလသာသည်သဗ္ဗုကြာကို သုံးကြိမ်လက်ျာရစ်လှည့်၍ ပွေ့ဖိုက်ဘက်ရမ်းနမ်း၏။ အရှင်၊ယခုသင့်ကိုလေးမျက်နှာတို့၌ရှိခိုးအံ့ဟုဆို၍ ခြေဘမိုး၌ဦးတင်၍ သဗ္ဗုကြာ၏မောင်းကိုလည်းရှိခိုး၍ နောက်သို့သွား၍ရှိခိုးသကဲ့သို့ပြု၍ဆင်ပြောင်အားကိုဆောင်သောပြည့်တန်းဆာမသည် ခိုးသူကိုနောက်မှ ခြေနှစ်ဘက်တို့၌ကိုင်၍ ဦးစောက်ထား၍အသူတရာနက်သောချောက်၌ချ၏။ခိုးသူသည်ချောက်၌လျှင် မှုန့်မှုန့်ကြေ၍သေလေ၏။ ထိုအမှုအရာကိုမြင်၍တောင်ထိပ်၌ နေသောနတ်သည်။ ။

(၁၀၇၁) နဟိ သဗ္ဗေသု ဌာနေသု၊ ပုရိသော ဟောတိ ပဏ္ဍိတော။
ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊ တတ္ထတတ္ထ ဝိစက္ခဏာ။ ။
(၁၀၇၂) နဟိ သဗ္ဗေသု ဌာနေသု၊ ပုရိသော ဟောတိ ပဏ္ဍိတော။
ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊ လဟုံ အတ္ထံ ဝိစိန္တိကာ။ ။
(၁၀၇၃) လဟုဉ္စ ဝတ ခိပ္ပဉ္စ၊ နိကဋ္ဌေ သမစေတယိ။
မိဂံ ပုဏ္ဏာယတေနေဝ၊ သုလသာ သတ္တုကံ ဝဓိ။ ။
(၁၀၇၄) ယောဓ ဥပ္ပတိတံ အတ္ထံ၊ န ခိပ္ပ·မနုဗုဇ္ဈတိ။
သော ဟညတိ မန္ဒမတိ၊ စောရောဝ ဂိရိ-ဂဗ္ဘရေ။ ။
(၁၀၇၅) ယောဓ ဥပ္ပတိတံ အတ္ထံ၊ ခိပ္ပမေဝ နိဗောဓတိ။
မုစ္စတေ သတ္တုသမ္ဗာဓာ၊ သုလသာ သတ္တုကာမိဝ။ ။

ဟူသောဤဂါထာတို့ကိုဆို၏။ ။

(၁၀၇၁-၁၀၇၅) သဗ္ဗေသု၊ ခပ်သိမ်းကုန်သော။ ဌာနေသု၊ အရာတို့၌။ ပုရိသော၊ ယောကျ်ားသည်သာလျှင်။ ပဏ္ဍိတော၊ ပညာရှိသည်။ န ဟောတိ၊ မဟုတ်။ ဣတ္ထီပိ၊ မိန်းမသည်လည်း။ ပဏ္ဍိတာ၊ ပညာရှိသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထတတ္ထ၊ ထိုထိုအရာ၌။ ဝိစက္ခဏာ၊ အထူးသဖြင့် မြော်မြင်တတ်၏။ ။သဗ္ဗေသု၊ ခပ်သိမ်းကုန်သော။ ဌာနေသု၊ အရာတို့၌။ ပုရိသော၊ ယောကျ်ားသည်သာလျှင်။ ပဏ္ဍိတော၊ ပညာရှိသည်။ န ဟောတိ၊ မဟုတ်။ ဣတ္ထီပိ၊ မိန်းမသည်လည်း။ ပဏ္ဍိတာ၊ ပညာရှိသည်။ ဟောတိ၊ ဖြစ်၏။ လဟုံ၊ လျင်မြန်စွာ။ အတ္ထံ၊ အကျိုးကို။ ဝိစိန္တိကာ၊ ကြံနိုင်၏။ ။နိကဋ္ဌေ၊ သေခြင်း၏အနီး၌။ ဌိတာဝ၊ တည်လျက်လျှင်။ ဝတ၊ စင်စစ်။ တသာ၊ ထိုနိုးသူ၏။ မရဏဘယပါယံ၊ သေခြင်း၏အကြောင်းကို။ လဟုဉ္စ၊ လျင်စွာရင်း။ ခိပ္ပဉ္စ၊ မြန်စွာရင်း။ သမစေတယိ၊ ကြံနိုင်၏။ ပုဏ္ဏာယတေန၊ မြားပြည့်သောလေးဖြင့်။ မိဂံ၊ သမင်ကို။ ဝဓိတ္ထုဝ၊ သတ်သကဲ့သို့။ တထါ၊ ထို့အတူ။ သုလသါ၊ သုလသာသည်။ သတ္တုကံ၊ သတ္တုကနိုးသူကို။ ဝဓိ၊ သတ်၏။ ။ဣဓ၊ ဤလောက၌။ ယော၊ အကြင်သူသည်။ ဥပ္ပတိတံ၊ ဖြစ်သော။ အတ္ထံ၊ ကိစ္စကို။ ခိပ္ပံ၊ လျင်စွာ။ နအနုဗုဇ္ဈတိ၊ မသိ။ မန္ဒမတိ၊ နုံ့သောပညာရှိသော။ သော၊ ထိုသူသည်။ ဂိရိဂဗ္ဘရေ၊ တောင်ကမ်းပါးပြတ်၌။ စောရောဝ၊ သတ္တုကနိုးသူကဲ့သို့။ ဟညတေ၊ သေ၏။ ။ဣဓ၊ ဤလောက၌။ ယော၊ အကြင်သူသည်။ ဥပ္ပတိတံ၊ ဖြစ်သော။ အတ္ထံ၊ ကိစ္စကို။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ နိဗောဓတိ၊ သိ

၏။သော၊ထိုသူသည်။သတ္တုကော၊သတ္တုကခိုးသူမှ။ သုလသာ၊သုလသာ သည်။ မုစ္စတိဇုဝ၊လွှတ်သကဲ့သို့။ သတ္တုသမ္ဘာခေ၊ရန်သူ့လက်တွင်းအ ကျဉ်းအမြောင်းမှ။ မုစ္စတော၊လွှတ်၏။ ။(ကာယုရန္တိ ဂိဝါယပိလန္ဓနပ သာခနံကာယုရံ။ ။(အဋ္ဌကထာ)။ ။လည်၌ဆင်ယင်သောလည်ရွဲတန်း ဆာပုလိုသည်။ ။ကာယုရသဒ္ဒါကားလက်ကောက်ဟောတည်း။ ။ သာဝယကားသုခေတ်၊တွာပစ္စည်း။ ။သာဝယာတိမဟာဇနမဇ္ဈေသာ ဝေတွာ။ ။ဥပဂုယှ ိသံ၌ ဥပဇှေးရှိသောဂုဟာခေတ်၊ဒိဝါဒိဂိုဏ်း၊ ယ ပစ္စည်းသက်၍ ဥပဂုယှ ိသံနေသည်။ ။ဥပဂုယှသူတိအာလိင်္ဂိယာ တိ။ ။ဟုဋီကာရှိရကားဥပဇှေးရှိသောဂုဟာခေတ်သည် ဤ၌ပွေ့ဖိုက် ဘက်ရမ်းခြင်းကို ဟောသည်။ ။ပုဏ္ဏာယတေနဝါတိပုဂ္ဂိတခနဲ့သို့ သကာဏ္ဍပုဏ္ဏခနဲ့သို့။ ။အဋ္ဌကထာဘွင့်ရကားမြားပြည့်သောလေး ဖြင့်ပေးသည်)။ ။သုလသာဇာတကံ တတိယံ။၄၁၉။

၄၂၀-သုမင်္ဂလဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ် စွာဘုရားသည်၊ဘုမ္ဗိကုဋ္ဌေါ,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ် သော၊ဤသုမင်္ဂလဇါတ်ကို၊ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော် မူစဉ်၊ရာဇောဝါဒသုတ်ကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ထိုအခါသုမင်္ဂလကိုမင်းသည်၊ ထိုသို့တပြီးကားသင်သည် မကြော့ လင့်ဟုနှစ်သိမ့်စေ၍တဘန်ဥယျာဉ်စောင့်ပြု၏။ထိုအခါထိုမင်းကို ထိုအ မတ်သည်၊ မြတ်သောမင်းကြီး၊ အဘဲ့ကြောင့်သင်မင်းကြီးတို့သည် နှစ် ကြိမ်သုမင်္ဂလ၏ သတင်းစကားကိုကြား၍ တရုံတခုသောစကား မဆို ကုန်သနည်း။ သုံးကြိမ်မြော်၌ကား အဘဲ့ကြောင့်သုမင်္ဂလ၏ သတင်းစ ကါးကိုကြား၍ခေါ်စေ၍သနားတော်မူကုန်သနည်းဟုမေး၏။မင်းသည်၊ အမောင်၊မင်းမည်သည်ကား၊ အမျက်ထွက်သဖြင့်အဆောတလျင်တရုံ တခုအမှုကို ပြုခြင်းငှါမသင့်။ ထိုကြောင့်ငါသည် ဈေး၌ဆိတ်ဆိတ်နေ၍ သုံးကြိမ်မြောက်၌သုမင်္ဂလအားငါ၏ စိတ်၌နူးညံ့သည်၏ အဖြစ်ကိုသိ၍ သုမင်္ဂလကိုခေါ်စေ၏ဟုဆိုလိုရကား။ ။

(၁၁၇၆) ဘုသံပိ ကုဒ္ဓေါတိ အဝေက္ခိယာန၊
နတာဝ ဒဏ္ဍံ ပဏယေယျ ဣဿရော။
အဋ္ဌာနသော အပ္ပတိရူပမတ္တနော၊
ပရဿ ဒုက္ခာနိ ဘုသံ ဥဒီရယေ။ ။
(၁၁၇၇) ယတော စ ဇာနေယျ ပသာဒမတ္တနော၊
အတ္ထံ နိယုဉ္ဇေယျ ပရဿ ဒုက္ကဋံ။
တဒါ ယမတ္ထောတိ သယံ အဝေက္ခိယ၊
အထဿ ဒဏ္ဍံ သဒိသံ နိဝေသယေ။ ။
(၁၁၇၈) နစာပိ ဈာပေတိ ပရံပိ အတ္တနံ၊
အမုစ္ဆိတော ယော နယတေ နယာနယံ။
ယော ဒဏ္ဍဓာရော ဘဝတိဓ ဣဿရော၊
သ ဝဏ္ဏဂုတ္တော သိရိယာ န ဓံသတိ။ ။
(၁၁၇၉) ယေ ခတ္တိယာ အနိသမ္မ-ကာရိနော၊
ပဏေန္တိ ဒဏ္ဍံ သဟသာ မုစ္ဆိတာ။
အဝဏ္ဏ-ယုတ္တာဝ ဇဟန္တိ ဇီဝိတံ၊
ဣတော ဝိမုတ္တာပိစ ယန္တိ ဒုဂ္ဂတိံ။ ။
(၁၁၈၀) ဓမ္မေစ ယေ အရိယပ္ပဝေဒိတေ ရတာ၊
အနုတ္တရာ တေ ဝစသာ မနသာ ကမ္မုနာစ။
တေ သန္တိ-သောရစ္စ-သမာဓိ-သဏ္ဌိတာ၊
ဝဇန္တိ လောကံ ဥဘယံ တထာ-ဝိဓာ။ ။
(၁၁၈၁) ရာဇာဟမသ္မိ နရ-ပမဒါနမိဿရော၊
သစေပိ ကုဇ္ဈာမိ ဌပေမိ အတ္တနံ။
နိသေဓယန္တော ဇနတံ တထာ-ဝိဓံ၊
ပဏေမိ ဒဏ္ဍံ အနုကမ္ပ ယောနိသော။ ။

ပဉ္စသောဂါထာတို့ကိုဆိုပြီ။ ။

(၁၁၇၆-၁၁၈၁) တာတ၊အမောင်။ ဣဿရော၊အစိုးရသောမင်းသည်။အဟံ၊ငါကား။ဘုသံပိ၊ပြင်းစွာလည်း။ကုဒ္ဓေါ၊အမျက်ထွက်၏။ဣတိ၊ဤသို့. အဝေက္ခိယာနအဝေက္ခိတွာဥ_တွာ၊သိ၍။တာဝ၊ရှေးဦးစွာ။ဒဏ္ဍံ၊အဋ္ဌဝတ္ထုကြေသည်အပြားရှိသောဒဏ်ကို။ ပဏပဏယေယျနပ္ပဝတ္တေ

ယျ၊မဖြစ်စေရာ။ကိံ ကာရဏာ၊အဘဲ့ကြောင့်နည်းဟူမူကား။ ကုဒ္ဓေါ၊အ
မျက်ထွက်သောသူသည်။ အဋ္ဌဝတ္ထုကံ၊ အဋ္ဌဝတ္ထုကဒဏ်ကို။ သော
ဠသဝတ္ထုကံကတွာ၊ သောဠသဝတ္ထုကဒဏ်ပြု၍။ အဋ္ဌာနသောအကာ
ရဏေန၊အကြောင်း မဟုတ်သောအားဖြင့်။ အတ္တနော၊မိမိ၏။ ရာဇဘာ
ဝဿ၊မင်းအဖြစ်အား။ အပ္ပတိရူပံ၊မလျောက်ပတ်သော။ ဇုမံ၊ဤသူကို။
ဝွတ္တကံနာမ၊ ဤမျှသောဒဏ်ကို။ အာဟရထ၊ ဆောင်စေကြကုန်လော့။
တ ဿ၊ထိုသူအား။ ဇုဒဏ္ဍ၊ဤဒဏ်ကိုလည်း။ ကရောထ၊ ပြုကြကုန်လော့။
ဇုတိ၊ဤသို့။ ပရဿ၊သူတပါး၏။ ဘုသံ၊ပြင်းပြစွာ။ ဒုက္ခာနိ၊မခံမရပ်နိုင်
သောဆင်းရဲတို့ကို။ဥဒီရယေ၊ဆိုရာ၏။ ။ယတော၊အကြင်အခါ၌ကား။
အတ္တနော၊မိမိ၏၊ ပသာဒံ၊ သူတပါး၌ဖြစ်သော ကြည်လင်ခြင်းကို။ ဇာ
နေယျ၊သိရာ၏။ အထ၊ထိုသို့စိတ်ကြည်လင်သောအခါ၌။ ပရဿ၊သူတ
ပါး၏။ဒုက္ကဋံ၊မကောင်းသဖြင့်ပြုအပ်သောအပြစ်ကိုရင်း။အတ္ထံ၊ကောင်း
စွာပြုအပ်သော အမှုကိစ္စကိုရင်း။ နိယျဒ္ဓေယျ၊ ဆင်ခြင် နှိုင်းဥပသိရာ၏။
တဒါ၊ထိုအခါ၌။ (ထည့်)။ဇဝံ၊ဤသို့။ နိယျဒ္ဓေနော၊ ရုံစမ်းနှိုင်းဥပသိလတ်၍။
ဝွဿ၊ဤသူ၌။အယံအဝ္ဖော၊ဤမည်သောအကျိုးသည်။ ဟောတိ၊ဖြစ်၏။
ဇတဿ၊ဤသူ၏။ အယံဒေါသော၊ဤမည်သောအပြစ်သည်။ ဟောတိ၊
ဖြစ်၏။ဇုတိ၊ဤသို့။သယံအဝေက္ခိယ၊သူတပါးစကားဖြင့်သာမကောက်၊
ကိုယ်ကြပ်မျက်မှောက်သိလတ်၍။ အထ၊ထိုနောင်မှ။ အဿ၊ထိုအပြစ်
ကိုပြုသောသူအား။ဒဏ္ဍံ ဒဏ္ဍသဒိသံ၊ အဋ္ဌဝတ္ထုကသောဠသကစသည်
တူမျှသဖြင့်အပြစ်အားသင့်လျော်သောဒဏ်ကို။ နိဝေသယေ၊ ဖြစ်စေရာ
၏။ ။ဇုဓ၊ဤလောက၌။ ယောဇုသဿရော၊ အကြင်အစိုးရသော မင်း
သည်။ အမုစ္ဆိတော၊ဆန္ဒာဂတိအစရှိသော ကိလေသာတို့သည် မနှိပ်
စက်အပ်သည်ဖြစ်၍။ နယာနယံ၊ သင့်မသင့်ကို။ နယတေ၊ ဆင်ခြင်၏။
သောဇုသဿရော၊ ထိုအစိုးရသော မင်းသည်။ ပရံပိ၊ သူတပါးကိုရင်း။
အတ္တာနဥ္စာပိ၊ မိမိကိုယ်ကိုရင်း။ နဗျာပေတိ၊ မလောင်စေ။ ယောဇုသဿ
ရော၊ အကြင်အစိုးရသောမင်းသည်။ ဒဏ္ဍဓာရော၊ အပြစ်အား လျော်
သောဒဏ်ကိုဆောင်သည်။ ဘဝတိ၊ဖြစ်၏။ သောဇုသဿရော၊ထိုအစိုးရ
သောမင်းသည်။ ဝဏ္ဏဂုတ္တော၊ကျေးဇူးအခြံအရံ အကျော်အစောသည်
စောင့်ရှောက်အပ်သည်ဖြစ်၍။သိရိယာ၊အသရေမှ၊နဓံသတိ၊မယုတ်။ ။
ယေခတ္တိယာ၊အကြင်မင်းတို့သည်။ အနိသမ္မကာရိနော၊ မဆင်မခြင်ပြု

လေ့ရှိကုန်၏။ မုဋ္ဌဿတာ၊ဆန္ဒာဂတိအစရှိသောကိလေသာတို့သည် နှိပ်
စက်အပ်ကုန်သည်ဖြစ်၍။ သဟာသာ၊ အဆောတလျင်။ ဒဏ္ဍံ၊ဒဏ်ကို။ပ
ဏောန္တိ၊ ဖြစ်စေကုန်၏။ အခမ္မိကာ၊ တရားကို မစောင့်ကုန်သော။ တေ
လောလရာဇာနော၊ထိုလျှပ်ပေါ်သောမင်းတို့သည်။ အယုတ္တာ၊ကျေးဇူး
မဲ့နှင့်ယှဉ်ကုန်သည်သာလျှင်ဖြစ်၍။ဇီဝိတံ၊အသက်ကို။ဇဟန္တိ၊စွန့်ရကုန်
၏။ဣတော၊ ဤပစ္စုပ္ပန်ဘဝမှ။ ဝိမုတ္တာပိစ၊ လွတ်ကင်းကုန်သော်လည်း။
ဒုဂ္ဂတိံ၊ဒုဂ္ဂတိဘဝသို့။ယန္တိ၊လားရကုန်၏။ ။ယေခတ္တိယာ၊အကြင်
မင်းတို့သည်။အရိယပ္ပဝေဒိနော၊ ကောင်းသောအကျင့်ရှိသော ရှေးမင်း
တို့သည်ဟောကြားအပ်သော။ ခမ္မေ၊ဆယ်ပါးအပြားရှိသော မင်းကျင့်
တရား၌။ရတာ၊မွေ့လျော်ကုန်၏။တေခတ္တိယာ၊ထိုမင်းတို့သည်။ ဝစသာ
စ၊ဝစီဒွါရဖြင့်၎င်း။ မနသာစ၊မနောဒွါရဖြင့်၎င်း။ ကမ္မုနာစ၊ကာယဒွါရ
ဖြင့်၎င်း။ အနုတ္တရာ၊ မိမိထက် အလွန်အကဲမရှိကြီးမြတ်ကုန်၏။ သန္တ
သောရစ္စသမာဓိသဏ္ဌိတာ၊ အဂတိကိုပယ်သဖြင့် ပူပန်စေတတ်သော
ကိလေသာ၏ ငြိမ်းချမ်းခြင်းကောင်းမြတ်သော သီလဟု ဆိုအပ်သော
သောရစ္စကေဂ္ဂတာသမာဓိ၌ ကောင်းစွာတည်ကုန်သော။ တထာဝိဓာ၊
ထိုသို့သဘောရှိကုန်သော။ တေခမ္မိကရာဇာနော၊ထိုတရားစောင့်သော
မင်းတို့သည်။ခမ္မေန၊တရားသဖြင့်။ရဋ္ဌံ၊မင်းအဖြစ်ကို။ ကာရေတွာ၊ပြုစေ
၍။ဉဘယံလောကံ၊မနုဿလောကမှသည် ဒေဝလောက၊ဒေဝလောက
မှသည်မနုဿလောကဟုဆိုအပ်သောနှစ်ပါးသောလောကသို့သာလျှင်။
ဝဇန္တိ၊ ရွှေစက်တော် ဖြန့်ရ ကုန်၏။ နိရယာဒီသု၊ ငရဲ စသည်တို့၌။ န
နိဗ္ဗတ္တန္တိ၊မဖြစ်ရကုန်။ ။အဟံ၊ငါသည်။နရပမဒါနံ၊ ယောက်ျားမိန်းမ
တို့ကို။ဣဿရော၊အစိုးရသော။ရာဇာ၊မင်းသည်။ အသ္မိ၊ဖြစ်၏။သစေပိ
ကုဇ္ဈာမိ၊အကယ်၍တစိုးတစိအမျက်ထွက်မိအံ့။ ကုဒ္ဓေါပိ၊အမျက်ထွက်
သော်လည်း။ကောခဝသေန၊အမျက်နိုင်ငံအားဖြင့်။ အဂတ္တွာ၊အဂတိသို့
မလိုက်မူ၍။ အတ္တာနံ၊မိမိကိုယ်ကို။ နိသေခယန္တော၊ ပညာဥာဏ်ဖြင့်မြစ်
လျက်။ခမ္မေ၊ရှေးမင်းတို့သည်ထားအပ်သောဝိနိစ္ဆယခမ္မသဘော၌။ဌပေ
မိ၊ထားအံ့။ ဝိနိစ္ဆယခမ္မံ၊ရှေးမင်းတို့အဆုံးအဖြတ်တရားကို။ နဘိန္ဒာမိ၊မ
ဖျက်အံ့။ဣတိ၊ဤသို့။ ယောနိသော၊အသင့်အားဖြင့်။တထာဝိဓံ၊ ထိုသို့သ
ဘောရှိသော။ ဇနတံ၊လူအပေါင်းကို။အနုကမ္ပ၊သနား၍။ဒဏ္ဍံ၊ဒဏ်ကို။ပ
ဏောမိ၊ဖြစ်စေ၏။ ။

ဤသို့ခြောက်ဂါထာတို့ဖြင့်မင်းသည် မိမိကျေးဇူးကိုဆိုလတ်သော်၊ ခပ်သိမ်းသောမင်း၏ပရိသတ်သည်လည်းနှစ်သက်သည်ဖြစ်၍ ဤသိလ အကျင့်ဂုဏ်နှင့်ပြည့်စုံခြင်းသည်ရှင်မင်းကြီးတို့အားသာလျှင် လျောက် ပတ်၏ဟု မင်း၏ကျေးဇူးကိုဆို၏။ သုမင်္ဂလသည်ကား ပရိသတ်သည် မင်း၏ကျေးဇူးကို ဆိုသည်၏အဆုံး၌ထ၍ မင်းကိုရှိခိုး၍ လက်အုပ်ချီ၍ ချီးမွမ်းခြင်းကိုပြုလိုရကား။ ။

(၁၁၇၂) သိရီစ လက္ခီစ တဝေဝ ခတ္တိယ၊
ဇနာဓိပ မာ ဝိဇဟိ တံ ကုဒါစနံ။
အက္ကောဓနော နိစ္စ ပသန္နစိတ္တော၊
အနီဃော တုဝံ ဝဿ-သတာနိ ပါလယ။ ။

(၁၁၇၃) ဂုဏေဟိ ဧတေဟိ ဥပေတ ခတ္တိယ၊
ဌိတမရိယဝတ္တိ သုဝစော အက္ကောဓနော။
သုခီ အနုပ္ပီဠ သဟာသမေဒနီံ၊
ဣတော ဝိမုတ္တောပိစ ယာဟိ သုဂ္ဂတိံ။ ။

(၁၁၇၄) ဧဝံ သုနီတေန သုဘာသိတေန၊
ဓမ္မေန ဉာယေန ဥပါယသော နယံ။
နိဗ္ဗာပယေ သင်္ခုဘိတံ မဟာ-ဇနံ၊
မဟာဝ မေဃော သလိလေန မေဒနီံ။ ။

ဟူသောဤသုံးဂါထာတို့ကိုဆို၏။ ။

(၁၁၇၂-၁၁၇၄)ဇနာဓိပ၊ လူတို့ကိုအစိုးရသော။ ခတ္တိယ၊မင်းမြတ်။ တဝေဝ၊သင်မင်းကြီးကိုလျှင်။ သိရီစ၊ အခြံအရံ၏ ပြည့်စုံခြင်းသည်ရင်း။ လက္ခီစ၊ ဘုန်းပညာသည်ရင်း။ ကုဒါစနံ၊ တရံတဆစ်။ မာဝိဇဟိ၊မစွန့် စေသတည်း။တုဝံ၊သင်မင်းကြီးသည်။နိစ္စံ၊အမြဲ။ အက္ကောဓနော၊အမျက် မထွက်သည်ဖြစ်၍။ပသန္နစိတ္တော၊ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍။ အနီ ဃော၊ဆင်းရဲမရှိသည်ဖြစ်၍။ဝဿသတာနိ၊အနှစ်တရာတို့ပတ်လုံး။ပါလ ယ၊စောင့်တော်မူပါလော့။ ။ခတ္တိယ၊မင်းမြတ်။တုဝံ၊သင်မင်းမြတ်သည်။ ဧတေဟိဂုဏေဟိ၊ထိုအထူးထူးသောကျေးဇူးတို့နှင့်။ဥပေတော၊ပြည့်စုံ သည်ဖြစ်၍။ ဌိတမရိယဝတ္တိ၊တည်သော မင်းကျင့်တရားရှိသည်ဖြစ်၍။

သုဝစော၊ဆိုလွယ်သည်ဖြစ်၍။ အက္ကောဓနော၊အမျက်မထွက်သည်ဖြစ်၍။သဟာသမေဒနိံ၊မိမိဥစ္စာမြေနှင့်တကွသောသတ္တဝါကို။ အနုပ္ပီဠံ၊မနှိပ်စက်မူ၍။ဣတော၊ဤဘဝမှ။ ဝိမုတ္တောပိစ၊လွတ်ကင်းသော်လည်း။ သုဂတိံ၊သုဂတိဘဝသို့။ သုခီ၊ချမ်းသာစွာ။ ယာဟိ၊ရွှေစက်ဖြန့်ကြွတော်မူပါလော့။ ။မဟာမေဃော၊ကြီးစွာသောမိုးသည်။သလိလေန၊ရေဖြင့်။မေဒနိံ၊မြေကို။ နိဗ္ဗာပေတိဣဝ၊ငြိမ်းစေသကဲ့သို့။ ဧဝံတထာ၊ထို့အတူ။သုနီတေန၊ကောင်းစွာဆောင်အပ်သောအကြောင်းဖြင့်။ သုဘာသိတေန၊ကောင်းစွာဆိုအပ်သောစကားဖြင့်။ ဓမ္မေန၊ဆယ်ပါးသောကုသလကမ္မပထတရားဖြင့်။ဉာယေန၊အသင့်အားဖြင့်။ ။(ပုရိမပဒဿဝေဝစနံ)။ ။ဥပါယသော၊ဥပါယကောသလ္လေန၊အကြောင်း၌လိမ္မာသဖြင့်။နယံနယန္တော ရဇ္ဇံ အနုသာသန္တော၊တိုင်းပြည်ကိုဆုံးမသော။ဓမ္မိကရာဇာ၊တရားစောင့်သောမင်းသည်။ဣမာယပဋိပတ္တိယာ၊ဤအကျင့်ဖြင့်။ ကာယိကစေတသိကဒုက္ခဒရထံ၊ ကာယိကဒုက္ခစေတသိကဒုက္ခဟုဆိုအပ်သော ပူပန်ခြင်းကို။ အဖုသန္တော၊မတွေ့မထိသည်ဖြစ်၍။သဗ္ဗတ္ထ တံပိ၊ကာယိကဒုက္ခစေတသိကဒုက္ခဖြင့် ချောက်ချားလောက်လက် သည့်လည်းဖြစ်သော။ (ဋီကျေ)။မဟာဇနံ၊လူအများကို။နိဗ္ဗာပယေ၊ငြိမ်းစေနိုင်ရာ၏။ တွံပိ၊ကာသိကကောသလတိုင်းရှင်သင်မင်းကြီးသည်လည်း။တထေဝ၊ထို့အတူသာလျှင်။နိဗ္ဗာပေဟိ၊ငြိမ်းစေလော့။ ။ဤသို့ကောသလမင်းအားဆုံးမသည့်အစွမ်းအားဖြင့်ဤဓမ္မဒေသနာကိုဆောင်တော်မူ၏။ ။(အဋ္ဌဝတ္ထုကာဒိဘေဒံဒဏ္ဍံပရိဿနပဏယေယျန္တိပဝတ္တေယျ)။ ။ဟုအဋ္ဌကထာဖွင့်ရကား။ ။ပဏဗျဝဟာရေထုတိယဉ္စ။ပဏာတိဝါဏိဇောဝေါဟာရံကရောတိ၊သဒ္ဒေါဗုဒ္ဓိပဏာတိထောမယတိ။အပဏံ။ ။ဟူသောသဒ္ဒနီတိ၌စင်ကြိုဟ်ဖြင့်ဒဏ်ပေးခြင်း,၊ဒဏ်ကိုဖြစ်စေခြင်းကိုယူ။ ။တေသန္တိသောရစ္စသမာဓိသညုတ္တာတိတေအဂတိပ္ပဟာနေနကိလေသသန္တိယဉ္စ သုသီလသမ္ပါတေ သောရစ္စေစ ဧကဂ္ဂတာ သမာဓိမှိစသညုတ္တာ ဓမ္မိကရာဇာနော။ ။ဟူသောအဋ္ဌကထာ၌သန္တိသောရစ္စသမာဓိတို့၏အနက်ကိုအစဉ်အတိုင်းမှတ်။ ။နရပမဒါနံ၌ပမဒါကားနာရီဇုတ္တိတို့၏ပရိယာယ်။ ။ထို့ကြောင့်။ ။နရပမဒါနန္တိ နရာနဉ္စနာရီနဉ္စ။ ။ဟုအဋ္ဌကထာဖွင့်သည်။ ။သိရီစလက္ခီစာတိပရိဝါရသမ္ပတ္တိဉ္စပုညဉ္စ။ ။ဟုသိရီလက္ခီတို့၏အနက်ကိုအကွဲအပြားဖွင့်သည်။တခြားအရာ၌ပရိယာယ်ဟူ၍လည်းလာ၏။ ။

ဂုဏောဟိဧတေဟိ ဥပေတာခတ္တိယန္တိဥပေတာကား ဝါဏာပဌေန္တိကဲ့သို့ အဝိဘတ္တိကနိဒ္ဒေသ။ ။ဥပေတာခတ္တိယာတိဥပေတောခတ္တိယ။အယမေဝပါဠိ။ ။(အဋ္ဌကထာ)။ ။မဟာဝမေဃောကား နဝံပနဘိက္ခု နာဗိဂရုလာဘေန,န္တိကဲ့သို့။ဗှုဝခြားလျက်သမာသ်ဖြစ်သည်။ ။သုမင်္ဂလဇာတက စတုက္ကံ၊၄၂၀။

---

## ၄၂၁-ဂင်္ဂမာလဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊အင်္ဂါရဇာတာ,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော ဤဂင်္ဂမာလဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ဥပုသ်သုံးသောအမှုကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ထိုအခါထိုရေထမ်းယောကျ်ားကိုမင်းသည်မေးလိုရကား။ ။

(၁၁၇၅) အင်္ဂါရ-ဇာတာ ပထဝီ၊ကုက္ကုဠနုဂတာ မဟီ။
အထ ဂါယသိ ဝတ္တာနိ၊န တံ တပတိ အာတပေါ။ ။

(၁၁၇၆) ဥဒ္ဓံ တပတိ အာဒိစ္စော၊အဓော တပတိ ဝါလုကာ။
အထ ဂါယသိ ဝတ္တာနိ၊န တံတပတိ အာတပေါ။ ။

ဟူသော၌ဂါထာတို့ကိုဆို၏။ ။

(၁၁၇၅-၁၁၇၆) အမ္ဘောပုရိသ၊ဒိုယောကျ်ား။ ပထဝီ၊မြေကြီးသည်။ အင်္ဂါရဇာတာ၊အတောက်အလျှံကင်းသောမီးကြီးကဲ့သို့ ပူသည့်ဖြစ်၏။ မဟီ၊ ဤမြေကြီးသည်။ကုက္ကုဠနုဂတာ၊ပြာပူသဘွယ်ဖြစ်သော သဲပူနှင့်တကွဖြစ်၏။ အထ၊ထိုသို့ဖြစ်လျက်။တွံ၊သင်သည်။ ဝတ္တာနိ၊အာယောဂပတ်ပုဆိုးတို့ကို။အာရောပေတွာ၊တင်၍။ဂီတံ၊သီချင်းကို။ဂါယသိ၊သီ၏။ တံ၊သင့်ကို။အာတပေါ၊အပူသည်။နတပတိ၊မပူလောင်သလော။ ။ဥဒ္ဓံ၊အထက်၌။အာဒိစ္စော၊နေသည်။ တပတိ၊ပူ၏။အဓော၊အောက်၌။ ဝါလုကာ၊သဲသည်။တပတိ၊ပူ၏။ အထ၊ထိုသို့ပူလျက်။တွံ၊သင်သည်။ ဝတ္တာနိ၊အာယောဂပတ်ပုဆိုးတို့ကို။ အာရောပေတွာ၊တင်၍။ ဂီတံ၊သီချင်းကို။ ဂါယသိ၊သီ၏။ တံ၊သင့်ကို။ အာတပေါ၊အပူသည်။ နတပတိ၊မပူလောင် သလော။ ။

ထိုရေထမ်းယောကျ်ားသည်မင်း၏စကားကိုကြား၍။ ။

(၁၁၀၇) န မံ တပတိ အာတပေါ၊ အာတပါ တပယန္တိ မံ။
အတ္တာဟိ ဗိဗိဓာ ရာဇ၊ တေ တပယန္တိ န အာတပေါ။ ။

ဟူသောဤတတိယဂါထာကို၏။ ။

(၁၁၀၇) ရာဇ၊ မင်းမြတ်။ မံ၊ အကျွန်ုပ်ကို။ အာတပေါ၊ နေပူ၊ မြေပူသည်။ န တပတိ၊ မပူစေ။ မံ၊ အကျွန်ုပ်ကို။ အာတပါ၊ ဝတ္ထုကာမ၊ ကိလေသကာမတို့သည်။ တပယန္တိ၊ ပူစေကုန်၏။ ဟိ၊ သစ္စာ၊ မှန်၏။ အတ္တာ၊ ဝတ္ထုကာမ၊ ကိလေသကာမကိုမှီ၍ဖြစ်ကုန်သော အမှုကိစ္စတို့သည်။ ဗိဗိဓာ၊ အထူးထူး အပြားပြားများကုန်၏။ တေ၊ ထိုကိစ္စတို့သည်။ မံ၊ အကျွန်ုပ်ကို။ တပယန္တိ၊ ပူစေကုန်၏။ အာတပေါ၊ နေပူ၊ မြေပူသည်။ မံ၊ အကျွန်ုပ်ကို။ န တပတိ၊ မပူလောင်စေ။ ။

ထို့နောင်မှစိတ်သည်အဘန်တလဲလဲဖြစ်လတ်သော်၊ ငါ့ကိုမကောင်းမှုနှိပ်ယှဉ်စေရာ၏ဟုကြံ၏၊ ကြံပြီး၍ ထိုအဇ္ဇမာသကမင်းသည်သန်လျက်ကို မြေ၌ချ၍ ဥဒယမင်းကို ထစေ၍၊ မြတ်သောမင်းကြီး၊ သင်မင်းကြီးသည် သည်းခံလော့ဟု မြေ၌ဝပ်၏။ ယခုငါ၏အတွင်း၌ သင်အားအပြစ်မရှိသည်မဟုတ်လောဟုဥဒယမင်းသည်ဆို၏။ မြတ်သောမင်းကြီး၊ ရှိ၏။ အကျွန်ုပ်သည် ဤမည်သောအမှုကိုပြု၏ဟု အဇ္ဇမာသကမင်းသည် ဆို၏။ အဆွေ၊ ထိုသို့တပြီးကား၊ သင့်အား ငါသည်းခံ၏။ သင်အလိုရှိသော်မင်းပြုလော့။ ငါသည်ဒိပ်ရှေမင်းဖြစ်၍ သင့်ကိုခစားအံ့ဟုဆို၏။ အဇ္ဇမာသကမင်းသည်၊ မြတ်သောမင်းကြီး၊ အကျွန်ုပ်အား မင်းအဖြစ်ဖြင့်အလိုမရှိ။ ဤတဏှာသည်အကျွန်ုပ်ကိုအပါယ်တို့၌ဖြစ်စေလတ္တံ့။ သင်မင်းကြီး၏မင်းအဖြစ်ကို သင်မင်းကြီးသာလျှင်ယူလော့။ အကျွန်ုပ်သည် ရဟန်းပြုအံ့။ ကာမ၏အပြစ်ကိုအကျွန်ုပ်သည်မြင်အပ်ပြီ။ ဤကာမသည်ကြံသောသူအား အကြံအားဖြင့်ပွါး၏။ ယခုအခါမှစ၍ ထိုကာမကို မကြံအံ့ဟု ဥဒါန်းကျူးလို၍။ ။

(၁၁၀၈) အဒ္ဒသံ ကာမ တေ မူလံ၊ သင်္ကပ္ပါ ကာမ ဇာယသိ။
န တံ သင်္ကပ္ပယိဿာမိ၊ ဧဝံ ကာမ န ဟောဟိသိ။ ။

ဟူသော ဤစတုတ္ထဂါထာကိုဆို၏။ ။

(၁၁၀၈) ကာမ၊ ကာမ။ တေ၊ သင်၏။ မူလံ၊ အမြစ်ကို။ အဒ္ဒသံ၊ ငါမြင်ပြီ။ ကာမ၊ ကာမ။ တွံ၊ သင်သည်။ သင်္ကပ္ပါ၊ ကြံခြင်းကြောင့်။ ဇာယသိ၊ ဖြစ်၏။

တံ၊သင့်ကို။ နုသက်ပ္ပယိဿာမိ၊ မကြဲ့အံ့။ ကာမ၊ကာမ။ ဧဝံ၊ဤသို့မကြံ့သည့်ရှိသော်။မမန္တရေ၊ငါ၏အတွင်း၌။တွံ၊သင်သည်။ နပဟိဿိ၊မဖြစ်လတ္တံ့။ ။

ဤသို့ဆို၍ တဘန်ကာမတို့၌ လုံ့လပြုသောလူချွားအား တရားဟောလိုရကား။ ။

(၁၁၈၉) အပ္ပါပိ ကာမာ န အလံ၊ဗဟူဟိပိ န တပ္ပတိ။
အ-သာတာ ဗာလ-လာပနာ၊ပရိဝဇ္ဇေထ ဇဂ္ဂတော။ ။

ဟူသော၍ပဥ္စမဂါထာကိုဆို၏။ ။

(၁၁၈၉) မဟာရာဇ၊မြတ်သောမင်းကြီး။ အပ္ပါပိကာမာ၊အနည်းငယ်ဖြစ်ကုန်သော ဝတ္ထုကာမ,ကိလေသကာမတို့သည်လည်း။ မဟာဇနဿ၊လူများအား။နအလံ၊မလောက်ကုန်။ဗဟူဟိပိ၊များစွာကုန်သောကာမတို့ဖြင့်လည်း။မဟာဇနော၊လူများသည်။နတပ္ပတိ၊မရောင့်ရဲ။ ကာမာ၊ကာမတို့သည်။ အသာတာ၊မသာယာအပ်ကုန်။ ကာမာ၊ ကာမတို့သည်။ ဗာလလာပနာ၊သူမိုက်တို့ကို ငါ့ဥစ္စာငါ့ဥစ္စာဟု ဆိုစေတတ်ကုန်၏။ ဣမေ၊ဤကာမတို့ကို။ ဇဂ္ဂတော၊ဇဂ္ဂန္တော၊ ဗောဓိပက္ခိယတရားတို့၏ ပွါးခြင်းကိုလုံ့လပြုလျက်ရမက်ပငိုက်စသော အညစ်အကြေးကိုသုတ်သင်သောအမျိုးသားတို့သည်။ပရိဝဇ္ဇေထ၊ပယ်နိုင်ကုန်ရာ၏။ ။

ဤသို့ ထိုအဇ္ဈမာသကမင်းသည် လူများအားတရားဟော၍၊ ဥဒယမင်းအား မင်းအဖြစ်ကိုအပ်နှင်း၍ မျက်ရည်စွတ်သော မျက်နှာရှိလျက် ငိုသောလူများကိုစွန့်၍ဟိမဝန္တာသို့ဝင်၍ရဟန်းပြု၍ဈာန်အဘိညာဉ်ကိုဖြစ်စေ၍ နေ၏။ အဇ္ဈမာသကမင်း၏ ရဟန်းပြုသောကာလ၌ ဥဒယမင်းသည်ထိုဥဒါန်းကိုအပြည့်အစုံပြု၍ကျူးရင့်လိုရကား။ ။

(၁၁၉၀) အပ္ပဿ ကမ္မဿ ဖလံ မမေဒံ၊
ဥဒယော အဇ္ဈာဂမာ မဟတ္တပတ္တံ။
သုလဒ္ဓ-လာဘော ဝတ မာဏဝဿ၊
ယော ပဗ္ဗဇိ ကာမရာဂံ ပဟာယ။ ။

ဟူသော၍ဆဋ္ဌဂါထာကိုဆို၏။ ။

(၁၁၉၀) မမ၊ငါ၏။ဣဒံဖလံ၊ဤအကျိုးသည်။ အပ္ပဿကမ္မဿ၊အနည်းငယ်သော ကောင်းမှုကံ၏။ ဖလံ၊ အကျိုးတည်း။ ဥဒယော၊ ဥဒယ

မင်းသည်။ မဟာတ္တပတ္တံ၊ဖြတ်သော၊အဖြစ်သို့ရောက်သော စည်းစိမ်ကို။ အဗ္ဘာဂမာ၊ရ၏။ယောမာဏဝေါ၊အကြင်လုလင်သည်။ ကာမရာဂံ၊ကာမရာဂကို။ပဟာယ၊ပယ်၍။ပဗ္ဗဇိ၊ရဟန်းပြု၏။ တဿမာဏဝဿ၊ထိုလုလင်အား။ ဝတ၊စင်စစ်။သုလဒ္ဓလာဘော၊လူ့အဖြစ်ကိုရခြင်းသည် ကောင်းသောရခြင်းဖြစ်၏။ ။

ဤဂါထာ၏အနက်ကိုတစုံတယောက်သောသူသည်မသိ။ ထိုအခါ ထိုဥဒယမင်းကိုမိဘုရားကြီးသည်တနေ့သ၌ဂါထာ၏အနက်ကိုမေး၏။ မင်းသည်မပြောဆို။ ဥဒယမင်းအား ဂင်္ဂမာလအမည်ရှိသော မင်္ဂလာဆတ္တာသည်သည်ရှိ၏။ထိုဆတ္တာသည်သည် မင်း၏ဆံမုတ်ဆိတ်ကို ပြုပြင်သည်ရှိသော် ရှေးဦးစွာဆံရိတ်ခြင်းအမှုကိုပြု၍နောက်မှညှပ်ဖြင့် မုတ်ဆိတ်တို့ကို နှုတ်၏။ ဆံရိတ်ခြင်းအမှုကို ပြုသောကာလ၌ မင်းအား ချမ်းသာရခြင်းသည်ဖြစ်၏။မုတ်ဆိတ်ကိုနှုတ်သောကာလ၌ဆင်းရဲခြင်းဖြစ်၏။ဥဒယမင်းသည်ဆတ္တာသည်အားရှေးဦးစွာဆုပေးလို၏။နောက်မှဆံရိတ်ခြင်းကိုအလိုရှိ၏။ထိုအခါတနေ့သ၌ မင်းသည် မိဘုရားအား၊ ရှင်မ၊ဂင်္ဂမာလဆတ္တာသည်သည် မိုက်၏ဟုပြောဆို၍၊မြတ်သောမင်းကြီး၊အဘယ်သို့ ပြုခြင်းငှါသင့်သနည်းဟု ဆိုသည်ရှိသော်၊ ရှေးဦးစွာညှပ်ဖြင့်မုတ်ဆိတ်တို့ကိုနှုတ်၍ နောက်မှဆံရိတ်သောအမှုကို ပြုသင့်၏ဟုဆို၏။ မိဘုရားသည်ဆတ္တာသည်ကိုခေါ်၍၊အမောင်၊ယခုမင်း၏ဆံမုတ်ဆိတ်တို့ကိုပြုပြင်သောနေ့၌ရှေးဦးစွာမုတ်ဆိတ်တို့ကိုနှုတ်၍ နေ့ံမှဆံရိတ်သောအမှုကိုပြုလော့။မင်းသည်ဆုယူလော့ဟုဆိုသည်ရှိသော်၊ မြတ်သောမင်းကြီး၊အကျွန်ုပ်အား တပါးသောဆုဖြင့်အလိုမရှိ။ ရှင်မင်းကြီးတို့၏ဥဒါန်းဂါထာ၏အနက်ကိုကြားကုန်လော့ဟုဆိုလော့။ငါသည်သင့်အားများစွာသောဥစ္စာကို ပေးအံ့ဟုဆို၏။ ထိုဆတ္တာသည်သည် ကောင်းပြီဟုဝန်ခံ၍ဆံမုတ်ဆိတ်တို့ကိုပြုပြင်သောနေ့၌ ရှေးဦးစွာညှပ်ကိုကိုင်၏။အချင်းဂင်္ဂမာလ၊အဘဲ့ကြောင့်သင်သည်မပြုဘူးသောအသစ်ဖြစ်သော အမှုကိုပြုသနည်းဟု မေးသည်ရှိသော်၊မြတ်သောမင်းကြီး၊ဆတ္တာသည်တို့မည်သည်ကား မပြုဘူးသောအသစ်ဖြစ်သော အမှုကိုလည်းပြုကုန်၏ဟုဆို၍ ရှေးဦးစွာ မုတ်ဆိတ်တို့ကိုနှုတ်၍ နေ့ံမှဆံရိတ်သော အမှုကိုပြု၏။ သင်သည် ဆုကိုယူလော့ဟုဆို၏။ မြတ်သောမင်းကြီး၊အကျွန်ုပ်အားတပါးသောဆုဖြင့်အလိုမရှိ၊ ရှင်မင်းကြီးတို့၏ဥဒါန်း

ဂါထာ၏အနက်ကို ဟောပါကုန်လော့ဟု ဆို၏။ မင်းသည် မိမိဆင်းရဲ
သောကာလ၌စကားကို ဆိုအံ့သော်ငါရှက်ရကား၊ အမောင်၊သင့်အား
ဤဆုဖြင့် အဘယ်အကျိုးရှိအံ့နည်း၊တပါးသောဆုကိုယူလော့ဟုဆို၏။
မြတ်သောမင်းကြီး၊ ထိုဆုကိုပေးတော်မူလော့ဟု ဆေတ္တသည်သည်
ဆို၏။ဥဒယမင်းသည်မုသာဝါဒမှကြဲသောကြောင့်ကောင်းပြီဟုဝန်
ခံ၍ကုမ္မာသပိဏ္ဍိဇာတ်၌ဆိုအပ်သောနည်းဖြင့်အလုံးစုံကိုလည်းမယုတ်
စေမူ၍ရတနာပလ္လင်၌နေ၍၊ ဂင်္ဂမာလ၊ငါသည်ရှေးဘဝ၌ဤဗာရာဏသီ
ပြည်၌လျှင်ဖြစ်၏။ဤသို့အစရှိသောအလုံးစုံသောစကားကိုရှေးနည်းဖြင့်
ကြား၍ဤအကြောင်းဖြင့်ထက်ဝက်သောဂါထာကိုဆို၍ငါ၏အဆွေခင်
ပွန်းသည်ကားရဟန်းပြု၏။ငါသည်မေ့လျော့၍မင်းအဖြစ်ကိုလျှင်ပြု၏ဤ
အကြောင်းကြောင့်နောက်ထက်ဝက်သောဂါထာကိုဆို၏ဟု ဥဒါန်းဂါ
ထာ၏အနက်ကိုဟော၏။ထိုစကားကိုကြား၍ဆေတ္တသည်သည်ထက်
ဝက်သောကာလ၌ စောင့်ရှော်အပ်သောဥပုသ်ဟုဆိုအပ်သောကုသိုလ်
ကံဖြင့်မင်းသည်ဤစည်းစိမ်ကိုရ၏။ ကုသိုလ်မည်သည်ကို ပြုအပ်သည်
သာလျှင်ဖြစ်၏။ငါသည်ရဟန်းပြု၍မိမိ၏ တည်ရာကိုပြုရမူကားကောင်း
၏ဟုကြံ၍ဆွေမျိုးစဉ်ဆက်စည်းစိမ်ဥစ္စာကိုစွန့်၍မင်းကို ရဟန်းပြုခြင်း
ကိုခွင့်ပြုစေ၍ ဟိမဝန္တာသို့သွား၍ ရသေ့ရဟန်းပြု၍ လက္ခဏာရေးသုံး
ပါးကိုတင်၍ဝိပဿနာကိုပွါးစေ၍ ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်၍တန်း
ခိုးဖြင့်ဖြစ်သောသပိတ်သင်္ကန်းရှိသည်ဖြစ်၍ ဂန္ဓမာဒနတောင်၌ ငါးနှစ်
ခြောက်နှစ်နေ၍ ဗာရာဏသီမင်းကိုကြည့်အံ့ဟု ကောင်းကင်ဖြင့်လာ၍
ဥယျာဉ်ဝယ်မင်္ဂလာ ကျောက်ဖျာ၌နေ၏။ဥယျာဉ်စောင့်သည်သိ၍ မင်း
အိမ်သို့သွား၍၊ မြတ်သောမင်းကြီး၊ ဂင်္ဂမာလသည် ပစ္စေကဗုဒ္ဓါ ဖြစ်၍
ကောင်းကင်ဖြင့်လာ၍ဥယျာဉ်၌နေ၏ဟုမင်းအားကြား၏။ မင်းသည်ထို
စကားကိုကြား၍ ပစ္စေကဗုဒ္ဓါကိုရှိခိုးအံ့ဟု လျင်မြန်စွာထွက်၏။ မင်း၏
မယ်တော်သည်လည်းသားနှင့်တကွလျှင်ထွက်၏။မင်းသည် ဥယျာဉ်သို့
ဝင်၍ပစ္စေကဗုဒ္ဓါကို ရှိခိုး၍ ပရိသတ်နှင့်တကွတင့်အပ်လျော်ပတ်စွာနေ
၏။ပစ္စေကဗုဒ္ဓါသည်မင်းနှင့်တကွပဋိသန္ထာရကိုပြုသည်ရှိသော်၊ဗြဟ္မဒတ်၊
သင်သည်မေ့လျော့သလော၊တရားသဖြင့်မင်းပြု၏လော၊ဒါနအစရှိသော
ကောင်းမှုတို့ကို ပြု၏လောဟု မင်းကိုအမျိုးအမည်အားဖြင့် ခေါ်၍ ပဋိ
သန္ထာရကိုပြု၏။ ထိုစကားကိုကြား၍ မင်း၏မယ်တော်သည် ဤအမျိုး

ယုတ်သောဒုဿစ်အကြေးကိုသုတ်သင်သော ဆေတ္တာသည်သားသည် ကိုယ်ရမ်းကိုမသိ။ ရေမြှေရှင်ဖြစ်သော ငါ့သားကိုဖြဟ္မဒတ်ဟု အမည် အားဖြင့်ခေါ်၏ဟုအမျက်ထွက်၍။ ။

(၁၁၉၁) တပသာ ပဇဟန္တိ ပါပ-ကမ္မံ၊
တပသာ နှာပိတ ကုမ္ဘကာရဘာဝံ။
တပသာ အဘိဘုယျ ဂင်္ဂမာလ၊
နာမေနာလပသဇ္ဇ ဗြဟ္မဒတ္တ။ ။

ဟူသော၍သတ္တမဂါထာကိုဆို၏။ ။

(၁၁၉၁) ဂင်္ဂမာလ၊ဂင်္ဂမာလ။ သတ္တာ၊သတ္တဝါတို့သည်။ တပသာ၊အကျင့်ဖြင့်။ ပါပကမ္မံ၊ယုတ်မာသောအမှုကို။ ပဇဟန္တိ၊စွန့်ကုန်၏။နှာပိတ၊ ဆေတ္တာသည်။သတ္တာ၊သတ္တဝါတို့သည်။ တပသာ၊အကျင့်ဖြင့်။ကုမ္ဘကာ ရဘာဝံ၊အမျက်ထွက်ခြင်းကိုပြုတက်သောအဖြစ်ကို။ ပဇဟန္တိ၊စွန့်ကုန် ၏။ဂင်္ဂမာလ၊ဂင်္ဂမာလ။ တွံ၊သင်သည်။ အဇ္ဇ၊ယခု။တပသာ၊အကျင့်ဖြင့်။ မမပုတ္တံ၊ငါ့သားကို။အဘိဘုယျ၊နှိပ်စက်၍။ဗြဟ္မဒတ္တ၊ဗြဟ္မဒတ်။ဇာတိ၊ဤ သို့။နာမေန၊ အမည်အားဖြင့်။ ယံအာလပသိ၊ အကြင်ခေါ်၍၊ တေ၊ဤငါ့ သားမင်းမြတ်ကိုဗြဟ္မဒတ်ဟုငယ်မည်ဘော်၍ခေါ်ခြင်းသည်။တေ၊ယုတ် မာလှစွာဆေတ္တာသည်မျိုးဖြ၏သောသင်အား။ ပတိရူပံနု၊ လျောက်ပတ် သလော။ ။

မင်းသည်မယ်တော်ကိုမြစ်၍ပစ္စေကဗုဒ္ဓါ၏ဂုဏ်ကိုပြလိုရကား။ ။
(၁၁၉၂)သန္ဒိဋ္ဌိကမေဝ အမ္မ ပဿ၊ ခန္တိ-သောရစ္စဿ ယော ဝိပါကော။
သော သဗ္ဗဇနဿ ဝန္ဒိတာဟု၊တံ ဝန္ဒာမ သရာဇိကာ သမစ္စာ။ ။

ဟူသော၍အဋ္ဌမဂါထာကိုဆို၏။ ။

(၁၁၉၂) အမ္မ၊မိခင်။ယော ဝိပါကော၊အကြင်ခန္တီသိလ၏အကျိုးသည်။ အဟု၊ဖြစ်၏။ သော ဝိပါကော၊ ထိုအကျိုးသည်။ သဗ္ဗဇနဿ၊ ခပ်သိမ်း သောသူ၏။ဝန္ဒိတာ၊ရှိခိုးခြင်းကိုခံရသည်။အဟု၊ဖြစ်၏။သရာဇိကာ၊မင်း နှင့်တကွကုန်သော။သမစ္စာ၊အမတ်နှင့်တကွကုန်သော။မယံ၊ငါတို့သည်။ တံ၊ထိုပစ္စေကဗုဒ္ဓါကို။ ဝန္ဒာမ၊ရှိခိုးကုန်၏။ ခန္တိသောရစ္စဿ၊ သည်းခံ ခြင်းတရားသိလတရား၏။ သန္ဒိဋ္ဌိကမေဝ၊ မျက်မှောက်၌လျှင် ဖြစ်သော အကျိုးကို။တွံ၊သင်မိခင်သည်။ပဿ၊ရှုလော့။ ။

မင်းသည်မယ်တော်ကိုမြင်သည်ရှိသော်၊ ကြွင်းသော လူများသည် ထ၍၊ ရှင်မင်းကြီး၊ ရှင်မင်းကြီးအား ဤသို့သဘောရှိသော အမျိုးယုတ် သောသူသည်အမည်အားဖြင့် ခေါ်ခြင်းသည်မသင့်ဟုဆိုရ၏။မင်းသည် လူများကိုလည်းမြင်၍ပစ္စေကဗုဒ္ဓါ၏ကျေးဇူးစကားကိုဆိုအံ့သော်ငှါ။ ။

(၁၁၉၃) မာ ကိဉ္စိဝရတ္ထ ဂဏ်မာလံ၊
မုနိနံ မောန-ပထေသု သိက္ခမာနံ။
ဧသော ဟိ အတရိ အဏ္ဏဝံ၊
ယံ တရိတွာ စရန္တိ ဝိတ-သောကာ။ ။

ဟူသောဤဩဝါဒဂါထာကိုဆို၏။ ။

(၁၁၉၃) အမ္ဘော၊အချင်းတို့။တုမှေ၊သင်တို့သည်။မုနိနံ၊အဂါရိက,အနဂါ ရိက,သေက္ခ,အသေက္ခ,ပစ္စေကဗုဒ္ဓါတို့၏။ မောနပထေသု၊သုံးပါးသော သိက္ခာ,သုံးဆဲ့ခုနစ်ပါးသောဗောဓိပက္ခိယ တရားဟုဆိုအပ်ကုန်သောရ ဟန်းတို့၏အကျင့်တို့၌။ သိက္ခမာနံ၊ကျင့်သော။ ဂဏ်မာလံ၊ဂဏ်မာလကို။ ကိဉ္စိ၊တစုံတခုသောစကားကိုမျှ။ မာအဝရတ္ထ၊ မဆိုကြကုန်လင့်။ ဝိတ သောကာ၊စိုးရိမ်ခြင်းကင်းကုန်သော အရိယာတို့သည်။ ယံ၊ အကြင်သံ သရာတည်းဟူသောသမုဒ္ဒရာကို။ တရိတွာ၊ကူး၍။စရန္တိ၊သွားကုန်၏။ဧ သော၊ဤဂဏ်မာလသည်။တံအဏ္ဏဝံ၊ထိုသံသရာတည်းဟူသောသမုဒ္ဒရာ ကို။ အတာရိဟိ၊ ကူးပြီးသလျှင်ကတည်း။ ။(အဒ္ဓသံကာမတေမှုလံခွဲ၊ ကာမကား ဓမ္မအာသုပ်တည်း။ ။ပရိဝဋ္ဋေထဇဂ္ဂဋ္ဌောဆိုအပ်လျက် ဂိုဏ်းကြောင့် နသံယုဂ်ကို ချေ၍ ဇဂ္ဂတောနေသည်။ ။ထို့ကြောင့်၊ ဇဂ္ဂတောတိဇဂ္ဂဋ္ဌော,ဟု-အဋ္ဌကထာဘွင့်သည်)။ ။ဂဏ်မာလဇာတကံ ပဉ္စမံ။၄၂၁။

၄၂၂-စေတိယဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ် စွာဘုရားသည်၊ ဓမ္မောဟဝေဟတောဟန္တိ, အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော ဤစေတိယဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ ဒေဝဒတ်အားမြေမျိုခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအခါ ငါ့အားကြားလော့ဟု ကပိလရသေ့သည်ဆို၏။ ခုနစ်ရက်

မြောက်ဖြစ်သောနေ့၌ လူတို့သည်မုသာဝါဒကိုကြည့်ကုန်အံ့ဟု မင်းရင်ပြင်၌စည်းဝေး၍ ညောင်စောင်းအဆင့်ဆင့်တို့ကိုဖွဲ့၍တည်ကုန်၏။ ပုရောဟိတ်သားအဘအားကြား၏။မင်းသည် တန်းဆာဆင်လျက်ထွက်၍လူများအလယ်၌မင်းရင်ပြင်ကောင်းကင်၌ရပ်၏။ရသေ့သည် ကောင်းကင်ဖြင့်လာ၍မင်း၏ရှေ့မှနိသိဒိုန်သားရေကိုခင်း၍ ကောင်းကင်၌ထက်ဝယ်ဖွဲ့သဖြင့်နေ၍၊မြတ်သောမင်းကြီး၊မုသာဝါဒမည်သည်ကားအပြစ်လေး၏။ဂုဏ်ကျေးဇူးကိုဖျက်ဆီးတတ်၏။ အပါယ်လေးပါးတို့၌ဖြစ်စေတတ်၏။ မင်းမည်သည်ကား မုသာဝါဒဆိုသည်ရှိသော်တရားကိုသတ်၏။တရားကိုသတ်သော်မိမိသည်လျှင် မိမိကိုယ်ကို သတ်သည်ဖြစ်၏ဟုဆုံးမလိုရကား။ ။

(၁၁၉၄) ဓမ္မော ဟဝေ ဟတော ဟန္တိ၊နာဟတော ဟန္တိ ကိဉ္စနံ။

တသ္မာ ဟိ ဓမ္မံ နဟနေ၊မာ တွံ ဓမ္မော ဟတော ဟနိ။ ။

ဟူသော၅ပဌမဂါထာကိုဆို၏။ ။

(၁၁၉၄) မဟာရာဇ၊ မြတ်သောမင်းကြီး။ ဟဝေ၊ စင်စစ်။ ဟတော၊ သတ်အပ်သော။ ဓမ္မော၊ကြီးသောသူတို့အား အရိုအသေပြုခြင်း တရားသည်။ ဟန္တိ၊မိမိကိုသတ်သောသူကိုသတ်၏။ အဟတော၊မသတ်အပ်သောတရားသည်။ ကိဉ္စနံ၊တစုံတယောက်သောသူကို။ နဟန္တိ၊မသတ်။ တသ္မာဟိ၊ထိုကြောင့်လျှင်။ ဓမ္မံ၊တရားကို။နဟနေ၊မသတ်ရာ။ ဟတော၊သတ်အပ်သော။ဓမ္မော၊တရားသည်။တွံ၊သင့်ကို။မာဟနိ၊မသတ်စေလင့်။

ထိုနောင်ထိုမင်းကို၊မြတ်သောမင်းကြီး၊သင်မင်းကြီးသည်မုသားဆိုခြင်းကို အကယ်၍ပြုလတ္တံ့။ သင်မင်းကြီး၏လေးပါးကုန်သော တန်းခိုးတို့သည်ကွယ်ကုန်လတ္တံ့ဟုဆို၍အလွန်လည်းဆုံးမလိုရကား။ ။

(၁၁၉၅) အလိကံ ဘာသမာနဿ၊အပက္ကမန္တိ ဒေဝတာ။

ပူတိကဉ္စ မုခံ ဝါတိ၊သကဋ္ဌာနာစ ဓံသတိ။

ယော ဇာနံ ပုဋ္ဌော ပဉှံ၊အညထာ နံ ဝိယာကရေ။ ။

ဟူသော၅ဒုတိယဂါထာကိုဆို၏။ ။

(၁၁၉၅) မဟာရာဇ၊မြတ်သောမင်းကြီး။ပဉှံ၊ပြဿနာကို။ ပုဋ္ဌော၊မေးအပ်သော။ ယော၊အကြင်မင်းသည်။ဇာနံ၊သိလျက်။ နံ၊ထိုပြဿနာကို။အညထာ၊တပါးသောအားဖြင့်။ဝိယာကရေ၊ဖြေ၏။ အလိကံ၊မဟုတ်မမှန်သောစကားကို။ဘာသမာနဿ၊ဆိုသော။ တဿ၊ထိုမင်းအား။ဒေ

ဝတာ၊စောင့်ကုန်သောနတ်သားလေးယောက်တို့သည်။အပက္ကမန္တိ။ ဖဲ ကုန်၏။ မုခံ၊ခံတွင်းသည်လည်း။ ပူတိကံ၊အပုပ်အတိ။ဝါတိ၊လှိုင်၏။ သ ကဋ္ဌာနာဝ၊မိမိတည်ရာကောင်းကင်မှလည်း။ဓံသတိ၊မြေသို့ကျ၏။ ။

ယိုစကားကိုကြား၍မင်းသည်ကြောက်ရကား။ကောရကလမ္ဗကကို ကြည့်၍။ထိုမင်းကိုကောရကလမ္ဗကသည်၊မြတ်သောမင်းကြီး၊မကြောံ လင့်။ အကျွန်ုပ်သည်ရှေးမဆွကလျှင်ရှင်မင်းကြီးတို့အားထိုစကားကိုဆို အင်ပြီးမဟုတ်လောဟုဆို၏။ မင်းသည်ကပိလရသေ့စကားကို ကြား သော်လည်းမယုမှု၍မိမိသည်ဆိုအပ်သောစကားကိုသာလျှင် ရှေး၍ပြု၍ ဆိုလိုရကား၊ အရှင်ဘုရား၊သင်သည်ညီတည်း။ ကောရကလမ္ဗကသည် အစ်ကိုယ်တဉ်းဟုဆို၏။ထိုမုသာဝါဒကိုဆိုခြင်းကြောင့်လေးယောံကုန် သောနတ်သားတို့သည်၊ထိုသို့သဘောရှိသောမုသာဝါဒကိုဆိုသောမင်း အားစောင့်ရှောံခြင်းကိုမပြုကုန်အံ့ဟုသန်လျက်တို့ကိုထိုမင်း၏ခြေရင်း၌ ပစ်နှပစ်၍ကွယ်ကုန်၏။ခံတွင်းသည်ကွဲသောကြက်ဥပုပ်ကဲ့သို့၊ကိုယ်သည် ဘွင့်အပ်သောဝစ္စကုဋိကဲ့သို့မကောင်းသောအနံ့သည်လှိုင်၏။ ကောင်း ကင်မှလည်းလျှောကျ၍မြေ၌တည်၏။လေးပါးသောတန်းခိုးသည် ကွယ် ကုန်၏။ထိုအခါထိုမင်းကိုမဟာပုရောဟိတ်သည်၊မြတ်သောမင်းကြီး၊မ ကြောံယေင့်။မှန်သောစကားကိုအကယ်၍ဆိုအံ့၊သင်မင်းကြီး၏ ထိုအလုံး စုံသောတန်းခိုးတို့ကိုပကတိပြုအံ့ဟုဆိုလို၍။ ။

(၁၁၉၆) သစေ ဟိ သစ္စံ ဘဏာသိ၊ဟောဟိ ရာဇ ယထာ ပုရေ။

မုသာ စေ ဘာသသေ ရာဇ၊ဘူမိယံ တိဋ္ဌ စေတိယ။ ။

ဟူသော၍တတိယဂါထာကိုဆို၏။ ။

(၁၁၉၆) စေတိယ၊စေတိယအမည်ရှိသော။ ရာဇ၊မင်းမြတ်။ သစ္စံ၊မှန် သောစကားကို။ သစေဟိဘဏာသိ၊အကယ်၍ဆိုအံ့။ ပုရေယထာ၊ရှေး၌ ကဲ့သို့။ဟောဟိ၊ဖြစ်လော့။ စေတိယ၊စေတိယအမည်ရှိသော။ ရာဇ၊မင်း မြတ်။မုသာ၊မမှန်သောစကားကို။ဘာသသေ၊အကယ်၍ဆိုငြားအံ့။ ဘူမိ ယံ၊မြေ၌။တိဋ္ဌ၊တည်လော့။ ။

ထိုမင်းသည်၊မြတ်သောမင်းကြီး၊သင်သည်ရှုလော့၊ရှေးဦးစွာမုသား ဆိုခြင်းကြောင့်လျှင် သင်မင်းကြီး၏တန်းခိုးလေးပါးတို့သည် ကွယ်ကုန် ၏မှတ်လော့။ယခုလည်းပကတိပြုအံ့သော် တတ်ကောင်း၏ဟု ရှင်ရသေ့ ဆိုငြားသော်လည်းဆိုတိုင်းမပြုမူ၍သင်တို့သည် ငါ့ကိုလှည့်စားလိုကုန်

၏ဟုနှစ်ကြိမ်မြောက်လည်းမုသာဝါဒကိုဆို၍ဘမျက်တိုင်အောင်မြေသို့ဝင်၏။ထိုအခါထိုမင်းကိုတဘန်လည်းပုဏ္ဏားကြီးသည်၊မြတ်သောမင်းကြီး၊မှတ်လော့၊ယခုလည်း ပကတိပြုအပ်သောဌါတတ်ကောင်း၏ဟုပြလို၍။ ။

(၁၁၉၇) အ-ကာလေ ဝဿတိ တဿ၊ကာလေ တဿ နဝဿတိ။
ယော ဇာနံ ပုဍ္ဍော ပဉှံ၊အညထာ နံ ဝိယာကရေ။ ။

ဟူသော၍စတုတ္ထဂါထာကိုဆို၏။ ။

(၁၁၉၇) မဟာရာဇ၊မြတ်သောမင်းကြီး။ယော၊အကြင်မင်းသည်။ပဉှံ၊ပြဿနာကို။ပုဋ္ဌော၊မေးအပ်သည်ရှိသော်။ ဇာနံဇာနန္တော၊သိလျက်။နံ၊ထိုပြဿနာကို။အညထာ၊တပါးသောအပြားအါးဖြင့်။ဝိယာကရေ၊ဖြေ၏။ တဿ၊ထိုမင်း၏။ရဋ္ဌေ၊တိုင်းနိုင်ငံ၌။ဒေဝေါ၊မိုးသည်။အကာလေ၊အကာလ၌။ ဝဿတိ၊ရွာ၏။တဿ၊ထိုမင်း၏။ရဋ္ဌေ၊တိုင်းနိုင်ငံ၌။ဒေဝေါ၊မိုးသည်။ကာလေ၊ကာလ၌။နဝဿတိ၊မရွာ။ ။

ထိုအခါထိုမင်းကိုတဘန်လည်းမုသာဝါဒ၏အစွမ်းအားဖြင့်ဘမျက်တိုင်အောင်မြေမျို၏။ပုရောဟိတ်ကြီးသည်၊မြတ်သောမင်းကြီး၊မှတ်လော့ဟုဆိုလို၍။ ။

(၁၁၉၈) သစေ ဟိ သစ္စံ ဘဏသိ၊ဟောဟိ ရာဇ ယထာ ပုရေ။
မုသာ စေ ဘာသသေ ရာဇ၊ဘူမိံ ပဝိသ စေတိယ။ ။

ဟူသော၍ပဉ္စမဂါထာကိုဆို၏။ ။

(၁၁၉၈) စေတိယ၊စေတိယအမည်ရှိသော။ ရာဇ၊မင်းမြတ်။ သစ္စံ၊မှန်သောစကားကို။ သစေဟိဘဏသိ၊အကယ်၍ဆိုအံ့။ ပုရေယထာ၊ရှေး၌ကဲ့သို့။ ဟောဟိ၊ဖြစ်လော့။စေတိယ၊ စေတိယအမည်ရှိသော။ရာဇ၊မင်းမြတ်။ မုသာ၊မမှန်သောစကားကို။ စေဘာသသေ၊အကယ်၍ဆိုငြားအံ့။ ဘူမိံ၊မြေသို့။ပဝိသ၊ဝင်လော့။ ။

ထိုမင်းသည်သုံးကြိမ်မြောက်လည်း၊အရှင်ဘုရား၊သင်ကားညီတည်း၊ကောရကလမ္ဗကကားအစ်ကိုယ်တည်းဟုမုသာဝါဒကိုလျှင်ဆို၍ပုဆစ်တိုင်အောင်မြေသို့ဝင်၏။ ထိုအခါထိုမင်းကို တဘန်လည်း ပုရောဟိတ်ကြီးသည်၊မြတ်သောမင်းကြီး၊မှတ်လော့ဟုဆိုလို၍။ ။

(၁၁၉၉) ဇိဝှါ တဿ ဒွိဓာ ဟောတိ၊ဥရဂဿေဝ ဒိသမ္ပတိ။
ယော ဇာနံ ပုဍ္ဍော ပဉှံ၊အညထာ နံ ဝိယာကရေ။ ။

(၁၂၀၀) သစေ ဟိ သစ္စံ ဘဏသိ၊ဟောဟိ ရာဇ ယထာ ပုရေ။
မုသာ စေ ဘာသသေ ရာဇ၊ဘိယျော ပဝိသ စေတိယ။ ။
ဟူသော ဤနှစ်ဂါထာတို့ကိုဆို၍ ယခုပကတိ ပြုအံ့သောငှါ တတ်
ကောင်း၏ဟုဆို၏။ ။
(၁၁၉၉-၁၂၀၀) ယော၊ အကြင်မင်းသည်။ ပဉ္စှ၊ ပြဿနာကို။ ပုဏ္ဏ
တော၊မေးအပ်သည်ရှိသော်။ဇာနံ၊သိလျက်။နံ၊ထိုပြဿနာကို။အညထာ၊
တပါးသောအပြားအားဖြင့်။ဗိယာကရေ၊ဖြေ၏။ ဒိသမ္ပတိ၊အရပ်မျက်နှာ
၏အရှင်ဖြစ်သောမင်းကြီး။ဥရဂဿ၊မြွေ၏။ဇိဝှါ၊ဣဝ၊လျှာကဲ့သို့။တဿ၊
ထိုမုသားဆိုသောမင်း၏။ဇိဝှါ၊လျှာသည်။ဒွိဓာ၊နှစ်ခွ။ဟောတိ၊ဖြစ်၏။ ။
စေတိယ၊စေတိယအမည်ရှိသော။ ရာဇ၊မင်းမြတ်။ သစ္စံ၊မှန်သောစကား
ကို။ သစေဟိဘဏသိ၊ အကယ်၍ဆိုငြားအံ့။ ပုရေယထာ၊ ရှေး၌ကဲ့သို့။
ဟောဟိ၊ဖြစ်လော့။စေတိယ၊စေတိယအမည်ရှိသော။ရာဇ၊မင်းမြတ်။ မု
သာ၊မမှန်သောစကားကို။ စေဘာသသေ၊အကယ်၍ဆိုအံ့။ ဘိယျော၊အ
လွန်။ပဝိသ၊မြေသို့ဝင်လော့။ ။
မင်းသည်ထိုပုရောဟိတ်ကြီး၏ စကားကိုကြားလျက်လည်း မယုမှု
၍၊အရှင်ဘုရား၊ သင်ကားညီတည်း။ ကောရကလမ္ဗကကားအစ်ကိုယ်
တည်းဟုလေးကြိမ်မြောက်လည်းမုသာဝါဒဆို၍ ခါးတိုင်အောင်မြေသို့
ဝင်၏။ ထိုအခါထိုမင်းကို ပုရောဟိတ်ကြီးသည်၊ မြတ်သောမင်းကြီး၊
သင်သည်မှတ်လော့ဟုဆိုလို၍။ ။
(၁၂၀၁) ဇိဝှါ တဿ န ဘဝတိ၊မစ္ဆဿေဝ ဒိသမ္ပတိ။
ယော ဇာနံ ပုဏ္ဏတော ပဉ္စှ၊အညထာ နံ ဗိယာကရေ။ ။
(၁၂၀၂) သစေ ဟိ သစ္စံ ဘဏသိ၊ဟောဟိ ရာဇ ယထာ ပုရေ။
မုသာ စေ ဘာသသေ ရာဇ၊ဘိယျော ပဝိသ စေတိယ။ ။
ဟူသောဤနှစ်ဂါထာတို့ကိုဆို၏။ ။
(၁၂၀၁-၁၂၀၂) ဒိသမ္ပတိ၊အရပ်မျက်နှာ၏ အရှင်ဖြစ်သောမင်းကြီး။
ယော၊ အကြင်သူသည်။ ပဉ္စှ၊ပြဿနာကို။ ပုဏ္ဏတော၊ မေးအပ်သည်ရှိ
သော်။ဇာနံ၊သိလျက်။ နံ၊ထိုပြဿနာကို။ အညထာ၊ တပါးသောအပြား
အားဖြင့်။ဗိယာကရေ၊ဖြေ၏။မစ္ဆဿ၊ငါးအား။ ဇိဝှါ၊လျှာသည်။ နဘဝတိ
ဣဝ၊မဖြစ်သကဲ့သို့။တဿ၊ထိုမုသားဆိုသောမင်းအား။ဇိဝှါ၊လျှာသည်။
နဘဝတိ၊မဖြစ်။ စေတိယ၊စေတိယအမည်ရှိသော။ ရာဇ၊မင်းကြီး။သစ္စံ၊

မှန်သောစကားကို။သစေဟိဘဏာသိ၊အကယ်၍ဆိုအံ့။ပုရေယထာ၊ရှေး
၌ကဲ့သို့။ဟောဟိ၊ဖြစ်လေ့။စေတိယ၊စေတိယအမည်ရှိသော။ရာဇ၊မင်း
ကြီး။ မုသာ၊ မမှန်သောစကားကို။ စေဘာသသေ၊ အကယ်၍ ဆိုအံ့။
ဘိယျော၊အလွန်။ပဝိသ၊မြေသို့ဝင်လေ့။ ။

ထိုမင်းသည်ငါးကြိမ်မြောက်၊အရှင်ဘုရား၊သင်ကားညီတဉ်း။ကော
ရကလမ္ဗကကားအစ်ကိုယ်တည်းဟု မုသားဆို၍ ချက်တိုင်အောင် မြေ
သို့ဝင်၏။ထိုအခါထိုမင်းကို၊ပုရောဟိတ်ပုဏ္ဏားသည်တဘန်လည်း၊မြတ်
သောမင်းကြီး၊မှတ်လေ့ဟုဆိုလို၍။ ။

(၁၂၀၃) ထိယော တဿ ပဇာယန္တိ၊နု ပုမာ ဇာယရေ ကုလေ။
ယော ဇာနံ ပုစ္ဆိတော ပဉှံ၊အညထာ နံ ဝိယာကရေ။ ။

(၁၂၀၄) သစေ ဟိ သစ္စံ ဘဏာသိ၊ဟောဟိ ရာဇ ယထာ ပုရေ။
မုသာ စေ ဘာသသေ ရာဇ၊ဘိယျော ပဝိသ စေတိယ။ ။

ဟူသော၌နှစ်ဂါထာတို့ကိုဆို၏။ ။

(၁၂၀၃-၁၂၀၄) မဟာရာဇ၊မြတ်သောမင်းကြီး။ ယော၊အကြင်မင်း
သည်။ပဉှံ၊ပြဿနာကို။ပုစ္ဆိတော၊မေးအပ်သည်ရှိသော်။ဇာနံ၊သိလျက်။
နံ၊ထိုပြဿနာကို။ အညထာ၊တပါးသောအပြားအားဖြင့်။ ဝိယာကရေ၊
ဖြေ၏။ တဿ၊ထိုမုသားဆိုသောမင်း၏။ကုလေ၊အမျိုး၌။ ထိယော၊သား
မိန်းမတို့သည်သာ။ ပဇာယန္တိ၊ဘွားကုန်၏။ ပုမာ၊ သားယောကျ်ားပုံ့
သည်။ နဇာယရေ၊မဘွားကုန်။ ။စေတိယ၊စေတိယအမည်ရှိသော။
ရာဇ၊မင်းမြတ်။ သစ္စံ၊မှန်သောစကားကို။သစေဟိဘဏာသိ၊အကယ်၍ဆို
အံ့။ ပုရေယထာ၊ရှေး၌ကဲ့သို့။ဟောဟိ၊ဖြစ်လေ့။စေတိယ၊ စေတိယအ
မည်ရှိသော။ရာဇ၊မင်းကြီး။ မုသာ၊မမှန်သောစကားကို။စေဘာသသေ၊
အကယ်၍ဆိုအံ့။ဘိယျော၊အလွန်။ပဝိသ၊မြေသို့ဝင်လေ့။ ။

မင်းသည်ထိုပုရောဟိတ်၏စကားကို မယူမူ၍ ခြောက်ကြိမ်မြောက် ရှေး
အတူလျှင်မုသားဆို၍အသားမြတ်တိုင်အောင် မြေသို့ဝင်၏။ထိုအခါထို
မင်းကိုတဘန်လည်း ပုရောဟိတ်ကြီးသည်၊ မြတ်သောမင်းကြီး၊ မှတ်
လေ့ဟုဆိုလို၍။ ။

(၁၂၀၅) ပုတ္တာ တဿ န ဘဝန္တိ၊ပက္ကမန္တိ ဒိသောဒိသံ။
ယော ဇာနံ ပုစ္ဆိတော ပဉှံ၊အညထာ နံ ဝိယာကရေ။ ။

(၁၂၀၆) သစေ ဟိ သစ္စံ ဘဏသိ၊ ဟောဟိ ရာဇ ယထာပုရေ။
မုသာ စေ ဘာသသေ ရာဇ၊ ဘိယျော ပဝိသ စေတိယ။ ။

ဟူသော ဤနှစ်ဂါထာတို့ကိုဆို၏။ ။

(၁၂၀၅-၁၂၀၆) မဟာရာဇ၊မြတ်သောမင်းကြီး။ ယော၊ အကြင်မင်းသည်။ပဥှ၊ပြဿနာကို။ပုစ္ဆိတော၊မေးအပ်သည်ရှိသော်။ဇာနံ၊သိလျက်။နံ၊ ထိုပြဿနာကို။ အညထာ၊တပါးသောအားဖြင့်။ ဝိယာကရေ၊ဖြေ၏။ တဿ၊ ထိုမုသားဆိုသောမင်းအား။ ပုတ္တာ၊သားတို့သည်။ နဘဝန္တိ၊မဖြစ်ကုန်။ဘဝန္တာပိ၊ဖြစ်ကုန်ငြားသော်လည်း။မာတာပိတူနံ၊မိဘတို့အား။ အနုပကာရကာ၊ကျေးဇူးမပြုကုန်သည်ဖြစ်၍။ ဒိသောဒိသံ၊ ထိုထိုအရပ်မျက်နှာသို့။ပက္ကမန္တိ၊ပြေးကုန်၏။ ။စေတိယ၊စေတိယအမည်ရှိသော။ ရာဇ၊ မင်းမြတ်။ သစ္စံ၊မှန်သောစကားကို။ သစေဟိဘဏသိ၊အကယ်၍ဆိုငြားအံ့။ပုရေယထာ၊ရှေး၌ကဲ့သို့။ ဟောဟိ၊ဖြစ်လော့။စေတိယ၊စေတိယအမည်ရှိသော။ ရာဇ၊မင်းမြတ်။ မုသာ၊ မမှန်သောစကားကို။စေဘာသသေ၊အကယ်၍ဆိုငြားအံ့။ဘိယျော၊အလွန်။ပဝိသ၊မြေသို့ဝင်လော့။ ။

ထိုမင်းသည်ယုတ်မာသော အဆွေခင်ပွန်းနှင့် ပေါင်းဘက်ခြင်းဟူသောအပြစ်ကြောင့်ပုရောဟိတ်၏ စကားကိုမယူမူ၍ ခုနစ်ကြိမ်လည်း ရှေးအတူလျှင်မုသားဆို၏။ ထိုအခါထိုမင်းအား မြေသည် ဟင်းလင်းသောအပြင်ကိုပေး၏။အဝီစိမှမီးလျှံသည်တက်၍ယူ၏။ ။

သဗ္ဗညုမြတ်စွာဘုရားသည် ဤအတိတ်ကို ဆောင်တော်မူ၍ ဘုရားဖြစ်တော်မူပြီး၍။ ။

(၁၂၀၇) သရာဇာ ဣသိနာ ပတ္တော၊အန္တလိက္ခစရော ပုရေ။
ပါဝေက္ခိ ပထဝိံ ဇေတ္တော၊ဟီနတ္တော ပတ္တပရိယာယံ။ ။

(၁၂၀၈) တသ္မာ ဟိ ဆန္ဒာဂမနံ၊နပ္ပသံသန္တိ ပဏ္ဍိတာ။
အ-ဒုဋ္ဌ-စိတ္တော ဘာသေယျ၊ဂိရံ သစ္စူပသံဟိတံ။ ။

ဟူသော ဤအဘိသမ္ဗုဒ္ဓဂါထာတို့ကိုဟောတော်မူ၏။ ။

(၁၂၀၇-၁၂၀၈) ဘိက္ခဝေ၊ရဟန်းတို့။ဇေတ္တော၊အမျိုးမြတ်သော။သောရာဇာ၊ထိုစေတိယမင်းသည်။ပုရေ၊ရှေး၌။ အန္တလိက္ခစရော၊ကောင်းကင်၌သွားသည်ဖြစ်လျက်။ ပစ္ဆာ၊နောက်မှ။ ဣသိနာ၊ ဤအဆွေခင်ပွန်းယုတ်နှင့်။ပတ္တော၊ကြုံလတ်၍။ ဟီနတ္တော၊ယုတ်မာသောသဘောရှိသည်ဖြစ်၍။ ပတ္တပရိယာယံ၊မိမိသေလှည့်ရောက်၍။ပထဝိံ၊မြေသို့။ ပါဝေက္ခိ၊ဝင်ဘူး

ပြီ။ ။တသ္မာဟိ၊ထိုကြောင့်လျှင်။ပဏ္ဍိတာ၊ပညာရှိတို့သည်။ ဆန္ဒာဂမနံ၊ဆန္ဒာဂတိသို့လားခြင်းကို။ နပ္ပသံသန္တိ။ မချီးမွမ်းကုန်။ အဒုဋ္ဌစိတ္တော၊ ဆန္ဒာဂတိအစရှိသည်တို့သည် မဖျက်ဆီးအပ်သော စိတ်ရှိသည်ဖြစ်၍။ သဗ္ဗုပသံဟိတံ၊ သဗ္ဗာနှင့်စပ်သော။ ဂိရံ၊စကားကို။ ဘာသေယျ၊ဆိုရာ၏။ ။(ဟန္ဒိ၌ဟနခေတ်၊တိပိဘတ်၊အပစ္စည်း။ ။လောပဓ္ဓေတွမကာရော,ဖြင့်အကျေ၍ဟန္တိ နေသည်။ ။ကိဋ္ဌနံလိုသည်၊ကိဋ္ဌိနံမလို။ ။မာတွံ၌တွံကားဒုတိယန္တ။မာတံဟူ၍လည်းရှိသင့်၏။ ။သကဋ္ဌာနာလိုသည်။သဂ္ဂဋ္ဌာနာမလို။ ။ဓိဂ္ဂါတဿနဘာဝတိ၌။စကားဆိုခြင်း၄၊ါစွမ်းနိုင်သောလျှာမရှိသည်ကိုယူ။ ။ဓိဂ္ဂါပသာဒကင်းသည်ကိုမယူလင့်။ ။ပဏ္ဏပရိယာယန္တိ အဏ္ဏနောကာလပရိယာယံ ပဏ္ဏပထေပိ ပါဠိသိတိ အဋ္ဌော။ ။(အဋ္ဌကထာ)။ ။ဤဇာတ်သည်ဂါထာများသော်လည်းတချသည်ကိုပေါင်းသောအားဖြင့်အဋ္ဌနိပါတ်၌သင်္ဂါယနာတင်သည်)။ ။

စေတိယဇာတကံ ဆဋ္ဌံ။၄၂၂။

၄၂၃-ဇုဏှိယဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သောသဗ္ဗညုမြတ်စွာဘုရားသည်၊ယော ဇုဏှိယာနံ,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော ဤဇုဏှိယဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊မယားဟောင်းဖြားယောင်းသောရဟန်းကို အကြောင်းပြု၍ဟောတော်မူ၏။ ။

ထိုအခါသရဘင်ဆရာသည်လာလတ်၍လျှင် နာရဒရသေ့ကိုမြင်၍ဇုဏ္ဌေတို့၏အလိုသို့လိုက်၏ဟုသိ၍၊နာရဒ၊သင်သည်ဇုဏ္ဌေတို့၏အလိုကိုလိုက်သလောဟုမေး၏။ နာရဒရသေ့သည်ထိုစကားကိုကြား၍လျှင် ထ၍ရှိခိုး၍၊ဆရာ၊အကျွန်ုပ် ဇုဏ္ဌေတို့၏အလိုသို့လိုက်၏ဟုဆိုသည်ရှိသော်၊နာရဒ၊ဇုဏ္ဌေတို့၏အလိုသို့လိုက်သောသူမည်သည်ကား ဤကိုယ်၏အဖြစ်၌ခြောက်ထပ်ကျန်လျက် ဆင်းရဲကိုခံရကုန်၍နှစ်ခုမြောက်သောကိုယ်၏အဖြစ်၌ငရဲ၌ဖြစ်ကုန်၏ဟုဆိုလို၍။ ။

(၁၂၀၉) ယော ဇုဏ္ဌိယာနံ ကာမေန၊ဝသံ နာရဒ ဂစ္ဆတိ။
သော ပရိစ္စဇ္ဇုဘော လောကေ၊ဓိဝန္နော ဝါပိ သုဿတိ။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။

(၁၂၀၉) နာရဒ၊နာရဒ။ယောပုရိသော၊အကြင်ယောကျ်ားသည်။ ရူပါ ဒိသု၊ရူပါရုံစသည်တို့၌။အာကာရံ၊တင့်တယ်၏(ကု သုဘအခြင်းအရာကို။ ဂဟေတွာ၊ယူ၍။ကာမေနု၊ကိလေသကာမ၏အစွမ်းအားဖြင့်။ ဇာန္တြိယာနံ၊ ခြောက်ပါးသောဇာန္ဒြေတို့၏။ ဝသံ၊အလိုသို့။ ဂစ္ဆတိ၊မိစ္ဆာမှားမိုက်,နွား နှယ်လိုက်၏။သောပုရိသော၊ထိုယောကျ်ားသည်။ ဥဘောလောကေ၊နှစ် ပါးကုန်သောလူ့ပြည်နတ်ပြည်တို့ကို။ ပရိစ္စဇ္ဇ၊စွန့်၍။ နိရယာဒိသု၊ငရဲစ သည်တို့၌။ နိဗ္ဗတ္တတိ၊ဖြစ်ရ၏။ ဇိဝန္တောဝါပိ၊အသက်ရှည်စဉ်မှုလည်း။ အတ္တနော၊မိမိ၏။ ကိလေသဝတ္ထုံ၊ကိလေသဝတ္ထုကို။ အလာဘန္တော၊မရ သည်ဖြစ်၍။သောကေနပိ၊သောကဖြင့်လည်း။သုဿတိ၊ခြောက်သွေ့၏။ (ကြီးပွားသောဆင်းရဲသို့ရောက်၏ဟူလိုသည်)။ ။

ထိုစကားကိုကြား၍နာရဒရသေ့သည်၊ဆရာ၊ ကာမကိုမှီဝဲခြင်းမည် သည့်ကားချမ်းသာ၏။ ဤသို့သဘောရှိသောချမ်းသာကိုဆရာသည်အ ဘယ်ကိုရည်၍ ဆင်းရဲဟူ၍ဆိုသနည်းဟုမေး၏။ ထိုအခါနာရဒရသေ့ အား သရဘင်္ဂဆရာသည်၊နာရဒ၊ထိုသို့ဟုပြီးကား။ ။

(၁၂၁၀) သုခဿာနန္တရံ ဒုက္ခံ၊ဒုက္ခဿာနန္တရံ သုခံ။
သောပိ ပတ္တော သုခံ ဒုက္ခံ၊ပါဋိကင်္ခ ဝရံ သုခံ။ ။

ဟူသောဤနတိယဂါထာကိုဆို၏။ ။

(၁၂၁၀) နာရဒ၊နာရဒ။သတ္တာ၊သတ္တဝါတို့သည်။ သုခဿ၊ကာမသုခ ၏။ အနန္တရံ၊အခြားမဲ့၌။ဒုက္ခံ၊ငရဲအစရှိသည်၌ဆင်းရဲသို့။ပါပုဏန္တိ၊ရောက် ကုန်၏။ ဒုက္ခဿ၊သီလကိုစောင့်ရှောက်သောဆင်းရဲ၏။ အနန္တရံ၊အခြား မဲ့၌။ သုခံ၊လူ့ပြည်နတ်ပြည်၌ဖြစ်သောချမ်းသာ,နိဗ္ဗာန်ချမ်းသာသို့။ပါပု ဏန္တိ၊ရောက်ကုန်၏။သောပိတွံ၊ထိုသင်သည်လည်း။သုခံ၊ဈာန်ချမ်းသာ ကို။နာသေတွာ၊ဖျက်ဆီး၍။ဒုက္ခံ၊ကာမကိုမှီသောကြီးပွားသော စိတ်ဆင်း ရဲခြင်းသို့။ပတ္တော၊ရောက်ပြီ။ ဣဒံကိလေသဒုက္ခံ၊ဤကိလေသာကိုမှီ၍ဖြစ် သောဒုက္ခကို။ဆဍ္ဍေတွာ၊စွန့်လိုက်၍။ပုန၊တဖန်။ဝရံ၊မြတ်သော။ သုခံ၊ထို ရပြီးသောဈာန်ချမ်းသာကို။ပါဋိကင်္ခ၊တောင့်တလော့။ ။

နာရဒရသေ့သည်၊ဆရာ၊ဤဆင်းရဲကား သည်းခံနိုင်ခက်၏။ ကျွန်ုပ် သည်းခံအံ့သောငှါ မတတ်နိုင်ဟုဆို၏။ ထိုအခါနာရဒရသေ့ကို ဘုရား လောင်းသည်၊နာရဒ၊ဖြစ်လာသောဆင်းရဲမည်သည်ကို သည်းခံအပ်သ လျှင်ကတည်းဟုဆိုလို၍။ ။

(၁၂၁၁) ကိစ္စ-ကာလေ ကိစ္စ-သဟောယော ကိစ္စံ နာတိဝတ္တတိ။ ။
သ ကိစ္စ ကတ္တံ သုခံ ဓိရော၊ယောဂံ သမဓိဂစ္ဆတိ။ ။

ဟူသော ဤတတိယဂါထာကိုဆို၏။ ။

(၁၂၁၁) နာရဒ၊နာရဒ။ ယောဓိရော၊ အကြင်ပညာရှိသည်။ ကိစ္စကာလေ၊ကာယိက,စေတသိက ဒုက္ခဟုဆိုအပ်သောဆင်းရဲ၏ ဖြစ်ရာကာလ၌။ အပ္ပမတ္တော၊မမေ့မလျော့သည်ဖြစ်၍။ တဿကိစ္စဿ၊ထိုကာယိက,စေတသိကဒုက္ခဟု ဆိုအပ်သော ဆင်းရဲကို။ဟာရဏူပါယံ၊ပယ်ဖျောက်ခြင်း၏အကြောင်းကို။ကရောန္တော၊ပြုလျက်။ (ထည့်)။ ကိစ္စသဟော၊ထိုဖြစ်လာသောကာယိကဒုက္ခ,စေတသိကဒုက္ခဟုဆိုအပ်သော ဆင်းရဲကို သည်းခံစေံသည်။ ဟုတွာ၊ဖြစ်၍။ ကိစ္စံ၊ထိုကာယိယဒုက္ခ,စေတသိကဒုက္ခဟုဆိုအပ်သောဆင်းရဲသို့။ နာတိဝတ္တတိနာနုဝတ္တတိ၊အလိုမလိုက်။ အဝတ္တေတွာ၊ အလိုမလိုက်မူ၍။ တေဟိတေဟိ ဥပါယေဟိ၊ ထိုထိုအကြောင်းတို့ဖြင့်။ အဘိဘဝတိ၊ထိုဆင်းရဲကိုနှိပ်နင်းဖျက်ဆီး၏။ သောဓိရော၊ထိုပညာရှိသည်။ကိစ္စ ကတ္တံ၊ဆင်းရဲ၏အဆုံးဖြစ်သော။ သုခံ၊ နိရာမိသသုခ,ဈာနသုခဟုဆိုအပ်သော။ ယောဂံ၊ယောဂသို့။ သမဓိဂစ္ဆတိ၊မငြိုးမငြင်မပင်မပန်းရောက်၏။ ။

နာရဒရသေ့သည်၊ဆရာ၊ကာမသုခမည်သည်ကား မြတ်သော ချမ်းသာဖြစ်၏။ ထိုမြတ်သောချမ်းသာကို အကျွန်ုပ်သည် ပွန့်အံ့သော၌ မတတ်နိုင်ဟုဆို၏။ ထိုအခါနာရဒရသေ့ကိုဘုရားလောင်းသည်၊နာရဒ၊တရားမည်သည်ကို တပုံတခုသောအကြောင်းဖြင့် မဖျက်ဆီးအပ်ဟုဆိုလို၍။ ။

(၁၂၁၂) နဟေဝ ကာမာနံ ကာမာ၊နာနတ္ထာ နာတ္ထ-ကာရဏာ။
န ကတဉ္စ နိရံကတွာ၊ဓမ္မာ စဝိတု မရဟာသိ။ ။

ဟူသော ဤစတုတ္ထဂါထာကိုဆို၏။ ။

(၁၂၁၂) နာရဒ၊နာရဒ။ ကာမာနံ၊ ဝတ္ထုကာမ,ကိလေသကာမတို့ကို။ ကာမာ၊တောင့်တသဖြင့်။ဓမ္မာ၊တရားမှ။စဝိတုံ၊ရွေ့လျောခြင်းငှါ။ နဟေဝအရဟသိ၊မထိုက်သည်သာလျှင်တည်း။ အနတ္ထာ၊ အကျိုးမဲ့ဟူသောအကြောင်းကြောင့်။ဝါ၊ဖြစ်လာသောစီးပွါးမဲ့ကိုပယ်ဖျောက်လိုခြင်းဟူသောအကြောင်းကြောင့်။ဓမ္မာ၊တရားမှ။စဝိတုံ၊ရွေ့လျောခြင်းငှါ။ နအရဟသိ၊မထိုက်။ အတ္ထကာရဏာ၊ဤမည်သောအစီးအပွါးသည် ငါ့အား

ဖြစ်လတ္တံ့ဟု နှလုံးပြုလျက် စီးပွါးဟူသော အကြောင်းကြောင့်လည်း။ ဓမ္မံ၊တရားမှ။စဝိတုံ၊ရွေ့လျောခြင်းငှါ၊နအရဟသိ၊မထိုက်။ကတဉ္ဇူ၊ဖြစ်စေအပ်ပြီးသောကျေးဇူးကိုလည်း။နိရံကတွာ၊ဖျက်ဆီး၍။ ဓမ္မာ၊တရားမှ။စဝိတုံ၊ရွေ့လျောခြင်းငှါ၊နအရဟသိ၊မထိုက်။ ။

ဤသို့သရဘင်္ဂဆရာသည် လေးဂါထာတို့ဖြင့် တရားဟောပြီးသည်ရှိသော် ကာလဒေဝိလရသေ့သည်မိမိညီကိုဆုံးမလိုရကား။ ။

(၁၂၁၃) ဒက္ခံ ဂဟပတီ သာဓု၊သံဝိဘဇ္ဇစ ဘောဇနံ။

အ-ဟာသော အတ္ထ-လာဘေသု၊အတ္ထ-ဗျာပတ္တိ အ-ဗျဓော။ ။

ဟူသောဤပဉ္စမဂါထာကိုဆို၏။ ။

(၁၂၁၃) နာရဒ၊နာရဒ။ဂဟပတိဂဟပတိနံ၊အိမ်ရှင်တို့၏။ ဒက္ခံ၊မပျင်းမရိဝိရိယရှေ့သွားရှိသောလိမ္မာသည်၏အဖြစ်သည်။ သာဓု၊ကောင်း၏။ သံဝိဘဇ္ဇ၊တရားစောင့်ကုန်သော ရဟန်းပုဏ္ဏားတို့နှင့်ဝေဘန်၍။ ဘောဇနဉ္စ၊သုံးဆောင်ရခြင်းသည်လည်း။သာဓု၊ကောင်း၏။အတ္ထလာဘေသု၊စည်းစိမ်ဥစ္စာတို့ကိုရသောကာလတို့၌။ အဟာသော၊မမေ့မလျော့သည်၏အစွမ်းအားဖြင့်မပေါ်မလွင်မရွှင်မလန်းသည်၏အဖြစ်သည်။ သာဓု၊ကောင်း၏။ ယဒါ၊အကြင်အခါ၌။အတ္ထဗျာပတ္တိ၊အကျိုးစီးပွါး၏ ပျက်စီးခြင်းသည်။ ဟောတိ၊ဖြစ်၏ ။တဒါ၊ထိုအခါ၌။ အဗျဓော၊မပင်မပန်းခြင်းသည်။သာဓု၊ကောင်း၏။ ။

ကာလဒေဝိလရသေ့သည် နာရဒရသေ့အားထိုဆုံးမသည်၏အဖြစ်ကိုသိတော်မူ၍ သဗ္ဗညုမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ တဘန်။ ။

(၁၂၁၄) ဧတ္တာဝတေတံ ပဏ္ဍိစ္စံ၊အပိ သော ဒေဝိလော ဗြဝိ။

နသိတော ကိဉ္စိ ပါပိယော၊ဣန္ဒြိယာနံ ဝသံ ဝဇေ။ ။

ဟူသောဤဆဋ္ဌဂါထာကိုဟောတော်မူ၏။ ။

(၁၂၁၄) ဘိက္ခဝေ၊ရဟန်းတို့။ ဧတ္တာဝတာ၊ဤမျှဖြင့်။ ဧတံပဏ္ဍိစ္စံ၊ ထိုပညာရှိကို။အပိ၊စင်စစ်။သောဒေဝိလော၊ထိုဒေဝိလသည်။ အဗြဝိ၊ဆိုပြီ။ ယော၊အကြင်သူသည်။ဣန္ဒြိယာနံ၊ဣန္ဒြေတို့၏။ဝသံ၊အလိုသို့။ဝဇေ၊လိုက်၏။ဣတော၊ဤသူအောက်။ ပါပိယော၊အထူးသဖြင့်ယုတ်မာသော။ ကိဉ္စိ ကောစိ၊တစုံတယောက်သောသူသည်။နအသာနတ္ထိ၊မရှိ။ ။

ထိုအခါသိဝိတိုင်း၌ သိဝိမင်းသည်တောဝယ်မီးကျီး၌ကင်သော အမဲကိုစားအံ့ဟုအမတ်တို့အား ပြည်ကိုဆောင်နှင်းခဲ့၍ ငါးပါးသောလက်နက်ကိုဘွဲ့လျက်တောသို့ဝင်၍ သားတို့ကိုသတ်၍ အသားကိုစားလျက် အစဉ်သဖြင့်ထိုတောင်ကွန်ရက်အရပ်သို့ရောက်၍ထိုယောကျ်ားကိုမြင်၍ကြောက်လျက်လျှင်ထွီထွီပြု၍၊ အချင်းယောကျ်ား၊သင်သည်အဘယ်အမည်ရှိသောသူနည်းဟုမေး၏။ အရှင်၊အကျွန်ုပ်သည်လူပြိတ္တာတည်း၊ မိမိ၏မကောင်းမှုကံ၏အကျိုးကိုခံစား၏။ အရှင်သည် အဘယ်သူနည်းဟုမေး၏။ ငါသည်သိဝိမင်းတည်းဟု ဆို၏။ ထိုသို့မင်းဖြစ်လျက် အဘဲ့ကြောင့်ဤအရပ်သို့လာသနည်းဟုမေး၏။ သမင်သားကိုစားအံ့သောငှါလာ၏ဟုဆို၏။ထိုအခါသိဝိမင်းအားလူပြိတ္တာသည်၊မြတ်သောမင်းကြီး၊ အကျွန်ုပ်သည် ဤသမင်သားကိုစားခြင်းဟူသော အကြောင်းဖြင့်လျှင်လာလတ်၍လူပြိတ္တာဖြစ်၏ဟုအလုံးစုံသောအကြောင်းကို အကျယ်အားဖြင့်ဆို၍မိမိဆင်းရဲသောအဖြစ်ကိုမင်းအားကြားလိုရကား။ ။

(၁၂၁၅) အမိတ္တာနံ ဝဟတ္ထတ္တံ၊သိဝိ ပပ္ပေါတိ မာမိဝ။
ကမ္မံ ဝိဇ္ဇစ္စ ဒုက္ကဋံ၊ဝိဝါဟံ သီလ–မဒ္ဒဝံ။ ။

(၁၂၁၆) ဧတေစ ယသေ ဟာပေတွာ၊နိဗ္ဗတ္တော သေဘိ ကမ္မုဘိ။
သော သဟာဿ-ဇီနော၀၊အ-ဗန္ဓု အ-ပရာယနော။ ။

(၁၂၁၇) အရိယ-ဓမ္မာ အပက္ကန္တော၊ယထာ ပေတော တထေဝဟံ။
သုခ-ကာမေ ဒုက္ခာပေတွာ၊အာပန္နောသ္မိ ပဒံ ဣမံ။
သော သုခံ နာဓိဂစ္ဆာမိ၊ဌိတော ဘာဏုမတာမိဝ။ ။

ဟူသောဤကြွင်းသောဂါထာတို့ကိုဆို၏။ ။

(၁၂၁၅-၁၂၁၇) သိဝိ၊သိဝိမင်းကြီး။ မာမိဝ၊ငါကဲ့သို့သောသူသည်။ အမိတ္တာနံ၊ရန်သူတို့၏။ ဟတ္ထတ္တံ၊ လက်၌ပျက်စီးခြင်းသို့။ ပပ္ပေါတိဣဝ၊ ရောက်သကဲ့သို့။ ဝိနာသံ၊ပျက်စီးခြင်းသို့။ ပါပုဏာတိ၊ရောက်၏။ ကမ္မဥ္စ၊လ်ယ်လုပ်ခြင်းအစရှိသော အသက်မွေးခြင်းကို ပြီးစေတတ်သော အမှုရင်း။ဝိဇ္ဇဥ္စ၊ဆင်စီးခြင်းအစရှိသောအတတ်ရင်း။ဒက္ခေယျဥ္စ၊စည်းစိမ်ကိုဖြစ်စေခြင်း၌ လိမ္မာသည်၏ အဖြစ်ရင်း။ ဝိဝါဟဥ္စ၊ထိမ်းမြားခြင်းသည့်ရင်း။ သီလမဒ္ဒဝဥ္စ၊ ငါးပါးသောသီလ, နူးညံ့သောစကားကို ဆိုတတ်သော အဆွေခင်ပွန်းကို ပေါင်းဘော်ခြင်းရင်း။ ဧတေစယသေ၊ဤစည်းစိမ်ကို ပေးတတ်ကုန်သော သဘော တို့ကို။ ဟာပေတွာ၊ ယုတ်စေ၍။

သောအဟံ၊ထိုအကျွန်ုပ်သည်။ သေဘိကမ္ဗေဘိ၊မိမိဥစ္စာဖြစ်ကုန်သောမကောင်းမှုကံတို့ဖြင့်။သဟာသဖိနေ၁၀၊ဥစ္စါတထောင်ရှုံးသေါယေါကျ်ားကဲ့သို့။ အဗန္ဓု၊အဆွေခင်ပွန်းမရှိသည်။ အပရာယနော၊ လည်းလျောင်းရာမရှိသည်။ ဟုတွာ၊ဖြစ်၍။ နိဗ္ဗုတ္တော၊လူပြိတ္တာဖြစ်၍။ အဟံ၊အကျွန်ုပ်သည်။အရိယဓမ္မာ၊သူမြတ်တို့၏အကျင့်မှ။အပက္ကန္တော၊ဘဲ့ခဲ့၍။ ယထာ၊အကြင်အခြင်းဖြင့်။ ပေတော၊ပြိတ္တာဖြစ်၍။တထေဝ၊ထိုအခြင်းဖြင့်လျှင်။သုခကာမေ၊ချမ်းသာကို အလိုရှိကုန်သော သတ္တဝါတို့ကို။ ဒုက္ခာပေတွာ၊ဆင်းရဲစေ၍။ ဗွမ်ပဒ်၊ဤသို့သဘောရှိသော ဆင်းရဲအရသို့။ အာပန္နော၊ရောက်သည်။ အသ္မိ၊ဖြစ်၏။သောအဟံ၊ထိုအကျွန်ုပ်သည်။ဘာဏုမတာမိဝ၊မီးကျီးတို့ဖြင့် ထက်ဝန်းကျင်ရံဘိသကဲ့သို့။ ဌိတော၊အပူလောင်သဖြင့်တည်လျက်။သုခံ၊ချမ်းသာကို။နာဓိဂစ္ဆာမိ၊မရ။ ။(နာဘိဝတ္တတီ နာနုဝတ္တတိ၊အယမေဝ ဝါပါဠိ။(အဋ္ဌကထာ)။ ။ဂဟာပတီ္ခိနံကျေသည် ထိုကြောင့် ဒက္ခဂဟပတီတိဃရာဝါသံဝသန္တာနံဂဟာပတိနံ ဘောဂုပ္ပါဒနဏ္ဍာယ အနုလသ ဆေကကုသလဘာဝသခ်ါတံ ဒက္ခံနာမသာရဒက္ခဘာဝေါဘဒ္ဒကော။ဟုအဋ္ဌကထာဘွင့်သော်။ ။နသိတော၌နအသဿ ရူတောပုဒ်ဖြစ်။ ထိုကြောင့် ရူတောအညောပါပိယော နအတ္ထိ,ဟုဘွင့်သော်။ ။နအတ္ထိကားနအသ၏အနက်အဘွင့်တည်း။ဟတ္ထတ္ထံဟတ္ထအတ္ထံပုဒ်ဖြတ်။အတ္ထကားဝိနာသအနက်ဟောတည်း။ထိုကြောင့်အမိတ္တာ ဟတ္ထတ္ထံဟတ္ထေဝိနာသံဝိယ,ဟု-ဘွင့်သော်။ ။မာမိဝါတိမာဒိသော ဘွင့်ရကား မာမိဝကားမာဒိသောနှင့်အနက်တူ။ဘာဏုမာကားနေကိုမဟော၊ဤ၌မီးကိုဟောသည်။ထိုကြောင့် ဌိတောဘာဏုမတာမိဝါတိဘာဏုမာဝုစ္စတိ၊ အဂ္ဂိဝိတစ္စိတင်္ဂါရေဟိ သမန္တာပရိကိဏ္ဏောဝိယသရီရေဥဋ္ဌိတေန မဟာဒါဟေနဒယှန္တောကာယိကစေတသိကသုခံနဝိန္ဒာမိတိ ဝဒတိ။ဟု-အဋ္ဌကထာဘွင့်သော်)။ ။ဗျာဂ္ဃိယဇာတကံ သတ္တမံ။၄၂၃ ။

---

၄၂၄-အာဒိတ္တဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ အာဒိတ္တသ္မိံ,အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်

အပ်သော၍အာဒိတ္တဇာတ်ကို၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊အသဒိသဒါနကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ထိုအခါမင်းမိဘုရားတို့အားအနုမောဒနာပြုလိုရကား သဃ်ာ့ထေရ်သည်။ ။

(၁၂၁၈) အာဒိတ္တသ္မိံ အဂါရသ္မိံ၊ယံ နီဟရတိ ဘာဇနံ။
တံ တဿ ဟောတိ အတ္ထာယ၊နောစ ယံ တတ္ထ ဍယှတိ။ ။

(၁၂၁၉) ဧဝမာဒိပိတော လောကော၊ဇရာယ မရဏေနစ။
နီဟရေထေဝ ဒါနေန၊ဒိန္နံ ဟောတိ သုနိဘ္ဘတံ။ ။

ဟူသော၍နှစ်ဂါထာတို့ကိုဟော၏။ ။

(၁၂၁၈-၁၂၁၉) မဟာရာဇ၊မြတ်သောမင်းကြီး။ အာဒိတ္တသ္မိံ၊ ထိုခဏ၌ပြောင်ပြောင်တောက်လောင်သော။အဂါရသ္မိံ၊ဒိမ်၌။ယံဘာဇနံ၊အကြင်အသုံးအဆောင်ကို။နီဟရတိ၊ထုတ်ဆောင်၏။ တတ္ထ၊ထိုအိမ်၌။ ယံဘာဇနံ၊အကြင်အသုံးအဆောင်ကို။နောစဍယှတိ၊မီးမလောင်။ တံဘာဇနံ၊ထိုအသုံးအဆောင်သည်။ တဿ၊ထိုအိမ်ရှင်၏။ အတ္ထာယ၊အကျိုးငှါ။ ဟောတိယထာ၊ဖြစ်သကဲ့သို့။ဧဝံတထာ၊ထို့အတူ။ လောကော၊လောကကို။ဇရာယစ၊အိုခြင်းမီးသည်၎င်း။ မရဏေနစ၊သေခြင်းအစရှိသော မီးသည်၎င်း။ အာဒိပိတော၊ပြောင်ပြောင်လောင်၏။ ဒါနေနစ၊ဒါနစေတနာဖြင့်၊နီဟရေထေဝ၊အသုံးအဆောင်ကို ထုတ်ဆောင်ရာသလျှင်ကတည်း။ ယံဒါနံ၊နည်းသည်မှုလည်းဖြစ်စေ၊များသည်မှုလည်းဖြစ်စေ၊အကြင်အလှူဝတ်ကို။ဒိန္နံ၊လှူအပ်သည်။ ဟောတိ၊ဖြစ်၏။ တံဝေ၊ထိုလှူအပ်သောအလှူဝတ်သည်သာလျှင်။ သုနိဘ္ဘတံ၊ကောင်းစွာထုတ်ဆောင်အပ်သော ဥစ္စာမည်သည်။ဟောတိ၊ဖြစ်၏။ ။

ဤသို့သဃ်ာ့ထေရ်သည်အနုမောဒနာပြု၍၊မြတ်သောမင်းကြီး၊ မမေ့မလျော့ဖြစ်လော့ဟု မင်းအား အဆုံးအမကိုပေး၍ကောင်းကင်သို့ပျံ၍ ပြာသာဒ်အထွတ်တို့ကိုနှပ်ဖြာခွဲ၍နန္ဒမူလိုဏ်၌ သက်၏။ ထိုသဃ်ာ့ထေရ်၏ပရိက္ခာရာသည် သဃ်ာ့ထေရ်နှင့်တကွပျံ၍ နန္ဒမူလိုဏ်၌လျှင် သက်၏။ မင်းမိဘုရား၏ကိုယ်အလုံးသည်ပီတိဖြင့်ပြည့်၏။ ။

ဤသို့သဃ်ာ့ထေရ်တွပြီးသည်ရှိသော် ကြွင်းသော ပစ္စေကဗုဒ္ဓါတို့သည်။ ။

(၁၂၂၀) ယော ဓမ္မ-လဒ္ဓဿ ဒဒါတိ ဒါနံ၊
ဥဋ္ဌာန-ဝိရိယာဓိဂတဿ ဇန္တု။
အတိက္ကမ္မ သော ဝေတ္တရဏိံ ယမဿ၊
ဒိဗ္ဗာနိ ဌာနာနိ ဥပေတိ မစ္စော။ ။
(၁၂၂၁) ဒါနဉ္စ ယုဒ္ဓဉ္စ သမာနမာဟု၊
အပ္ပါပိ သန္တာ ဗဟုကေ ဇိနန္တိ။
အပ္ပမ္ပိ စေ သဒ္ဒဟာနော ဒဒါတိ၊
တေနေဝ သော ဟောတိ သုခီ ပရတ္ထ၊ ။
(၁၂၂၂) ဝိစေယျ ဒါနံ သုဂတပ္ပသတ္ထံ၊
ယေ ဒက္ခိဏေယျာ ဣဓ ဇီဝ-လောကေ။
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊
ဗီဇာနိ ဝုတ္တာနိ ယထာ သုခေတ္တေ။ ။
(၁၂၂၃) ယော ပါဏ-ဘူတာနိ အဟေဌယံ စရံ၊
ပရူပဝါဒါ န ကရောတိ ပါပံ။
ဘီရုံ ပသံသန္တိ န ဟိ သူရံ၊
ဘယာ ဟိ သန္တော န ကရောန္တိ ပါပံ။ ။
(၁၂၂၄) ဟီနေန ဗြဟ္မ-စရိယေန၊ ခတ္တိယေ ဥပပဇ္ဇတိ။
မဇ္ဈိမေန စ ဒေဝတ္တံ၊ ဥတ္တမေန ဝိသုဇ္ဈတိ။ ။
(၁၂၂၅) အဒ္ဓါ ဟိ ဒါနံ ဗဟုဓာ ပသတ္ထံ၊
ဒါနာ စ ခေါ ဓမ္မပဒံဝ သေယျော။
ပုဗ္ဗေဝ တေ ပုဗ္ဗတရေဝ သန္တော၊
နိဗ္ဗာနမေဝဇ္ဈဂမုံ သပညာ။ ။

ဟူသောဤဂါထာတို့ဖြင့်အနုမောဒနာပြု၍သဿဝ့ထေရ်ကဲ့သို့လျှင်ပရိက္ခရာတို့နှင့်တကွကြွကုန်၏။ ။

(၁၂၂၀-၁၂၂၅) မဟာရာဇ၊ မြတ်သောမင်းကြီး။ ဇန္တု၊ ဇန္တုဟူ ဆိုအပ်သော။ ယောမစ္စော၊ အကြင်သတ္တဝါသည်။ ဓမ္မလဒ္ဓဿ၊ ရဟန္တာကိုအစပြု၍ ဝိပဿနာစီးဖြန်းသော ယောဂါဝစရတိုင်အောင် ရအပ်ပြီးသောတရားရှိသောပုဂ္ဂိုလ်အား။ ဥဋ္ဌာနဝိရိယာဓိဂတဿ၊ ထကြွလုံ့လဖြင့်ရအပ်သောဒေယျဓမ္မ၏။ အဂ္ဂံ၊ အဦးကို။ ဂဟေတွာ၊ ယူ၍။ ဒါနံ၊ အလှူကို။ ဒဒါတိ၊ ပေး၏။ (တနည်း)။ ဓမ္မလဒ္ဓဿ ဓမ္မေန လဒ္ဓဿ၊ တရားသဖြင့်ရ

အပ်သော။ဥဋ္ဌာနဝီရိယာဓိဂတဿ၊ကိုယ်ထူကိုယ်ထထကြွလုပ်ဆောင်ခြင်းဟုဆိုအပ်သောဝီရိယဖြင့်ရအပ်သော။ဓေယျဓမ္မဿ၊အလှူဝတ္ထု၏။(ထည့်)။အဂ္ဂံ၊အဦးကို။ဂဟေတွာ၊ယူ၍။ သီလဝန္တေသု၊သီလဝန္တပုဂ္ဂိုလ်တို့အား။(ထည့်)။ဒါနံ၊ဒါနကို။ ဒဒါတိ၊ပေးလှူ၏။သောမဇ္ဈေ၊ထိုသူသည်။ယမဿ၊ယမမင်း၏။ ဝေတ္တရဏိံ၊ငရဲကြီးမှစ်ထပ် ဥဿဒ္ဒငရဲတဆဲ့ခြောက်ထပ်ကို။အတိက္ကမ္မ၊လွန်၍။ ဒိဗ္ဗာနိ၊နတ်တို့၏နေရာဖြစ်ကုန်သော။ ဌာနာနိ၊အရပ်တို့သို့။ဥပေတိ၊ရောက်ရ၏။ ။မဟာရာဇ၊မြတ်သောမင်းကြီး။ ဒါနဉ္စ၊အလှူပေးခြင်းကိုရင်း။ယုဒ္ဓဉ္စ၊စစ်ထိုးခြင်းကိုရင်း။ သမာနံ၊တူမျှ၏ဟူ၍။ ပဏ္ဍိတာ၊ပညာရှိတို့သည်။ အာဟု၊ဆိုကုန်၏။ အပ္ပါပိ၊အနည်းငယ်သောစစ်သည်တို့သည်လည်း။သန္တာ၊ဖြစ်ကုန်လျက်။ပရိစ္စတ္တဇီဝိကာ၊အသက်ကိုပမာဏမထားစွန့်စားကုန်သောသူတို့သည်။(ထည့်)။ဗဟုကေ၊များစွာသောစစ်သည်တို့ကို။ဇိနန္တိ ယထာ၊အောင်ကုန်၏သို့။ ဧဝံတထာ၊ဤအတူ။အပ္ပါပိ၊အနည်းငယ်လည်းဖြစ်သော။မုဉ္စစေတနာ၊ မုဉ္စစေတနာသည်။မန္တေရစိတ္တလောဘာဒိဂဏံ၊ဝန်တိုသောစိတ်လောဘအစရှိသော။ကိလေသဂဟာနံ၊ ထူထပ်သောကိလေသာကို။ ဇိနာတိ၊အောင်နိုင်၏။ ။(ဇေဝံစသည်ကားပါဌ်သေသ)။ ။အပ္ပမ္ပိ၊အနည်းငယ်လည်းဖြစ်သော။ဒေယျဓမ္မဝတ္ထုကိုပင်လည်း။ သဒ္ဓဟာနော၊ကံကိုရင်းကံ၏အကျိုးကိုရင်းယုံကြည်၍။စေဒဒါတိ၊အကယ်၍ပေးလှူငြားအံ့။တေနေဝတေနပရိတ္တဒေယျဓမ္မဝတ္ထုကြောင့်ပရိတ္တကေနာပိစာဂေန၊အနည်းငယ်သော ဒေယျဓမ္မလျှင်ဝတ္ထုရှိသောအနည်းငယ်စွန့်ကြဲခြင်းဖြင့်လည်း။ သောမဇ္ဈေ၊ ထိုသတ္တဝါသည်။ပရတ္ထ၊တမလွန်လောက၌။ သုခီ၊ ကြီးကျယ်သော ချမ်းသာနှင့်ပြည့်စုံသည်။ဟောတိ၊ဖြစ်၏။ ။မဟာရာဇ၊မြတ်သောမင်းကြီး။ ဝိစေယျ၊အလှူဝတ္ထု၊အလှူခံတို့ကိုပိစစ်ရွေးချယ်၍။ ဒိန္နံ၊လှူအပ်သော။ ဒါနံ၊အလှူကို။သုဂတပ္ပသတ္ထံ၊ဘုရားသည်ချီးမွမ်းအပ်၏။ဣဓဇီဝလောကေ၊ ဤလူပြည်၌။ယေဒက္ခိဏေယျာ၊အကြင်ဘုရားအစရှိကုန်သော အလှူခံပုဂ္ဂိုလ်တို့သည်။သန္တိ၊ရှိကုန်၏။ဧတေသု၊ထိုဘုရားအစရှိသောအလှူခံတို့၌။ဒိန္နာနိ၊ လှူအပ်ကုန်သောအလှူတို့သည်။ သုခေတ္တေ၊ ကောင်းသော လယ်၌။ဝုတ္တာနိ၊ပျိုးအပ်ကုန်သော။ ဗီဇာနိယထာ၊မျိုးတို့ကဲ့သို့။ မဟပ္ဖလာနိ၊အကျိုးကြီးကုန်၏။ ။မဟာရာဇ၊မြတ်သောမင်းကြီး။ ပါဏဘူတာနိ၊ ပါဏဟုဆိုအပ်သောသတ္တဝါတို့ကို။ အဟေဌယံ၊သနားကြင်နာသဖြင့် မ

ဩဝဒ်ဆဲဘဲ။စရုံ၊ကျင့်သောသူသည်။ပဇ္ဇုပဝါဒါ၊သူ့ပ္ပဝ်စွဲအံ့သည်မှကြောင်း သောကြောင့်။ပါပံ၊မကောင်းမှုကို။နကရောတိ၊မပြု။ဘိရုံ၊ သူ့ပ္ပဝ်စွဲခြင်းမှ ကြောက်သောသူကို။ သန္တော၊သူတော်ကောင်းတို့သည်။ ပသံသန္တိ၊ချီး မွမ်းကုန်၏။တဿ၊ထိုသူတပါး၏ပ္ပဝ်စွဲခြင်း၌။သူ့ရံ၊ရဲရင့်သောသူကို။ နဟိ ပသံသန္တိ၊ မချီးမွမ်းကုန်။ ဘယာဟိ၊ သူတပါးတို့ပ္ပဝ်စွဲခြင်းမှ ကြောက် သောကြောင့်လျှင်။သန္တော၊သူတော်ကောင်းတို့သည်။ ပါပံ၊မကောင်းမှု ကို။နကရောန္တိ၊မပြုကုန်။ ။မဟာရာဇ၊မြတ်သောမင်းကြီး။ဟိနေန၊ယုတ် သော။ဗြဟ္မစရိယေန၊တိတ္ထိတို့၏ကျောင်း၌မေထုန်မှကြဉ်ခြင်းသီလ,သာ သနာတော်၌ ကာမချမ်းသာကို တောင့်တ၍ ကျင့်သော သီလရှိသော ပုဂ္ဂိုလ်၏သီလဟူသောဗြဟ္မစရိယဖြင့်။ ခတ္တိယေ၊မင်းမျိုး၌။ ဥပပဇ္ဇတိ၊ ဖြစ်၏။မဇ္ဈိမေန၊တိတ္ထိတို့၏ကျောင်း၌ဈာန်၏ဥပစါရ,သာသနာတော်၌စင် ကြယ်သောသီလရှိသောပုဂ္ဂိုလ်၏ဈာန်သမာပတ်ကိုဖြစ်စေခြင်းဟု ဆို အပ်သောအလတ်ဖြစ်သောဗြဟ္မစရိယဖြင့်။ဒေဝတ္တံ၊နတ်၏အဖြစ်သို့။ ဥပ ပဇ္ဇတိ၊ရောက်၏။ဥတ္တမေန၊ တိတ္ထိတို့၏ကျောင်း၌ရှစ်ပါးသောသမာပတ်, သာသနာတော်၌ဝိပဿနာကိုပွါးစေ၍အရဟတ္တဖိုလ်ကို ဖြစ်စေခြင်းဟူ သောမြတ်သောဗြဟ္မစရိယဖြင့်။ ဝိသုဇ္ဈတိ၊ ကာမမှစင်ကြယ်ခြင်း ဝတ် ဆင်းရဲမှစင်ကြယ်ခြင်းဖြစ်၏။ ။မဟာရာဇ၊မြတ်သောမင်းကြီး။ဒါနံ၊ဒါန ကို။အဋ္ဌါဟိ၊စင်စစ်သဖြင့်လျှင်။ဗဟုဓါ၊များသော်အပြားအါးဖြင့်။ပသဋ္ဌံ၊ ချီးမွမ်းအပ်၏။ ဒါနာစခေါ၊ ဒါနထက်လျှင်။ ဓမ္မပဒံဝ၊သမထဝိပဿနာ နိဗ္ဗါန်ဟုဆိုအပ်သောတရားအရသည်သာလျှင်။သေယျော၊မြတ်၏။ပုဗ္ဗေ ဝ၊ဤဘဒ္ဒကပ်ကမ္ဘာဝယ်ရှေး၌လျှင်။ကဿပဒသဗလာဒယော၊ ကဿပ ဘုရားအစရှိကုန်သော။ပုဗ္ဗတရေဝ၊ရှေးထက်ရှေးကမ္ဘာ၌လျှင်။ ဝေဿ ဘူဒသဗလာဒယော၊ဝေဿဘူဘုရားအစရှိကုန်သော။သပညာ၊ ပညာရှိ ကုန်သော။တေသန္တော၊ ထိုသူတော်ကောင်းတို့သည်။ သမထဝိပဿနံ၊ သမထဝိပဿနာကို။ဘာဝေတွာ၊ပွါးစေ၍။ နိဗ္ဗာနမေဝ၊ နိဗ္ဗာန်သို့လျှင်။ အဇ္ဈာဂမုံ၊ရောက်တော်မူကုန်၏။ ။(ဇာရာယမရဏောနစာတိဒေသနာသိ သမောဘာံ၊အဿတောပနေသ ဧကောဒသဟိအဂ္ဂိဟိ အာဒိဝိတောနာမ။ ။ (အဋ္ဌကထာ)။ ။ဓမ္မောလဒ္ဓေါယေနာတိဓမ္မလဒ္ဓေါပြု၍ရဟန္တာကိုအစပြု ၍ဝိပဿကယောဂါဝစရတိုင်အောင်သောအလှူခံကိုရသတည်း။ဓမ္မေန လဒ္ဓေါဓမ္မလဒ္ဓေါပြု၍တရားသဖြင့်ရအပ်သော ဒေယျဓမ္မဝတ္ထုကို ရသ

တည်း။ ။ဝေတ္တရဏိန္တိ ဒေသနာသီသမတ္တံ၊ အဋ္ဌမဟာနိရယေသောဠသ ဥဿဒေအတိက္ကမိတွာတိအတ္ထော။ ။(အဋ္ဌကထာ)။ ။တေနေဝဣ ဝေကားအဓိအနက်ရှိသည်။ ။ထိုကြောင့်၊တေနေဝသောတိတေနပရိတ္တ ဒေယျဓမ္မဝတ္ထုကေနပရိတ္တကေနာဓိစာဂေန။ဟု အဋ္ဌကထာဖွင့်သည်။ ။ ဓိစေယျဒါနန္တိ ဒက္ခိဏာဒက္ခိဏေယျဓမ္မိဥပ္ပတ္တိဝသေနဒိန္နဒါနံ။တတ္ထယံဝါတံ ဝါအဒတွာအဂ္ဂံပဏီတံဒေယျဓမ္မံဓိစိနိတွာ ဒဒန္တောဒက္ခိဏံဓိစိနတိနာမ။ ယေသံဝါ တေသံဝါအဒတွာ သီလာဒိဂုဏသမ္ပန္နေဓိစိနိတွာ တေသံဒ ဒန္တောဒက္ခိဏေယျံဓိစိနတိနာမ။ ။(အဋ္ဌကထာ)။ ။အာဒိတ္တဇာတကံ အဋ္ဌမံ။၄၂၄။

———***———

၄၂၅-အဋ္ဌာနဇာတ်။

နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ဂင်္ဂါကုမုဒိနီ,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သောဤအဋ္ဌာနဇာတ်ကို၊ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ငြီးငွေ့သောရဟန်းတပါးကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ထိုအခါသူဌေးသားရသေ့သည်ပြည့်တန်ဆာမ၏စကားကိုကြား၍၊ ရှင်မ၊ယခုငါသည်သင်နှင့်တကွသွားအံ့သောဌါမတတ်ကောင်း။ အကြင်အခါ၌ကား ဤလောက၌မဖြစ်ရာသောဝတ္ထုသည်ဖြစ်ငြားအံ့၊ ထိုအခါလာနိုင်ငြားအံ့လည်းမသိဟုဆိုလို၍။ ။

(၁၂၂၆) ဂင်္ဂါ ကုမုဒိနီ သန္တာ၊သင်္ခ-ဝဏ္ဏာစ ကောကိလာ။

ဇမ္ဗူ တာလ-ဖလံ ဒဇ္ဇာ၊အထ နူန တဒါ သိယာ။ ။

ဟူသောဤပဌမဂါထာကိုဆို၏။ ။

(၁၂၂၆) ဘဒ္ဒေ၊နှမ။ယဒါ၊အကြင်အခါ၌။ဂင်္ဂါ၊ဂင်္ဂါမြစ်သည်။ကုမုဒိနီ၊ကုမုဒြာကြာတို့ဖြင့် ဖုံးလွှမ်းလျက်။ သန္တာ၊ မစီးမသွား ငြိမ်သက်စွာ တည်သည်။သိယာ၊ဖြစ်ရာ၏။ကောကိလာစ၊ဥဩတို့သည်လည်း။ သင်္ခ ဝဏ္ဏာ၊ခရုတ်သစ်သောခရုသင်းအသွေး ဖွေးဖွေးဖြူသောအဆင်း ရှိကုန်သည်။ဘဝေယျုံ၊ဖြစ်ကုန်ရာ၏၊ဇမ္ဗူစ၊သပြေပင်သည်လည်း။ တာလဖလံ၊ထန်းသီးကို။ဒဇ္ဇာ၊ပေးရာ၏။အထ၊ထိုသို့ဖြစ်လအံ့သော။ တဒါတာဒိ သေကာလေ၊ထိုသို့ဖြစ်သောကာလ၌။ အမှာကံ၊ငါတို့၏။ သမာဂမော၊ ပေါင်းဘော်ခြင်းသည်။သိယာနူန၊ဖြစ်ငြားအံ့လည်းမသိ။ ။

ဤသို့ဆို၍။တဘန်လည်းပြည့်တန်ဆာမသည်အရှင်ဘုရား၊လာလော့ သွားကုန်အံ့ဟုဆိုသည်ရှိသော်သွားကုန်အံ့ဟုဆို၍၊ အဘယ်အခါ၌သွား ကုန်အံ့ဟုမေးသည်ရှိသော်ဤမည်သောအခါ၌သွားကုန်အံ့ဟုဆိုလို၍။ ။

(၁၂၂၇) ယဒါ ကစ္ဆပ-လောမာနံ၊ပါဝါရော တိဝိဓော သိယာ။
ဟေမန္တိကံ ပါဝုရဏံ၊အထ နူန တဒါ သိယာ။ ။

(၁၂၂၈) ယဒါ မကသ-ပါဒါနံ၊အဋ္ဋာလော သုကတော သိယာ။
ဒဠှော စ အ-ဝိကမ္ပီ စ၊အထ နူန တဒါ သိယာ။ ။

(၁၂၂၉) ယဒါ သသ-ဝိသာဏာနံ၊နိဿေဏီ သုကတာ သိယာ။
သဂ္ဂဿာရောဟနတ္ထာယ၊အထ နူန တဒါ သိယာ။ ။

(၁၂၃၀) ယဒါ နိဿေဏိမာရုယှ၊စန္ဒံ ခါဒေယျုံ မူသိကာ။
ရာဟုဉ္စ ပရိပါတေယျုံ၊အထ နူန တဒါ သိယာ။ ။

(၁၂၃၁) ယဒါ သုရာဃဋံ ပိတွာ၊မက္ခိကာ ဂဏစာရိနီ။
အင်္ဂါရေ ဝါသံ ကပ္ပေယျုံ၊အထ နူန တဒါ သိယာ။ ။

(၁၂၃၂) ယဒါ ဗိမ္ဗောဋ္ဌ-သမ္ပန္နော၊ဂဒြဘော သုမုခေါ သိယာ။
ကုသလော နစ္စ-ဂီတဿ၊အထ နူန တဒါ သိယာ။ ။

(၁၂၃၃) ယဒါ ကာကာ စ ဥလူကာ၊မန္တယေယျုံ ရဟော-ဂတာ။
အညမညံ ပိဟယေယျုံ၊အထ နူန တဒါ သိယာ။ ။

(၁၂၃၄) ယဒါ မုဠာလ-ပတ္တာနံ၊ဆတ္တံ ထိရတရံ သိယာ။
ဝဿဿ ပဋိဃာတာယ၊အထ နူန တဒါ သိယာ။ ။

(၁၂၃၅) ယဒါ ကုလကော သကုဏော စ၊ပဗ္ဗတံ ဂန္ဓမာဒနံ။
တုဏ္ဍေနာဒါယ ဂစ္ဆေယျ၊အထ နူန တဒါ သိယာ။ ။

(၁၂၃၆) ယဒါ သာမုဒ္ဒိကံ နာဝံ၊သ-ယန္တံ သ-ပဋာကာရံ။
စေဋော အာဒါယ ဂစ္ဆေယျ၊အထ နူန တဒါ သိယာ။ ။

ဟူသောဤဂါထာတို့ကိုဆို၏။ ။

(၁၂၂၇-၁၂၃၆) ဘဒ္ဒေ၊နှမ။ ယဒါ၊အကြင်အခါ၌။ ကစ္ဆပလောမာနံ၊ လိပ်မွေးတို့၏။ တိဝိဓော၊သုံးပါးအပြားရှိသော။ ပါဝါရော၊လိပ်မွေးပန်း ပွင့်ဖြင့်ယက်သောအရုံ, လဲဖြင့်ယက်သောအရုံ, နှစ်ပါးရုံဖြင့်ယက်အပ် သောအရုံသည်။သိယာ၊ဖြစ်ရာ၏။ဟေမန္တိကံ၊ဆောင်းကာလ၌ရုံခြင်းငှါ တတ်ကောင်းသော။ပါဝုရဏံ၊အရုံသည်။ သိယာ၊ဖြစ်ရာ၏။အထ၊ထိုသို့

ဖြစ်သည့်ရှိသော်။ တဒါတာဒိသေကာလေ၊ထိုသို့သဘောရှိသောကာလ
၌။မမ၊ငါ၏။တယာ၊သင်နှင့်။သဒ္ဓိံ၊တကွ။န္တနကော်သေန၊စင်စစ်သဖြင့်။ သံ
သဂ္ဂေါ၊ပေါင်းဘော်ခြင်းသည်။သိယာ၊ဖြစ်ရာ၏။ ။ဘဒ္ဒေ၊နှမ။ယဒါ၊အခ
ကြင်အခါ၌။မကာသပါဒါနံ၊မှက်ခြင်တို့၏ခြေတို့ဖြင့်။ သုကတော၊တက်၍
စစ်ထိုး‌ခြင်း၌ခံ့အောင်ကောင်းစွာပြုအပ်သော။ အနူ့လော၊ ပြအိုးပစ်
စင်သည်။ ဒဠှောစ၊ခိုင်ခံ့သည်၎င်း။ အဝိကမ္ပိစ၊ တုန်လှုပ်ခြင်းမရှိသည်
၎င်း။သိယာ၊ဖြစ်ရာ၏။အထ၊ထိုသို့ဖြစ်သည်ရှိသော်။တဒါ၊ထိုအခါ၌။မမ၊
ငါ၏။တယာ၊သင်နှင့်။သဒ္ဓိံ၊တကွ။န္တနကော်သေန၊စင်စစ်သဖြင့်။သံသဂ္ဂေါ၊
ပေါင်းဘော်ခြင်းသည်။ သိယာ၊ဖြစ်ရာ၏။ ။ဘဒ္ဒေ၊နှမ။ ယဒါ၊အကြင်
အခါ၌။သဂ္ဂသ၊နတ်ပြည်သို့။ အာရောဟနတ္ထာယ၊တက်အံ့သော၌။သ
သဝိသာဏာနံ၊ယုန်ချိုတို့ဖြင့်။နိဿေဏီ၊စောင်းတန်းလှေကားကို။သုက
တာ၊ကောင်းစွာပြုအပ်သည်။ သိယာ၊ဖြစ်ရာ၏။ အထ၊ထိုသို့ဖြစ်သည်ရှိ
သော်။တဒါ၊ထိုအခါ၌။မမ၊ငါ၏။တယာ၊သင်နှင့်။သဒ္ဓိံ၊တကွ။န္တနကော်သေ
န၊စင်စစ်သဖြင့်။သံသဂ္ဂေါ၊ပေါင်းဘော်ခြင်းသည်။သိယာ၊ဖြစ်ရာ၏။ ။
ဘဒ္ဒေ၊နှမ။ ယဒါ၊အကြင်အခါ၌။ မူသိကာ၊ကြွက်တို့သည်။ နိဿေဏိံ၊
ယုန်ချိုစောင်းတန်းလှေကားသို့။ အာရူယှ၊တက်၍။စန္ဒံ၊လကို။ခါဒေယျုံ၊
ခဲကုန်ရာ၏။ရာဟုဥ္စ၊ရာဟုကိုလည်း။ပရိပါတေယျုံ၊ပြေးစေကုန်ရာ၏။အ
ထ၊ထိုသို့ဖြစ်သည်ရှိသော်။ တဒါ၊ထိုအခါ၌။မမ၊ငါ၏။ တယာ၊သင်နှင့်။
သဒ္ဓိံ၊တကွ။ န္တနကော်သေန၊စင်စစ်သဖြင့်။ သံသဂ္ဂေါ၊ ပေါင်းဘော်ခြင်း
သည်။သိယာ၊ဖြစ်ရာ၏။ ။ဘဒ္ဒေ၊နှမ။ယဒါ၊အကြင်အခါ၌။ဂဏာစာရိနီ၊
တပေါင်းတစုထည်းကျက်စားကုန်သော။မက္ခိကာ၊ယင်တို့သည်။ သုရာ
ဃဋံ၊ တလုံးတလုံးစီသောသေအိုးကို။ ပိတွာ၊သောက်၍။ မတ္တာ၊ ရစ်
ကုန်သည့်ဖြစ်၍။အင်္ဂါရေ၊မီးကျီး၌။ ဝါသံ၊နေခြင်းကို။ကပ္ပေယျုံ၊ပြုကုန်
ရာ၏။ အထ၊ထိုသို့ဖြစ်သည့်ရှိသော်။ တဒါ၊ထိုအခါ၌။မမ၊ငါ၏။တယာ၊
သင်နှင့်။သဒ္ဓိံ၊တကွ။န္တနကော်သေန၊စင်စစ်သဖြင့်။ သံသဂ္ဂေါ၊ပေါင်းဘော်
ခြင်းသည်။သိယာ၊ဖြစ်ရာ၏။ ။ဘဒ္ဒေ၊နှမ။ယဒါ၊အကြင်အခါ၌။ဗိမ္ဗောဋ္ဌ
သမ္ပန္နော၊ကျီးအာသီးမှည့်နှင့်တူသောနှုတ်ခမ်းနှင့်ပြည့်စုံသော။သုမုခေါ၊
အွကြေးမုံ့နှင့်တူသောတင့်တယ်သောမျက်နှာရှိသော။ ဂဒြဘော၊မြည်း
သည်။ နစ္စဂီတဿ၊ကခြင်းသီခြင်း၌။ ကုသလော၊လိမ္မာသည်။ သိယာ၊
ဖြစ်ရာ၏။ အထ၊ထိုသို့ဖြစ်သည်ရှိသော်။ တဒါ၊ထိုအခါ၌။ မမ၊ငါ၏။တ

ယာ၊သင်နှင့်။ သဒ္ဓိံ၊တကွ။နန္ဒနေကာသေန၊စင်စစ်သဖြင့်။ သံသဂ္ဂေါ၊ပေါင်းဘော်ခြင်းသည်။သိယာ၊ဖြစ်ရာ၏။ ။ဘဒ္ဒေ၊နှမ။ယဒါ၊အကြင်အခါ၌။ ကာကာ၊စ၊ကျီးတို့သည်၎င်း။ဥလူကာ၊စ၊ခင်ပုတ်တို့သည်၎င်း။ ရဟောဂတာ၊ဆိတ်ကွယ်ရာသို့ကပ်ကုန်၍။ မန္တယေယျုံ၊တိုင်ပင်ကုန်ရာ၏။ အညမညံ၊အချင်းချင်း၏။သမ္ပတ္တိံ၊စည်းစိမ်ကို။ ဇာနန္တုနွာ၊အလိုရှိကုန်သည်ဖြစ်၍။ဝိဟယေယျုံ၊စီးပွားချမ်းသာကိုတောင့်တကုန်ရာ၏။ အထ၊ထိုသို့ဖြစ်သည်ရှိသော်။တဒါ၊ထိုအခါ၌။မမ၊ငါ၏။ တယာ၊သင်နှင့်။သဒ္ဓိံ၊တကွ။နန္ဒနေကာသေန၊စင်စစ်သဖြင့်။သံသဂ္ဂေါ၊ပေါင်းဘော်ခြင်းသည်။ သိယာ၊ဖြစ်ရာ၏။ ။ဘဒ္ဒေ၊နှမ။ယဒါ၊အကြင်အခါ၌။ ဝဿသဿ၊မိုးယံးကို။ပဋိဃာတာယ၊ ကွယ်ကာအံ့သောငှါ။ မုဠာလပတ္တာနံ၊ မုံလာရွက်တို့၏။ ဆတ္တံ၊ ငေီးသည်။ ထိရတာရံ၊ အလွန်ခိုင်ခံ့သည်။ သိယာ၊ ဖြစ်ရာ၏။ အထ၊ထိုသို့ဖြစ်သည်ရှိသော်။ တဒါ၊ထိုအခါ၌။ မမ၊ငါ၏၊တယာ၊သင်နှင့်။ သဒ္ဓိံ၊တကွ။ နန္ဒနေကာသေန၊စင်စစ်ဖြင့်။ သံသဂ္ဂေါ၊ပေါင်းဘော်ခြင်းသည်။ သိယာ၊ဖြစ်ရာ၏။ ။ဘဒ္ဒေ၊နှမ။ယဒါ၊အကြင်အခါ၌။ကုလကော၊အမျိုးငယ်သော။သကုဏော၊နှုတ်ငှက်ငယ်သည်။ဂန္ဓမာဒနံပဗ္ဗတံ၊ဂန္ဓမာဒနတောင်ကို။တုဏ္ဍေန၊နှုတ်သီးဖြင့်။ အာဒါယ၊ချီ၍။ ဂစ္ဆေယျ၊ပျံသွားရာ၏။ အထ၊ထိုသို့ဖြစ်သည်ရှိသော်။တဒါ၊ထိုအခါ၌။မမ၊ငါ၏။ တယာ၊သင်နှင့်။ သဒ္ဓိံ၊တကွ။ နန္ဒနေကာသေန၊စင်စစ်သဖြင့်။ သံသဂ္ဂေါ၊ ပေါင်းဘော်ခြင်းသည်။သိယာ၊ဖြစ်ရာ၏။ ။ဘဒ္ဒေ၊နှမ။ ယဒါ၊အကြင်အခါ၌၊စေဋောဲ၊ဆေးပေးမီးယူစေပါးလောက်ခါ ရွာသူသားငယ်သည်။ သယန္တံ၊ယန္တရားနှင့်တကွသော။ သပဋာကာရံ၊တန်းခွန်နှင့်တကွ အလုံးစုံသော အဆောက်အဦတို့နှင့်ယှဉ်သော။ သာမုဒ္ဒိကံ၊သမုဒြာ၌ပြေးသွားသော။နာဝံ၊သင်္ဘောကြီးကို။အာဒါယ၊လက်ဖြင့်ချီမ၍။ ဂစ္ဆေယျ၊သွားရာ၏။အထ၊ထိုသို့ဖြစ်သည်ရှိသော်။တဒါ၊ထိုအခါ၌။မမ၊ငါ၏။ တယာ၊သင်နှင့်။သဒ္ဓိံ၊တကွ။နန္ဒနေကာသေန၊စင်စစ်သဖြင့်။သံသဂ္ဂေါ၊ပေါင်းဘော်ခြင်းသည်။သိယာ၊ဖြစ်ရာ၏။ ။(တိဝိဓေတိဧကောကဏ္ဍပလောမမယေနပုင်္ဂေကော တူလေနဧကောဥဘယေနာတိဇေံတိပ္ပကာရော။ ။(အဋ္ဌကထာ)။ ။ ဧကာဒ္ဒိကား။ ။ကဏ္ဍပလောမေနာတိကုမ္ဘလောမေန။ဧကောတူလေန။ဧကောကဏ္ဍပလောမေနာတိဝုတ္တံဟောတိ။ဥဘယေနာတိတေနဥဘယေန။ ။ ဟုလာ၏။ ။သေဟောသုရာ,ဟု-ဥရသ။ ။ချဒ္ဒကောကုလောကုလ

ကော။ ။ကကားရဒ္ဒကအနက်ကိုဟောသည်။ ။အမျိုးငယ်သော ဌက်ကားနှံ့ရုတ်ဌက်တည်း။ ။ရုဋ္ဌာလပဏ္ဍာနန္တိဝေဠံနာမကပဏ္ဍာနံ။ ။(ဋီကာ)။ ။ကုလကောသကုဏောတိကောရဒ္ဒကာသကုဏော။ ။(အဘိဓာန်ဋီကာ)။ ။စေဠောအာဒါယာတိယဒါဝေရူပံနာဝံ ရဒ္ဒကောဂါမဒါရကောဟာဠေ္ဌနဂဟောတွာဂစ္ဆေယျာတိအဋ္ဌော။ ။(အဋ္ဌကထာ)။ ။ အဋ္ဌာနဇာတကံ နဝမံ။၄၂၅။

---

## ၄၂၆-ဒီပိဇာတ်။

နတ်နှင့်တကွသောလောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ခမနီယံယာပနီယံ,အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော၍ဒိပိဇာတ်ကို၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ဆိတ်ကုလားမကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ထိုအခါထိုဆိတ်ကုလားမသည်လည်းထိုသစ်ကိုမြင်၍ယနေ့ငါ့အား အသက်သည် မရှိရာ။စင်စစ်ငါသည်အသက်အကျိုး၌ လုံ့လပြုခြင်း၌ သင့်၏။ တရုသောဥပါယ်ဖြင့်၍သစ်နှင့်လျှင် သာယာသော ပဋိသန္ထာရကိုပြု၍ ထိုသစ်၏နှလုံးကိုနူးညံ့ခြင်းကိုဖြစ်စေ၍ အသက်ကိုစောင့်ရှောက်အံ့ဟုကြံ၍ရှေ့မှထိုသစ်နှင့်တကွပဋိသန္ထာရကိုပြုလျက်လာ၍။ ။

(၁၂၃၇) ခမနီယံ ယာပနီယံ၊ကစ္စိ မာတုလ တေ သုခံ။ ။

သုခံ တေ အမ္မာ အဝစ၊သုခ-ကာမာ ဝ တေ မယံ။ ။

ဟူသော၍ပဌမဂါထာကိုဆို၏။ ။

(၁၂၃၇) မာတုလ၊ ဦးရီး။ တေ၊ သင့်အား။ ခမနီယံကစ္စိ၊ ကျန်းခံ့၏လော၊ ယာပနီယံကစ္စိ၊ မျှ၏လော။ သုခံကစ္စိ၊ ချမ်းသာ၏လော။ အမ္မာ၊ အကျွန်ုပ်အမိသည်။တေ၊သင်၏။သုခံ၊ချမ်းသာကို။ ဇာနေယျာသိ၊အလိုရှိလေလော။ဇာတိ၊၍သို့။အဇ္ဇ၊ယနေ့၊မံ၊ငါ့ကို။အဝစ၊မှာလိုက်၏။ မာတုလ၊ ဦးရီး၊မယံ၊ငါတို့သည်လည်း။တေ၊သင်၏။ သုခကာမာဝ သုခံဝေဇ္ဇာနန္တာမ၊ ချမ်းသာကိုသာအလိုရှိပါကုန်၏။ ။

ထိုစကားကိုကြား၍သစ်သည်၍ဆိတ်ကုလားမကားလွှတ်လို၍ ငါ့ကိုဦးရီးဟူသောစကားဖြင့်လှည့်စားလို၏။ငါ၏ကြမ်းကြုတ်သောအဖြစ်ကိုမသိပ်ဟုကြံ၍။ ။

(၁၂၃၈) နင်္ဂုဋ္ဌံ မေ အပက္ကမ၊ ပေါထယိတွာန ဇေဋ္ဌကော။
သာဓု မာတုလ-ဝါဒေန၊ မုဉ္စိတဗ္ဗာ နု မညသိ။ ။
ဟူသော ဤဒုတိယဂါထာကိုဆို၏။ ။
(၁၂၃၈) ဇေဋ္ဌကော၊ဆိတ်ကုလားမ။တွံ၊သင်သည်။မေ၊ငါ၏။နင်္ဂုဋ္ဌံ၊အမြီးကို။အပက္ကမ၊နင်း၍။ ပေါထယိတွာန၊ပုတ်ခတ်၍။အာဂစ္ဆသိ၊လာ၏။ သာတွံ၊ထိုသင်သည်။အဇ္ဇ၊ယနေ့။ မာတုလဝါဒေန၊ဦးရီးဟုခေါ်ဝေါ်သဖြင့်။ အဟံ၊ငါသည်။ မုဉ္စိတဗ္ဗာ၊လွှတ်အပ်သည်။အသင့်တိ၊ဖြစ်အံ့ဟူ၍။ မညသိနု၊အောက်မေ့သလော။ ။

ထိုစကားကိုကြား၍ဆိတ်ကုလားမသည်ဦးရီး၊ဤသို့မပြုလင့်ဟု။ ။

(၁၂၃၉) ပုရတ္ထာမုခေါ နိသိန္နောသိ၊အဟံ တေ မုခမာဂတာ။
ပစ္ဆတော တုယှံ နင်္ဂုဋ္ဌံ၊ကထံ ခွါဟံ အပက္ကမိံ။ ။
ဟူသော ဤတတိယဂါထာကိုဆို၏။ ။

(၁၂၃၉) မာတုလ၊ဦးရီး။တွံ၊သင်သည်။ ပုရတ္ထာမုခေါ၊အရှေ့သို့မျက်နှာပြု၍။နိသိန္နော၊နေသည်။အသိ၊ဖြစ်၏။အဟံ၊ငါသည်။တေ၊သင်၏။ မုခံ အဘိမုခံ၊ရှေးရှု။ အာဂတာ၊လာ၏။ အဟံ၊ငါသည်။ တုယှံ၊သင်၏။ ပစ္ဆတော၊နောက်မှ။ဌိတံ၊တည်သော၊နင်္ဂုဋ္ဌံ၊အမြီးကို။ကထံခွါအပက္ကမိံ၊အသို့လျှင်နင်းအံ့နည်း။ ။

ထိုအခါထိုဆိတ်ကုလားမကို၊ထိုသစ်သည်၊ဆိတ်ကုလားမ၊သင်ကား အဘယ်သို့ဆိုအံ့နည်း။ငါ့အမြီး၏မတည်ရာအရပ်မည်သည်ကား မရှိဟု ဆို၍။ ။

(၁၂၄၀) ယာဝတာ စတုရော ဒီပါ၊သ-သမုဒ္ဒါ သ-ပဗ္ဗတာ။
တာဝတာ မယှံ နင်္ဂုဋ္ဌံ၊ကထံ ခေါ တွံ ဝိဝဇ္ဇသိ။ ။
ဟူသော ဤစတုတ္ထဂါထာကိုဆို၏။ ။

(၁၂၄၀) ဇေဋ္ဌကော၊ ဆိတ်ကုလားမ။ ယာဝတာ၊အကြင်မျှလောက်ကုန်သော။ သသမုဒ္ဒါ၊သမုဒ္ဒရာနှင့်တကွကုန်သော။ သပဗ္ဗတာ၊တောင်နှင့်တကွကုန်သော။စတုရောဒီပါ၊ကျွန်းကြီးလေးကျွန်းတို့သည်။ သန္တိ၊ရှိကုန်၏။တာဝတာတတ္တကံဌာနံ၊ ထိုမျှလောက်သောအရပ်ကို။ မယှံ၊ငါ၏။နင်္ဂုဋ္ဌံ၊အမြီးသည်။ပရိက္ခိပိတွာ၊ပတ်၍။ဂတံ၊တည်၏။တွံ၊သင်သည်။ ကထံခေါ၊အသို့လျှင်။ဝိဝဇ္ဇသိ၊ကြဉ်ရှောင်နိုင်အံ့နည်း။ ။

ဆိတ်ကုလားမသည်ထိုစကားကိုကြား၍ယုတ်မာလှသော ဤသစ်သည်သာယာသောစကားနှင့်မကပ်ငြိ၊ဆန့်ကျင်ဘက်ဖြစ်၍ ထိုသစ်အား ဆိုအံ့ဟု။ ။

(၁၂၄၁) ပုဗ္ဗေဝ မေ တမက္ခိံ သု၊မာတာ ပိတာစ ဘာတရော။,
ဣဒံ ဧဝ္ဟသ နင်္ဂုဋ္ဌံ၊သာဒ္ဓိ ဝေဟာယသံဂတာ။ ။

ဟူသောဤပဌမဂါထာကိုဆို၏။ ။

(၁၂၄၁) ပုဗ္ဗေဝ၊ရှေး၌လျှင်။ မာတာစ၊အမိသည်၎င်း။ ပိတာစ၊အဘသည်၎င်း။ဘာတရောစ၊မောင်တို့သည်၎င်း။ ဧဝ္ဟသ၊ပြစ်မှားသောသစ်၏။ နင်္ဂုဋ္ဌံ၊အမြီးသည်။ ဣဒံ၊ဤသည်၏ဟူ၍။ တံဝစနံ၊ထိုစကားကို။ မေ၊ငါ့အား။အက္ခိံသုအာစိက္ခိံသု၊ပြောကြားဘူးကုန်၏။ သာအဟံ၊ထိုငါသည်။ ဥာတကာနံ၊ အဆွေအမျိုးတို့၏။ သန္တိကာဝ၊အထံမှလျှင်။ နင်္ဂုဋ္ဌသာ၊သစ်မြီး၏။ ဣဒံဘာဝံ၊ဤသည်၏အဖြစ်ကို။သုတွာ၊ကြား၍။ တဝ၊သင်၏။ နင်္ဂုဋ္ဌံ၊ အမြီးကို။ပရိဟရန္တီ၊ ရှောင်လွှဲလိုသည် ဖြစ်၍။ ဝေဟာယသံ၊ကောင်းကင်ခရီးဖြင့်။အာဂတာ၊လာခဲ့သည်။အမှို၊ဖြစ်၏။ ။

ထိုအခါထိုဆိတ်ကုလားမကိုထိုသစ်သည် သင်ကောင်းကင်ဖြင့်လာသည်၏အဖြစ်ကိုငါသိ၏။ ဤသို့လာသောသင်သည်ကား ငါ၏ အစာတို့ကိုဖျက်ဆီး၍လာ၏ဟူ၍။ ။

(၁၂၄၂) တဉ္စ ဒိသွာန အာယန္တိံ၊အန္တလိက္ခသ္မိံ ဧဠိကေ။
မိဂ-သံဃော ပလာယိတ္ထ၊ဘက္ခော မေ နာသိတော တယာ။ ။

ဟူသောဤဒုတိယဂါထာကိုဆို၏။ ။

(၁၂၄၂) ဧဠိကေ၊ဆိတ်ကုလားမ။ အန္တလိက္ခသ္မိံ၊ကောင်းကင်၌။ အာယန္တိံ၊လာသော။ တဉ္စ၊သင့်ကိုလည်း။ဒိသွာန၊မြင်၍။ မိဂသံဃော၊သားအပေါင်းသည်။ပလာယိတ္ထ၊ပြေး၏။တယာ၊သင်သည်။မေ၊ငါ၏။ဘက္ခော၊အစာကို။နာသိတော၊ဖျက်ဆီးအပ်၏။ ။

ဆိတ်ကုလားမသည် ထိုစကားကိုကြား၍ သေဘေးဖြင့်ကြောက်၍ တပါးသောအကြောင်းကိုဆောင်အံ့သော ဥပါယ်မတတ်နိုင်ရကား၊ဦးရီး၊ ဤသို့သဘောရှိသောကြမ်းကြုတ်သောအမှုကိုမပြုလင့်။ ငါ့အားအသက်ကိုပေးလော့ဟုမြည်တမ်း၏။သစ်သည်လည်းထိုဆိတ်ကုလားမမြည်တမ်းစဉ်လည်း၌ကိုက်သတ်၍စား၏။ သဗ္ဗညုမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍။ ။

(၁၂၄၃) ဣတ္ထေဝံ ဗိလပန္တိယာ၊ ဧဠကိယာ ရုဟာယ္ဟသော။
ဂလကံ အန္တာဝမဒ္ဒိ၊နတ္ထိ ဒုမ္မေ သုဘာသိတံ။ ။

(၁၂၄၄) နေဝ ဒုမ္မေ နယော အတ္ထိ၊ န ဓမ္မော န သုဘာသိတံ။
နိက္ကမံ ဒုမ္မေ ယုဉ္ဇေထ၊သောစ သဗ္ဘိံ န ရဇ္ဇတိ။ ။

ဟူသော၍အဘိသမ္ဗုဒ္ဓဂါထာတို့ကိုဟောတော်မူ၏။ ။

(၁၂၄၃-၁၂၄၄) ဘိက္ခဝေ၊ရဟန်းတို့။ ရုဟာယ္ဟသော၊သတ္တဝါတို့၏အသားအသွေးကိုသောက်စားတတ်သော။ဒီပိကော၊သစ်သည်။ ဣတ္ထေဝံ၊ဤသို့လျှင်။ဗိလပန္တိယာ၊မြည်တမ်းစဉ်။ဧဠကိယာ၊ဆိတ်ကုလားမ၏။ ဂလကံ၊လည်ကို။အန္တာဝမဒ္ဒိ၊ကိုက်ဝါး၏။ ဒုမ္မေ၊ပြစ်မှားတတ်သောသူ၌။ သုဘာသိတံ၊ကောင်းစွာဆိုအပ်သောစကားကောင်းသည်။ နတ္ထိ၊မရှိ။ဒုမ္မေ၊ပြစ်မှားတတ်သောသူ၌။နယော၊အကြောင်းသည်။နေဝအတ္ထိ၊မရှိသလျှင်ကတည်း။ဓမ္မော။သဘောသည်။နေဝအတ္ထိ၊မရှိသလျှင်ကတည်း။သုဘာသိတံ၊ကောင်းစွာဆိုအပ်သော စကားကောင်းသည်။ နအတ္ထိဧဝ၊မရှိသလျှင်ကတည်း။ဒုမ္မေ၊ပြစ်မှားတတ်သောသူ၌။ နိက္ကမံ၊ထွက်မြောက်ကြောင်းဖြစ်သောလုံ့လကိုသာလျှင်။ ယုဉ္ဇေထ၊အားထုတ်ရာ၏။ သောစ၊ထိုပြစ်များတတ်သောသူသည်ကား။ သဗ္ဘိံ၊ဆိုအပ်သောစကားကို။နရဇ္ဇတိ၊မချစ်။ ။(ကစ္စိန္ဒိကံ သဒ္ဒါဝိပစ္စည်းကံ သဒ္ဒါကိုက။စကိုနွေးဘော်ပြု၍ကပ္ပြီးသည်။ ။သုခကာမာဝစ္ဆိဓေဝကို သုခံနေဝင်ယှဉ်၍အနက်ဆို။သုခံဝေဇ္ဇသွာမဟာ-အဋ္ဌကထာဘွင့်သည်။ ။သုခကာမာသိရှိသည်ကားမသင့်။ ။
ပေါထယိတွာန၌။သမန္တာအနုပရိယေယျ။ နိပ္ပေါထေန္တာစတုန္နိသာ၌ကဲ့သို့။ ။ပုထခေတ်။ရဟာဒိဂိုဏ်း။ပုတ်ခတ်ခြင်းအနက်ကိုဟောသည်။ ။
ပုထပဟာရေ။ပေါထေတိ။ကုမာရေပေါထေတွာအဂမာသိ။ ။(သဒ္ဒနီတိ)။ ။သာဇ္ဈန္တိသာအဇ္ဈပုဒ်ဖြစ်။ ။မုခမာဂတာ၌အဘိကျေသည်။မုခန္တိအဘိမုခံ။ ။(အဋ္ဌကထာ)။ ။အက္ခိံ သုန္ဒိ၊အက္ခမာတ်၊ဥဒုံဝိဘတ်ကိုဏ္ဍ သုရေးသည်။ ။ထိုကြောင့်အက္ခိံသုကိုအာဝိက္ခိံသုဘွင့်သည်။ ။သာမှိန္ဒိသာအမှိပုဒ်ဖြစ်။ ။ဝေဟာယသံဂတာ၌ ဝေဟာယသံ အာဂတာပုဒ်ဖြစ်။ ထိုကြောင့်၊ ဝေဟာယသံဂတာတိအာကာသေန အာဂတာဘွင့်သည်။ ။ရုဟိရံဃသတိတိရုဟာယ္ဟသောပြု။ ။ဇူကိုအ၊ရကိုဈေ၍ရုဟာယ္ဟ

သောနေသည်။ ။ထိုကြောင့်ရုဟာဿသောတိရုဟိရဘက္ခော။လောဟိ တပါယိဘွင့်သည်။ ။သောစသဏ္ဍိံ နရုဇ္ဈတီတိသောပနပုဂ္ဂလောသဏ္ဍိံ သုန္ဒရံသုဘာသိတံနရုဇ္ဈတိနဝိယာယတီတိအတ္ထော။ ။(အဋ္ဌကထာ)။ ။ ဒီပိဇာတကံ ဒသမံ။၄၂၆။

ကစ္စာနီအဋ္ဌသဒ္ဒူလ၊ သုလသာစ သုမင်္ဂလံ။

ဂင်္ဂမာလဉ္စ စေတိယံ၊ဆဗ္ဗိယာဗ္ဘဝ အာဒိတ္တံ။

အဋ္ဌာ ဝဏ္ဏနံဒီပိစ၊ဒသ အဋ္ဌနိပါတကေ။ ။

အဋ္ဌနိပါတံ နိဋ္ဌိတံ။၁၀။၄၂၆။

အဋ္ဌနိပါတ်ပြီး၏။

# အလိမ္မာ စာမှာရှိသည်

## လူကောင်း လူတော် ဖြစ်အောင်

လူ့သဘာဝ စရိုက်ဆိုးများကို ပယ်ရှားပြီး
စရိုက်ကောင်းများကို ဖော်ဆောင်မည့်

သာသနာရေးဦးစီးဌာနမှ

## ပိဋကတ် မြန်မာပြန်များကို ဖတ်ပါ

---

သာသနာရေး ဦးစီးဌာန၌ ရိုက်နှိပ်ပြီးသော
အဘိဓမ္မာ မြန်မာဘာသာကျမ်းများ

| | | | |
|---|---|---|---|
| ၁။ | ပရမတ္ထသံခိပ်နှင့်အဖြေ | | လယ်တီဆရာတော်ကြီး |
| ၂။ | ပရမတ္ထသံခိပ်ဋီကာ | ဒု | လယ်တီပဏ္ဍိတ ဦးမောင်ကြီး |
| ၃။ | ပရမတ္ထသရူပဘေဒနီ | ဒု | မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး |
| ၄။ | သရုပ်ပြသင်္ဂြိုဟ် | | ဒေါ်ဝိဇ္ဇေသီ၊ ဘီအေ၊ ဓမ္မာစရိယ |
| ၅။ | သရုပ်ပြဓမ္မပဒ | | ။ |
| ၆။ | ဋီကာကျော် မြန်မာပြန် | တ | |
| ၇။ | အဘိဓမ္မတ္ထသင်္ဂဟပါဠိနိဿယ | | ဗားကရာဆရာတော် |
| ၈။ | အဘိဓမ္မာဝတာရအင်္ဂကထာ နိဿယအစ် | | စလင်း သာသနာပိုင်ဆရာတော် |
| ၉။ | အဘိဓမ္မာဝတာရဋီကာ နိဿယသစ် ဗ၊ဒု | | တောင်ပေါက်ဆရာတော် |
| ၁၀။ | ဗုဒ္ဓအဘိဓမ္မာစေတသိက်များအဖွင့် အတွဲ (၃) | | |

---

တိပိဋက ပါဠိ-မြန်မာ အဘိဓာန် ၁၁-တွဲ ထွက်ပြီ။

မဟာဗုဒ္ဓဝင် ၆-တွဲ (၈-အုပ်) ထွက်ပြီ။